စံပြုကထိက

# ဓမ္မဒိန္နာ

## အမျိုးသ္မီး ဟောပုံနည်း

ပထမတွဲ

နိုင်ငံကျော်နယ်လှည့်ဓမ္မကထိက
ကြောင်ပန်း
ဒေါ်ယုဇန
ရေးသားသည်

၁၅

ဘာသာရေးဆိုင်ရာ-စာပေခွင့်ပြုချက်
အမှတ်( ၁၇၇၂ )


✻ ထုတ်ဝေသူ— ဦးစိန်တင်
သုခဝတီစာပေတိုက် (၀၆၄၂)
၈၄-လမ်း၊ ၃၁-လမ်းဒေါင့်
ဗိုလ်ချုပ်လမ်း မန္တလေးမြို့။

✻ ပုံနှိပ်သူ— ဦးစိန်တင်
သုခဝတီပိဋကတ်စာပုံနှိပ်တိုက်၊
( ၀၁၅၈၈ )
၈၄/၃၁-လမ်းဒေါင့်
ဗိုလ်ချုပ်လမ်း မန္တလေး။

ဖုံး— ၂၁၆၇၆

✻ ပထမအကြိမ် - ရိုက်နှိပ်ခြင်း။

# စံပြကထိက

# ဓမ္မဒိန္နာ

## အမျိုးသမီး - ဟောပုံနည်း
## ပထမတွဲ

နိုင်ငံကျော် နယ်လှည့်ဓမ္မကထိက
**ကြောင်ပန်း-ဒေါ်ယုဇန-ရေးသားသည်။**

❋

မန္တလေးမြို့ ၈၄-ဗိုလ်ချုပ်လမ်း
**သုခဝတီပိဋကတ်စာပုံနှိပ်တိုက်**
တွင်-ရိုက်နှိပ်သည်။

သာသနာနှစ်-၂၅၂၄  ကောဇာ-၁၃၄၂  ၁၉၈၀-ဒီဇင်ဘာ၊

ကျမ်းစာရှင်



ကျောင်းပန်း-ဒေါ်ယုဇန

| စဉ် | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... .... .... .... .... | က |
| ၂ | စာရေးသူ၏ ထားရှိကဲ့သော စေတနာမှန် — .... | ဒ |
| ၃ | ရည်ရွယ်ချက် အတိုချုပ် .... .... .... .... .... | ဖ |
| ၄ | သံသရာတခွင်၊ငြိးငွေ့လျှင်၊မဂ္ဂင်တရား၊ရှုကြည့်ပွား .... | ၁ |
| ၅ | ချမ်းသာပေးညား၊မြတ်တရား၊ကြိုးစားရှုကြည့်ပါ — | ၂၅ |
| ၆ | လက်ျာလမ်းစဉ် တရားတော် .... — .... .... | ၅၆ |
| ၇ | ကာလ(၃)ရပ်၊ အသေဇာတ်၊ ဥာဏ်ကပ်ပွားရှုပါ .... | ၈၆ |
| ၈ | မရှုဘဲနေ၊ ဒါလူသေ၊ တထွေခွဲကြပါ — — .... | ၁၀၂ |
| ၉ | မာရ်နတ်မင်းက ဇာတ်သွင်းပေမဲ့၊ မယုံဘူး<br>ခတ်ထူးတွေ့ပြီကွယ် .... .... .... .... .... | ၁၃၁ |
| ၁၀ | အရှုံးထဲက၊ အမြတ်ရ တရားတော် .... .... — | ၁၅၄ |
| ၁၁ | ညချမ်းချိန်ခါ၊ တရားရှာ .... .... .... .... | ၁၈၆ |
| ၁၂ | တရားအရေး၊ကြီး၍ပေး၊လွတ်အေး,ဝဋ်ဒုက္ခ— .... | ၂၀၈ |
| ၁၃ | ဒုက္ခလွတ်လို၊ဒုက္ခကို၊ ရှုကို့ရှုရမည် .... .... .... | ၂၂၁ |
| ၁၄ | ဝိပဿနာအမိုး၊လုံအောင်မိုး၊တန်ခိုးမိုးယိုပျောက် .... | ၂၄၁ |
| ၁၅ | မသိသူကျော်သွား၊ သိသူဖေါ်စား .... .... — | ၂၆၅ |
| ၁၆ | တရားရေအေး, သောက်မျိုးလွေး၊ ငတ်ရေး<br>ပျောက်ကင်းကွာ .... .... .... — .... .... | ၂၉၂ |
| ၁၇ | ပရမတ်တရား,ခတ်တရား,အမြတ်စကားပြောကြပါ- | ၃၁၀ |
| ၁၈ | အားကိုးမရ၊ အနတ္တ၊မှတ်ကြသေချာ၊ မြတ်ဂါထာ .... | ၃၃၄ |
| ၁၉ | တရုပ်တနာမ်၊ ဖြစ်နေဟန်၊ ကေန်ပွားရှုပါ .... .... | ၃၅၆ |
| ၂၀ | တိုးပွားအောင်၊ ကြိုးစားပါ .... .... .... — | ၃၇၇ |

# “ နိဒါန်း ”

ဤစာအုပ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းမှာ— ဤစာရေးသူသည် ကြောင်းပန်း တောတွင်နာယက ဆရာတော်ဘုရားနှင့်တကွ သံဃာတော်များစွာတို့နှင့်အတူ အမြို့မြို့ အရွာရွာတွင် တရားဟောလှည့်လည်ခဲ့ရပါသည်။ တဖန် လူမှုကထိက ကြီးများဖြစ်ကြသော ဆရာကြီး-ဦးကျော် ရှိစဉ်မှစ၍ ယခုအချိန်အထိ ဓမ္မကထိကချုပ် ဆရာကြီးဦးချစ်မောင်စသော များစွာသော ကထိက တို့နှင့် အတူတကွ လှည့်လည် ဟောပြော ခဲ့ရပါသည်။ ထိုသို့ လှည့်လည် ဟောပြော ခဲ့ရာမှ မိမိ ဉာဏ်မှီသမျှ ကြိုးစား၍ မှတ်လည်း မှတ်သားခဲ့ရပါသည်။

ဆရာတော်များနှင့် ဆရာကြီးများကလည်း ဟောပုံ ဟောနည်းနှင့် ရွတ်ဆိုပုံနည်းများကိုလည်း သင်ကြားပေးကြပါသည်။ သင်ကြားကြသည့်အတိုင်း ဉာဏ်မှီသမျှ မှတ်သား ခဲ့ပါသည်။ ယခုသည်းမှတ်တုန်းမှတ်ဆဲ, နောင်ကိုလည်း ဆရာသမားများ ဆိုဆုံးမသည်ကို မှတ်သားနာယူရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ နာယူမှတ်သားထားသော တရားများကို နှစ်ပေါင်းများစွာ လှည့်လည်ဟောပြောသာသောအခါ အမြို့မြို့အရွာရွာရှိ တကာတကာမတို့ကတောင်းပန်လာသည်မှာ “ ဆရာလေး ဟောသော တရားတွေကို မှတ်စုလုပ်မထားဘူးလား၊ တရားကွင်းလေးတွေများရေးမထားဘူးလား၊ တိဘ်ခွေတွေနှင့်များ ဖမ်းထားပါတော့ ” စသည်စသည်ပြောကြားကြပါသည်။ အမြို့မြို့အရွာရွာတွင် တွေ့ရသော တရားတောင်း အမျိုးသား များနှင့် ဓမ္မစကြာ

အမျိုးသမီးများကလည်း "ဆရာလေးလို-တရားဟောချင်လိုက်တာ၊ ကျမတို့ကျက်ဖော့ဟောပါမယ် တရားကွင်းလေးတွေရေးပေးပါ" ဟု တောင်းဆိုကြပါသည်။

ထိုသို့ တောင်းဆိုသော အမျိုးသမီးများလည်း မကြာ ခဏဆိုသလို ရောက်လေရာဒေသများမှာ တွေ့ရှိခဲ့ရပါသည်။ အမျိုးသမီးများ တောင်းဆိုကြတဲ့အတိုင်း လက်ရေးဖြင့်လည်း စေ့ငှအောင်ရေး-မပေးနိုင်ပါ၊ တိတ်ခွေနှင့်လည်း ကုန်စင်အောင် ဖမ်းမထားနိုင်ပါ။ သို့ဖြစ်ခြင်းကြောင့် **စံပြကထိက ဓမ္မဒိန္နာ အမျိုးသမီး ဟောပုံနည်း** ဟူသော ဤကျမ်းစာအုပ်ငယ် ထွက်ပေါ်လာရခြင်းဖြစ်ပါသည်။

ထိုမှတပါး အကြောင်းရှိပြန်သည်မှာ ကျေးဇူးရှင်များ ဖြစ်ကြသော တဝနတ်ထံပျံလွန်တော်မူကြသော ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ဆရာတော်ဘုရားကြီး တို့၏ ဂုဏ်တော်ကို မှန်းဆ၍ရင်း၊ ယခု သက်တော်ထင်ရှား ရှိတော်မူကြသော ပဥ္စမ မဟာနာယက ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီး နှင့် တိုက်အုပ်ဆရာတော် ဦးသုန္ဒရ၊ဦးယုဝိန္ဒ တိုက်ကြပ်ဆရာတော်ဦးပညာဝံသ ဦးနန္ဒိယ(လေး) ထိုဆရာတော်များ၏ ဂုဏ်ကျေးဇူးကို အထူးဆပ်လိုသောအားဖြင့်ရင်း၊ ဤကျမ်းစာအုပ်ငယ် ထွက်ပေါ်လာရခြင်း၏ အကြောင်းတခု ဖြစ်ပါသည်။

ထိုမှတပါး သီလရှင်အပါး (၇၀)ကျော်တို့အား အုပ်ချုပ်သွားသော **သီလရှင်တိုက်အုပ်ဆရာလေး**သည် အသက် ( ၈၀ ) အရွယ်သို့အရောက် ၁၃၄၀၊ပြည့်နှစ် တန်ခူးလဆုတ် (၃)ရက် ညဥ့် (၁၀)နာရီအချိန်တွင် ငပည့်များကို စွန့်ခွါ၍ နတ်ရွာသို့

ကြွသွားရရှာပါပြီ။ " မာတာ ပိတု သဒိသော အာစရိယဂုဏော အနန္တော " ဟု ဆိုသည့်အတိုင်း အမိ နှင့် အလားတူသော ( အမေငယ် ) သည် အနီးကပ်ဆုံးထား၍ တရားဟော များ ကျကျ နန သင်ပေးခဲ့ ပါသည်။ တရားကွင်း အသစ်များ စိတ်ဖြင့်, နှုတ်ဖြင့် ပြုလုပ်ပြီးလျှင်လည်း " ညည်းစိတ်ကူးထားတဲ့ တရားကွင်းလေးဟောပြပါအုံး " ဆိုကာ သူ့ရှေ့မျက်မှောက် သို့ အမြဲဟောပြရပါသည်။

ထိုသို့ ဆရာကြီးရှေ့ ဟောပြီးလျှင် ဆရာတော် ဘုရားများ ကြားသိ၍ အမှားပါက ပြင်ဆင်တော်မူကြ ပါခုန် အတွက် ဓမ္မာရုံထည်းသို့ ဥပုသ်နေ့သော်၎င်း၊ အလှူ ပဋ္ဌာန်းခံ ပွဲသော်၎င်း၊ အဟောခိုင်းပါသည်။ ဟောပြီးသောအခါ " ညဉ်း ဟိုနေ့က ဟောတဲ့ တရားကွင်းလေး ရေးပြီးပြီလာ " ဟု မေးပါသည်။ ရေးပြီးလို့ " ပြီးပြီဘုရား " ဟု ဆိုလျှင် သာဓု-သာဓု-သာဓု ဟု အနုမောဒနာပြုရှာပါသည်။ မရေးရသေးလို့ " တပည့်တော် မရေးရသေးဘူး ဘုရား "ဟု ပြောလျှင်"ရေးပါအုံးအေ တရား ကွင်း အစီအစဉ်ကောင်းသားဘဲ ရှေ့စကား=နောက်စကားလဲ ညီတယ် ထစ္စာသုံးပါးလည်း အချိုးကိုက်သားဘဲ ရေးလိုက်ပါ အုံးအေ၊ ညည်းရေးချင်ရင် မကြာပါဘူး လက်ရေးလဲ မြန် သားဘဲ " ဟု ချော့ကာ မြှောက်ကာ ခိုင်းခဲ့ရှာပါသည်။

တခါတခါပျင်းတယ်ထင်လျှင် " အရွယ်ငယ်တုန်း ကြိုးစား ပါအေ၊ ငါလိုအိုရင်ရေးချင်သော်လဲ မရေးနိုင်တော့ဘူး၊ ညည်း ခန္ဓာကလည်း မအိုဘဲ နေမှာမဟုတ်ဘူး " ဟု အအိုအနာ နှင့် လည်း ချောက်ပြီးခိုင်းခဲ့ပါသည်။ အမေငယ် ယခုလို ခြေ့မော့

ချိန်းချောက်ပြီး စိတ်ရှည်လက်ရှည်ခိုင်းခဲ့သည့်အတွက် စာရေး ဝါသနာပါကာ များစွာသောတရားကွင်းများ ရေးသားလာခဲ့ပါသည်။ ဤသို့ ကျေးဇူးကြီးများလှသော "အမိသဖွယ်ဆရာယ်" အား ကျေးဇူးဆပ်လိုသော အားဖြင့်လည်း ဤဓမ္မဒီနွာ အမျိုးသမီး ဟောပုံနည်း ကျမ်းစာအုပ်ငယ်ကို ရေးထုတ်လိုက်ရခြင်း အကြောင်းတခုဖြစ်ပါသည်။

ရင်းပြင်ဒုတိယ သီလရှင်တိုက်အုပ်ဖြစ်သော ဒေါ်ဝိလာသီကို စာအုပ်ရိုက်ရန် တိုင်ပင်ဆွေးနွေးလိုက်တော့သည်း ဒေါ်ဝိလာသီ ဟာ အလွန်အားရ ဝမ်းမြောက်ပါတယ်၊ ဝမ်းမြောက်သဖြင့်လည်း အောက်ပါအတိုင်း အားပေးစကား ပြောကြား လိုက်ပြန်ပါတယ်။ "အလွန်ခက်ခဲနက်နဲသော အချက်အသက်များ မပါငြားသော်လည်း မိန်းကလေးအနေနဲ့ကြည့်ရင် ထားပုံသိုပုံ အကူးအဆက်ဟာ အင်မတန်ဖတ်လို့ကောင်းပါတယ်။ ကြမ်းတမ်းသော ဥပမာပုံပြင်လည်းမပါ။ ယာဉ်ကျေးသိမ်မွေ့ နူးညံ့ ပြေပြစ်သော စကား အစီအစဉ်များသာ ဖြစ်ပါတယ်၊ ဖတ်ကြမဲ့ ပုဂ္ဂိုလ်များကလည်း အမျိုးသမီးများသာ များသောအားဖြင့် ဖတ်ကြလိမ့်မယ်။ တကာကြီးတွေဆိုတာကတော့ ယခုလောကမှာ ဥာဏ်ကြီးရှင်တွေက များနေကြပြီ။ မိန်းကလေးအနေနှင့် ကြည့်ရင် ကျမ်းစာအုပ်တအုပ်ဖြစ်ဘို့ရာ အလွန်ခဲယဉ်းပါတယ် ပြီးတော့ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ လို့လဲ ဘုရားဟောရှိသားဘဲ ဒီတော့ အမြတ်ဆုံးဒါနကြီးကို ပြုဖြစ်အောင်ပြုပါ ကြိုးစားပါ" လို့ အဲဒါလို အားပေး စကား ပြောကြားလျက် အတပ်ထပ် တိုက်တွန်းပါသည်။

သီလရှင် ဒုတိယတိုက်အုပ်ဆရာကြီး ဒေါ်ဝိလာသီ၏ မွန်မြတ်သောစေတနာဖြင့် အထပ်ထပ်တိုက်တွန်းလို့လဲ ဤ " ဓမ္မဒိန္နာ အမျိုးသမီး ဟောပုံနည်း " ကျမ်းစာ အုပ်ငယ် ကောင်းမှုခံချာမှာစွာ ထွက်ပေါ် လာခဲ့ရခြင်း အကြောင်းတာ ဖြစ်ပါသည်။

## " ဓမ္မဒိန္နာ မြတ်ကျမ်းစာ "

မြတ်စွာဘုရားလက်ထက်က " တရားဟောသောအရာ တော်ရခဲ့တဲ့ ဓမ္မဒိန္နာအမျိုးသမီး " အကြောင်းကို အားလုံးကြားဘူးကြမယ်၊ ဓမ္မဒိန္နာ ဆိုတာ မိန်းမထူး မိန်းမမြတ် အမျိုးသမီးတွေဘက်ကတော့ အကျော်အမော်ပေါ့။ ကျော် ဆိုသော်လည်း ကိုယ်ကျော်ချင်တိုင်း ကျော်လို့ရတာမှ မဟုတ်ဘဲ၊ ဘဝါဘဝက ဖြည့်ဆည်းပူးခဲ့တဲ့ပါရမီဘုန် စာရိတ္တနှင့် ပြည့်စုံမှ ကျော်လို့ရတာ၊ ဘုရားလက်ထက်က ဘိက္ခုနီမတွေ များစွာ ရှိသားဘဲ၊ ကျော်စောမှုကို လူတိုင်းလူတိုင်း အလိုရှိကြတယ်၊ ဒါပေမဲ့ လူတိုင်းမရနိုင်ပါဘူး။

" ထင်ပေါ်ကျော်စောမှုဆိုတာ ကရုဏာတရား ဖြစ်ပါတယ် အသိဉာဏ်ကိုသာ ဝိဇ္ဇာလို့ ယူရမယ်၊ ဘာကြောင့်လဲဆိုတော့ စရဏချို့တဲ့ ပုဂ္ဂိုလ်တွေကြည့်လေ လောကဘီယာ တို့ ကျော်စောတို့ နေနေသာသာ သူ့ခမျာမှာ ဆွမ်းတောင် 'ဝ'အောင် ဘုန်းပေး မသွားရဘူး၊ သုပ္ပဗုဒ္ဓတို့ ခန္ဓာမှာ မကျန်းမမာနှင့် နိဗ္ဗာန်ဝင်သွားရပါတယ်၊ ခုဇ္ဇုတ္တရာ တို့ ကျွန်မဘဝနှင့် ကျော်ကြားဝင်သွားရတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ ဘုရားဟောတဲ့ တရားကို

တော့ ကိုယ်စိကိုယ်ငှသိကြသွားတဲ့၊ ဒါပေမဲ့ ကိုယ်ဖြင့် နှုတ်ဖြင့် ပြုကျင့်ခဲ့တဲ့ သီလဆိုတဲ့ စရဏတရား ပျက်ပြားခဲ့တော့ ဇာကျိုး ပေးမှာ နုံ့နုံ့နေ့းနေ့းဖြစ်ကြရတယ် မျက်နှာမလှရှာကြဘူး။

ဒါကြောင့်မို့ ယခုလောကမှာလည်း ကမ္ဘာသကတာ သမ္မာဒိဋ္ဌိ ဉာဏ်နှင့်ကြည့်ရင် ထင်ပေါ်ကျော်စောနေသော သူတယောက် ကို ပတ်ဝန်းကျင် အနေနှင့် ကျဆုံး သွားအောင် ဘယ်လိုဘဲ အသိုင်းအဝိုင်းနဲ့ ပြုလုပ်နေနေ၊ ကျဆုံးမသွားနိုင်ပါဘူး။ နောက် နောက်က မိမိပြုသွားသော မကောင်းမှုကံ ရှိရင်တော့ ဘယ်သူ မှ တားမရပါဘူး။ ပျက်ပြားမှာတော့ အမှန်ပါဘဲ။ ထိုနည်းတူ စွာဘဲ မထင်မပေါ် မကျော်မစောနဲ့ လူလို့သာခေါ်ရ, လူ့ အဆင့်အတန်း မမှိဘဲ လူ့ချူချူချာချာဖြစ်ရတာလဲ ပတ်ဝန်း ကျင်က လုပ်ပေးလို့လား မဟုတ်ပါဘူး၊ ကိုယ့်အမှုနဲ့ကိုယ်လာ ကြတာပါ။ ကဲလေ ထားပါတော့ ဆိုလိုရင်းက မမ္မဒိန္နာ အကြောင်းပါဘဲ။

မမ္မဒိန္နာ ခုလိုထင်ပေါ်ကျော်စောမှုကလဲ လွယ်လွယ်ကူကူနဲ့ ရတာမဟုတ်ဘူး၊ ကမ္ဘာတသိန်းတိုင်တိုင် ဖြည့်ခဲ့ရပါတယ်။ သာဝကပါရမီဟာ ကမ္ဘာတသိန်း၊ ဖြည့်ရတယ် ဆိုတာ အားလုံး ကြားဘူးကြတယ်မဟုတ်လား၊ မမ္မဒိန္နာ ဟာ ရှေးပဒုမုတ္တရဘုရား လက်ထက်ကစပြီး ပါရမီဖြည့်ခဲ့ရပါတယ်။ ယခု ဂေါတမ ရှင် တော်ဘုရားလက်ထက် ရောက်လာတော့ ပါရမီပြည့်မြောက်ပြီး ကျွတ်ဘို့ရာအချိန်တိုင်လာတော့ ရာဇဂြိုဟ်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သေဋ္ဌေးအိမ်မှာလာပြီးဖြစ်ရပါတယ်။

( ၁၆ ) နှစ် အရွယ်ရောက်လာတော့ အလှဂုဏ်သတင်းနှင့် အလိမ်မာသတင်းဆိုတာက တော့ ရာဇဂြိုဟ်ပြည်တွင်းမက တော တွင်း ဇနပုဒ်မကျန်အောင် ကျော်စောနေပါသတဲ့၊ ဒီတော့ မြို့ တွင်းမှာနေကြတဲ့ သေဋ္ဌေးသားများ နှင့် နယ်တွင်းမှာရှိကြတဲ့ သေဋ္ဌေးသား အားလုံးတို့ဟာ အုန်းအုန်းတက် အလိုရှိကြသတဲ့၊ သေဋ္ဌေးသား အားလုံးတို့ဟာ သူရနိုးနိုး- ငါရနိုးနိုးနှင့် လက် ဆောင်ကောင်းတွေ ထိုးရတာလဲ အမောသားပေါ့၊ ဒီ အကြောင်းကို ဗိမ္ဗိသာရမင်းကြီးသိဘော်မူတော့၊ဥပေက္ခာပြုနေ လို့တော့ မဖြစ်တော့ဘူးဆိုပြီး ဗိမ္ဗိသာရမင်းကြီးဟာ တက္ကသိုလ် ပြည်မှာ ပညာအတူသင်လာတဲ့ ငါ၏ အဆွေခင်ပွန်း ဖြစ်တဲ့ ဝိသာခသေဋ္ဌေးနဲ့ ထိမ်းမြားပေးလေမှဘဲ ဆိုပြီး ဘုရင်ကြီး ကိုယ်တိုင်ထိမ်းမြားပေးလိုက်ပါသတဲ့။

ဒီတော့မှ ဝိသာခသေဋ္ဌေးနှင့် ဓမ္မဒိန္နာ တို့ဟာ အတူတွဲပြီး ကြီးကျယ်သော သေဋ္ဌေး၏စည်းစိမ်းများကို ခံစား၍ နေကြ ပါသတဲ့။ ပါရမီရှင်ဘွဲ့ ဖြစ်လေတော့ လောကီ ချမ်းသာ လောက်တော့ ဘာပြောလောက်မှာလဲ၊ တနေ့ လောကုတ္တရာ ဖြစ်တဲ့ မဂ်ဖိုလ်ချမ်းသာဘောင် ခံစားကြအုံးမဲ့ ပုဂ္ဂိုလ်ထူးတွေ မဟုတ်လား၊ ဝိသာခသေဋ္ဌေး ဆိုတာကလဲ နဲတဲ့ ပါရမီရှင်မှ မဟုတ်ဘဲ၊ ရှင်တော်မြတ်ဘုရားကြီး ရာဇဂြိုဟ်ပြည်သို့ လက်ဦးစွာ ကြွရောက်ပြီး တရားဟောစဉ် ကထဲက " ဝိသာခသေဋ္ဌေးဟာ ဗိမ္ဗိသာရမင်းကြီးနှင့်အတူ သောတာပတ္တိဖိုလ်ကို ရခဲ့ကြပါတယ်။

သောတာပန်ပုဂ္ဂိုလ်ဆိုတော့ တရားနှင့် ကင်းကွာပြီးတော့လဲ မနေနိုင်ဘူးပေါ့ ကာမတဏှာကို မပယ်နိုင်သေးလို့လဲ အိမ်

ထောင်ပြုပြီး လူ့ဘောင်မှာ နေရတယ်ပေါ့၊ စိတ်တော့ ပါမယ် မဟုတ်ပါဘူး။ ဓမ္မဒိန္နာတို့ကတော့ ဘယ်သောတာပန်မှ မဖြစ်သေးတော့ လှချင်လိုက်တာကလဲလွန်ပါရော၊ သေဌေးကြီးက ကျောင်းတော်ကို ခေါ်တယ်၊ သူကဖြင့် ကိုယ်လုံးပေါ် မှန်ကြီးနားက မခွါနိုင်သေးဘူး။ အရွယ်ကလဲငယ် သေဌေးကတော်ကလဲဖြစ်နေတော့ သူရဲ့ဘဝဟာ သံဝေဂဉာဏ်နဲ့ပြီး အပျော်တွေကသာ များနေတယ်ပေါ့။

သေဌေးကြီးက တရားနဲ့ နီးကပ်ခစချင်လွန်းလို့ ချော့လို့တမျိုး၊ ခေါ်လို့တဖုံ အမျိုးကိုစုံအောင်ပါဘဲ၊ ကျောင်းတော်သို့ သွားဘို့တရားတော်ကို နာဘို့ပြောပါတယ်။ ပြောသော်လဲ့ ဓမ္မဒိန္နာမှာ တရားဘက်သို့စိတ်မပါဘူး။ "ပြောပြန်ပြီ တရားစကား၊ တခါလာ အနိစ္စ, တခါလ ၊ ဒုက္ခ, တခါလာ အနတ္တ, လောက စကားတွေများ တရံတခါ ကြားပါရစေအုံး " လို့ ဆိုသတဲ့၊ သူ့ခများမှာလည်း ဘယ်မဂ်မှ မရသေးလို့ ကာမတဏှာတရားကြီးကို တစိတ်တဒေသမှ မပယ်ရသေးတော့ ကြားချင်တယ်ဆိုတာလဲ ဟုတ်မှာပေါ့။ ဓမ္မနိယာမတရားပေကိုး၊ ပုဂ္ဂိုလ်သတ္တဝါမှ မဟုတ်ဘဲ။

ဝိသာခသေဌေးကြီးကဖြင့် မြင်းလှည်းတစီးနဲ့ အပြန်ကြရင် ဥယျာဉ်ထဲမှာဝင်ပြီး ဓမ္မဒိန္နာအတွက် အမျိုးမျိုးသော ပန်းတွေကိုခူးခဲ့သေးသတဲ့၊ ဓမ္မဒိန္နာကတော့ ပြန်လာရင် ကြိုဆိုဘို့ဘဲ စိတ်ကူးနေတယ်။ သေဌေးကြီးလာတယ်ဆိုရင် ခြံဝမှာထွက်ပြီး မျှော်နေတာဘဲ။ အနီး၊အနားရောက်ရင် လက်တွဲပြီး တိုက်ပေါ်တက်ဘို့ နေရာရောက်ရင် ယပ်လေခပ်ဘို့ ဒါလေ က်ဘဲ

သူ့မှာစိတ်ကူးတတ်တယ်။ သူ့ကိုအမြင်မဘင်နဲ့အုံးလေ။ ဒါ မယားတို့ရဲ့ ဝတ္တရားတွေပေါ့၊ သေဌေးကြီးကကော့ နေ့ညဉ် ကျောင်းဘော် သို့သွားဘယ်။ သူ့မှာတော့အလှအပ အပျော် အပါးနဲ့ အချိန်ကုန်ရတယ်။

တနေ့သောအခါ သေဌေးကြီးဟာ ဘုရား တရား ဟောခိုက် သူရဲ့ ဥာဏ်ကလဲ ကြည်လင်ခိုက် နှစ်ဦးနှစ်ဝ ပန်ရပြီး အနာဂါမ် တည်သွားသတဲ့။ သေဌေးကြီးကလဲ တရားနာရင်း အနှစ်မရှိတဲ့ ပရမတ် အကာအတိ ဟုင်းလင်းကြီးကို မြင်သွားပါ သတဲ့။ ဒီတော့မှ တိုက်မှာကျန်ရစ်တဲ့ ဓမ္မဒိန္နာအတွက် ခက်ခက် ခဲခဲဖြစ်သွားတာပေါ့။ တိုက်ရောက်ရင် ပုထုဇဉ်ဖြစ်တဲ့ ဓမ္မဒိန္နာ နဲ့၊ သေဌေးကြီးကလဲ အနာဂါမ်အဆင့်အတန်း ရောက်သွား တော့ ပုထုဇဉ်ရဲ့ အမူအရာဆိုဘာ တခုမှမကြည့်ချင်တော့ဘူး။ မလိုလားတော့ဘူး၊ ခါတိုင်းလိုတော့ မဟုတ်တော့ဘူး၊ အသဲ လျှော့ပြီး အစွဲပြော့ခဲ့ပြီပေါ့။ ဓမ္မဒိန္နာ သူ့ခမျာမှာ " ခုချိန် ဆို လာချိန်နီးပြီ ခုချိန်ဆို ဥယျာဉ်ထဲဝင်ပြီး ပန်းတွေ ခူးနေ ရော့မယ် "နှင့် ခြံဝင်းဝဆီ မျှော်နေတာဘဲ။ မျှော်တုန်းမျှော်ဆဲ သေဌေးမင်းကြီးရဲ့ ရထားလဲ ဆိုက်လာရော၊ မျှော်နေရှာတဲ့ ဓမ္မဒိန္နာလေးဟာ ခါတိုင်းလို ခြံဝဆီသို့ တဟုန်ထိုး ပြေးလာခဲ့ပါ တယ်၊ ဓမ္မဒိန္နာဟာ အကင်းပါးပါးနဲ့ သေဌေးမင်းကြီးရဲ့ ရုပ် ပုံကို အကဲခတ်ပြီး " ဘယ်လိုဖြစ်လာပါလိမ့်၊ သွားတုန်းက အကောင်းပါ၊ ဒါပေမဲ့ မောပန်းလို့နေမှာပါ " ဆိုပြီး စောင့် ကြည့်ရင်း လိုက်သွားပါသတဲ့၊

စိတ်ထဲကတော့ ဘော်တော် ဝေဖန်ချက်တွေ များနေပြီ " ခါတိုင်းဆို ဥယျာဉ်ကိုဝင်ပြီး ပန်းချီးခဲ့သေးဘယ်။ ဒီတခါ မှာဖြင့် လူကိုယ်တိုင်တွေ့သို့တောင် နှုတ်မဆက်တော့ဘူး၊ ကေန္တ

ငါ့သူမကြိုက်တဲ့အပြုအမူတွေ ငါပြုမိပြီထင်ပါတယ်၊ ငါ-ဘာတွေ မှားပြုမိပါလိမ့်”နဲ့ သူ့ကိုယ်သူလဲ အများကြီး ဝေဖန်ရှာတယ်။ လှေကားဆောင်ရောက်လို့လဲ အရေးမလုပ်၊ ဧည့်ခန်းရောက်လို့ အမေးပြေ အပန်းပြေအောင် ယပ်လေး ခပ်လို့လဲ အရေးမလုပ် ဘာကိုမှလဲမပြောဝံ့၊ ဓမ္မဒိန္နာမှာ မင်မပျက်သာထမင်းပွဲပြင်နေရတယ်၊ စိတ်ထဲကတော့ တော်တော်ခက်နေပြီပေါ့လေ၊ သေဌေးကြီးကလည်း ထုံးစံအတိုင်း စားတော့စားတယ်၊ ဘာစကားတလုံးမှ မေးခြင်း ပြောခြင်းမရှိပါဘူး၊ ဓမ္မဒိန္နာ သူ့ခမျာမှာ တွေးမိတွေးရာ တွေးနေတာပေါ့။ အင်မတန်နူးသေးတဲ့ ပုထုဇဉ်ဘဝမဟုတ်လား။ ပုထုဇဉ်ဆိုတာ မတွေးလိုက်မှနေရော့ တွေးလိုက်ရင် အရမ်းချည်းဘဲ၊ မဝေဘန်လိုက်မှ နေရော့ ဝေဖန်လိုက်ရင် အမှားချည်းဘဲ။

ပြောပြန်တော့လဲ ဟုလိုက်တိုင်းမှား ဗာဟီရစကားပေါ့၊ ဝေဖန်လိုက်ကထဲက တွေးလိုက်ကထဲက ကိလေသာနဲ့ ဝေဖန်တာ ပုထုကိလေသေ ဇနေန္တိတိ ပုထုဇ္ဇနာလို့ ဆိုတယ်မဟုတ်လား။ ဒါကြောင့်မို့ ပုထုဇဉ်ဖြစ်တဲ့ ဓမ္မဒိန္နာဟာ ဝိသာခသေဌေးကြီး အပေါ်မှာ တော်တော်ဘဲ အထင်မှားနေပါတယ်။

“ခြေဒ်....ကျောင်းတော်ကို ငါ့အမြဲခေါ်တယ်၊ ငါလဲဘယ်တော့မှ မလိုက်ခဲ့ဘူး၊ ငါ့အပေါ် အလိုမကျ ဖြစ်နေမှာဘဲ”နဲ့ အမျိုးမျိုးတွေး ဝိညာဉ်ဖန်ဆင်းသလောက်တွေးတောပြီး “ဒီလိုချည်းသာ စကားမပြော အရေးမလုပ် နှုတ်ခွန်းမဆက်နဲ့ နေသွားရင်တော့ ငါသေရမှာအမှန်ဘဲ၊ မုန်းချင်လဲမုန်းတော့” ဆိုပြီး သေဌေးကြီးမျက်နှာ မရွှင်တာကို သူ့မှာအနေ ခက်နေသဘဲ။

ဓမ္မဒိန္နာရဲ့ သန္တာန်မှာရှိတဲ့ အကိန်းခေတ် အနုသယတွေဟာ တခါထဲစိတိက္ကမ အပေါ်ခေတ်တွေဖြစ်ပြီး မမေးရရင် မနေနိုင်တော့ဘူး၊ ဒါနဲ့ "သေဋ္ဌေးမင်းရဲ့ ပြုံးရှင်တဲ့မျက်နှာကို မမြင်ရရင်တော့ ငါသေရတော့မှာဘဲ ဆိုချင်လဲဆိုတော့" လို့ စိတ်ကို ပိုင်းပြီး သေဋ္ဌေးမင်းကြီးအနားကို တိုးကာ အင်္ဂလွန်ပြီး မေးရှာပါတယ်။ ဒီတော့မှ သေဋ္ဌေးမင်းကြီးက ပြုံးပြီး "အဆန်းလုပ်ပြီး မေးနေလိုက်တာ မင်းမေးစရာရှိတာကို မေးစမ်း၊ ဘာတွေများလဲ" လို့ ဆိုတော့မှ ဓမ္မဒိန္နာခမျာမှာ ချောခမောစွာ မေးစံ့ရှာသတဲ့။

**မှတ်ချက်။ ။ဒီနေရာမှာ သေဋ္ဌေးကြီးသည် မဟာကုသိုလ် သောမနဿနှင့်ပြုံးတယ်လို့ မှတ်ရမယ်၊**

ဓမ္မဒိန္နာလဲ အခွင့်အရေးရတာနဲ့ "မေးစရာကတော့ အထူးမဟုတ်ဘဲပါဘူး သေဋ္ဌေးမင်းကြီးကြည့်ရတာ ခါတိုင်းလိုမဟုတ်ဘဲ ဣန္ဒြေကြီးတမျိုးထားပြီး နှုတ်ခွန်းများတောင် မဆက်တော့ဘဲ မျက်နှာလွှဲနေဘာဟာ ဘယ်လို အကြောင်းကြောင့်လဲ ဆိုတာ သိပါရစေ။ သေဋ္ဌေးမင်းကြီးအပေါ်မှာ ဝတ္တရားကြေအောင် ဆိုပြီး အမျိုးမျိုးပြုနေကျ ဝတ်များကို ပြုပါတယ်၊ ဒါထဲကမှ သေဋ္ဌေးမင်းကြီးအလိုမကျဘာ စိတ်မနှစ်ခြိုက်တာရှိရင်ပြောပါ၊ ကျမ အကုန် ပြင်နိုင်ပါတယ်။ နောင်တခါန်တုန်းကလဲ ကျမဘက်က လိုလေသေးမရှိအောင်ဆိုပြီး ပြုစုခဲ့ပါတယ်။ ဒါထဲကမှ အလိုမကျလို့ မနှစ်ခြိုက်ဘူးဆိုရင် ကျမကံဘဲလို့ ထားရတော့မှာပေါ့။ ပြောစမ်းပါ၊ ဘာဖြစ်တာလဲ၊ ကျောင်းတော်ကို ခေါ်တာ မလိုက်လို့လား၊ ကြိုတာ နောက်ကျ လို့လား" နဲ့။ အခါခါမေးတော့ သေဋ္ဌေးမင်းကြီးက "မပြောလဲမဖြစ်တော့ဘူး

ငါ့စိတ်ထဲရှိသမျှ ပြောလိုက်ရင်လဲ ခက်ကုန်ကြတော့မယ်''နှင့် စဉ်းစားရင်း ''တစ်နိုင်ပါဘူးလေ တရားပြောတာဘဲ သတ္တဝါ တယောက်ဆင်းရဲစေချင်လို့ မှမဟုတ်တာဘဲ''ဆိုပြီး''နှမရယ်သေသေ ချာချာနားထောင်ပါ၊ မောင်ကြီး ဟုတ်တိုင်းမှန်စွာ ပြောပြ ပါမယ်၊ နှမလေးကို မုန်းလို့ မဟုတ်ပါဘူး၊ နှမလေးနဲ့ တွေ့တဲ့ နေ့ကစပြီး မောင်ကြီးအပေါ်၌ ဝတ္တရားလဲ ဘာတခုမှမချို့ယွင်း ခဲ့ပါဘူး၊ အထင်မမှားပါဘူး၊ မောင်ကြီး ခုလိုနေတာကတော့ တခြားမဟုတ်ပါဘူး၊ ဘုရားကျောင်းတော်သွားပြီး တရားနာ စဉ်မှာ ဘုရားဟောတဲ့တရားနဲ့ မောင်ကြီးရဲ့ဉာဏ် ကြည်လင်တဲ့ အချိန်နဲ့ ပနံသင့်ပြီး မောင်ကြီးတရားထူးရခဲ့ပါပြီ။ ဒါကြောင့်မို့ နှမလေးကို အရေးမလုပ်တာပါ၊ပြ နေ့တိုင်းကဲ့သို့ ပြုံးပြုံးရွှင်ရွှင် မပြုဘဲ ဒီလိုဘဲနေလိုက်တာပါ။

ပြီးတော့လေ ပြောတဲ့လက် စတော့ ပြောရတော့မှာဘဲ၊ နှမရယ် စိတ်တော့မရှိပါနဲ့၊ ယနေ့ကစပြီး နှမ မေ့ဓိန္နာအပေါ်ကို ဟိုရှေးတုန်းကလို ကိုယ့်သားမယားလို့ မထင်တော့ဘူး၊ နှမလေး မခံနိုင်ရင် မောင်ကြီး အရင်းကဲ့သို့ စိတ်မှာထားပြီး ဒီတိုက် ပေါ်မှာ ပြုစုနေမယ်ဆိုရင် နေနိုင်ပါတယ်၊ သို့မဟုတ် အရွယ် ငယ်သေးလို့ ကာမဂုဏ်အရာ နောက် အိမ်ထောင်မျှာ ရှာချင် သေးတယ် ဆိုရင်လဲ မောင်ကြီးမှာရှိတဲ့ ပစ္စည်းတွေကို အလိုက် မယ်၊ နှမလေး ကြိုက်သလိုနေပါ၊ မောင်ကြီး ခွင့်ပြုပါပြီ''လို့ ဆိုလိုက်တော့....

ဓမ္မဒိန္နာမှာ တသက်လုံးက မကြားလင့်တဲ့ စကားတွေကို ပြုံးကနဲ ကြားလိုက်ရတော့ မူးမိုက်ပြီး လဲလွှားပါသတဲ့၊ လဲရာ မှာပေါ့၊တရာ လုံးဝ မသိသေးတဲ့ ပုထုဇဉ်အနုကလေးကိုသွားပြီး

ရန်လဲမဖြစ် စိတ်လဲမဆိုးရဘဲနှင့် ရုတ်တရက်သွားပြီး နောက် အိမ်ထောင်ပြုတော့ သားမယားလို့ မမှတ်တော့ဘူး ဆိုတော့ လဲမှာပေါ့။ ဒါနဲ့ ဓမ္မဒိန္နာ လဲရာမှ တဖြေးဖြေးသတိရလာတော့ စဉ်းစားလိုက်တယ်။ "သြော် ရက်ရက်စက်စက် ပြောရက်လိုက်တာ၊ ပါးစပ်ကပြောတော့ အနာဂါမ်တဲ့၊ တရားထူးရလာပြီတဲ့၊ တရားရှင်မို့ လူဘဖက်သားကို ရက်စက်နိုင်တာပေါ့၊ တရားရှင်မို့ နောက်အိမ်ထောင်ပြုခိုင်းတာပေါ့။

မခွဲနိုင်ရင် ဒီတိုက်ပေါ်မှာဘဲနေပြီး မောင်အရင်ကဲ့သို့ ပြုစုနေပါတဲ့။ အင်း....ဒါငါ့ကို အထင်သေးလို့ပြောတာဘဲ၊ သူက တော့ ဘာသားထုထားတဲ့ အရုပ်မို့လဲ၊ သူ့ပစ္စည်းတွေကို စွန့်ပါ တယ်တဲ့၊ ငါက သူမျှားပစ်ထားတဲ့ တံတွေးပေါက်ကို ကြက်များ လို ကောက်စားချအုံးမှာကြလို့၊ တရားရှင်တဲ့ လူဘဖက်သား များ မတူသလိုလို မတန်သလိုလို ဗလခြေကြီးတခွဲသားနဲ့ အင်း ငါ့အကြောင်းကို ကောင်းကောင်းကြီးသိစေရမယ်"ဆိုပြီး....

"ဒီမယ်ရှင့် သေဌေးမင်းကြီး၊ ရှင်တို့ဘုရားတရားက ရှင်တို့ ယောကျ်ားတွေသာ အားထုတ်လို့ရသလား"လို့ ခပ်ဆတ်ဆတ် မေးလိုက်ပါသတဲ့။ ဒီတော့ ဝိသာခ သေဌေးကြီးက "မဟုတ် ပါဘူး နှမရယ်၊ မြတ်စွာဘုရားရဲ့တရားဟာ ရေဆိပ်သဘွယ်ပါ၊ ဘယ်သူသောက်သောက်ပေါ့၊ ယောကျ်ားတွေမှ မဟုတ်ပါဘူး၊ မိန်းမတွေပါ အားဆုတ်နိုင်ပါတယ်။ အားထုတ်တော့ မိန်းမ တွေလဲ သိနိုင်ဘယ်မဟုတ်လား၊ သိနိုင်တာပေါ့နှမရယ်၊ ဘာဖြစ် လို့လဲ တရားအားထုတ်ချင်တဲ့စေတနာများ ပေါ်နေလို့လား" လို့ သေဌေးကြီးမေးတဲ့အခါ "ဟုတ်ပါတယ် ဓမ္မဒိန္နာလိုမိန်းမ တယောက်ထဲရှိတယ်လို့ မှတ်ပါ။ ယနေ့ကစပြီး ရှင့်တိုက်ကြီး

ပေါ်လဲ ကျမ မနေလိုတော့ဘူး၊ ခုအမြန် ကျောင်းတော်သို့ လိုက်ပို့ပါ''လို့ ဆိုတော့ သေဋ္ဌေးမင်းရဲ့စိတ်ထဲမှာ ဝမ်းသာမဆုံး ဖြစ်သွားပါသတဲ့။ ဝမ်းသာမှာပေါ့ ဓမ္မဒိန္နာ ကျောင်းတော် ရောက်အောင် နေ့ရှိတိုင်း ဆွဲဆောင်နေတာမဟုတ်လား။ နောက်ပြီးတော့ တရားထူးရပြီးသား ပုဂ္ဂိုလ်များဟာ တရားမရှိသေးသောသူ အပေါ်၌ ဒုက္ခိတ သတ္တဝါတွေလို့ မြင်တော်မူကြသတဲ့။

ဒါ့ကြောင့် ဝိသာခ သေဋ္ဌေးကြီးဟာ "ဓမ္မဒိန္နာ ကျောင်းတော်ကို ရောက်ရင် တရားထူးတွေရတော့မယ် တရားနာရရင် အပါယ်ဒုက္ခအပေါင်းနှင့် အိုနာသေဆိုတဲ့ သံသရာဒုက္ခတွေမှ လွတ်ရတော့မယ်'' ဆိုပြီး သေဋ္ဌေးကြီးလဲ ဝမ်းသာလှတာနဲ့ ပိမ္ဗိသာရမင်းကြီးကို သွားပြီး သံဘော်ဦးတင်သတဲ့၊ ဒီတော့ ပိမ္ဗိသာရမင်းကြီးကလဲ အနာဂါမ်ဆိုတော့ စိတ်တူသဘောတူပေါ့လေ၊ အထူးပြောဖို့မလိုတော့ပါဘူး။ ဒါနဲ့မင်းကြီးကိုယ်တိုင် စီစဉ်ပြီး မင်းပရိသတ်၊ သေဋ္ဌေးပရိသတ်နှင့်တကွ နန်းတွင်းမှာ ရှိကြတဲ့ အပျိုတော်၊ လူပျိုဘော်မကျန် လိုက်စေ၍ ဘုရားကျောင်းတော်သို့ အမြန်ဆုံး လိုက်ပို့ကြပါသတဲ့၊ ဓမ္မဒိန္နာကျောင်းတော်ကို ရောက်သွားပြီတဲ့၊ ဘိက္ခုနီမ ပြုတော့မယ်တဲ့ ဆိုတဲ့ သတင်းစကားကြီးကဖြင့် ကျော်ကြားတဲ့ နေရာဌာန ရယ်လို့ မရှိတော့ဘူးတဲ့။ မြို့တိုင်း၊ ရွာတိုင်းမှာ သတင်းရောက်တော့ တချို့ကလဲ လူဝတ်ကလေး နောက်ဆုံးမြင်ရအောင်ဆိုပြီး သွားကြည့်ကြသတဲ့။ ကျောင်းတော်ရောက်လို့ မကြာခင်မှာဘဲ ဘိက္ခုနီမ ပြုပေးလိုက်ကြပါသတဲ့။ ဘိက္ခုနီမ ဖြစ်ပြန်တော့လဲ သူ့ခမျာ တရားကိုကောင်းကောင်းအားမထုတ်နိုင်ရှာပါဘူးတဲ့။

အလှူလာကြတဲ့သူတွေရော တချို့က လှူတုန်းက သူ့တိုက်ပေါ်မှာ သူနေတာ ငါတို့တခါမှ မမြင်ဘူးကြဘူးဆိုပြီး လှည့်သွားကြည့်ကြသတဲ့။ ဓမ္မဒိန္နာမှာ ကိုယ့်သီလာပြန်တော့ ကိုယ့်ဝတ္တရားက ရှိနေပြန်တယ်။ ဒါကြောင့်မို့ ကိစ္စတွေအလွန်များပြီး တရားကိစ္စကို မရောက်ရှာသေးဘူး၊ တနေ့လာပြန် ဆွမ်းဝတ်ပြုရပြန်၊ တနေ့လာပြန် လှူတတ်ကြောင်းတွေစကား လက်ခံပြောနေရပြန်၊ ဒါနဲ့ သူ့ခမျာ လိုရာတွေမရောက်ဘဲ ဒုက္ခတွေ များနေရရှာတယ်။ "တနေ့လို့ချင်လို့တောထွက်ပါတယ်ဆို သူတို့ပူစုရအောင် တောထွက်ရသလိုဖြစ်နေပြီ၊ ဒီနေရာမှာ နေလို့ မဖြစ်တော့ဘူး"ဆိုပြီး ဓမ္မဒိန္နာဟာ ဘောဘနေရာကို ထွက်သွားရရှာပါသတဲ့။ တောထဲ ဆိတ်ငြိမ်ရာကိုသွားပြီး တရားအားထုတ်လိုက်တာ တခါသည်း ရဟန္တာမ ဖြစ်သွားပါသတဲ့။ ဒီအခါမှ အဦးဆုံးနေတဲ့နေရာသို့ပြန်လာပြီး သာသနာပြုရန်စီစဉ်ပါသတဲ့။

ဝိသာခသေဋ္ဌေးကြီးက ဓမ္မဒိန္နာ ဘောမှပြန်လာတယ် ကြားတော့ "ဘာဖြစ်လို့ပြန်လာဘာပါလိမ့်မလဲ၊ လူများထွက်ချင်လို့လေလား၊ ငါ့မခံချင်စိတ်ဇောနဲ့ သူသွားတာ၊ မိန်းမသားဆိုတာ ဘာမှ အတိမ်အနက် သိဘာမဟုတ်ဘူးနှင့်" ကရုဏာ ဒေါသောဖြင့် တွေးတောရင်း တရားထူး ရ-မရ စုံစမ်းလေမှဘဲ ဆိုပြီး ဓမ္မဒိန္နာရှိရာ ကျောင်းဘောသို့သွားပြီး သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံ များကိုပါမကျန် အကဲခတ်ပြီး အင်း....စက္ခုန္ဒြေ၊ ကာယိန္ဒြေကြည့်ရတာတော့ မဆိုးဘူးဟဲ့နှင့် ရဟန္တာမကို သွားပြီး ဗိုလ်မှူး ဗိုလ်ပုံ ပေါက်နေလိုက်တာ၊ ဒါလဲမကြေနပ်သေးဘူး၊ သောတာပန် ဖြစ်၊မဖြစ် သောတာပန်များမှဖြေနိုင်တဲ့ မေးခွန်းကို မေးလိုက်တယ်။ ဓမ္မဒိန္နာကလဲ မဆိုင်းမတွ ဖြေပေး

လိုက်တယ်။ တခါ သကဒါဂါမ်၊ တခါ အနာဂါမ်၊ တခါ ရဟန္တာအဆင့်ထိအောင် မေးချင်တယ်။ ဒါပေမဲ့ ရဟန္တာ မဖြစ်သေးတော့ အရဟတ္တမဂ်ဖိုလ်ရဲ့ အကြောင်းတော့ မမေးနိုင်ရှာဘူး။

ဓမ္မဒိန္နာကတော့ ကရားမှ ရေလွှတ်သလို ဟောလိုက်တာ အနာဂါမ် သေခွေးကြီးမှာ ငေးနေရပါသတဲ့။ သေခွေးကြီး အခမေးနှင့် စပ်လျဉ်းပြီး ဟောတာဟာ "မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်တော်ကြီး" ရယ်လို့ အဆင်အရှားပါတဲ့၊ ဒါ့ကြောင့် မြတ်စွာဘုရားသည် ဘိက္ခုနီမထဲက တရားဟောရာမှာ ငါ၏ချစ်သမီးတော် ဓမ္မဒိန္နာ အမြတ်ဆုံး အတတ်ဆုံးဆိုပြီး ဧတဒဂ္ဂ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ။ ဘိက္ခဝေ၊ ရဟန်းတို့။ သာဝိကာနံ၊ ငါဘုရား၏တပည့်မ ဖြစ်ကုန်သော။ ဓမ္မကထိကာနံ၊ တရားဟောတတ်ကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့တွင်။ ယဒိဒံ-ယာအယံ ဓမ္မဒိန္နာ၊ အကြင်ဓမ္မဒိန္နာသည်။ အဂ္ဂံ၊ ရှိ၏။ ဧတံ-ဧသာ ဓမ္မဒိန္နာ၊ ဤဓမ္မဒိန္နာ သည်။ အဂ္ဂံ-အဂ္ဂါ၊ အသာဆုံး, အလွန်ဆုံး, အမွန်ဆုံး, အမြတ်ဆုံးပေတည်းလို့ ဘွဲ့ထူးပေးတော်မူခဲ့ပါတယ်။

ဒါ့ကြောင့်မို့ မြတ်စွာဘုရားလက်ထက်က တရားဟောသော အရာ၌ဧတဒဂ်ရတဲ့ ဓမ္မဒိန္နာ။ ထို့အတူ....

၁။ ညဉ့် နေ့ အပိုင်းအခြားကိုသိသောအရာ၌ ဧတဒဂ်ရသော မဟာပဇာပတိ ဂေါတမီ။

၂။ ပညာအရာ၌ ဧတဒဂ်ရသော ခေမာ။

၃။ တန်ခိုးအရာ ဧတဒဂ်ရသော ဥပ္ပလဝဏ်။

၄။ ဝိနည်းတော်ကို ဆောင်သောအရာ၌ တေဒဂ်ရသော ပဋာစာရီ။

၅။ ဈာန်ဝင်စားသောအရာ၌ တေဒဂ်ရသော နန္ဒာ။

၆။ အားထုတ်အပ်သော လုံ့လရှိသောအရာ၌ တေဒဂ်ရသော သောဏာ။

၇။ ဒိဗ္ဗစက္ခုဉာဏ်အရာ၌ တေဒဂ်ရသော ဗကုလာ။

၈။ ခိပ္ပါဘိညာအရာ၌တေဒဂ်ရသော ဘဒ္ဒါကုဏ္ဍလကေသာ၊

၉။ ပုဗ္ဗေနိဝါသဉာဏ်အရာ၌ တေဒဂ်ရသော ဘဒ္ဒါကာပိလာနီ။

၁၀။ များစွာသော အဘိညာဉ်သို့ရောက်သောအရာ၌ တေဒဂ် ရသော ဘဒ္ဒကစ္စာနာ။

၁၁။ ညစ်နွမ်းခေါင်းပါးသော သင်္ကန်းကို ဆောင်သောအရာ၌ တေဒဂ်ရသော ကိသာဂေါတမီ။

၁၂။ သဒ္ဓါအားကြီးသောအရာ၌ တေဒဂ်ရသော သိင်္ဂါလကမာတာ။

**ဓမ္မဒိန္နာ**နှင့်တကွ ( ၁၃ ) ဦးသော မိန်းမသူ, မိန်းမမြတ်, မိန်းမတတ်တွေကို သတိရစေခြင်းအကျိုးငှါ လွမ်းဆွတ်စေခြင်း အကျိုးငှါ၊ အတုယူကြစေခြင်းအကျိုးငှါ၊ ဤစာအုပ်ကို စံပြ **ကထိက, ဓမ္မဒိန္နာ, အမျိုးသမီးဟောပုံနည်း** ဟူသောအမည်ဖြင့် မှည့်ခေါ်ဖော်ထုတ်လိုက်ရခြင်းဖြစ်ပါသတည်း။

## စာရေးသူ၏ ထားရှိကဲ့သော

# စေတနာမွန်

စာရေးသူသည် ငယ်ရွယ်စဉ်ကတည်းက ဘိက္ခုနီမတို့၏အသွင် သီလရှင်လေးဝတ်ရန် မိဘများထံ ခွင့်တောင်းကဲ့ပါသည်။ မိဘနှစ်ပါးသည် စောင့်ရှောက်မည့်သူ ရင်းရင်းနှီးနှီး မိကြီး, မိထွေး မရှိသဖြင့် ငယ်စဉ်က ခွင့်မပြုခဲ့ပါ။ (၁၇)နှစ် အရွယ်ရောက်မှ **အမေထွေးခေါ် ကြောင်ပန်း "ဒေါ်ဓမ္မစာရီ"**ထံ အပ်နှံထားပြီး **"စတုတ္ထဆရာတော်ဘုရား"**ထံ သီလရှင်လေးဝတ်ရန် ခွင့်တောင်းကဲ့ရပါသည်။ဆရာတော်ဘုရားသည် တလတိတိ ဥပုသ်စောင့်ခိုင်းထားပါသည်။ တလပြည့်သောနေ့မှ သီလရှင်လေး ဝတ်ပေးပါသည်။ အဝတ်လဲပြီး ဆရာတော်ဘုရားထံ ထုံးစံရှိသည့်အတိုင်း ဘွဲ့တောင်းရပါသည်။

ဆရာတော်ဘုရားသည် ဘွဲ့မပေးမီ ရှစ်ပါး သီလပေးပြီး အများကြီး ဆုံးမပါသည်။ လိုက်အဆိုခိုင်းပါသည်။ "မိမိ ခန္ဓာကိုယ်ကို ဆရာသမားများနှင့် သီတင်းသုံးဖော်များအား အပ်နှံရပါသည်။ တပည့်တော်ကို ဆုံးမကြပါ" ဟု ပတ်ဝန်းကျင် အဖော်များကိုလဲ ပြောကြားရပါသည်။ ဆရာတော်ဘုရားသည် "အလုံးစုံအကုန် တရားလဲဟောပြီးပြီ၊ ဘွဲ့လဲပေးပြီးပြီ" ဆိုတဲ့ အခါ "ကဲ...ခန္ဓာကိုယ်နှင့် အသက်ကို မိဘများနှင့် မသက်ဆိုင်တော့ဘူး၊ လူ့ဘောင်မှာ နေစဉ်အခါကသာ သက်ဆိုင်တယ်၊ ယနေ့မှစ၍ မိဘအစစ်ဟာ မြတ်စွာဘုရားကြီးနှင့် ဆရာသမားဘဲ ဖြစ်တယ်။ ဘုရားသမီးတော်ဖြစ်လာပြီ၊ ဘုရားခိုင်းတာ လုပ်ရလိမ့်မယ်၊ ဆရာသမားခိုင်းတာလုပ်ရလိမ့်မယ်၊ ဘုရားသမီးတော်

ဖြစ်လာတော့ ဘုရားနှစ်သက်တဲ့ လောကုတ္တရာ ကိုယ့်ကျိုး ကိုယ့်စီးပွား လုပ်ရလိမ့်မယ် '' လို့ ဆရာတော် ဆုံးမပါသည်။ ဆရာတော်ဘုရားသည် လောကအနေနှင့်လဲ ပတ်ဝန်းကျင်နှင့် နေတတ်အောင် ဆုံးမကဲ့ပါသည်။

ဆရာတော်ဘုရား၏ အမျိုးမျိုးသော ဆုံးမသံတွေဟာ ယခု အချိန်ထိ ကြားယောင်နေမိပါသည်။ ဆရာတော်ဘုရားက '' ဘုရားသမီးဖြစ်လာပြီ၊ ဘုရား အလိုတော်ကျဖြစ်တဲ့ အလုပ် များကို လုပ်ရလိမ့်မယ် '' လို့ ဆိုလိုက်သည့်အချိန်ကစ၍ စာရေး သူသည် လက်ဦးအစ ပထမတော့ ခပ်ပေါ့ပေါ့ဘဲ နေမိသည်။ ဆရာတော်ဘုရားဆုံးမလိုက်တော့မှ ''ဟာ ဟုတ်သားပါဘဲလား၊ မိန်းကလေးတို့ဘဝ အင်မတန်နှစ်သက်ကြကဲ့ဆံပင်တွေလဲမရှိဘူး၊ ဝတ်ထားတဲ့ အဝတ်အစားတွေ ကြည့်လိုက်တော့လဲ အင်မတန် မျက်စိရှုပ်စရာကောင်းတဲ့ အပွင့်တွေ၊ အဖူးတွေ၊ အရွက်တွေ၊ အခက်တွေလဲ မပါတော့ဘူး။ တမယ်ဆင် ဖန်ရေစွန်းတဲ့ အဝတ် ကလေးနှင့်ဆိုတော့ ဆရာတော်ပြောတဲ့ ဘုရားသမီးတော်ဆိုတာ သိပ်ဟုတ်တာဘဲ၊ ပုံသဏ္ဍာန်လေးဟာ အလွန်တူမှာဘဲ '' ဟု ဝမ်းမြောက်ကာ ''ယနေ့မှစ၍ ဘုရားခိုင်းတဲ့အလုပ်၊ ဆရာသမား ခိုင်းတဲ့အလုပ်ကို လုပ်မယ်'' လို့ စိတ်ကိုဆုံးဖြတ်ခဲ့ပါသည်။

ဘုရား ဘာတွေခိုင်းသလဲ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဆိုတာ တွေပေါ့၊ စာရေးသူသည် ဒါတွေနားမလည်ကဲ့ပါ၊ စစ်ကိုင်း တောင်ရိုးနဲ့ မုံရွာမြို့မှာ စာချနေကြတဲ့ သီလရှင်ဆရာလေးတွေ၊ ကြောင်ပန်းတောရမှာ တရားဟောနေကြတဲ့ သီလရှင်ဆရာလေး တွေ၊ ဒါတွေသာ မျက်မြင်အားဖြင့် သိတာဘဲပါသည်၊ ''ဒါတွေ ဟာ ဘုရားအလုပ်တွေဘဲ၊ သူတို့ဟာ ဘုရားသမီးတွေဘဲ၊ ဒါ့

ကြောင့်မို့ ဘုရားခိုင်းတာ လုပ်နေကြတာဘဲ”လို့ သိကဲ့ပါသည်။ ဒါ့ကြောင့် “ငါလဲ ဘုရားသမီးဘဲ စာချဖြစ်ရင်ဖြစ်၊ စာချ မဖြစ်လျှင် ဓမ္မကထိက” ဒီနှစ်ခုကို ပန်းတိုင်ထားကဲ့ပါသည်။

ရှေးဦးစွာ စာသင်ကဲ့ပါသည်။ ဒီပဲရင်းမြို့ ကုန်းသာကျောင်းတိုက် ဆရာ ဒေါ်ဣန္ဒာစာရီထံမှ အခြေခံယူကာ မြသိန်းတန်ကျောင်း ဆရာတော် ဦးဇောတိက ထံ၌ စာသင်ကဲ့ပါသည်။ ကြောင်ပန်း တတိယဆရာတော်ဘုရားကြီးက ကြောင်ပန်းပြန်၍ တရား အားထုတ်ခိုင်းပါသည်။ “များများ မဟုတ်ပါဘူးဟဲ့၊ (၆)လ လောက်ပါ၊ စာတတ်လွယ်အောင်လို့ ခိုင်း တာ ပါ၊ အားထုတ်မယ် မဟုတ်လား” နှင့် ဆရာတော်ဘုရားကြီးသည် ဇွတ်အတင်း တရားအားထုတ်ခိုင်းပါသည်။ “ဆရာတော်ဘုရားကြီးသည် အဓိပ္ပါယ်မရှိဘဲ ဘာတခုမှမပြောကဲ့ပါ၊ ဒါ့ကြောင့် ဆရာတော်ကြီးခိုင်းတာ မလုပ်ရင် ဘာများဖြစ်မလဲ၊ တခုခုတော့ ဖြစ်တော့မှာဘဲ”ဟု စာရေးသူသည် တွေးတော ထိတ်လန့်မိပါသည်။

နောက်ပြီး စာသင်ရတဲ့ရက်ကလဲ အရွယ်နှောင်းမှ သင်ရသဖြင့် စာချလဲဘယ်နည်းနှင့်မှမဖြစ်နိုင်တော့ဘူးဆိုပြီး စိတ်ဓာတ်ကျကာ ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်ကိုလဲ မလွန်ဆန်ရဲသဖြင့် ကြောင်ပန်းသို့ ပြန်ကာ ဓမ္မကထိကဖြစ်ဖို့ ကြိုးစားလာခဲ့တာ နှစ်ပေါင်းကြာကဲ့ပါပြီ။ နမောတဿမှ မရွတ်တတ်တဲ့ သူနဲ့ စာရင် ဓမ္မကထိက ပန်းတိုင်ကြီးတော့ နီးကပ်လာပါပြီ။ ထို့ကြောင့် ဆရာတော်ဘုရားတို့ ဆုံးမသည့်အတိုင်း မိမိလိုလားသော ပန်းတိုင်သို့ ရောက်ရန်အတွက် တွေ့သမျှသော လောကဓံများကို မော်မကြည့်နိုင်ဘဲ “ဘုရားခိုင်းထားသော အလုပ်သည်

ငါ့အလုပ်ဘဲ၊ ဆရာတော်များ လုပ်နေကြသော အလုပ်သည် ငါ့အလုပ်ဘဲ ” လို့ ဘုရားမျက်နှာနှင့် ဆရာတော်ဘုရားတို့ရဲ့ မျက်နှာသာလျှင်ကြည့်ကာ....

“လာဘ်ရတဲ့ လောကဓံ၊ လာဘ်မရတဲ့ လောကဓံ။ အခြွေအရံ များတဲ့ လောကဓံ၊ အခြွေအရံ မများတဲ့ လောကဓံ။ ကဲ့ရဲ့ရှုတ်ချတဲ့ လောကဓံ၊ ချီးမွမ်းတဲ့ လောကဓံ။ ချမ်းသာတဲ့ လောကဓံ၊ ဆင်းရဲတဲ့ လောကဓံ။ အကြိမ်ကြိမ် အဖန်ဖန် ခံစားရတဲ့ လောကဓံလှိုင်းလုံးကြားမှာ ခန္ဓာငါးပါး ဖွားဘက် သားက ရှစ်ပါးလောကဓံ ဖြစ်ပါသည်”ဟု ဆရာတော်ဘုရား၏ အဆုံးအမကိုလက်ကိုင်ထားကာ အားထုတ်ခဲ့ခြင်းသည် “စာရေးသူ၏ ထားရှိခဲ့သော စေတနာမွန်” ဖြစ်ပါသတည်း။

# ရည်ရွယ်ချက် အတိုချုပ်

စာရေးသူသည် "ဓမ္မဒိန္နာ အမျိုးသမီး ဟောပုံနည်းကျမ်း" ကို ရေးသားရာ၌ အမျိုးသမီးများအတွက် အထူးစိစဉ်ပြီး....

၁။ စကားအသုံးအနှုန်းများ အမျိုးသမီး ပီသစွာ အထူးယဉ်ကျေးသိမ်မွေ့ခြင်း။

၂။ ရှေ့စကားနှင့်နောက်စကား အကူးအဆက်များ စပ်ဟပ်မိစေခြင်း။

၃။ ဆိုလိုရင်းအဓိပ္ပါယ်ကို နူးနူးယဉ်ယဉ်နှင့်ထိရောက်စေခြင်း။

၄။ ဆိုလိုရင်းဖြစ်သော ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ် တရားများကို ပြသ၊ ဖေါ်ထုတ်ရာတွင် ပေါ်လွင် ထင်ရှားစေခြင်း။

ဤသို့သော ရည်ရွယ်ချက်များဖြင့် ရေးသားထားပါသည်။ ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်မရောက်ကိုတော့ ချစ်လှစွာသော ညီမများသာ ဆုံးဖြတ်ပါတော့လို့....

**ဓမ္မဒိန္နာ၊ ထေရိကာ၊ ပမာမသွေ့၊ ဖြစ်ပါစေ....ဟု**

ဥာဏ်သွားထက်ချွန်၊ ပညာဝန်တို၊
ယုတ်လွန်မျှော်လင့်၊ တော်အောင်ချင့်ရှု
မသင့်လည်းပြင်၊ သင့်လည်းဆင်လော့....။
(ကျီးသဲလေးထပ်ဆရာတော်ကြီး၏-မဟာသာရပျို့)

ဒေါ်ယုဇန
ကြောင်ပန်းတောရတိုက်
ဗုဓလင်မြို့။

# သံသရာတခွင် ငြီးငွေ့လျှင် မဂ္ဂင်တရား ရှုကြည့်ပွား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ .. တရား အားရှိပုံကြပေါ့၊ ငယ်တယ် - ကြီးတယ်လို့ ညင်းပယ်နေဘို့ အချိန်မဟုတ်ကြပါဘူး၊ အလွန်တရာ အချိန်ကောင်းသောအခါသမယကြီးပါ၊ ဒါကြောင့်မို့ ရှေးဦးစွာသုတမယဉာဏ်ဖြင့် နာခံမှတ်သားဘို့, စိန္တာမယဉာဏ်ဖြင့် ခန္ဓာမှာရှာကြံဘို့, ဘာဝနာမယဉာဏ်ဖြင့် အဖန်ဖန်အားထုတ်ကြဘို့ ဒါ-အထူးပြောနေဘို့တော့ မလိုပါဘူးလေ ရှိကြပြီးသားတွေပါ၊ ဒါပေမဲ့ ဓမ္မမိတ်ဆွေအချင်းချင်း ပြောကြရစမြဲ သတိပေးကြရစမြဲမို့ သတိပေးလိုက်တာပါ။

F. 1

ငယ်တယ်-ကြီးတယ် မရွေးချယ်ဘဲ ဒါနမှု သီလမှု ဘာဝနာမှု တို့၌ တပါးထွက်လာပြန် အရေးကြီးတယ်၊ တပါးက ပြောပြန် ဟောပြန် အရေးကြီးတယ်နှင့် ဟောလိုက်ကြဒါ ပြောလိုက်ကြဒါဟာ အာပေါက်မတတ်ပါဘဲ၊ တရားနာတဲ့ သူတွေအဘို့ တွေးမိကြပြီလားတော့မသိဘူး၊ ဒါန,သီလ,ဘာဝနာမှုတို့၌ ဘာ့ကြောင့် အရေးကြီးသလဲဆိုတော့ ကိုယ့်ရှင်ကို ပြန်ကြည့်လေ၊ မိမိတို့ငါတခု ကိုယ်တခုပြုထားကြတဲ့ ဝတ္ထုကြီးက ဘယ်လို အစားမျိုးကြီးလဲ ဘာတွေကို ငါလို့ပြုထားကြတာလဲ ခန္ဓာငါးပါးအပေါင်းကို ငါလို့ ပြုထားကြဒါမဟုတ်လား၊ ဒီတော့ ခန္ဓာငါးပါးက ဘာမျိုးတွေလဲ မူလဘူတ တရားကိုယ်သဘောကို ကြည့်ပါ၊ မြတ်စွာဘုရားက ရေမြှုပ်လိုတဲ့ ရေပွက်လို တံလျှပ်လို ငှက်ပြောလို မျက်လှည့်လိုဆိုတော့။

ကိုင်း.... ဒါန-သီလ-ဘာဝနာ တရားတွေဟာ အရေးမကြီးလောက်ဘူးလား ကြီးလောက်သလား၊ ခန္ဓာမှာရှိသောခတ်ကို မြင်ရင်ကိုဘဲ အလွန်သိနိုင်လောက်တဲ့ အချက်တွေပါ၊ ဒါကြောင့် အခိုင်အမာ မရှိသောတရားတွေကို ငါပြုထားကြရသည့်အတွက်ကြောင့် အလွန်အိုလွယ်နာလွယ်သေလွယ်သော တရားအစုကြီးမို့ မြတ်စွာဘုရားသခင်ကြီးမှစပြီး ယခု ဆရာတော်တွေအထိ ဒါန အရေးကြီးကြောင်း သီလ-အရေးကြီးကြောင်း ဘာဝနာတွေ အရေးကြီးကြောင်းကို ဥပမာတွေအမျိုးမျိုးနှင့် ကောင်းမွန်စွာ ဟောကြားတော်မူကြဒါပေါ့။

မြတ်စွာဘုရားကြီးရဲ့ ဥပမာတော်ကြီး ကြည့်လေ၊ ရင်ဝလုံးစူး ထိပ်ဦးမီးလောင်တဲ့ ဘယ်လောက်အရေးကြီးသလဲ ဒါလောက် အရေးကြီးသော ဥပမာကြီးတွေနှင့်ဟောဒါတောင် မိမိတို့က

ပေါ့ပေါ့ဘဲရှိသေးတယ်၊ ပေါ့ပေါ့နေခြင်းရဲ့အကြောင်း ကြည့်လိုက်တော့ ခန္ဓာကြီးရဲ့မမြဲမှုကို ကောင်းစွာ မမြင်သေးဘူးလို့ဆိုရမယ်၊ မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ရုပ်ကို ရေမြှုပ်နှင့်တူတယ်လို့၊ ကောင်းစွာမြင်လျှင် ဒါန-သီလ-ဘာဝနာမှုတို့၌ မပြုသေးဘဲ ခပ်အေးအေး နေဝံ့ပါမလား၊ ခုတော့ ရုပ်ကို ရေမြှုပ်နှင့်တူပုံကို မမြင်တော့ ကမ္ဘာတည်အောင် ဒီခန္ဓာကြီး ခိုင်မြဲနေလိမ့်မယ်လို့ထင်ပြီး ဒါနလဲ ဖြေးဖြေးမှကြီးမှ၊ သီလလဲ ဖြေးဖြေးမှ ကြီးမှ၊ ဘာဝနာလဲ ဖြေးဖြေးမှကြီးမှနှင့် အချိန်တွေ ဆွဲနေကြတယ်၊ ခန္ဓာကြီးကဖြင့် ရေမြှုပ်မျိုးမို့ အခိုင်အမာမရှိလို့ အိုလာခဲ့ကြပြီ၊ ဘာမှအားကိုးစရာမရှိဘူး၊ အနှစ်သာရ ဘာမျှမရှိ အခိုင်အမာဆို ဘာမှမပါဘူး။

ရုပ်တရားကြီး အားကိုးစရာမရှိလို့ ဝေဒနာတရားကို အားကိုးပါ့မယ်လို့ ဝေဒနာများ အားကိုးလို့ဖြစ်လောက်ပါ့မလား သူကလဲ အားကိုးလောက်တဲ့တရားမဟုတ်ဘူး၊ သူ့ကိုက သူများကို အားကိုးနေရဒါ၊ စက္ခုပသာဒစသော ဒွါရခြောက်ပါး၊ ရူပါရုံစသော ခြောက်အာရုံ၊ စက္ခုသမ္ဖဿစသော ခြောက်ပါးသော ဖဿတို့ကို အားကိုးနေရဒါ၊ ဒီအကြောင်းတွေ မရှိလျှင် ဖြစ်နိုင်ဒါမဟုတ်ဘူး။

ဖြစ်လာပြန်တော့လဲ ရေပွက်လိုတဲ့၊ ဘယ်မလဲ အားကိုးစရာ သတ္တဝါတွေ သေချာကြည့်လျှင် အားကိုးစရာကိုမရှိဘူး၊ ဒါပေမဲ့ ဝေဒနာကို ရေပွက်လိုမြင်တော့ နိစ္စထာဝရထင်ပြီး ဒီစည်းစိမ်တွေခံစားဘို့ ရှာဖွေစုဆောင်းမှုနှင့်သာ အချိန်ကုန်ကြရတယ်၊ ဒါန-သီလ-ဘာဝနာကတော့ နေအုံးငယ်သေးတယ်လို့ အချိန်ဆွဲခဲ့ကြတယ်။

ဝေဒနာက ရေပွက်လိုမို့ အားကိုးစရာမရှိလျှင် တငါငါနှင့် အထင်မှားနေကြတဲ့ သညာဘရားကို ကြည့်ပါအုံး၊ သညာ တရားကလဲ တံလျှပ်လိုတဲ့၊ တံလျှပ်ဆိုဒါ ပေါ်လာပြီး ပျောက် သွားဒါဘဲ၊ ဒီတော့ ငါသညာကောင်းတယ် ဉာဏ်ကောင်းတယ် ဆိုပြီးလဲ မာနကြီးပြီး ဒါန-သီလ-ဘာဝနာတွေကို မေ့နေဘို့ မသင့်ပါဘူး၊ သူကလဲ အားကိုးလောက်တဲ့ တရားမဟုတ်ဘူး၊ ခန္ဓာငါးပါးထဲက ဘယ်ခန္ဓာဘဲကြည့်ကြည့် အားကိုးစရာခန္ဓာဆို တပါးမှ မပါဘူး။

သင်္ခါရက္ခန္ဓာတဲ့ လောကကြီးမှာ သင်္ခါရနှင့်ကြည့်လိုက်တော့ တလောကလုံး သူလွှမ်းမိုးနေဒါဘဲ၊ ဒါကြောင့်မို့လဲ သတ္တဝါ တွေ အထင်ကြီးနေကြဒါ။

သွားရုပ် ရပ်ရုပ် ထိုင်ရုပ် လျှောင်းရုပ် အကုန်လုံးလောက ကြီးမှာ လှုရုပ် တန်းရုပ် ပေးရုပ် ကမ်းရုပ် ဆဲရုပ် ဆိုရုပ် ဒီအမှု အရာတွေ ပေါ်လာဒါဟာ သင်္ခါရက္ခန္ဓာရဲ့ သတ္တိကြီးထဲက ပါဘဲ၊ ဒါပေမဲ့ အခိုင်အမာမျိုးလားဆိုတော့ ဒီလိုတော့ မဟုတ်ဘူး သူကလဲ ငှက်ပြောလို ရှုရမှာဘဲ။

ငှက်ပြောဆိုဒါ အနှစ်မရှိပုံ အလွန်ထင်ရှားပါတယ်၊ ဒီအနှစ် မရှိဒါကို အားကိုးနေလို့ ဘာအကျိုးမျှားမှာလဲ၊ နှစ်တွေ လတွေသာ ကုန်ဆုံးခဲ့ရတယ် ဘာအကျိုးမှ မရှိဘူး။

ဒါကြောင့် သင်္ခါရက္ခန္ဓာ နာမ်တရားကြီးကိုလည်း အခိုင်အမာ ပြု၍ သူ့ကိုအားကိုးမနေကြနဲ့၊ ဒါန-သီလ-ဘာဝနာတို့ကိုသာ အားကိုးလို့ အတန်တန်ဆုံးမကြတယ် မဟုတ်လား။

နောက်တခါ မိမိတို့အသက်လို့ထင်နေကြတဲ့ ဝိညာဏက္ခန္ဓာ အသိတရားကြီးကိုကြည့်ပါအုံး၊ အနှစ်ဆို ဘာမှမရှိဘူး မျက်လှည့်ရုပ်လိုဘဲတဲ့၊ မျက်လှည့်ပြဒါ အားလုံးကြည့်ဘူးကြမယ်ပေါ့။ ရွှေတွေလို့ထင်ရအောင်ပြရင် အဟုတ်ရွှေလို့ထင်ရဒါ၊ ကြည့်တုံးမှာ ထင်ရဒါနော်၊ တကယ်တော့မရှိဘူး။

မိမိတို့အသက်လို့ထင်ခဲ့သော ဝိညာဉ်တရားကြီးကလဲ မဟုတ်တာကို အဟုတ်ကဲ့သို့ ဖန်ဆင်းပြတတ်တယ်၊ အခိုင်အမာနှင့်ပြနိုင်ဒါတော့မဟုတ်ဘူး၊ မျက်လှည့်ရုပ်လို့လို ဥပမာရှိပြီးသားပါ၊ အလွန်ထင်ရှားပါတယ်။

ဒါကြောင့် သတ္တဝါတွေ ခန္ဓာငါးပါးတရားအပေါ်၌ အနှစ်သာရထင်၍ ပျော်ရွှင်ခဲ့ကြရ၊ ဘာမှမဟုတ်ပါလား အားမကိုးလောက်သောတရားကို အားကိုး၊ အားမထားလောက်သောတရား အားထားပြီး အမှားတရားတွေကသာ များခဲ့ကြရ၊ ဒါန သီလ-ဘာဝနာကြတော့ ဒို့အလုပ်မဟုတ်ဘူး သူတော်ကောင်းတွေအလုပ်လို့ အထင်မှားပြီး တာဝန်တောင်လွှဲထားကြထင်ပါလား ဒါ့ကြောင့် ခန္ဓာငါးပါးရုပ်နာမ်တရားတို့ရဲ့ မမြဲပုံကြည့်လိုက်တော့ ဒါန-သီလ-ဘာဝနာတရားတွေ အရေးကြီးမလာဘူးလား။ ဒါကြောင့်....

အနိစ္စနယ် တကယ်တွေးတော့
ဒါနကလဲ အရေးကြီးသည်၊

ခန္ဓာရဲ့ မမြဲပုံ အနိစ္စအချက်ကြည့်လိုက်တော့ ဒါန အရေးမကြီးဘူးလား၊ အကယ်၍ ဒီခန္ဓာကြီးဟာ ကမ္ဘာပျက်တောင် ခန္ဓာကမပျက်ဘူးဆိုရင်တော့ ဒါနမပြုခြင်နေပါ၊ ကိုယ့်ခန္ဓာကို ကိုယ်အားကိုးနေရုံပါဘဲ။ ဒါကြောင့်—

အနိစ္စနယ် တကယ်တွေးတော့
ဒါနကလဲ အရေးကြီးသည်
သီလကလဲ အရေးကြီးသည်

ဒါနမရှိပလားဆိုမှဖြင့် ဖြစ်လေရာဘဝမှာ မွဲမွဲငတ်ငတ် လူ့အောက်တန်းစား ဖြစ်ရတတ်တယ်။ သူတကာတွေလို မလှူရ၊ သီလ မစောင့်ရ၊ ဘာဝနာ အားမထုတ်ရ၊ သွားချင်ရာ မသွားရ စားချင်ရာ မစားရနှင့် ဒီလိုဖြစ်တတ်ထာမျိုးကိုး၊ ဒါနရှိတဲ့သူတွေကြတော့ လူ့ရှေ့တန်းကတက်ပြီး လှူကြစို့ဆိုရှေ့က၊ သီလစောင့်ကြစို့ဆို ရှေ့က၊ ဘာဝနာပွားကြစို့ဆို ရှေ့က၊ ဝတ်မှု စားမှု သွားမှုလာမှု ရောင်းမှုဝယ်မှုအားလုံးစုံ အကုန်ရှေ့ကချည်းပါဘဲ။

ဒါ့ကြောင့် လူ့အောက်တန်း နောက်တန်းကျဘဝ မဖြစ်ကြရအောင် ခုလို အခွင့်သာတုံးမှာ ကြိုးကြိုးစားစားနှင့် ဒါနတရားကို ပြုနိုင်ကြပါစေလို့ ဆုတောင်းရင်း သတိပေးလိုက်ရပါတယ်လို့ ဒါ့ကြောင့်....

အနိစ္စနယ် တကယ်တွေးတော့
ဒါနကလဲ အရေးကြီးသည်
သီလကလဲ အရေးကြီးသည်

မိမိပြုထားတဲ့ ဒါနတရားတွေကို ခံစားဘို့ကြတော့ သီလမှ စွမ်းနိုင်တယ်၊ သီလမရှိရင် ဘယ်နှယ်မှ မတတ်နိုင်ဘူး၊ တချို့လောကထည်း ကြည့်ပါလား ပိုက်ဆံရှိသားသွီး ဖြစ်ရပေမဲ့ သီလ မစင်ကြယ်တော့ အဆွံ့ အအ လေးဖြစ်ပြီး ဘာတခုမှ ခံစားခွင့်မရရှာကြဘူး။

သီလနယ်က ကြည့်ပြန်တော့လဲ အလွန်အရေးကြီးသောကိုစ္စ တွေပေါ့နော်၊ ပါဏာတိပါတကံ မလုံခဲ့ပြန်တော့လဲ လူ့ဘဝမှာ လူ့ရယ်လို့သာပြောရ တချို့မှာလဲ (၃)ရက် သူငယ်နာနှင့် သေရ၊ တချို့မှာလဲ (၆)ရက် (၇)ရက် သူငယ်နာနှင့်သေရ မွေးလာဆို သေသွားကြရတယ်။

တချို့မှာလဲ အသက်ကလေးကတော့ မသေပါဘူး၊ မြင်းမြင်း ရှိပါရဲ့ ပေါလိုက်တဲ့ရောဂါ ဟိုဟာမစားဝန့် ဒီဟာမစားဝန့် နှင့် လောကကြီးမှာ မသေလို့သာ ဘယ်လောက်ပျင်းဘို့ ကောင်းလဲလို့ ပါဏာတိပါတကံမလုံရင် ဒီအတိုင်းဖြစ်ကြရ စမြဲဘဲ။

နောက် အဒိန္နာဒါနာဆိုတဲ့ကံ လွန်ကြူးခဲ့ရင်တော့ ခုဘဝ မှာ ပစ္စည်းဥစ္စာလေးတော့ အနည်းငယ်ရှိပါရဲ့၊ သူတပါးရဲ့ ပစ္စည်းကို ကိုယ်က လုယက်ဖျက်ဆီးခဲ့တော့ ကောင်းကောင်းကို မခံစားရဘူး၊ ရေဘေး မီးဘေး မင်းဘေး ခိုးသူဘေး မချစ် မနှစ်သက်သော ရန်သူဘေးနှင့်ချည်း တွေ့နေရဒါဘဲ၊ အင်မတန် စိတ်ဆင်းရဲရတယ်ပေါ့။

နောက်ပြီးတော့ ကာမေသုမိစ္ဆာစာရဆိုတဲ့ကံတွေ မှားခဲ့ ပြန်တော့လဲ အောက်တန်းနောက်တန်းကိုရောက်ရပြီး မကောင်း သတင်းတို့ဖြင့် အပြောအဆိုခံရခြင်း၊ ဣတ္ထိလိင် ပုလ္လိင်ဖြစ်ရခြင်း စသော မကောင်းသော ဘဝဆိုးများသို့ လားရခြင်း ဒီလို အဖြစ်မျိုးကို ရတတ်သောကြောင့် ကာမေသုမိစ္ဆာစာရကံတရား သိက္ခာပုဒ်များကိုလဲ လုံခြုံအောင် ထိမ်းသိမ်းစောင့်ရှောက်ဘို့ ဘယ်လောက်အရေးကြီးသလဲလို့။

နောက်ပြီးတော့ မုသာဝါဒကံတွေများရင်လဲ မိမိဖြစ်ရာ ဘဝမှာ ဩဇာအာဏာမရှိခြင်း၊ ကိုယ်အင်္ဂါမလှခြင်း၊ ပါးစပ်မှာ ညှီပုတ်ခြင်း သွားတွေမှာဆိုရင် ကြည့်လို့မဖြစ်အောင် ကျဲကျဲ ချောင်အောင်ပေါက်ခြင်း၊ ပြောသမျှဆိုသမျှစကားတွေ လူရာ မဝင်ဘဲ ရယ်ဘွယ်ဖြစ်ရခြင်း စကားမပြီခြင်းစသော အကျိုး တရားတွေဟာ ကေန္တဖြစ်ရမှာ မဟုတ်လား။

ငါးခုမြောက်ဖြစ်သော သုရာမေရယကံတရား ကြူးလွန် ဖေါက်ပြားခဲ့ပြန်တော့လဲ လူလောက လူ့အလယ်တွင် မတင့် မတယ်ဖြစ်ရခြင်း၊ ဘုရားတရားသံဃာ ရတနာသုံးပါးအပေါ်၌ မေ့ပြီး ကျေးဇူးရှိသော ကျေးဇူးရှင်များကိုလဲ ကျေးဇူးတရား မသိခြင်း၊ ဖြစ်လေရာ ဘဝများစွာတို့မှာ နှလုံးသည်းခြေပျက်ပြီး သွက်သွက်လည်အောင် ရူးရခြင်း၊ ဒီလို အကျိုးတရားများကို ဖြစ်စေတတ်ပါတယ်။ ဒီလိုဖြစ်နေကြရင် ပြုပြုခဲ့သမျှသော ဒါနရဲ့အကျိုးတရားကို ဘယ်လိုလုပ်ပြီး ခံစားမလဲ။

တချို့သူတွေမှာ ပိုက်ဆံရှိသားသမီးတော့ ဖြစ်ရသားဘဲ၊ ဒါပေမဲ့ သူအလေးသူရူးလေး ဖြစ်လာတော့ မခံစားရဘူး၊ ဒါကြောင့် ပြုထားကြသော ဒါနတရားကို ခံစားကြရအောင် သီလကလဲ အလွန်အရေးကြီးပါတယ်လို့ ဒါကြောင့်....

အနိစ္စနယ် တကယ်တွေးတော့

ဒါနကလဲ အရေးကြီးသည်

သီလကလဲ အရေးကြီးသည်

ဒီဒါနနှင့် သီလလေးရှိရုံနှင့်လဲ သာသနာနှင့်တွေ့တဲ့အခါ ကိစ္စမပြီးကြသေးဘူး၊ ဒါန-သီလ အကျိုးများဘို့ ဝိပဿနာ ဘာဝနာကလဲ အရေးကြီးကြသေးတယ်၊ ဝိပဿနာဘာဝနာ မရှိရင် ဝဋ်သံသရာကြီးထဲမှာ တဝဲလည်လည်နှင့် ကျင်လည် ကြရမှာအမှန်ဘဲ။

ဒါကြောင့် ပြုကြတဲ့အခါ ဒါန-သီလတွေ တန်ဘိုးရှိအောင် ဝိဇ္ဇာဉာဏ်ကြီးရအောင် ရှာမှီးကြရလိမ့်မယ် ဒါကြောင့်....

အနိစ္စနယ် တကယ်တွေးတော့
ဒါနကလဲအရေးကြီးသည်
သီလကသဲအရေးကြီးသည်
ဝိပဿနာဘာဝနာမျိုးကြတော့
အားကိုးလောက်အောင်လိုပါသည်။

တကဲ့ အားကိုးလောက်တဲ့တရားကတော့ ဝိပဿနာဝိဇ္ဇာမျိုး ပါဘဲ၊ ဒါကြောင့် ဒါနပြုတဲ့နေရာမှာ ဝိဇ္ဇာဉာဏ်ပါအောင် လှူလိုမှုစိတ်နာမ်တရား၊ လှူတဲ့အမှုအရာ ရုပ်တရားပေါင်းတော့ လှူရာမှာ နာမ်ရုပ်တရားနှစ်ပါးဖြစ်နေဒါ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ အနိမိတ္တတရားတွေလို့ တကယ်မြင်အောင် ဆင်ခြင်နိုင်ရင် လှူ ရာမှာ ဝိပဿနာဝိဇ္ဇာဉာဏ်ပါတော့ဒါဘဲ၊ သီလဆောက်တည် ရာမှာလဲ ဒီအတိုင်းပေါ့၊ ပါဏာတိပါတကံတွေတော့ လုံအောင် ထိမ်းမယ်လို့၊ ပေါ်နေတာက နာမ်တရား ကိုယ်ကာယဖြင့် မကြူးလွန်ရအောင် ရှောင်ကြဉ်နေဒါက ရုပ်တရား ဒီလိုမြင်ပြီး ဆောက်တည်သွားကြရင် ဝိဇ္ဇာဉာဏ်ပါတော့ဒါဘဲ၊ ဒါကြောင့် ဘုရားသာသနာမှာ အားကိုးလောက်သော ဒါန-သီလဖြစ်အောင် ဝိဇ္ဇာဉာဏ်နှင့်ပြုကြပါ ဆောက်တည်ကြပါလို့ သတိပေးရတယ် ဒါကြောင့်....

အနိစ္စနယ် တကယ်တွေးတော့
ဒါနကလဲ အရေးကြီးသည်
သီလကလဲ အရေးကြီးသည်
ဝိပဿနာဘာဝနာမျိုးကြတော့
အားကိုးလောက်အောင် လိုပါသည်၊
စရဏဝိဇ္ဇာ နှစ်ဖြာမညီးမှ
သာသနာမျိုးမို့ အားကိုးလောက်ပါသည်။

လို့ မိမိတို့ပြုနေကြတဲ့ ဒါန-သီလက-စရဏ၊ ရုပ်နာမ်ကိုဆင်ခြင် ဒါကဝိဇ္ဇာ နှစ်ခုပေါင်းလိုက်တော့ စရဏနှင့်ဝိဇ္ဇာ စုံရောမဟုတ်လား၊ သံသရာကပြုလာခဲ့ကြတဲ့ ဒါန-သီလ တရားတွေကတော့ ဒီလိုဝိဇ္ဇာမျိုးစေ့ မပါတော့ သံသရာက မထွက်မြောက်နိုင်ဘူးလေ၊ လူကောင်းနတ်ကောင်းဖြစ်လိုက် အရှိန်ကုန်တော့ ပြန်ကျလိုက် ဒီလို လာခဲ့ကြဒါကြာခဲ့ကြပြီ။

ဒါကြောင့် ခုလိုဘုရားသာသနာနှင့်တွေ့တဲ့အခါ သံသရာက လွန်မြောက်နိုင်ရမယ်၊ ဒီတော့ သံသရာဆိုတာ ဘာလဲဆိုတော့ အစကပြောခဲ့တဲ့ ခန္ဓာအာယတန ဓာတ်ဓမ္မတို့၏ မပြတ်ဖြစ်ပေါ်နေဒါကို သံသရာလို့ခေါ်တာဘဲ။

ဒါဖြင့် ဒီခန္ဓာအာယတန ဓာတ်တရားတွေဟာ ဘယ်မှာဖြစ်သလဲလို့ကြည့်တော့ တခြားမှာ မဟုတ်ပါဘူး၊ မိမိတို့ရဲ့ ခန္ဓာအိမ်မှာ မျက်စိပေါက် နားပေါက် အစရှိသော (၆)ဒွါရမှာ ဖြစ်နေကြဒါပါ၊ ဒီတော့ မျက်စိပေါက်ကြီးဟာ သံသရာကြီးပေါ့၊ ထိုနည်းတူစွာ နားပေါက် နှာပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်ဆိုတဲ့ ဒွါရခြောက်ပါးဟာ သံသရာကြီးခြောက်စင်း ဖြစ်မနေဘူးလား။

ဒီလို ့ခန္ဓာအာယတနဓာတ်တို့ရဲ့ မပြတ်ဖြစ်နေခြင်းကို သံသရာလည်တယ်လို့ ပြောဒါ၊ သံသရာလည်တတ်တဲ့ သတ္တဝါ တွေရယ်လို့ တခြားမရှိဘူး၊ ဒါဖြင့် သံသရာမှ လွန်မြောက် သွားတယ် နိဗ္ဗာန်ရသွားတယ်ဆိုတာတွေကော ပုဂ္ဂိုလ်တွေလား မဟုတ်ပါဘူး၊ ခန္ဓာအာယတနဓာတ်တွေ ပြတ်စဲသွားဒါကိုဘဲ သံသရာမှ လွတ်မြောက်တယ်လို့ ပြောရတယ်။

ဒါကြောင့် သံသရာမှ လွန်မြောက်ပါရစေလို့ဆိုဆို ခန္ဓာ အာယတနဓာတ်တွေမှ ချုပ်ငြိမ်းပါရစေလို့ဆိုဆို နိဗ္ဗာန်ရပါ ရစေလို့ဆိုဆို အတူတူဘဲလို့ ပြောရတယ်။

ဒီခြောက်ဒွါရမှာ ခန္ဓာတွေဖြစ်နေတဲ့ အမှုကြီးတွေဟာ ပေါ့ပေါ့မျှား မှတ်မနေကြနှင့် အလွန်ဝန်လေးတယ် ကြီးကျယ် လှစွာသော လောကသမုဒ္ဒရာကြီးနှင့် တူတယ်လို့ မြတ်စွာဘုရား အင်္ဂုတ္တိုရ်မှာ ဟောကြားတော်မူတယ်၊ ဘယ်လိုဟောကြားတော် မူခဲ့ပါသလဲဆိုတော....

**သံသာရံ တရဏတ္ထာယ မဟောလုမ္ဗာနိ ဗန္ဓထ။**
**ဘာဝနာ ဒါနသီလေဟိ၊ တိဝိတ္ထိဏ္ဏော မဟဏ္ဏဝေါ။**

ဘိက္ခဝေ၊ စိတ်အကြံမြောက်ကာ ကြာသမျှမမှား နိုင်တဲ့ နိဗ္ဗာန်ရောက်ရာ ဒါနတရားနှင့် အမှားမမှအခါခါ မသိမလာရအောင် အပွားဘာဝနာ သီလတရားတို့ကို ညီမျှစွာ မခြားနားကြတော့ဘဲ အားထားနေညား အို-ချစ်သားတို့။

ချစ်သားတို့ ခန္ဓာအာယတန ဓာတ်ဓမ္မတို့ဖြစ်နေရဒါ ပေါ့ပေါ့မျှား မမှတ်ကြနှင့် လောကနိုင်းစရာကြည့်လိုက်ရင်

အနံ့, အစောက်, အလျားအားဖြင့် အလွန်ကျယ်ဝန်းသော သမုဒ္ဒရာကြီးနှင့်တူတယ် ချစ်သားတို့၊ ဟောကြားတော်မူသော အချက်တွေ တွေးကြည့်လိုက်ရင် ဘယ်လောက် ကြောက် ဘို ကောင်းသလဲလို့၊ သမုဒ္ဒရာကြီးဆိုဒါ အနံအားဖြင့် ဘယ်လောက် ရှိတယ်၊ အလျားအားဖြင့် မည်မျှရှိတယ်၊ အစောက်အားဖြင့် ဘယ်လောက် နက်တယ်လို့ တိုင်းတာနိုင်သူရှိရဲ့လား၊ အလွန် တရာ ကြီးကျယ်သော ဝတ္ထုကြီးဘဲ ဒါကြောင့် ...

> တိဝိတ္ထိဏ္ဏော-တိဝိတ္ထိဏ္ဏံ၊ အနံ့,အလျား,အစောက် အားဖြင့် သုံးပါအရာ ကျယ်ဝန်းလှစွာသော။ မဟဏ္ဏာ ဝေါ-မဟဏ္ဏဝံ၊ ကြီးကျယ်လှစွာ သမုဒ္ဒရာတမျှ အလား တူသော။

မိမိရဲ့သန္တာန်မှာ ဖြစ်ပေါ်ပေါက်ပွားနေတဲ့ ခန္ဓာအာယတန ဓာတ်တရားတွေဟာ ဘယ်တုံးကစပြီး ဘယ်ကျတော့ ဆုံးမှာလို့ ကော ပြောနိုင်ရဲ့လား၊ ဒီခန္ဓာတွေဖြစ်လာကြဒါဟာ ဘယ် နေ့က,စတယ်လို့လဲ ပြောမဖြစ်၊ နောင်ကျတော့လဲ ဘယ်ဆုံးမှာ လို့လဲ ပြောမဖြစ်တဲ့ အလွန်တရာရှည်လျားသော သံသရာကြီး ပါလို့ ဒါကြောင့်—

> သံသာရံ၊ ဘယ်တုံးကစ ဆုံးဘယ်မှဟု အစအဆုံး နှစ်ပါးစလုံးမရ ခန္ဓာအာယတနဓာတ်ဓမ္မတို့၏ မပြတ် ဖြစ်ရာ သံသရာကြီးကို။

အလွန်တရာကျယ်ဝန်းလှစွာသော သံသရာကြီးထဲက ဘယ် နည်းနှင့် လွန်မြောက်အောင်ကူးမြောက်ကြပါမလဲ ကြံကြပါအုံး ကြံတွေးလိုက်တော့ ဘုရားသာသနာမှာ ပေါ့ပေါ့မနေဘဲ "ဝန် နှင့်အား မျှားနှင့်လေး"ဆိုသလို သတိထားပြီး ကူးကြမယ် ဆိုရင်ဖြင့် လွတ်မြောက်စရာ အကြောင်းရှိပါတယ်။

ဒါကြောင့် မြတ်စွာဘုရားကလဲ "တဒင် ဝိက္ခမ္ဘန သမုစ္ဆေဒ ပဋိပဿမ္ဘန နိဿရဏ"လို့ ငါးပါးတော ပဟာန်တရားကို တဆင့်တဆင့်တက်ကြဘို့ ထားတော်မူခဲ့တယ်၊ ရှေးဦးစွာ တဒင်မြင်မှု၊ ထို့ထက် အမြင်သန်လာတော့ ဝိက္ခမ္ဘနပဟာန် ကိလေသာတရားတို့ကို အပြီးတိုင် သုတ်သင်ရှင်းလင်းနိုင်သော သမုစ္ဆေဒပဟာန်လို့ဥာဏ်အားဖြင့် အဆင့်ဆင့်ထားပြီး ကူးသွားကြရမှာပါဘဲ၊ ခုပြောခဲ့တဲ့ တဒင်ဝိက္ခမ္ဘန သမုစ္ဆေဒ ဆိုတဲ့ အဆင့်တွေ ချောမောစွာရသွားရင် ပဋိပဿမ္ဘန နိဿရဏ ဆိုဒါ တွေကတော့ အတွင်းဝင်ပါပြီးသွားဒါပါဘဲ ဒါကြောင့်....

တရဏတ္ထာယ၊ တဒင် ဝိက္ခမ္ဘန သမုစ္ဆေဒနှင့် ပဋိပဿမ္ဘန နိဿရဏဟူ ငါးဝပဟာန် ငါးဥာဏ်စူးရှ အထူးဓမ္မတို့ဖြင့် ကူးရခြင်းအကျိုးငှါ။

လောက ဥပမာအားဖြင့် သမုဒ္ဒရာပင်လယ်ထဲ ကျရောက်မျောပါနေသောသူဟာ ဟိုဘက်ကမ်းခြေရောက်အောင် စိတ်ကူးနှင့်ယဉ်ပြီး နေရုံနှင့်ရောက်ပါ့မလား၊ အားရှိသမျှကူးလို့ ဟိုဘက်ကို ပို့ဆောင်တဲ့ လှေဖေါင်တို့ဖြင့် ဖွဲ့ချည်ပြီးသွားမှသာ လျှင် အလွယ်တကူရောက်နိုင်ကြမယ်၊ ဒါကြောင့် မြတ်စွာ ဘုရားကလဲ "ဖေါင်ဖွဲ့ကြ"လို့ ဟောကြားတော်မူခဲ့တယ်၊ ဖေါင်ဖွဲ့တော့ ရှေးဦးစွာ ဘာအရေးကြီးသလဲ ကြိုးကြိမ်နွယ် တွေ အရေးကြီးဒါပေါ့၊ ရှေးဦးစွာကြိမ်တွေရှာပြီး ဝါးတွေ သစ်တွေ ဖရိုဖရဲမဖြစ်ရအောင် ချည်တုပ်ရမှာ မဟုတ်လား၊ ဝါးရှိပြန်တော့လဲ ကြိမ်နွယ်ရှိမှ ကြိမ်နွယ်ရှိပြန်တော့လဲ ဝါးရှိမှ နှစ်မျိုးစုံမှ တမျိုးထဲရှိလို့လဲ ကိစ္စမပြီးကြသေးဘူး။

ဒီတော့ ရှေးဦးစွာဘာအရေးကြီးသလဲ ဒါန-သီလ-ဘာဝနာ လို့ဆိုတဲ့ ကိုးများအရေးကြီးပါတယ်၊ ဒါနတည်းဟူသောကိုး သီလတည်းဟူသောကိုး ဘာဝနာတည်းဟူသောကိုးများရှိမှ သာလျှင် ဖေါင်ဖွဲ့လို့ဖြစ်မယ်မဟုတ်လား ဒါကြောင့်….

ဘာဝနာဒါန သီလေဟိ၊ ရှုပွားဉာဏ်တိုး ဘာဝနာ
ကြိုးကတဖြာ သာသနာအမျိုး ဘဝါဘဝမည့်ူးရအောင်
ဒါနကြိုးကတတန် ကာယကံ့ဝစီ အညီထိမ်းသိမ်း
မယိမ်းညီမျှ နှစ်လီနှစ်ဝစိုးမိုး သီလကြိုးကတဖြာ အဲဒါ
လို ဒါန-သီလ ပွါးကြဘာဝနာ ကြိုးအဖြာဖြာတို့ဖြင့်။

ဒါန-သီလ-ဘာဝနာ တည်းဟူသော ကြိုးသုံးစင်းနှင့် ချည်နှောင်မှသာ ဖေါင်ကြီးတွေ တည်တန့်နိုင်ကြမယ်၊ ဖေါင်ကြီးတွေဆိုဒါက တခြားမဟုတ်ပါဘူး "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာက္ခန္ဓမဂ္ဂင်ဖေါင်နှစ်လုံး၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝဆိုတဲ့ သီလက္ခန္ဓမဂ္ဂင်ဖေါင် သုံးလုံး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ သမာဓိက္ခန္ဓမဂ္ဂင်ဖေါင် သုံးလုံး၊ စုစုပေါင်း ဖေါင်ရှစ်လုံးပေါ့"၊ ဒီဖေါင်တွေဟာ "ဒါနကြိုး သီလကြိုး ဘာဝနာကြိုးတို့ဖြင့် အမြဲချည်ရမဲ့ ဖေါင်ကြီးတွေပေါ့" ဒါကြောင့်….

မဟောလုမ္ပာနိ၊ ခန္ဓာနိမိတ် မရှိအောင် ဉာဏ်မှာ
စိတ်အသိဆောင် သမ္မာဒိဋ္ဌိမဂ္ဂင်ဖေါင် သံသရာအစဉ်
ပြတ်ရအောင် ကြံကာမြင် အမြွတ်ဓမ္မဆောင် သမ္မာ
သင်္ကပ္ပမဂ္ဂင်ဖေါင်။

ကိုင်း.... အကျယ်တဝင့်လဲ ဖွင့်ဟောနေဘို့ မလိုပါဘူး၊ "သမ္မာဒိဋ္ဌိဆိုတာ ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်၌ နိစ္စသညာ ဝိပလ္လာသကို ပယ်ခွာ၍ ..." ဒါက ပညာနယ်က အမြင်မဂ္ဂင်

"ခန္ဓာအပျက်မြင်အောင် မှန်ဝစနာ တသက်တွင် ဆောင်သမ္မာဝါစာမဂ္ဂင်ဖေါင်"။

ဥာဏ်မဟာရအောင် မှန်ကာယဆောင် သမ္မာကမ္မန္တမဂ္ဂင်ဖေါင်။

သံသရာမရှည်ရအောင် မှန်ရာညီမျှဆောင် သမ္မာအာဇီဝမဂ္ဂင်ဖေါင်။

ဒါက သီလမဂ္ဂင် ဖေါင်သုံးပါး၊ သီလနယ်က ကာယဒုစရိုက် ဝစီဒုစရိုက်တွေ မဖြစ်ရအောင် ဒီဒုစရိုက်(၇)ပါးဖြင့် အသက်မမွေးမိအောင် ရှောင်ကြဉ်နေတဲ့ သီလမဂ္ဂင်တွေပေါ့၊ ဒီသီလမဂ္ဂင်ဖေါင်ကြီးတွေကိုလဲ အမြဲဖွဲ့စည်းပြီး ချည်နှောင်ထားရမယ်။ သမာဓိမဂ္ဂင်ကတော့

"သံသရာကွာကြအောင် ဖန်ခါခါ အာတာပဆောင် သမ္မာဝါယာမ မဂ္ဂင်ဖေါင်"။

ခန္ဓာရှိပျက်မြင်အောင် ဖန်ခါခါ အသိတချက်တွင်တွင်ဆောင် သမ္မာသတိမဂ္ဂင်ဖေါင်။

ခန္ဓာမှာ အမှန်သိ-သိရအောင် ဥာဏ်မဟာ ခါခါ အသိဆောင် သမ္မာသမာဓိမဂ္ဂင်ဖေါင်။

ဒီဖေါင်သုံးလုံးကတော့ မနောဒုစရိုက်(၃)ပါးကို မဖြစ်ရအောင် ကမ္မဋ္ဌာန်းအာရုံတခုခုနှင့် တည်ကြည်နေတဲ့ သမာဓိမဂ္ဂင်ပါဘဲ။

ကဲ....ဖေါင်တွေဖွဲ့ပြီးလာလိုက်ကြဒါ ဘယ်နှစ်လုံးရှိသွားပြီလဲ
"စုစုပေါင်း ရှစ်လုံး ရှိသွားပြီနော်"။

သီလ သမာဓိ-ပညာ ဆိုဒါတွေလဲ မလိုတော့ပါဘူး၊ မဂ္ဂင်ရှစ်ပါး ဖေါင်ရှစ်လုံး ပြည့်စုံလို့ရှိရင် ဝိဇ္ဇာစရဏဆိုဒါလဲ အကျုံးဝင် ပါပြီးသားပါဘဲ၊ ဒါ့ကြောင့် မြတ်စွာဘုရားက "ငါဘုရားရဲ့သာသနာမှာ ဝိဇ္ဇာစရဏစွယ်စုံကျအောင် ဖေါင်ဖွဲ့ကြ၊ မဂ္ဂင်ရှစ်ပါးတည်းလုသော ဖေါင်တော်ကြီးရှစ်လုံးကို ဒါန-သီလ-ဘာဝနာတည်းဟူသော **ကြိုး**ဖြင့်ဖွဲ့ချည် တုတ်နှောင်ကြလို့ မြတ်စွာဘုရားက မှာကြားတော်မူခဲ့ပါတယ်၊ ဒါကြောင့်
ရှစ်ဆောင်ရှစ်တန်၊ ရှစ်ဥာဏ်ခေါင်ဆုံး ဖေါင်တော်ကြီး ရှစ်လုံးတို့ကို....

**တုမေ၊ တဘာဝထဲ စရဏနှင့်တွဲတွဲပြီး အမတပွဲကို**
**အရန္ဒလိုကြညား သင်ချစ်သာ တို့သည်။**

မိမိတို့ ခုဖွဲ့စည်းခဲ့ကြတဲ့ မဂ္ဂင်ဖေါင်ရှစ်လုံးထဲမှာဘဲကြည့်လိုက်ရင် သီလမဂ္ဂင် သမာဓိမဂ္ဂင်များက စရဏ၊ ပညာမဂ္ဂင်က ဝိဇ္ဇာ မဂ္ဂင် ရှစ် ပါး ပေါင်း မိတော့ ပြည့် စုံ နေ ဒါ ဘဲ မ ဟုတ် လား၊ ဒါကြောင့်....

တုမေ၊ တဝဘာထဲ စရဏနှင့်တွဲတွဲပြီး အမတပွဲကို
အရန္ဒလိုကြညား သင်ချစ်သားတို့သည်။

ဗန္ဓထ၊ ဒါန-သီလ၊ ပွားကြဘာဝနာ ကြိုးအဖြာဖြာ တို့ဖြင့် ရှစ်သမ္မာမဂ္ဂင် ဖေါင်တော်ယာဉ်တို့ကို အမှောင်ကျော်ချင် ညီတို့စရိုက်တွေမို့ ဆောင်တော်ပလ္လင်မှာ တကွဲအကြည်ဆိုက်ရလေအောင်။

အေးမြချမ်းသာပြီး သောကမှကင်းကွာတဲ့ သန္တိသုခတည်း ဟူသော ပြည်မြို့ကြီးကို ကောင်းမွန်စွာ အကြည်ဆိုက်ရအောင် (ဝါ)မျက်မှောက်ပြုရအောင် ဘာတွေလုပ်ကြမလဲ ဝိပဿနာ ဘာဝနာတည်းဟူသောကြိုးဖြင့် မြတ်စွာဘုရားရဲ့ သာသနာမှာ အရေးကြီးဆုံးဖြစ်တဲ့ ပညာမဂ္ဂင်ဖေါင်ကြီးနှစ်လုံးကို ဖွဲ့ကြစို့လား—။

ပညာမဂ္ဂင်ဖေါင်ဖွဲ့တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ပရမတ်ကို မြင်အောင်ကြည့်ဒါကို ပြောတာပါ၊ ကိုင်း....အာရုံမများရအောင် ဓာတ်တပါးပါးကို စိုက်ရှုကြပါစို့။

ရုပ်ဘက်က ဟောခဲ့နာခဲ့ကြတာ ပွဲတိုင်းဆိုဒါလိုဘဲ များခဲ့ပါပြီ ဒီကနေ့ညတော့ ခန္ဓာငါးပါးထဲက ဝေဒနက္ခန္ဓာကို အားထုတ်ကြရအောင်၊ ကိုင်း....ခန္ဓာကိုယ် ဉာဏ်ကပ်ထား "ဝေဒနက္ခန္ဓော၊ ကောင်းမှုဆိုးမှု အာရုံစုကို ခံစားမှုစံစားမှု ဝေဒနာအပေါင်း ဝေဒနာအစုဟူသော ဝေဒနက္ခန္ဓာရင်း" လို့ ဆိုတဲ့အတိုင်း ဝေဒနာရဲ့ သဘောသဘာဝဟာ ကောင်းဒါဘဲဖြစ်ဖြစ် မကောင်းဒါဘဲဖြစ်ဖြစ် သူ့ရဲ့သဘောကတော့ ခံစားဒါဘဲ ခံစားခြင်းလက္ခဏာဟာ သူ့ရဲ့လက္ခဏာဘဲ။

ဒါဖြင့် ဒီဝေဒနာတရားတွေဟာ ဘတ်မှာခံစားနေတာတုံး၊ နေရာဋ္ဌာနရှိရအုံးမှာပေါ့၊ ဒါလို သူ့ရဲ့ ဖြစ်ရာဋ္ဌာနကိုလိုက်လိုက်တော့ "စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ-မန လို့ဆိုတဲ့ ခြောက်ဒွါရ ခြောက်ဋ္ဌာနဟာ သူ့ရဲ့ဖြစ်ပေါ်ရာဋ္ဌာနပါဘဲ" တခြားမှာ မဟုတ်ပါဘူး၊ စက္ခုဒွါရမှာ ရူပါရုံနှင့်အကြောင်းတော်ခိုက်မှာ ပေါ်လာသော ဝေဒနာကို "စက္ခုသမ္ဖဿဇာ ဝေဒနာ" လို့ အမည်ပေးခဲ့တယ်။

စက္ခုဒွါရမှာ သတိနှင့်သာ အမြဲကြည့်နေပါ အဆင်းရဲ့ အပေါ်မှာ ခံစားတဲ့ဝေဒနာတရားတွေ တွေ့ပါလိမ့်မည်။
ဣဋ္ဌာရုံနှင့်တွေ့တော့ ကြည့်လို့ကောင်းတယ်၊ မြင်လို့ကောင်းတယ်နှင့် ခံစားတယ်၊ မကောင်းတဲ့အနိဋ္ဌာရုံနှင့် တွေ့ပြန်တော့ ကြည့်လို့မကောင်းဘူး မြင်လို့မကောင်းဘူးနှင့် ခံစားနေတယ်။

အဲဒါလို အကောင်းခံစားမှု သုခဝေဒနာ၊ မကောင်းခံစားမှု ဒုက္ခဝေဒနာတွေသာ ကွာခြားတယ်၊ ဘယ်အချိန်မှ မရှိတဲ့အခါ မဖြစ်တဲ့အခါရယ်လို့ မရှိဘူး။
မိမိတို့က မရှု မပွားလို့သာလျှင် အမှန်ရှိသော ခေတ်တွေကိုမမြင်ကြဒါ ဓမ္မသမ္မောဟကြီးပေါ့။

ဒါကြောင့် မျက်စိပေါက်မှ မြင်တိုင်းမြင်တိုင်းသော အဆင်းကို ခံစားတဲ့ ဝေဒနာတရားတွေကို မြင်အောင်ကြည့်ရမယ်၊ မျက်စိမှာပေါ်တဲ့ဝေဒနာကို ရှင်တော်ဘုရားက "စက္ခုသမ္ဖဿဇာ ဝေဒနာ" လို့ ဟောခဲ့တယ်။

> ဒါကြောင့် "စက္ခုသမ္ဖဿဇာဝေဒနာ၊ မျက်စိအတွေ့ကြောင့်ဖြစ်သော အဆင်းအမျိုးမျိုး ရူပါရုံ၏အရသာကို ကောင်း - မကောင်း အလယ်အလပ် အား ဖြင့် ခံစားမှု။

သောတပသာဒရုပ်ကြည်ပေါ်မှာ အသံကိုလဲ အမြဲတန်း ခံစားနေတယ်၊ အသံကြားလိုက်ရင် ဒီအသံလေးဟာ နားထောင်လို့ကောင်းတယ် ဒီအသံကတော့ နားထောင်လို့ မကောင်းဘူးနှင့် သုခဒုက္ခတွေ အလဲအလှယ် ခံစားနေရတာ ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်နေကြရတယ်။

အဲဒီ နှာပေါ်မှာပေါ်တဲ့ဝေဒနာကို "သောတသမ္ဖဿဇာ ဝေဒနာ"လို့ ဟောကြားတော်မူခဲ့တယ်။

ဒါကြောင့် "သောတ သမ္ဖဿဇာဝေဒနာ နား အတွေ့ကြောင့်ဖြစ်သော အသံအမျိုးမျိုး သဒ္ဒါရုံ၏ အရသာကို ကောင်း-မကောင်း အလယ်အလပ်အားဖြင့် ခံစားမှု။

နှာခေါင်းအတွေ့မှာလဲ ခံစားနေဒါ ဝေဒနာတရားတွေ ဒီအနံ့လေးမှကြိုက်တာ ဒီအနံ့လေးမှ မွေးတာနှင့် အနံ့အမျိုး မျိုး ရလဲ့နှင့် ခံစားနေကြတာဟာ နှာခေါင်းမှာပေါ်တဲ့ ဃာနသမ္ဖဿဇာဝေဒနာတွေ မဟုတ်လား။

ဒါကြောင့် "ဃာနသမ္ဖဿဇာဝေဒနာ နှာအတွေ့ ကြောင့်ဖြစ်သော အနံ့အမျိုးမျိုး ဂန္ဓာရုံ၏အရသာကို ကောင်း-မကောင်း အလယ်အလပ်အားဖြင့် ခံစားမှု"။

ဇိဝှါဒွါရ လျှာအကြည်ရုပ်ပေါ်မှာလဲ ရှုကြည့်နိုင်ပါတယ်၊ ရသာရုံနှင့် တွေ့တိုင်းတွေ့တိုင်း ဝေဒနာတွေဟာ အချိန် မရွေးပါဘဲ၊ ရသာခြောက်ပါးရဲ့ အပေါ်မှာ ဒီအစာဟာ ကောင်းတယ် ဒီအစာမှကြိုက်တယ်နှင့် ပုဂ္ဂိုလ်သတ္တဝါက စကားပြောတာမဟုတ်ပါဘူး၊ ဝေဒနာတွေက စကားပြော နေတာပါ၊ အဲဒီလျှာအကြည်ပေါ်မှာ ပေါ်တဲ့ဝေဒနာကို

"ဇိဝှါသမ္ဖဿဇာဝေဒနာ လျှာအတွေ့ကြောင့် ဖြစ် သော အရသာအမျိုးမျိုး ရသာရုံ၏ အရသာကို ကောင်း-မကောင်း အလယ်အလပ်အားဖြင့် ခံစားမှု"။

ကိုယ်အတွေ့ကြောင့် ဖြစ်ပေါ်နေသော ဝေဒနာတွေကလဲ ရှုစရာတွေအများကြီးပါ၊ ပူလျှင်ပူတယ် အေးလျှင် အေးတယ် စသည်ဖြင့် ဖေါဋ္ဌဗ္ဗာရုံသုံးပါးကို အမြဲခံစားနေတာ တွေ့ကြရပါတယ်၊ အဲဒီ ကိုယ်အကြည်ရုပ်ပေါ်မှာ ပေါ်သောဝေဒနာကို မြတ်စွာဘုရားက

> ကာယသမ္ဖဿဇာဝေဒနာ ကိုယ် အ တွေ့ ကြောင့် ဖြစ်သော အတွေ့အထိ အမျိုးမျိုး ဖေါဋ္ဌဗ္ဗာရုံကို ကောင်း ၊ မကောင်း အလယ်အလပ်အားဖြင့်ခံစားမှု။

မနောဒွါရမှာလဲ ဝေဒနာတရားတွေဟာ ရပ်နားတယ်ရယ်လို့ မရှိပါဘူး၊ ဓမ္မာရုံတရားတွေနှင့် တွေ့တိုင်းတွေ့တိုင်း ခံစားနေတဲ့ ဝေဒနာတရားတွေဟာ တဖွားဖွားပါဘဲ။

ဟဒယဝတ္ထုရုပ်ပေါ်မှာ စဉ်းစားကြည့်ပါလား၊ တခါတခါ စိတ်ဆင်းရဲလိုက် တခါတခါကြပြန်တော့ စိတ်ချမ်းသာလိုက် ဒါတွေဟာ မနောဒွါရမှာ ဓမ္မာရုံတရားတွေကို ခံစားနေတဲ့ ဝေဒနာတရားပါလား၊ ငါလဲမဟုတ် သူလဲမဟုတ် "ဒုက္ခ နှင့် သုခ"သာ ဟုတ်ပါလားလို့ ရှုနေရမယ်၊ အဲဒီဝေဒနာကို မြတ်စွာဘုရားက "မနောသမ္ဖဿဇာဝေဒနာ"လို့ ဟောခဲ့ဒါ။

> ဒါကြောင့် ... မနောသမ္ဖဿဇာဝေဒနာ စိတ်အတွေ့ကြောင့်ဖြစ်သော ကောင်းဆိုးအပုံ ဓမ္မာရုံ အမျိုးမျိုး၏ အရသာကို ကောင်း ၊ မကောင်း အလယ်အလပ်အားဖြင့် ခံစားမှု။

ကောင်း-မကောင်း ခံစားမှုတခုကြည့်လိုက်တော့ လောကကြီးတခုလုံးမှာ ဒါရှိတာဘဲ၊ ပါဠိလို သုခ-ဒုက္ခ မြန်မာလို ချမ်းသာ-ဆင်းရဲ ကောင်း-မကောင်းဘဲရှိတယ်။

ဘယ်လောကဥာဏ်နှင့် သွားကြည့်ကြည့် ကောင်းမကောင်းရှိတာဘဲ၊ ငရဲလောကကြီး သွားကြည့်ပါ ဘာတွေရှိမလဲ မကောင်းခံစားမှု ဒုက္ခဝေဒနာတွေရှိတာပေါ့၊ ငရဲသားတော့ မရှိဘူး ဘာကြောင့်မရှိသလဲ သဘာဝ သဘောတရားကိုယ်နှင့် ရှိတာမျိုးမဟုတ်ဘူး၊ အ့ဘာဝပညတ်မျှသာရှိတယ် ဒါကြောင့် ပရိညာနှင့်တကယ်ရှာတော့ တကယ်ရှိတဲ့ ဒုက္ခဝေဒနာသာလျှင် တွေ့မှုချတွေ့ရှိပါတယ်၊ ဒီလိုဝေဒနာတခုနှင့် သတ္တုချလိုက်တော့ ငရဲဆိုတာ တကယ်ရှိတယ်လို့ ယူထားသော အယူဆိုးကြီးတွေဟာ တခါတည်း ကင်းပျောက်သွားတော့တာဘဲ။

နတ်ပြည်ဆိုတာ တကယ်ရှိတယ်လို့ ယူထားသော အယူဆိုးကြီး ပျောက်အောင်လဲ ဒီဝေဒနာတခုနှင့် ရှာကြည့်လျှင် နတ်ထင်မှုတွေလဲ ပျောက်သွားနိုင်ပါတယ်၊ နတ်ပြည်ဆိုတာ ဘာကိုခေါ်သလဲ- နတ်စည်းစိမ်ဆိုတာ ဘာကိုခေါ်သလဲ ဖြူစင်တဲ့ကုသိုလ်စေတနာကြောင့် ဖြူစင်တဲ့အကျိုးတရား သုခဝေဒနာတွေကိုသာ နတ်ပြည်လို့ ခေါ်ဆိုကြရတယ်။

"တကယ်နတ်ပြည်ဆိုတာ မရှိပါလား ခေါ်ကာမျှ ပြောကာမျှသာ ဟုတ်ပါလား"လို့ ရှိတဲ့တရားကိုမိတော့ မရှိတဲ့တရားလဲ သိသွားတော့တာပေါ့၊ ကဲ...ဗြဟ္မာလောကကြီးကြည့်လိုက် အကောင်းခံစားမှု သုခဝေဒနာကလွဲလို့ တွေ့ရပါ့မလား သုခဝေဒနာကို ဗြဟ္မာ့စည်းစိမ်လို့ခေါ်ရတာ။

ဒီလို သာသနာအဆုံးအမနှင့် ကြည့်လိုက်တော့ (၃၁)ဘုံ အကုန်ပျောက်ပြီး သုခ-ဒုက္ခဝေဒနာထီးထီးသာ ကျန်ရှိရတော့ တာဘဲ၊ ဒါလို သဘာဝသစ္စာနယ်မှာ ဉာတပရိညာဖြင့် ပိုင်းခြား၍ ဝေဒနာထီးထီးလို့တွေ့သောအခါ ဉာဏ်တဆင့် တိုး၍ အရိယသစ္စာနယ်မှာ တီရဏပရိညာဉာဏ်စခမ်းကြီး ထူထောင်ပြီးကြည့်လိုက်တော့ ကဲ—လိုက်ဆိုကြပါအုံး။

အကြောင်းရှိသော် အကျိုးပေါ်
ပေါ်လေသမျှ အနိစ္စ-ဒုက္ခ-အနတ္တ။

အဲဒါလို အစကပြောခဲ့ဘဲ့ စက္ခုပသာဒစသော ခြောက်ပါး သောတဒွါရ၊ ရူပါရုံစသောခြောက်ပါးသောအာရုံ၊ စက္ခုသမ္ဖဿ စသော ခြောက်ပါးသော ဖဿတို့ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာတရားတွေဟာ သုခဘဲဖြစ်ဖြစ် ဒုက္ခဘဲဖြစ်ဖြစ် အနိစ္စထဲ ဒုက္ခထဲ အနတ္တထဲကြီးဘဲ သွားကြရတယ်။

ဒါကြောင့် မြတ်စွာဘုရားက အခိုင်အမာမရှိသောတရားမျိုး မို့ ရေပွက်လိုဘဲ၊ ရေပွက်ဆိုတာ အောက်ရေပြင်နှင့် ဒသထက်က မိုးပေါက် ပေါင်းဆုံမှုဒဏ်ချက်ကို အစွဲပြု၍ ဖြစ်ပေါ်လာကြ တာ။

အဲဒီ ရေပွက်တွေဟာ နာရီမိနစ်အားဖြင့် ဘယ်လောက် တာရှည်စွာခိုင်ခန့်သလဲ ဘယ်လောက်မှ မကြာပါဘူး၊ ဒါဖြင့် ဒီရေပွက်တွေဟာ မိုးမရွာခင်က ရှိသလား ရွာပြီးတော့ကော ဘယ်လောက်အကြာကြီးနေသလဲ၊ခဏ္ဍခဏလေးပါ အကြာကြီး မဟုတ်ပါဘူး။

အဲဒီရေပွက်အတူ ဥပမေယျဟပ်လိုက်တော့ ရေပြင်ကြီးနှင့် ဒွါရခြောက်ပါးနှင့်တူစေ၊ မိုး ပေါက် များ နှင့် တော့ အာရုံ ခြောက်ပါးနှင့်တူစေ၊ ရေပွက်များနှင့်ကတော့ ဝေဒနာတရားနှင့် မခြားတူစေပေါ့၊ ဒီလိုရှင်တော်မြတ်ဘုရားရဲ့ အလိုတော်ကျ ကြည့်လိုက်တော့ ဝေဒနာတရားလေးတွေဟာ မြင်ဆဲမှာပျောက် နေတဲ့တရား ခြောက်ဒွါရမှာ ဒီအတိုင်းရှုပါလို့ ဒီအတိုင်းရေပွက် နှင့်မခြား တသားတည်းမြင်ရင်ဖြင့် နိစ္စမျိုး သုခမျိုး အတ္တမျိုးလဲ မထင်နိုင်တော့ဘူး ထင်မှုကြီးပျောက်သွားပါလိမ့်မယ်။

ဒီလိုဝေဒနာတရားရဲ့ အပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တလို့ မြင်သောဉာဏ်ကို အရိယာသစ္စာနယ်မှာ တီရဏပရိညာဉာဏ်လို့ ဆုံးဖြတ်ရပါတယ်၊ အစကပြောခဲ့တဲ့ ဉာတပရိညာနှင့် တီရဏ ပရိညာနှစ်ပါးပိုင်ရင် ပဟာနပရိညာစခဏ်းကြီးလဲ ပြီးစီးအောင် မြင်ကြပါပြီလို့ အစကပြောခဲ့တဲ့ ကြီးကျယ်လှစွာသော သမုဒ္ဒ ပမာ သံသရာကြီးထဲကလဲ မဂ္ဂင်ဖေါင်ကြီးတွေစီးပြီး ကူးသန်း ပြီးသားဖြစ်ကြပါပြီလို့။ ဒါကြောင့် ရှင်တော်ဘုရားရဲ့ အလို တော်ကျ စရဏဝိဇ္ဇာ နှစ်ဖြာတွဲပြီး အမတာပွဲဝင်နိုင်ကြရအောင် ဝေဒနာတရားတခုအပေါ်၌ ပွားရှုဆင်ခြင်၍ တွင်တွင်ကြီး ကူးကြစို့ရဲ့လို့။ ဒါကြောင့်....

တုမှေ၊ တဘာဝထဲ စရဏနှင့်တွဲတွဲပြီး အမတ
ပွဲကို့ အရန့်လိုကြညာ သင်ချစ်သားတို့သည်။ ဗန္ဓထ၊
ဒါန-သီလ ပွားကြဘာဝနာ ကြိုးအဖြာဖြာတို့ဖြင့်

ရှစ်သမ္မာမဂ္ဂင် ဖေါင်တော်ယာဉ်တို့ကို အမှောင်ကျော်ခြင် တဲ့ညီတဲ့ စရိုက်တွေမို့ ဆောင်တော်ပလ္လင်မှာတက်ဲ့အကြည်ဆိုက်ကြရလေအောင် ဖွဲ့ချည်လိုက်ကြပါကုန်လော့။

သာဓု....သာဓု....သာဓု....။

# ချမ်းသာပေးညား မြတ်တရား ကြိုးစား ရှုကြည့်ပါ။

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ကဲ-ကဲ .... ဘယ်တုံးကမှ မပြုခဲ့ကြဘူးတဲ့ "ဓမ္မသဝန ဓမ္မဒေသနာ ကုသိုလ်မှုကြီးတွေ ပြုကြရအောင်" ဒီကုသိုလ်မှုကြီးတွေ ပြုနိုင်ဘိုကလဲ အလွန်ခဲရင်းပါတယ်၊ ယခုသာ မိမိတို့ ရှေးကုသိုလ်ကြောင့် လွယ်လင့်တကူနှင့် ပြုနိုင်ကြတာ။

ဒီကုသိုလ်ကြီးပြုရန်အတွက် ငါးပါးသော ခန္ဓာတရားတွေကို ဟောကြားနိုင်ရန်အတွက် ပဌမဆရာတော်ဘုရားကြီးဆို ဘယ်လောက်ခဲရင်းတော်မူသလဲ ဒါကြောင့်....

"ကြောင်ပန်း ကြောင်ပန်း တိပါကဋ္ဌံ၊ (၆)·နှစ်တိုင်တိုင် မဟာမြိုင်၌ ဂနိုင်တောစွန်း သစ်ပင်ရင်းတွင် ဆင်နှင်းလို့သွား သွား၊ ကျားစားလို့သေသေ တရားမရ ငါမနေဟု မညာလေ မနားမဆုတ်တော့ဘဲ ဘာဝနေတရားအလုပ်ကို အားထုတ်ပြီးခါ ပေါက်ပိုင်လာမှ သာဝကများ အစဉ်သနားသဖြင့် အမြင်တရား ကို ညွှန်ကြားတော် မူပေသောကြောင့်"လို့ စတုတ္ထနာယက ဆရာတော်ဘုရား ရေးသားဆုံးမတော်မူခဲ့သလို ပထမဆရာတော် ဘုရားကြီးဟာ (၆)နှစ် တိုင်တိုင် မဟာမြိုင်တောကြီးထဲသွားပြီး "ညောင့်ကိုသင်ဖြူး ဆူးကိုမွေ့ယာ ဂမ္ဘာဂေါင်းတင် သစ်ပင် ခြင်ထောင်"စကားရှိသည့်အတိုင်း ဆင်းရဲပင်ပန်းစွာ ရှာကြံ တော်မူရပါတယ်။

ယခုမိမိတို့မှာတော့ "မုတ်ဆိပ်မှာ ပျားစွဲ" ဆိုတာလိုဘဲ၊ အလွန်လွယ်ကူနေပါတယ်၊ တချို့အရပ်ဒေသမှာဆိုရင် ခန္ဓာ ငါးပါး အသံမျှမကြားကြရဘူး၊ ခုကြောင်ပန်းသာဝကတွေမှာ ဘယ်လောက်လွယ်ကူကြသလဲ လူတိုင်းရဲ့နှုတ်ထဲမှာ ရနေကြပြီ၊ ကြားပါများတော့လဲ ရိုးနေတတ်ကြတယ်၊ ရိုးရမဲ့တရားမဟုတ် ဘူး၊ အမြဲတန်းနှလုံးသွင်းရမဲ့ တရားတွေပါ၊ အားထုတ်အပ် သောပုဂ္ဂိုလ်တွေရဲ့ တရားတဲ့ ရှင်တော်ဘုရားကြီးက ပြင်းသော သူရဲ့တရားမဟုတ်ဘူးလို့....

အာရဒ္ဓ ဝီရိယဿာယံဓမ္မော၊
နာယံဓမ္မော ကုသီတဿ။

အယံဓမ္မော၊ ဤတရားသည်။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော အာဇာနည်ဝီရိယရှိသော ပုဂ္ဂိုလ်၏။

ဓမ္မော၊ တရားပေတည်း။ ကုသီတဿ၊ ပွားရှုစရာမလို ပျင်းစိတ်ပိုသောပုဂ္ဂိုလ်၏။ ဓမ္မော၊ တရားသည်။ နှ၊ မဟုတ်။

ဆိုတဲ့အတိုင်း ပွားရမှာ ပျင်းနေရင်တော့ ဘုရားဟောတဲ့ တရားတော်ကြီးဟာ ငါနှင့်မထိုက်တော့ဘူးလို့သာ မှတ်ကြပေတော့။

ဒါကြောင့်မို့ လောကမှာ အာဇာနည်ဝီရိယရှိသောပုဂ္ဂိုလ်ကြီးတွေ ပေါ်ပေါက်တော်မူလာကြပေလို့ ကြားရတဲ့တရား နာရတဲ့တရား ဒီလိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ကြီးတွေ မပေါ်လာရင် ကိုယ့်ဟာကို စိတ်ကူးပြီး အားထုတ်တတ်ကြပါ့မလား၊ ခုတော့ ပေါ်ပေါက်တော်မူလာပေလို့ လွယ်လင့်တကူ ကြားရ - နာရ အင်မတန် ဝမ်းမြောက်ဘို့ ကောင်းပါတယ်။

ဒို့-အပါယ်သံသရာကတော့ လွတ်မြောက်ရတော့မယ်၊ လွတ်မြောက်သောတရားနှင့်ဖြင့် ကိုယ်တိုင်တွေ့နေကြပြီ၊ ဒါလို ဝမ်းမြောက်ကြရမှာ၊ ကြည့်လေ ဝမ်းမြောက်ဘို့ ဘယ်လောက်ကောင်းလဲ ရှေးဘုရားရှင်ကြီးတွေနှင့် တကွ ကျွတ်တန်းဝင်ပုဂ္ဂိုလ်တွေဟာ ဘယ်တရားကို အားတုတ်သွားကြသလဲ၊ ယခုမိမိတို့ အားထုတ်နေကြသော ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ပါဘဲ။

အဆန်းမဟုတ်ပါဘူး ခန္ဓာငါးပါး ဒုက္ခသစ္စာရဲ့အပေါ်မှာ သုခထင်မှုတွေကင်းပြီး ဒုက္ခသစ္စာအတိသာ ဖြစ်သွားအောင် **"ဘာဝိတာ·ဗာဟုလီကတာ"** ဆိုဒါလို ကြိမ်ဖန်များစွာ အား

ထုတ်လိုက်တော့ သုခထင်မှု ကင်းသွားတယ်၊ ရှင်းရှင်းပြောရရင် လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် လူပြည် နတ်ပြည် ဗြဟ္မာပြည်ဆိုတာ တကယ်ရှိတယ်လို့ အထင်ကြီးမှု အထင်သီးမှုကြီးမှ လွန်မြောက်သွားတယ်ပေါ့။

ခု-ရှင်တို့ကျမတို့မှာတော့ ခန္ဓာငါးပါး ဒုက္ခသစ္စာကို ရက်ရှက်ရောရော နင်လားငါလား အားမထုတ်နိုင်တော့ ဒုက္ခသစ္စာကို သုခထင်ပြီး ဒါနပြုလဲ လူ့ပြည်တောင်း သီလဆောက်တည်လဲ နတ်ပြည်တောင်း သမထထိုင်တော့ ဗြဟ္မာ့ပြည်တောင်းဒါဘဲ၊ တောင်းတော့ရပြီ ရတော့ချမ်းသာကြရဲ့လား။

"ဒုက္ခေလောကော ပတိဋ္ဌိတော" တဲ့

လောကော၊ လောကကြီးသည်။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ပတိဋ္ဌိတော၊ တည်၏။

လို့ဆိုတဲ့အတိုင်း ဖြစ်ပေါ်လာကထဲကိုက ဇာတိဒုက္ခနှင့်တကွ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ဖြစ်ပေါ်လာတာ။ ရှင်တို့ကျမတို့က အဝိဇ္ဇာလက်ချက်ကြောင့် လူတွေ နတ်တွေ ဗြဟ္မာတွေထင်နေကြဒါ၊ ဒါကြောင့်....

လူ့ပြေနတ်ပြေ အထင်တွေကြီးကြဒါကြောင့်
တောင်းဆုဝေဝေ ကောင်းမှုထွေထွေ
သူရောကိုယ်ရော ပြုလာခဲ့ကြပေ။

ဘယ်လိုအထင်ကြီးခဲ့ကြသလဲ ဒို ဒီကောင်းမှုကြောင့် လူ့စည်းစိမ်ကြီး ခံစားရတော့မယ်၊ နတ်ပြည်ကြီးခံစားရတော့မယ် ဗြဟ္မာပြည်ကြီး ခံစားရတော့မယ်လို့ အထင်မှားပြီးပြုလာခဲ့ကြဘာ၊ အအို အနာ အသေတော့ထည့်မစဉ်းစားမိခဲ့ကြဘူးပေါ့၊

မစဉ်းစားတော့လဲ သူနဲ့ဘဲ အရင်တွေ့ရမှာ ဘာကြောင့်လဲ ရှိတာက သူရှိတာကိုး ရှိပုံကိုဝေဘန်ရမယ်ဆိုရင် "ဇာတိဒုက္ခ"တဲ့ "ပဋိသန္ဓေဇာတိ ပဝတ္တိဇာတိ"အားဖြင့် အကျဉ်းဘဲကြည့်ပါ ဦး....။

ပဋိသန္ဓေဇာတိအားဖြင့်... "ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍ ဥပပတ်"လို့ လယ်တီဆရာတော်ဘုရား သံခိပ်ကျမ်းမှာ ပြထား တော်မူတဲ့အတိုင်း "ဇလာဗုဇ ပဋိသန္ဓေ၊ အဏ္ဍဇ ပဋိသန္ဓေ၊ သံသေဒဇပဋိသန္ဓေ၊ ဥပပါတ်ပဋိသန္ဓေ" အားဖြင့် (၄)မျိုး ရှိပါတယ်၊ ဒီ(၄)ပါးသော ပဋိသန္ဓေတို့မှ လွန်မြောက်ပြီး ဖြစ်ပေါ်လာသော သတ္တဝါရယ်လို့ မရှိပါဘူး။

ဖြစ်ခဲ့ရတဲ့ဘဝအရပ်ရပ် ဇာတ်အမျိုးမျိုးတွေမှာ ခန္ဓာကိုယ် အမျိုးမျိုးလဲပြီး အဖြစ်မစဲခဲ့ကြဘူးမဟုတ်လား၊ အဲဒါလို ကိုယ် အမျိုးမျိုး ဂျိအမျိုးမျိုး အမြီးအမျိုးမျိုး အမောက်အမျိုးမျိုး နှင့် ဖြစ်ပေါ်နေရခြင်းဟာ ပဋိသန္ဓေဇာတိအားဖြင့် နှိပ်စက် ခြင်းကို ခံနေကြရပါတယ်။

ပဝတ္တိဇာတိ ဆိုဒါကတော့ .... ခုမျက်မြင်ပါဘဲ ကျိုးကြ၊ ကန်းကြ နူကြ ရှုံကြ ပွေးညှင်း တင်းတိပ်မှစ၍ (၉၆)ပါးသော ရောဂါဝေဒနာတွေဟာ ပဝတ္တိဇာတိအားဖြင့် နှိပ်စက်ခြင်းကို ခံနေကြရတာပါဘဲ။

ဒါတွင် ပြီးရောလား မပြီးသေးဘူး၊ "ဇရာဒုက္ခ"တဲ့.... ဇရာဒုက္ခဆိုတာ ရင့်ယော်ယိုယွင်း အိုမင်းဆွေးမြေ့နေမှုဖြင့် နှိပ်စက်နေတာကိုဆိုပါတယ်။ ဒီတော့ ဟုတ်-မဟုတ် ပြန်ကြည့်လေ မှန်ထဲကြည့်ရင်သိပါတယ်။ ဆံပင်လေးတွေကဖြူ ပါးရေလေး

တွေ့ကတွန့် နဖူးလေးကရှုံ့ သွားလေးတွေက ယိုင်လာပြီ ကျဲလာပြီ နဂိုအတိုင်း ဟုတ်သေးရဲ့လား။

ဒီအဖြစ်မျိုး ဘယ်သူများဖြစ်ခြင်ကြသလဲ အလူးအလဲခံနေရတဲ့ အအိုတရားကြီး၊ အို ဒါကို ဝမ်းသာရမဲ့တရားဆိုရင် စိတ်ချမ်းသာရမဲ့တရားဆိုရင် ဇရာသုခလို့ ဘုရားဟောမှာပေါ့၊ ခုတော့ ဆင်းရဲတဲ့တရားမို့ ပူပန်ရတဲ့တရားမို့ ဒုက္ခလို့ ဟောခဲ့တာပါ။

ဒါတွင်ပြီးရောလား မပြီးသေးပါဘူး၊ "ဗျာဓိဒုက္ခ"တဲ့....၊ ဗျာဓိဒုက္ခဆိုတာ....နာကြင်ကိုက်ခဲမှုကို ဆိုတယ်၊ ဘယ်မှာကိုက်ခဲသလဲ ခန္ဓာကိုယ်မှာပေါ့၊ တော်တော်နေ ဒူးက နာလှချည်ရဲ့၊ တော်တော်နေ ခါးကနာပြန်ပြီ ပေါင်ကနာပြန်ပြီ၊ ဗျာဓိတရား မနှိပ်စက်တဲ့ နေရာရယ်လို့ မရှိပါဘူး၊ ဒီခန္ဓာကိုယ်တွင်လား မဟုတ်ပါဘူး၊ ဘယ်သတ္တဝါမှ ဗျာဓိတရားကို မလွန်ဆန်နိုင်ကြဘူး။

ဒါတွင် ပြီးရောလား မပြီးသေးပါဘူး "မရဏဒုက္ခ"တဲ့....၊ သေကြေပျက်ဆုံးနေကြရတာ လောကကြီးတခုလုံးမှာ မသေတဲ့ နေရာရယ်လို့မရှိဘူး၊ အသေတရားကြီးနှင့်ကြည့်တော့ အသေလောကကြီးပါလား၊ မသေသောအရပ်ဌာနများ ရှိကြရဲ့လား။

အဲဒါလို ဆင်းရဲပင်ပန်းစွာခံနေရတဲ့ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခလို့ဆိုတဲ့ ဒုက္ခတရားတွေများ စဉ်းစားမိခဲ့ကြရဲ့လား၊ လူ့ပြည်ဆိုအထင်ကြီး နတ်ပြည်ဆိုအထင်ကြီး ဗြဟ္မာပြည်ဆိုအထင်ကြီးပြီး တောင်းဆိုလာခဲ့ကြတာ သံသရာနှင့်အမျှ ခုထက်ထိ သုခမရကြသေးဘူး၊ ဒါကြောင့်....

လူ့ပြေနတ်ပြေ အထင်တွေ ကြီးခဲ့တာကြောင့်
တောင်းဆုဝေဝေ ကောင်းမှုထွေထွေ
သူရောကိုယ်ရော ပြုလာခဲ့ကြပေ။

ယခုပြောခဲ့တဲ့ အိုနာသေဆိုသော ဘေးတွေ ဘယ်သူများ ဆင်ခြင်မိသလဲ ဘယ်သူမှ မဆင်ခြင်မိကြဘူး၊ လောကဥပမာ ပြောရရင် အစာမက်မောသော ငါးတွေနှင့်တူတယ်၊ ငါးတွေဟာ တံငါသည်က မျှုံးကြိုးချထားပြီး ငါးတွေကိုက်တတ်တဲ့ ဖွဲ့နှုတ်ို နှမ်းဘတ်တို့ဖြင့် အစာပြုပြီးထားတော့ အစာမက်သော ငါးတွေဟာ မျှုံးကိုမစဉ်းစားမိဘူး၊ အစာကိုသာမက်မောပြီး ဇွတ်အတင်းစားကြသည့်အတွက် မျှုံးထဲကျရသလို ဒီမှာလဲ အိုနာသေကို မစဉ်းစားမိကြဘူး၊ ချမ်းသာသုခဟူသော အသံကြားဖြင့် တောင်းလိုက်ကြတာ၊ ခု-ဘယ်ထဲ ရောက်နေကြသလဲ အိုနာသေဆိုတဲ့ မျှုံးထဲရောက်နေကြပြီ၊ ဒါကြောင့်....

အို နာ-သေ ရန်ဘေးကိုတော့
ဥာဏ်တွေးကာပင် မဆင်ခြင်မိပေ
အစာခုံမင် မျှုံးဝင်ငါးသို့ပေ
မကြာခင် မရဏာရှင် ဆုံးပင်ပါရပေ။

တနေ့ကြတော့ ငါးသတ္တဝါတွေဟာ တံငါသယ်ရဲ့ လက်တွင်းမှာ အားလုံးကုန် ရောက်ကြရသလို သတ္တဝါတွေလဲ သေမင်းရဲ့လက်တွင်းမှာ အကုန်ရောက်ကြရမှာဘဲ၊ ဒါကြောင့်....

အစာခုံမင် မျှုံးဝင်ငါးသို့ပေ
မကြာခင် မရဏာရှင် ဆုံးပင်ပါရပေ
သုံးဆဲ့တဝ ဌာနေရှာပြေ

အအိုခံအတွက်သာ ထွက်လာရပေ
အနာခံအတွက်သာ ထွက်လာရပေ
သုံးဆဲ့တဝ ဌာနေရွာပြေ
အသေခံအတွက်သာ ထွက်လာရပေ
အဲဒါကြောင့် သံဝေ-ဉာဏ်ခြေ
ဝဋ်နှောင်သုံးထွေ လွတ်အောင်ရုန်းမလေ
အေးမြပါတဲ့ နိဗ္ဗာန်ပြည်ခေ
မဂ္ဂင်လမ်းက မြန်းကြသင့်ပြီလေ။

လို့ ဆိုတဲ့အတိုင်း ဒုက္ခအပေါင်းမှ ကင်းဝေးရာဖြစ်တဲ့ နိဗ္ဗာန်ရွှေမြို့တော်ကြီးကိုသာ အရောက်သွားကြဘို့ မကောင်းဘူးလား။

သုံးဆဲ့တဝ သုံးဌာနကြီးဆိုတာ ဘာမှ အကောင်းမရှိပါဘူး၊ ယခု ရှင်တို့ကျမတို့ ကိုယ်တွေ့ဘဲ မဟုတ်လား၊ လူလောကကြီးရဲ့အကြောင်းကို ဘာများပြောစရာရှိသလဲ မရှိပြန် တောင့်တရ၊ ရှိပြန်ကြောင့်ကြရ အမိဝမ်းမှ မွေးဖွားလာလို့ သိတတ်တဲ့ အရွယ်ကစပြီး၊ တောင့်တခဲ့ရတယ်၊ ကြောင့်ကြခဲ့ရတယ်၊ အလိုပြည့်ရတယ်လို့မရှိဘူး၊ ကလေးလေး အရွယ်ကစကြည့်လေ၊ ကိုယ်ကို ပြေးကာလွှားကာ ကစားချင်တယ် ဆော့ချင်တယ် မိဘများက လဲမှာစိုးလို့ ထိမ်းတယ် ကြောင်းတယ် ဒီတော့ အလိုမပြည့်ပြန်ဘူး။

ငါငယ်သေးလို့ ကျောင်းသားလေးဖြစ်ရင်တော့ စိတ်ချမ်းသာမယ် အလိုပြည့်မယ်လို့ တခါထင်ခဲ့တယ်၊ ကိုင်း — ကျောင်းသားဖြစ်လာတော့ အလိုပြည့်ပါ့မလား ဘုန်းကြီးက

စာအံစေချင်တယ် ကိုယ်က ပေသီးပစ် ကြက်ပေါင်ကွင်းပစ် ကစားချင်တယ်၊ မိဘများကလဲ ကျောင်းကိုသာ သွားစေချင်တယ်၊ ကဲ....ဒီကျောင်းသား စိတ်တိုင်းကြပါ့မလား။

တခါ ကိုရင်လေးဖြစ်ရင်တော့ စိတ်ချမ်းသာလိမ့်မယ်လို့ ထင်လာပြန်တယ်၊ ကိုရင်လေးဖြစ်တော့ ပိုဆိုးတာပေါ့ ကိုရင့်သိက္ခာနှင့် ပြည့်စုံအောင်နေရဒါ သူတကာတွေ ကစားသလို မကစားရ သူတကာတွေ သွားသလို မသွားရ စိတ်ကြပ်တည်းလိုက်တာ။

မကောင်းသေးဘောင် လူထွက်ရဒါကမှ ကိုယ်ထင်သလိုနေ ကိုယ်ထင်သလိုသွား ဒါကမှ စိတ်ချမ်းသာလိမ့်အုံးဆိုပြီး လူ့ဘဝကို မျှော်မှန်းခဲ့ပြန်တယ်၊ ကဲ.... လူထွက်ရောဆိုပါတော့ လူထွက်ခါစဆိုတော့ အလွန်ပျော်ဆိုဘဲ ပျော်ပျော်ရှိတာနဲ့ အိမ်လယ်အဝတ်ကောင်းတွေဆင်ပြီး ရွာရိုးလျှောက်ချင်တယ်။ မိဘများက ကြီးပြင်းလာသည့်တိုင်အောင် စားဝတ်နေရေးအတွက် ထည့်စဉ်းစားကြတယ်၊ ဒါကြောင့်မို့ သားကလေးကို အလုပ်ကြင်လည်စေချင်တယ်၊ ပညာများ တတ်မြောက်စေချင်တယ်၊ ပညာတတ်စေချင်လို့ မိဘကခိုင်းတော့ သူ့ကို အလုပ်မြင်တိုင်း ခိုင်းရမလားပေါ့။

ဒီလိုနှင့် မိဘများနှင့်နေရတာ စိတ်မချမ်းသာပေါင် ကိုယ့်စိတ်ကို မပိုင်ပေါင်ဆိုပြီး ကိုယ့်အိမ်ထောင်နှင့်ကိုယ်ကမှ စိတ်ကိုပိုင်လိမ့်မယ်လို့ဆိုပြီး အိမ်ထောင်ပြုလိုက်ပါရော၊ အိမ်ထောင်ပြုကာကြမှ နေဘို့အတွက် စားဘို့အတွက် သားသမီးအတွက်

သူများနဲ့တူ နေနိုင်ရန်အတွက် ထမ်းဆောင်လိုက်ရတဲ့ တာဝန်ကြီး စဉ်းစားကြည့်ကြပေတော့။

တော်တော်နေ မြေက လိုသေး၊ နွားက လိုသေး လည်းက လိုသေး အိမ်က လိုသေးနှင့် အလိုမပြည့်နိုင်တဲ့ ဘဝတလျှောက်ကို စဉ်းစားကြည့်ရင် ဘယ်လောက် ကြောက်ဘို့ကောင်းသလဲ ဒီလိုနှင့် သားတွေ သမီးတွေ တပေပေနှင့် သားငဲ့ရ သမီးငဲ့ရ အရှုပ်ကလဲ ဘာလိုလိုနှင့် ငါးဆယ်ကျော်လို့ ခြောက်ဆယ်တွင်း ဖြစ်လာ။

မေ့မျောလာလိုက်ထာ သားတွေ သမီးတွေနှင့် နောက်ဘဝ အတွက်ကြည့်လိုက်တော့ ငါ့မှာ ဘာမှအားကိုးစရာမရှိပါကလား လို့၊ တခါ နောက်ဘဝအတွက် စိုးရိမ်ကြောင့်ကြရပြန်တယ်၊ တဘဝလုံး သောက ပရိဒေဝ ဒုက္ခ ဒေါမနဿနှင့် အချိန်ကုန်ရတယ် အေးခွင့်တော့မရှိကြပါဘူး။

အမိဝမ်းမှ ကနဦး ဘယ်လိုလာခဲ့ကြသလဲ ငိုလာခဲ့တယ်၊ ခုဘဝနောက်ဆုံးတော့ကော ငိုပြီးအဆုံးသတ်ရတယ်၊ တဘဝလုံး အကောင်းကိုမရှိဘူး၊ ဒုက္ခချည်းဘဲမဟုတ်လား၊ ဒါကြောင့် ဒီဒုက္ခအပေါင်းမှ လွတ်ငြိမ်းကြရအောင် ရှင်တော်ဘုရား သာသနာနှင့်တွေ့တဲ့အခါ အခွင့်သာ အခွင့်သင့်ပြီးနေတဲ့အခါ ဘုရားအဆုံးအမကို **အရယူ**ဘို့ပါဘဲ။

ဘုရားအဆုံးအမ ရဘို့ကလဲ ရှေးဦးစွာ ဘာအရေးကြီးသလဲ သုတမယဉာဏ်အနေအားဖြင့် သင်အံလေ့ကျက် နာခံမှတ်သားရမယ်၊ နောက်ပြီးတော့ စိန္တာမယဉာဏ်ဖြင့် မှတ်သားထားတဲ့ တရားများကို ခန္ဓာကိုယ်ကိုဉာဏ်ကပ်၍ ရှာတတ်ကြရမယ်။

နောက်ပြီးတော့ ဘာဝနာမယဉာဏ်အားဖြင့် ကြိမ်ဖန်များစွာ အားထုတ်ရပါမယ်၊ အဲဒါလို ပြုသွားကြမှသာလျှင် အကျိုးများကြမှာ ဒါကြောင့်....

သုန္တု သဒ္ဓမ္မံလောကေ၊ သုခ,ဓံ ဟောပယာကံ
သုဒုလ္လဘံ သဥ္စာနေန္တု၊ သုစရန္တု သုဒုဒ္ဒသံ။

ဘော၊ တရားနာမည် စိတ်ကြံစည်လျက် ညီညာဖျဖျ စည်းဝေး ရောက်လာကြကုန်သော အို...သာဝကအပေါင်း သူတော်ကောင်းတို့။

ခု ဓမ္မာဘင် ဆင်ယင်ကျင်းပရာဌာနသို့ စေတနာ ဆန္ဒ ပြင်းပြကြသည့်အတွက် အားလုံးပါဘဲ ရောက်ရှိလာ အင်မတန် ဝမ်းသာစရာကောင်းပါတယ်၊ အဆင်းရဲ အပင်ပန်းခံပြီး လာရတဲ့အကျိုးများအောင် ဘာအရေကြီးကြသလဲဆိုတော့ အာရုံ တပါး စိတ်မသွားဘဲ အချိုးကျစွာ တရားနာတတ်ကြဘို့ အရေးကြီးပါတယ်၊ တရားနာတဲ့အခါမှာ အချိုးကျတဲ့ အင်္ဂါငါးပါး အချိုးမကျတဲ့ အင်္ဂါငါးပါးကို ဆရာတော်ဘုရားရှိစဉ်က အဆုံး အမကို ရဘူးပါတယ်။

အချိုးမကျတဲ အင်္ဂါငါးပါး ဘယ်လိုလဲဆိုတော့—

၁။ ဘုရားစကားကို မလေးစားခြင်း၊
၂။ ဟောသောသူအား မလေးစားခြင်း။
၃။ မိမိကိုယ်အား မလေးစားခြင်း။
၄။ အာရုံတပါးကို စိတ်ပျံ့လွင့်ခြင်း။
၅။ အ,ယောနိသော မနသိကာရအားဖြင့် နှလုံးသွင်းခြင်း။

အားဖြင့် ဆရာတော်ဘုရားရှိစဉ်က ဆုံးမဘူးပါတယ်၊ ဒါကြောင့်မို့ တရားနာတဲ့နေရာမှာ အချိုးကျသောအင်္ဂါငါးပါး ဖြစ်သွားအောင် ဩဝါဒ-ငါတို့ယခုနာကြားနေရတဲ့ တရားတွေဟာ "ရှင်တော်ဘုရားကြီးရဲ့ တရားတော်တွေပါလား" လို့ စဉ်းစားဆင်ခြင်ပြီး ရိုသေစွာနာကြားကြရမယ်။

အမှတ်(၂)ကတော့.... "ဟောသောသူကို ရိုသေရပါမယ်" တချို့တရားနာပရိသတ်တွေက ပြောလေ့ ရှိတတ်ကြတယ်၊ ခုသာ တရားဟောနေတာပါ၊ ဘယ်တုံးက ဘယ်လို ဘယ်သူ့ မြေးသားပါစသည်ဖြင့် ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ပုဂ္ဂိုလ်ကိုကြည့်ပြီးလဲ မလေးမစား ပြောမိပြုမိတတ်ကြတယ်၊ အဲဒါလဲ ခုလို ပြောမိ ပြုမိရင် တရားနာတဲ့သူရဲ့အဖို့ အင်္ဂါ ချို့ယွင်းနေပါတယ်၊ မလေးမစား မပြုကောင်းပါဘူးလို့ သတိပေးရတာပေါ့လေ— ဒီပရိသတ်ထဲတော့ အဲဒီလိုပုဂ္ဂိုလ်မျိုး ပါမှာမဟုတ်ပါဘူး။

နောက်အမှတ်(၃)ကတော့ "မိမိကိုယ်ကို မလေးစားခြင်း" တဲ့၊ တချို့သူတွေမှာ မြင်ရတယ် တရားတော်ကြီးကို ဟော နေတာပါလားလို့ မစဉ်းစားမိဘူး၊ ရိုသေတုပ်ဝပ်ခြင်းမရှိဘူး စိတ်ချမ်းသာသလို စိတ်ကျယ်လွင့်သလို ကိုးရိုးကားယားနေဒါ တွေလဲ တွေ့ကြရ မြင်ကြရ ဒါတွေကိုတော့ အပြစ်လို့မထင်ဘူး ပေါ့၊ သေချာစစ်ကြည့်တော့ အချိုးမကျတဲ့ အင်္ဂါငါးပါးထဲမှာ နေတယ်၊ အဲဒီတော့ အပြစ်လို့ဘဲ မှတ်ရမယ်ပေါ့။

နောက်အမှတ်(၄)ကတော့.... "အာရုံတပါးကို စိတ်ပျံ့လွင့် ခြင်း"တဲ့ ဟုတ်ပါတယ်၊ တချို့ တရား ပလ္လင် ပေါ် က နေ ပြီး ပရိသတ်ကို အကဲခတ်လိုက်ရင် အာရုံကောင်းနေတဲ့သူနှင့် စိတ်

ပျံ့လွင့်နေတဲ့သူ တခြားကြီးဘဲ၊ အာရုံ ကောင်း နေ တဲ့ သူ ကြ တော့ သေသေဝပ်ဝပ် ပိပိပြားပြား မြင်သူအပေါင်းကို ကြည် ညိုဘွယ်ကောင်းအောင် ကာယိန္ဒြေနှင့် ပြည့်စုံနေပါတယ်။

အာရုံကောင်းမရှိတဲ့သူကြတော့ တရားလဲ အရေးလုပ်ရမှန်း မသိဘူး၊ စကားပြောချင်ဒါနဲ့ လဘက်စားချင်တာနဲ့ ဆေး သောက်ချင်တာနဲ့ မျိုးကိုစုံလို့၊ ပရိသတ်ထဲ လူမြင်မကောင်း အောင် တလှုပ်လှုပ်နှင့် စက္ခုန္ဒြေမရှိ ကာယိန္ဒြေမရှိနှင့် သူ တပါးအာရုံပျက်မှာကိုလဲ သတိမထားမိဘဲ အမှုမဲ့ အမှတ်မဲ့ ဖြစ်တတ်ကြတယ်၊ အဲဒါလဲ တရားနာအင်္ဂါ ချို့ယွင်းချက်ကြီး တရပ်ဘဲ–။

အမှတ်(၅)ကတော့.... "အယောနိသော မနသိကာရဖြင့် မသင့်မတင့်တာတွေ နှလုံးသွင်းတတ်ကြပါသေးတယ်"တဲ့ တချို့ အယောနိသော မနသိကာရ ဆိုတဲ့ မသင့်မတင့်တာတွေ နှလုံး သွင်းထားလို့ပေါ့ တရားဆုံး သာဓုခေါ်တောင် မခေါ်နိုင်ကြဘူး၊ ဒါတွေ သိတာပေါ့ ဒါဟာ ဘယ်သူကိုယုတ်လျော့သလဲဆိုတော့ ကိုယ့်မှာဘဲ ယုတ်လျော့တာပါ၊ ဒါကြောင့်မို့လဲ အင်္ဂါပျက် တခုအနေနဲ့ ထည့်သွင်းဖော်ပြခဲ့ကြတာပေါ့။

ယခုဖော်ပြခဲ့သော အင်္ဂါပျက်အချီးမကျခြင်းဆိုတဲ့ အင်္ဂါထဲ မပါရအောင် အချီးကျတဲ့ အင်္ဂါ(၅)ပါး ဖြစ်စေချင်ပါတယ်။ အချီးကျတဲ့ အင်္ဂါ(၅)ပါးဆိုတာကတော့....

၁။ ဘုရားစကားကို လေးစားခြင်း။
၂။ ဟောသောသူအား လေးစားခြင်း။
၃။ မိမိကိုယ်အား လေးစားခြင်း။

၄။ စိတ်ဓါတ်ကို ထိမ်းသိမ်းစောင့်ရှောက်နေခြင်း။
၅။ သင့်တင့်မသာ နှလုံးသွင်းခြင်း။

ဒီ(၅)မျိုးဟာ တရားနာသောသူရဲ့ အချိုးကျသော အင်္ဂါ (၅)မျိုးလို့ ဆိုပါတယ်။ ဒါအထူးပြောနေဘို့ မလိုပါဘူး ကိုယ့်ကိုယ်ကို ဝေဘန်ကြည့်ရင် မိမိဘယ်အင်္ဂါထဲရောက်နေတယ် ဆိုတာ သိနိုင်ပါတယ်။

ဒါကြောင့် အချိုးကျတဲ့ အင်္ဂါ(၅)ပါးနှင့် ပြည့်စုံအောင် တရားနာတဲ့အခါ အော်....ဘုရားပွင့်မှ ကြားသိရတဲ့ ဘုရား စကားတော်ကြီးတွေ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဒီစကားမျိုး ပြောနိုင်တာမဟုတ်ဘူး မြတ်စွာဘုရားကြီးသာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တွေ ဖြည့်လို့ ဘုရား အဖြစ်ကိုရောက်လို့သာလျှင် ပြောနိုင် ဟောနိုင်ပါကလားလို့ ဘုရားစကားကို လေးစားရပါမယ်။

နောက်ပြီးတော့ ဟောသောသူကိုလဲ အော်.... သူတို့ကျင့် ကြံပြီး ဟောရှာကြပေလို့ လွယ်လင့်တကူ ကြားရဒါလို့ ဟောသောသူကိုလဲ ရိုသေလေးစားရမတဲ့ ခုတော့ ဒီလို မဟုတ်ဘူး၊ ဆရာသမားတွေက ဟောထားလို့ နားရေဝနေ သည်ကို သတိမထားဘဲ ဆရာသမားကိုဘဲ သူတို့လောက် တတ်တယ်မထင်ဘူး၊ အထင်အမြင်သေးတွေဖြစ်ပြီး မလေးစား ချင်တဲ့ပြင် ကျေးဇူးတောင် ကန်းတတ်ကြသေးတယ်၊ ဒီပရိသတ် ထဲတော့ အဲဒီလိုလူ မပါလောက်ပါဘူး။

စတုတ္ထနာယက ဆရာတော်ကြီးရှိစဉ်က အမိန့်ရှိဘူးတယ်၊ "ခုခေတ်က မလွယ်ဘူးကွယ့် တရားဟောသံ ကြားဖန်များ

နားရေတွေက ဝနေတော့ ဟောမဲ့ပုဂ္ဂိုလ်က စ လိုက်ခါရှိသေး 'ပုဂ္ဂလသတ္တ'ဆိုရင် နာတဲ့ပုဂ္ဂိုလ်တွေက 'ကျောက်ဖျာချ'ကုန်ကြပြီ တရားနာတွေကတော့ရွှေကတရားကြိုတွေ" လို့ ဆရာတော်ဘုရားအမိန့်ရှိဘူးပါတယ်။

ဒါကြောင့် တရားနာတဲ့ဘက် အင်္ဂါမချို့ယွင်းရအောင် တရားနာတဲ့သူက ရဟန္တာဖြစ်လို့နေနေ အော်....ငါရဟန္တာဖြစ်နေတာ သူတို့ဟောရှာကြပေလို့ လို့ ကျေးဇူးကိုမြင်ပြီးတရားဟောတဲ့ပုဂ္ဂိုလ်ကိုလဲ လေးစားထိုက်ပါတယ်လို့။

နောက်ပြီးတော့...."မိမိကိုယ်ကို လေးစားရမယ်"တဲ့ ဒါကတော့ အခြားပြောတာ မဟုတ်ပါဘူး စက္ခုန္ဒြေ ကာယိန္ဒြေတို့မှ ငြိမ်သက်တည်ကြည်စွာ ငြိမ်ဝပ်ပိပြားစွာ နေထိုင်မှုပါဘဲ၊ တရားနာဒါနဲ့ တူရမယ် ကိုးယိုးကားယား ပွဲကြည့်တာနဲ့ မတူစေရဘူးပေါ့၊ တချို့အမူမဲ့အမှတ်မဲ့နှင့် တရားနာရင်း စကားတွေ ထင်ရာပြော ကိုယ်ပြောရုံအားမရဘူး အနီးအနားမှာရှိတဲ့ လူကိုသွားပြီး လက်တို့သေးဒါ၊ အဲဒီတော့ ကိုယ်တွင်မက ဟိုသူပါ အင်္ဂါချို့ယွင်းသွားရတယ်၊ ဒါကြောင့် တရားနာတဲ့နေရာမှာ အချိုးကျအောင် နာတတ်ဘို့ အရေးကြီးတယ်လို့ ဆုံးမကြတာပေါ့။

နောက်တနည်းက....စိတ်ဓာတ်ကလေးကို ထိမ်းသိမ်းထားရမတဲ့ စိတ်ကိုထိမ်းပြီး တရားမနာရင် တညလုံး အလင်းထိုင်နာနေနေ ဘာကျေးဇူးမှမရှိဘူး၊ နာကြားတဲ့ ကုသိုလ်လေးလောက်တော့ ရမှာပေါ့လေ၊ မဂ်ပေါက် ဖိုလ်ပိုင် မဖြစ်နိုင်တာပြောရတာ၊ ဒါကြောင့် တရားနာရင်း တထိုင်အတွင်းမှာဘဲ

ဟာကနဲ ဟင်းကနဲ လင်းကနဲဖြစ်သွားရင် ပိုပြီးအကျိုးများတာပေါ့၊ ဒါကြောင့် စိတ်ထိမ်းသိမ်း၍ နာခြင်းသည် အပြစ်ကင်းသောတရားနာခြင်းဟု မှတ်ရမယ်။

နောက်တနည်းကတော့....''သင့်တင့်သော နှလုံးသွင်းခြင်း'' တဲ့၊ ဟုတ်ထာပေါ့ သင့်တင့်သောနှလုံးသွင်းခြင်း မရှိတဲ့သူမှာ ဓမ္မကထိကအပေါ်မှာ အပြစ်ချည်းဘဲ ကြည့်နေတာဘဲ၊ တရားဟော တို-တိုပြန်ပြီ၊ ရှည်-ရှည်ပြန်ပြီ ဆို-ဆိုပြန်ပြီ ရွတ်ရွတ်ပြန်ပြီနှင့် ဒါတွေဝေဘန်နေတာနှင့် တရားတလုံးတပါဒဘာမှ မမှတ်မိတော့ဘူး၊ ဒါကြောင့် နှလုံးသွင်းမကောင်းရင်လဲ အင်္ဂါတခုချို့ယွင်းပြန်သဖြင့် တရားနာရင်း ဆုံးရှုံးခြင်းသို့ ရောက်ရပြန်တယ်လို့၊ ဒါကြောင့်မို့ မိမိတို့ အိမ်ဂေဟာက တရားကို ကြိုးကြိုးစားစား နာမယ်လို့လာသည့်အားလျော်စွာ အချိုးကျတဲ့ အင်္ဂါ(၅)ပါးနှင့် ပြည့်စုံအောင်သာ နာကြပေ တော့လို့ တော်တော်နေကြတော့ ''မှန်းချက်နှင့် နှမ်းထွက်လဲ မကိုက်ဘဲ''နေအုံးမယ်။ ဒါကြောင့်....

ဘော၊ တရားနာမည် စိတ်ကြံစည်လျှက် ညီညာ ဖြဖြ စည်းဝေးရောက်လာကြတဲ့ အို-သာဝကအပေါင်း သူတော်ကောင်းတို့။

လောကေ၊ ကြိုလေဘုံဗွေ သြလေးတွေဝယ် အခြေ မလှ နစ်မွန်း၍နေကြကုန်သော သတ္တဝါများတို့ကို။ သတ္တဝါတွေ ဘယ်ထဲ နစ်မွန်းနေကြသလဲ၊ သြဃတရား လေးပါးထဲမှာ နစ်မွန်းနေကြပါတယ်။

ဩဃတရားလေးပါးဆိုတာ ဘာများလဲဆိုတော့ "ကာမော ဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ"လို့ ဩဃတရားလေး ပါး ရှိပါတယ်၊ ဘာဖြစ်လို့ ဩဃခေါ်သလဲဆိုတော့....

အသေသတ်နှစ် ဖွဲ့ပူးရစ် မူးယစ်စီဆိုငြား။

သတ္တဝါတွေကို အသေသတ်တတ်၊ နှစ်တတ်၊ မူးယစ်စေတတ် သောကြောင့် ဩဃလို့ဆိုပါတယ်။

**ကာမောဃ** .... တဲ့ သတ္တဝါတွေ ဘယ်လိုနှစ်နေကြသလဲ ဆိုတော့ ရူပါရုံကိုခံစားပြီး နှစ်မွန်းနေကြတယ်၊ သဒ္ဒါရုံကို ခံစားပြီး နှစ်မွန်းနေကြတယ်၊ ဂန္ဓာရုံကိုခံစားပြီး နှစ်မွန်းနေ ကြတယ်၊ ရသာရုံကိုခံစားပြီး နှစ်မွန်းနေကြတယ်၊ ဖေါဋ္ဌဗ္ဗာရုံ ကို ခံစားပြီး နှစ်မွန်းနေကြတယ်၊ နှစ်မွန်းတယ်ဆိုသော်လည်း လောက ရေနှစ်တဲ့လူလိုတော့ အကောင်လိုက် အထည်လိုက် တော့ မဟုတ်ပါဘူး စိတ်ဓာတ်နှစ်မွန်းနေတာပါ။

တရစ်ဝဲဝဲနှင့် ဒီအာရုံထဲက မထွက်နိုင်ဘဲ ဖြစ်နေပါတယ်၊ အာရုံထဲ နှစ်မွန်းနေမှတော့ ဘယ်မှာလျှင် ဘုရား-တရား-သံဃာ အာရုံများကို ကျရောက်နိုင်ပါတော့မလဲ၊ သတ္တဝါတွေ ကောင်း ရာသုဂတိသို့ ရောက်နိုင်ပါ့မလား၊ ဒါကြောင့် ဩဃတရားသည် သတ္တဝါတွေကို သံသရာထဲသို့'နှစ်တတ်တယ်'လို့ ဆိုတာပေါ့။

**ဘဝေါဃ** .. တဲ့ ဘဝကို ကျောက်လန့်ခြင်းမရှိဘဲ ကိုယ့် ဘဝကို မလွတ်နိုင်ဘဲ ရောက်ရာဘဝ ပျော်နေတာ၊ ဘဝေါဃ ဆိုတဲ့ ဩဃတရားကြီးရှိနေရင် ဒါနပြုတိုင်း သီလဆောက်တည် တိုင်း ဘာဝနာ ပွားများတိုင်း 'နိဗ္ဗာန်ကိုကား တဖက်ထား၍'

ဆိုသလိုဘဲ နိဗ္ဗာန်ကို အသံမျှပေးပြီး၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝတွေချည့်ဘဲ တအားတောင်းနေကြတယ်။ ဒါကိုဘဲ ဘဝေါဃထဲ နစ်တယ်လို့ ခေါ်ဆိုရပါတယ်။

နောက်ပြီးတော့ **ဒိဋ္ဌောဃ တဲ့**၊ ဒိဋ္ဌောဃ တရားကြီးထဲ ဘယ်လိုနစ်နေကြသလဲဆိုတော့ ပုဂ္ဂိုလ်မဟုတ်ပါဘူး သတ္တဝါ မဟုတ်ပါဘူးဆိုပါလျက် မယုံနိုင်ကြဘူး၊ ပုဂ္ဂိုလ်-သတ္တဝါဘဲ အရှိထင်နေတာ ဒါ-ဒိဋ္ဌောဃပါဘဲ၊ ဘုရားတွေအဆူဆူ ဟော သော်လဲ ဒီဩဃကြီးထဲက မတက်နိုင်ကြဘူး၊ ခုလဲ မသိလျှင် နစ်မြုပ်တုံးပါဘဲ၊ ဒါကြောင့် ဒိဋ္ဌောဃဆိုတဲ့ ဩဃကြီးထဲက ဆန်တက်လိုကြသည့်အတွက် ခု တရားအားထုတ်နေရတာ၊ ပရမတ်တွေကို သိအောင်လုပ်နေတာ။

**အဝိဇ္ဇောဃ**....ဆိုတဲ့ ဩဃကြီးကလဲ ဘယ်လောက်နက်ရှိုင်း သလဲ ပုထုဇဉ်တို့ရဲ့သန္တာန်မှာ တရုပ် တနာမ်ဆိုတဲ့ တရားကြီး ကို မထင်သာအောင် မလင်းသာအောင် ချထားလိုက်တဲ့ မှောင် လုံး-မှောင်ထု မှောင်အစုကြီး ဘယ်တော့လင်းကြမှာလဲ၊ ဘယ်တော့ အဝိဇ္ဇောဃကြီးထဲက ထွက်မြောက်ကြမလဲ။

ထွက်မြောက်ရန် တရားလမ်းစဉ်တွေပေးနိုင်တဲ့ ဆရာသမား နှင့် တွေ့သော်လဲ အားထုတ်ခွင့်မရအောင် နှစ်ထားတော့ အား ထုတ်ခွင့်ကို မရကြဘူး။ ဒါကြောင့် ရှေးဘုရားရှင်တွေနှင့်လဲ လွဲပြီး အခြေမလှ ဖြစ်ခဲ့ကြရတယ်၊ ခုချိန်အထိ ကိုယ့်ရုပ်ကို ပြန်ကြည့်လျှင် အဒိုမစ အနာမစ အသေမစတဲ့ သံသရာထဲမှာ နစ်မြဲတိုင်းသာ နစ်လျက်ရှိကြသေးတယ်၊ ဒါကြောင့်

> လောကေ၊ ကိုလေဘုံဗွေ ကြိုလေးထွေဝယ် အခြေ
> မလှ နစ်မွန်း၍ နေကြကုန်သော သတ္တဝါများတို့ကို။

ဒီသတ္တဝါတွေ ဘယ်သူများကယ်တင်နိုင်ပါမလဲ လောက ကြီးထဲက ကယ်နိုင်မဲ့သူ ရှာကြည့်လိုက်တော့ ဘယ်လိုဘုန်းကြီး ကြတဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေဘဲဖြစ်နေနေ လောက စားစရာမရှိရင် ကျွေးနိုင်လိမ့်မယ် ဝတ်စရာမရှိရင် ဆင်နိုင်လိမ့် မယ်၊ နေထိုင်စရာမရှိရင် အဆောက်အဦး လုပ်ပေးနိုင်လိမ့်မယ်၊ သတ္တဝါတို့ရဲ့ ဝဋ္ဋဆင်းရဲကြတော့ အဲဒီ လူမင်း နတ်မင်း ဗြဟ္မာမင်းသော်မှလဲ မကယ်နိုင်ပါဘူး၊ ရှင်တော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်ရတနာမြတ်ကြီးမှသာလျှင် ကယ်တင်နိုင်ပါတယ် ဒါကြောင့်....

> သုခံ့ဓ°၊ ချမ်းသာလေအောင် အကျိုးကိုဆောင်
> ပေထသော။ ဝါ၊ ချမ်းသာသုခဟူသမျှကို လိုတ မန္ဒေး
> ပို့ဆောင်၍ ပေးတတ်ထသော။

တရားတော်ကြီးကမှ သတ္တဝါတွေကို ချမ်းသာအောင် ကယ်တင်နိုင်တာ၊ သတ္တဝါတွေရဲ့ အားကိုးရာဟာ တရား ပါဘဲ၊ ဒါပေမဲ့ သတ္တဝါတွေက တရားကို အားမကိုးကြဘူး၊ တရားတော်ရတနာမြတ်ကြီးသည် ငါတို့ကို ကယ်လိမ့်မယ်လို့ မယုံကြည်ကြဘူး၊ ဘာတွေ အားကိုးနေကြသလဲဆိုတော့ ရွှေ တွေအားကိုးတယ်၊ ငွေတွေအားကိုးတယ် သားတွေ သမီးတွေ ဇနီးတွေ ခင်မွန်းတွေပေါ့ အားကိုးနေကြတာ၊ အဲဒီ ရွှေတွေ ငွေတွေ သားတွေ သမီးတွေက တကယ်အားကိုးရဘဲ ဝဋ္ဋတွေ

များဟုတ်ရဲ့လား၊ အကယ်၍များ ဒီပစ္စည်းတွေစွဲပြီးများ သေသွားရင် ငရဲတောင်ကျအုံးမယ်။

ငရဲဘေးကိုပေးတတ်တဲ့ ရွှေတွေကို အားကိုးကြတယ်၊ ဘယ်လောက်ပုထုဇဉ်ဘဲဝ ကြောက်ဘို့ကောင်းသလဲ၊ အားကိုးရမဲ့ဟာ အားမကိုးဘူး၊ အားမကိုးရမဲ့ဟာ အားကိုးနေကြတာ၊ ဒါကြောင့်လဲ ဆင်းရဲဘဝက မလွတ်နိုင်ကြတာ၊ အားကိုးလွဲတယ်လို့ဆိုရမှာပေါ့၊ ဒီက,ရှေ့ အားကိုး မှန်သွားအောင် တရားသာ လေ့လာကြပေတော့၊ ဒါကြောင့်....

သုခ,ဓံ၊ ချမ်းသာလေအောင် အကျိုးကိုဆောင်ပေထသော။ ဝါ၊ ချမ်းသာသုခဟူသမျှကို လိုတ မနှေး ပို့ဆောင်၍ ပေးတတ်ထသော။

တရားတော်ကြီးကြတော့ ကိုယ်လိုလားတဲ့ ချမ်းသာများကို အကုန်ပေးနိုင်တယ်၊ လောကီချမ်းသာဘဲဖြစ်ဖြစ် လောကုတ္တရာချမ်းသာဘဲဖြစ်ဖြစ် တရားကိုယုံကြည်ပြီး တကယ်လုပ်ရင် တကယ်ရပါတယ်၊ လောကီ လောကုတ္တရာ ပြီးစေနိုင်တဲ့ တရားတော်ကြီးပါ ပြီးအောင်အားထုတ်ဘို့ ရှင်တော်ဘုရားကြီး လမ်းစဉ်တွေ ထားခဲ့ပြီးသားပါ၊ ဒါကြောင့်....

ဝါ၊ ချမ်းသာသုခ ဟူသမျှကို လိုတ,မနှေး ပို့ဆောင်၍ ပေးတတ်ထတော။

တရားတော်ရဲ့ဂုဏ်က သတ္တဝါတွေကို ချမ်းသာပြုနိုင်တဲ့ ဂုဏ်ထူးရှိသည့်အတွက် ချမ်းသာများကို ကိုယ်စီကိုယ်ငှ ရကြစေခြင်းငှါ လာပါ အားထုတ်စမ်းပါ ကျင့်ကြံစမ်းပါနှင့် ခေါ်ဆောင်ရမဲ့ "ဧဟိပဿိက ဂုဏ်"ရှိတော်မူတယ် မဟုတ်လား။

ဒါကြောင့် ဆင်းရဲတဲ့သတ္တဝါအပေါင်းကို ချမ်းသာခြင်းနှင့် လက်ငင်းတွေ့အောင် ခေါ်ဆောင်ကြရတာ၊ တရားနှင့် ကင်းကွာနေတဲ့ သတ္တဝါတွေမှာ ဒုက္ခိတသတ္တဝါချည်းထဲပါဘဲ၊ ဒုက္ခိတဘဝမှ လွတ်ကင်းချင်လျှင် တရားကိုသာ လေ့လာပါ၊ ဒါဘဲပြောတတ်တယ်၊ ဒါကြောင့်....

> ဝါ၊ ချမ်းသာသုခဟူသမျှကို လိုတ မနှေး ပို့ဆောင်၍ပေးတတ်ထသော။ ဟေပဿိကံ၊ လာပါ-နာပါ လိုက်ခဲ့ပါဟူ၍ သာယာနှစ်ချိက် ခေါ်ဆောင်ခြင်းငှါလည်း ထိုက်ပေထသော။

တဦးနှင့်တဦး ခေါ်ဆောင်ထိုက်တယ်တဲ့၊ ဘုရားတရားတော်ကြီးဆိုတာ ချမ်းသာအောင် ပြုနိုင်တဲ့တရားတော်ကြီး လာပါနာပါလို့ ခေါ်ဆောင်ရမဲ့တရားတော်ကြီး ဒါကြောင့် ငွေကုန်ကြေးကျခံပြီး တရားပွဲကြီးတွေ ပြုကြရတာ၊ ဒါကြောင့်....

> ဟေပဿိကံ၊ လာပါ-နာပါ လိုက်ခဲ့ပါဟု သာယာနှစ်ချိက်ခေါ်ဆောင်ခြင်းငှါလည်း ထိုက်ပေထသော။ သုဒုလ္လဘ ၊ သခေျာကမ္ဘာမည်မျှကြာလဲ လွန်စွာလွန်မင်းနာဘို့ရာ ခဲရင်းပေထသော။

ဘုရားမပွင့်တဲ့ သုညကမ္ဘာကြီးတွေမှာဆိုရင် ကြားနာဘို့လွယ်ကူပါ့မလား ရုပ်-နာမ်ကို ထွင်းဖေါက်ပြီး အလင်းသို့ရောက်ကြတဲ့ ရှင်ပစ္စေကဗုဒ္ဓါတွေသော်မှ ဟောပြောခြင်းငှါမစွမ်းနိုင်ကြပါဘူးတဲ့၊ ဒီတော့ ကိုယ်လိုသူလို ပုဂ္ဂိုလ်မျိုးတွေဘယ်မှာဟောနိုင်ပါ့မလဲ၊ ခုတော့ဖြင့် ရှင်တော်ဘုရားကြီးရဲ့

သာသနာတွင်းမှာမို့ ကြားနာဘို့ လွယ်ကူနေကြတာပါ၊ ဒါကြောင့်....

သုဒ္ဒုလ္လဘာ၊ သဒ္ဓေါကမ္မာ မည်မျှကြာလဲ လွန်စွာ
လွန်မင်း ကြားနာဘို့ရာ ခဲရင်းပေထသော။

ခဲရင်းပုံပြောပြရမယ်ဆိုရင် ဓမ္မသုန္ဒရ-မင်းကြီး ကြည့်လေ.... ခန္ဓာငါးပါးတရားကြီးနာခြင်လွန်းလို့ ဟောနိုင်သူရှိက အသပြာထောင်ထုပ်ကို တောင်စမုခ်က ပေးသနားတော်မူမယ်လို့ မှူးကြီးမတ်ကြီးများအား တောင်ပြင် မြောက်ပြင် အရှေ့ပြင် အနောက်ပြင်များကို လှည့်လည်၍ မောင်းကြေးနင်း ခတ်စေပါတယ်။

ဒါလဲဘဲ တဦးတယောက်မှ ခန္ဓာငါးပါး တရားများကို ဟောနိုင်တဲ့ပုဂ္ဂိုလ် တဦးမှ မပေါ်ပေါက်ပါဘူးတဲ့၊ နောက်.... ဘုရင်ကြီးကိုယ်တော်တိုင် အသပြာငွေထုပ်များကို ဆင်ဦးကင်းမှာတင်၍ တိုင်းပြည်အတွင်းတွင်မက အခြားသော ပြည်ကြီးတွေပါ လှည့်လည်ပြီး တရားဟောပုဂ္ဂိုလ်ရှာလိုက်ထာ ဘယ်မြို့ဘယ်ပြည်မှ မတွေ့ရပါဘူးတဲ့။

ဘုရင်ကြီးလဲ တရားနာခြင်ဇောနဲ့ မမောနိုင်ရှာဘူးပေါ့၊ ဒါနဲ့ မြို့တွေပြည်တွေ ရှာဖွေသော်လဲ မတွေ့၊ မတွေ့သော်လဲ အားမလျှော့သေးပါဘူး၊ တောတောင်အတွင်းများ တကိုယ်ရေတကာယ အားထုတ်နေသော ပုဂ္ဂိုလ်ထူးများ ရှိလေအံ့မလား လို့ တောတောင် အဆပ်ဆပ်တွေကို လှည့်ပတ်ရှာဖွေတော်မူပါသတဲ့၊ ထိုအခါ သိကြားမင်းက တကဲ့သဒ္ဒါလား သာမည

သဒ္ဓါလားလို့ သိလိုတဲ့အတွက် ဘီလူးယောင်ဆောင်ကာ ဘုရင်ကြီးအပါးသို့ ချဉ်းကပ်၍ အသင်မင်းကြီး ဤတောဤတောင်အတွင်းသို့ အဘယ်အကြောင်းရှိ၍ လာခဲ့ပါသလဲလို့ သိကြားမင်းက မေးတဲ့အခါ....

အကျွန်ုပ်သည် တရားနာလိုလို့ တရားဟောပုဂ္ဂိုလ်များရှာဖွေရန်လာခဲ့ပါတယ်ဟု ပြောကြားသောအခါ သိကြားမင်းက ကျွန်ုပ်ခန္ဓာငါးပါးတရားကို အသေအချာ ဟောပြနိုင်ပါတယ်လို့ ပြောပြပါသတဲ့၊ ဓမ္မသုန္ဒရမင်းကြီးက ဒီလိုဆို ဟန်ကျတာဘဲ၊ အကျွန်ုပ်သည် နှစ်လများစွာ တရားဟောမဲ့ပုဂ္ဂိုလ်များရှာဖွေလာခဲ့တာ ကြာပါပြီ၊ ဘယ်သူတဦးတယောက်မှ မဟောနိုင်ကြပါ အသင်ဘီလူးမင်း ဟောနိုင်ပါက များစွာသော ငွေအသပြာများ ပူဇော်ပါမယ် ဟောကြားတော်မူပါဟု ပြောကြားသောအခါ သိကြားမင်းက ဘီလူးဆိုတော့ ငွေကို အလိုမရှိပါဘူး လူသားကိုစားရရင် ပြီးတာပါဘဲ၊ ဒါ့ကြောင့် .... အသင်မင်းကြီးအသားကို စားရရင် ကျွန်ုပ်တရားဟောမယ်လို့ ပြောပြပါတယ်။

ဒီတော့ မင်းကြီးဟာ အကြံခက်သွားတာပေါ့၊ ဒါနဲ့ ထပ်ပြီးတောင်းပန်ရှာသတဲ့ တရားနာခြင်ဇောက အလွန်သန်နေတာကိုး၊ ခုပရိသတ်ကြီးနှင့်တော့ သိပ်မကွာခြားပါဘူး၊ ကဲ....အသင်ဘီလူးမင်း တရားဟောပြီးရင် အကျွန်ုပ်ခန္ဓာကိုယ်ကို စားပါတော့ တရားနာပြီးရင်ဖြင့် သေသော်လဲ သေရကျိုးနပ်ပါတယ်၊ တရားမနာရဘဲနှင့်ဖြင့် မသေပါရစေနဲ့လို့ တောင်းပန်ရှာပါသတဲ့။

ဘီလူးမင်းကလဲ မဟောခင် စားရမှ၊ မင်းကြီးကလဲ ဟောပြီးမှစားပါနှင့် ဗွတ်အတင်းဖြစ်နေကြပါသတဲ့၊ ဘီးလူးမင်းက ဒီလိုဆို ဟိုတောင်ကြီးပေါ်မှာ တက်ပေတော့ တောင်ပေါ်ကသာ လိမ့်ချခဲ့ပေတော့၊ အောက်ကနေ တရားဟောနေပါ့မယ်၊ အကျွန်ုပ်၏ အာခံတွင်းထဲမရောက်ခင် တရားနာရမှာဘဲ အဲသလောက်တော့ အခွင့်အရေးပေးမယ်ဆိုပြီး မင်းကြီးကို တောင်ပေါ်သို့ အတက်ခိုင်းပါသတဲ့။

မင်းကြီးလဲ တရားနာခြင်တာနဲ့ တောင်ထိပ်ပေါ်သို့ တက်သွားပါသတဲ့ တောင်ပေါ်သို့ ရောက်သောအခါ ကဲ....လိမ့်ချခဲ့ပေတော့လို့ တောင်အောက်က အာခံတွင်းကိုဟ စောင့်နေပါသတဲ့၊ မင်းကြီးလဲ တောင်ထိပ်မှ လိမ့်ချလာခဲ့ပါတယ်၊ ထိုအခါ သိကြားမင်းသည် တကယ့်စေတနာဘဲလို့ ယုံကြည်ပြီး သိကြားမင်းကြီးနေရာ နတ်တို့ရွာသို့ ပွေ့ပိုက်ခေါ်ဆောင်သွားပြီး တရားများ ကောင်းမွန်စွာဟောကြားတော်မူသတဲ့။

ကဲ—ရှင်တော်ဘုရားကြီးရဲ့ သာသနာအတွင်းမှာ မဟုတ်ရင် ကြားနာဘို့ရာ အလွန်ခဲရင်းပါတယ်ဆိုတာ ထင်ရှားမနေဘူးလား၊ ဒါ့ကြောင့်....

သဒ္ဒလ္လဘံ၊ သခ်ျော်ကမ္ဘာ မည်မျှကြာလည်း လွန်စွာလွန်မင်း ကြားနာဘို့ ခဲရင်းပေထသော။

သဒ္ဒဒ္ဒသံ၊ သိမ်မွေ့ဆန်းကျယ် အံ့ဘွယ်ထူးကဲ သိမြင်နိုင်ဘို့လည်း ခဲရင်းပေထသော။

အလွန်သိမ်မွေ့တဲ့ တရားတော်ကြီး ဖြစ်သည့်အတွက် လွယ်လင့်တကူနှင့် သိမြင်ဘို့ကြတော့လဲ မလွယ်ကူပြန်ဘူး၊ ဒါကြောင့်မို့ စတုတ္ထ နာယက ဆရာတော်ဘုရားကျတော့....

> မှုံမှုံရေးရေး သေးသေးမျှင်မျှင် ဆင်ခြင်နိုင်မှ အနယ်ကျတဲ့ ပရမတ္ထလွာပုံ ခါတ်အာရုံကြီးဆီသို့သာလျှင် လို့ ဆုံးမတော်မူခဲ့ပါတယ်။

ဒီနေရာမှာ လွယ်လွယ်ကူကူနှင့် မမြင်နိုင်ပုံကို အဓိကထားပြီး အားထုတ်မှုကို ဦးစားပေး စကားပြောရမယ်ဆိုရင် သမ္မာ ဝါယာမ မဂ္ဂင်နှင့်ဝီရိယ ဗိုလ်မှူးကြီးများ ရှေ့ထားပြီး၊ တကယ် တမ်းကြိုးစားမှ မြင်နိုင်တဲ့ တရားတော်ကြီးပါ။

ပရမတ်ရဲ့ အရောင်အရိပ်တွေဟာ ဆန်းလဲအလွန်ဆန်းကြယ်ပါတယ်၊ သိမှုနာမ်ဓါတ်စုကိုထားပါအုံး၊ မသိတတ်တဲ့ ရုပ်တရားစုများကိုဘဲ အလွန်ဆန်းကြယ်ပါတယ်။

ပုရိသ ဘာဝရုပ်ဟာ ယောကျ်ားရဲ့ အသွင်အပြင် များကို မထင်ချင်မနေရ၊ ကြမ်းတမ်းပုံတွေ၊ ထွားကျိုင်း ပုံတွေဟာ အဆန်းတကြယ် ဖြစ်လာခဲ့ပါတယ်။

ဣတ္ထိဘာဝရုပ်ကြတော့၊ မိန်းမရဲ့ အမူအရာများ ပါလာပြီး နူးညံ့တယ်၊ ပျော့ပျောင်းတယ်၊ ကိုယ် အမူအရာများ သိမ်မွေ့ပြီး မိန်းမလို့ ခေါ်ရအောင် ဖြစ်ပေါ်လာပါတယ်။

ဒါ ပရမတ်တွေ ဆန်းကြယ်တာမဟုတ်လား။ ပထမ ဆရာတော်ဘုရားကြီးကျတော့ **ပရမတ်နယ်၊ ခါတ်သွယ်သွယ်က၊ ရုပ်တည်မရ၊ ဆန်းကြယ်လှ၏** လို့ မိန့်ခဲ့ပါတယ်။

ပရမတ် ဆန်းကြယ်ပုံတွေ ပြောရရင် သုံးဆယ့် တဘုံမှာ ပုံအမျိုးမျိုး၊ ဟန်အမျိုးမျိုး၊ သဏ္ဌာန် အမျိုးမျိုး၊ ဒါတွေကို ကြည့်ပြီးတော့၊ လက်ခုပ်တီး၍ အံ့ချီးမကုန်လို့ ဆိုခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့်....

သုဒ္ဓုဒ္ဓသံ၊ သိမ်မွေ့ ဆန်းကြယ်၊ အံ့ဘွယ် ထူးကဲ၊
သိမြင်နိုင်ဘို့လည်း ခဲယဉ်းပေထသော။

သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၊ လမ်းကြောင်းရှုမျှော်၊
တရားတော်ကို၊ ဝါ၊ ဒုက္ခသမုဒယ နိရောဓနှင့်၊ မဂ္ဂ
တဖြာ၊ သစ္စာလေးတန်၊ တရားမှန်ကြီးတွေကို။

လောကမှာ အမှန်တရားရှာလိုက်တော့ သစ္စာလေးပါးဟာ အမှန်တရားအစစ်ပါဘဲ။ ဒုက္ခသစ္စာဟာ ဆင်းရဲတဲ့ တရားအမှန်ကြီးပါဘဲ။ သမုဒယဟာလဲ တွယ်တာမှု တရားအမှန်ကြီးပါ။ နိရောဓသစ္စာ - ငြိမ်းတဲ့ တရားအမှန်ပါ။ မဂ္ဂသစ္စာ ဆိုတာလဲ ငြိမ်းခြင်းသို့ ရောက်စေတတ်တဲ့ တရား အမှန်ပါ။ ဒီ သစ္စာလေးတန် တရားမှန်ကြီးတွေတို့ အရိယာအပေါင်း သူတော်ကောင်းတွေဟာ ပရိညာ ကိစ္စကြီးဖြင့် သိသွားကြပါပြီ။ ပဟာန ကိစ္စကြီးဖြင့်လဲ ပယ်သွားကြပါပြီ။ သစ္ဆိကရဏ ကိစ္စကြီးဖြင့်လဲ မျက်မှောက်ပြုသွားကြပါပြီ။ဘာဝနာ ကိစ္စကြီးဖြင့်လ ရှုပွါးသွားကြပါပြီ၊ ဒါကြောင့် အရိယာအပေါင်း သူတော်ကောင်းတွေကြတော့—

**ကတံကရဏီယံ**.... လို့ ဆိုတဲ့အတိုင်း ပြုဘွယ်၊ လုပ်ဘွယ်၊ အားထုတ်ဘွယ်ဟူသမျှကို ပြုလုပ်လို့ ပြီးသွားကြပြီးတဲ့၊ ဘယ် လောက် အားကျဘို့ကောင်းသလဲ ဒါကြောင့်....

**သဒ္ဓမ္မံ**.... သူတော်ကောင်းတို့ လမ်းကြောင်းရှုမျှော် တရားတော်ကို၊ ဝါ၊ ဒုက္ခ သမုဒယနိရောဓနှင့် မဂ္ဂတဖြာ သစ္စာလေးတန် တရားမှန်ကြီးတွေကို။

သုဏန္တု၊ ပီတိပါမောက် လျှံတောက်သဒ္ဓါ ဝမ်းမြောက်စွာဖြင့်၊ ကောင်းစွာနာယူ လိုက်ကြပါကုန်လော။

ဝမ်းပန်းတသာ ဖြစ်သွားလောက်အောင်ပေါ့လေ၊ တရားနာဆိုပေမဲ့ တချို့ တရားတကွင်းသာဆုံးရော၊ ဘာဟောလို့တောင် ဟောမှန်းမသိဘူး၊ အာရုံကမပြုတတ်တော့ စိတ်ကတောင်သွား မြောက်သွားနှင့် ဒီလိုဆိုပြန်တော့ ဘယ်မှာပီတိဖြစ်နိုင်ပါ့မလဲ။ ဒါ တရားနာတဲ့သူတွေ အ သိ ဆုံး ပါ ဘဲ လေ၊ ဒါကြောင့် ပီတိဖြစ်လောက်အောင် အာရုံရအောင်နာကြလို့ ဆိုလိုပါတယ်၊ ဒ့ါကြောင့်....

သုဏန္တု၊ ပီ တိ ပါမောက် လျှံတောက် သဒ္ဓါ ဝမ်းမြောက်စွာဖြင့် ကောင်းစွာနာယူ လိုက်ကြပါကုန်လော။

**သဉ္ဇာနေန္ထု**၊ နှစ် လုံး ဝမ်း ထဲ အ သဲ စွဲ အောင် အမြဲဘဲ မှတ်သားကြပါကုန်လော။

ဝါ၊ သညာစေတသိက် ဖိတ်ဖိတ်လျှံ ဖြာဝမ်းမှာ မိအောင်၊ သတိဆောင်၍ သိအောင် ကြိုး စား ကြ ပါ ကုန်လော။

ဘယ်တရားတွေကို သိအောင်ကြိုးစားရမှာလဲဆိုတော့ ခန္ဓာငါးပါးပေါ့၊ ခန္ဓာငါးပါးပေါ်မှာ အထင်မှား နေကြတာဘဲ ဒီခန္ဓာငါးပါးတရားတွေဟာ တခြားမှာ ဖြစ်နေတာ မဟုတ်ပါဘူး၊ မိမိခန္ဓာမှာ အကြည်ရုပ်ပေါ်မှာ ပေါ်နေကြတဲ့ ခန္ဓာငါးပါးပါ။

အကြည်ဆိုတာကလဲတခြားမဟုတ်ပါဘူး၊ ငါ့မျက်စိ၊ငါ့နားစသည်ဖြင့် စွဲနေကြတဲ့ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်၊ နှစ်လုံးသွေးအကြည်ရုပ်ဆိုတဲ့ အ ခံ ဓာတ် တ ရား များ အပြည့်အဝရှိပါတယ်။

အခံဓာတ်(၆)ပါးကို အ မြဲ တိုက် ကြ တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံလို့ အတိုက်ဓာတ်အာရုံ(၆)ပါးကလဲ ဗဟိဒ္ဓလောက အပြည့်အဝရှိပါတယ်၊ ထိုတရားများက ခန္ဓာငါးပါးပြည့်စုံစွာ ဖြစ် ပေါ် နိုင် အောင် အမြဲကျေးဇူးပြုပေးနေပါတယ်။

အခံဓာတ် ဝတ္ထုရုပ်(၆)ပါးက နိဿယပစ္စည်း အဖြစ်ဖြင့် ကျေးဇူးပြုပါတယ်။

အတိုက်ဓာတ်အာရုံ (၆)ပါးကလဲ အာရမ္မဏ စ္စည်း အဖြစ်ဖြင့် ကျေးဇူးပြုနေပါတယ်၊ သူဘို့နှစ်ဦး အကြောင်း ညီညွတ်လာတဲ့အခါ အာရမ္မဏနိဿယပစ္စည်း၊ ပစ္စယုပ္ပန်တွေတာ တပြိုင်နက် တချက်တည်း အတူတူပေါ်လာကြပါတယ်၊ ဒါကိုဘဲ ငါမြင်တယ်၊ ငါကြားတယ်လို့ ထင်နေကြတာပါ။

အဲ့ဒီ ပစ္စယုပ္ပန်ဝတ္တရားတွေက ဘယ်ဟာတွေလဲဆိုတော့ စက္ခု ပသာဒနှင့် ရူပါရုံ ပေါင်းဆုံတဲ့အခါ မြင်မှု စက္ခုဝိညာဉ် ပေါ် လာပါတယ်၊ စက္ခုဝိညာဉ် ပေါ်လာတယ်ဆိုရင်ဘဲ **ကျေပ္ပါဒ၊ ကေနိရောဓ၊ ကောရမ္မဏ ကောဝတ္ထုက** လို့ဆိုတဲ့အတိုင်းအတူတူ ဖြစ်ပေါ်ဖြစ်ဘက်ဖြစ်တဲ့ စေတသိတ်နာမ် ပရမတ်တရားတွေဟာ အတူတကွ ပါလာကြပါတယ်၊ လယ်တီ ဆရာတော်ဘုရားကြီး ကတော့ **ဇ ပါးဝိညာဉ်၊ စွမ်းရည်အင်ကြောင့်၊ မီးတွင်ရှိန်ဝါ၊ ထက်ကြပ်ပါသို့၊ မကွာတူကွ၊ ဖြစ်ပေါ်ကြသား** အဲဒီလို ဆုံးမ ခဲ့ပါတယ်။

လောကမှာ မီးထွန်းလိုက်လျှင် မီးရောင်ပါလာသလို ဒီမှာ လဲဘဲ စက္ခုဝိညာဉ်စသော ဝိညာဉ် (၆) ပါး ဖြစ်ပေါ်လာရင် ဝေဒနာ၊ သညာ၊ စေတနာ ဆိုတဲ့ စေတသိတ် နာမ် ခန္ဓာ တွေ ဟာ တခါထဲ ပါလာကြပါတယ်။ အဲဒါလို ခြောက်ဒွါရမှာ ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဉ်ဆိုတဲ့ တရားတွေ ဖြစ်ပေါ်နေ ကြတာ ပါလားလို့ အဖြစ်ကိုရှုနေတဲ့ ဉာဏ်ဟာ သဘာဝသစ္စာ ဉာဏ်ပါဘဲ၊ ပရိညာအားဖြင့် ညာတ ပရိညာလို့ခေါ်ပါတယ်၊ ဒီနေရာမှာ သဘာဝသစ္စာ ညာတပရိညာခန်းက ခေတ္တရပ်ထား ပြီး တီရဏ ပရိညာ အရိယသစ္စာခန်းကို ဉာဏ်တဆင့်တိုးပြီး ပွားရှုကြကြပါအုံးစို့၊ ခြောက်ဒွါရမှာဖြစ်နေတဲ့ ခန္ဓာငါးပါး တွေဟာ ရုပ်နာမ်တန့်စားခြင်း မရှိပါဘူး၊ ဖြစ်ပေါ်လာရင် ရင့် ရော်မှု၊ ယိုယွင်းမှု၊ အိုမင်းမှု၊ ဆွေးမြေ့မှုကိုသာ ရှေးရှုပြီး ဖြစ် လာတဲ့ ခန္ဓာငါးပါးတွေပါ၊ ဒါကြောင့် ရှင်တော်ဘုရားကြီးက **နဒီသောတောဝိယ** လို့ ဟောတော်မူခဲ့ပါတယ်။ အခိပ္ပါယ်က တော့ မြစ်ရေအယဉ်တွေ စီးနေသလိုပဲဘဲတဲ့၊ အားလုံး မြစ်ရေ

ကို မြင်ဘူးကြမယ်ပေါ့၊ မနက်ကြည့်လဲ ဒီရေလို့ ထင်ရတာဘဲ၊ နေ့လယ်ကြည့်လဲ ဒီရေလို့ထင်ရတာဘဲ၊ ညနေကြည့်လိုက်တော့လဲ ဒီရေလို့ထင်ရတာဘဲ။ မိမိတို့ ထင်တဲ့အတိုင်း ဒီရေချည့်ဘဲ ဟုတ်နိုင်ပါ့မလား။ ဒီရေချည့်ဘဲဆိုရင် မြစ်ရေဟာ တိုးခြင်း၊ ကျချင်းမရှိနိုင်ပါဘူး၊ အခုတော့ ဒီရေချည်းဘဲ မဟုတ်သည့်အတွက် တခါတခါ ရေတွေတိုးတယ်၊ ရေတွေကြီးတယ်၊ တခါတခါ မြစ်ရေတွေ ကျသွားပါတယ်၊ အဲဒီလို လျော့နဲ့တိုးဆုတ်ဖြစ်နေတာဟာ ဒီရေတွေချည်းဘဲ မဟုတ်လို့ပေါ့၊ ရေအသစ်တွေတိုးလိုက် အဟောင်းအဟောင်းတွေ စီးသွားလိုက်၊ မြစ်ပြင်ကြီးနဲ့ တခုအသစ်တွေ တိုးလိုက်-အဟောင်းတွေ စီးလိုက်နဲ့ အသစ်အဟောင်း ပြောင်းရွှေ့နေတာပါ၊ ထိုနည်းမခြားအလား တူစွာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ခြောက်ဒွါရမှာ ဖြစ်ပေါ်နေကြတဲ့ ခန္ဓာငါးပါးတွေဟာ တစဉ်တည်းတသမတ်တည်း တည်မနေနိုင်ကြပါဘူး။ မျက်စိမှာဖြစ်တဲ့ ခန္ဓာငါးပါးဟာ မျက်စိမှာဘဲ ချုပ်ရပါတယ်၊ နားမှာဖြစ်တဲ့ ခန္ဓာငါးပါးဟာ နားမှာဘဲချုပ်ရပါတယ်၊ အဲသလို ခြောက်ဒွါရမှာဖြစ်နေတဲ့ ခန္ဓာ ငါးပါးတွေဟာ ဒီနေရာက နေပြီး ဟိုနေရာသို့ မရွှေ့မပြောင်းနိုင်ပါဘူး၊ ဒီနေရာမှာဖြစ်တဲ့ ခန္ဓာငါးပါးတွေဟာ ဟိုနေရာကျမှ ဖြစ်တယ်လို့ ဒီလို မရပါဘူး၊ ဆတ်ဆတ်အို ဆတ်ဆတ်သေ မဟုတ်လား၊ အဲသလို အရိယာ သစ္စာနှယ်ကို ဉာဏ်တကယ်ဝင်စားလိုက်တော့ ဘယ်မှာလဲ အားကိုးစရာဆိုတာ၊ ဘယ်မှာလဲ အားထားစရာဆိုတာ၊ အားကိုး အားထားစရာ မရှိပါဘူး၊ ခန္ဓာငါးပါးဟာ ရေမြှုပ်ရေပွက် တံလျှပ်ငှက်ပျော မျက်လှည့်သဘောပါ၊ အဲသလို ခန္ဓာငါးပါးအပေါ်မှာ သဘာဝ သစ္စာစခန်းက ဖြစ်ပုံ၊ အရိယာစခန်းမှာ ပျက်ပုံ

အလုံးစုံ ဉာဏ်နှင့် ငုံလိုက်တော့ ဖြစ်လာတာလဲ ငါ့ကြောင့် သူ့ကြောင့်မဟုတ်ပါဘူး။ သယံဇာတ သဘာဝပါ၊ ပျက်သွားတာလဲ ငါ့ကြောင့် သူ့ကြောင့် မဟုတ်ပါဘူး၊ သယံဇာတ သဘာဝပါ၊ သဘာဝသစ္စာခန်းက ကြည့်တော့လဲ ငါမပိုင်ပါဘူး၊ အရိယ သစ္စာခန်းက ကြည့်တော့လဲ ငါမဆိုင်ဘူး၊ ငါပိုင် ငါဆိုင်မှ လွတ်နေတဲ့ အနတ္တ သုညတတရားပါဘဲ၊ အဲသလို ခန္ဓာငါးပါးရဲ့အပေါ်မှာ အတ္တသုဉ်းဆိတ်ပြီး၊ အနတ္တ သုညတတရားကြီးကို ရှုကြမယ်၊ ပွားကြမယ်၊ အားထုတ်ကြမယ် ဆိုရင်ဖြင့် အစကပြောခဲ့တဲ့ တရားနာရင်း ပီတိဆိုတဲ့ ဝမ်းမြောက်မှုကြီးတွေ ဖြစ်နိုင်ပါပြီ။ ဒါကြောင့် ဝမ်းပန်းတသာဖြစ်ကြရအောင် အလွန်မတန်မှ ကြားနာရခဲ့တဲ့ တရားတော်ကြီးကို ရှုကြ ပွားကြ အားထုတ်ကြပေတော့ ဒါကြောင့်....

သုဏန္တု၊ ပီတိပါမောက် လျှံတောက်သဒ္ဒါ ဝမ်းမြောက်စွာဖြင့် ကောင်းစွာနာယူလိုက်ကြပါကုန်လော။

သဥ္စာနေန္တု၊ နှစ်လုံးဝမ်းထဲ၊ အသဲစွဲအောင်၊ အမြဲဘဲ မှတ်သားကြပါကုန်လော။

ဝါ–သညာစေတသိတ်၊ ဖိတ်ဖိတ်လျှမ်းဖြာ၊ ဝမ်းမှာမိအောင်၊ သတိဆောင်၍၊ သိအောင် ကြိုးစားကြပါကုန်လော။

သုစရန္တု၊ နာရုံ၊ ကြားရုံ၊ မှတ်သားရုံမျှ မနေကြဘဲ ဒုက္ခစဲအောင်၊ အားခဲကျင့်ကြံလိုက်ကြကုန်ရာ သတည်း။

သာဓု သာဓု သာဓု။

—— x ——

# လက်ျာလမ်းစဉ် တရားတော်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲကဲ - တရားဆက်လက်နာကြရအောင်၊ (၂) နံပတ် အစီအစဉ်အရ ယနေ့ည ဟောရလိမ့်မယ်။

ယခုဟောရမဲ့ တရားပွဲတော်ကြီးကတော့၊ ၁၃၃၈-ခု၊ နယုန်လဆန်း (၃)ရက် **ကြောင်ပန်းဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး၏** မွေးဖွားတော်မူသော နေ့ထူးနေ့မြတ်ကြီးမှာ ဤ **မအူကျွန်းဌာန**သို့ နှစ်စဉ်ထာဝရ ပြုလုပ်ကျင်းပမြဲဖြစ်တဲ့ **ဆရာတော်ဘုရားရဲ့ မွေးနေ့ပူဇော်ပွဲကြီး** ပါဘဲ။ **မွေးနေ့မာရိအောင်ဘုရား** ရှေ့မှာ ဆရာတော်ဘုရား သက်တော် ရာကျော် ရှည် ရန် အတွက် **သက်တော်ရှည် ဘွဲ့ထူးကို ဆွတ်ခူးနိုင်ပါစေလို့** တောင်းဆုချွေလာကြတာ ယခုနှစ်ပါဆိုရင် ( ) ကြိမ် ရှိသွားကြပါပြီ။

ယခုလို သက်တော် ရာကျော် ရှည်ရန်အတွက် ဘာဖြစ်လို့ ဆုတောင်းကြရသလဲဆိုတော့၊ ဆရာတော်ဘုရားဟာ သာသနာနှင့် ပတ်သက်ကြည့်လိုက်ရင် ကျေးဇူး အလွန်များတဲ့ပုဂ္ဂိုလ်ပါ။ သာသနာပြုတဲ့နေရာမှာ ဆင်းရဲတယ်၊ ပင်ပန်းတယ်၊ နွမ်းနယ်တယ်လို့ ဆရာတော်ဘုရားဟာ ဘယ်တော့မှ ညည်းညူတော်မမူပါဘူး။ ကုန်းလမ်းရေလမ်းလေလမ်းတို့မှာ ဌာနမရွေး၊ ဒေသမရွေး၊ ကာလမရွေး သာသနာပြုလေ့ရှိပါတယ်။ ဒါကြောင့်မို့ ဆရာတော်ဘုရား သက်တော်ရှည်သမျှ၊ ရှိရှိသမျှ သာဝကတွေ အကျိုး အလွန်များသည့် အတွက် သက်တော် ရှည်ပါစေလို့ နှစ်စဉ်ဆုတောင်းကြရတာ၊ တနည်းအားဖြင့် ဆရာတော်ဘုရားရဲ့

အဆုံးအမ ဩဝါဒတွေဟာ ကြောင်ပန်း သာဝကမှန်ရင် လူတိုင်းမှာဘဲ ရှိကြပါတယ်။ ဒါ့ကြောင့်မို့ အဆုံးအမဩဝါဒ ကို ပေးနိုင်တဲ့ ဆရာတော်ဘုရားမို့ သာဝကတွေကို အပါယ် လေးပါးမှ လွန်မြောက်အောင် ကျေးဇူးပြုထားတဲ့ ဆရာတော် ဘုရားမို့ ဒီကျေးဇူးတရားတွေကို ဆပ်ကြတယ်ဆိုလဲမလွဲပါဘူး။

ခုလို ကျေးဇူးဆပ်ကြတဲ့နေရာမှာလဲ ဘာနဲ့ ကျေးဇူးဆပ်ရ မလဲ လို့ ဝေဘန်တို့ အများကြီးလိုပါသေးတယ်။

ရှင်တော်ဘုရားကြီးကလဲ ဒီလို ဝေဘန်တတ်အောင်လို့....

## တိကင်္ဂုတ္တရ ပါဠိတော်မှာ

၁။ ချစ်သားရဟန်းတို့။ အကြင် ဆရာဖြစ်သော ပုဂ္ဂိုလ်ကို အစွဲပြု၍ အကြင်တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် ဗုဒ္ဓ သရဏဂုံ ဓမ္မသရဏဂုံ သံဃသရဏဂုံ တည်ပေ၏။

ချစ်သားရဟန်းတို့။ ဤသို့ သရဏဂုံတည်စေသော ဆရာ ဥပဇ္ဈာယ်ဖြစ်သော ပုဂ္ဂိုလ်သည်လည်း တပည့်ဖြစ်သော ပုဂ္ဂိုလ် အား ကျေးဇူး ဥပကာရ များလှပေ၏။

၂။ ချစ်သားရဟန်းတို့။ ထိုမှတပါး ဤလောက၌ ဒုက္ခ သစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာကို ယထာ ဘူတ နေရာကျ သိမြင်သော သောတာပတ္တိမဂ်ဉာဏ်ကို ရပေ၏။

၃။ ချစ်သားရဟန်းတို့။ ထိုမှတပါး ဤလောက၌ အာသ ဝေါ တရားတို့၏ ကုန်ရာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဒိဋ္ဌဓမ္မ ဤဘဝ၌ပင်လျှင် မျက်မှောက်ပြု၍ နေနိုင်ရာ၏။ အရဟတ္တ မဂ် အရဟတ္တဖိုလ်ပေါက်ရောက်ရာ၏။

ချစ်သားတို့။ ဤဆိုအပ်ခဲ့ပြီးသော (၃)မျိုးသော ဆရာ ဥပဇ္ဈာယ်တို့သည် သဒ္ဓိဝိဟာရိက အန္တေဝါသိက ပုဂ္ဂိုလ်တို့အား ကျေးဇူးဥပကာရများလှသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေကုန်၏။

ချစ်သားရဟန်းတို့။ ဤဆိုအပ်ပြီးသော (၃)မျိုး အပြားရှိသော....

၁။ သရဏဂုံတည်စေသော ဆရာဥပဇ္ဈာယ်၊
၂။ သောတာပတ္တိမဂ်ဉာဏ်သို့ရောက်စေသော ဆရာဥပဇ္ဈာယ်၊
၃။ အရဟတ္တမဂ်ဉာဏ်သို့ရောက်စေသော ဆရာဥပဇ္ဈာယ်၊

ဤပုဂ္ဂိုလ် ၃-မျိုးထက် ထိုပုဂ္ဂိုလ်တို့၏ အပေါ်ဝယ် ကျေးဇူးများလှသော ဆရာသမားဟူ၍ လောက၌မရှိတော့ပြီ။

ချစ်သားတို့။ ဤသို့ဆိုအပ်ပြီးသော (၃)မျိုးသော ဆရာဥပဇ္ဈာယ်, ကျေးဇူးဥပကာရများလှသော ပုဂ္ဂိုလ်တို့အားတပည့်ဖြစ်သော ဤပုဂ္ဂိုလ်သည် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိအသေပြုခြင်း၊ ဆွမ်းသင်္ကန်း၊ ကျောင်း ဆေးပစ္စည်း လေးပါးတို့ကို ပေးကမ်းလှူဒါန်းခြင်း၊ ဤမျှဖြင့် ကျေးဇူးဥပကာရ အတုံ့အပြန် ကျေလည်အောင် ဆပ်နိုင်မည်ဟူ၍ ငါဘုရားမဟော လို့....

မြတ်စွာဘုရားက တိကင်္ဂုတ္တရပါဠိတော်မှာ ဟောကြားတော်မူသည့်အတိုင်း ကြည့်လိုက်တော့....

ဆရာတော်ဘုရား၏ အဆုံးအမသြဝါဒကြောင့် သရဏဂုံနှင့် တကွ သူတော်ကောင်းတွေ ဖြစ်နေကြပါပြီ။ ဒါကြောင့်မို့ အမြတ်ဆုံးဖြစ်တဲ့....

သရဏဂုံတည်စေတဲ့ဆရာ၊
သောတာပတ္တိမဂ်ဉာဏ်ကိုရစေတဲ့ဆရာ၊
အရဟတ္တမဂ်ဉာဏ်သို့ရောက်စေတဲ့ဆရာ၊

လို့ (၃)မျိုးရှိသည့် အနက်မှာ ဆရာတော် ဘုရားဟာ တပါး အပါအဝင် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆရာတော် ကျေးဇူးများဆပ်တဲ့နေရာမှာ လောကဝတ္ထုပစ္စည်းများလှူဒါန်း ရုံနှင့်လဲ မကျေနိုင်ပါဘူး၊ ခရီးဦးကြိုဆိုပြီး ဝတ်ကြီးဝတ်များကို ပြုစုနေသော်လဲ မကျေနိုင်ပါဘူး။

ခုလိုလောက ကျေးဇူးဆပ်နည်းနှင့် မကျေတော့ ဘယ်လို ဆပ်ကြမလဲ ဘာနဲ့ဆပ်ကြမလဲလို့ စဉ်းစားရပါလိမ့်မယ်၊ စဉ်းစားလိုက်တော့ တရားနဲ့ဆပ်မှသာလျှင် ကျေမယ်ဆိုတာ ထင်ရှားလှပါတယ်။

ဒါကြောင့် **သာဝကတွေဟာ တရားသာ ပဓာန** ထားပြီး တော့ **ဟောကြ၊ နာကြ၊ ဆွေးနွေးကြ၊** ရွတ်ဖတ်သရဇ္ဈာယ် ကြတာတွေဟာ ဆရာတော်ဘုရားရဲ့ ကျေးဇူးအလှန်များလို့ မဟုတ်လား။ တရားဟာ အဓိကပါဘဲ တရားပွဲ ဖြစ်မြောက်ရန် အတွက်နှင့် **လှူဒါန်းကြတာလဲ** မနဲပါဘူး။ ဤ **မအူကျွန်းက** ဆိုရင် ငွေ( ၂၀၀၀ )ကျော်လောက် ရှိပါတယ်။ အလှန့်ခရီး ဝေးကွာလှတဲ့ **ပုသိမ်ခရိုင် ပေုတောမြို့နယ် ရေကျော်ရွာက** သာဝကတွေ သင်တန်းသားတွေကဆိုရင် ဆန်၊ ငါးပိ၊ ငံပြာရည်၊ ပဲငံနခြောက်တို့ကို လိုသလောက် တာဝန်ယူပြီး လှူဒါန်းကြပါ တယ်။

နောက်ပြီးတော့ မရိမ္မကျောက်တန်း ငါးပယ်၊ တွင်းကြီး၊ ကျားအို စသောရွာများကလဲ တရားပွဲဖြစ်မြောက်ရန် ဆရာတော် ဘုရားကို တရားနဲ့ကျေးဇူးဆပ်မယ်လို့ စိတ်ထားဖြင့် လှူဒါန်းကြတာကလဲ မနဲပါဘူး။

ပြီးတော့ ရွတ်ဖတ် သရဇ္ဈာယ်ပြီးကျေးဇူးဆပ်သွားကြတာ၊ ဟောပြောပြီး ကျေးဇူးဆပ်ကြတာ အများကြီးပါဘဲ။

နံနက်စောစောကဆိုရင် မရိမ္မရွာ ပါပဝိသောဓကအဖွဲ့ကြီးက ပဋ္ဌာန်း ဒေသနာတော်ကြီးကို ရွတ်ဖတ်ပြီး ကျေးဇူး ဆပ်သွားကြပြီ၊ ကျောက်တန်းရွာ ဓမ္မဥာဏီကုမာရီ အဖွဲ့ကြီးကလဲ ဆဆက္ကသုတ်တော်ကြီးကို ရွတ်ပြီးကျေးဇူးဆပ်ကြပါပြီ။

နောက်ပြီး ငါးပယ်ရွာ ပဋ္ဌကလျာဏီအဖွဲ့ကြီးကလဲ အဘိဓမ္မာ ၇ ကျမ်းကို ရွတ်ဖတ်၍ ကျေးဇူး ဆပ်ကြပါတယ်။

ဤမအူကျွန်းဌာနမှ ဆရာတော်ဘုရားရဲ့ တပည့်မြေးသား တွေကလဲ ဆရာတော်ဘုရား မာစေကြောင်းဖြင့် ပန်းသပြေ ညောင်ရေလောင်း၍ ဆုတောင်းကျေးဇူးသွားကြပြီး ယခုလို နှစ်စဉ်ထာဝရ မွေးနေ့မာရ်အောင်ဘုရားကို ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးပန်းတို့နှင့် အသက်ထက်ဆုံး ပူလုပ်ကြဘို့ပါဘဲ။

ယခုနှစ် နံပါတ်( ၂ )အစီအစဉ်အရ ဆရာတော်ဘုရားကို မွေးနေ့ လက်ဆောင်ပါးလိုက်တဲ့ ဂါထာတော်ကြီးနှင့် ကျေးဇူး ဆပ်ပါမယ်။

အဲဒီ ဂါထာတော်ကြီးက....

ရဇောဟာရောမှိ ထေရာနံ၊
သာသနံ ယေဟိ အာဘတံ။
ပါဒဋ္ဌိနိစ သဗ္ဗာနိ၊
မတ္ထကေန ဝဟာမိ မေ။ ။

ဘောဇ္ဈင်္ဂ၊ ကြီးငယ်သောင်းပြောင်း အိုဓမ္မဉာဏ်
အပေါင်းတို့။ မေဉာဏ်အများ၊ အသိပွားစေ၊ မေတ္တာ
ချွေလျက်၊ ဒေသနက္ကမ - ပဋိပတ္တိက္ကမ၊ အဝဝ တို့ဖြင့်၊
ညွှန်ပြကာနေ၊ ငါမထေရ်၏။

ဆရာတော်ဘုရားဟာ မျက်ကွယ်မှာ ရှိကြသော လောက
ဉာဏ် ဓမ္မဉာဏ် မျက်မှောက်မှာရှိသော၊လောကဉာဏ်၊ဓမ္မဉာဏ်
ရှိရှိသမျှ ဉာဏ်အများတို့အား၊ ဆရာတော် ဘုရားဟာ အသိ
တရားတွေကို အမြဲတမ်း တိုးတက်စေလိုပါတယ်။

အသိတရားများကို ဘယ်တော့မှ ဆုတ်ယုတ်မသွားစေလိုပါ
ဘူး။ ဒါကြောင့်မို့ ဆရာတော်ဘုရားဟာ နည်းအမျိုးမျိုးနှင့်
ပြသတော်မူပါတယ်။

ဘယ်နည်းနဲ့ သိမလဲလို့ အမြဲစဉ်းစားပြီး၊ ပဋိစ္စ သမုပ္ပါဒ်
နည်းနှင့်ပြလိုက်၊ ပဋ္ဌာန်းနည်းနဲ့ ပြလိုက်၊ တခါ တွဲဘက်ပြီးပြ
လိုက်၊ ယခုဆို ပဋ္ဌာန်းအရကောက်၊အလွယ်ဆုံးနည်း သုဒ္ဓသချာ
(၉)ပုဒ် ဆိုပြီးတော့ ဆရာတော်ဘုရား ပြသတော်မူပါတယ်။

အဲဒီ သုဒ္ဓသချာ (၉)ပုဒ်ဆိုတာကတော့—

၁။ **ကုသလော ကုသလဿ** ဆိုသည်မှာ ကုသိုလ်ကြောင့်
ကုသိုလ်ဖြစ်ပါသည်။

၂။ **ကုသလော အကုသလဿ** ဆိုသည်မှာ ကုသိုလ်ကြောင့်
အကုသိုလ်ဖြစ်ပါသည်။

၃။ **ကုသလော အဗျာကတဿ** ဆိုသည်မှာ ကုသိုလ်ကြောင့်
အဗျာကတ ဖြစ်ပါသည်။

၄။ **အကုသလော အကုသလဿ** ဆိုသည်မှာ အကုသိုလ်
ကြောင့် အကုသိုလ်ဖြစ်ပါသည်။

၅။ **အကုသလော ကုသလဿ** ဆိုသည်မှာ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပါသည်။

၆။ **အကုသလော အဗျာကတဿ** ဆိုသည်မှာ အကုသိုလ် ကြောင့် အဗျာကတဖြစ်ပါသည်။

၇။ **အဗျာကတော အဗျာကတဿ** ဆိုသည်မှာ အဗျာကတ ကြောင့် အဗျာကတ ဖြစ်ပါသည်။

၈။ **အဗျာကတော ကုသလဿ** ဆိုသည်မှာ အဗျာကတ ကြောင့် ကုသိုလ်ဖြစ်ပါသည်။

၉။ **အဗျာကတော အကုသလဿ** ဆိုသည်မှာ အဗျာကတ ကြောင့် အကုသိုလ်ဖြစ်ပါသည်။

အဲသလို ဆရာတော်ဘုရား ထုတ်နုတ်၍ပြသတော်မူပါတယ်။ ဒါ ဆရာတော်ဘုရားရဲ့ မေတ္တာ စေတနာတွေဘဲ မဟုတ်လား။ ဒါကြောင့် —

မေ၊ ဥာတိ အများ အသိပွားစေ မေတ္တာချွေ လျက် ဒေသနက္ကမ ပဋိပတ္တိက္ကမ အဝဝတို့ဖြင့် ညွှန်ပြ ကာနေ ငါမထေရ်။

သဒ္ဓဟနံစ၊ ဆရာ့လမ်းစဉ်၊ ငါ့လမ်းစဉ်ဟု လမ်းစဉ် ကိုဆက် ယုံကြည်ချက်ကိုရင်း။

ဆရာတော်ဘုရားဟာ ရှေးဆရာတော်ဘုရားကြီးတို့ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း တသွေမတိမ်းရအောင် ဆက်လက်ပြီးတော့ ပြုနေတဲ့ လမ်းဆက်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဆရာတော်ဘုရားဟာ ဆရာတော်ဘုရားကြီးတို့ရဲ့ ချမှတ်ခဲ့တဲ့ လမ်းစဉ်ကိုအလွန်ယုံကြည် တဲ့ ပုဂ္ဂိုလ်ပါ။ ကြောင်ပန်း ဆရာတော်ဘုရားများ ချသွားတဲ့ လမ်းစဉ်ဟာ ငါ့လမ်းစဉ်ဘဲ၊ ဒီလမ်းဟာ ငါပြုလုပ်ရမဲ့လမ်းဘဲ

လို့ ဒီလမ်းဟာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ် အမှန်ဘဲလို့ ယုံကြည်ထားပါတယ်။ ဆရာတော် ဘုရားကြီးတွေ ချ သွားတဲ့ လမ်းစဉ်ကလဲ နိဗ္ဗာန်သွား လမ်းစဉ်အမှန်ပါ။

ကမ(အစဉ်)[၅]မျိုးနှင့် ချကြည့်တော့လဲ အလွန်ထင်ရှားပါတယ်။ **ကမ(အစဉ်) ၅မျိုးဆိုတာ....**

၁။ ဘူမိက္ကမ၊ ဘုံစဉ်ရှိသလို ဟောတော်မူခြင်း။

၂။ ပဟာနက္ကမ၊ မဂ်ပယ်စဉ်ရှိသလို ဟောတော်မူခြင်း။

၃။ ဥပ္ပတ္တိက္ကမ၊ ဖြစ်စဉ်ရှိသလို ဟောတော်မူခြင်း။

၄။ ဒေသနက္ကမ၊ ဘုရားတို့ထုံးစံအတိုင်း ဟောရိုးဟောစဉ် ဟောခြင်း။

၅။ ပဋိပတ္တိက္ကမ၊ နိဗ္ဗာန်ရလိုသူတို့ ကျင့်ရမည့် အစဉ်ကို ဟောခြင်း။

လို့ ဆိုတဲ့ ကမ (အစဉ်) [၅]မျိုးနဲ့ ကြည့်လိုက်တော့လဲ ဆရာတော်ဘုရားကြီးတွေဟာ ဒေသနက္ကမ - ပဋိပတ္တိက္ကမ ဆိုတဲ့ လမ်းစဉ်ကြီးတွေကို ချမှတ်တော်မူခဲ့ကြပါတယ်။ ဒီလမ်းစဉ်ကြီးတွေကို ယုံကြည်စွာပြုလုပ်နေပါတယ်။

ပဓာနိယင်္ဂတရား ငါးပါးထဲမှာလဲ....

ယုံကြည်ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊ ဥဿာဟမှု၊
ပညာရှိသည်၊ ငါးခု ပဓာနိယင်္ဂတရားတည်း။

လို့ ဆိုတဲ့အတိုင်း ဆရာတော်ဘုရားဟာ **သဒ္ဓါ** ယုံကြည်မှု၊ **အသာဌေယျ** ဖြောင့်စင်းမှု၊ **ဥဿာဟ** အားထုတ်မှုဆိုတဲ့ တရားများနှင့်ပြည့်စုံပါတယ်။ နိဗ္ဗာန်လိုချင်လျှင် ဒီတရားတွေနှင့်ပြည့်စုံရပါမယ်။ ဒါ့ကြောင့်....

သဒ္ဓဟာနံစ၊ ဆရာ့လမ်းစဉ် ငါ့လမ်းစဉ်ဟု လမ်းစဉ်
ကိုဆက် ယုံကြည်ချက်ကိုရင်း။

အသာဌေယျံစ ပဓာနိယင် တတိယမို့ ကာယစိတ္တ
မနလုံးစုံ ဖြောင့်စင်းပုံကိုရှင်း။

ဆရာတော်ဘုရားဟာ အမြဲတမ်း ဖြောင့်စင်းတော်မူပါတယ်။ ဘယ်တော့မှကောက်ကျစ်စဉ်းလဲခြင်း မရှိပါဘူး။ **ကာယဝင်္က** တဲ့ ကာယ ဒုစရိုက်တို့ကိုပြုခြင်း၊ကာယဒွါရ၌ဖြစ်သောအပြစ်ဒေါသ၊ ကာယကံကြူးလွန်ခြင်း၊ ကာယဒွါရ၌ ကောက်ကျစ်စဉ်းလဲခြင်း၊ ကာယကံ မဖြောင့်စင်းခြင်း။ **ဝစီဝင်္က**တဲ့ ဝစီဒုစရိုက်တို့ကိုပြုခြင်း၊ ဝစီဒွါရ၌ ဖြစ်သောအပြစ် ဒေါသ ဝစီကံကြူးလွန်ခြင်း၊ ဝစီဒွါရ၌ ကောက်ကျစ်စဉ်းလဲခြင်း၊ ဝစီကံမဖြောင့်စင်းခြင်း။ **မနောဝင်္က** တဲ့။ မနော ဒုစရိုက်တို့ကိုပြုခြင်း၊ မနောဒွါရ၌ ဖြစ်သော အပြစ်ဒေါသ၊ မနောကံကြူးလွန်ခြင်း၊ မနောဒွါရ၌ ကောက်ကျစ်စဉ်းလဲခြင်း၊ မနောကံမဖြောင့်စင်းခြင်း။

အဲသလိုလဲ ဆရာတော်ဘုရားရဲ့ သန္တာန်မှာ ကောက်ကျစ်စဉ်းလဲခြင်းမရှိပါဘူး။

ပြီးတော့ **မာယာသာဌေယျ** ဆိုတာတွေလဲ မရှိပါဘူး။ **မာယာ** ဆိုတာ မိမိအပြစ်ကို ဖုံးဝှက် ကွယ်ထားပြီး အပြစ်မရှိဟန်ဆောင်နေသော ဉာဏ်တမျိုး၊ **သာဌေယျ** ဆိုတာကတော့ မိမိမှာဂုဏ်မရှိဘဲနှင့် သူတပါးတွေ အထင်ကြီးအောင် ဂုဏ်ရှိဟန်ဆောင်သော ဉာဏ်တမျိုး။

အဲသလိုလဲ ဆရာတော်သန္တာန်မှာ အပလိဉာဏ် အလိမ်ဉာဏ် အကောက်ဉာဏ်တွေလဲ မရှိပါဘူး။ အမြဲတမ်းဖြောင့်စင်းတော်မူပါတယ်။ ဒါကြောင့်....

အသာဌေယျံစ၊ ပဓာနိယင် တတိယမို့ ကာယစိတ္တ
မနလုံးစုံ ဖြောင့်စင်းပုံကိုရှင်း။

တုမှာကံ၊ အာစရိယ ဆုံးမစကား မှီငြမ်းထား၍
ရှုပွားနေငြား သင်ဥာတိအများတို့အား။
ဘာသိဿာမိ၊(၅)မြို့နဂရ၊ (၅) ဌာနမှာ၊ တရား
ပြရင်း မေတ္တာသွင်း၍ ရင်တွင်းရှိသမျှ ငါ့ဆန္ဒကို
ဖွင့်ဟာသာယာ ပြောပြလိုက်ပါအံ့။

ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာ ဘာတွေရှိသလဲဆိုတော့။ ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာမေတ္တာတွေရှိပါတယ်။ ကရုဏာတွေရှိပါတယ်။ သဒ္ဓါတရားတွေရှိပါတယ်။ သာဝကတွေသိကြပါစေဆိုတဲ့ စေတနာဓာတ်တွေဟာ ဆရာတော်ဘုရားရဲ့ သန္တာန်မှာ အမြဲတမ်းရှိပါတယ်။

ဒါကြောင့်မို့ ဆရာတော်ဘုရားဟာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်တာကို ပဓာနမထားဘဲ လှည့်လည်ပြီး သာသနာပြုနေပါတယ်။

ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာရှိတဲ့ စေတနာဓာတ်တွေက လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း ဆရာတော်ဘုရားဟာ ရပ်နားမနေနိုင်ဘဲ အင်မတန် ခရီးဝေးကွာလှတဲ့ **ကလေးမြို့**၊ **မေမြို့**၊ **မိုးကုတ်မြို့**၊ **သပိတ်ကျင်းမြို့**၊ **မြင်းခြံမြို့** ဆိုတဲ့ မြို့ကြီး ငါးမြို့၊ ဌာနကြီး ငါးဌာနကို မရပ်မနားသွားလာပြီး သာသနာပြုနေတယ် မဟုတ်လား။

အလွန်ဝေးတဲ့ ဌာနတွေမှာဆိုရင် ဆရာတော်ဘုရားဟာ အထက်ဝေဟင်ခရီးက လေယာဉ်ကိုစီးလို့၊ တချို့လမ်းတွေမှာဆိုရင် ဆရာတော်ဘုရားဟာ ရေကြောင်းခရီးမို့ လှေလှော်ကြီးကို စီးရသတဲ့။

ကုန်းကြောင်းခရီးမှာ ဆိုတာကတော့ ရထားယာဉ်တွေ၊ မော်တော်ကားယာဉ်တွေစီးရတာကတော့ ဆရာတော်ဘုရားမှာ အမောသားဘဲ။

အဲဒါလို ဌာနမရွေး၊ ကာလမရွေး သွားလာပြီး သာသနာပြုနေတာဟာ ဘုန်းကြီးချင်လို့လဲ မဟုတ်ပါဘူး။ တန်ခိုးကြီးချင်လို့လဲ မဟုတ်ပါဘူး။ ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာရှိကြတဲ့ မေတ္တာ၊ ကရုဏာ၊ သဒ္ဓါစေတနာတို့က လှုံ့ဆော်လို့ သွားလာနေရှာတာပါ။

နောက်ပြီးတော့ ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာ မေတ္တာကရုဏာတွေရှိသည့်အတွက်ကြောင့်–တပည့်တွေ ဆုံးမတဲ့ နေရာမှာလဲ **မေတ္တာချင်းပြိုင်ရင် ကိုယ်က နိုင်ရမယ်၊ ကရုဏာချင်းပြိုင်ရင် ကိုယ်က နိုင်ရမယ်၊ ဒေါသချင်းပြိုင်ရင် ကိုယ်က မနိုင်စေရဘူး၊ လောဘချင်းပြိုင်ရင် ကိုယ်က** မနိုင်စေရဘူး လို့ ဆရာတော်ဘုရားဟာ အမြဲတမ်းဆုံးမလေ့ရှိပါတယ်။

နောက်ပြီးတော့ ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာ မေတ္တာကရုဏာရှိသည့်အတွက် "**လူမှန်ရင် မေတ္တာတရား - လူထဲမှာ ခြောက်ထပ်ကိန်းရမယ်**" လို့ ဆုံးမပါတယ်။

**မေတ္တာ ၆-ထပ် ဆိုတာကတော့....**

၁။ အရေပါးမှာ ကိန်းနေတာ၊ မေတ္တာတထပ်ကွမ်း။

၂။ အရေထူမှာ ကိန်းနေတာ၊ မေတ္တာတထပ်ကွမ်း။

၃။ အသားအသွေးမှာ ကိန်းနေတာ၊ မေတ္တာတထပ်ကွမ်း၊
၄။ အကြောထဲမှာ ကိန်းနေတာ၊ မေတ္တာတထပ်ကွမ်း၊
၅။ အရိုးထဲမှာ ကိန်းနေတာ၊ မေတ္တာတထပ်ကွမ်း၊
၆။ ရိုးတွင်းခြင်ဆီမှာ ကိန်းနေတာ၊ မေတ္တာတထပ်ကွမ်း လို့

လူမှန်ရင် မေတ္တာတရား ၆-ထပ်ရှိရမယ်လို့ ဆုံးမပါတယ်။ ယခုလို အဆုံးအမတွေဟာ ဆရာတော် ဘုရားရဲ့ ရင်တွင်းက မေတ္တာတရားတွေက ဩဝါဒတွေ ပေးတာပါဘဲ။

ဒီလိုအဆုံးအမ ဩဝါဒအသံတွေကို ကြားရပါသဖြင့် ဆရာတော်ရင်တွင်းမှာ မေတ္တာတရားတွေ၊ ကရုဏာတရားတွေ၊ သဒ္ဓါတရားတွေဟာ ရင်နှင့် အပြည့်ရှိကြောင်းမသိရဘူးလား။

နောက်ပြီးတော့ ဆရာတော်ဘုရားရဲ့ ရင်တွင်းမှာ မေတ္တာ ကရုဏာ တရားတွေ ရှိသည့်အတွက် ကိုယ်အမူအရာ၊ နှုတ်အမူအရာများမှာလဲ ဘယ်သောအခါဘဲဖြစ်ဖြစ်၊ ဒေါသရဲ့အမူအရာ၊ လောဘရဲ့အမူအရာ၊ ဣဿာရဲ့အမူရာ၊ အဘိဇ္ဈာရဲ့ အမူအရာများကို ဘယ်တော့မှ မတွေ့ရပါဘူး၊ မေတ္တာရဲ့ အမူအရာ၊ ကရုဏာရဲ့အမူအရာများသာ တွေ့ရပါတယ်။

ကမ္ဘာကြီးတခုလုံးမှာ ဘယ်ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ်၊ ဘယ်သတ္တဝါဘဲ ဖြစ်ဖြစ်၊ ရင်တွင်းမှာ ရှိသမျှ တရားတွေ ပေါ်နေကြတာ မဟုတ်လား။

လောဘရှိရင် လောဘရဲ့အမူအရာ၊ ဒေါသရှိရင် ဒေါသရဲ့ အမူအရာ၊ ဣဿာရှိရင် ဣဿာရဲ့ အမူအရာများ ပေါ်နေကြပါတယ်။

ဆရာတော်ဘုရားရဲ့ သန္တာန်မှာ အားလုံး သာဝကတွေ ကြောင်ပန်းသို့ ရောက်တဲ့အခါမှာဘဲဖြစ်ဖြစ်၊ တရားပွဲတွေမှာဘဲ ဖြစ်ဖြစ်၊ သင်တန်းပြတဲ့ နေရာတွေမှာဘဲဖြစ်ဖြစ်၊ ဆရာတော် ဘုရားကို တွေ့ဘူးကြ၊ ကြုံဘူးကြပါလိမ့်မယ်။

လောဘ၊ ဒေါသ၊ ဣဿာ၊ အဘိဇ္ဈာရုပ်တွေများ တွေ့ရပါ သလား။ ဒါကိုထောက်သောအားဖြင့်၊ ဆရာတော်ဘုရားဟာ မေတ္တာနဲ့ နေတယ်ဆိုတာ မထင်ရှားဘူးလား။ ဒါကြောင့်....

ဘာသိဿာမိ၊ (၅)မြို့နဂရ(၅)ဌာနမှာတရားပြရင်း မေတ္တာသွင်း၍၊ ရင်တွင်းရှိသမျှ၊ ငါ့ဆန္ဒကို၊ ဖွင့်ဟ သာယာ၊ ပြောပြလိုက်ပါအံ့။

ယေဟိထေရေဟိ၊ ရှင်မဟာကဿပ၊ ပထမ သံဂါ ယနာ၊ အစဖြာ၍၊ ဘဝမသာယာ၊ အောင်နန်းအမတာ ရကြအောင်လို့၊ ဓမ္မကထာ အစောင်စောင်၊ ကျမ်းစာ ပြုခဲ့ကြတဲ့၊ ကြောင်ပန်း ပထမ၊ ဒုတိယနှင့်၊ တတိယ၊ စတုတ္ထ၊ နာယကကျော်ကြား ဆရာတော် ဘုရားကြီး တို့သည်။

သာသနံ၊ ပရိယတ်တရားပြသလို၊ ပဋိပတ်ပွါးကြမှ၊ ပဋိဝေဓ၊ အသွားကျမည်ဟု၊ သုံးဝထိပ်သီး၊ အဆုံးအမ တော်ကြီးကို။

ဆရာတော်ဘုရားကြီးတွေ အဆုံးအမ ဩဝါဒတွေပေးခဲ့ကြ တယ်။ မြို့တကာ ရွာတကာလှည့်လည်ပြီး တရွာဆိုရင် ကိုးည- ဆယ်ညအနည်းဆုံး ဆုံးမကြတယ်၊ သာသနာပြုခဲ့ကြတယ်။

ရွာစဉ်လှည့်ပြီး ကိုယ်တော်တိုင် သာသနာပြုလို့ အားမရ ကြလို့၊ ပထမ ဆရာတော်ဘုရားကြီး ဆိုရင် **ခြောက်စောင်တွဲ ကျမ်း ကြီး** ရေးသား၍ ဆုံးမခဲ့ပါတယ်။

ဒုတိယ ဆရာတော်ဘုရားကြီးကတော့ **သုံးစောင်ကျမ်း** ကြီးကို ရေးသားခဲ့တယ်။

တတိယ နာယက ဆရာတော်ဘုရားကြီးကလဲ **စတုသစ္စနှင့် သံစ္စတ္ထဒီပနီကျမ်း** ကြီးကို ရေးသားပြီး ဆုံးမထားပါတယ်။

စတုတ္ထနာယက ဆရာတော်ဘုရားကြီးမှာဆိုရင် လောကမှာ ဘယ်လောက် ထင်ရှားသလဲ၊ **ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်းကြီး** တွေနှင့်တကွကျမ်းအစောင်စောင်တွေ ဒီကျမ်းစာအစောင်စောင် တွေဟာ အဆုံးအမ ပေးထားတာပါ။ အဆုံးအမ ဆိုတာနှင့် သာသနာဆိုတာ အတူတူပါဘဲ။

သာသေတိတိသာသနံ။

**သာသေတိ** ဆုံးမတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။

သာသနံ၊ သာသနာ မည်၏ တဲ့။

သာသနာနှင့်ဆက်စပ်ပြီးကြည့်တော့ သာသနာ ပြုလာလိုက် ကြတာ အစဉ်အဆက် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်ကြီးတွေ လောကမှာ ဘယ်လောက် ထင်ရှားသလဲ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ ၄-လ အကြာတွင် ရှင်မဟာ ကဿပနှင့် အဇာတသတ်မင်းတို့ သံဂါယနာတင်၍ သာသနာ ပြုခဲ့ကြတယ်။

ၡင်းနောက် ဒုတိယအကြိမ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ နှစ်ပေါင်း(၁၀၀)ခန့် အချိန်မှာ ယသ မထေရ် နှင့် ကာလာ သောက မင်းတို့ သံဂါယနာတင်၍ သာသနာ ပြုခဲ့ကြတယ်။

ၡင်းနောက် တတိယအကြိမ်မှာ၊မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ နှစ်ပေါင်း ၂၃၅ - နှစ် ကြာသောအခါ ရှင်မဟာ မောဂ္ဂလိ ပုတ္တတိဿမထေရ်နှင့် သီရိဓမ္မာသောကမင်းကြီးတို့ သံဂါယနာ တင်၍ သာသနာပြုခဲ့ကြတယ်။

ရှင်းနေ့ာက် မန္တလေး၊ရန်ကုန်၊ သီဟိုဠ်ပေါ့လေ၊ သံဃာတော်တွေ ဦးစီးပြီး သာသနာပြုလာခဲ့ကြတယ်။ မိမိတို့ အနီးကပ်ဆုံးအားဖြင့် ကြည့်မယ်ဆိုရင် ကြောင်ပန်း သာသနာ ကြီးပေါ့၊ သာသနာ ပြုလာခဲ့ကြတာ ဆရာတော် ဘုရားကြီးတွေ အစဉ်အဆက်။

အဲဒီသာသနာကြီးဟာ ခုဘယ်မှာ ရောက်နေသလဲ ဆိုတော့၊ ဆရာတော်ဘုရားရဲ့ ဦးခေါင်းတော်ပေါ်မှာ ရောက်နေပါတယ်။ ဆရာတော်ဘုရားရဲ့ ပခုံးနှစ်ဘက်ပေါ်မှာ ရောက်နေပါတယ်။ တတိယနာယကဆရာတော်ဘုရားကြီးကလဲ သက်တော် ရွယ်တော် ကြီးနေပြီမဟုတ်လား။ ဒါကြောင့် ကြောင်ပန်းသာသနာနှင့်ပတ်သက်သမျှ ဆရာတော်ဘုရားရဲ့ တာဝန်ကြီးပါဘဲ။

လောက-ဥပမာပြောရမယ်ဆိုရင် ဘခင်ရှိစဉ်က စားဝတ်နေရေး၊ လူမှုဆက်ဆံရေး၊ တောင်သူလယ်သမားရေး၊ မင်းရေးစိုးရေး များဟာ၊ သားအကြီးမှာ တာဝန် ကျရောက် သလို၊ ဘခင်ရဲ့ တာဝန်တွေကို သားကြီးကဘဲ ထမ်းဆောင်သလို၊ ဒီမှာလဲဘဲ ဆရာတော်ဘုရားကြီးတွေ ပြုသွားတဲ့ ကြောင်ပန်းသာသနာတော်မြတ်ကြီးကို ဆရာတော်ဘုရားဘဲ ဆက်လက်ပြီး တာဝန်ကျသည့်အတိုင်းပြုနေပါတယ်လို့၊ ဒါကြောင့်....

သာသနံ၊ ပရိယတ် တရားပြသလို၊ ပဋိပတ် ပွါးကြမှ
ပဋိဝေဓ အသားကျမည်ဟု သုံးဝထိပ်သီး အဆုံးအမ
တော်ကြီးကို။

အာဘတံ၊ ဘခင်တာဝန်၊ သားတာဝန်ဟု၊ အား
သွန်ခွန်စိုက်၊ ပြုစုခိုက်တွင်၊ မောဟိုက်ပန်းဟိုက်၊ ခန္ဓာ
စရိုက်ကို၊ အလိုမလိုက်၊ ဂရုမစိုက်ဘဲ၊ ဆက်တိုက်သာ
သနာ၊ငါးထောင်ကြာအောင်၊ ထမ်းဆောင်ခဲ့ကြပါပြီ။

ထေသံထေရာနံ၊ ဘာဝနာမှု အထွေထွေကို အခါခါ
ရှုနေကြတဲ့ ထိုသာသနာပြု မထေရ်မြတ်ကြီးတို့၏။

ရဇောဟာရော၊ နေ့စဉ်နေ့စဉ် ကျောင်းခန်းဝင်တွင်
ခြေတင်သုတ်တုံ၊ မြူမှုံပုံတဲ့၊ ခြေသုတ်ခုံသည်။

ဆရာတော်ဘုရားတို့ရဲ့ ကျောင်းခန်းအဝင်မှာ အမြဲတမ်း ခြေသုတ်တော်မူကြတဲ့ ခြေသုတ်ခုံ ကြီးတွေ ရှိတယ်ပေါ့။ အဲဒီ ခြေသုတ်ခုံကြီးတွေဟာ ခြေသုတ်ရုံပြင်မှတပါး ဘာတခုမှ အသုံး ပြုလို့မဖြစ်ပါဘူး။

ဘာ့ကြောင့်လဲဆိုတော့ လောကအနေအားဖြင့် အင်မတန် နိမ့်ကျတယ်ပေါ့။

အဲဒီ ဆရာတော်ဘုရားကြီးတို့ရဲ့ ခြေသုတ်ခုံဆိုတဲ့ ဆရာတော် ဘုရားရဲ့စိတ်ထားဟာ ဘယ်တော့မှ မောက်မာခြင်း၊ မော်ကြွား ခြင်း၊ ထောင်လွှားခြင်း မရှိပါဘူး၊ အမြဲတမ်း နှိမ့်ချလေ့ရှိပါ တယ်။

မိမိတို့ငယ်စဉ်က မင်္ဂလသုတ်ထဲမှာ အံခဲ့ရတယ်မဟုတ်လား၊ **နိဝါတောစ၊ မိမိကိုယ်ကိုယ် နှိမ့်ချရခြင်းသည်လည်းကောင်း** လို့ ဆိုခဲ့ရတယ်မဟုတ်လား။

ဆရာတော် ဘုရားဟာ **နိဝါတမင်္ဂလာ** နှင့် ပြည့်စုံတော်မူ ပါတယ်။

ဒါဖြင့် ဆရာတော်ဘုရားဟာ ယခုလို မာန် မာနတွေကို နှိမ့်ချပြီးနေတာဟာ စွမ်းရည်သတ္တိမရှိလို့လား၊ ပညာ အရည် အချင်း မရှိလို့လားလို့ကြည့်တော့၊ ဒီလိုလဲ မဟုတ်ပါဘူး။

ဆရာတော်ဘုရားဟာ ရှင်တော်မြတ်ဘုရားကြီးတို့ရဲ့ အလို တော်ကျအတိုင်း ကျင့်ကြံနေတာပါ။

ရှင်တော်မြတ်ဘုရားကြီးတွေ ဘယ်လိုအလိုရှိသလဲဆိုတော့....
စက္ခုမာပိယသာ အန္ဓော၊ သောတာဝါ ဗဓိရောယထာ။

ပညဝါပိ ယထာမူဂေါ၊ ဗလဝါဒုဗ္ဗလောဝိယ။
အတ္ထအတ္တေသမုပ္ပန္နေ၊ စရေယျ မတသရိကော။

စက္ခုမာပိ။ မိမိ၏အကျိုးမဲ့ အရွဲ့တစောင်း မကောင်း ပြုကျင့် ပြောဆိုသော သူကို၊ မြင်စွမ်းနိုင်သော မျက်စိနှစ်ကွင်း အလင်းပင်ရှိငြားသော်လည်း။ အန္ဓောယထာ၊ သူကန်းကဲ့သို့။ စရေယျ၊ ကျင့်ရာ၏။

သောတဝါပိ - မိမိ၏အကျိုးမဲ့၊ အရွဲ့တစောင်း၊ မကောင်း ပြုကျင့် ပြောဆိုသောသူကို။ ကြားစွမ်းနိုင်သော နားနှစ်ကွင်း အလင်းပင် ရှိငြားသော်လည်း။ ဗဓိရောယထာ၊ နားကန်းကဲ့သို့။ စရေယျ၊ ကျင့်ရာ၏။

ပညာဝါပိ - လူကဲရိပ်မိ လောကဓမ္မ နှစ်ဌာနဌ် အစစအရာရာ သိစွမ်း မြင်စွမ်းနိုင်သော အသိအလိမ္မာ ဉာဏ်ပညာပင် ရှိငြားသော်လည်း။ မူဂေါယထာ၊ အဆွံ့အအ အနကြီးကဲ့သို့။စရေယျ၊ ကျင့်ရာ၏။

ဗလဝါပိ၊ သူ့ကိုဘက်ပြိုင် တုပနိုင်စရာ ကာယဗလ ဉာဏဗလ ဓနဗလ ဘောဂဗလ ဉာတိဗလ အစစ အဝဝရှိငြား သော်လည်း။ ဒုဗ္ဗလောဝိယ စဏ္ဍာလ ဒုန်းစဏ္ဍာ အလား အားနည်းသောအားဖြင့်။ စရေယျ၊ ကျင့်ရာ၏။

လို့ - အဲသလို အလိုရှိတော်မူကြသည့်အတွက် ဆရာတော် ဘုရားဟာ မြတ်စွာဘုရားကြီးတို့ရဲ့ အလိုတော်ကျ အတိုင်း ကျင့်ကြံတော်မူတာပါ။ ဒါကြောင့်....

ရဇော်ဟာရော၊ နေ့စဉ် နေ့စဉ် - ကျောင်းခန်းဝင်
တွင် ခြေတင်သုတ်တို့ မြူမှုန့်ပုံတဲ့ခြေသုတ်ခုံသည်။

ဆရာတော်ဘုရားရဲ့ စိတ်နေ စိတ်ထားဟာ ဘယ်တော့မှ မောက်မာ မော်ကြွားခြင်းမရှိပါဘူး။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ စိတ်နေ စိတ်ထား မျိုးပါဘဲ။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ စိတ်နေ စိတ်ထားက ဘယ်လိုလဲ ဆိုတော့ လောက ဥပမာအားဖြင့် ရွာထဲမှာ တောင်းစားကြတဲ့ စဏ္ဍာလတွေကို အားလုံးဘဲ မြင်ဘူးကြမယ် ပေါ့။

အဲဒီ စဏ္ဍာလတွေဟာ ရွာထဲမှာ လှည့်လည်ပြီး တောင်းစား ကြတာ တအိမ်ဝင် တအိမ်ထွက် မသဒ္ဓါမှန်းမသိ၊ သဒ္ဓါမှန်း မသိ၊ မကြည်ဖြူမှန်းမသိ၊ ကြည်ဖြူမှန်းမသိ· အဲသလို တောင်း စားကြတဲ့အခါ သူတို့ရဲ့ စိတ်ထားကလေးတွေဟာ ထောင်လွှား ခြင်းမရှိဘဲ အင်မတန် နှိမ့်ကျကြပါသတဲ့။ အားငယ်ငယ်နှင့် တောင်းစားရတာ ဖြစ်သည့်အတွက် မာန်မာနတရားဟာ ထိုအခါများမှာ လုံးဝမရှိကြပါဘူးတဲ့၊

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့စိတ်ထားဟာ စဏ္ဍာလ တွေ ရွာထဲမှာ လှည့်လည်တောင်းရမ်း စားသောက်သောအခါ ကဲ့သို့ စိတ်ကို နှိမ်ချထားလေ့ရှိသတဲ့။

ဆရာတော်ဘုရားရဲ့စိတ်ထားဟာလဲ ရှင်သာရိပုတ္တရာ ကိုယ် တော်မြတ်ကြီးရဲ့ စိတ်ထားမျိုးပါဘဲ။ ဘယ်သောအခါမှ ထောင်လွှားခြင်း၊ တက်ကြွခြင်း၊ မောက်မာခြင်း၊ မော်ကြွား

ခြင်းမရှိပါဘူး။ အစွယ်ကျိုးနေသော မြွေကဲ့သို့ ချိုကျိုးသော နွားကဲ့သို့ စိတ်ဓာတ်ကိုချပြီးတော့ ကြောင်ပန်း သာသနာကြီး ပွင့်လင်းလာရင်ပြီးရောလို့၊ ခန္ဓာကိုယ် ပင်ပန်းချင်ပင်ပန်းပါစေ လို့၊ ဒီလို စေတနာထားပြီး သာသနာကြီးသာ ကြီးပွားဘို့ ရှေ့ရှုပြီးပြုလုပ်နေပါတယ်။ ဒါကြောင့်....

အဟမေဝ၊ ကြောင်ပန်း၏ နည်းပွင့်လျှင် ပြီးရော့ စိတ်မလျှော့ဘဲ၊ တကြော့ဆွဲထွက်၊ ဇွဲမပျက်စတမ်း၊ တွဲဘက်သင်တန်းကို ရှင်လန်းပြုလုပ်အကျွန်ုပ်၏၊ဓာတ်ရုပ် အပေါင်း၊ မြတ်ဥကျောင်းသည်သာလျှင်။

အမှို၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့၊ ချိုကျိုးသော နွား၊ ဒွန်းစဏ္ဍားလို၊ ထောင်လွှားစနစ်၊ မာန်မယစ်ဘဲ၊ အမှန်ပင်ဖြစ်ပါပေ၏။

ဆရာတော်ဘုရားဟာ သူတပါးအပေါ်၌လဲ မာန်သွင်းခြင်း မာန်ယစ်ခြင်း မရှိပါဘူး။ လောကဓံတရားများ တွေ့ရင်လဲ သည်းခံတဲ့အလေ့ရှိပါတယ်၊ တူပြိုင်၍ ဘယ်တော့မှ ရန်ဘက်မပြု ပါဘူး။ ဒါလဲ မာန်ကိုချထားတဲ့ လက္ခဏာတွေ မဟုတ်လား။ ဒါကြောင့်....

အမှို၊ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးသို့၊ ချိုကျိုးသော နွား၊ ဒွန်းစဏ္ဍားလို၊ ထောင်လွှားစနစ်၊ မာန်မယစ်ဘဲ၊ အမှန်ပင်ဖြစ်ပါပေ၏။

တေသံထေရာန်၊ သာသနအရေး၊ သွေးသားစတေး၍၊ သာသနအတွက်မူ၊ အသက်လှူခဲ့ကြတဲ့၊ ဘဝဂ်မူထိပ်သီး၊ ထိုကြောင်ပန်းမထေရ်မြတ်ကြီးတို့၏။

ရှေးဆရာတော်ဘုရားကြီးတွေလဲ ဒီလိုဘဲ အဆင်းရဲအပင်ပန်းခံပြီးတော့ သာသနာပြုသွားကြပါတယ်။

ပထမဆရာတော်ဘုရားကြီးဆိုရင် တောကြီးမြိုင်ကြီးအလယ်မှာ သွားပြီး၊ ဆင်နင်းချင်နင်းပါစေ၊ ကျားစားချင် စားပါစေဟု ခန္ဓာနှင့်အသက်ကို ပဓာနမထားဘဲ၊ ခြောက်နှစ်တိုင်တိုင် မဟာမြိုင် တောကြီးထဲမှာသွားပြီး အားထုတ်တော် မူတာဟာ ဘယ့်အတွက်ကြောင့် သွားနေတယ်လို့ ထင်ကြသလဲ။

ကမ္ဘာလောကကြီးတခုလုံးကို ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာခေတ်ကြီးကို ဖြိုခွင်းချင်လို့ **အလုပ်လက်မဲ့ လူတန်းစားတွေကို အလုပ်ပေးတရားကြီးကို ဟောချင်လို့** ခန္ဓာနှင့်အသက်ကို ငဲ့ကွက်တော်မမူဘဲ အသားတွေ အသွေးတွေ အကြောတွေ အရိုးတွေကို သာသနာအတွက် စတေးတော်မူခဲ့ပါတယ်။ ဒါကြောင့်....

တေသံထေရာနံ၊ သာသနာ့ အရေး၊ သွေးသားစတေး၍၊သာသနာ့အတွက်မူ၊အသက်လှူခဲ့ကြတဲ့၊ ဘဝဂ်မူထိပ်သီး၊ထိုကြောင်ပန်း မထေရ်မြတ်ကြီးတို့၏။

တေသံထေရာနံ၊ ဥဂ္ဃဋိတညူ ဝိပဥ္စိတညူ ဤနှစ်ဆူတို့၊ လျစ်လျူရှုပြီး၊ ကုန်ခန်းပြီးမို့၊ ယခုနည်းအရ၊ သေအချာပြရလျှင်၊ နေယျ၏ခေတ်၊ ပွါးရှုတဲ့စနစ်ဖြင့်၊ ခေတ်နှင့် လူသား။ လူသားနှင့် ခေတ်၊ ဉာဏ်မြင်ဖြစ်အောင်၊ စနစ်မူထား၊ ထိုဆရာတော်ဘုရားကြီး တို့၏။

ဆရာတော်ဘုရားကြီးတို့ရဲ့ ဝေဘန်ချက် ဘယ်လောက်ပိုင်သလဲ ခေတ်အားလျော်စွာ ခေတ်ကလဲ အလုပ်ခေတ် မဟုတ်လား။ ပုဂ္ဂိုလ်(၄)မျိုး နှင့် ချကြည့်ရင်လဲ အလွန် ထင်ရှားပါတယ်။

**ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဆိုတာ** ဂါထာတပုဒ်ဆိုရင် (၃၂)လုံးရှိတယ်။ အဲဒီ(၃၂)လုံးကို အကုန်ဟောနေရတာ မဟုတ်ဘူး။ (၁၆)လုံး ဟောလိုက်ရင် ကျွတ်တန်းဝင်သွားတာ။ ရှင်သာရိပုတ္တရာတို့လို ပုဂ္ဂိုလ်မျိုးပေါ့။

**ဝိပဉ္စိတညူပုဂ္ဂိုလ်ဆိုတာ** ကတော့ ယခင် ထက်ဝက်သော ဂါထာများကို အကျယ်ဟောလိုက်ရင်ကျွတ်တန်းဝင်သွားတာ။ ဒီပုဂ္ဂိုလ်မျိုးကတော့ ဘုရားတရားဟောလို့အဆုံးတွင် မြောက်မြားစွာ ကျွတ်တန်းဝင်ကြတဲ့ ပုဂ္ဂိုလ်မျိုးပေါ့။

ဒီပုဂ္ဂိုလ်နှစ်မျိုးကတော့ ပြင်းပြင်းထန်ထန် အားထုတ်နေရတာ မဟုတ်ဘူး၊ ကြားကာနာကာမျှနှင့် ကျွတ်တန်းဝင်နိုင်ပါတယ်။ နောက်ပြီးတော့ နေယျပုဂ္ဂိုလ် တဲ့ ဒီပုဂ္ဂိုလ်မျိုးကတော့ ကြားကာနာကာနဲ့ မဂ်ကိုမရနိုင်ပါဘူး။

အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်ဘဲအားထုတ်မှ ရပါတယ်။

နောက်ပြီးတော့ ပဒပရမပုဂ္ဂိုလ်တဲ့ ဘယ်လိုဘဲ အားထုတ်သော်လဲ ကြားနာသော်လဲ ဒီဘဝမှာမဂ်မရနိုင်ပါဘူး။ ဒုတိယဘဝ နတ်ပြည်ရောက်မှ ဒီဘဝက အားထုတ် ရွတ်ဘတ်သရဇ္ဈာယ်ထားသော ကုသိုလ်များက အထောက်အပံ့ရပြီး၊ ကျွတ်တန်းဝင်ရပါတယ်၊

ဒါ့ကြောင့် ခေတ်ကြီးက ဥဃ္ဃဋိတညူပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်တို့ လျစ်လျူရှုပြီး၊ မျက်နှာလွှဲတော်မူကြတဲ့ နေယျခေတ်ကြီးမို့ ပေါ့ပေါ့တန်တန်နှင့်တော့ မရကြပေဘူးလို့၊ နင်လားငါလား တကယ်တန်းအားထုတ်မှ ရကြမည်မို့ ယခုအားထုတ်ဘို့သာ အဓိကထားရှိ ဟောနေကြရပါတယ်။ ဒါကြောင့်....

တေသံထေရာနံ၊ ဥဋ္ဌင်္ဂိတည။ ၊ ဝိပဉ္စိတည။ ဉာ်နှစ်ဆူ
တို၊ လျှင်လျှ။ ရှုပြီး၊ ကုန်ခန်းပြီးမို့၊ ယံခု နည်းအရ၊
သေအချာပြရလျှင်၊ နေယျ၏ခေတ်၊ ပွါးရှုတဲ့စနစ်ဖြင့်၊
ခေတ်နှင့်လူသား၊ လူသားနှင့်ခေတ်၊ ဥာဏ်မြင်ဖြစ်
အောင်၊ စနစ်မူထား၊ ထိုဆရာတော်ဘုရားကြီး တို့၏။

သဗ္ဗာနိ၊ ဘယ်ညာနှစ်ဖုံ၊ အလုံးစုံကုန်သော။
ပါဒဋ္ဌိနိစ၊ မမ္မေတန်ခိုး၊ အမြတ်ပေါ်အောင်၊ ဘဝေ
အမျိုးဖြတ်ကျော်ခဲ့တဲ့၊ ခြေရိုးဓာတ်တော်တို့ကိုလဲ။

**ဘဝေ အမျိုးဖြတ်ကျော်ခဲ့တယ်** ဆိုတာကတော့ ဆရာတော်ဘုရားကြီးတွေဟာ အမှန်ဖြစ်သော ဝိပဿနာ လမ်းစဉ်ကြီးကို ကျင့်ကြံတော်မူကြသည့်အတွက် ဘာအရပ်ရပ်၊ ဇာတ်အမျိုးမျိုးတို့ကို မဖြစ်တော့ဘဲ ဘဝတွေကို ဖြတ်ကျော်သွားပြီးလို့ ဆိုလိုပါတယ်။ ဒါ့ကြောင့်....

ပါဒဋ္ဌိနိစ၊ မမ္မေတန်ခိုးအမြတ်ပေါ်အောင်၊ ဘဝေ
အမျိုး ဖြတ်ကျော် ခဲ့တဲ့၊ ခြေရိုး ဓါတ်တော် တို့ကိုလဲ၊
မေ၊ လက်ျာခစား၊ ထေရ်တပါးလို။ မာန်မှားဇာတ်ကွက်
ပွဲဦးမထွက်ဘဲ၊ ဝစနက္ခမ၊ ဆိုဆုံးမချက်၊ မိန့်တော်စက်
ကို၊ မပျက်ယူနေ၊ ငါမထေရ်၏။

ဆရာတော်ဘုရားဟာ သူတပါး၏ အဆုံးအမကို နာယူတဲ့ နေရာမှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးလိုပါဘဲ။

ဘုရား၏လက်ျာရံဖြစ်တဲ့ ပညာအရာ ဧတဒဂ်ရတော်မူတဲ့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟာ သာမဏေဖြစ်စ (၇) နှစ် အရွယ်မျှရှိသေးတဲ့ ကိုရင်လေးက ဆုံးမတာတောင် နာခံတော်

ယခုလိုဆက်လက်ပြီး သာသနာပြုနိုင်ဘို့ကလဲ လူတိုင်းလူတိုင်း မပြုနိုင်ပါဘူး။ ဘဝက ပါရမီထူးရှိသူမှ ပြုနိုင်တဲ့အလုပ်မျိုးပါ၊ လောကလုပ်ငန်းမျိုးလို လူမြင်တိုင်းကောက်ပြုလုပ်နိုင်တာမဟုတ်ပါဘူး။

ဆရာတော်ဘုရားသာ ဘဝါ ဘဝကပြုခဲ့တဲ့ ပါရမီဟုန် စာဂီဂုဏ်နှင့်ပြည့်စုံလို့ သာသနာပြု ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်ကြီး ဖြစ်နေတာပါ။

ဆရာတော်ဘုရားနှင့် ကြောင်ပန်းတိုက်ကြီးဟာ ဖွားဘက်တော်ကြီးဆိုလဲ မလွဲပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ သိဒ္ဓတ္ထမင်းသား ဖွားမြင်လာသောအခါ၊ မင်းသားကိုပြုစုကြမဲ့၊ ဖွားဘက်တော်(၇)ဖော်ဟာ မင်းသားနှင့် အတူတကွ၊ တခုထဲ တချိန်ထဲ ဖွါးမြင်လာခဲ့ကြပါတယ်။

ထို့အတူ ကြောင်ပန်းသာသနာကြီးပြုမဲ့ ဆရာတော်ဘုရားဟာ ကြောင်ပန်းတိုက်ကြီးတည်တဲ့ ခုသက္ကရာဇ်မှာဘဲ ဖွားမြင်ခဲ့ပါတယ်။ ဒါကြောင့်....

ဋ္ဌတိ၊ ဤသည်ကား။ အာစိဏ္ဏံ အောင်ခန်းတလီ၊ ကြောင်ပန်းတည်၍၊ အကြည်တရား၊ မထေရ်ဖွားမို့၊ တရားလမ်းစဉ်၊ ချဲ့ထွင်မပျက်၊ ထမ်းဆောင်ရွက်ရန်၊ ကံစီမံသဖြင့်၊ မိဋ္ဌာန်ချက်ဖေါ်၊ ဘဝင်ကျော်အောင်။

**အောင်ခန်းတလီကြောင်ပန်းတည်** ဆိုတဲ့ စကားဝါကျကို ဂဏန်းသင်္ချာနှင့် ကောက်ယူလိုက်တော့ ...

**အောင်** က တနင်္ဂနွေ ၁ ဂဏန်း၊
**ခန်း** က တနင်္လာ ၂ ဂဏန်း၊

| | | | |
|---|---|---|---|
| တ က | စနေ | ၇ | ဂဏန်း၊ |
| လီ က | ဗုဒ္ဓဟူး | ၄ | ဂဏန်း၊ |

အဲဒီဂဏန်းလေးလုံးကို စဉ်လိုက်တော့ ၁၂၇၄ ခု။ အဲဒါ **ကြောင်ပန်းတိုက်ကြီးတည်** တဲ့ ခု သက္ကရာဇ်ပါဘဲ။

နောက်ပြီးတော့ **အကြည်တရားမထေရ်ဖွါး** ဆိုတာကတော့-

| | | | |
|---|---|---|---|
| အ က | တနင်္ဂနွေ | ၁ | ဂဏန်း၊ |
| ကြည် က | တနင်းလာ | ၂ | ဂဏန်း၊ |
| တ က | စနေ | ၇ | ဂဏန်း၊ |
| ရား က | ဗုဒ္ဓဟူး | ၄ | ဂဏန်း၊ |

အဲဒီ ဂဏန်း (၄)လုံးကို စဉ်လိုက်တော့ ၁၂၇၄-ခု၊ အဲဒါ ဆရာတော်ဘုရားမွေးဖွါးတဲ့ ခု သက္ကရာဇ်ပါဘဲ။

ဆရာတော်ဘုရားဟာ **ငါသည် ကြောင်ပန်း သာသနာကြီး ပြုရလိမ့်မယ်လို့ သိတော်မူသည့်အတွက် တုသိတာ နတ်နန်းက တနှစ်ထဲ ဖွါးမြင်ရန် နတ်သက်ချွေ၍ လူ့ပြည်သို့ ကြွတော်မူခဲ့လေသလား** လို့ တွေးပြီး ဘယ်လောက် အံ့ဩဘို့ ချီးကျူးဘို့ ကောင်းသလဲလို့။ ဒါကြောင့်....

ဣတိ၊ ဤသည်ကား။ အာစိဏ္ဏ၊ အောင်ခန်းတလီ
ကြောင်ပန်းတည်၍၊ အကြည်တရား မထေရ်ဖွားမို့၊
တရား လမ်းစဉ် ချဲ့ထွင်မပျက် ထမ်းဆောင်ရွက်ရန်၊
ကံစီမံသဖြင့်၊ ဓိဋ္ဌာန်ချက်ပေါ် ဘဝဂ်ကျော်အောင်၊
ထေရ်မော်လကျာ ဆရာအဿဇိ၊ ပုံထိုးကြည့်၍၊ သတိ
မပြတ်၊ အထပ်ထပ် ဆရာ့ဂုဏ်ကို။

ဆရာသမားကို ရှိသေတဲ့နေရာမှာ ဆရာတော်ဘုရားဟာ ရှင်သာရိပုတ္တရာလိုပါဘဲ။

ရှင်သာရိပုတ္တရာဟာ သူ့ဆရာဘယ်လောက် ရှိသေလိုက်သလဲ ဆိုတော့။

သူ့ ဆ ရာ ဆို တာ ရှင်အဿဇိပါဘဲ။ အရှင်အဿဇိဟာ ဘာ့ကြောင့် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ ဆရာဖြစ်ရသလဲဆိုတော့။

ရှင်သာရိပုတ္တရာကြီး တ ရား ရှာ ထွက် လာ စဉ် အ ချိန် က ရှင်အဿဇိမထေရ်နှင့်ရာဇဂြိုဟ်မြို့အဝင်မှာတွေ့ကြပါတယ်။ တွေ့တဲ့အခါ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက မှန်လှပါ တရားများဟောကြားတော်မူပါဘုရားလို့ လျှောက် ထား လိုက် ပါ သတဲ့။ ရှင် အ ဿ ဇိ မ ထေရ် လေး က ငါ တ ရား မ ဟော တတ် ဘူး။ ငါသာသနာဘောင်ရောက်ခါစရှိသေးတယ်လို့ ပြောပြပါသတဲ့။ ထိုအခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တရားလိုချင်ဇောနှင့် အနည်းငယ်မျှသာဟောကြားတော်မူပါဘုရားလို့ထပ်၍ လျှောက်ထားတော့ ရှင်အဿဇိမထေရ်က...

ယေဓမ္မာ ဟေတုပ္ပ ဘာဝါ၊ တေသံဟေတုံ တထာဂတော။
အာဟတေသဉ္စ ယောနိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

လို့ - ဟော ကြားတော် မူလိုက်ပါသတဲ့။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟာ ဒီဂါထာတော်ကြီးကြားနာရတဲ့အတွက် သောတာပန်ဖြစ်သွားပါတယ်။

ဒါ့ကြောင့်မို့ - ရှင်အဿဇိ မထေရ်ဟာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ လက်ဦးဆရာ ဖြစ်ပါတယ်။

**အဲ** - သူ့ဆရာသူ ဘယ်လောက် ရိုသေလိုက်သလဲ ဆိုတော့။ ရှင်အဿဇိ အရှေ့အရပ်မှာရှိတယ်ဆိုရင် အရှေ့ကို ဥက္ကောင်းပြု၍ ကျိန်းစက်တော်မူတယ်။ အနောက်မှာရှိတယ်ဆို အနောက်ကို ဥက္ကောင်းပြု၍ ကျိန်းစက်တော်မူတယ်။ တောင်မှာရှိတယ်ဆို တောင်ကို ဥက္ကောင်းပြု၍။ မြောက်မှာရှိတယ်ဆို မြောက်မှာ ဥက္ကောင်းပြု၍ ကျိန်းစက်တော်မူပါသတဲ့။

အဲသလိုပါဘဲ၊ ဆရာတော်ဘုရားလဲ ရှေးဆရာတော်ဘုရားကြီးတွေကို ဘယ်တော့မှ မေ့လျော့ခြင်းမရှိပါဘူး။ ဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ကျေးဇူးကို အမြဲတမ်း ရိုသေလျက်ပါ။ အဲဒါကြောင့် —

ထေရ်မော်လကျာ၊ ဆရာအဿဇိ၊ ပုံထုံးကြည့်၍၊
သတိမပြတ်၊ အထပ်ထပ် ဆရာ့ဂုဏ်ကို၊ အမြတ်သဘာဝ
စုံ၍၊ နတ်သာဝကယုံတဲ့၊ တပ္ပရာယန၊ သရဏဂုံလို။

**တပ္ပရာယနသရဏဂုံ** ဆိုတာကတော့ **ရတနာသုံးပါးကို ကိုးကွယ်လည်းလျောင်းရာပြုတဲ့ သရဏဂုံ** လို့ဆိုလိုပါတယ်၊အဲဒီ သရဏဂုံ(၄)ပါးကို အကျဉ်းအားဖြင့် ပြောရမယ်ဆိုရင်....

၁။ **အတ္တသန္နိယျာတန သရဏဂုံ** တဲ့၊ ရတနာသုံးပါးအား မိမိကိုယ်ကို လှူဒါန်းခြင်း၊ အပ်နှင်းခြင်း။

၂။ **သိဿဘာဝူပ မန သရဏဂုံ** တဲ့၊ရတနာ သုံးပါးအား မိမိက တပည့်အဖြစ် ခံယူဆည်းကပ်ခြင်း။

၃။ **ပါကာ့ပေတ သရဏဂုံ** တဲ့၊ ရတနာသုံးပါးကို အသက်ထက်ဆုံး (ပါကာ့ပေတံ) ကိုးကွယ်ခြင်း။

၄။ **တပ္ပုရာယန သရဏဂုံ** တဲ့၊ရတနာသုံးပါးကို ဣရိယာပုထ်လေးပါး တိုင်း၊ လေး ပါး တိုင်း၊ ကိုး ကွယ် လည်း လျောင်းပုန်းအောင်းမှီခိုနေခြင်း၊ အဲဒီ သရဏဂုံများကိုဘယ်ပုဂ္ဂိုလ်များဆောက်တည်ကြပါသလဲဆိုတော့။ မြတ်စွာဘုရား လက်ထက်ကဘုရား တရားဟောလို့ ကျွတ်တမ်းဝင်ကြတဲ့ ဘုရားရဲ့ သာဝကကြီးတွေဖြစ်ကြတဲ့....

အာဠဝက နတ်မင်းကြီးတို့၊ ဟေမဝတ နတ်မင်းကြီးတို့၊ သာတာဂိရိ နတ် မင်း ကြီး တို့၊ အဲဒီ နတ် မင်း ကြီး တွေဟာဒီသရဏဂုံများကို ရွတ်ဘတ်သရဏျှာယ်ပြီးမှ၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်များကို ချီးမွမ်းသြဘာ ထောမနာ ပြုပြီးမှ၊ မိမိတို့ လိုရာခရီးသို့ သွားလေ့ရှိကြပါသတဲ့။ ဒါ့ကြောင့်....

သောအဟံဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။ ။
သောအဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿမာနော၊ ရှိခိုးသည်ဖြစ်၍။ ဓမ္မဿ၊တရားတော်၏။ သုဓမ္မတဥ္စ၊ ကောင်းစွာဟောအပ်သော တရားတော်၏ အဖြစ်ကိုရင်း။

သံဃဿ၊ သံဃာတော်၏။ သုပ္ပဋိပန္နတဥ္စ၊ ကောင်းသောအကျင့်ရှိသည်၏ အဖြစ်ကိုရင်း။ အဘိတ္ထဝိတွာ၊ ချီးမွမ်းထောမနာ၍။ဂါမာ၊လူ့ရွာတရွာမှ။ ဂါမံ၊လူ့ရွာ

တရွာသို့။ ပုရာ၊ လူတို့မြို့ပြည်၊ တမြို့တပြည်မှ။ ပုရံ၊ လူတို့မြို့ပြည်၊ တမြို့တပြည်သို့။ နဂါ၊ တတောတတောင်မှ။ နဂံ၊ တတောတတောင်သို့။ ဝိစရိဿာမိ၊ သွားလာလှည့်လည်ပါအံ့။

လို့ နတ်မင်းကြီးတွေဟာ သရဏဂုံမျှားကို အမိဋ္ဌာန်ပြု၍ ဆောက်တည်ပြီးမှ၊ တရွာမှတရွာသို့၊ တမြို့မှတမြို့ သွားလာကြပါသတဲ့။ တတောမှ တတောသို့ကူးသန်းကြပါသတဲ့။ တတောင်မှ တတောင်သို့ ကျော်တက်ကြပါသတဲ့။

အဲဒီ နတ်မင်းကြီးလေးပါးလိုပါဘဲ။ ဆရာတော်ဘုရားဟာလဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ဆရာတော်ဘုရားကြီး တို့ရဲ့ ဂုဏ်ကို ချီးကျူးပြီးမှ၊ အောက်မေ့ရွတ်ဆိုပြီးမှ၊ တရွာမှတရွာသို့၊ တမြို့မှတမြို့သို့ ကြွသွားလေ့ရှိပါတယ်။ ဒါကြောင့်....

အမြတ်သဘာဝစုံ၍၊ နတ်သာဝကယုံတဲ့၊ တပ္ပုရာယံနသရဏဂုံလို၊ အစုံစုံအဖြာဖြာ၊ သင်တန်းဖွင့်ရာ၊ အမြို့မြို့အရွာရွာ၌၊ အာစရိယဝါဒီ၊ အနုသာသနီ၊ အဆက်မကွာရစေဘို့၊ ဓမ္မစက်ရတနာ ကျမ်းအမြင် တွေနှင့်၊ မင်္ဂလာ ငြိမ်းဆင်ကြ၍၊ ထက်အမတာ၊ နန်းဝင်ရအောင်၊ ရှင်သာရိပုတ္တရာ သို့။

ယခုကျေးဇူးဆပ် မွေးနေ့ အထိမ်းအမှတ် ပွဲတော်ကြီးမှာ ရှင်သာရိပုတ္တရာတို့လိုပေါ့လေ၊ ထွက်ရာလမ်းစရှာပြီး ကျင့်ကြံအားထုတ်ဘို့ပါဘဲ။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးတို့ ဘယ်လမ်းက လိုက်သွားပါသလဲဆိုတော့ မြတ်စွာဘုရားရဲ့ လက်ျာရံ **အဖြစ်ဖြင့်** ကြွသွားတော်မူပါတယ်။

## ကြွေမွှန်ခေါတ်ကွင်းကို ထည့်သွင်းဟောပါ။

အဲသလို ကြွသွားနိုင်ကြရအောင် ယခုဟောခဲ့သော တရားတော်ကြီးကိုသာ အားထုတ်ကြပေတော့။

ဆရာတော်ဘုရားရဲ့ ကျေးဇူးတွေလဲ တရားနဲ့ ကျေးဇူးဆပ်ခြင်းမည်ပါပြီလို့။ ဒါကြောင့်....

အမြတ်သဘာဝစုံ၍ နတ်သာဝကယုံတဲ့ တပွဲရာယနသရဏဂုံလို အစုံစုံ **အ**ဖြာဖြာ သင်တန်းဖွင့်ရာ အမြို့မြို့ အရွာရွာ၌ အာစရိယဝါဒီ အနုသာသနီအဆက် မကွာရစေဘို့ ဓမ္မစက် ရတနာကျမ်းအမြင်တွေနှင့် မဂ်ဖလာ ငြိမ်းဆင်ကြ၍ ထက်အမတာနန်းဝင်ရအောင် ရှင်သာရိပုတ္တရာလို **လက်ျာလမ်းစဉ်** ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု။

——— o ———

# ကာလ(၃)ရပ် အသေဇာတ် ဥာဏ်ကပ်ပွါးရှုပါ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ - တရားဆက်လက် နာကြရအောင် ယခု [ ၂ ]နံပါတ် အစီအစဉ်အရ ဟောလှည့်ကကျနေပါတယ်။ အားလုံး သည်းခံပြီးတော့သာ နာကြပေတော့။

တရားရောက်ဘို့ကတော့ သံဝေဂပါဘဲ။ သံဝေဂ ရှိရင် တရားဆီရောက်တာဘဲ။ သံဝေဂမရှိရင် ဘယ်တော့မှ တရားဆီမရောက်နိုင်ဘူး။ ဘာဖြစ်လို့လဲ။ ကြောက်မှ မကြောက်ဘဲ ငြီးမှ မငြီးငွေ့ဘဲ ခန္ဓာကိုယ်ကို ငြီးငွေ့လာမှ သံသရာကို ကြောက်လာမှ တရားဆီရောက်ကြမှာ။

သံဝေဂဆိုတာကလဲ **စိတ္တသံဝေဂ ဓမ္မသံဝေဂ ဥာဏသံဝေဂ** ရယ်လို့ (၃)ပါးရှိပါတယ်။

ဓမ္မသံဝေဂနှင့် ဥာဏသံဝေဂကတော့ အတူတူပါဘဲ။ ဓမ္မသံဝေဂ ဥာဏသံဝေဂ ရောက်ဘို့ကလဲ စိတ္တသံဝေဂရှိမှ ရောက်ကြမှာ။ ဒါ့ကြောင့်....ရှင်တော်ဘုရားကြီးက စိတ္တသံဝေဂ အလွန်အရေးကြီးတဲ့အတွက် **ခန္ဓာကိုယ်မှာရှိနေတဲ့ ဒုက္ခများကို ဆင်ခြင်ပါ** လို့ ဆုံးမပါတယ်။

ဘယ် ဒုက္ခတွေလဲဆိုတော့ အိုမှုဒုက္ခတွေ နာမှုဒုက္ခတွေ သေမှုဒုက္ခတွေ ပေါ့။ အိုသူကိုမြင်ရင် မရွံရဘူး။ ဒီအိုသူဟာ ငါ့ကိုသတိပေးနေတာလို့ စဉ်းစားရမယ်။

ဒီလိုဆင်ခြင်တတ်အောင် ဆရာတော်ဘုရား ညတိုင်း အဆုံးအမတွေပေးနေတာဘဲ။

အိုသူကိုမြင် ကိုယ်ပေါ်တင်၍ ငါလျှင်အိုရ သဘာဝမို့
အိုဘို့ချိန်ကို စောင့်နေသည်။

အအိုတရားဆိုတာ သူ့ရဲ့ပင်ကိုယ်သဘာဝတရားတွေ၊ ဘယ်သူကမှ အိုအောင် ပြုပြင်ပေးနေရတာ မဟုတ်ဘူး။

ဒါကြောင့်မို့ အိုသူတွေ မြင်တိုင်း မြင်တိုင်း ငါလဲဘဲ ဒီအတိုင်း အိုရမှာပါလားလို့ အမြဲစဉ်းစားမိကြရမှာ။ စဉ်းစားလာတော့မှအိုခေတ်ကြီးကိုမြင်ပြီး **အအိုတောကြီးအတိဖြစ်သွား**တော့ အားကိုးမဲ့တဲ့ လောကကြီးမှန်းသိပြီး အားကိုးရှာလာပါလိမ့်မယ်။

ဒါကြောင့်.... ရှင်တော်ဘုရားကြီးက အအိုတရားကြီးကို ဆင်ခြင်ကြဘို့ **အဘိဏှသုတ်** မှာ။

ဇရာဓမ္မောမှို၊ ဇရံအနတီတောတိအဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသဘော ရှိသည်။ အမှို၊ ဖြစ်၏။ ဇရံ၊ အိုခြင်း သဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ **အဘိဏှံ**၊ နေ့ ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ရှင်တော်ဘုရားကြီးကအိုခြင်းတရားကို နေ့တိုင်းဆင်ခြင်ရမယ်တဲ့၊ ကိုယ့်ကိုယ်ကို မဆင်ခြင်ကြလို့သာ မမြင်ကြတာကိုး။ အအိုတရားကြီးကတော့ တနေ့မှ မစဲပါဘူး။

ဒါပေမဲ့ ပုထုဇဉ်တွေက အိုတယ်မထင်ဘူး။ တခါ တခါ ပြန်ပျိုနေသလားလို့တောင် ထင်မိသေးတယ်မဟုတ်လား။

မှန်ကြည့်လိုက်ရင်တော့ နဂိုလိုမဟုတ်ထာ အမှန်ဘဲ။ ဖေါင်းနေသော ပါးလေးတွေဟာ တွဲကျလာတယ်။ စိနေသော သွားများလဲ ကြဲလာရတယ်။ နီမြန်းသောနှုတ်ခမ်းများလဲ မဲပုတ်ပုတ်ဖြစ်လာရပါတယ်။ ခန္ဓာကိုယ် တကိုယ်လုံးမှာ **အအိုတရား** နှိပ်စက်တဲ့အတွက် သွားလို့ကော ငယ်ငယ်တုန်းကလို ပေါ့ပေါ့ပါးပါးရှိရဲ့လား။ သွားပုံ လာပုံ ဟန်လေးတွေကော နဂိုလိုဟုတ်ရဲ့လား။

ဒါကြောင့်မို့ နေမှာပေါ့။ စတုတ္ထနာယကဆရာတော်ဘုရားဆုံးမဘူးတယ်။ **အပျိုဖြူ နဂိုမူဟန်မရှိတော့ပါဘူး' မှန်ကြည့်လျှင်ငိုချင်စရာပ ကိုယ်အင်္ဂါယွင်း** လို့ ဆုံးမဘူးပါတယ်။

အအိုတရားကို စိတ်ဝင်စားလိုက်တော့လဲ အအိုတော်ကြီးပါဘဲ။

ဒီ အ အို တော ကြီး ထဲ က လွတ်ကင်းအောင် ပြင်းပြသောလုံ့လနှင့် အချိန်ကို လုပြီးတော့အားထုတ်ကြရပါတယ်။

စတုတ္ထနာယက ဆရာတော်ဘုရားရှိစဉ်က အမိန့်ရှိဘူးတယ်။ **ဟဲ့တရားဆိုတာ အိုလေ အရေးကြီးလေ** တဲ့။ ကျွတ်လိုလွတ်လိုကြတဲ့သူတွေမှာ အဲသလို အချိန်ကို လုကြပါတယ်။ ယခုရှိကြတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်မှာဆိုရင် အဲသလိုကို အချိန်မလုကြသေးဘူး။ အိုလာရင် ပိုပြီးတောင် ဇိမ်ကျနေကြသေးတယ်။

**ငါတို့အိုပြီ၊ ဘယ်မှမသွားနိုင်တော့ဘူး။ ကြီးပါပြီ။ ကျောင်းကန်ဘုရားနှင့် မတော်တော့ပါဘူး** လို့ ပြောရိုးရှိကြတယ်။

အမှန်ကတော့ အိုလေ **အရေးကြီးလေ** ကြီးရမှာ။ ခုတော့ အိုမှဘဲ ပိုပြီးတောင် ဇိမ်ကျနေကြတယ်။

သမီးလေး မြေးလေးတွေ အနားက မခွါဘဲ စောင့်ရှောက်မှုဝတ္တရားတွေ ပိုပြီးများလာပြန်တယ်။

**တရားပွဲရှိရင် ငါက အသက်ကြီးပြီ၊ အသက်တန်းအားဖြင့် ကြည့်ရင် ငါက ကုန်လုပြီ၊ ငါအရေးကြီးတယ် လို့ ဒီလိုမတွေး ဘူးလေ။ မှုံရီမှုံဝါးနှင့် ငါတော့မလိုက်တော့ပါဘူး၊ ငယ်တဲ့ သုံတွေသာ မျက်စိကောင်းကောင်း နားကောင်းကောင်းနှင့် လိုက်ကြ** လို့ ဆိုလေ့ရှိကြတယ်။

သူကသာ ဇိမ်ကျကျ အိုနေတာနော်၊ ခန္ဓာကြီးက ဇိမ်ကျရဲ့လား၊ သာသာလေး စိတ်တိုင်းကျ အို ရ တာ ဟုတ် ကဲ့ လား။ နောက်နားက နာဘေးကြီးနှိပ်စက်လို့....အလိုလေး အမယ်လေးနှင့် အိုရတာပါ။ ပုထုဇဉ်တွေမှာ နာရာလဲ ဇိမ်ရှိတယ်ထင်နေကြတယ်။ တချို့မှာ တရားအားထုတ် ခေါ်ရင် **ငါတို့ကတော့ သွေးတိုးရောဂါရှိလို့အေ ဆေးအမြဲ ထိုးနေရတာ ဆေးအမြဲ စားနေရတာ မလိုက်နိုင်ဘူး** လို့ ပြောကြတယ်။

အနာလေးနှင့် အ ဖြေ ပေး ပြီး ကျေ အေး နေ ခြင်း ပါ ဘဲ။ တကယ်ကတော့ နာနေတဲ့လူကပိုပြီးအရေးကြီးရမှာမဟုတ်လား။ တချို့ကလဲ **မျက်စိခွဲကုထားရလို့တဲ့**၊တချို့ကလဲဗိုက်ခွဲကုရလို့တဲ့၊ တရက်ကလေးမှ မထွက်နိုင်ကြဘူး။ ရောဂါလေးနှင့် အဖြေပေးနေကြတယ်။ ရောဂါရှိတဲ့သူက ရောဂါကို အဖြေပေးတယ်။ သားသမီးရှိတဲ့သူက သားသမီးကို အဖြေပေးတယ်။ သားသမီးမရှိတော့၊ ကိုယ်ခွဲမရှိလို့တဲ့၊ အဖြေပေးတယ်။

အဲသလို **အဖြေပေးမှုကြီး** သည်ဆရာကော်ဘုရားက **သေဆေးကြီး** လို့ မှတ်ရမတဲ့။ တရားအားထုတ်တဲ့ နေရာမှာသာ အဖြေပေးလို့ရတာ။ သေမင်းကြီးနှင့်ကျတော့ အဖြေပေးလို့မရတော့

ဘူး။ အဓိပ္ပါယ်ကတော့ အိုနာလာရင်မပေါ်နိုင်လို့ ဆိုလိုပါတယ်။ ဒါ့ကြောင့် ယခု သက်တော်ထင်ရှား ရှိတော်မူတဲ့ ဆရာတော်ဘုရားက....

၂။ နာသူကိုမြင်၊ ကိုယ်ပေါ် တင်၍၊ ငါလျှင် နာ ရ၊ သဘာဝမို့၊ နာဘို့ချိန်ကို၊ စောင့်နေသည်။

လို့ နာသူတွေကို မြင်တိုင်းမြင်ဘိုင်း၊ ငါ့သန္တာန်မှာဒီအတိုင်း နာရအုံးမှာပါလား။ နာဘေးကြီး အမြဲရှိနေပါလားလို့ ဆင်ခြင်ရမတဲ့။ ရှင်တော်ဘုရားကြီးကလဲ နာဘေးကြီးကိုမမေ့ရဘူးတဲ့၊ အမြဲဘဲ ဆင့်ခြင်ရမယ်လို့ အဘိဏှသုတ်မှာ....

ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဗျာဓိံ၊ နာခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

လို့ အဘိဏှ သုတ်မှာ လာသည့် အတိုင်း၊ နာမှုဘေးကြီးရှိကြောင်းလဲသိအောင်၊ နေ့စဉ် အောက်မေ့ရမှာဘဲ။

အိုမှုနာမှုကြီးသာ ခန္ဓာမှာ ရှိတာမဟုတ်ဘူး။ သေချိန်တန်လျှင် သေရအုံးမှာမဟုတ်လား၊ သေချိန်တန် ဆိုတာကလဲ အသက်တန်းကလဲ ကေန်မုချ ရေတွက်လို့မရဘူး၊ ကံကိုလဲ မှန်းဆလို့မရဘူး၊ အသက်ကံကိုလဲ မှန်းဆလို့မရဘူး၊ ဘယ်အချိန်

ကြားက ကံဖြစ်မည်ဟူ၍ မသိနိုင်ကြဘူး၊ ဒီတော့ အသေ ထရားကြီးကော မြင်အောင် မကြည့်ရ ပေဘူးလား။ လောက ကြီးမှာ သေနေတဲ့ အသေတွေကို မြင်ပေမဲ့၊ ငါလဲဘဲ ဒီအတိုင်း သေရအုံးမှာလို့ မသိကြဘူး။ မသေတော့ဘူးကျလို့ မေ့နေ လိုက်ကြတာ။

ဆရာတော်ဘုရားက သေသူတွေကို မြင်တိုင်းမြင်တိုင်း....

၃။ သေသူကိုမြင်၊ ကိုယ်ပေါ်တင်၍၊ ငါလျှင်သေရ၊ သဘာဝမို့၊ သေဘို့ချိန်ကို၊ စောင့်နေသည်။

မိမိတို့ ယခုနေကြတဲ့အချိန်တွေဟာ သေဘို့ရာ နေရတာပါ။ သေမဲ့ရက်ကို ဝတ်ကာ ဆင်ကာ၊ စားကာသောက်ကာ စောင့် နေရတာဘဲ။

ဒီအသေတရားကြီးကို ဘယ်သူမှ မလွန်ဆန် နိုင်ကြဘူး။ ဒါကြောင့် မြတ်စွာဘုရားက....

မရဏဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေခြင်းသဘောရှိ သည်။ အမှိ၊ ဖြစ်၏။ မရဏံ၊ သေခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

လို့ အဘိဏှသုတ်မှာ ဆင်ခြင်အပ်သော တရားတွေကို ရှင်တော်ဘုရားကြီး၊ ထုတ်ဖော်ဟောကြားတော်မူခဲ့ပါတယ်။

ဒါ့ကြောင့်မို့ ခန္ဓာကိုယ်မှာရှိသော တရားများ၊ မမေ့သော သတိတရားဖြင့် အမြဲနှလုံးသွင်းသင့်ပါတယ်။

ခန္ဓာကိုယ်အအိုအနာ အသေတရားကိုမြင်တော့ မခိုင်မာပုံ အနှစ်မရှိပုံများကိုလဲပေါ်လာပါလိမ့်မယ်။ ခန္ဓာကိုယ်ဘာ့ကြောင့် အိုရသလဲ၊ ဘာ့ကြောင့်နာရသလဲ၊ ဘာ့ကြောင့် သေရသလဲလို့ ကြည့်လိုက်တော့၊ ခန္ဓာငါးပါး သဘောရင်းများ ဖြစ်ကြသော တရားတွေကိုက၊ အနှစ်မရှိလို့ဆိုတာပေါ်လာပါလိမ့်မယ်။

ဒီလိုဉာဏ်ထဲမှာပေါ်လာအောင် သံဝေဂအမျိုးမျိုးနှင့် စိတ်ဓာတ်ကို ခြောက်လှန့်ပေးနေရတာပါ၊ စိတ်ဓာတ်ကလေး လန့်လာအောင် ရှင်တော်ဘုရားကြီးက....

သဗ္ဗေသတ္တာ မရိဿန္တိ၊ မရန္တိစ မရိံသုပိ။
တထေဝါဟံ မရိဿာမိ၊ ဧတ္ထမေနတ္ထိ သံသယော။

ဘော....တရားအလုပ်ကို အားထုတ်လိုသူ ရှင်လူအပေါင်း အို-သူတော်ကောင်းတို့။
သဗ္ဗေ၊ သုံးဆဲ့တဘုံ၊အလုံးစုံကုန်သော၊သတ္တာ၊ ခန္ဓာငါးဝ၊ သမုတ်ရသည့်၊ အနန္တများစွာ၊သတ္တဝါတို့သည်။

သတ္တလောကကြီးတခုလုံးမှာ ရှိနေကြတဲ့ သတ္တဝါမှန်သမျှ အနန္တတွေဟာ၊ သမုတိသစ္စာအားဖြင့်သာ တင်စားပြီး ခေါ်ဝေါ်ထားရတာပါ၊ တကယ်ရှိတာကတော့ ခန္ဓာငါးပါးတွေပါ၊ အဲဒီ ခန္ဓာငါးပါး တရားတွေဟာ ရှင်တော်ဘုရားကြီးက ရေမြှုပ်-ရေပွက်၊ တံလျှပ်၊ ငှက်ပျော၊ မျက်လှည့်နှင့် တူတယ်လို့ ဖေဏပိဏ္ဍောပမသုတ်မှာ ဟောကြားတော်မူခဲ့ပါတယ်။

ဘုရားဟောနှင့်အညီ ခန္ဓာမှာ ကပ်ကြည့်ရမှာ ဖြစ်ပါတယ်။ ရေမြှုပ်ဆိုတာ အနှစ်မရှိတာ မှန်သောတရားပါ၊ အကိုင်အတွယ်

အယူအခင်ကို မခံနိုင်ပါဘူး။ ရေပွက်တွေဆိုတာလဲအားလုံးမြင်ဘူးကြတဲ့အတိုင်း မိုးရွာတုန်းမှာသာရှိကြလို့ မိုးစဲသောအခါ ဘယ်နေရာမှ ရေပွက်ကလေးတွေ မတွေ့ကြရတာကို အားလုံးသိပြီးသားတွေပါဘဲ။

တံလျှပ်ဆိုတာလဲဘဲ လူနှင့်ခပ်ဝေးဝေးနေရာမှာ လှမ်းမျှော်ကြည့်လိုက်လျှင် အင်းကြီးအိုင်ကြီး၊ ရေပြင်ကျယ်ကြီးလို ထင်ရပေမဲ့ တကယ်လားဆိုတော့ မဟုတ်ပါဘူး၊ အနီးအနားရောက်ရင် ပျောက်သွားတဲ့အမျိုးပါ။

ငှက်ပျောဆိုတာကတော့ကော တပင်လုံးမှာ အနှစ်မပါလို့ ဘယ်အရပ်မှာ ဘယ်လိုအဆောက်အဦးကြီး လုပ်ထားလိုက်တာ၊ တိုင်ကလဲ ငှက်ပျောတုံးဘဲ၊ ထုတ်ကလဲ ငှက်ပျောတုံးဘဲ၊ လျှောက်ကလဲ ငှက်ပျောတုံးဘဲလို့ ဘယ်မှ မတွေ့ဘူးကြပါဘူး။ ဒီလို အဆောက်အဦး တခုခုကို ငှက်ပျောကို ပြုလုပ်ထားတာ မတွေ့ရတော့ အနှစ်မရှိလို့ဘဲလို့ဆိုတာ ရှင်းနေပါတယ်။

နောက်ပြီးတော့ မျက်လှည့်တဲ့၊ မြင်ဘူးကြမှာပါဘဲ၊ မဟုတ်ထာကို အဟုတ်ထင်ရအောင် မမှန်တာကို အမှန်ထင်ရအောင် လိမ်ပြတတ်တဲ့ အတတ်ပညာတမျိုးဘဲ။ ရွှေမဟုတ်တဲ့ ကျောက်အုတ်ခဲကို ရွှေခဲ ထင်ရအောင် ငွေမဟုတ်တဲ့ ကြေးနီပြားကို ငွေပြားထင်ရအောင် လိမ်ပြတတ်တဲ့ အလိမ် လုပ်ငန်းကြီးတခုဆိုတာ လူတိုင်း သိကြတယ်။

မျက်လှည့်ကြည့်လို့ မြင်ရသမျှတွေဟာ မှုမှန် ပစ္စည်းများမဟုတ်ကြသည့်အတွက် ဘယ်မှာ မျက်လှည့်ပစ္စည်းတွေ ဆိုင်ကြီး

ဖွင့်ပြီး ရောင်းနေလိုက်တာ၊ ဘယ်မှာ ပွဲရုံကြီးနှင့် ရောင်းချနေတယ် လို့ ကြားဘူးကြပါသလား။ ကြည့်ရှု ကောင်းရုံလေးဘဲတဲ့။ သုံးစောင်ဆရာတော်ဘုရားကြီးကလဲ အမိန့်ရှိပြီးသားဘဲ။

အဲဒီ ဥပမာလို ဝိညာဉ်ထင်တဲ့၊ ခေါင်း လက် ခြေ ကိုယ်၊ နှုတ်ခမ်းမေးပါး၊ သားသမီးကျေးကျွန်၊ လူနတ်ဗြဟ္မာ ဆိုတာမှုမှန်တရားတွေမဟုတ်ပါဘူး။ မှုက်လှည့်ပြသည့်ရွှေသည် မှုမှန်သောရွှေမဟုတ်၍၊ ရွှေဆိုင်ကြီးခင်း၍ ရောင်းမဖြစ်သလို ဒီမှာလဲဘဲ **ဓမ္မဝဝတ္တာန၊ ဥဘတ်အရာမှာ သက် သက် အ သုံး မ ကျ** လို့ တချက်မိန့်ခဲ့ပြန်ပါတယ်။ စင်စစ်ပြောလိုတာကတော့ အနှစ်မရှိဘူး၊ မခိုင်မာဘူးပေါ့။

ဒါကြောင့် မူလတရား၊ မှုမှန်တရားက အနှစ်မရှိသော အစုအဝေးတွေဖြစ်နေတော့၊ ဒီခန္ဓာငါးပါးအပေါ်မှာ သမုတ်ထားရတဲ့ သတ္တဝါတွေဟာ မအိုဘဲ နေရပါ့မလား၊ မနာဘဲ နေရပါ့မလားး မသေဘဲကိုကော နေရပါ့မလား။

ဒါ့ကြောင့် သတ္တဝါတွေမမျှော်လင့်ဘဲနှင့် အအိုတရားကြီးဆိုက်ကြရတယ်၊ အနာတရားကြီးဆိုက်ကြရတယ်၊ အသေတရားကြီးတွေလဲ ဘဝတိုင်း ဆိုက်ခဲ့ကြရတယ်။ ဒါကြောင့်....

> သတ္တာ၊ ခန္ဓာငါး၀၊ သမုတ်ရသည့်၊ အနန္တမျှားစွာ၊ သတ္တဝါတို့သည်။ မရိဿန္တိစ၊ မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ သေလဲသေလိမ့်မည်။ မရန္တိစ၊ မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ သေလဲသေကြသည်။ မရိံသုပိ၊ မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ သေလဲသေကြပြီ။

ခု....သတ္တလောကကြီးတခုလုံးမှာ သေနေကြတဲ့ ပုဂ္ဂိုလ်တွေ မှန်သမျှ၊ အသေတရားကို မျှော်လင့်ပြီး သေတဲ့လူရယ်လို့ မရှိပါဘူး၊ သေဘေးကြီးနှင့်တွေ့ရင် ဝမ်းပန်းတသာ အားရဝမ်းသာတော့ မရှိကြပါဘူး၊ အသေကြောက်လွန်းလို့မှ **သေစေတတ်တဲ့ ရောဂါဝေဒနာ ဘယ်အရပ်မှာ ဖြစ်နေသတဲ့** ဆိုရင် ပရိတ် မေတ္တာဘာဝနာများကို ရွတ်ဖတ် သရဇ္ဈာယ်ကြရတယ်၊ ကမ္မဝါစာတွေများ ဖတ်ကြားကြရတယ်၊ လောကကြီးက အသေကိုမျှော်လင့်နေရင် ဒါတွေပြုလုပ်နေဘို့ မလိုတော့ပါဘူး။ မျှော်လင့်နေတာနဲ့ အရန်သင့်ဘဲ မဟုတ်လား။

ဒီတော့ ရှေ့က မမျှော်လင့်ဘဲနှင့် သေသေ သွားကြတဲ့ သူတွေလို ငါလဲဘဲ ငါ့ရဲ့ခန္ဓာကိုယ်ကြီးလဲ ဒီလိုဘဲ အသေတရားကြီးနှင့် တွေ့ရအုံးမှာပါလားလို့ သံဝေဂယူသွားကြရမယ်။ သတ္တဝါလို့ ဖြစ်လာကြမှတော့ သေရမယ်ဆိုတဲ့ စာရင်းထဲသို့ ဝင်ရောက်ပြီးသားတွေပါ။

စာရင်းကလဲ **သေလတံ့ရယ် သေဆဲရယ် သေပြီးရယ်** စာရင်း(၃)မျိုးရှိတယ်။ အဲဒီစာရင်း (၃)မျိုးထဲမှာ ရှင်တို့ကျမတို့ ဘယ်စာရင်းထဲ ပါနေသလဲဆိုတော့ **သေလတံ့စာရင်းထဲမှာ အပြီးပါနေပါတယ်**။ ခုရှိရှိသမျှ သတ္တဝါတွေမှာ သေလတံ့စာရင်းပေါက်ပြီးသားချည်းထဲပါဘဲ။ ဒါကြောင့်....

တထေဝ၊ သေလိမ့် သေဆဲ သေပြီးထဲ့သူ ထိုသူတို့
အတူသာလျှင်။ အဟံ၊ သုံးမျိုး သုံးခွဲ စာရင်းထဲတွင်
ငါလဲပါသူ ငါလိုလူသည်။

မရိဿာမိ၊ သုံးဆဲ့တဘုံ ရောက် သေစာရင်းပေါက်
သဖြင့် သေခြင်းသို့ ရောက်ရပေတော့အံ့။

ရှင်ဘို့ ကျမတို့ မသေချင်သော်လဲဘဲ သုံးဆဲ့တဘုံထဲမှာ သတ္တဝါရယ်လို့ဖြစ်လာမှုဖြင့် သေခြင်းဘေးက ပြေးလို့ မလွတ်ပါဘူး။ သေကြရမှာမလွဲ၊ သေမဲ့ခါတ်ကြီးကသာ ကိုယ်ခန္ဓာမှာ မြဲနေကြပါတယ်။

ဒါကြောင့် စတုတ္ထနာယကဆရာတော်ဘုရားက **အာယုက္ခယ အသက်တန်းကုန်ရင်လဲ သေရတတ်တယ်**။ သေခြင်းမြဲတယ်လို့ ဆိုတဲ့အခိပ္ပါယ်ကို သိစေခြင်းငှါ ပွါးစေခြင်းအကျိုးငှါ။

အသက်တန်းဟာ၊ ကုန်သောခါ၊ သေမှာမလွဲ မုချဘဲ၊
သေမဲ့ခါတ်ကြီးမြဲ။

အသက်တန်း ကုန်ရင် ရှင်တို့ ကျမတို့ အသေတရားကြီးကို ဘယ်လိုကြောက်လို့နေနေ သေကြရမှာအမှန်ပါဘဲ။

ဒါဖြင့် အသက်တန်းကုန်မှသာလျှင် သေရတာလားဆိုတော့ ဒီလိုလဲမဟုတ်သေးဘူး။ မိမိရဲ့ကံအကြောင်း အားလျော်စွာ နေကြရတယ်။ **ကမ္မက္ခယ** ကံအစွမ်းကုန်ရင်လဲ ရှင်တို့ ကျမတို့ သေနိုင်ကြပါတယ်။

ဒါကိုရည်လို့.... ဆရာတော်ဘုရားက။

ကံ အကြောင်း ဟာ၊ ကုန်သောခါ၊ သေမှာမလွဲ၊
မုချဘဲ။ သေမဲ့ခါတ်ကြီးမြဲ။

လို့ ကံကုန်ရင် သေနိုင်တဲ့အကြောင်းကို ဆုံးမခဲ့ပါတယ်။

နောက်ပြီးတော့ **ဥဘယက္ခယ** လို့ ဆိုတဲ့ အသက်ရယ် ကံရယ်နှစ်ပါးစုံကုန်ရင်လဲ အလွယ်တကူ သေနိုင်တဲ့ အကြောင်း ကောင်းစွာ သိလို၍ ဆရာတော်ဘုရားက—

အသက်ကံဟာ၊ ကုန်သောခါ၊
သေမှာမလွှဲ မုချဘဲ၊ သေမဲ့ခေတ်ကြီးမြဲ။

လို့ ဆုံးမခဲ့ပါတယ်။ နောက်ပြီးတော့ အသက် ကံနှစ်ပါး ပြည့်ပြည့် စုံစုံ၊ လုံ လုံ လောက် လောက် ရှိ သော် လဲ၊ ကြား က **ဥပစ္ဆေဒကကံ** ဖြတ်ရင်လဲ သေနိုင်တဲ့ အကြောင်းကို ဆုံးမ ခဲ့ပါ သေးတယ်။ ကြားကကံဟာ ဘယ်လိုဟာလဲဆိုရင်တော့ ဒါးခုတ် ပြီးသေခြင်း၊ ရေနစ်ပြီးသေခြင်း၊ ပိုးထိပြီးသေခြင်း အစရှိတဲ့ လတ်တလော သေရခြင်းဟာ ကြားကံဖြတ်လို့ ပါတဲ့၊ သတ္တဝါ တွေ ဒီလိုလဲ သေခဲ့လှပြီလို့ ဆရာတော်ဘုရားက....

ကြားကကံဟာ၊ ဖြတ်သောခါ၊
သေမှာမလွှဲ မုချဘဲ၊ သေမဲ့ခေတ်ကြီးမြဲ။

လို့ ဆုံးမခဲ့ပါတယ်။ သုံးဆဲ့တဘုံထဲမှာ ရောက်လာကြတဲ့ သုံးဆဲ့တဘုံသားတွေဟာ ယခုပြောခဲ့တဲ့ **အာယုက္ခယ၊ ကမ္မက္ခယ၊ ဥဘယက္ခယ၊ ဥပစ္ဆေဒက** ဆိုတဲ့ သေခြင်းအကြောင်းတရား လေး ပါးကိုတော့၊ ဘယ်သတ္တဝါမှ ရှောင်ကွင်း မသွား နိုင်ကြောင်း၊ ကွေကွင်းလို့ မရကြောင်းကိုတော့ ကောင်းကောင်း သိထားဘို့ ပါဘဲ၊ ဒီသေခြင်းအကြောင်း လေးပါးနှင့် တွေ့ဆုံ တိုက် ဆိုက်လာရင် ဖြုန်းကနဲဆို သေသွားတတ်ပါတယ်၊ မမျှော်လင့် မင် စားဘဲနှင့် ကြုံရတတ်တဲ့ အမှုမျိုးတွေပါ။ ဒါကြောင့်....

မရိုးသာမိ၊ သုံးဆဲ့တဘုံရောက်၊ သေစာရင်းပေါက် သဖြင့်၊ သေခြင်းသို့ ရောက်ရပေတော့အံ့။

ထွေ၊ သေစာရင်းပေါက်ထား၊ ဤသေခြင်းတရား၌။
မေ၊ မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ သေလဲ သေမည်၊ သေ
လိမ့်မည်ဟု၊ ကြံစည်ပြတ်သား၊ ငါ့လိုလူအား။
သံသယော၊ မသေလိမ့်လား၊ သေလိမ့်လားဟု၊
နှလုံးသားနှစ်ခွ၊ သံသယသည်။

ယခုလို သေခြင်းအကြောင်းတရားလေးပါးနှင့်တကွ၊ သေစာရင်းကို စေ့စေ့ ကြည့်လိုက်တော့ **သေရအုံးမှာ လေလား၊ မသေရဘူးလေလား** လို့ဆိုတဲ့ စိတ်ဒွိဟတွေ၊ စိတ်သံသယတွေ ကင်းပြီး **သေရမှာအမှန်ဘဲ၊ သေခြင်းမြဲနေတဲ့ ခန္ဓာကြီးဘဲ** လို့ အသိတွေဝင်ပြီး၊ တရားလိုချင်မှုဟာ အရေးကြီးစွာ ဖြစ်လာပါတယ်။ သေခြင်းတရားကို မမြင်ခင်ကတော့ တရားလိုချင်တယ် ဆိုလဲပေါ့ပေါ့ပေါ့ရှင်။နောက်နှစ်မှ နောက်လမှ နောက်ရက်မှနဲ့ ဒီလိုနှင့်သာ ရက်တွေကုန်ခဲ့ပါတယ်။

ကဲ.... သံဝေဂခန်းမှာ ဒါလောက်ဆို အားလုံး စိတ္တသံဝေဂ တွေဖြစ်လောက်ပါပြီ။

ဉာဏသံဝေဂနှင့် ဓမ္မသံဝေဂ ထပ်မံဖြစ်ရန်အတွက် ခန္ဓာ ငါးပါး အရှုအပွါးတရားကြီးကို ဆက်လက် အားထုတ်ကြပါ အုံးစို့။

ဒီဂါထာကြီးက ခန္ဓာငါးပါးလုံး သိနိုင်ရန် မြင်နိုင်ရန် အတွက် ဉာဏသံဝေဂအဖြစ် ဆုံးမထားတာ ဖြစ်တော့ ကျမ ခန္ဓာငါးပါးဘဲ ဟောပါမယ်။

ငါးပါးလုံးဟောရမှာဆိုတော့ သဘာဝသစ္စာ အနည်းငယ် ပြောပြီး အရိယ သစ္စာကို ဦးစားပေး၍ ဟောပါမယ်။

သဘာဝသစ္စာကို အနည်းငယ်ပြောရမယ်ဆိုရင် ရုပ်၂၈ပါး ဟာ ရူပက္ခန္ဓာ၊ ဖေါက်ပြန်တာ အဲဒါ သဘာဝ လက္ခဏာပါဘဲ။

ဝေဒနက္ခန္ဓာ၊ ခံစားတဲ့ လက္ခဏာ၊
သညာက္ခန္ဓာ၊ မှတ်သားတဲ့ လက္ခဏာ၊
သင်္ခါရက္ခန္ဓာ၊ စေထနာ စေတသိက် အမှူးပြု၍ စေ့ဆော်တဲ့ လက္ခဏာ။
ဝိညာဏက္ခန္ဓာ၊ ထွေထွေထူးထူးသိတဲ့ လက္ခဏာ။

ဒီသဘောတရားတွေဟာ အသီးသီးသူတို့ရဲ့ သဘာဝတရား သဘာဝသစ္စာပါဘဲ။

သဘာဝသစ္စာကို ရှည်လျားစွာပြောနေရင် အရိယသစ္စာ မှာ အချိန်မရမှာစိုးလို့ ဤမျှနှင့်ဘဲ တခန်းရပ်ထားကြပါစို့ရှင်။

အရိယသစ္စာကို ဥာဏ်ဝင်စားလိုက်ရင်တော့ ခန္ဓာငါးပါး တရားတွေဟာ ဘာတခုမှ ရစရာမရှိပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ရေမြှုပ်နှင့်တူတယ်လို့ ရုပ်ကိုဟောကြားခဲ့တယ်။

ရေမြှုပ်ဆိုတော့ သိတဲ့အတိုင်းပါဘဲ အားကိုးလောက်တဲ့ ပစ္စည်းမျိုးမဟုတ်ပါဘူး။

ရုပ်က ရေမြှုပ်နှင့်တူလို့ ဝေဒနာကို ရွှေ့ပြောင်းပြီး အားကိုးပါ့မယ်ဆိုပြန်တော့လဲ ရေပွက်ဆိုတော့ အားကိုးလောက် ပါ့မလား။

တကယ်ဆို ရုပ်တရားကို အားမကိုးလောက်ပေမဲ့ ဝေဒနာ တရားက စိန်ခဲ မြခဲဆိုရင် တော်အုံးမယ်။

ခုတော့ ရေပွက်တရားမို့ သူကလဲ အားကိုးမခံနိုင်။

တဖန် သညာတရားကို ကြည့်တော့လဲ တံလျှပ်လို့တဲ့။ တံလျှပ်ဆိုတာ ကိုင်တွယ်လို့တောင် ရတဲ့တရားမျိုး မဟုတ်ဘူး။ ကိုင်တွယ်ဘို့မဆိုထားနှင့် အနီးကြည့်တောင်မရဘူး။ အဝေးကဘဲ ကြည့်လို့ရတယ်။

အနှစ်မရှိပုံ ဘယ်လောက် ထင်ရှားသလဲ။

ဒါကြောင့်.... သညာတရားကိုလဲ ငါပြုမနေကြနဲ့ ငါပြုစရာ အနှစ်မရှိဘူး။

သင်္ခါရက္ခန္ဓာ ခေါ်တဲ့ ငါးဆယ်သော စေတသိက်တရားတွေ ကြည့်စမ်းပါ။ လောဘစေတသိက် ဒေါသစေတသိက် အစရှိတဲ့ စေတသိက်တရားတွေဟာ ဘယ်စေတသိက်မှ ခိုင်မြဲခြင်း မရှိပါဘူး။

ပေါ်လာကြပြီး အနှစ်ကင်းမဲ့စွာဖြင့် ပျက်သွားကြတဲ့ ငှက်ပျောပမာ အကာသာရှိတဲ့ တရားတမျိုးပါ။

ဝိညာဏက္ခန္ဓာကလဲ မျက်လှည့်ပြ ရွှေလိုဟာပါ။ သုံးလို့ မဖြစ်ပါဘူး။

ခန္ဓာငါးပါးလုံး စုစုချုပ်လိုက်တော့ အားကိုးနေကြတဲ့ အန္ဓပုထုဇဉ် သတ္တဝါတွေကို ကယ်နိုင်ဘို့နေနေသာသာ သူတို့ အချင်းချင်းကို မကယ်နိုင်ကြပါဘူး။

ဒါကြောင့်.... ဘုရားဆုံးမထားဘဲ့အတိုင်း ရှုကြည့်လိုက်တော့ ဘယ်ခန္ဓာမှ အနှစ်မရှိပါလား၊ ဘယ်ခန္ဓာကမှ ငါတို့ကြောက်တဲ့ အသေတရားကို မကယ်နိုင်ပါလားလို့။

ခန္ဓာငါးပါး အရိယသစ္စာတရားကြီးကို ကျကျနန မြင်ရင် နှလုံးသားထဲမှာ အသေတရားကြီးလို့ ရှင်းသွားနိုင်ပါတယ်။ ဒါကြောင့်....

သံသယော၊ မသေ လိမ့် လား သေ လိမ့် လား ဟု၊
နှလုံးသားနှစ်ခွ သံသယသည်။ နတ္ထိ၊ သေ စာ ရင်း
ကြည့်က မရှိမရတော့ပါပေ။

နတ္ထိ၊ ဘုရားအဆုံးအမဖြစ်တဲ့ တရား တလုံးမျှကို
ပွါးသုံးရသဖြင့် နှလုံးသားနှစ်ခွ သံသယဒွိ မရှိသင့်
တော့သည်သာလျှင်တည်း။

မြဲလိမ့်မယ် တည်လိမ့်မယ် မသေနိုင်ဘဲ နေလိမ့်အုံးမယ်လို့
နှလုံးသားထဲမှာ မရှိသင့်တော့ပါဘူးလို့ ရေမြှုပ်က ဘယ်မှာ
ရေပွက်ကို ကယ်နိုင်ပါ့မလဲ။ ရေပွက်ကလဲ တံလျှပ်ကို မကယ်
နိုင်ပါဘူး။ ကဲ - သင်္ခါရ လောကကြီးတခုလုံး တဦးကို တဦး
ကယ်နိုင်သူများရှိကြပါသလား။

ပရမတ် ပရမတ်ချင်းမှ မကယ်နိုင်ရင် ပညတ်မျှဖြစ်တဲ့
သတ္တလောက သူသူငါငါတွေမှာ ပြောစရာ မရှိတော့ပါဘူး။
အဲသလိုသာ မြင်အောင် အားထုတ်ကြပေတော့။

သာသနာနှင့်တွေ့တဲ့အခါ အားထုတ်သွားကြရင်း ရှင်တို့
ကျမတို့ကြောက်တဲ့ အသေတရားကြီးလဲ လွတ်ကင်းနိုင်ပါပြီလို့
ဒါကြောင့်....

နတ္ထိ၊ ရုပ်လက္ခဏာမူ ရေမြှုပ်နှင့်တူသဖြင့် ဝေဒနာ၏
မူ ရေပွက်နှင့်တူသဖြင့် သညာ၏မူ တံလျှပ်နှင့်တူသဖြင့်
သင်္ခါရ၏မူ ငှက်ပျောနှင့်တူသဖြင့် ဝိညာဉ်၏မူမျက်လှည့်
နှင့် တူသဖြင့် ကယ်နိုင်သူမရှိ အနိစ္စအတိကို ဝိပဿနာ
အသိ ဉာဏ်မျက်စိဖြင့် သေချာစိစိတဲ့တဲ့ကြည့်လိုက်သော်
တကယ့်တကယ် တကယ်ပင် မရှိ နိုင် တော့ သည် သာ
လျှင် တည်း။ ။

သာဓု သာဓု သာဓု။

# မရှုဘဲနေ ဒါလူသေ တထွေ့ခဲ့ကြပါ

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ကဲ– ယနေ့ည နံပါတ်(၂) အစီအစဉ်အရ ကျမ တာဝန်ရှိသမျှ ဟောပြောသွားပါ့မယ်။ အာရုံပြုပြီးတော့သာ နာကြပေတော့။

တရားနာတဲ့အခါမှာ ကျမအထူးသတိပေးချင်တာကတော့ **ပုဂ္ဂလဓိဋ္ဌာန်နဲ့တော့ မနာကြပါနဲ့** လို့ **ဓမ္မဓိဋ္ဌာန်နဲ့သာ နာကြားကြပါ**လို့ သတိပေးချင်ပါတယ်။

ဘာ့ကြောင့်လဲဆိုသော့ ကျမတို့အနေနဲ့ ပြောရမယ်ဆိုရင် မိန်းကလေးလဲဖြစ်ပြန်။ အလွန်သေးငယ်တဲ့ အရွယ်လဲ ဖြစ်နေတော့ ပုထုဇဉ်တို့မျက်စိနှင့်ကြည့်ရင် တရားတော်ကြီးနဲ့ကတော့ မတန်စရာပေါ့ရှင်။

ကျမ်းဂန် ဒေသနာတွေထဲမှာလဲ **သုနိပုဏ** အလွန်သိမ်မွေ့တယ်။ **အတိဂမ္ဘီရ** အလွန်နက်နဲတယ်။ **အတိဒုဒ္ဒသ** အလွန်သိနိုင်ခဲတယ် ဆိုတာတွေလဲ ပရိယတ်ကြီး သိကြပြီးသားပါဘဲ။

ဒါက တကယ့်ပေါ့ရှင်၊ သိမ်မွေ့တဲ့တရားတွေ၊နက်နဲတဲ့တရားတွေ၊ သိနိုင်ခဲတဲ့တရားတွေကို ငါတို့ မသိနိုင်လောက်ဘူး၊ မမြင်နိုင်လောက်ဘူးဆိုပြီး မရှုဘဲ၊ မပွါးဘဲ၊ အားမထုတ်ဘဲ နေရင်တော့ ပို့ပြီးနက်နဲသွားလိမ့်မယ်။ ပိုပြီး သိဘို့မြင်ဘို့ ဝေးသွားလိမ့်မယ်လို့ ဆုံးဖြတ်ရမှာဘဲ။

ခုနေခါမှာ၊ အနတ္တသာသနာကြီး နေလိုလ လို လင်းနေခိုက်မှာ၊ ဆရာသမားများ ဆုံးမတဲ့အတိုင်း လိုက်နာကျင့်သုံးသွားကြမယ်ဆိုရင် သိနိုင်ခဲ့သောတရားတွေ သိလာပါလိမ့်မယ်။ မြင်နိုင်ခဲ့သောတရားတွေ မြင်လာပါလိမ့်မယ်လို့ ဆိုတာ ဆုံးဖြတ်ရမှာဘဲ။ ဘာ့ကြောင့်လဲဆိုတော့၊ ရှင်တို့ကျမတို့ အားလုံးပါဘဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လေ။ ဆရာသမား အဆုံးအမ မရှိခင်က ဘယ်လို။ ခုအဆုံးအမရှိလာတော့ ဘယ်လိုဆိုတာ။ ကိုယ့်ရုပ်ကို ဝေဘန်ကြည့်ရင် အလွန်ထင်ရှားပါတယ်။

ဒါကလဲ တကယ်လုပ်မှပေါ့၊ စားကောင်း သောက်ကောင်း လူကြားကောင်း တရားနာတော့လဲ မဟုတ်သေးဘူးပေါ့။

ဘုရားလက်ထက်ကဆိုရင်၊ ဘုရားအဆုံးအမကို တကယ်ယူကြတော့၊ ဝိသာခါတို့၊ ထေရိကာတို့၊ နောက်ပြီးတော့ ပဏ္ဍိတရှင်သာမဏေတို့ သံကိစ္စသာမဏေတို့ ဆိုတာ အ ထင် အ ရှား ကျွတ်တန်းဝင်သွားကြတာပါ။

ယခုလဲဘဲ ဘုရားလက်ထက်ကလို ဆရာသမားများရဲ့ အဆုံးအမကို လေးလေးစားစား နာယူပြီး ကျင့်သုံးသွားကြရင် အသိဉာဏ်အရာမှာ ငယ်တယ်ကြီးတယ် မရှိပါဘူး။ ကြိုးစားမှုနှင့် အသိဉာဏ်ရမှုသာလျှင် ပဓာနဖြစ်ပါတယ်။ ဒါက အရိယာများရဲ့ အမြင်ပေါ့။

ဒါကြောင့်မို့ ကျမ အစက သတိပေးတာ၊ ပုထုဇဉ်တို့အမြင်ဖြစ်တဲ့ ပုဂ္ဂလဓိဋ္ဌာန်နှင့် မနာကြားကြဘဲ၊ အရိယာအမြင်ဖြစ်တဲ့ ဓမ္မဓိဋ္ဌာန်နှင့်သာ နာကြားကြပါလို့ စောစောက သတိပေးခဲ့တာ။

တရားနာတယ်ဆိုတာကတော့ သုတမယ ဉာဏ်စခန်းပေါ့။ သုတနှင့်ရှာမှီးပြီး၊ စိန္တာမယဖြင့် ခန္ဓာမှာ ပရမတ်သဘော အသီးသီးတွေကို ကြံစည်ဘို့၊ ရှုပွားဘို့၊ အရေးအကြီးဆုံးပါဘဲ။

ဒါမှ ဘာဝနာမယဖြစ်ကြမှာ၊ ဒီလိုဉာဏ်အဆင့်တွေ တိုးတိုး လာအောင် သတိရှိရမယ်၊ သတိမရှိလျှင် ဘယ်ကိစ္စမှ မအောင် မြင်နိုင်ပါဘူး။

ခုလို နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာလမ်းကြောင်းကြီး ပေါ် လျှောက်နေကြတာ မပြောပါနှင့်။ လောကီ ကိစ္စများ တောင် အလွန်သတိထားကြရပါတယ်။

ဒါကြောင့် ဆရာတော်ဘုရားက ဟောပုံကျမ်းမှာ **သတိကင်း ထမင်းတောင် မနပ်တနပ်** လို့ ဆုံးမခဲ့ပါတယ်။ လောကကြီးထဲ မှာလဲ ကြည့်လေ၊ ဘယ်နေရာမဆို သတိနှင့် ပြုလုပ်နေကြရတာ ချည်းဘဲ။

တောင်သူလယ်သမားတွေမှာလဲ သတိ နှင့် ကင်းမဖြစ်ဘူး။ မျိုးစိုက်ပျိုးချိန် စိုက်ပျိုးမှု၊ သိမ်းချိန် သိမ်းမှု၊ အရောင်းအဝယ် ကုန်သည်တွေမှာဆိုလဲ မိမိတို့ဝယ်ထားသောကုန်များနှင့်၊ နောက် ထပ်ဝယ်ရန် ရှိနှင့်သောပစ္စည်းများ ဈေးကောင်းကောင်းရောင်း ရဘို့ဟာ သတိနှင့်ဆက်သွယ် နားထောင်နေကြပါတယ်။

အစိုးရ လခစားများလဲ အချိန်ကို အလွန်သတိထားကြရ တယ်။

ဒီလိုလောကီကိစ္စလေးများတောင် သတိအလွန် အရေးကြီး နေတယ်ဆိုတော့ သံသရာမှလွတ်ချင်ကြတဲ့ ရှင်တို့ကျမတို့ ပေါ့ ပေါ့နေလို့ သင့်လျော်ပါ့မလား။

ရှင်တော်ဘုရားကြီးကလဲ ဗောဓိပက္ခိယတရား(၃၇)ပါးထဲမှာ သတိပဋ္ဌာန်လေးပါး ဟောကြားခဲ့တာ အထင်အရှားပါဘဲ။

အဲဒီ သတိပဋ္ဌာန်လေးပါးကလဲ သရုပ်အားဖြင့်သာ လေးပါး ပြောရတာ၊ တရားကိုယ်ကတော့ သတိစေတသိက် တခုပါဘဲ။ အောက်မေ့မှု သတိစေတသိက်ရှိမှ သတိပဋ္ဌာန် ဖြစ်ပါတယ်။

သတိစေတသိက်ကြီး ဘယ်မှာ ဖြစ်သလဲလို့ မေးရင်၊ သတိ ပဋ္ဌာန်လေးပါးမှာ ဖြစ်တယ်လို့ ပြောရမယ်ပေါ့။

ဒါကိုသိစေလိုလို့ ရှင်တော်ဘုရားကြီးက....

**ကတ္ထသတိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု သတိပဋ္ဌာနေသု** လို့ ဟော ထားခဲ့ပါတယ်။

မြန်မာပြန်ဆိုရမယ်ဆိုရင် **ကတ္ထ၊ အဘယ်ဋ္ဌာနမျိုး၌။သတိန္ဒြိယံ၊ သတိန္ဒြေ သတိ စေတသိက်သည်။** **ဒဋ္ဌဗ္ဗံ၊** ဖြစ်သနည်း။

**စတူသုသတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်လေးပါးတို့၌။ ဒဋ္ဌဗ္ဗံ၊ ဖြစ်၏။**

လို့ သတိပဋ္ဌာန်လေးပါးမှာ သတိစေတသိက် အခရေးကြီး ကြောင်းကို ရှင်းလင်းဖြေကြားခဲ့ပါတယ်။

ဒါဖြင့် သတိပဋ္ဌာန်တရား လေးပါးမှ၊ သတိ အရေးကြီးသ လားဆိုတော့ သတိပဋ္ဌာန်နည်းနဲ့ပြောတော့ သတိပဋ္ဌာန် အရေး ကြီးတာပေါ့၊ ခန္ဓာနည်းနဲ့ ကြည့်လဲ အရေးကြီးလျက်ပါဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ သတိပဋ္ဌာန်တခြား၊ ခန္ဓာငါးပါးတခြား၊ ဒီလိုမှမဟုတ်ဘဲ သတိပဋ္ဌာန်သည်ပင်လျှင် ခန္ဓာငါးပါး၊ ခန္ဓာ ငါးပါးသည်ပင်လျှင် သတိပဋ္ဌာန်၊ ဒီတရားတွေကို လှည့်လည်ပြီး အမည်ပေး ဟောသွားတာပါဘဲ။

ဒါဖြင့် ခန္ဓာငါးပါးကို သတိပဋ္ဌာန်နည်းဖြစ်အောင် ဘယ်လို ရှုစပ်ကြည့်ရမလဲဆိုတော့။

၁။ ရူပက္ခန္ဓာကို ကာယာနုပဿနာ သတိပဋ္ဌာန်၊
၂။ ဝေဒနက္ခန္ဓာကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်။
၄။ ဝိညာဏက္ခန္ဓာကို စိတ္တာနုပဿနာ သတိပဋ္ဌာန်။
လို့ ရှုစပ်လိုက်တော့ အတူတူ တသားထဲပါဘဲ။

ဒါ့ကြောင့် ရူပက္ခန္ဓာ ရုပ်တရား၏ ဖေါက်ပြန်ပြောင်းလဲပြီး မမြဲပုံရှုလိုက်တော့ ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်တော့တာဘဲ။

အဲဒီဖေါက်ပြန်မှု မမြဲမှုဆိုတဲ့ ရုပ်တရားအာရုံကို ပျောက်မသွားအောင် သတိဦးစီးပြီး ထားရမှာပါဘဲ။ ဒါ့ကြောင့် —

ဝိပဿနာဉာဏ်ရှေ့၊ ရုပ်ကိုတွေ့၊ နေ့တိုင်းမမေ့နှင့်
လို့ ကျမတို့ ဆရာတော်ဘုရားများ ဆုံးမထားပါတယ်။

နောက်ပြီးတော့ ဝေဒနာနုပဿနာအရ ဝေဒနက္ခန္ဓာကို အားထုတ်တဲ့နေရာမှာ ဝေဒနာကို အာရုံပြုလိုက်သည်နှင့် တပြိုင်နက် မအီမသာ မခံသာမှုဆိုတဲ့ ဒုက္ခဝေဒနာ၊ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနှင့် ဘဝင်ဟာဒယမှာ ရွှင်ပျမှုဆိုတဲ့ သုခဝေဒနာ၊ ဒါလို ဝေဒနာရဲ့ လက္ခဏာကို အမိဖမ်းထားရမှာကတော့ ကိုယ့်တာဝန်ပါ။

သတိလစ်သွားရင်တော့ ဝေဒနာပျောက်ပြီး ငါရောက်လာမှာအမှန်ဘဲ။ ဒါကြောင့်....

ဝိပဿနာဉာဏ်ရှေ့၊ ဝေဒနာတွေ၊ နေ့တိုင်းမမေ့နဲ့
လို့ ဆုံးမထားတာပေါ့။

နောက်ပြီးတော့ စိတ္တာနုပဿနာအရဝိညာဏက္ခန္ဓာကို သတိနှင့်ကြည့်နေမယ်ဆိုရင် **သိ** ဆိုတဲ့ သဘောတရားတွေပေါ့၊ ရူပါရုံကိုသိသိ၊ သဒ္ဒါရုံကိုသိသိ၊ အာရုံ (၆) ပါး တပါးပါးပေါ့၊ ဝိညာဏက္ခန္ဓာ စိတ်တရားသာလျှင် သဘောတရား ကိုယ် နှင့် ရှိတယ်။ အသက်တို့ လိပ်ပြာတို့ဆိုတာ တကယ်ရှိတဲ့ တရားမဟုတ်ပါလားလို့ အသိတရားကို ကြည့်နေရမှာတဲ့။ ဒါကြောင့်....

ဝိပဿနာဉာဏ်ရှေ့၊ စိတ်ကိုတွေ့၊ နေ့တိုင်းမမေ့နှင့် -
လို့ အဲဒါလို အဆုံးအမ၊ ဆရာသမားများရဲ့ ဩဝါဒကိုမှီး၍ ကျင့်သုံးသွားရင် အရေးကြီးတဲ့ သတိတလုံးကို အသုံးချပြီးသားပါဘဲ။

နောက်ပြီးတော့ ဓမ္မာနုပဿနာဆိုတာ ရှိသေးတယ်၊ ခန္ဓာငါးပါးနည်းနှင့်ပေါင်းရင် သညာက္ခန္ဓာနှင့်၊ သင်္ခါရက္ခန္ဓာ ဒီ(၂) ပါးက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်တာပါဘဲ။

ဒါ့ကြောင့် ရှုလိုက်တိုင်း ပွားလိုက်တိုင်း၊ သူငါမရောတဲ့ သဘောအသီးသီးတွေလို—

ဝိပဿနာဉာဏ်ရှေ့၊ သဘောတွေ၊ နေ့တိုင်းမမေ့နှင့်။
ဒီလို ရှုရမဲ့တရား၊ ပွါးရမဲ့တရားတွေကြည့်လိုက်တော့ ရှင်တို့ကျမတို့ တရားသဘောအပေါ်၌ ရှုပွားအောက်မေ့နေတဲ့ သတိက များသလား။ ရှုရမဲ့တရားက များသလား။

သတိကများတယ်၊ ပိုတယ်လို့တော့ ကျမတို့ မကြားဘူး သေးဘူးရှင့်နော်။

သုံးစောင်ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကို ဒီနေရာမှာ အနည်းငယ်ထည့်သွင်းကြည့်စမ်းပါ၊ ရုပ်တရားတခုကိုဘဲ ရေမြှုပ်နှင့်တူပုံတွေ **ထမင်းဝါးခွန့်ရတာတို့၊ နောက်ပြီးတော့ ဘိနပ်စီးရတယ်၊ ထီးဆောင်းရတယ်၊ နွားဝှေ့မှာကြောက်ရတယ်** စသည်ဖြင့် ရုပ်တရားတခုကိုဘဲ ရှုလို့ မကုန်နိုင်ပါဘူး၊ ခန္ဓာနည်း, အာယတနနည်း, ဓာတ်နည်း သစ္စာနည်း, ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း၊ ဘယ်နည်းဘဲ ဖြစ်ဖြစ် ရှုပွား ဆင်ခြင်လိုက်ရင် အကျိုးရှိတာချည်းဘဲ။ ဘယ်တရားရှုလို့ သတိတရားကပိုပါတယ်လို့ မရှိပါဘူး။ ဒါကြောင့်....

သတိ သဗ္ဗတ္ထိကံ ဝဒါမိ–တဲ့။ **သတိ၊ သတိကို။ သဗ္ဗတ္ထိကံ၊ အပိုမရှိ၊ အလုံးစုံအကျိုးရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏**

လို့ ဆိုတဲ့အတိုင်း ပညာလွန်၊ သဒ္ဓါလွန်၊ ဝီရိယလွန် လို့ သာရှိတယ်။ သတိလွန်ရယ်လို့မရှိပါဘူး။ သတိ ဆိုသော်လဲ၊ ရုပ်နာမ် ခန္ဓာတို့ကို မမေ့တဲ့ သမ္မာသတိ၊ မဂ္ဂင်ထိုက်တဲ့ သောဘဏသာဓာရဏ စေတသိက်ကို ဆိုလိုတယ်ရှင့်နော်။ ဘာမဟုတ် ညာမဟုတ်နှင့် သားကိုမမေ့တဲ့၊ သမီးကိုမမေ့တဲ့၊ မိစ္ဆာသတိကိုတော့ မလိုချင်ဘူး။ ပညတ်တွေကိုမမေ့တဲ့ မိစ္ဆာသတိတွေဖြစ်နေရင်၊ ရှင်တို့ကျမတို့သန္တာန်မှာ နေ့ရှိတိုင်း အပြစ်တွေသင့်နေကြမှာပါဘဲ။ ဒါကြောင့်....

ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဥ္စ ခေမတော။
ဘာဝေထဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဧသာ ဗုဒ္ဓါနုသာသနီ။ ။

ဘိက္ခဝေ၊ သတိတလုံးအရေးအကြီးဆုံးကို နည်းထုံးကျနနာ လိုကြတဲ့ သိဝပြည်သွား....အိုချစ်သားတို့....

တုမေ့၊ သတိမထား၊ **အပြစ်ပွား**သည်ဟု၊ မလစ် မနားဘဲ၊ အညစ်တရား**တွေ**ကို၊ ပြစ်ရှားနေငြား၊ သင်ချစ်သားတို့သည်။

အပြစ်ဆိုတာကတော့ **သတိမမှု ဂုမမြင်၊ သတိမှုတော့ မှုတောင်မြင်တယ်** ဆိုတဲ့ ရှေးလူကြီးများ စကားလိုပေါ့။

ရှင်တို့ကျမတို့သန္တာန်မှာ သတိထား ကြည့်လိုက်ရင် အပြစ်ကြီးပါဘဲ။

ဘယ်အပြစ်တွေလဲဆိုတော့ ဒွါရခြောက်ပါးမှာ တွေ့တဲ့အာရုံတွေနှင့်တွေ့တော့ သာယာတဲ့ လောဘအပြစ်တွေ၊ မတွေ့တဲ့ အာရုံတွေနှင့်တွေ့တော့ ဒေါသ အပြစ်တွေ၊ ဒါတွေနှင့်သာ အချိန်ကုန် နေကြရတာဘဲ။

တွေ့ မတွေ့တွေကြောင့် မျက်စောင်းထိုးမှု၊ မေးငေါ့မှု၊ အတင်းပြောမှု၊ ဆိုမှုဆဲမှု၊ သန်းဥတုတ်မှု၊ ကြမ်းပိုးပွတ်မှု ဆိုတာတွေဟာ အချိန်မစဲ တသဲသဲပါဘဲ။

ဒီလို အပြစ်တွေကြောင့်၊ အပါယ်လေးပါ၊ ကျခဲ့ရတာကလဲ ဘဝမစဲ အမြဲဘဲ မဟုတ်လား။

တကြိမ်တခါနှင့်တော့ ပဥ္စာနန္တရိယကံကလွဲရင် အပါယ်လေးပါးကို မရောက်နိုင်ဘူးပေါ့ရှင့်။

ဒါပေမဲ့ အပြစ်ပေါင်းများတော့ ကျရတော့တာဘဲ။

ဒါ့ကြောင့် မြတ်စွာဘုရား ဥပမာထားခဲ့တာရှိတယ်။ ဘယ်လို လဲ ဆိုေတာ့ လောကမှာ ရွာဘေးမှာအမှိုက်ပုံကြီးတွေရှိတယ်တဲ့။

အဲဒီအမှိုက်ပုံကြီးတွေဟာ တခါထဲနှင့်အကြီးကြီးဖြစ်အောင် ပုံလိုက်တာမဟုတ်ဘူးတဲ့။ နောက်မှ ရက်ပေါင်း လပေါင်း နှစ်ပေါင်းများတော့ အမှိုက်တွေစုပြီး၊ အမှိုက်ပုံကြီးဖြစ်လာတယ် လို့ ရှင်တော်ဘုရားကြီးက....

ပမာဒေါ ရဇောသဗ္ဗဒါ၊ ပမာဒါနုပတိတောရဇော။

လို့ ဟောခဲ့တယ်။

**ပမာဒေါ**၊ ရှေးဦးစွာ သတိလွတ်ကင်းအနည်းငယ်မေ့လျော့ ခြင်းသည်။ ရဇော၊ စိတ်အစဉ်ကို မရှင်မမြူး ညစ်ညူးစေတတ် ရှေးဦးစွာ ကျလတ်သော မြူမှုံ့အမှိုက်မည်၏။

သဗ္ဗဒါ၊ အ ခါ ခါ ခပ် သိမ်း။ အနုပတိတော၊ ထပ်၍ထပ်၍ ကျရောက်သော။ ပမာဒေါ၊ကြီးစွာလွန်မင်း မေ့လျော့ခြင်းသည်။ အနုပတိတော၊ ထပ်၍ ထပ်၍ ကျရောက်လာသော။ ရဇော၊ မြူပေါင်းစုဆုံ အမှိုက်ပုံကြီးမည်၏-လို့ ဟောကြားတော်မူခဲ့ ပါတယ်။

ဒါ့ကြောင့်.... အကုသိုလ်ဖြစ်တဲ့ အပြစ်တရားများကို နဲနဲ ကလေးဘဲဟု အ ထင် မ သေး ရ ဘူး ပေါ့ ရှင်။ နဲနဲကလေးဘဲဟု မထိမ့်မြင်ပြုလိုက်လျှင် နဲနဲပေါင်းများတော့ အစုအပုံကြီး ဖြစ် ရတော့ဒါဘဲ။ ဒါ့ကြောင့်....

တုမေ့၊ သတိမထား အပြစ်ပွါးသည်ဟု မလစ်မနေဘဲ အညစ်တရားတွေကို ပြစ်မှား နေ ငြား သင် ချစ် သား တို့သည်။

**ဗမာ ဒဿ၊** လောဘအဖျက်သမား သူ့စကားကြောင့် ဒါနတရား မလှူအားဘဲ နှမြော နေ ငြား မေ့ လျော့ ထားခြင်းကိုလဲ။

ဘယတော၊ မပြုမလုပ်နိုင်ငြား သူသေကောင်အလား အလွန်ကြောက်သောအားဖြင့်။

သတိမထားရင် ဒါနပြုရာမှာလဲ အဖျက်သမား ဝင်လာတတ်တာဘဲ။

ရှင်တို့ ကျမတို့ ဗုဒ္ဓဘာသာမှန်လို့ရှိရင် ဒါနရှိမှ ချမ်းသာမယ်ဆိုတာ လူတိုင်းသိကြပါတယ်။

ခုလောကကြီးထဲမှာလဲ တဦးနှင့် တဦးဟာ ဝတ်ပုံ စားပုံ ခံစားကြပုံ စံစားကြပုံဟာ မတူကြပါဘူး။

ဒါနမရှိရင် ဘယ်နေရာဖြစ်ဖြစ်၊ အောက်တန်း နောက်တန်း အလွန်ကျပါတယ်။ ဒါ့ကြောင့် **ဒါနမပါ ဖြစ်လေရာ မွဲတာရှည်တတ်သည်** လို့ ဆိုတဲ့အတိုင်း ဒါနရှိကြတဲ့ သူတွေ က တော့ လှူလဲရှေ့က ပေးလိုလဲရှေ့က အစစရှေ့ကချည်းပါဘဲ။

ခုလို ဒါနအကျိုးကို သိလို့ ဒါနပြုတဲ့အခါ လောဘအဖျက်သမား ဝင်လာတတ်ပါတယ်။

လောဘဆိုတာ လိုချင်တယ် ရချင်တယ် ကိုယ့်ဟာကို နှမြောတယ်။ ရလို့ဖြင့် ဘယ်လောက်ရရ အားရခြင်းမရှိပါဘူး။

ဒါ့ကြောင့်.... မြတ်စွာဘုရားက လောဘကို ဥပမာ မီးပုံ မီးတောက်ကြီးနှင့်တူတယ်လို့ ဟောခဲ့တယ်။

မီးပုံကြီးများဟာ လောင်လို့ ဝပါပြီ တော်ပါပြီလို့ ဘယ်တော့မှ တင်းတိမ်ခြင်း အားရခြင်းမရှိပါဘူး။ လောင်စာ ရင်လဲကုန်မှ ရေနှင့်ရင်လဲ လောင်းမှ မီးများဟာငြိမ်းပါတယ်။

အဲဒီလောဘမီးများလို လောဘဆိုတဲ့ တရားကြီးလဲ ဘယ် တော့မှ အားရတင်းတိမ်ခြင်းမရှိဘူး။ တောင်သူ လယ်ယာများ မှာဆိုရင် ယခုနှစ် မြေပဲ(၁၀၀၀)ရရင်၊ နောက်နှစ်(၂၀၀၀) ရအောင် ကြိုးစားရတယ်။

အရောင်းအဝယ် သမားကွေမှာ ဆိုရင်လဲ ဒီတခေါက် (၁၀၀၀၀)မြတ်ရင် နှစ်ခေါက်(၂၀၀၀၀)လောက်မြတ်မဲ့ကုန် ကို ရှာရတယ်။

အားလုံးပါဘဲ။လောကကြီးထဲမှာ စိတ်ဝင်စားကြည့်လိုက်ရင် ကားတစင်းရှိတဲ့သူက နှစ်စင်းဖြစ်ချင်တယ်။ မော်တော်တစင်းရှိ တဲ့သူကလဲ နှစ်စင်းဖြစ်ချင်တယ်။

မြေတွေယာတွေ၊ လှည်းတွေ နွားတွေ ငါတို့မှာ များလှပြီ။ တော်ပြီ မလိုချင်တော့ဘူးလို့များ ရှိကြရဲ့လား။

ကိုယ့်ဘိုပြည့်စုံပြန်တော့ သားဘို။ သားဘိုပြည့်စုံပြန်တော့ သမီးဘို။ သမီးဘိုပြည့်စုံပြန်တော့ မြေးဘို။ သားစဉ်မြေးဆက် အတွက် လိုချင်တာမဟုတ်လား။

လောဘတရားသည် အပြင်ဟာ လိုချင်ရုံတင် မကဘူး။ အတွင်းမှာ ရောက်လာသော အိမ်တွင်း ပစ္စည်းများကိုလဲ ပေး ချင်တယ်။ လှူချင်တယ်လို့ ဘယ်တော့မှမရှိခဲ့ဘူး။

လူမယ်စိတ်ကူးလိုက်ရင် လာပြီး လောဘအဖျက်သမားက ဒီနှစ်တော့ မလှူဘဲနေအုံးမှပါ။ နွားကလေးက ဝယ်ချင်သေးတယ်၊ မြေကလေးကလဲ လူချင်သေးတယ်။ ဒီနှစ် လှူလို့ မဖြစ်သေးပါဘူးလို့ လောဘက ဆုံးဖြတ်လိုက်ပါတယ်။ ဒါ့ကြောင့် နာမ်ဆရာတော်ဘုရားကြီးကျတော့ **ညာဘက်ကလှူရင်ဘယ်ဘက်က မသိစေနဲ့** လို့ ဆုံးမဘူးပါသတဲ့။

ဆရာတော်ဘုရားကြီးရဲ့အဆုံးအမဟာ သိပ်ဟုတ်တာပေါ့။ ရှင်တို့ကျမတို့ ဒီလိုနဲ့ဘဲ တသံသရာလုံးကစပြီး လောဘစကားနားထောင်လာခဲ့ကြလို့၊ ရှေး သူတော်ကောင်းကြီးတွေ၊ ရှေးဘုရားရှင်တွေလက်ထက်က ပြုသွားကြတဲ့ ဒါနရှင်တွေနှင့် နှိုင်းစာကြည့်လိုက်ရင် ယခု ကျမတို့ပြုနေကြတဲ့ ဒါနတရားလေးတွေဟာ ဘာမှ မပြောပလောက်သေးဘူးပေါ့။

တခါတခါ လောဘတရား လွန်ကဲလာတဲ့အခါ လုံးဝ မလှူလိုက်ရတဲ့အခါမျိုးတောင် ကြုံခဲ့ကြရပါတယ်။
ဒီလိုမကြုံရအောင် လောဘအဖျက်သမားကို သတိထားရလိမ့်မယ်ပေါ့ရှင်။

လောဘအဖျက်သမားကြောင့် မလှူဘဲများနေလိုက်ရင်၊ ဒါနတရားကြီးကိုမေ့များနေရင် လောကသူသေကောင်နဲ့တူတယ်လို့ မြတ်စွာဘုရားက....

ယေပမတ္တာ ယထာမတာ-တဲ့
ယေ၊ အကြင်သူတို့သည်။ ပမတ္တာ၊ မရှုမလေ့
မေ့လျော့၍ နေကြကုန်၏။

တော၊ ထိုမရှုမလေ့ မေ့လျော့၍ နေကြကုန်သော
သူတို့သည်။

မတာဃထာ၊ သေသောသူတို့နှင့် တူကြကုန်၏။
လို့ ဟောကြားခဲ့ပါတယ်။ လောက သူသေကောင်များကို အားလုံးမြင်ဘူးကြတယ်ပေါ့ရှင်။

အဲဒီ လူသေကောင်ဟာ ဘယ်ကိစ္စ ကိုမှ မဆောင်ရွက်နိုင်တော့ပါဘူး။ ကျမတို့ အရေးအကြီးဆုံးဖြစ်တဲ့ ဒါန တရားကြီးကို ပြုစမ်းပါဆိုပြီး ငွေတွေပုံပေးသော်လဲ ဒါနတရားကို မပြုနိုင်တော့ပါဘူး။

ဒါ့ကြောင့် သေတဲ့သူများမှာ ဒါနလမ်း ပိတ်နေပါတယ်၊ ကြီးကျယ်သော ဒါနပွဲကြီးတွေမဆိုထားနှင့်၊ မိမိကိစ္စမှာ လာကြတဲ့ လူပရိသတ်ကိုသော်မှ **"စားပါသောက်ပါ နေပါထိုင်ပါ"**လို့ သူ့မှာ မပြောနိုင်တော့ဘူး။

အဲ့ဒီလူသေကောင်လို ဒါနကို မေ့နေသော သူများမှာလဲ ဒါနလမ်းကြီး ပိတ်နေပါတယ်လို့၊ ဒါ့ကြောင့် ကိုယ့်ကိုယ်ကို ဒါနလမ်းမပိတ်ကြရအောင်လူသေကောင်နှင့် မတူရအောင်ပေါ့။ ရှင် အဖျက်သမား သတိထားရမယ်မဟုတ်လား။ ဒါကြောင့်....

ပမာဒဥ၊ လောဘအဖျက်သမား၊ သူ့စကားကြောင့်၊
ဒါနတရား၊ မလှူအားဘဲ၊ နှမြောနေငြား၊ မေ့လျော့
ထားခြင်းကိုလဲ။

ဘယတော၊ မပြုမလုပ်နိုင်ငြား၊ သူသေကောင်အ
လား၊ အလှူနိကြောက်သောအားဖြင့်။

အဖျက်သမားဟာ ဒါနပြုရာမှမဟုတ်ပါဘူး၊ သီလဆောက်တည်တဲ့နေရာမှာလဲ အဖျက်သမား ဝင်လာတတ်ပါတယ်။ ဘယ်အဖျက်သမားလဲဆိုတော့ ဒေါသအဖျက်သမားပေါ့။ ဒါကြောင့်-

ပမာဒဥ္စ၊ ဒေါသအဖျက်သမား၊ သူ့စကားကြောင့်၊ သီလတရား၊ မစောင့်အားဘဲ၊ ကြမ်းတမ်းနေငြား၊ မေ့လျော့ထားခြင်းကိုလဲ။ ဘယတော၊ သေရမလောက်၊ အမြင်ရောက်ထား၊ အလွန်ကြောက်သောအားဖြင့်။

ရှင်တို့ကျမတို့သန္တာန်မှာ သီလသီတင်း ဆောက်တည်ကြတဲ့နေရာမှာ ဒေါသအဖျက်သမား ဘယ်လိုဝင်လာတတ်ပါသလဲဆိုတော့၊ သီလအကျိုးကိုတော့ သိကြပြီးသားပေါ့။ သီလမရှိရင် ရောက်ရာဘုံဘဝမှာ အသက်တိုခြင်း၊ ရောဂါများခြင်း၊ စသည်ကိုသိကြလို့ သီလထိန်းသိမ်းနေပြီဆိုရင် ဒေါသအဖျက်သမားကဝင်လာပြီး၊ သီလဆိုတာ ဘယ်သဘောရှိသလဲဆိုတော့ သီလဆိုတာ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ယဉ်ကျေးသိမ်မွေ့ရပါတယ်၊ ဒေါသဆိုတာ အလွန်ကြမ်းတမ်းတယ်။ ဒီတော့ ကြမ်းတမ်းတဲ့တရားနှင့် နူးညံ့တဲ့တရားဟာ ဘယ်သင့်မြတ်နိုင်ပါ့မလဲ။

ဒါ့ကြောင့် ကိုယ့်သန္တာန်မှာ ဒေါသတရား ပေါ်လာရင် ကာယကံ သောင်းကျန်းခြင်း၊ ဝစီကံ သောင်းကျန်းခြင်း တို့ကြောင့် သီလတရား ပျက်ခဲ့ရတာလဲ ကမ္ဘာတွေအသင်္ချေမဟုတ်လား။ ဒါ့ကြောင့်....

သီလမပါ၊ ဖြစ်လေရာ၊ သက်မှာတိုတတ်သည်။

လို့ဆိုတဲ့ အဆုံးအမလေး လက်ကိုင်ထားပြီး သီလတရား မပျက်ပြားရအောင် သတိထိန်းသိမ်းရလိမ့်မယ်။ ဆရာသမား များရဲ့ အဆုံးအမကတော့ သီလကိုမထိန်းမိဘဲ မေ့နေရမှာကို သေရမလောက်ကြောက်ရမှာတဲ့။ သေဒဏ်ချထားသော ရာဇဝတ် သားများဟာ သေရမှာကြီးကို အမြဲ ကြောက်နေသလို၊ သီလ မရှိမှာကိုကြောက်နေရမှာတဲ့။ ဒါ့ကြောင့်....

ပမာဒဠ၊ ဒေါသအဖျက်သမား၊ သူ့စကားကြောင့်၊ သီလတရား၊ မစောင့်အားဘဲ၊ ကြမ်းတမ်းနေငြား၊ မေ့ လျော့ထားခြင်းကိုလဲ။

ဘယတော၊ သေရ မလောက်၊ အမြင် ရောက်ထား၊ အလွန်ကြောက်သောအားဖြင့်။

သီလဆောက်တည်တဲ့နေရာမှ အဖျက်သမား ဝင်တာမဟုတ် ပါဘူး။ ဘာဝနာပွားတဲ့ အခါမှာလဲ မောဟအဖျက်သမား ဝင်လာတတ်ပါတယ်။ ဒါ့ကြောင့်....

ပမာဒဠ၊ မောဟအဖျက်သမား၊ သူ့စကားကြောင့်၊ ဘာဝနာတရား၊ မရှုမပွားဘဲ၊ မိရိုးဖလာနေငြား၊ မေ့ လျော့ထားခြင်းကိုလဲ။

ဘယတော၊ သေ ရာ သေ ကြောင်း၊ မကောင်းပါ ကလားဟု၊ အမြင်ရောက်ထား၊ အလွန်ကြောက်သော အားဖြင့်။

ဒီအဖျက်သမားတွေကို ကြောက်သောအားဖြင့် တရားကို အားထုတ်ကြရဘယ်။ လေ့လာကြရပါတယ်။

"ဘာဝနာမပါ၊ သံသရာ၊ ကြာကြာလည်ရသည်"
လို့ဆိုတဲ့အတိုင်း ဘာဝနာကိုမေ့ရင်တော့ သံသရာထဲမှာ ကြာကြာကြီးဆင်းရဲဘို့ပါဘဲ။

ဘာဝနာမှုကိုမေ့နေခြင်းသည်၊ သေခြင်း အကြောင်းတရားကြီးပါဘဲလို့ မြတ်စွာဘုရားကြီးက....

အပ္ပမာဒေါ အမတံပဒံ၊
ပမာဒေါ မစ္စုနောပဒံ။

လို့ ဓမ္မပဒမှာ ဟောကြားခဲ့ပါတယ်။ မြန်မာပြန်ဆိုရမယ်ဆိုရင်....

အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းသည်။
အမတံ၊ အသေကင်းပြန်၊ မြတ်နိဗ္ဗာန်သို့။
ပဒံ၊ ရောက်ကြောင်းတည်း။

ပမာဒေါ၊ မရှုမလေ့၊ မေ့လျော့၍နေခြင်းသည်၊
မစ္စုနော၊ သေခြင်း၏၊ ပဒံ၊ အကြောင်းတည်း။

ရှင်တို့ကျမတို့ လောက ဘာမဟုတ်တဲ့ သေစေတတ်တဲ့ အကြောင်းတွေကျတော့ ကြောက်လိုက်ကြတာ၊ အဆိပ်ဆေးတို့ အဆိပ်ရှိတဲ့သတ္တဝါတို့။

ဒါတွေကိုသိပ်ကြောက်နေကြတယ်၊ ဒီအကြောင်းတရားတွေက ဒီတခါတွေ့ရင် ဒီတခါဘဲသေပါတယ်။ တခါတွေ့ထားတာနဲ့ အခါခါမသေပါဘူး။ ဝိပဿနာ ဘာဝနာမှုကြီးကို မေ့နေသောသူကမှ ဘဝအဆက်ဆက်၊ ကမ္ဘာ့အဆက်ဆက်၊ သံသရာအဆက်ဆက် ဘယ်တော့မှ အသေမစဲတော့ဘူး။

လက်တွေ့စဉ်းစားကြည့်လေ၊ ရှုပွားအားထုတ်သွားတဲ့ အရိယာရှင် သူတော်စင်တွေ သေရသေးလား။ ရှင်တို့ကျုမတို့ ခုထက်ထိ သေနေရတာဟာ လက်တွေ့ပါဘဲ။

လောကမှာ အလုပ်ရုံတွေ၊ အမှုထမ်းတွေမှာ **ဆုပေးစနစ်နှင့် ဒဏ်ပေးစနစ်** နှစ်မျိုးရှိသလိုပေါ့။ အလုပ်ကို စည်းကမ်းဥပဒေအတိုင်း ရိုရိုသေသေ၊ လေးလေးစားစား ပြုလုပ် ထမ်းဆောင်သွားရင် ဆုပေးခံရတယ်။

ဥပဒေချိုးဖောက်ပြီး ကိုယ်လုပ်ချင်တာတွေ လုပ်နေရင် ဒဏ်ပေးခံရပါတယ်။

အဲဒီဥပမာအတိုင်း ရှင်တော်ဘုရားကြီးရဲ့ သာသနာမှာ၊ ဘုရားစည်းကမ်း ဥပဒေအတိုင်း မမေ့သော သတိနှင့် ပြည့်စုံလုံလောက်စွာ ရှုပွားအားထုတ်သွားကြရင်တော့ လောကဆုရသလို **နိဗ္ဗာန်ဆု** ကို ရမှာ အပြီးသေချာပြီးသားပါ။

အရှုဆို မကြားချင်၊ အပွားဆို မနှစ်သက်၊ **အားထုတ်မှုဆို** အိပ်မက်မှ မမက်ချင် ရင်တော့ လောက ဒဏ်ပေး ခံရသလို မြတ်စွာဘုရားကြီးက....

**ပမာဒေါ မစ္စုနော ပဒံ** တဲ့

အဲဒါ **သေဒဏ်ပေးလိုက်တာဘဲ**။ ကဲ ကိုယ့်ရှင်ကို မေးကြည့်ပေါ့ရှင်။ ဆုလိုချင်သလား ဒဏ်ပေးတာခံချင်သလား။ **ဒဏ်ပေးတာဘဲခံတော့မယ်ဆိုရင်တော့၊ မရှုမပွါးနှင့်ပေါ့၊ နိဗ္ဗာန်ဆုလိုချင်တယ်ဆိုရင်လဲ ရှုပွါးပါလို့** ကျုမက ဓမ္မပဒဒေသနာနှင့်အညီ အားလုံးသော ပရိသတ်ကြီးကို တိုက်တွန်းလိုက်ပါတယ်။ ဒါကြောင့်....

ပမာဒဋ္ဌ၊ မောဟာအဖျက်သမား သူ့စကား နာမ်ရုပ်နှစ်ပါး မရှုမပွားဘဲ၊ မိရိုးဖလာနေကြား ပေ့လျော့ထားခြင်းကိုသဲ။

ဘယတော၊အကုသိုလ်မြေမှု့စုကာအုံတဲ့ ခြေသုတ်ခုံ အလား အလွန်ကြောက်သောအားဖြင့်။

ဒိဿာစ၊ သမ္မာဇည ဉာဏ်စဉ်မမြဖြင့် အမှန်ပင် မြင်ရသောကြောင့်ရင်း။

သမ္မာဇဉ်တရားရှေ့ထားပြီး ကြည့်လိုက်ရင် ဘုရားသာသနာနှင့် တွေ့တဲ့အခါ အရိယာများ ကျင့်သုံးသွားတဲ့ ဒါနသီလ ဘာဝနာများကိုတော့ မမေ့သင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါနဆိုတာလဲ ပြုခွင့်ဆိုက်မှ ပြုရတာ၊ ကိုယ်က ပြု ချင်ပေမဲ့ ခန္ဓာကိုယ်ကလဲ ကျန်းမာအုံးမှ၊ ဝတ္ထုပစ္စည်းကလဲ ရှိအုံးမှ စေတနာကလဲ ပေါ်အုံးမှ။ သီလလဲ ဒီအတိုင်းပါဘဲ။

ဝိပဿနာ ဘာဝနာမှုကျတော့ ဘုရားပွင့်မှ ကြားနာရတာ ဖြစ်တော့ပိုပြီးတော့ အခွင့်အရေးဝေးတာပေါ့။

ဒါ့ကြောင့်.... အခွင့်ရှိတုန်းမှာ အားထုတ်ပါလို့ တိုက်တွန်းတာ။ စတုတ္ထနာယက ဆရာတော်ဘုရားကလဲ။

**“ ဒါနကို ရင်ခွင်ပိုက်ထား၊ သီလကို တွင်တွင်လိုက်စား၊ ဘာဝနာကို ထင်မြင်အောင်ဆိုက်ပွါး ”** ရမယ်လို့ ဆုံးမခဲ့ပါတယ်။

ဒါ့ကြောင့်.... မအိုမနာခင် မသေခင်ပေါ့ရှင်။ ဆရာသမားများရဲ့ အဆုံးအမများ မြေဝယ်မကျနားထောင်ပြီး သွားကြရမှာ။

ရှင်တော်ဘုရားကြီးကလဲ ကျန်းမာတုန်း အားထုတ်။ မကျန်း မမာဖြစ်လို့ အိုမင်းမစွမ်းဖြစ်မှ နောင်တ-ရမနေနဲ့လို့။

မာပမာဒတ္ထ ဘိက္ခဝေ ပစ္ဆာဝိပ္ပဋိသာရိနော။
မာအဟုဝတ္ထ အယံခေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ ရဟန်းတို့။ မာပမာဒတ္ထ၊ မေ့မေ့လျော့လျော့ မနေရစ်ကြကုန်လင့်။ ပစ္ဆာ၊ အားမထုတ်နိုင်လောက် အချိန်ရောက်မှ၊ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ အားမထုတ်မိလေခြင်း၊ အားမထုတ်မိလေခြင်းဟု နှလုံးမသာမယာရှိကြကုန်သည်။ မာအဟုဝတ္ထ၊ မဖြစ်စေကြပါကုန်လင့်။အယံ၊ ဤသြဝါဒစကားသည်။ တုမှာကံ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရား တို့၏။ အနုသာသနီ၊ အဆုံးအမတော်ကြီးပေတည်း။

လို့ ဆုံးမခဲ့ပါတယ်။ ဒါ့ကြောင့် ရှင်ကိုကျမတို့ မမေ့အပ်သော ဒါနသီလ ဘာဝနာများကို ကြိုးစားကြရင်ဖြင့် သေခြင်းဆိုတဲ့ အဖြစ်ဆိုးကြီးနှင့် ကွာဝေးကြမှာပါဘဲ။ ဒါကြောင့်....

အပ္ပမာဒဠ၊ ဒါနမမေ့၊ သီလလေ့၍၊ ဘာဝနာ အတွေ့၊ လွန်ပျော်မွေ့သဖြင့်၊ မကွေ့မကြော့၊ မမေ့ မလျော့ခြင်းကိုလဲ။
ခေမတော၊ သေခြင်းဆိုးနှင့်၊ ဖြတ်ချိုးကွာထား၊ ချမ်းသာသောအားဖြင့်။
ဒိသ္ဝာစ၊ သမ္မဇည ဉာဏ်စဉ်မမှုဖြင့် အမှန်ပင် မြင်ရသောကြောင့်ရင်း။
အဋ္ဌဂိကံ၊ သီလတရား၊ စောင့်ရှောက်ထားသဖြင့်၊ ရှစ်ပါးအင်္ဂါ၊ ပြည့်စုံစွာသော။

ဒီနေရာမှာ သီလမခံယူဘဲ ဝိပဿနာအားထုတ်ရင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိ လို့ဆိုတဲ့ (၅)ပါးဟာ၊ ပဉ္စင်္ဂိကမဂ် အတူတူဖြစ်သော၊ သဟဇာတပစ္စည်း သတ္တိဖြင့် ရနိုင်ပါတယ်။

သီလခံယူပြီးမှဘဲ ဝိပဿနာတရား အားထုတ်မယ် ဆိုရင်၊ သီလမဂ္ဂင်(၃)ပါး ပါရှိပြီး ပါပြီးဖြစ်တော့ မဂ္ဂင်ရှစ်ပါး ပြည့်စုံသွားတာပေါ့။ ဒါကြောင့်....

အဋ္ဌင်္ဂိကံ၊ သီလတရား၊ စောက်ရှောက်ထားသဖြင့်၊ ရှစ်ပါးအင်္ဂါ၊ ပြည့်စုံစွာသော။
မဂ္ဂံ၊ ဝိပဿနာကွင်းဆက်၊ လောကုတ္တရာမဂ်ကို။
**ဝိပဿနာကွင်းဆက် လောကုတ္တရာမဂ်**
ဆိုတာကတော့....
ဓမ္မဋ္ဌိတိ ဉာဏံပုဗ္ဗေ၊ ပစ္ဆာ နိဗ္ဗာနေဉာဏံ။

ဓမ္မဋ္ဌိတိဉာဏံ၊ နာမရူပ၊ ဝဝတ္ထာန ဝိပဿနာဉာဏ်သည်။ ပုဗ္ဗေ၊ ရှေးက။ ပဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗာနေဉာဏံ၊ နိဗ္ဗာန်ကိုမြင်သော မဂ်ဉာဏ်သည်။ ပစ္ဆာ၊ နောက်က။ ပဝတ္တတိ၊ ဖြစ်၏။

လို့ဆိုတဲ့အတိုင်း ဝိပဿနာဉာဏ်က ရှေ့က၊ နိဗ္ဗာန်ကိုမြင်တဲ့ မဂ်ဉာဏ်က နောက်က၊ ခုလို ဖြစ်ကြရပါတယ်။ ဝိပဿနာဉာဏ် ရှေ့ကမရှိသေးဘဲနှင့် နောက်ကမဂ်ဉာဏ်က အရင်ပေါ်လာရိုး ထုံးစံ မရှိပါဘူး။

လိုရင်းဖြစ်တဲ့ မဂ်ဉာဏ် ပေါ်နိုင်အောင် ခု ဝိပဿနာကို အားထုတ်နေကြရတာပါ။

ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ကွင်းဆက်ပေါ်လာနိုင်ဘို့ကလဲ ပေါ့ပေါ့နှင့်တော့ မရဘူးပေါ့ရှင်။ ဒီနေရာမှာ လယ်တီ ဆ...ာ တော်ဘုရားကြီးကတော့....

ကြောခြင်ရိုးရေ၊ ကြွင်းလေစေ၊ ကုန်စေသားအသွေး။
အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး။

လို့ ဆုံးမခဲ့ပါတယ်။ ဒါ့ကြောင့် ဝိပဿနာဉာဏ်နှင့်မဂ်ဉာဏ် ပေါ်လာအောင် အားထုတ်ဘို့ကတော့ ရှင်တို့ကျမတို့ရဲ့တာဝန် ပါဘဲ။

ကိုယ့်တာဝန်ဘဲလို့ သိလာရင် **အကြောအခြင်၊ အရိုးအရေ သာကြွင်းလို့ အသားနှင့်အသွေးတော့** ကုန်ချင် ကုန်သွားပါစေ **တော့** လို့ စိတ်ကိုထားပြီး ကြိုးစားရမှာပါတဲ့။ ဒါကြောင့်....

မဂ္ဂံ၊ ဝိပဿနာကွင်းဆက်၊ လောကုတ္တရာမဂ်ကို။
ဘာဝေထ၊ ရိုးကျေရေခြောက်၊ နောက်ဆုတ်မသွား၊
ဝီရိယတရားဖြင့်၊ များများကြိုး ရှုပွါး လိုက်ကြပါကုန် လော။

**ရှုပွားတယ် ဆိုပြန်တော့လဲ** တခြားမှာသွားပြီး ရှုနေရမှာ မဟုတ်ဘူးရှင့်နော်။

(၆)ဒွါရမှာဖြစ်နေတဲ့ ခန္ဓာငါးပါး သဘာဝ တရားများရဲ့ အလုပ်ကိစ္စတွေချည်း ပါလားလို့ အသိတရား ပေါ်လာအောင် အားထုတ်ကြရတာ။

ရှင်တို့ကျမတို့ ဘယ်လောက်အားထုတ်ပါတယ်ဆိုဆို၊ မြတ်စွာဘုရားဟောခဲ့တဲ့ သမ္မပ္ပဓာန်တရား လေးပါးနှင့်နှိုင်းယှဉ်ကြည့်ရင် ဘာမှ မပြောပလောက်သေးပါဘူး။ ဘုရားရဲ့အလိုက အရိုးဘဲ မရှုကျေ၊ အရေဘဲခန်းခန်း၊ နောက်မဆုတ်တမ်း အားထုတ်ရမှာတဲ့။ ဒါကြောင့်....

ဘာဝေထ၊ ရိုးကျေရေခြောက်၊ နောက်ဆုတ်မသွား၊ ဝီရိယတရားဖြင့်၊ များများကြီး ရှုပွား လိုက်ကြပါကုန်လော့။

အာဝေထ၊ ရှုပါရုံတိုက်၊ လုပ်ငန်း ဆိုက်က၊ တိုက်ရိုက်ခံစား၊ မှတ်သားစေ့ဆော်၊ မြင်မှုပေါ်တဲ့၊ ငါးဖော်လုပ်အား၊ သဘာဝအများတို့ကို၊ သတိတရားရှေ့ဆောင်၊ မမေ့အောင်ဟု၊ ကိုယ့် အိမ် ထောင် စု၊ အလုပ်မှုကို၊ ကိုယ်ပင်ကြည့်ရှု၊ သတိပြု၍၊ ပွားရှုလိုက်ကြပါကုန်လော့။

လောက အိမ်ထောင်ဦးစီးလုပ်တဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်အိမ်ထောင်စု အလုပ်ရှိမရှိ နားလည်ရတယ်။ အလုပ်မရှိရင် စားစရာမရှိ ဖြစ်သွားမှာပေါ့။ ဒါ့ကြောင့် အိမ်ထောင်ဦးစီး လုပ်တဲ့သူဟာ စားဝတ်နေရေးအတွက် တချိန်ကလေးမှ အလုပ်နှင့်ကင်းနေလို့မဖြစ်ပါဘူး။ အလုပ်နှင့် ကင်းလိုက်သည်နှင့် တပြိုင်နက်စားရမဲ့ သောက်ရမဲ့ ဖြစ်သွားနိုင်ပါတယ်လို့။

အဲဒီ လောကဥပမာလိုပါဘဲ။ ရှင်တို့ ကျမတို့ရဲ့ ခန္ဓာကိုယ်အိမ်ထောင်စုကြီးမှာလဲ၊ လုပ်စရာအလုပ်တွေအများကြီး ရှိပါတယ်။ လုပ်စရာ အလုပ်ရုံကြီးတွေလဲ အများကြီး ရှိပါတယ်။

အလုပ်ရုံကြီးတွေဆိုတာ ဘာတွေကို ပြောတာလဲ ဆိုတော့ စက္ကူ-စတဲ့ (၆)ပါးသောဒွါရဟာ အလုပ်ရုံ(၆)ရုံပါဘဲ။ ပရမတ် အလုပ်သမားတွေ အမြဲလုပ်နေတဲ့ အလုပ်ရုံကြီးတွေပေါ့။

ပရမတ် အလုပ်သမား ကောင်းကြီးတွေ ကတော့ အပြော မဟုတ်ဘူးရှင့်နော်။ လက်တွေ့ သူ့တာဝန်သူ ကျေပွန်အောင် လုပ်နေကြတယ်။

ရှင်တို့ကျမတို့ကသာ မြင်ရာခန္ဓာငါးပါးတွေ၊ ကြားရာ ခန္ဓာငါးပါးတွေနှင့် ပြီးနေကြတာ။

ကဲ....အပြောနှင့်မပြီးဘဲ၊ ကိုယ်ပိုင်ဘာဝနာကိစ္စကြီးဖြစ်သွားအောင်၊ စက္ခုဒွါရအလုပ်ရုံမှာ ကိုယ်တိုင် ဝင်လုပ်ကြည့် ကြရအောင်။

အရှေ့ကနေလို့ အခေါ်ခံတဲ့၊အဆင်းခေတ်ရုပ်တရားကြီးဖြစ်ပေါ်လာတယ်ဆိုရင်၊ ဘယ်အလုပ်ကိုလုပ်ပြီးဖြစ်ပေါ်လာခဲ့သလဲ။ ဖောက်ပြန်မှုအလုပ်ကိုလုပ်ပြီး ပေါ်လာပါတယ်။ ဖောက်ပြန်မှုအလုပ်ကို အမြဲလုပ်နေလို့ပေါ့၊ ပေါ်လာခါစအရောင်နှင့် ထန်းတဖျားလောက်ရှိတဲ့ အချိန်နှင့် အ ဆင်း အ ရောင် ချင်း မ တူတော့ဘူး။

တခါ မွန်းတည့်ချိန်တခါ၊ ညနေစောင်းချိန်တခါ၊ နေဝင်ချိန် စတဲ့ အချိန်တွေမှာ တရောင်နှင့်တရောင် မတူကြဘဲ၊ အရင့်အနုတွေ ကွာခြားနေတာဟာ အဆင်းခေတ်၊ ရူပက္ခန္ဓာရုပ်တရားကြီး၏ သဘာဝအလုပ်ကြီးတခုပါဘဲ။

ဒါက ရှုပကာယ အလုပ်သမားကြီးရဲ့ ကိုယ်ရည်သွေး ပေါ့ရှင်။

မ၎ နောက်ပြီးတော့ ဒီစက္ခုဒွါရ အလုပ်ရုံမှာ ဝေဒနာ အလုပ်သမားကလဲ ကျရောက်လာသော အဆင်းဟူသမျှကို သူချည်းဘဲ တာဝန်ကြေပွန်အောင် ခံစားမှုအလုပ်ကို အမြဲလုပ်နေပါတယ်။

နောက်ပြီးတော့ သညာတရားကလဲ အမြဲမှတ်နေတယ်ရှင့်။ နောက်ပြီးတော့ စေတနာကလဲ လှုံ့ဆော်မှု သူ့လုပ်ငန်း အမြဲလုပ်နေပါတယ်။

နောက်ပြီးတော့ စက္ခုဝိညာဉ်က မြင်တဲ့လုပ်ငန်း၊ မနော ဝိညာဉ်က သိမ်တဲ့လုပ်ငန်း။

စုစုပေါင်းလိုက်တော့ စက္ခုဒွါရ အလုပ်ရုံမှာ အလုပ်သမား (၅)ယောက်ရှိပါတယ်။

ဒီစက္ခုဒွါရက အလုပ်သမား(၅)ယောက် အလုပ်မလုပ်ရင် ရှင်တို့ ကျမတို့ ကြည့်လိုရာ ကြည့်ဖြစ်ပါ့မလား။ ခုလိုပရမတ် အလုပ်သမား(၅)ယောက်ရဲ့ လုပ်ဆောင်မှုတွေကြည့်လိုက်တော့ ကြိုးကြိုးစားစား ဆောင်ရွက်နိုင်ပါပေတယ်လို့ **လက်ခုပ်တီး၍ အံ့ချီးမကုန်** ဆိုသလို ဖြစ်မလာဘူးလား။

ဒီနေရာမှာ ကိုယ်တိုင် ဝင်လုပ်မကြည့်ဘူးရင်တော့၊ ပရမတ် အလုပ်သမား(၅)ယောက်ရဲ့ လုပ်ဆောင်မှုကို ငါ့လုပ်ဆောင်မှု လို့ ထင်တတ်ပါတယ်။

ပရမတ်ရဲ့ တာဝန်တွေက ငါ့တာဝန်ဖြစ်နေတတ်ပါတယ်။ ငါ့တာဝန် ဖြစ်မနေအောင် စက္ခုဒွါရက ခန္ဓာငါးပါး သူ့တာဝန်များကို အလုပ်ဝေခွဲခန့်ထား ပေးနိုင်တဲ့ ဝိပဿန ဉာဏအလုပ်သမားခေါင်းဆောင် လိုအပ်ပါတယ်။

လောက အလုပ်ရုံတွေမှာလဲ ဘယ်အလုပ်ရုံဘဲ ဖြစ်ဖြစ်၊ ခေါင်းဆောင် ဥက္ကဋ္ဌမရှိလျှင် အလွဲလွဲအမှားနှင့် မဖြစ်သင့်တာတွေ ဖြစ်တတ်တယ်မဟုတ်လား။

ဒီမှာလဲဘဲ လောက အလုပ်ရုံလိုပေါ့၊ ဝိပဿနာဉာဏ ခေါင်းဆောင်ဥက္ကဋ္ဌမပါရင် ငါမြင်တယ်၊ မြင်ရာမှာ ငါခံစားတယ်နှင့် အလွဲလွဲအမှားမှားဖြစ်မှာ အမှန်ပါဘဲ။ ဟို....အတိတ်သံသရာကလဲ ဒီလိုလွဲမှားခဲ့ကြတာပါဘဲ။

ဒါ့ကြောင့်.... လွဲလွဲမှားမှားမဖြစ်ကြရအောင် ကာယအလုပ်သမား(၅)ယောက်နှင့် ဉာဏအလုပ်သမားတယောက် ပူးတွဲပြီး ဆောင်ရွက်သွားကြရင် လိုရာဆန္ဒပြည့်ဝနိုင်ပါတယ်။

ဘာဝနာကိစ္စကြီးလဲဖြစ်သွားတာပေါ့။ ဒါ့ကြောင့်ဝိပဿနာ ဉာဏအလုပ်ကြီး ဦးစားပေးပြီး ရှုပွားကြပါစို့လို့ သတိပေးနှိုးဆော်ရင်း နိဂုံးသတ်ပါ့မယ်။

ကျမတာဝန်ရှိသလောက် စွမ်းအားရှိသလောက်ဆိုရင် ဤည ဤမျှနှင့်ဘဲ ကျေနပ်ကြပါလို့ တောင်းပန်ပါတယ်။ အချိန် အနည်းငယ်အတွင်းမှာ အရိယသစ္စာနယ် အာရုံပြုကြပါအုံး ရှင်။

ခုပြောခဲ့တဲ့ ငါးပါးသော ခန္ဓာတရားတွေဟာ **"အနတ္တာ ပရေ၊ ရိတ္တာ တုစ္ဆာ သုညာ"** လို့ ဆိုတဲ့ အနတ္တ လက္ခဏာ ငါးပါးနှင့်ကြည့်လိုက်ရင် ရှင်တို့ ကျမတို့ ထင်နေကြတဲ့ အတ္တ အစိုင်အခဲတွေ သိမ်းပိုက်ခင်မင်လို့ မရပုံတွေ၊ အနှစ်သာရနှင့် မယှဉ်ပုံတွေ ကောင်းမြတ်ချမ်းသာသော မင်္ဂလာကျက်သရေနှင့် မနီးစပ်လို့ အချည်းနှီးဖြစ်နေပုံတွေ အားကိုးရာ အားထားရာမှ ကင်းသုဉ်းပြီး အခွံအကာဖြစ်သော ခန္ဓာတရားတွေလို့ **အနတ္တ** လက္ခဏာငါးပါးနှင့်ကြည့်လိုက်လို့ ထင်လင်းစွာမြင်ရင်ဝိပဿနာ ဥာဏအလုပ်သမားကြီး ဦးစီးသော အဖွဲ့သားများဖြစ်ပါပြီ။

ဒါ့ကြောင့်.... လိုလားကြတဲ့ နိဗ္ဗာန်ပန်းတိုင်ကြီး တစပ်ထည်း ရောက်ကြရအောင်—

၁။ မြင်ရာ ခန္ဓာငါးပါး ကာယဥာဏ အလုပ်သမား။

(လ)

၆။ ကြံရာ ခန္ဓာငါးပါး ကာယဥာဏ အလုပ်သမား လို့ (၆)ဒွါရပေါ့ရှင်။ ကြိုက်ရာ ဒွါရကနေပြီး ဝိပဿနာ အလုပ် ခွင် ဝင် ပါလို့ - နိ ဂုံး တိုက် တွန်း လိုက် ပါ တယ်။ ဒါ့ကြောင့်....

ဘာဝေထ၊ ရူပါရုံတိုက် လုပ်ငန်းဆိုက်က တိုက်ရိုက် ခံစား၊ မှတ်သားစေ့ဆော်၊ မြင်မှုခေါ်တဲ့ ငါးဖော် လုပ်အား၊ သဘာဝအများတို့ကို သတိတရားရှေ့ဆောင် မမေ့အောင်ဟု၊ ကိုယ့်အိမ်ထောင်စု အလုပ်မှုကို ကိုယ် ပင် ကြည့်ရှု သတိပြု၍ ပွားရှုလိုက်ကြပါကုန်လော့။

ဒီခန္ဓာငါးပါး တရားတွေကတော့ ဘုရားပွင့်ပွင့်၊ မပွင့်ပွင့်၊ အမြဲဖြစ်ချုပ်နေကြတာပါဘဲ။

ဘယ်သူရှိရှိ မရှိရှိ၊ ဖြစ်ဘို့အကြောင်း၊ ပျက်ဘို့ အကြောင်း စုပေါင်းမိကာ ကြုံကြိုက်လာသော်၊ နာရီမိနစ်၊ လက်တဖျစ်မျှ၊ ရပ်နား တန့်စားခြင်းမရှိ ဆိုသလိုဘဲ ဧဝံ ဓမ္မတာ တရားတွေမို့ ဘယ်သူ့ကိုမှ အရေးမစိုက်ပါဘူး။ အဲဒီ အရေးမစိုက်တဲ့ တရား တွေကို ကိုယ်က အရေးမစိုက်ဘဲ ထားရင်တော့ လယ်တီ ဆရာ တော်ကြီး ဆုံးမသလိုပေါ့ရှင်၊ **အပါယ်ထိုထို ဥဒဟိုသည် နင်လို လူမိုက် သွားလမ်းတည်း။**

လို့ မရှုချင် မပွားချင်ရင်တော့ ကျမတို့သွားလမ်းဟာ ဘယ် မှာလဲ၊ အပါယ်ထိုထိုပေါ့။ ဒါကြောင့်....

သော၊ မေ့ပြစ်ကိုမြင်၊ သတိယှဉ်မှု၊ အပွားအရှုဟု၊ သုံးခုဓမ္မ၊ ဤအဆုံးမသည်ကား။ ဗုဒ္ဓါနံ၊ ဂဂ်ါဝါဠု၊ ပမာပြုသည့်၊ သဗ္ဗညုအများ၊ မြတ်စွာဘုရားကြီး တို့၏။

အနုသာသနီ၊ မဟာကရုဏာ၊ ကြီးကျယ်တော်မူပါ သဖြင့်၊ ဖန်ခါခါ အဘုံးအစမရှိတဲ့၊ အဆုံးအမတော် ကြီးပါပေတည်း။

အနုသာသနီ၊ မလူဘဲနေ၊ ဒါလူသေ၊ တထွေ့ခဲ့ရမည်။

မြတ်စွာဘုရားအလိုတော်ကျအတိုင်းသေလူရှင်လူခဲ့လိုက်တော့၊ ဒါနမပြုသောသူသည် လူသေနှင့်တူသတဲ့။

ဒီအတိုင်းပေါ့၊ သီလမစောင့်သောသူ၊ ဘာဝနာမပွါးသော သူများလဲ လူသေလိုပါဘဲလို့၊ ရှင်တော်ဘုရားက—

ယေပမတ္တာ ယထာမတာ။

လို့ ဆိုပြီးသားပါ။ ခုလို ဒါန သီလ ဘာဝနာကိုပြုသောသူ လူရှင်၊မပြုလုပ်သောသူကိုလူသေလို့ ခွဲလိုက်တော့၊ ရှင်တို့ကျမတို့ မှာသေဘဲဖြစ်ချင်သလား၊ လူရှင်ဘဲဖြစ်ချင်သလား၊ ဝေဘန်ပြီး တော့ လူရှင်ဖြစ်ချင်ရင် ဒါနစသော ကုသိုလ်တရားများကိုပြု ပေါ့။ ဒါကြောင့်.... အနုသာသနီ၊

မလှူဘဲနေ၊ ဒါလူသေ၊တထွေခွဲရမည်။

ဥပုသ်မစောင့်ဘဲနေ၊ ဒါလူသေ၊ တထွေခွဲရမည်။

မရှူဘဲနေ၊ ဒါလူသေ၊ တထွေခွဲရမည်။

လှူဒါန်းနေလျှင်၊ ဒါလူရှင်၊ တသွင်ခွဲရမည်။

ဥပုသ်စောင့်လျှင်၊ ဒါလူရှင်၊ တသွင်ခွဲရမည်၊

ရှုပွားနေလျှင်၊ ဒါလူရှင်၊ တသွင်ခွဲရမည်။

လောက လူသေနှင့်လူရှင်ခွဲလိုက်တော့ လူရှင်တွေက ရွာထဲ မှာနေပြီး၊ လူသေတွေကျတော့ သင်္ချိုင်းမှာ နေရတယ်။ ဘယ် လောက်စက်ဆုတ်ဘိုကောင်းသလဲ။ ဒါ့ကြောင့် လူရှင်ဟာ လူရှင် နှင့်တူအောင်နေပါလို့၊ လူရှင်က လူသေ မဖြစ်ကြ ပါစေနှင့်။ ဒါ့ကြောင့်—

အမြင်မလွဲကြပြီး၊ ဖြူစင်စရာ ဓမ္မေနှင့်စစ်လိုက်တော့ လူအရှင်ပါ၊ အသေ မဖြစ်ချင်ကြပါနှင့်၊ အပွေအညစ်၊ အဖျက်သမားတို့ကို၊ နေရစ်တော့၊ ရမက်မများနိုင်ဘူး။

အဖျက်သမား ဆိုတာကတော့ အစကပြောခဲ့တဲ့ လောဘအဖျက်သမား၊ ဒေါသအဖျက်သမား၊ မောဟအဖျက်သမားပေါ့။ အဲဒီအဖျက်သမားတွေကို မကျေမချမ်းပေါ့ပါဘူး လို့၊ အဖျက်သမားတွေကို တွန်းကန်ပြီးတော့ ဒါနစသော ကုသိုလ်ကောင်းမှုနှင့် ပျော်မွေ့ပါတော့မယ်လို့ လိုဆိုပါတယ်။ ဒါကြောင့်....

အပွေးအညစ် အဖျက်သမားတို့ကို နေရစ်တော့ ရမက်မများနိုင်ဘူး။ **အပျက်တရား မဂ်တံခါး** ဟုအဆက် ဆက် ပွားလျှင် ဘဝေအစဉ်တွေ အမြဲတုံးရလို့မို့၊ ပရမေသခင် အမြဲထုံးပြုတဲ့ **အသေအရှင်ခဲ့တဲ့ အဆုံး အမတော်ကြီး** ပါပေတည်း။

သာဓု သာဓု သာဓု။

—— x ——

# မာရ်နတ်မင်းက ဇာတ်သွင်းပေမဲ့ မယုံဘူး ခေတ်ထူးတွေပြီကွယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ– တရားစကြရအောင်၊ ဗုဒ္ဓဘာသာပီသစွာ စကားပြော သည်းခံပြီး ငြိမ်ဝပ် ပိပြားစွာ တရားတော်ကို နာကြပါလို့ ကျမတောင်းပန်ပါတယ်။ ဒါကတော့ စေတနာ ပေါ့ရှင်။ သံသရာမှ လွတ်ချင်ကြတဲ့ ပုဂ္ဂိုလ်အချင်းချင်းဆိုတော့ တရားနာခိုက်မှာ စူးစူးစိုက်စိုက်ရှိစေချင်တယ်။ တရားနာတုန်း စူးစိုက်မှု အာရုံမိထားမှ ကိုယ့်ဟာကိုယ် အားထုတ်ချင်တဲ့ အချိန်မှာ လွယ်လင့်တကူ အာရုံပြုနိုင်ပါတယ်။ ယခု သက်တော် ထင်ရှား ရှိတော်တဲ့ တတိယနာယက ဆရာတော်ဘုရားကြီးဆိုရင် ခဏခဏဟဲ့· **တရားစူးစိုက်နာကြ။ ဆန်စင်ရာ ကျည်ပွေ့လိုက်မှနေနိုင်ဘူး** ဆိုတာ ဆုံးမနေကျပါ။

အဲဒါလိုပေါ့ရှင်။ ခုလဲဘဲ ဆရာတော် သမားတော်များရဲ့ စကားတော်ကို လေးစားသောအားဖြင့် စူးစူးစိုက်စိုက်နာပါလို့ သတိပေးပါတယ်။ တရားကို မလေးစားခဲ့ကြလို့ တရားနာ ပရိသတ်အပေါင်းနှင့်တကွ ခုတရားဟောနေသော ဓမ္မကထိက ပါပေါ့လေ။ စဉ်းစားကြည့်လိုက်မယ်ဆိုရင် ဒီသံသရာကြီးထဲမှာ တဝဲလည်လည်နှင့် ကျင်လည်နေကြရတာ ရှက်ဘို့လဲ ကောင်းလှပါပြီ။

အရိယာရှင် သူတော်စင်တွေကို မှန်းဆတမ်းတပြီးကြည့်လိုက် ပြန်တော့လဲ အင်မတန်မှ လွမ်းဘိုလဲကောင်းပါတယ်။

ရှင်တို့ကျမတို့တတွေမှာတော့ ကိလေသာတွေ ဝိုင်းအုံလို့ ခုထက်တိုင် အသိမှန် အမြင်မှန်ကို မရကြသေးဘူး။

ဒါ့ကြောင့်မို့ သတ္တဝါမှန်သမျှ အနန္တတွေမှာ "နာနာ **သတ္တာရ ဥလ္လောကနဘေး**" တွေ သင့်နေကြတယ်။

ဟို ဆရာဟုတ်နိုးနိုး ဒီဆရာဟုတ်နိုးနိုး။ ဆရာရှာမှုမဆုံး အောင် ဖြစ်နေကြတယ်။

ခု မျက်မှောက်ကြည့်လေ၊ ဂိုဏ်းဂဏ ဝါဒတွေက များများ နှင့်၊ တချို့လဲ ဟို ဂိုဏ်းဟုတ်နိုးနိုး၊ ဒီဂိုဏ်းဟုတ်နိုးနိုး ဖြစ်နေ ကြတဲ့ သူတွေလဲ အထင်အရှားဘဲ။ ဒါဘာ့ကြောင့်လဲဆိုတော့ တကယ်မပိုင်သေးလို့ပေါ့ရှင်။

ခေတ်တပါးပါးကို ကျကျ နန ပိုင်ပိုင် နိုင်နိုင် မရှိတော့ ဆရာရှာလို့ကို မဆုံးတော့ဘူး။ လောကဥပမာကြည့်မယ်ဆိုရင် ဖွဲပုံပေါ်စိုက်သော တိုင်များလိုပါဘဲ။ ဖွဲပုံပေါ်စိုက်တဲ့ တိုင်များ ဟာ အောက်က အခိုင်အမာ ခုခံမှုမရှိတော့ လေလာတိုင်း ယိုင်နေရတယ်။

တောင်လေလာ မြောက်ယိုင်။ မြောက်လေလာတောင်ယိုင်။ ဒီလိုဘဲ လေလာတိုင်းယိုင်နေရတာဘဲ။

အဲဒီ ဥပမာအတူ ရှင်တို့ ကျမတို့ သန္တာန်၌ ရူပပရိညာ နာမပရိညာတို့တဲ့ ရုပ်နာမ်ကို ခွဲခြမ်းဝေဘန်ပြီး ကြည့်နိုင်သော ဉာဏ်မရှိရင် ဂိုဏ်းဂဏ အသီးသီး ဝါဒ အသီး သီး တွေ နှင့်

တွေ့တိုင်း ယိုင်နေကြမှာအမှန်ပါဘဲ။ ဒါ့ကြောင့် မယိမ်းယိုင်ရအောင် (၆)ဒွါရမှာ ပရိညာ ဉာဏ်ရအောင် အလုပ်လုပ်ပါ။ အားထုတ်ပါလို့ တိုက်တွန်းပါတယ်။ ဆရာတော်ဘုရားများ အလုပ်လုပ်တတ်အောင် တနည်းနှင့်မမိ တ နည်း နဲ့ မိ အောင် နည်းမျိုးစုံ ပေးနေတယ်မဟုတ်လား။

[၆]ဒွါရမှာ ရုပ်နာမ်လို့ရှုရှု၊ ခန္ဓာငါးပါးလို့ရှုရှု၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ရှုရှု။ ပဋ္ဌာန်းနည်းနဲ့ရှုရှု။ ကိုယ့်သန္တာန်မှာ ငြိနေတဲ့ တဏှာတို့ မာနတို့ ဒိဋ္ဌိတို့ ကင်း လွတ် သွား ဘို့ ဟာ အရေးအကြီးဆုံးပါဘဲ။ တခုခုမှ မပိုင်ရင်တော့ အသိဉာဏ်လေး ယိုင်အုံးမှာ သေချာပါတယ်။

ဒါ့ကြောင့် မယိမ်းယိုင်ရအောင် ရုပ်ဘက်ကဖြစ်ဖြစ်။ နာမ်ဘက်ကဖြစ်ဖြစ်။ ဓာတ်တပါးပါးကို ရင်ထဲနှလုံးထဲ အူအသဲမှာ ဒီအယူကြီးကိန်းသွားအောင် အနတ္တ သာသနာကြီးတည်သွားအောင် ပုဂ္ဂလသတ္တအတ္တဇီဝ ကင်းဆိတ်သွားအောင် ရှုရမှာ။

ဒါမှ အစကပြောခဲ့တဲ့ ဖွဲပုံပေါ်စိုက်တဲ့ တိုင်လို မဖြစ်တော့ဘူး။ အယူမယိမ်းယိုင်တော့ဘူးပေါ့ရှင်။

အင်မတန်ခိုင်မြဲတဲ့ ကျောက်စာတိုင်ကြီးလိုပေါ့ရှင်။ အသိဉာဏ်ဟာ ခိုင်မြဲနေရမယ်လို့ ဆိုလိုပါတယ်။ ဘယ်ဂိုဏ်းဂဏဝါဒနှင့်တွေ့တွေ့ မတုန်လှုပ်တော့ဘူး ဘယ်လိုဆရာကလာပြီး ဒီအယူဟာ မမှန်ဘူး။ ငါတို့အယူကမှ မှန်တာ။ ဒါကိုယူပါလို့ ဆွဲဆောင်ခေါ်ငင်သော်လဲ မတုန်လှုပ်တော့ဘူး။

ကိုယ့်သန္တာန်မှာ အသိဉာဏ်ရထားရင် ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ်မှာ ပိုင်ပိုင်နိုင်နိုင်သိသွားရင် ယခုလောကမှာရှိကြတဲ့ ဂိုဏ်း ဆရာ မျိုးမဆို ထား နှင့်၊ သိကြားမင်း ကိုယ်တိုင်လာပြီး သင်တို့အားထုတ်နေတဲ့ တရားတွေဟာ အမှားတရားတွေဘဲ။ ဘာမှ အားကိုးလောက်တဲ့ တရားမျိုး မဟုတ်ဘူးလို့ ခြိမ်း ခြောက်သော်လဲ ကြောက်လန့်ခြင်းမရှိတော့ဘူး။

မြတ်စွာဘုရားတရားဟာ **ဝေသာရဇ္ဇပွတ္တော** တဲ့။ ရဲရင့်ခြင်း နှင့် ပြည့်စုံပါတယ်တဲ့။

ဒါ့ကြောင့်... ဘယ်ပုဂ္ဂိုလ်က လာပြီး ခြောက် ခြောက်၊ မကြောက်ရအောင် လှန့်သော်လဲ မလန့်ရအောင် စိတ်ဓာတ်ကို အလစ်မပေးဘဲ အားထုတ်ပါ။ ဒါမှ အယူမြဲကြမှာ ဝေသာ ရဇ္ဇပွတ္တော ဆိုတဲ့ ဂုဏ်နှင့်လဲပြည့်စုံမှာလို့ ကျမပြောပြတာ။

တရားအသိဉာဏ်ရရင် ရဲရင့်သော ဂုဏ်သတ္တိနှင့် ပြည့်စုံတဲ့ သက်သေ သာဓက ထုတ်ပြပါ ဆိုရင်တော့ မြတ်စွာဘုရား လက်ထက်က **ဝဇီရာထေရီမယ်** ရဲ့ အကြောင်းကို ကျမ အနည်းငယ်ပြောပါ့မယ်။ အချိန်ကလဲ သိပ်မရဘူးရှင့်။ ကျမ တို့က မိန်းမကလေးဆိုတော့ ရှေ့ထွက်အနေနှင့် ဆရာတော် ဘုရားများ အမိန့်အတိုင်း နောက်က ဟောကြမဲ့ ပုဂ္ဂိုလ်တွေ ကလဲ ရှိသေးတော့ တိုတိုပေါ့ရှင့်။

ဝဇီရာထေရီမယ်ဟာ ဘုရားရှင်ဆီးမတဲ့ တရားအသိဉာဏ်ကို ယူကာ တောတခုနေရာသို့ သွားပြီး သိတ်ငြိမ်ရာအရပ်သို့ တကိုယ် ရေ တကာယ အေးအေးမြမြ တရားအားထုတ်နေပါသတဲ့။

အဲသလို တရားအားထုတ်နေတဲ့အခါ မာရ်နတ်ကြီးက လာပြီး ဝဇီရာထေရီမယ်၊ အသင်အားထုတ်နေတဲ့ တရားတွေဟာ အမှားတရားတွေ အသင်တို့ဆရာဟောထားတဲ့ တရားတွေက ဘယ်လိုဟာတွေမှန်းလဲ မသိဘူး။ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ ငါမရှိ သူမရှိ မိန်းမမရှိ ယောကျ်ားမရှိနှင့်၊ ပြီးတော့ အနိစ္စ မမြဲဘူးတဲ့။ ဒုက္ခဆင်းရဲသတဲ့။ အနတ္တ အစိုးမရဘူးတဲ့နဲ့။ ငါတို့တော့ မင်းတို့ ဆရာ့ဝါဒကို မကြိုက်ဘူး။ ဘယ် ကောင်းကောင်း မအိပ်ရ ကောင်းကောင်း မစားရ။ ခုရုပ်ပါ့အုံး ခုပွားပါ့အုံးနှင့်။ တရားဘဲ-တရားလိုသိထားရင်ပြီးနေတာ။ ခုတမျိုးတော်ကြာတမျိုး။ မမြဲဘူးပြောလို့ပြော၊ မြဲလို့ ခုမြင်နေတာပေါ့။ မြဲလို့ကြားနေရတာပေါ့။ မမြဲရင် မြင်စရာ ကြားစရာ ဘယ်ရှိနိုင်ပါ့မလဲ။ ပြီးတော့ ဆင်းရဲသတဲ့ မဆင်းရဲပါဘူး။ လောကကြီးထဲ နေရတာ သားတွေ သမီးတွေနှင့် ချမ်းသာလိုက်တာ။

ပြီးတော့ အနတ္တအစိုးမရဘူးတဲ့ကွယ် အစိုးရလိုက်တာ။ ခုသွားချင်တယ်ဆို ခုဖြစ်တယ်။ ခုရပ်ချင်တယ်ဆိုရင် ခုရပ်လို့ရတယ်။ ခုအိပ်ချင်တယ်ဆို ခုအိပ်လို့ရတယ်။ ဒါအစိုးရလို့ပေါ့။

ထေရီမယ်လေးရယ် ဒါတွေဟာ အလုပ်ပိုတွေပါ အပိုအလုပ်တွေပါ။ ခန္ဓာကိုယ်လဲပင်ပန်းသေးတယ်။ လုပ်သမျှဒုက္ခတွေပါဘဲ၊ တောထဲမှာတယောက်ထဲဆိုတော့ ရန်သူနှင့်လဲတွေ့နိုင်တဲ့ အလုပ်ကြီးပါ။ မိန်းမသားဆိုတော့ တောထဲမှာ လန့်စရာကြီး ဒီအလုပ်ကြီးကို မလုပ်ဘဲနေပါ့လား။

စသည်ဖြင့် ဝဇီရာ ထေရီမယ်ကို မာရ်နတ်ကြီး လာပြီး ဖျက်ဆီး ပါသတဲ့။

ထိုအခါ ဘုရားရဲ့ အဆုံးအမဖြစ်တဲ့ တရားကိုရထားပြီးသား၊ ဘုရားရဲ့ ချစ်သမီးအစစ်ဖြစ်နေတော့၊ မာရ်နတ်ကြီး ဘယ်လိုဘဲ လာပြီးခြိမ်းခြောက်သော်လဲ၊ ဝဇီရာ ထေရီမယ်ဟာ ကြောက်လန့်ခြင်းမရှိပါဘူး။ သာမညမိန်းမမျိုးဆိုရင် ဒီနေရာမှာ ယောင်လည်လည်ဖြစ်သွားနိုင်တာပေါ့။

ဒီနတ်ကြီးပြောတာ ဟုတ်များဟုတ်မလား။ သူလဲဘဲ အရည်အချင်းရှိလို့ ပြောရဲတာ နေမှာပါ။ သူလဲ သာမည ပုဂ္ဂိုလ်မှ မဟုတ်ဘဲ။ ငါ့ကို ကောင်းစေချင်လို့ ပြောလာတယ်ထင်ပါတယ်။ ဒီတော့ ဒီနတ်မင်းရဲ့ စကားကို နားထောင်လိုက်ရမလား။

ဘာ-ဘုရားကြီးစကားကို လိုက်နာလိုက်ရမလားနှင့် စိတ်ဒွိဟတွေ ဖြစ်စရာကြီးပေါ့ရှင်။

ခုတော့ ဝဇီရာထေရီမယ်ဟာ မာရ်နတ်ကြီး ဘယ်လိုလာပြီး ခြိမ်းခြောက်သော်လဲ စိတ်ဒွိဟမဖြစ်ဘဲ၊ ဘာ-ဘုရားကြီး ဆုံးမတဲ့ အဆုံးအမဩဝါဒကိုသာလျှင် ဝိစိကိစ္ဆာ၊ ကင်းရှင်းစွာဖြင့် ယုံကြည်ချက်ချပြီး ဟဲ့မာရ်နတ်ကြီး သင်တယ်ပြီး ဟုတ်ပါလား။ ငါတို့ရဲ့ ဘာ-ဘုရားကြီးဟာ လွယ်လွယ်လေးနှင့် ဒီတရားတွေ ဒီတရားတွေ ဟောနိုင်တာမဟုတ်ဘူး။

လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆဲ့ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်း၊ ပါရမီတော်တွေ ဖြည့်မှ၊ တရားအလုံးစုံကို အကုန်သိနိုင်တဲ့၊ သဗ္ဗညုတဉာဏ်ကြီးကို ရခဲ့ပါတယ်။ သဗ္ဗညုတဉာဏ်ကိုရလို့သာလျှင် ကျွတ်ထိုက်သောသူ၊ နတ်လူပြဟ္မာဆိုတဲ့ သာဝကများကို ဟောကြားတော်မူတာ။

ဘုရားရဲ့သာဝကတွေကို ဘာဖြစ်လို့ အနှောက်အယှက်ပြု ချင်တာလဲ၊ ဘာဖြစ်လို့ ဆန့်ကျင်ဘက်ပြုရတာလဲ။

ငါ့ကိုတော့ လာပြီးအနှောက်အယှက်မပေးနိုင့်တော့။ သင်လို မာရ်နတ်မျိုး တကောင်မကဘူး၊ တထောင် လာဖျက်တောင်၊ ငါမပျက်တော့ဘူးလို့ ဝဇိရာထေရ်ရီမယ်က....

ကိံ နုသတ္တောတိ ပစ္စေသိ၊ မာရဒိဋ္ဌိ ဂတံနုတေ၊
သုဒ္ဓသင်္ခါရ ပုဉ္စောယံ၊ နယိဓသတ္တူ ပလဗ္ဘတိ။

လို့ မာရ်နတ်ကြီးကို ငေါက်ငမ်း ခြိမ်းခြောက်လိုက်ပါတယ်။ ဒါကြောင့်...

မာရ၊ ဘုရားနှင့်တကွ၊ သာဝကများ၊ တပည့်သားတို့၊ တရားဉာဏ်မြင်၊ လမ်းအစဉ်ကို၊ ဆန့်ကျင့်ပြုလုပ်၊ ဟဲ့-မာရ်နတ်ယုတ်။

သက်သက်အသင်ဟာ သူတဦး တယောက် ကျွတ်သွားမှာ၊ လွတ်သွားမှာကို အင်မတန်စိုးရိမ်တဲ့ ပုဂ္ဂိုလ်ဘဲ၊ ကိုယ့်ကိုကိုယ် ပြန်ကြည့်စမ်းပါ။ ဘုရား အလောင်း တော် သိဒ္ဓတ္ထမင်းသား ဘဝက ဘုရားဖြစ်ရန်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး ရရန်နှင့်၊ သတ္တဝါတွေကို ကယ်တင်ရန်အတွက် ဆန္ဒတော်ကြီးနှင့် တောထွက်တော်မူလာစဉ်ကလဲ အသင်း အဖွဲ့တွေဖွဲ့ပြီး မင်းသားကို ဖျက်ဆီးခဲ့တယ်။

နောက်ပြီးတော့ ဗောဓိပင်နှင့်ရွှေပလ္လင် အောင်မြင်ပြီးသည့် နောက်၊ ကိုယ်တိုင် ဖျက်ဆီးလို့မရတော့ သမီးများ ဖြစ်ကြတဲ့ ရာဂီတို့၊ ရာဂါတို့ ဖျက်ဆီးဘို့လွှတ်လိုက်တယ်။

ကိုယ့်ကိုကိုယ် ပြန်စဉ်းစားကြည့်စမ်းပါ။ ဘုရား ပွင့်လာ ကထဲက၊ ဂူဿာ အဘိဇ္ဈာတွေ၊ အသင့်နှလုံးမှာ ဘယ်လောက် များနေသလဲဆိုတာ ကြည့်ပေါ့။

ဘုရားရဲ့သာဝကမှန်ရင် အသင့်စိတ်ထဲမှာ ရန်သူချည့်ဘဲ အသင်ထင်တယ်။ အသင်ရန်သူထင်လို့ ဘယ်လိုဘဲကြမ်းကြုတ်စွာ ခြောက်လှန့်ပြောဆိုသော်လဲ၊ ဘုရားသာဝကများက အရေး မစိုက်ပါဘူး၊ အဖက်လုပ်ပြီးတော့ ပြောဆိုမနေပါဘူး။

ယခုလဲဘဲ ဘုရားရဲ့ ချစ်သမီးဖြစ်တဲ့ ငါ့ကို အသင်လာပြီး နှောက်ယှက်နေပြန်ပြီ။ အသင်ဘယ်လို ဖျက်ဆီးသော်လဲ ငါ့ရဲ့ သမာဓိ၊ ငါ့ရဲ့အသိဉာဏ်ကတော့ ဘယ်ကော့မှ ယိမ်းယိုင်တုန် လှုပ်ခြင်းသို့ မရောက်တော့ဘူး။ ငါ့ကို အနှောက် အယှက် မပေးနိုင့်တော့လို့။

မာရ၊ ဘုရားနှင့်တကွ သာဝက အများ တပည့်သားတို့၊ တရားဉာဏ်မြင်၊ လမ်းအစဉ်ကို၊ ဆန့်ကျင်ပြု လုပ်၊ ဟဲ့....မာရ်နတ်ယုတ်။

တေ-တယာ၊ ငါ၏သမာဓိ၊ ငါ၏ဉာဏ်ကို၊ ဖျက်ဆီး လို၍၊ ပြောဆိုလှည့်ပတ်၊ သင်မာရ်နတ်သည်။

လောကကြီးထဲမှာ သင့်ထက်ယုတ်တဲ့သူ ရှိသေးရဲ့လား၊ ဗုဒ္ဓ လမ်းစဉ်ကျကျအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကို လိုက်ပြီးအမျိုး မျိုး ပြောဆိုဖျက်ဆီးနေတာ ဘယ်လောက်ဆိုးသလဲလို့၊ ကိုယ့် ကိုကိုယ် ဆိုးမှန်းသိရဲ့လား၊ ငါလူဆိုးကြီးပါလားလို့ သိရဲ့လား။

လက်နက်ဒုတ်ဓားကိုင်ပြီး တိုက်ခိုက် ဖျက်ဆီးနေမှ လူဆိုး မဟုတ်ဘူး၊ သူတဘက်သားရဲ့ အားထုတ်နေကြတဲ့ သာသနာ့ အရေးကို အနှောက်အယှက်ပေးပြီး၊ အားထုတ်မှုတွေ၊ ဆွေးနွေး မှုတွေကို ဖျက်ဆီးရင် ဒါလူဆိုးဘဲမဟုတ်လား။

အသင်လို မာရ်နတ်ဆိုးက လာပြီး ဖျက်ဆီး လို့ကတော့ ငါအားထုတ်ထားလို့ ရတဲ့အသိဉာဏ်၊ အမြင်မှန် နှင့် ငါတို့ အားထုတ်ထားတဲ့ သမာဓိတရားတော် စူးစိုက်မှုကြီး ကတော့ ဘယ်တော့မှမပျက်စီးတော့ဘူး။ ငါ့ကို လာမဖျက်ဆီးလာနှင့်၊ ဘ-ဘုရား ပြောစကားက လွဲလို့၊ ဘ-ဘုရားဟောတဲ့ တရားက လွဲလို့ ငါတို့ ဘယ်သူ့စကားကိုမှ မယုံတော့ဘူး မာရ်နတ်ကြီး၊ သင့်ရဲ့ အဘိဇ္ဈာတရားနှင့် အလုပ်ကို မနှောက်ယှက် ပါနှင့်လို့။

တေတယာ၊ ငါ၏သမာဓိ၊ ငါ၏ဉာဏ်ကို၊ ဖျက်ဆီး

လို့၍၊ ပြောဆိုလှည့်ပတ်၊ သင်မာရ်နတ်သည်။

လို့ ဝဇိရာထေရ်ရီမယ်က ပြန်ပြီးကြိမ်းမောင်း ပြောဆိုသော အခါ၊ မာရ်နတ်ကြီးကနေပါအုံးထေရ်ရီမယ်ရယ်၊ နှုတ်သီးကောင်း တိုင်း ပြောဆိုမနေပါနှင့်၊ အသင်ပြောသမျှစကားတွေ အကုန် နားလည်ပါတယ်။ ဒါပေမဲ့ အသင့်ကိုမေးရအုံးမယ်၊ လျှာရှည် တယ်လို့တော့ မဆိုလိုက်ပါနဲ့အုံး လို့ အဲဒီလို ပြောတဲ့အခါ မေးပါ- ဘ-ဘုရား ဆုံးမထားတဲ့ အတိုင်း‚ကတော့ ဖြေကြား ပါ့မယ်။

ဒီလိုဆိုရင် လူရှိလို့ လူသေတယ်၊ နောက် လူဘဲဖြစ်တယ်၊ ဒါ့ကြောင့် ဒီဘဝမှာ ကုသိုလ်ပြုဘို့လည်းမလို၊ အကုသိုလ်ပြုဘို့ လည်းမလို၊ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာမရှိ၊ အဲဒါ မှားသလား မှန်သလား၊ ဖြေကြားပါ။

ဟာ....အဲဒီအယူဟာ သိပ်မှားတာဘဲ၊ လူသေစရာ နဂိုကမှ လူမှမရှိဘဲ၊ ဒီလို လူရှိတယ်၊လူသေတယ်၊ လူဘဲနောက်ဘဝ လူမျိုး စေ့နဲ့ ပြန်ဖြစ်လာတယ်ဆိုတဲ့ အယူကတော့ သဿတ ဒိဋ္ဌိလို့ ခေါ်တယ်။

ငါတို့ရဲ့ ဘ·ဘုရားအယူက လူမပါပါဘူး။ ရုပ်နာမ်တရား တွေသာ တဥပါဒ်ပြီး တဥပါဒ် အသစ်သစ် ဖြစ်နေကြတာပါ။ လူတွေဖြစ်လာတာမဟုတ်ပါဘူး။

ပြီးတော့ ကုသိုလ်ကံ-အကုသိုလ်ကံတွေပြုနေလဲ အပိုဘဲဆိုတာ လဲ့ မှားတာဘဲ။ အဲဒီ အယူမျိုးကိုတော့ ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ် တယ်။ ရုပ် နာမ် တ ရား တွေ ဟာ အကြောင်းအားလျော်စွာ အကြောင်းရှိသလို၊ အ ကျိုး ပေါ် နေ ရ တာ ပါ။ ဒါ့ကြောင့် ဘ-ဘုရားဟာ အကြောင်းအကျိုး တရားကိုလဲ ဟောကြားပါ တယ်။

သင့်မှာ ယခုအချိန်အထိ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အယူ မျိုးတွေကို ယူတုန်းဘဲလား၊ ဘုရားရှင်ကြီးနှင့်တွေ့ပါလျက် ဘာ ကြောင့် ဒီအယူတွေ ယုံကြည်လေးစားနေရသလဲ လို့၊ ဝဇီရာ ထေရိရိမယ်က ....

> သတ္တောတိ၊ သတ္တဝါအစစ်၊ ကေန်ဖြစ်၏ဟူ၍။ ဒိဋ္ဌိဂတံ၊ သဿတဉစ္ဆေ၊ မလွတ်စေဘဲ၊ နှစ်ထွေဖြစ်ပွား၊ အယူမှားကို။ ကိံ နုပစ္စေသိန္၊ ဘာ့ကြောင့်ယုံကြည်လေးစား၊ အလေးထားကာ၊ လှည့်ဖြား ပြောဆို၍ နေဘိသနည်း။

သူတပါးတွေမှာ အားထုတ်လိုက်ကြတာ **မာတာငါမဟုတ်၊ ဖွတာငါမဟုတ်၊ ပူတာငါမဟုတ်၊ လူပ်တာငါမဟုတ်** နှင့် အားထုတ်လို့ သိကြ၊ မြင်ကြ၊ ပေါက်ကြ၊ ပိုင်ကြ။ သင့်မှာ ခုချိန်အထိ **မရှုရဘူး၊ မပွားရဘူး၊ အားထုတ် တာတွေ အပိုဘဲ** လို့ ခုချိန်ထိ ပြောတုန်း ဘဲလား။ ဒါ့ကြောင့်....ဘ ဘုရား ကြီး က **အာရဒ္ဓ ဝီရိယဿာယံဓမ္မော၊ နာယံ ဓမ္မော ကုသီတဿ** လို့ ဆုံးမတာဘဲ။

မာရ်နတ်ကြီးနားလည်ရဲ့လား။ နားမလည်ရင် မြန်မာပြန်ဆိုပြမယ်။

> အယံဓမ္မော၊ ဤတရားသည်။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သောအာဇာနည် ဝီရိယရှိသောပုဂ္ဂိုလ်၏။ ဓမ္မော၊ တရားပေတည်း။
>
> ကုသီတဿ၊ ပွားရှုစရာမလို ပျင်း စိတ် ပို သောပုဂ္ဂိုလ်၏။ ဓမ္မော၊ တရားသည်။ န - မဟုတ်လို့။

ဘဘုရားဆုံးမထားတာ သိပ်မှန်တာဘဲ။

ကိုယ်ရှုရမှာ ပျင်းရင် သာသာမနေဘူး။ ရှုပွားနေကြတဲ့ ဘုရားသာဝကတွေကို ဘာဖြစ်လို့ လိုက်ပြီးဘော့ ရှုနေစရာ

**မလိုဘူး။ ပွားနေစရာမလိုဘူး။ ရှုမနေပါနှင့် ပွားမနေပါနှင့်။** တောထဲ တောင်ထဲ ရန်သူများတယ်။ ကြောက်စရာကြီးနှင့် ခြိမ်းခြောက်ပြောဆိုတာကိုတော့ လုံးဝလက်မခံပါ။ နောင်ကို ဒီလိုလာပြီး မနှောက်ယှက်ပါနှင့် လို့.... ဝဇီရာထေရ်ရီမယ်က–

သတ္တောတိ၊ သတ္တဝါအစစ် ကေန်ဖြစ်၏ဟူ၍။
ဒိဋ္ဌိဂတံ၊ သဿတဥစ္ဆေ မလွတ်စေဘဲ နှစ်ထွေဖြစ်
ပွား အယူမှားကို။

ကိံ နုပစ္စေသိနု၊ ဘာ့ကြောင့် ယုံကြည် လေးစား
အရေးထားကာ လှည့်ဖြားပြောဆို၍ နေဘိသနည်း။

အခြားသော သူတွေမှာ ရှင်တော်ဘုရားကြီး ဟောကြားတဲ့ အခါ နားကြား အားထုတ်ကြလို့။ နတ်ပြဟ္မာ အပေါင်းတွေ ကျွတ်တန်းဝင်ကြတယ်။ တရားပွဲ တပွဲဆိုးရင် များစွာဘဲမဟုတ် လား။

မဟာသမယသုတ်တော်ကြီး ဟောစဉ် အခါကဆိုရင် နတ် ပြဟ္မာအပေါင်းတွေဟာ သကဒါဂါမ်တနာဂါမ်နှင့် ရဟန္တာများ သာ စာရင်းကောက်ရသတဲ့။ သောတာပန်များမှာ များလွန်း အားကြီးလို့ စာရင်းတောင် ကောက်မရဘူးတဲ့။

သင့်မှာ ခုချိန်ထိ ဘုရားနှင့်တွေ့လို့ တွေ့မှန်းမသိ။ တရားနှင့် တွေ့လို့ တွေ့မှန်းမသိ။ သံဃာနှင့်တွေ့လို့ တွေ့မှန်းမသိ။ အသင် တယ်ဆိုးပါလားလို့ ဆိုပြောလိုက်ပါသတဲ့။

ဒီတော့ မာရ်နတ်ကြီးက ထေရ်ရိမယ်လေးနေပါအုံး၊ မသိလို့ မေးပါရစေ။ **မေးစမ်းပါ ဘာကိုမေးမှာလဲ**။ သင်တို့ဘုရားကြီးနှင့်တကွ ယူထားကြတဲ့ အယူတွေဟာ– ပုဂ္ဂိုလ် မရှိဘူးတဲ့။ သတ္တဝါမရှိဘူးတဲ့။ သုံးဆဲ့တဘုံ ဘာမှမရှိဘူး။ သတ္တဝါ သုဉ်းဆိတ်နေတယ်ဆိုတာ ဟုတ်ပါသလား။ သတ္တဝါ မဟုတ်ရင် ခုသွားနေကြတာတွေ၊ ရပ်နေကြတာတွေ တဦးနှင့်တဦးစကားပြောကြ နှုတ်ဆက်ကြနှင့် ဒါသတ္တဝါမဟုတ်ရင် ဘာတွေလဲ။ သတ္တဝါရှိလို့ သတ္တဝါတွေသွားနေတာ။ ပုဂ္ဂိုလ်ရှိလို့ ပုဂ္ဂိုလ်တွေ သွားနေတာ။ ဒါတွေ တွေ့မြင်နေပါလျက် မာတာလေး ပူတာလေး ဖွံ့တာလေး လှုပ်တာလေးနှင့်၊ ငါတို့ ခုမှကြားဘူးတယ်၊ မင်းတို့ ဘ-ဘုရားက သိပ် ဆန်း ဆန်း ကြယ် ကြယ် ဟောနိုင်တာဘဲ။

ဩော်....မာရ်နတ်ကြီးကလဲ၊ ဟောနိုင်တာပေါ့၊ ဒီလိုဟောနိုင်အောင်လို့ ပါရမီ(၁၀)ပါး၊ စွန့်ခြင်းကြီး(၅)ပါး ဆိုတာတွေပြုပြီးတော့ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရအောင်ပြုကျင့်လာခဲ့ရတာ။

ဒီလိုတွေ့ခဲသော ဗုဒ္ဓုပ္ပါဒဒုလ္လဘကို ရကြလို့ အရတော်လေစွ ဆိုပြီး ဘုရား သာဝကတွေမှာ အားထုတ် လိုက်ကြတာ၊ မာဒါ ငါမဟုတ်၊ ဖွံ့ဒါ ငါမဟုတ်၊ ပူဒါငါမဟုတ်၊ လှုပ်ဒါ ငါ မဟုတ်နှင့် အား ထုတ် လိုက် ကြ တာ သင့်မှာ ပုဂ္ဂိုလ်တွေဘဲ၊ သတ္တဝါတွေဘဲနှင့် အစွဲပြင်းလှချည်လားလို့ ဝဇိရာထေရ်ရီက -

သတ္တောတိ၊ သတ္တဝါအစစ်၊ ကေန်ဖြစ်၍ ဟူ၍။
ဒိဋ္ဌိဂတံ၊ သဿတဉစ္ဆေ၊ မလွတ်စေဘဲ၊ နှစ်ထွေဖြစ်ပွား၊
အယူမှားကို။ ကိံ နုပစ္စေသိနု၊ ဘာ့ကြောင့်ယုံကြည်လေးစား၊ အရေးထားကာ၊ ယူမှာပြောဆို၍ နေဘိသနည်း။

မှားလေစ္စ မာရ်နတ်ကြီး၊ အဲဒီ သွားနေတာ၊ ရပ်နေတာ၊ ထိုင်နေတာ၊ အိပ်နေကြတာတွေဟာ၊ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ သတ္တဝါတွေမဟုတ်ဘူး။

သွားလိုမှု စိတ်နာမ်တရားကြောင့် သွားတယ်လို့ ပြောရတဲ့ ဝါယောရုပ်တွေပါ။ ရပ်လိုမှု စိတ် နာမ် တရား ကြောင့်၊ ရပ်တယ်လို့ ပြောရတဲ့ ဝါယောရုပ်တွေပါ။ သွားတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ၊ ရပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိပါဘူး။ ဒီ ရုပ် နာမ်တရား (၂)ပါးရဲ့ အပေါ်မှာ တင်စားပြီးတော့ စကား ပြောဖြစ်အောင် ခေါ်ထားကြတာပါ။ မာရ်နတ်ကြီးက တကယ် ရှိတယ်မျှားထင်နေသလား။ သမုတိသစ္စာ စကားတွေ ခေါ်ရုံဘဲ ခေါ်ရတယ်၊ တကယ်မရှိဘူး။

တကယ်ရှိတာကတော့–နာမ်ရုပ် (၂) ပါး ပါဘဲလို့ ဝဇိရာ ထေရီရီမယ်က —

အယံ၊ ဤသမုတိအရာ၊ သိကြောင်းသာဘို၊ သတ္တဝါ သံ၊ အခေါ်ခံခြင်း၊ သဘောရင်းသည်း။

သုဒ္ဓသင်္ခါရပုဉ္ဇော၊ ပုဂ္ဂိုလ် သတ္တဝါ၊ မပါမနှော၊ မရောမယှက်၊ မဖက်စွက်သည်၊ သက်သက်သော ရုပ် နာမ်တရား အစုမျှသာတည်း။

မာရ်နတ်ကြီး သေချာကြည့်ပါ။ သွားလိုမှု၊ စိတ်နာမ်တရား နှင့် သွားတယ်လို့ ပြောရတဲ့ ဝါယောရုပ်ခဲတတ်၊ ရုပ် ပရမတ် တရားအစုထဲမှာ သင်ထင်တဲ့ ပုဂ္ဂိုလ်သတ္တဝါများ ရှာလို့ရသေး ရဲ့လား။

ပုဂ္ဂိုလ်သတ္တဝါနှင့် မရောမယှက်တဲ့ သက်သက် ပရမတ် သဘောအစု၊ သဘောအမှု၊ သဘောအနေတွေဘဲ မဟုတ်လား။ ဒါ့ကြောင့်....

အယံ၊ ဤသမုတိအရာ၊ သိကြောင်းသာတို့၊သတ္တဝါ သံ၊ အခေါ်ခံခြင်းသဘောရင်းသည်။

သုဒ္ဓသင်္ခါရပုဉ္ဇော၊ ပုဂ္ဂိုလ်သတ္တဝါ၊ မပါမနှော၊ မရောမယှက်၊ မဘက်စွက်သည့်၊ သက်သက်သော၊ ရုပ်နာမ်တရား အစုမျှသာတည်း။

ဣဓ၊ ဤ အဟုတ် အမှန်၊ ရုပ် နာမ် ဓမ္မ သင်္ခါရ၊ သဘောအစု၊ သဘောအမှု၊ သဘောအနေသက်သက်မျှ၌။

သတ္တော၊ လက်ဆုပ်ယူငင်၊ မျက်မြင်ဒိဋ္ဌ၊ ညွှန်ပြစရာ သတ္တဝါကို။

နုပလဗ္ဘတိ၊ ယတိအပြတ်၊ မရှိလတ်၍၊ မရအပ်တော့ပြီ။

မာန်နတ်ကြီး အသင်ထင်တဲ့ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ဘယ်မှာ ရှိသေးလဲ၊ ကဲ - မကြေနပ်ရင် ခန္ဓာငါးပါးထဲမှာ ရှာကြည့်ပါ။ ခန္ဓာငါးပါးတော့ကောနားလည်ရဲ့လား၊ ခန္ဓာငါးပါးဆိုတာ....

ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။

လို့ ခန္ဓာ ငါးပါးရှိတယ်။ အဲဒီခန္ဓာငါးပါးထဲက ကြိုက်ရာ တပါးကို အားထုတ်ကြည့်ပါ၊ ခန္ဓာကိုယ်မှာဉာဏ်ကပ်ပြီးကြည့် လိုက်တော့၊ ဝါယောဓာတ်ဆိုတာ သူ့ရဲ့သဘောက....

ဝိတ္ထမ္ဘနံ၊ ထောက် ကန် တောင့် တင်း မှု သည် ဇင်း။
သမုဒီရဏံ၊ လှုပ်ကြွ ရွေ့ရှား မှုသည်ဇင်း။ ဝါယော၊
ပရမတ်နှစ် လေအစစ်ပေတည်း။

ခန္ဓာမှာ ပရမတ်မျက်စိ၊ ဓာတ်မျက်စိနှင့် ကြည့်လိုက်တော့၊ ပရမတ်လေ၊ ဓာတ်လေကိုသာ တွေ့ရပါတယ်။

ပရမတ်လေ ဓာတ်လေ ဆိုတာ ဘယ်လိုဟာလဲ ဆိုတော့၊ ထောက်ကန်နေတဲ့လေ၊ လှုပ်ကြွရွေ့ရှားနေတဲ့လေ၊ ဒါပရမတ် လေ၊ ဓာတ်လေတွေပါဘဲ။

မံသ မျက်စိနှင့်တော့ မြင်နိုင်တာမျိုး မ ဟုတ် ဘူး နော်။ သဘောအမှုအရာမျှသာဖြစ်တယ်၊မျက်စိနှင့်မမြင်ရသော ပရမတ် တရားကြီးကို ဘယ်လိုလုပ်ပြီး ကြည့်ရမလဲ ဆိုတော့၊ လောက မြင်လွယ်တဲ့နည်းနဲ့ ကိုယ်တွေ့ပြုလုပ်ကြည့်ပါ။ သဘောတရားကို သိအောင်နှိပ်ကြည့်ပါ၊ လွတ်ကြည့်ပါ၊ နှိပ်လိုက်တော့ ပိန့်သွား တယ်၊ လွတ်လိုက်တော့ ဖောင်းကြွလာတယ်။

ဒါ-လေသဘောတွေပါဘဲ။ **ဝိတ္ထမ္ဘန သဘော သမုဒီရန သဘောတွေပေါ့**။ ခန္ဓာကိုယ်မှာ အနှံ့အပြား ရှာကြံလိုက်တော့ ငါကခုကိုယ်တခုရယ်လို့ ပြောစရာမရှိတော့ပါဘူး။ လေတော ကြီးဖြစ်သွားပါတယ်။ ဗဟိဒ္ဓလောကကြီးကိုလဲ ဉာဏ်နှင့်နှံ့ပြား

အောင် ကြည့်ပါ။ တောင့်တင်းကြမ်းတမ်းနေတဲ့ သဘောတွေ၊ လှုပ်ကြွ ရွေ့ရှားနေတဲ့ သဘောတွေ တလောကလုံးပါဘဲ။ ဒီနေရာမှာ ဝါယောဓာတ်ကို တွဲတွဲမမြင်ရင် ပုဂ္ဂိုလ်သတ္တဝါတွေက သွားလာလှုပ်ရှားနေတယ်လို့ ဖြစ်နေတတ်တယ်။

ပုဂ္ဂိုလ် သတ္တဝါတွေဆိုတာက သဘာဝ သဘောတရား ကိုယ်နှင့်ပြနိုင်တဲ့ - အမျိုးမဟုတ်ဘူး။ သဘာဝ ပညတ်တွေဘဲ။ ဝါယောရုပ်ဓာတ် ကျတော့ - အဘာဝမျိုးမို့ လှုပ်ပြနေတယ်၊ တောင့်ပြနေတယ်၊ တင်းပြနေတယ်။ သဘာဝတရားကို- တရားကိုယ်မသိရင် ခေါင်းလှုပ်တယ်၊ လက်လှုပ်တယ်နှင့် ဖြစ်နေတတ်တယ်၊ သတိထားပါ။ ဒီအသိမျိုးကတော့ အဆန်းမဟုတ်ပါဘူး။ တသံသရာလုံးက သိလာကြတာပါ။

ပြီးတော့- ဒီဝါယောဓာတ်ဟာ ဖြစ်ပေါ်တော့နေပြီ — မှန်တယ်။ ဒါပေမဲ့ ဒီလိုနှင့်မပြီးသေးဘူး သခ်ီတ တရားတို့မည်သည် မပုပြင် မထူထောင်ဘဲ ဖြစ်နိုင်တဲ့ တရားမျိုး မဟုတ်ဘူး။ ဒီတော့ ပုပြင်ထူထောင်တဲ့ အကြောင်းရှိလိမ့်မယ်။ လူတွေက ထူထောင်ပေးသလား၊ နတ်တွေက ထူထောင့်ပေးသလား၊ ဗြဟ္မာတွေက ထူထောင်ပေးသလားလို့ အကြောင်းရင်းကိုလဲ ကြည့်ရအုံးမှာဖြစ်ပါတယ်။ **အကြောင်းရင်းကို မသိရင် ပစ္စယသမ္မောဟ အမိုက်ကြီးအတွင်းမှာ** နေရတတ်ပါတယ်။ ပစ္စယသမ္မောဟ အမိုက်ကြီးလက်တွင်းမနေရအောင် **ပစ္စယဝဝတ္ထာနဉာဏ် အလင်းကြီးကို ထူထောင်ပါ။**

ပစ္စယဝဝတ္ထာနဉာဏ်ဆိုတာ အကြောင်းတရားကို ခွဲခြမ်းဝေဘန်၍ သိတဲ့ဉာဏ်ကိုဆိုပါတယ်။ ဒီဉာဏ်ကြီးနှင့် ခွဲခြမ်း

ကြည့်လိုက်တော့ ဝါယော ရုပ် ဖြစ် ဘို့ အကြောင်း တရား လေးပါးရှိပါတယ်။

အဲဒီလေးပါးကတော့ **ကံ စိတ် ဥတု အာဟာရ** ဆိုတဲ့ လေးပါးဘဲ ဖြစ်ပါတယ်။

ဒီလေးပါးထဲက ကံကြောင့်ဖြစ်တဲ့- ဝါယော ရုပ်တခုကိုဘဲ ကြည့်စမ်းပါ။ ကံကလဲ ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ နှစ်မျိုး ရှိသေးတယ်။

အဲဒီကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဖြစ်နေတဲ့ ဝါယော ရုပ်တွေကို လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ငရဲတွေ စသည် ခေါ်ကြရတာဘဲ။

ခု- မျက်မြင်ဘဲ ကြည့်စမ်းပါ။ ခွေးတွေ ဝက်တွေဟာ ဒါတွေဟာ အကုသိုလ်**ကံ**ကြောင့်ဖြစ်တဲ့ ဝါယော ရုပ်ကို ခွေးလို့ ပြောရတာဘဲ။

ဒါ့ကြောင့်....ခွေးကိုမြင်တိုင်း မြင်တိုင်း **(ခွေး)အကုသိုလ်ကံ ကြောင့်ဖြစ်တဲ့ ဝါယောရုပ်အစု ဝါယောဓာတ်အစု ဝါယော ပရမတ်အစု** လို့ ဆင်ခြင်လိုက်ရမယ်။

လူကိုမြင်ချပြန်ရင်လဲ **(လူ) ကုသိုလ်ကံကြောင့် ဖြစ်တဲ့ဝါယော ရုပ်အစု ဝါယောဓာတ်အစု ဝါယောပရမတ်အစု** လို့ ဆင်ခြင်၊ လူပျောက်ပြီး ဝါယောဓာတ်ကို တဲ့တဲ့ မြင်တော့တာဘဲ။

ဝါယောဓာတ်ကိုမြင်ရင်လဲ ချစ်ခြင်း မုန်းခြင်းကင်းတော့ တာပါဘဲ။

သုံးဆဲ့တဘုံ အကုန်ပေါ့၊ စိတ်ထဲမှာ အထင်မှားနေသမျှကို ပြေပျောက်သွားတောင် ဝါယော ရုပ်တခုနှင့် ရှုပါ၊ ကြည့်ပါ၊ ပွားပါ။ ပြီးတော့ ဒီဝါယောရုပ်တွေဟာ ကုသိုလ်ကံကြောင့်ဘဲ ဖြစ်ဖြစ်၊ အကုသိုလ်ကံကြောင့်ဘဲ ဖြစ်ဖြစ်၊ အခိုင်အမာ မရှိဘူး လို့ကလဲ သိဘို့လိုသေးပါတယ်။ တတ်နိုင်လို့ မဟဂ္ဂုတ် ကံကြောင့်ဖြစ်နေတဲ့ ဗြဟ္မာလို့ခေါ်တဲ့ ဝါယောဘဲဖြစ်ဖြစ်၊ အနှစ် မရှိဘူးဆိုတာကတော့ သိထားရမှာဖြစ်ပါတယ်။ အနှစ် မရှိဘူး လို့ သိမထားရင်၊ ဇဝနိမိတ်တွေဝင်လာတတ်ပါတယ်။ ဝါယော ဓာတ်က ဇဝနိမိတ်မှ ကင်းသုဉ်း ကင်းဆိတ် နေတဲ့ တရားပါ။ ဒါ့ကြောင့်....

အဇဝသုညတ အနတ္တဓမ္မ ဒုက္ခသစ္စာ။

လို့ရှုပါ။ ဒီသို့ရှုတော့ဘာဖြစ်သလဲ၊ ခန္ဓာကိုယ်မှာ အနှစ် ကင်းသွားတာပေါ့။ အနှစ်ကင်းသွားတာကိုဘဲ အတ္တဒိဋ္ဌိ ပြုတ် တယ်လို့ ဆိုရပါတယ်။ ဒါကြောင့်....

အဇဝသုညတ အနတ္တ ဓမ္မ ဒုက္ခသစ္စာ။

ခိုင်မြဲမှု၊ ဇဝနိမိတ်၊ သုဉ်းဆိတ်သည်ဖြစ်၍၊ မခိုင်မြဲမှု၊ အဇဝသဘောရှိသော၊ ဝါယောရုပ်တရားသည်၊ ဇာတိ ဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယ သမ္ပယောဂဒုက္ခ၊ ပိယဝိပ္ပယောဂဒုက္ခ၊ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခ အနက်သဘောရှိသောကြောင့်၊ ဆင်းရဲတခုမျှ ဖြစ်သော တရားအမှန်ကြီးပေတည်း။

လို့ ခန္ဓာကိုယ်ကို ဉာဏ်ကပ်ပြီး အဆပ်ထပ်ရှုလျှင် ဇဝနိမိတ် ကင်းနေတဲ့ ဝါယောရုပ်ကို ပေါ်လောပေါ်လာပါလိမ့်မယ်။

လောကကြီးတခုလုံးမှာ ဥာဏ်တဲ့ကြည့်စမ်းပါ။

ဓုဝနိမိတ်တွေမြင်နေရသလား၊ အဓုဝနိမိတ်တွေ မြင်နေရသလားဆိုတာ ကြည့်စမ်းပါ။

ခုခန္ဓာကိုယ်မှာ ဘိနပ်စီးနေရတာ ဘယ်သူ့ရဲ့အရိပ်အရောင်လဲ **အဓုဝ** ရဲ့ အရိပ်အရောင်တွေ မဟုတ်လား။ နေပူမှာစိုးလို့ ထီးဆောင်းရတယ်။ မိုးထဲရေထဲ နေပူထဲမနေဝံ့လို့ အိမ်ဆောက်ရတယ်၊ ကျောင်းဆောက်ရတယ်။ ဒါတွေ မျက်စိတဆုံး ကြည့်လိုက်ရင် ခန္ဓာကိုယ်အနှစ်မရှိတဲ့ အရိပ်တွေ၊ အရောင်တွေ ဘယ်လောက်ထင်ရှားသလဲ။ အဲဒါလို ခန္ဓာကိုယ်မှာ **အဓုဝမျိုး** လို့ မြင်ရင် အခိုင်အမာအနှစ်သာရနှင့်ယူထားတဲ့အတ္တအယူကြီးဟာ တခါထဲလင်းသွားနိုင်ပါတယ်။ အတ္တအယူ လင်းရင်လဲ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင်တွေဆိုတာ ဒီ **အဓုဝသုညတ အနတ္တ ဓမ္မဒုက္ခသစ္စာတရားကိုသာ ခေါ်ရတာပါလားလို့** သိလာပါလိမ့်မယ်။ အသင်မာရ်နတ်ကြီး၊ ဘုရားသာသနာ နှင့် တွေ့တဲ့အခါ၊ အခြားသော နတ်ဗြဟ္မာများကဲ့သို့ သောတာပန်၊ သကဒါဂါမ်စတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်ဖြစ်အောင် အားထုတ်ပါလို့၊ ဝဇီရာထေရီမယ်ဟာ နိဂုံး တိုက်တွန်း လိုက်ပါသတဲ့။

ဘုရားအဆုံးအမရထားတော့ ဘယ်လောက်အဆင်ပြေသလဲ၊ ဘယ်သူလာဖျက်ဖျက်၊ မပျက်တော့ဘူး။ မာရ်နတ်ကြီးကသာ တရားထိုင်နာသွားရပါသတဲ့။ ဒါကြောင့် —

အယံ၊ ဤသမုတိအရာ၊ သိကြောင်းသာဘို၊ သတ္တဝါ
သံ၊ အခေါ်ခံခြင်း အကြောင်းရင်းသည်။

သုဒ္ဓသန်္ခါရပုဗ္ဗော၊ ပုဂ္ဂိုလ် သတ္တဝါ၊ မပါမနှော၊ မရောမသွက်၊ မဖက်စွက်သည့်၊ သက်သက်သော ရုပ်နာမ် တရား၊ အစုမျှသာတည်း။

ဣဓ၊ ဤအဟုတ်အမှန်၊ ရုပ်နမ်ဓမ္မ၊ သင်္ခါရ သဘော အစု၊ သဘော အမှု၊ သဘော အနု၊ သက်သက်မျှ၌။ သတ္တော၊ လက်ဆုပ်ယူငင်၊ မျက်မြင်ဒိဋ္ဌ၊ ညွှန်ပြစရာ၊ သတ္တဝါကို။

နုဥလဗ္ဘတိ၊ ယတိအပြတ်၊မရှိလပ်၍၊ မရအပ်တော့ပြီ။ ကဲ–မာရ်နတ်ကြီးထင်ဟဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ဒီသင်္ခါရ သဘောအစုတွေမှာ တွေ့ရပါသေးသလား။ မိုးတဆုံး မြေတဆုံး သုံးဆဲ့တဘုံ အကုန်လိုက်ရှာပေတော့။

သံပုဝါကြီးနှင့် ဆန်အစာတွေ နှင့် သွားပြီး ရှာသော်လဲ၊ သံပုဝါသာစုတ်မယ်၊ အသင်ထင်တဲ့သတ္တဝါကတော့ မတွေ့တော့ဘူး။ ဒါကြောင့်....

နုဥလဗ္ဘတိ၊ တကယ့်သတ္တဝါ၊ တွေ့အောင်ရှာမဟဲ့

လို့၊ သံပုဝါကြီးနှင့်၊ ဆန်အစာတွေထုပ်ပြီး၊ ဒူးပြုတ်အောင်ရှာပါသော်လဲ၊ သံပုဝါကြီးစုတ်ပြီး၊ မိုးကုတ်လို့သာ ပြန်ခဲ့ရ၊ ဘယ်အရပ်၊ ဘယ်ဌာန၊ ဘယ်ကာလမှ၊ သတ္တဝါဟူက၊ အနုမြူမျှ၊ တွေ့ရမည်မဟုတ်ပေ။

ကဲ....မာရ်နတ်ကြီး၊ ကျေနပ်ပြီမဟုတ်လား၊ငါတို့ရဲ့ ဘုရားကြီးဟာ အားလုံးဝေနေယျတွေကို ခဓတ်တခုခုနှင့်၊ သတ္တဝါ ပျောက်အောင် ရှုစေရတယ်၊ မြင်စေရတယ်၊ မမြင်သေးလျှင် မြင်အောင်အားထုတ်စေရတယ်။

ဒါ့ကြောင့် ငါတို့ဘ‐ဘုရားကြီးခိုင်းတဲ့အတိုင်း၊ ရှုပွား အားထုတ် အလုပ်လုပ်ထားလို့ ဝါယောဓာတ်ကိုမြင်နေပြီ။ မာရ်နတ်ကြီးလာပြီး ပရိယာယ်အမျိုးမျိုးနှင့်၊ ဒါဟာ မိန်းမပါ၊ ဒါဟာ ယောကျ်ားပါလို့ လှည့်ဖြားပြောဆိုသော်လဲ မယုံတော့ဘူးလို့ ဝဇိရာထေရ်ရီမယ်က....

သတ္တဝါကောင်မျိုး၊ ဟုတ်နိုးဟန်ခြယ်၊
ဟိုတုံးကတော့၊ ဓာတ်မသိလို့၊
နတ်လှည့်တာကို ယုံခဲ့တယ်၊
မာရ်နတ်မင်းက ဇာတ်သွင်းပေမယ်၊
ခုတော့ မယုံဘူး ဓာတ်ထူးသိပြီကွယ်။

လို့ မာရ်နယ်ကို ဆိုပြလိုက်ပါသေးသတဲ့။ ဒီတော့မှ မာရ်နတ်ကြီးဟာ ငါဘယ်လိုချော့သော်လဲ ထေရီမယ် မပျော့တော့ဘူး၊ ငါဘယ်လိုခြောက်သော်လဲ ထေရီမယ်မကြောက်တော့ဘူးဆိုပြီး ဪ‐ဘုရားချစ်သမီး ချစ်သားတွေဟာ တယ်ပြီး ခိုင်ခံ့ပါလား၊ သူပြောတဲ့ **ဝေသာရဇ္ဇပ္ပတ္တာ** ဆိုတဲ့ ဂုဏ်နဲ့လဲ ပြည့်စုံပါပေတယ်လို့ ချီးကျူးပြီး ထေရီမယ်အနားက ရှောင်ခွါသွားပါသတဲ့။

ဒါ့ကြောင့်ယခု တရားနာနေကြတဲ့ အားလုံးပေါ့ရှင်၊ငယ်ကြီးထီးမ ဆိုသလို အဖျက်သမားနှင့် တွေ့ရင် ဝဇိရာထေရီမယ်လို တောင့်ထားနိုင်ကြပါမလားလို့ ကျမကမေးချင်တယ်။ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့သောသမာဓိနှင့်ပြည့်စုံအောင် အားထုတ်ပါလို့ ကျမက နိဂုံးတိုက်တွန်းလိုက်ပါတယ်။

ခတ်တခုခုကို အလုပ်တခုထားပြီး မရှုရင်၊ မပွားရင်တော့ အစကပြောခဲ့တဲ့ ဖွဲ့ပုံပေါ်စိုက်တဲ့တိုင်လိုပေါ့ရှင်၊ ယိုင်လဲသွားနိုင်ပါတယ်လို့၊ ဟိုဆရာပြောဟုတ်နိုးနိုး၊ ဒီဆရာပြော ဟုတ်နိုးနိုးနှင့် ဒီလိုလဲမဖြစ်ရအောင် ဝါယောရှုပ်၊ ခတ်ရုပ်ပရမတ်တရားကြီးကို ရှုကြ၊ ဆင်ခြင်ကြ၊ ပွားများကြပေတော့လို့။ ဒါကြောင့်-

နုဉပလဗ္ဘတိ၊ တကယ့်သတ္တဝါ၊ တွေ့အောင်ရှာမတဲ့လို့၊ သံပုဝါကြီးနှင့် ဆန်အစာတွေထုပ်ပြီး၊ ဒူးပြုတ်အောင်ရှာပါသော်လဲ သံပုဝါကြီးစုတ်ပြီး၊ မိုးကုတ်လို့သာပြန်ခဲ့ရ၊ ဘယ်အရပ်၊ ဘယ်ဌာန၊ ဘယ်ကာလမှ သတ္တဝါဟူက အနှုမ်မျှ တွေ့ရမည်မဟုတ်ပေ။

နုဉလဗ္ဘတိ၊ သတ္တဝါ၊ သတ္တဝါ၊ ခတ်ပါပါနှင့်၊ ထပ်ခါသောသော၊ဖတ်ဖယ်မောအောင်၊တကယ်ဆိုလျှင်၊ ဘယ်လိုပင်ပြောပေမဲ့၊ သဘောမနသိ၊ ဇောတည်ကြည်လျက်၊ ယောဂီဂုဏ်ရည်၊ ဒုလ္လဘီအသိနှင့်၊ စုံညီပြည့်ပြီးမို့၊ မာရ်နတ်ရေ.... သင့် အဆိုကို၊ ငါတို့ အယုံအကြည် မရှိသာလျှင်ကတည်း။

သာဓု သာဓု သာဓု။

—— x ——

# အရှင်းထဲက အမြတ်ရ တရားတော်

## ဝန္ဒနာပန်း

တိက္ခဉာဏံ မဟာထေရံ၊
သိန္ဓုဝါရေတိ ပါကဋံ။
မယံ ဣမ ဝန္ဒိဿာမ၊
ဒူရာသန္နေဟိ အာဂတာ။ ။

ဘော၊ ကြောင်ပန်းထေရ်မေဘ်၊ ထိမ်းမှတ်ပုံတော်ကို၊ တူ ပျော်ပျော် ပူဇော်ရန် လာရောက် ကြကုန်သော ကလျာဏအပေါင်း-အို....သူတော်ကောင်းတို့။

သိန္ဓုဝါရေတိပါကဋံ၊ အောင်စခန်း အရောင်လျှမ်း အခေါင် နန်းကို ဆောင်စွမ်း နိုင်လို့မို့ ကြောင်ပန်း ကြောင်ပန်း ဟု၊ မြန်ပြည်ပေါ်တလွှား နာမည်ကျော် လျက် အလွန်ထင်ရှားတော် မူပေထသော။

တိက္ခဉာဏံ၊ ဝရဇိန် လက်နက် မိုးကြိုး စက်ကဲ့သို့ ထက်မြက်သောဉာဏ် ရှိတော်မူထသော။

မဟာထေရံ၊ ရုပ်နာမ် ဓမ္မ သုည တအချက် တရား နက်တို့ကို လက်ဝယ် တင်ထား ပတ္တမြားကဲ့သို့ ထင်ရှား အောင် ဟောကြားတော်မူသော မဟာထေရ် မြတ်ကြီး ကို။

ဝါ၊ ဝိဝဋ္ဋနှင့်၊ ချွတ်ပြပေသည်၊ အခေါင်မြန်းတဲ့ ကြောင်ပန်း ဒို့မထေရ်။

သဘာဝနှင့်ခွါပြပေသည်၊ အခေါင်မြန်းတဲ့ ကြောင်ပန်း ဒို့မထေရ်။

သုံးလောကနှင့် ဟောပြပေသည်၊ အခေါင်မြန်းတဲ့ ကြောင်ပန်း ဒို့မထေရ်။

ရတနာ ကျမ်းနှင့် ရှာခန်းတလီ၊ အခေါင် မြန်းတဲ့ ကြောင်ပန်း ဒို့မထေရ်။

ဟောစဉ်ကျမ်းနှင့် မြင်ခန်းတွင်သည်၊ အခေါင်မြန်းတဲ့ ကြောင်ပန်း ဒို့မထေရ်။

ဤခြောက်ကျမ်းဒီပနီတို့ကို စီရရီဖြင့် အလီလီ ဟောကြားတော်မူသော မဟာထေရ်မြတ်ကြီးကို။

ဣမ၊ ဂုဏ်တော်ရည်မှတ်၊ ကျေးဇူးဆပ်ခေါ် မြတ်ပွဲတော်ကြီး၌။

ဒူရာသန္နေဟိ၊ မြို့ရွာ အ သီး သီး ဝေးအနီးတို့မှ။ အာဂတာ၊ အပြစ်ဘယာပ္ပစေဘို့၊ အသစ်သဒ္ဓါ ဗလဝ တွေနှင့်၊ တနှစ်တခါ၊ လာရောက်ကြကုန်သော။

မယံ၊ ကြောင်ပန်း တိုက်ထွင်၊ ဓမ္မာသန ပလ္လင်မှာ ကြည်လင်စွာ တရားအလုပ်တို့ကို အားထုတ်ကာ နေကြတဲ့ အကျွန်ုပ်တို့သည်။

ဝန္ဒိဿာမ၊ လက်ဆယ်ဖြာယှက်ကာမိုးလျက်၊ ဦးနှိမ်ကာ မာန်တွေချိုးပြီး၊ ရှိခိုးကန်တော့လိုက်ကြ ပါကုန်စို့ အံ့သတည်း။

ဝန္ဒိဿာမ၊ ပုံတော်မဟော မှန်းဆ၍၊ ဂုဏ်တော်တွေ
တမ်းတလျက်၊ ကန်တော့ပန်း ဆက်လိုက်ကြပါကုန်စို့
အံ့သတည်း။

ကဲ....တရားအာရုံပြုကြရအောင်၊ ဟောသမျှပြောသမျှတရား တွေ အကုန်မမှတ်မိတောင် ယနေ့ည တလုံးတပါဒတော့မှတ်မိ ရမယ်ပေါ့။

ဒီလို တလုံး တပါဒ ကြား လိုက် ရ ရင် လဲ မိမိတို့ အတွက် ကိုယ်ကျိုးထွက်လာသေးတာပေါ့။

အအိုခန္ဓာ, အနာခန္ဓာ, အသေခန္ဓာပေါ်က အမြတ်ပြီး လာအောင် တရားရှာကြရတယ်။

ခန္ဓာကိုယ်ကြီးကတော့ မထူးပါဘူး။ ဒါန သီလ ဘာဝနာ တရားတွေ မပြုတ်လဲဘဲ အိုနေတာ, နာနေတာ, သေနေတာ။ သူ့အတွက်ကတော့ ရှုံးနေလျက်ပါဘဲ။

ယခုလောကရှိတဲ့ ကမ္ဘာသူ ကမ္ဘာသား လူအများတွေက ဘယ်လိုတွက်နေကြသလဲဆိုတော့....;

ဒို့မသေခင်စားရတာအမြတ်၊ ဝတ်ရတာအမြတ် ဆိုပြီးတော့ ကြိုးကြိုးစားစား ဝတ်ကြ စားကြတယ် မဟုတ်လား။ အဲဒီ အဝတ်အစားတွေဟာ အ မြတ် သာ မှန် ရင် ခု ချိန် ထိ အောင် သံသရာထဲမှာ နေရမှာမဟုတ်ပါဘူး။ ဘုရားတွေလဲပွင့်စရာမလို တော့ဘူး။

လူ့အဖြစ်နှင့် ဘယ်နှစ်ဘ၀ရှိပြီးလို့ ဝတ်စားလာခဲ့တဲ့ ဘ၀တွေ ရေတွက်လို့ ရလောက်ပါ့မလား။

ဒါဖြင့် နတ်ဘ၀နှင့် ဘယ်နှစ်ဘ၀ရှိပြီလဲ။

ဘ၀များစွာ ဝတ်စားဆင်ယင်လာခဲ့ကြတာ မရေတွက်နိုင်တော့ပါဘူး။

ဒီတော့ ဒီဘ၀ကလေးမှာ အချိန်တွေ လွန်မသွားရအောင် ခန္ဓာကိုယ် ပြုပြင်စောင့်ရှောက်ရင်းနဲ့ဘဲ အမြတ်ထုတ်ရမှာပေါ့။

ခုတော့ - ဒါန သီလ ဘာဝနာဆိုတဲ့ တရားအပေါ်ကျတော့ ပေါ့ပေါ့တန်တန်ဖြစ်ပြီး၊ ခန္ဓာကိုယ်ပြုပြင်မှုနှင့် အချိန်ကုန်ကြတယ်။ ဒါကြောင့်....

စဉ်းစားကာ ဝေဘန်ကြည့်တော့ ဒို့များရဲ့ ခန္ဓာကိုယ်။

နေ့စဉ်မှန်မှန် အချိန်တွေထားလို့ နံနက် နေ့ ရော ညရော ပြုပြင်ကြရသလို။

လူလောကကြီးမှာ ဝေဘန်ကြည့်ပါ။ တလှုပ်လှုပ် တရွရွနှင့် ဘယ်အချိန်မှ အားလပ်ရတဲ့ အချိန်ရယ်လို့ မရှိဘူး။ ခန္ဓာဝန် ပြုပြင်မှုအတွက်နှင့် အချိန်မှန် ပြုပြင်နေရတယ်။

မိုးအခါမှာ လုပ်ရမဲ့ လုပ်ငန်းဆောင်တာဟူသမျှကို မိုးမှာဘဲ အချိန်မှီအောင် ပြုလုပ်ရတယ်။

တရားနာဘို့ တရားအားထုတ်ဘို့ (၅)ရက်ပြည့်အောင် အခွင့် မရဘူး။

ခုအချိန်မှာ ထွန်လို့ကောင်းနေလို့ ခုချိန်မှာကြဲမှ ကြဲဘို့ အချိန်ကောင်းနေလို့။

ဒီလိုအချိန်ကောင်း အမှီလိုက်နေရတာနှင့် ဝါတွင်း တရားအားမထုတ်လိုက်ရပြန်ဘူး။

နွေခါရောက်လာတော့ကော တရားအားထုတ်ခွင့်တွေ အများကြီး ရပလားဆိုတော့—

ဗိုင်းဝါလေးက နွေအခါက လုပ်ထားမှ ဖောဖော ဝတ်ရတာ၊ ခုဆို အိမ်ဝတ်ဘိုတောင် မကျန်ဘူး။ စင်မှာ လာဝယ်နေတာ။ ခုအထည်စျေးတွေ ကောင်းလိုက်တာ၊ တနေ့ဆိုတနေ့ ဘယ်မှသွားလို့ မဖြစ်သေးဘူး။

နွေအခါဆိုတော့ ကလေးတွေချည်းဘဲ ပစ်ထားခဲ့လို့လဲ မဖြစ်ပါဘူး။ နွေခါကြီး မီးကကြောက်ရသေး။

ဒီလိုနှင့် ခန္ဓာကိုယ် ပြုပြင်ဘက်ပါပြီးတော့ တနွေကုန်ဆုံးခဲ့ရပြန်ပြီလို့နော်။

ဒါဖြင့် ဆောင်းခါကျတော့များ တအားနဲ့ပြီး တအားခဲလိုက်လိမ့်မှတ်တယ်။

ဆောင်းခါကျတော့လဲ အေးလိုက်တာ ကိုယ်ကမီးဖိုနားကခွါချင်တာ မဟုတ်ဘူး။

ဒါ့ကြောင့်.... အေးလွန်းလို့ ဆောင်းခါတော့ ဖြစ်သေးပါဘူးလို့ အချိန်ကုန်ခဲ့ရပြန်တယ်လို့။

ဒီလို မိုးခါလဲမလုပ်နိုင်၊ နွေခါလဲ မနာနိုင်၊ ဆောင်းခါလဲ မလာနိုင်။ ဒီ အ မှု တွေ ဘာ့ ကြောင့် ရှုပ် နေ ရ သ လဲ့ လို့ ကြည့်လိုက်တော့....

ခန္ဓာကိုယ် ပြု ပြင် မှု ကြီး ရှိ နေ လို့ မ ဟုတ် လား။

နံနက်တထပ် ညတထပ် အချိန်မှန်မှန်ကျွေးနိုင်ပါစေလို့ ဆိုပြီး ပြုလုပ်နေရတယ်ပေါ့။ ဒါကြောင့်....

> စဉ်းစားကာ စေဘန်ကြည့်တော့ ဒို့မျှားရဲ့ ခန္ဓာကိုယ်
> နေ့စဉ်မှန်မှန် အချိန် တွေ့ထားလို့ နေ့ရော ညရော
> ပြုပြင်ကြရသကို။

ထမင်းစားနေရတဲ့အမှု ကြည့်ပါအုံး မိုးလင်းလို့ စားချိန်တန်ရင် စားရမှ အချိန်လေး နဲနဲလွဲသွားရင် ဟောဒီ ခန္ဓာကြီးဟာ မနေနိုင်၊ မထိုင်နိုင်၊ မသွားနိုင် ၊မလာနိုင်နဲ့ အတော်ပင်ပန်းတယ် ပေါ့၊ ဒါ့ကြောင့်မို့ အချိန်မှန်မှန် ထမင်းကျွေးရတယ်။အချိန်မှန်မှန် ရေချိုးရတယ်။

ဒီအမှုပေါင်း အနန္တရဲ့အကြားမှ ကိုယ်ရေးကိုယ်တာ ယူကြရမှာ။ ဒ့ါကြောင့်....

> စဉ်းစားကာ ဝေဘန်ကြည့်တော့ ဒို့မျှားရဲ့ ခန္ဓာကိုယ်
> နေ့စဉ်မှန်မှန် အချိန်တွေ့ထားလို့၊ နေ့ရော ညရော
> ပြုပြင်ကြရသကို၊ သတိထား စဉ်းစား နေ့တိုင်းကို၊
> ရက်တွေ လ,တွေ တွက်စစ်ကြည့်တော့ သူ့ ဘက်မှာ
> ဒီဂရိပို။

လို့ ဆိုတဲ့အတိုင်း သူ့ကိုပြုပြင်နေရတဲ့ ရက်ကမျှားရတယ်။ အချိန်တွေကုန်ရတယ်။

ဘယ်နှစ်နှစ် ဘယ်နှစ်လ ဘယ်နှစ်ဘဝရှိပြီဟူ၍ မပြောပြနိုင်သော ခန္ဓာရဲ့ပြုပြင်မှုကြီးပါလားလို့ သံဝေဂနှင့် အရယူကြဘို့ ပေါ့။ ဒါမှသာလျှင် ဟောဒီ ခန္ဓာကိုယ်တည်းဟူသော အရှုံး တရားကြီးထဲက အမြတ်ထွက်လာမှာ။

နေ့စဉ်နှင့်အမျှ အရှုံးတရားတွေ အဖြုန်းတရားတွေထဲမှာ မျောနေရတာ။

သားအတွက်နှင့် ရှုံးလိုက်ရ၊ သမီးအတွက်နှင့် ရှုံးလိုက်ရ။ ဒီအရှုံးထဲမှာ တဝဲလည်လည်နှင့်ကျင်လည်နေကြရ၊ဘယ်လောက် သံဝေဂရဘို ကောင်းသလဲ။

ဒါကြောင့်.... ယနေ့ည တရားပွဲကြီးကတော့ အရှုံးထဲက အမြတ်ထုတ်ကြတဲ့ တရားပွဲကြီးဆိုလဲ မလွဲပါဘူး။

ရှင်တော်ဘုရားကြီးကလဲ ချစ်သားတို့ အရှုံးတရားထဲ ပျော်ပါး၍ ငါဘုရားသာသနာကြီး လွန်မသွားကြစေနှင့်။ ကျွံ မသွားကြစေနဲ့လို့။ ကြုံတောင့် ကြုံခဲမျှကြီးလို့ –

မာဝေါ ခဏံ ဝီရာဓေထ၊
ခဏာတီတာဟိ သောစရေ။
သဒ္ဒေတ္တ ဂါယမေယျာထ၊
ခဏော ဝေါ ပဋိပါဒိဏော။ ။

ဘောဓန္တော၊ ကြုံတောင့်ကြုံခဲ တရားပွဲမို့ အားခဲ လိုသူ ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။

ဘဝအသခေါ် အသချာ ဘယ်လိုပင်ကြာသော်လဲ ဟောဒီ ရှင်တော်ဘုရားကြီးရဲ့ သာသနာနှင့်ကျတော့ ကြုံတောင့် ကြုံခဲ ကြီးဘဲ မဟုတ်လား။

ခုသာ မိမိရဲ့ ရှေးကုသိုလ်လေးက အခွင့်ပေးလိုက်လို့ အလွယ်တကူနှင့် ကြားရ နာရ အားထုတ်ရတာ။

အပါယ်လေးပါးမှာ ကျနေကြတဲ့ သတ္တဝါတွေ ကြည့်လေ ဘယ်လောက် ခဲယဉ်းသလဲ။ ဒါ့ကြောင့် ...

ဘောနွှော၊ ကိုတောင့် ကြိုခဲ တရားပွဲမို့ အားခဲ
လိုသူ ရှင်လူအပေါင်း အို - သူတော်ကောင်းတို့။

ဝေါ၊ အရှုံးထဲက အမြတ်ရအောင် ကြံဆောင်
ပြုလုပ် အားထုတ်ကာနေ သင်တို့တတွေသည်။

ခုတရားနာနေကြတဲ့ ပရိသတ်ကြီးဟာ အရှုံးထဲက အမြတ်တရားကြီးရအောင်လို့ ဆိုပြီးတော့ တရားနာနေကြတာ မဟုတ်လား။

နေ့စဉ် နေ့တိုင်း နေ့ရှိသမျှ ရက်ရှိသမျှ ဘာမှအကျိုးမပြီးတဲ့ အချည်းနှီးတရားတွေနှင့်သာ အချိန်ကုန်ခဲ့ကြရ သားကြောင့် သမီးကြောင့် ဆွေကြောင့် မျိုးကြောင့်တွေ ပြောပြီးတော့လဲ အချိန်ကုန်ခဲ့ရတယ် မဟုတ်လား။

ဒါကြောင့်.... အရှုံးရက်ချည်းဘဲ မဖြစ်စေဘူး၊ အမြတ်ရက်ကလေးလဲ ရှိစေရမဟဲ့လို့ ဟောဒါလို တအားခဲပြီး တရားပွဲကြီးလာကြတာပေါ့။ ဒါကြောင့်....

ဝေါ၊ အရှုံးထဲက အမြတ်ရအောင် ကြံဆောင်
ပြုလုပ် အားထုတ်ကာနေ သင်တို့တတွေသည်။

ဝါ - ဗာဟိရ ကိစ္စအဝဝကို နေ့ညမအား အရှုံး
ခြားမှ အမြတ်တရားရလို့ မျှားလူဗိုလ်တို့သည်။

ခဏံ၊ သာသနာ့အခိုက် ကြုံကြိုက်ပါမှ ဟောပြော
နိုင်ကြ နာနိုင်ကြတဲ့ အခွင့်ကောင်း ကာလမြတ်ခဏကို။

မာဝိရာမေထ၊ စီးပွားရေးလွဲလို့ တရားပွဲမလုပ်နိုင်၊
အလုပ်တွေ မအားလို့ တရားနာမလာနိုင်၊ ဗျာပါလိုင်
ဆင်ခြေတွေများများပြီး အလကားသာ ကျော်လွန်ရှိ
မသွားကြပါစေနှင့်။

များသောအားဖြင့် တရားနှင့်ကျတော့ အင်မတန်မှ ဆင်ခြေ
များတတ်ကြတယ်။

ဒီနှစ်တော့ တရားပွဲကြီး မလုပ်နိုင်ဘူး၊ စီးပွားရေးက
သိပ်အဆင်မပြေဘူး။

ဒီတရားပွဲတော့ မလိုက်တော့ဘူး အလုပ်တွေက မအား
ဘူးနှင့် ဒီလိုဆင်ခြေတွေများတတ်ကြနော်။

အဲဒီစီးပွားရေး ချို့တဲ့ပုဂ္ဂိုလ်တွေ တရားနာဘို့ အလုပ်
မအားတဲ့ ပုဂ္ဂိုလ်တွေကို ခုခေါ်ပြီး ပွဲငှားဘို့ တိုင်ပင်ကြည့်ချင်
သေးတယ်။

အရပ်တိုင်း အရပ်တိုင်းမှာ ပွဲငှားဘို့ကျတော့ စီးပွားရေး
မချို့တဲ့ကြဘူး။ တရားပွဲလုပ်ဘို့ကျတော့ ချို့တဲ့တတ်ကြတယ်။
ဒီလိုဆင်ခြေတွေများနေကြလို့ သာသနာတွေနှင့် ဘုရားတွေနှင့်
လွဲခဲ့ကြတယ်ပေါ့။

ဒါ့ကြောင့်....ဒီသာသနာတော်မှာဖြင့် ဒီလိုဆင်ခြေတွေများ
မနေကြပါနဲ့လို့ သတိပေးရတယ်။ ဒါ့ကြောင့်....

ခဏ၊ သာသနာအခိုက်ကြုံကြိုက်ပါမှ ဟောပြော
နိုင်ကြ နာနိုင်ကြတဲ့ အခွင့်ကောင်းကာလ မြတ်ခဏကို
မာဝိရာဓေထ၊ ကျော်လွန်ရှုံမျှားမသွားကြပါစေနဲ့ လို့
သတိပေးရတယ်။

သာသနာနှင့်တွေ့မှ ဟောတဲ့သူကလဲ ဟောနိုင်တယ်။ နာတဲ့သူကလဲ နာနိုင်တယ်။ သာသနာပ အခါများကြတော့ ရှင်ပစ္စေကဗုဒ္ဓါတွေ့ မြောက်မြားစွာရှိကြတယ်။ ဒါကရုပ်ဟဲ့ — ဒါကနာမ်ဟဲ့ လို့ ဘယ်သူ့ကိုများဟောနိုင်သလဲ။

ဒါဖြင့် နာကြားချင်တဲ့သူများ ရှိနေပါသလား။

အို....လောဘတွေ ဒေါသတွေ မောဟတွေ ဝိုင်းဝိုင်းလည်နေတာ။ ဘယ်မှာ တရားရယ်လို့ သတိရနိုင်ပါ့မလဲ။

ဒါ့ကြောင့်.... မိမိတို့ အခု - ဟောမဲ့သူကလဲရှိဆဲ၊ နာနိုင်တဲ့ ဘဝလေးလဲရဆဲ၊ အရေးမကြီးဘူးလား။ ဒါကြောင့်....

မာဝိရာဓေထ၊ ကျော်လွန်ရှုံမျှား မသွားကြပါစေ
နှင့်လို့....

သတိပေးကြရတယ်။ ကျော်လွန်ခဲ့တဲ့ ဘဝတွေက မျှားခဲ့ပြီ မဟုတ်လား။

ဒါ့ကြောင့်....အရိယာသခင် သူတော်စင်တွေမှာတော့ မလွဲမချော်ကြပါဘဲနှင့်။ အမြိုက်နိဗ္ဗာန်ကြီးကိုသာ ဦးတည်ပြီး ခိုလှုံသွားကြတယ်။

ဒိနေရာမှာ စဉ်းစားရမှာက သူများတကာတွေ ကျွတ်တန်း ဝင်ကုန်ကြတယ်။ ဒို့တတွေမှာတော့ ဘာ့ကြောင့် ပါလိမ့်လို့ စေ်ဘန်လိုက်တော့ ကိုယ့်အပြစ်တွေကို ကိုယ်ပြန်ပြီး တွေ့မနေ ဘူးလား။

ဘယ်လို အပြစ်တွေလဲ ဆိုတော့ အများတွေ တုပြီး တော့ ပျော်မြဲတိုင်းပျော် - ပါးမြဲတိုင်းပါး– သံသရာတလွှားမှာ ခန္ဓာ တွေ အစားစားလဲပြီးတော့ ကျင်လည်နေရတာဟာ - ဒါမိမိရဲ့ အပြစ်တွေပေါ့။ ဒါ့ကြောင့်—

ဟိ၊ သူများတွေလဲ ဒီလိုဘဲ ဒို့တတွေမှာ ဘာ့ကြောင့် လဲလို့ မေးကြကုန်သည်ရှိသော်။

ဘုရားရှင်ကြီးတွေနှင့် တွေ့တော့ တွေ့ခဲ့မှာဘဲ တွေ့သော်လဲ တရားကို မလေ့လာဘဲ ကာမဂုဏ်တွေနှင့်သာ ပျော်မွေ့နေကြ မှာကိုး။

ကျွတ် တန်း ဝင် ကြ တဲ့ ပုဂ္ဂိုလ်တွေကျတော့ သာသနာနှင့် တွေ့တဲ့အခါ ပေါ့ပေါ့ တန်တန် မနေဘဲ သဒ္ဓါတရားများကို ဗိုလ်ထားပြီး အားထုတ်လိုက်တော့ အမြိုက်တရားကို အထင် အရှား ရကြတယ်။ ဒါကြောင့်....

ဟိ၊ သူများတွေလဲ ဒီလိုဘဲ ဒို့တတွေမှာဘာ့ကြောင့် လဲလို့ မေးကြကုန်သည်ရှိသော်။ ခဏတိတာ၊ နှင့်ကိုယ် နှင်ကြည့်– နှင်သိဟဲ့နော် အများတု မှားမှုတွေနှင့် ပျော် နှင်တော်တော် တရားမေ့ဟဲ့နော်။

> အလေ့လွှဲ နှင်ဘဲရှက်ဘိုတော်၊ သာသနာတော်
> တွေ့တိုင်း လွှဲလို့ချော် ဒီတရားပွဲ ယခုလဲလွဲပြန်သော်။

ရှေးဘုရားရှင်တွေနှင့် လွှဲသလို ဒီတရားပွဲကြီးမှာလဲ အာရုံ မစိုက်လိုက်မယ်ဆိုလျှင်ဖြင့် တရားဆုံးတော့မှ ဘာတွေမှန်း မသိဘူး ဆိုပြီးတော့ လွှဲအုံးမှာဘဲမဟုတ်လား။

ဒါ့ကြောင့်မို့ ခုတရားပွဲကြီးတော့ဖြင့် လွှဲမသွားကြပါစေနှင့်လို့ သတိပေးရတယ်။

တရားပွဲကျတော့ အိပ် ရေး ပျက် မှာ အ လွန် ကြောက်ကြတယ်။

ဒါ့ကြောင့်မို့ တချို့ကြတော့ တရားမဏ္ဍပ်ထဲကို မလာစံ့ကြဘူး။ အိပ်ချင်တဲ့အချိန်ပြန်လို့က မလွယ်ဘဲကိုး။

အသံချဲ့စက်ကြီးနဲ့ဘဲ၊ အိမ်ကလဲကြားမှာပါဆိုပြီး တချို့မှာလဲ အိမ်မှာဘဲနေကြတယ်။

အိမ်မှာနေတော့ တဖြည်းဖြည်းနှင့် အိပ်ပျော်သွားတာပေါ့။ ဒါကြောင့်....

> ခဏာတီတာ၊ တညလောက်မက အိပ်ရေးပျက်
> မခံနိုင်ကြသဖြင့် အိမ်ကနေလဲ့ ကြားမှာဘဲဟု ဇိမ်ပွဲခံကာ
> မိတ်ဖော်များတွေနဲ့ အိပ် ပျော် သွား ကြ ကုန် သော
> သူတို့သည်။

ဒီလိုပုဂ္ဂိုလ်တွေလဲ အ နည်း ငယ် တော့ ရှိလိမ့် အုံးမယ်လို့ ထင်တယ်။

ဘာ့ကြောင့်လဲဆိုတော့.... တရားကျတော့ စိတ်က မပါဘူး မဟုတ်တတ်လား။

ပျော်စရာ ပါးစရာအနေနှင့်က ဘာတခုမှမပါဘဲကိုး ပွဲလမ်းသဘင်ကျတော့ မင်းသမီးကလေးက တမျိုး၊ မင်းသားလေးက တဖုံ အမျိုး စုံ အောင် ထွက်ပြနေတော့ အဝေး မှာ ကို မနေနိုင်ဘူး။ အနားမှာ သွားရတယ်။

ခု - တရားပွဲကျတော့ ဒီလိုအမြော်အမြင်နှင့်က မကိုက်ဘူး။ မျှော်လင့်စရာမရှိတော့ မလာကြဘူးပေါ့။ ဒါကြောင့်....

> ခဏာတိတာ၊ တညလောက်မက အိပ်ရေးပျက် မခံနိုင်ကြသဖြင့် အိမ်ကနေလဲ ကြားမှာ ဘဲ ဟု ဇိမ်ပွဲခံကာ မိတ်ဖော်အများတွေနှင့် အိပ်ပျော် သွား ကြ ကုန် သော သူတို့သည်။

လို့ ဆိုထားတာပေါ့။ ပညာရှိ သူတော်ကောင်းတွေဟာ သတ္တဝါတွေရဲ့ စိတ်နေစိတ်ထားကို သိတော်မူကြတယ်။

ပုထုဇဉ်တွေဟာ ဒီအတိုင်းကြီးထဲပါဘဲ၊ ကျန်းကျန်းမာမာရှိတုန်းမှာတော့ ပေါ့ပေါ့တန်တန်နေကြတယ်။

မကျန်းမမာရှိလာရင်ဖြင့် အားကိုးရှာကြပြီ ဒါဘယ်သူမဆိုကိုယ်လဲသူလို သူလဲကိုယ်လိုပေါ့။

ဒါကြောင့် ကျန်းကျန်းမာမာရှိတုန်းမှာအရေးကြီးကြတယ်။ တော်တော်နေ ဒိုဘေးကြီးဆိုက်လာမှ နာဘေးကြီး ဆိုက်သာမှ သေဘေးကြီးဆိုက်လာမှ တရားလိုချင်လို့ မဖြစ်တော့ဘူး။

ကျန်းမာတုန်းမှ တရားအားမထုတ်လိုက်ရင် နောင်တချိန် အိုနာသေရေး ဒုက္ခတွေတွေနှင့်တွေ့မှ နောင်တကြီးစွာဖြစ်ရတတ် တယ် ဆိုတာလဲ ရှင်တော်ဘုရားဟောကြားခဲ့သားဘဲ။

ငါ့မှာ ငယ်ငယ်တုန်းက တရားတွေ အားမထုတ်မိလေခြင်း။ ခုတော့မကျင့်ကြံနိုင်တော့ဘူး ခုနေ ကျန်းကျန်းမာမာမှ မဟုတ် ရှာလေခြင်းလို့ ပူပန်ရတတ်တယ်။

ဒီလိုပေါ့လျော့မှုအတွက်ကြောင့် တမလွန်ဘဝ အပါယ်လေး ပါး ကျရောက်ရတော့မှ ငါ့မှာ လူ့ဘဝတုန်းကတရားအားထုတ် ချိန်တွေရပါလျက်နှင့် ပေါ့ပေါ့နေခဲ့မိလို့ ခုတော့ အပါယ်လေး ပါး ကျရလေခြင်းလို့ နောင်တကြီးစွာရကြရတယ်။ ဒါကြောင့်-

> ခဏာတိတာ တညလောက်ကမ အိမ်ရေးပျက်မခံနိုင် ကြသဖြင့် အိမ်ကနေလဲ ကြားမှာဘဲဟု ဇိမ်ပွဲခံကာ မိတ်ဖေါ် အများတွေနှင့် အိပ်ပျော်သွားကြကုန်သော သူတို့သည်။ သောစရေ၊ ဖြစ်ရလေခြင်း ဖြစ်လေခြင်း ကြုံရလေခြင်း ကြုံလေခြင်းဟု ထန်ပြင်းသောက စိုးရိမ် ပူပန်ရလေကုန်၏။

တရားကိုမလေ့ရင် ဒီအတိုင်းဖြစ်ကြရမှာအမှန်ဘဲ။ ဒါ့ကြောင့် စိုးရိမ်မှု ကြောင့်ကြမှု မဖြစ်ကြရအောင် ဝမ်းမြောက်မှု ဝမ်းသာ မှုတွေ ဖြစ်ကြရအောင် အားထုတ်ကြရမှာ။

ဒါမှပရမတ်မျက်စိ ခေတ်မျက်စိပေါက်လာမှာ။ မိမိရဲ့သန္တာန်မှာ ပရမတ်မျက်စိ ခေတ်မျက်စိပေါက်ခဲ့လို့ရှိရင် ဒါန ပြုလို့လဲကောင်း၊ သီလဆောက်တည်လို့လဲကောင်း၊ ဘာဝနာပွားများလို့လဲကောင်းပြီး။

**အားကိုး**လောက်တဲ့ ဒါန သီလ ဘာဝနာ ဖြစ်သွားနိုင်တာပေါ့။ ဒါကြောင့်....

> သဒ္ဒေါ၊ ဒါန သီလ ဘာဝနာမျိုး အားကိုးလောက်စွာ သာသနာဓမ္မ ကိုယ့်ကိစ္စဉ်။ ဝါယမေယျာထ အရှုံးထဲက အမြတ်ရအောင် ကြံဆောင်ပြုလုပ် အားထုတ်တော်မူကြပါကုန်လော့။

နေ့စဉ်နေ့တိုင်း ပြုလုပ်ဆောင်ရွက် နေကြရတဲ့ ကိစ္စတွေကတော့ ဘုရားနှင့်မစပ် တရားနှင့်မစပ် သံဃာနှင့်မစပ်တဲ့ အမှုမျိုးတွေနော် ရှင်တော်ဘုရားအလိုနှင့်ကြည့်ရင် အရှုံးတရားတွေပေါ့။ ဒါ့ကြောင့် ယနေ့တော့ အရှုံးတရားတွေထဲက အမြတ်တရားတွေ ရှာကြတယ်ပေါ့။ ဒါကြောင့် ...

> သဒ္ဒေါ၊ ဒါန သီလ ဘာဝနာမျိုးအားကိုးလောက်စွာ သံသနာဓမ္မ ကိုယ်ကိစ္စဉ်။ ဝါယမေယျာထ၊ အရှုံးထဲက အမြတ်ရအောင် ကြံဆောင်ပြုလုပ် အားထုတ်တော်မူကြပါကုန်လော။

လို့ သတိပေးကြရတယ်။ ဒီသာသနာမှ အမြတ်တရားမရလိုက်ကြမယ်ဆိုရင်ဖြင့် နောင်တွေ့ဘို့ရာကတော့ မလွယ်လှတော့ဘူး။ ဒါကြောင့်....

ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ မြတ်ခဏကြီးသည်။ ပဋိပါဒိတော၊ ယခုလက်ငင်း ပက်ပင်းရင်ဆိုင် ကိုယ်တိုင်ဘဲတွေ့၍ နေကြပါပြီတကား။

အင်း သာသနာကြီးနှင့်ဖြင့် ရင်ဆိုင်တွေ့နေကြပြီ။ သာသနာနှင့် ရင်ဆိုင်တွေ့မှဘဲ မေ့နေကြမလား မသိဘူး။

ကဲ....ကဲ....မမေ့မလျော့ မပေါ့သောသတိနှင့် ပြည့်စုံစွာအားထုတ်ကြရအောင်....

ကျေးမှန်သောခေတ်ကွင်းထဲပါ
ခေတ်ကွင်းဟောပြီးလျှင်။

အဲ ယခုလို ခေတ်တပါးပါးကို အသားကြ မြင်လို့ရှိရင်ဖြင့် အရှုံးထဲက အမြတ်ရကြပါပြီလို့။

ဒါ့ကြောင့် အမြတ်တရားတွေ ရကြရအောင် ဆင်ခြင်ပွားများ အားထုတ်ကြပေတော့လို့။ ဒါကြောင့်....

ပဋိပါဒိကော၊ ယခုလက်ငင်း ပက်ပင်းရင်ဆိုင် ကိုယ်တိုင်ဘဲ တွေ့၍နေကြပါပြီ တကား။ ပဋိပါဒိကော၊ တသံသရာလုံးက ရှုံးလာခဲ့သမျှတွေဟာ ယခုဘဝမှ တခါထဲ အမြတ်ရစေနိုင်လို့မို့ ဟော ဟောဒါမှ **အရှုံးထဲကအမြတ်ရနိုင်သည့် ဘဝထူးဘဝမြတ် ခဏထူး ခဏမြတ်ကြီး** လို့ သာ ဆိုထိုက်လှပါပေသတည်း။

သာဓု သာဓု သာဓု။

—— x ——

# ဝိပဿနာဉာဏ်မတွဲ၊ ဘဝမမြဲ လားမြဲလားရမည်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ကဲ....တရားစကြရအောင်။ ခု-တရားနာတယ် ဆိုတာ အရင်း စစ်လိုက်တော့ ဘယ်တုန်းကမှမမြင်ဘူးတဲ့ အမြင်ထူး၊ ဘယ်တုန်း ကမှ မသိဘူးတဲ့ အသိထူးတွေ ရှာမှီးကြတာပါ။

တနည်းအားဖြင့်လဲ ပညမတ်မျက်စိ ခေတ်မျက်စိတွေ ပွင့်လာ အောင် ပြုပြင်ကုသကြရတယ်ဆိုရင်လဲ မလွဲပေဘူးပေါ့။

ဥပမာအားဖြင့် အနည်းငယ်ပြောပြမယ်။

မျက်စိမှုန်သောသူ မျက်စိမမြင်သောသူများဟာ မျက်စိကြည် လင်စေတဲ့ ဆေးအမျိုးမျိုး မှီဝဲကြရသလို။

ဒီမှာလဲဘဲ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာက္ခန္ဓ မဂ္ဂင် နှစ်ပါး ပညာမျက်စိပွင့်လာအောင် အဖန်ဖန် နာကြားရှုပွါးနေ ကြရတယ်။

ဒီပညာမျက်စိဟာ ဒါနပြုလို့လဲ မပွင့်နိုင်ဘူး။ သီလတွေ ဆောက်တည်လို့လဲမပွင့်နိုင်ဘူး။ သမထဘာဝနာတွေ ပွားများ လို့လဲ မပွင့်နိုင်ဘူး။

ရုပ်နာမ်ပေါ်မှာ အသားကြွ၊ ပရိညာ သုံးပါးကိုက်အောင် တကယ်တန်းဆင်ခြင်မှ ပွင့်နိုင်တဲ့ ပညာမျက်စိမျိုးဘဲ။

ဒီမျက်စိ အလင်းရရင် ရုပ်နာမ်ကို မြင်မယ်။ ဒီပညာမျက်စိ အလင်းမရှိရင် မမြင်နိုင်ဘူး။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဒီမျက်လုံးမပွင့်သမျှ ဖေါက်ပြန်မှု အစုဖြစ်တဲ့ ရုပ်တရားအပေါ်မှာ အကောင်နှင့် အထည်နှင့် ညွတ်သိမှုအစုဖြစ်တဲ့ နာမ်တရားအပေါ်မှာလဲ အသက်နဲ့ ဇီဝနဲ့ ဒီလိုဖြစ်နေကြတယ်။

ဒါကြောင့် ဒါနပြုတိုင်း သီလဆောက်တည်တိုင်း ဘာဝနာ ပွားများတိုင်း ပညာမျက်စိ အလင်းမရှိတော့ တကယ့်လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းထင်ပြီး တွင်တွင်ကြီးပြုလုပ်တောင့်တ နေကြတယ်။

ပရမတ်မျက်စိ ခေတ်မျက်စိနှင့် ကြည့်လိုက်ရင် ဒီ ရုပ်နာမ် တရားတွေဟာ **ဒုက္ခသ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော** လို့ ဆိုတဲ့အတိုင်း **ဒုက္ခအချက် အနက်လေးပါး** နှင့် ပြည့်စုံနေတဲ့ တရားတွေဘဲ။

ဘာတခုမှ သာယာစရာမရှိပါဘူး။ လူ့ပြည်လို့ ခေါ်ရတဲ့ ရုပ်နာမ်တရားတွေကလဲ ဒုက္ခတရား၊ နတ်ပြည်လို့ဆိုရတဲ့ ရုပ်နာမ် တရားတွေကလဲဒုက္ခတရားတွေ။ ဗြဟ္မာပြည် ဆိုတာလဲဘဲ ရုပ်နာမ် ဒုက္ခသစ္စာတရားတွေဘဲ။

ဒီဒုက္ခတရားတွေကို ဒုက္ခမှန်းမသိတော့ သမုဒယကြောမျော နေကြရတယ်။ ဒါကြောင့်....

ဒုက္ခသစ္စာဉာဏ်မစောကြလို့၊
သမုဒယကြော မျောရသည်။

တွတ်တာမှုသမုဒယတွေ ဘာကြောင့်ဖြစ်သလဲ။ ဒုက္ခကို ဒုက္ခ မှန်းမသိလို့ ဖြစ်တယ်ပေါ့။ ဒါကြောင့်....

ဒုက္ခသစ္စာဉာဏ် မစောကြလို့ သမုဒယကြောမျော ရသည်။

သမုဒယသစ္စာ တွယ်သဘောကြောင့်၊
ဒုက္ခကြော မျောရသည်။

ခုလောက မျက်မြင်ပါဘဲ။ အဖန်ဖန် အို၊ အဖန်ဖန်နာ၊ အဖန်ဖန်သေနေရတဲ့ ဒုက္ခတောကြီးထဲ ဘာ့ကြောင့်ရောက်နေကြ သလဲ။

တွယ်တာမှု သမုဒယကြီးရှိနေလို့ပေါ့။ ဒါနပွဲလဲ တွယ်တာမှုနှင့် သီလဆောက်တည်ပြန်လဲလူ့ပြည်ရလိုတဲ့ နတ်ပြည်ရလိုတဲ့ တွယ် တာမှုနှင့်၊ သမတတွေ ထိုင်ပြန်တော့ ဗြဟ္မာပြည်ကို ဖြစ်လိုတဲ့ တွယ်တာမှုနှင့် သတ္တဝါတွေ ဆင်းရဲဒုက္ခ ကြုံသမျှဟာ ဟောဒီ တွယ်တာမှုကြီးရဲ့ လက်ချက်တွေပါဘဲ။ ဒါကြောင့်—

သမုဒယသစ္စာ တွယ်သဘောကြောင့်၊ ဒုက္ခကြော မျောရသည်။

အပြန်ပြန်အလှန်လှန် ဒုက္ခမသိလို့ သမုဒယ ဖြစ်တယ်။ တခါ သမုဒယကြောင့် ဒုက္ခရတယ်။ တဝဲလည်လည်ဖြစ်မနေကြဘူးလား။

ဒါ့ကြောင့်.... ဒုက္ခလက္ခဏာကြီးကို မသိမမြင်အောင် ဖုံးလွှမ်းထားတဲ့ **လက္ခဏာသမ္မောဟ** တရားကြီး ဘယ်လောက် ကြောက်စရာ ကောင်းသလဲ။

ဒီတရားဆိုးကြီးမှ လွှင့်စင်ပါစေတော့လို့ တဦးနှင့်တဦး တယောက်နှင့် တယောက် သတိပေးကြရတာ။

ဒုက္ခမသိရင် တွယ်မှာ၊ တွယ်ရင် ဒုက္ခထဲလည်မှာ။

ဒါ့ကြောင့်....**တွယ်သဘောမပြတ်သမျှ၊လည်မျှောလဲ မရပ်နိုင်ပြန်ပါသည်**။

ဒုက္ခသစ္စာ ဉာဏ်မြင်ရှင်းတော့၊ သမုဒယသစ္စာ တွယ်တာကင်းလို့၊ လက်ငင်းပင် အေးမြခမ်းပြည်။

လို့ ကျမတို့ ဆရာတော်ဆုံးမ ထားသည့်အတိုင်း ဒုက္ခသစ္စာ ဉာဏ်မြင်ရှင်းဘို့ အရေးမကြီးဘူးလား။

ဒုက္ခကို မရှုမပွားခဲ့ကြလို့ ယခုထက်တိုင် အမှုပွားနေကြတာ။ ဘာမှုတွေလဲ။ အိုမှု နာမှု သေမှုတွေပေါ့။

ဒါ့ကြောင့်.... ဒီသာသနာမှာ ဒုက္ခသစ္စာ မြင်အောင်ကို တွင်တွင်ကြီး အားထုတ်ကြရလိမ့်မယ်။

ရုပ်နာမ် ဒုက္ခသစ္စာကို မြင်တော့ ဒါနပြုလို့ ကောင်းတယ်။ သီလစောင့်လို့ ကောင်းတယ်၊ ဘာဝနာပွားလို့လဲ့ ကောင်းတောတာဘဲ။

ပင်ကိုယ်ရှိရင်းစွဲဖြစ်တဲ့ ဒုက္ခခေတ်ကြီး ဒုက္ခပရမတ်ကြီးကို ပညာနှင့် မမြင်တော့ အစကပြောခဲ့တဲ့ ပရမတ်မျက်စိက မရှိတော့ ဟုတ်တာကို မမြင်ဘူး။

မဟုတ်တဲ့ ဝိညာဉ်နယ်ထဲမှာ အကောင်အထည်တွေနှင့် ဖြစ်ပြီး တကယ့်ကို လောကကြီးဟာ သုခလောကကြီးလို့ ဒီလိုထင်တာကိုး။

ဒီလို သုခလောကကြီးလို့ထင်ပြီး ဝိညာဉ်လောကကြီးထဲက နေပြီး ပြုတဲ့ဒါနမျိုးကို ရည်၍။

**ဒါနကလဲ မီးသွေးရောင်၊ သီလကလဲ ခပ်ကြောင်ကြောင်၊ ဘာဝနာကတော့ အူခြောင်ခြောင် လို့** ဆရာတော်ဘုရား မိန့်ကြားတော်မူခဲ့တယ်။

ဒါ့ကြောင့်.... မိမိတို့ ပြုနိုင်သမျှ ဒါနသီလ ဘာဝနာတရားတွေကို သူတော်ကောင်းများ နှစ်သက်လောက်အောင် ချီးမွမ်းလောက်အောင်ပြုနိုင်ဘို့ အလွန်အရေးကြီးကြပါတယ်။

ရှေးသူတော်ကောင်းကြီးတွေကလဲ **"ငွေကုန်လူပန်း ဒါနခန်း အရမ်းမပြုရ"** လို့ သတိပေးခဲ့ကြတယ်။

ဒါ့ကြောင့်.... မိမိတို့ မအို မနာ မသေခင်မှာ အားကိုးလောက်တဲ့ ဒါန သီလ ဘာဝနာ ဖြစ်ကြဘို့ပါဘဲ။

ကိုယ့်ကိုကိုယ် မေးကြည့်ရမယ်။ ခုနေမျာ ငါသေသွားရင် ငါ့မှာ အားကိုးလောက်တဲ့ ဒါနများရှိရဲ့လားလို့ အမြဲသတိရှိရမယ်။

အားကိုးလောက်တဲ့ ဒါနဆိုတာ များများပြုရင် အားကိုးလောက်တယ်။ နဲနဲပြုရင် အားမကိုးလောက်ဘူး ဒီလိုမဟုတ်ပါဘူး။ မိမိဉာဏ်ကို နှိုင်းချိန်ရလိမ့်မယ်။

ဝိပဿနာအသိဉာဏ်ယှဉ်၍ လှူလိုက်မယ်ဆိုရင် **ညောင်စေ့လောက် လှူသော်လဲ ညောင်ပင်ကြီးလောက်** လို့ ပြောရိုးစကား အထင်အရှားဘဲ။

အသိဉာဏ် မျိုးစေ့မပါလျှင် ညောင် ပင် ကြီး လောက်လှူသော်လဲ ညောင်စေ့လောက် ရှိမှာပေါ့။

ဒါ့ကြောင့်.... နဲတာ များတာ ပမာနမဟုတ်၊ အသိဉာဏ်ကိုသာ ပမာနပြုပြီး ပြောရတယ်။

ဘာ့ကြောင့်လဲ ဆိုတော့ ဝိပဿနာ ဉာဏ် လမ်း သ မား တွေကိုရှင့်။

အသိဉာဏ်ကိုသာ အားကိုးကြရတယ်။ အသိဉာဏ်မပါဘဲနှင့် ပြုလုပ်နေမယ်ဆိုပြန်တော့လဲ ဒီဒါနရဲ့အကျိုးတော့ ခံတွာခဏခံစားရပါရဲ့။ အအို အနာ အသေက မ လွတ် ဘဲ ကိုး။

ဒီသံသရာထဲမှာသာ တစဲလည်လည်နှင့် ဖြစ်တတ်တဲ့သဘောမျိုးကိုး။

ဒီကုသိုလ် အကုသိုလ်တို့ရဲ့ ဝေဘန့်ရာ စိ မံ ရာ ဖြစ် ပေါ်နေရတဲ့ သတ္တဝါတွေကိုသာလျှင်။

သုံးဆဲ့တဘုံသားတွေလို့ ပြောရတာဘဲ။ အဲဒီတော့ ဉာဏ်မပါက ဒီထဲမှာလည်လည်နေရတာဘဲလို့ မသိရပေဘူးလား။

ဒါကြောင့်.... ''ဒါနအခြေခံ၊ ဥာဏ်ကနိဗ္ဗာန်ပို့။ သီလအခြေခံ၊ ဥာဏ်က နိဗ္ဗာန်ပို့။ သမထအခြေခံ၊ ဥာဏ်ကနိဗ္ဗာန်ပို့'' ဆိုသလိုဘဲ ဥာဏ်အရေးကြီးတယ်ရှင့်နော်။

ဥာဏ်မပါလျှင် သူ အ ရှိန် ရှိ သ သောက် လူကောင်း နတ်ကောင်း ဘဝကောင်းကို ခေတ္တ ခဏရမှာဘဲ အရှိန်ကုန်တော့ နေမြဲမမ္မတာ အပါယ်လေးရွာပေါ့။ ဒါကြောင့်.... ရှင်တော်ဘုရားကြီးကလဲ ....

ဥက္ကိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတ္တမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ ။ ။

လို့ ဝိဘင်း ပါဠိတော်ကြီးမှာ ဟောကြားတော် မူခဲ့တာပေါ့။ ထိုပါဠိတော်ရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ ....

ဒါန သီလ ဘာဝနပြုကြတဲ့နေရာမှာ ဝိပဿနာဥာဏ် မယှဉ်ဘဲနှင့် မိရိုးဖလာပြုမြဲ မမ္မတာပြုကြတဲ့ ဒါနမျိုး၊ ရုပ်နာမ် ဒုက္ခသစ္စာဆို အမြွက်လေသံမျှမကြားဘူး မမြင်ဘူးဘဲ အန္ဓဗာလတို့အယူအဆနှင့် ဗိသခါရတရားတွေရဲ့အပေါ်မှာ ငါတခု ကိုယ်တခုပြုပြီး ဒီဒါနရဲ့ အကျိုးတရားတွေကို ငါဘဲခံစားရလိမ့်မယ် စသည်ဖြင့်အတ္တဒိဋ္ဌိတန်းလန်းနှင့်သာပြုကြမယ်ဆိုရင်ဖြင့်ဒီဒါနရဲ့အကျိုးဘယ်လိုလဲ။ လူနတ်ပြဟ္မာ ဘုံသုံးရွာမှာ အထက်တန်းကျသော်လဲ ခေတ္တခဏပါဘဲ။ အားမကိုးလောက်ပါဘူးလို့ ဆိုလိုတယ်။ ဒါကြောင့်....

ပုညတေဇေန၊ ကု သိုလ် မှု မျိုး တန် ခိုး ရှိန် စော်အာနုဘော်သည်။

ဥက္ကိတ္တာ၊ မြောက်ချီပင့်ထမ်း မြှင့်တင်စွမ်းအပ်ကုန်
သည်ဖြစ်၍။ ကာမရူပဂတိံ၊ သုဂတိကာမ ရူပ ဗြဟ္မာ
ချမ်းသာခေါ်ရာဘုံဘဝသို့။ ဂတာ၊အပျော်အပါး အစား
အသောက် အကြွားအမောက်တွေနှင့် လားရောက်ကြကုန်
သော သူတို့သည်ရှင်း။

"**စိတ္တသံဝေဂ ဥာဏသံဝေဂ ဓမ္မသံဝေဂ**" လို့ ဆိုတဲ့ သံဝေဂတရားကင်းမဲ့စွာနှင့် ပြုလုပ်ခဲ့ကြတဲ့ ကုသိုလ်မျိုးကအကျိုး ပေးလို့ကတော့ ဘယ်လောက် လူမင်း နတ်မင်း ဗြဟ္မာမင်း ဖြစ်နေနေ အပျော်အပါး အစားအသောက်ဘဲ မဟုတ်လား။

**သံဝေဂဆိုတာဘာလဲ ထိတ်လန့်ခြင်းကိုဆိုတယ်။**

သံသရာကို ထိတ်လန့်ခြင်း၊ ခန္ဓာကို ထိတ်လန့်ခြင်း၊ ဒီထိတ်လန့်ခြင်း တရားရှိမှသာလျှင် သံသရာက ကျွတ်လွတ်မှာ မဟုတ်လား။ တရားအစ သံဝေဂပေါ့။

ဒါ့ကြောင့်.... ခု- ထိတ်လန့်ခြင်းဆိုတဲ့ သံဝေဂတွေရအောင် ခန္ဓာရဲ့အပြစ်တွေကို ရှုကြရတယ်။ ဒီလိုရှုပေးနေတာတောင် စိတ်ခေတ်က အပြစ်မမြင်ဘူး။ အနှစ်ထင်သေးတာဘဲ။ အနှစ် ထင်လို့မဟုတ်လား။ ဒါန သီလ ဘာဝနာ ကုသိုလ်တရားတွေ ပြုတိုင်း ပြုတိုင်း တောင်းဆို လာခဲ့ကြတဲ့ခန္ဓာ။ ခန္ဓာတောင်း တော့ ခန္ဓာရ။ ခန္ဓာရတော့ ဒီခန္ဓာက ဘာအမြတ်ထွက်သလဲ။ အအို အနာ အသေ၊ ဒါဘဲရတယ်။

ဒါ့ကြောင့်.... သုံးဆဲ့တဘုံ အကုန်ပျောက်အောင် မြင်နိုင်တဲ့ အနိမိတ္တဉာဏ် အမြင်မှန်မရသေးက ဒီလိုကုသိုလ်လေးပြုလိုက် ဘဝရလိုက်၊ ဘဝရလိုက် အိုလိုက် နာလိုက် သေလိုက်၊ ဒီလို သွားနေကြရမှာဘဲ။

ခေတ္တ ခဏအရှိန်မကုန်ခင် သွားနေတာ။ ဒါကို အဟုတ်ထင် နေရတာ။ ဥပမာ - မီးအိမ်ပျံမျှားလိုပေါ့။ မှိုင်းအားမကုန်ခင် အဟုတ်ထင်နေရတာ။ မှိုင်းအားကုန်တော့ ဘာမှ ရချင်စရာ မကောင်းတော့ဘူး။ ဒါ့ကြောင့်....

ပုညတေဇေန၊ ကုသိုလ်ဗူးမျိုး တန်ခိုး ရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ မြောက်ချီပင့်ထမ်းမြှင့်တင် စွမ်းအပ်ကုန်သည်ဖြစ်၍။

ကာမရူပဂတိံ၊ သုဂတိကာမ ရူပ ဗြဟ္မာချမ်းသာ ခေါ်ရ၊ ဘုံဘဝသို့။ ဂတာ၊ အပျော်အပါး အစား အသောက် အကြွားအမောက်တွေနှင့် လားရောက်ကြ ကုန်သော သူတို့သည်ရင်း။

ဒါမျှမကသေးဘူး။ အနိမိတ္တဉာဏ် မရသေးသမျှ အန္တ ပုထုဇဉ်အဖြစ်မျိုးနှင့်ဖြင့် နေဝသညာနာသညာ ယတန ဘုံမှာ သွားဖြစ်ရတော့ကော၊ အစဉ်ထာဝရ အေးငြိမ်းမှုကြီးရမလား ဆိုတော့ ဒီပုထုဇဉ် ဗြဟ္မာကြီးလဲ အအို အနာ အသေနှင့်တွဲပြီး အပါယ်သံသရာထဲမှာ လည်ရအုံးမှာပါဘဲ။ ဒါကြောင့်....

ဘဝဂ္ဂန္တိ၊ နေဝသညာ နာသညာ ယတန အမည်ရ သော ဘုံတကာ့ အထက်တန်း ဘဝဂ်နန်းသို့။ သမ္ပတ္တာပိ၊ တင်နီးတထောက် ဈာန်လမ်းပေါက်၍ အမောက်ဘဝ ထိပ်သီး ပုထုဇဥ်ပြဟ္မာကြီးတို့သည်ရင်း။

ပုထုဇဥ့်အဖြစ်မျိုးနှင့်ဖြင့် ပြဟ္မာကြီးဖြစ်သော်လဲ ဒိဋ္ဌိရန်က ရှိသေးသည့်အတွက် စိတ်ချလက်ချ ပြဟ္မာစည်းစိမ်ကို ခံစား စံ့စရာရှိရဲ့လား။

ဒါ့ကြောင့်.... ဒိဋ္ဌိတန်းလန်းနဲ့ဖြင့် ဘယ်ဘုံ ဘယ်ဘဝမှာဘဲ ရောက်ရောက်၊ တနေ့ အပါယ်လေးပါးသို့ မသွားချင် မနေရ၊ မလားချင်မနေရ။ လားမြဲတိုင်း လားရအုံးမှာမို့ အေးဘွယ်မျှား ရှိရဲ့လား။

**"ဒိဋ္ဌိမကွာ၊ ခုပြဟ္မာ၊ တော်ဆော်ကြာ ခွေးဝက်ကြက်ငှက်"** လို့ ဆရာတော်ဘုရား ဆုံးမခဲ့တယ်။ ဒါ့ကြောင့်....

ပုန၊ သွားလျှင်ရောက်ပြန် နောက်တဖန်။
ဒုဂ္ဂတိံ၊ ငရဲတဖန် တိရစ္ဆာန်တဖြာ ပြိတ္တာတ
အသုရကာယ် တဇာတ် ပါယ်လေးရပ်သို့။
အာယန္တိ၊ဒိဋ္ဌိကျောက်ခဲ တအားဆွဲလို့မို့ လားမြဲသာ
လား ရောက်ကြလေကုန်သတည်း။

ခုလောက မြင်နေကြတဲ့ သတ္တဝါအမျိုးမျိုး တိရစ္ဆာန် အစားစား မရေတွက်နိုင်အောင် များနေတဲ့ သတ္တဝါတွေကို လူ့ပြည် နတ်ပြည် ပြဟ္မာပြည်သို့ မရောက်ဘူးကြဘူးလို့ ဆိုနိုင် ပါ မလား။

သူတို့လဲ ရောက်ဘူးတာပေါ့။ ရောက်သော်လဲ ဒိဋ္ဌိတန်းလန်း နဲ့ဆိုတော့ ကုသိုလ်အရှိန်ကုန်တော့ ဒုဂ္ဂတိဘုံသို့ တခါတည်း ဆွဲချလိုက်တာပေါ့။ ဒါကြောင့်....

ပုန၊ သွားလျှင်ရောက် ပြန် နောက်ဘဖန်။ ဒုဂ္ဂတိ၊ ငရဲတတန် တိရစ္ဆာန်တဖြာ ပြိတ္တာတသွယ် အသူရကာယ် တဇာတ် ပါယ်လေးရပ်သို့။

အာယန္တိ၊ ဒိဋ္ဌိကျောက်ခဲ တအားဆွဲလို့မို့ လားမြဲသာ လားရောက်ကြလေကုန်သတည်း။

ဒိဋ္ဌိဆိုတာ ကျောက်ခဲနှင့်တူတယ်။ ကျောက် ခဲ များ ဟာ ကြီးကြီးသေးသေး ရေထဲချကြည့်ပါလား။ တ ခါ တည်း မြုပ် သွားတာဘဲ။

ဒိဋ္ဌိတရားဆိုးကြီးကလဲ အောက် ဆွဲ သ ဘော အောက် မြဲ သဘောမို့ - ဒါနတရားအတွက် လူ့ပြည်ပေါ်လာလိုက်၊ သူက ဆွဲသွားလိုက်၊ သီလတရားအတွက် နတ် ပြည် ပေါ် လာ လိုက်၊ ဒိဋ္ဌိက ဆွဲသွားလိုက်၊ သမထတန်ခိုးကြောင့် ဗြ ဟ္မာ့ ပြည် ပေါ် လာလိုက်၊ တော်တော်ကြာတော့ သူကဆွဲသွားလိုက်နဲ့ သတ္တဝါ တွေမှာ ချမ်းသာရာသို့ မနေရဘူး။ အောက်ကိုသာ အမြဲစုန်ပြီး သူ့နောက်ကိုဘဲ တ ကောက် ကောက် လိုက် ပါ နေ ကြ ရ တယ်။ ဒါကြောင့်....

အာယန္တိ၊ ဒိဋ္ဌိကျောက်ခဲတအားဆွဲလို့မို့ လားမြဲသာ လားရောက်ကြ လေကုန်သတည်း။

ကဲ.... ဒါလောက်ဆိုးဝါးတဲ့ ဒီဋ္ဌိ၊ အမြစ်ကုန်အောင် တိလိုက်ကြစို့လား။ သူ့ကိုလက်သင့်ခံထားရင် ဒီအတိုင်းနှိပ်စက်နေအုံးမှာဘဲ။ ဒီတော့ မနှိပ်စက်နိုင်အောင် ဓာတ်တလုံးနှင့် ခြေမှုန်းကြစို့။

ကိုင်း ခန္ဓာကိုယ်မှာ ကြည့်လိုက်၊ ဓာတ်ကြီး လေးပါးထဲကမှာ - သဘာဝတခုနှင့် **"ဓာတော မမွှာ"** အရ ရှုကြရအောင်။

ကိုင်း ခန္ဓာတကိုယ်လုံးကို ဉာဏ်မနိုင်သေးရင် ဂေါင်းဆိုတဲ့နေရာအစိတ်အပိုင်းမှာ ဉာဏ်စိုက်ကြည့်ထားပါ။ ဘာတွေရှိသလဲ

ကက္ခဠသဘာဝေါ၊ ခက်မာသော သဘောရင်း။
မုဒုသဘာဝေါ၊ နူးညံ့သော သဘောရင်း။
ပထဝီ၊ ပရမတ်နှစ် မြေအစစ်ပေတည်း။

ပင်ကိုယ်ရှိရင်းစွဲဖြစ်တဲ့ သဘောကတော့ မာသဘောနှင့် နူးညံ့တဲ့သဘော၊ ဒါဘဲရှင့်နော်။ အပိုမပါဘူး။ ဦးခွံတဲ့၊ ဦးနှောက်တဲ့ ဆိုတာသွေဟာ သက်သက်အပိုစွဲနေတာတွေဘဲ။

ကဲ.... ပါးစပ်ပြောမဟုတ်၊ ဉာဏ်တွေ စိတ်တွေ ဓာတ်ရောလုပ်သွားအောင် အာရုံပြုကြည့်ပါလား။ ဦးနှောက်တွေဆိုတာ ဘာကိုခေါ်သလဲ။ ဦးခွံရိုးဆိုတာ ဘာကိုခေါ်သလဲလို့ ဝေဘန်နေရမှာ။ အဲဒါလို ဝေဘန်နေရင် တနေ့ မြင်လာတာပေါ့။

ဝေဘန်တာ စဉ်းစားတာကိုဘဲ တရားအားထုတ်နေတယ်လို့ ပြောရတယ်။ အဲသလို ဝေဘန်သောအချိန်တွေ များလာတော့ မိမိခန္ဓာကိုယ်ကစ လောကကြီးတခုလုံးဟာ ဘယ်ပညတ်မှ အထယ်အဖတ်နှင့် မတွေ့ရတော့ဘူး။

**မာလောကကြီး ဖြစ်နေတော့တာဘဲ**။ ။အဗျာကတ ဗဟိဒ္ဓမခြား တလောကလုံးမာတာတွေရှိတယ်။ လူတွေ နတ်တွေ ဗြဟ္မာတွေ ခေါင်းတွေ လက်တွေ ကိုယ်တွေ ခြေတွေ သားတွေ သမီးတွေ မတွေ့ရတော့ဘူး။ မာတခုတည်းမြင်နေရတာကိုသဘာဝ သစ္စာ ဉာဏ်လို့ ခေါ်တယ်။

ဒီသဘာဝ သစ္စာဉာဏ် ရင့်သန်လာသောအခါ မိမိမြင်ထား သော မာသဘောကိုဘဲ ပြန်ပြီးဆင်ခြင်ပါအုံး။

ဒီမာသဘော တရားကြီးသည် စမ်းသပ်လိုက်သောအခါ – နိစ္စ ထာဝရအားဖြင့် ရပ်တန့်ပြီးတော့ အစမ်းခံနေတာလား လို့ ဝေဘန်လိုက်တော့ ရပ် တန့် ပြီး တော့ အ စမ်း ခံ နေ တာ မဟုတ်ဘူး။ ချုပ်ရင်း ကုန်ရင်း သေရင်း ပျောက်ရင်း အစမ်းခံ နေရတာ။

ဒါ့ကြောင့်မို့ အရိယသစ္စာဉာဏ်ရောက်တော့ အစကတွေ့ ခဲ့တဲ့ သဘာဝသစ္စာဉာဏ်လောက် မကတော့ဘူး။ သူကပိုပြီး သတ္တိရှိလာတယ်၊ထက်မြက်လာတယ်ဖော့်။ သဘာဝသစ္စာဉာဏ်က ( မာ )ကိုဘဲ မြင်တယ်။

အရိယာသစ္စာဉာဏ်ကျတော့ - မာသဘော ပျက်နေတာကို မြင်တယ်။

ကဲ ... အရိယသစ္စာဉာဏ်နှင့် မာသဘာဝတွေ ပျက်နေတာ တကယ်မြင်လျှင် ဘယ် မ လဲ အား ကိုး စ ရာ။ အားကိုးစရာကို မရှိတော့ဘူး။

ခုတော့ ပြုပြင်နိုင်လွန်းလို့ အားကိုးစရာကြီးလိုလို ထင်နေရတာ။ ပြုပြင်မှုရဲ့အစွမ်းတွေ ငါ့အစွမ်းထင်နေကြတာ။

ဥပမာပြောပြမယ်။မြိုင်ကောင်းကောင်းနေရာမှာပေါက်နေတဲ့ သစ်ပင်ကြီးဆိုပါတော့။ ဥတုရဲ့အစွမ်းဖြင့် လှလိုက်တာ၊ ဘယ်ချိန်မဆို ရှင်လန်းစိုပြေလို့၊ ဒီအပင်ကြီး ကြည့်လိုက်ရ၊ ဘယ်တော့မှ အိုတယ်လို့ မထင်ရဘူး။

ရွက်သစ် ရွက်ဟောင်းလဲ လဲတယ်လို့ မထင်ရဘူး။
ဘာ့ကြောင့်လဲ ဥတုက ပြုပြင်ပေးနေတယ်။

အရွက်မလဲဘူးလားဆိုတော့ နှစ်တိုင်းလဲတယ်။ သို့သော်လဲ ရွက်သစ်တွေ ပေါက်နေသည့်အတွက် ကြွေသည်ဟူ၍မထင်ရဘူး။

မာမူဆတ်ဆတ် ပရမတ်တရားကြီးဟာလဲ ဒီအတိုင်းအမြဲတန်း ပျက်နေတယ်။ ပျက်သော်လည်း ကံစိတ် ဥတု အာဟာရတို့ဖြင့် အမြဲပြုပြင်ပေးနေသည့်အတွက် ပျက်တယ်လို့မထင်ရဘူး။

အဲဒီသစ်ပင်ကြီးဟာလဲ ရွက်သစ်တွေ အမြဲပေါက်နေတော့ ကြွေမှန်းမသိရလို့ ဒီမှာလဲ အသစ်တွေက အမြဲဖြစ်နေတော့ မပျက်ဘူးလို့ ထင်နေရတယ်။

ဆရာတော်ဘုရား ဆုံးမခဲ့တယ်လေ။

**"မာရှမ်သက်သက်၊ ဖြစ်နှင့်ပျက်၊ သစ် ရွက် ကြွေ သလို၊ သစ်ရွက်ကြွေသလို။"**

ခန္ဓာကို ဥာဏ်ကပ်ပြီး ရှုတတ်အောင်၊ ဆရာတော်ဆုံးမခဲ့တယ်။ ဒီလိုအဆုံးအမနှင့် ကြည့်လိုက်တော့— သစ်ပင်ကြီးနှင့်

ဘာများထူးသလဲ။ အသစ်တွေဖြစ်လိုက်၊ အဟောင်းတွေ ချုပ်လိုက်၊ ထမင်း ရေစာတို့နှင့် ပြုပြင်ပေးနေတော့ အသစ်တွေကမစဲအောင် ဖြစ်နေတာ။ ဒါကြောင့်.... မား မား မတ် မတ် အကောင်ကြီးလိုလို အထယ်ကြီးလိုလို အားကိုးစရာကြီးလိုလို အားထားစရာကြီးလိုလို။ ဘာမှ အားထားစရာ မရှိဘူး။ အစာအဟာရအခုဖြတ်ကြည့်၊ အခုမာရုပ်အစဉ်တွေ ပြတ်သွားမှာ။

အတုံးအခဲနှင့်ရှိတာ မဟုတ်ဘူးနော်။ မာပျက် အစဉ်တွေရှိတာ။

မာရုပ်တွေဟာ သစ်ရွက်တွေ တဖြုတ်ဖြုတ် ကြွေကျနေသလိုမြင်အောင်ရှု။ အပျက်ကို တကယ်မြင်ရင်အနိမိတ္တဉာဏ်ရတာဘဲ။ အနိမိတ္တဉာဏ်ရချင် ပုံဟန် သဏ္ဌာန်တွေ အကုန်ပျောက်၊ ပုံဟန်သဏ္ဌာန်မှမရှိလျှင်လဲ ဘယ် မှာ သာ ယာ စ ရာ ရှိ တော့ မှာ လဲ။ "**ပျားစားလက်ဆေး**" ပေါ့။

သာယာမှု သမုဒယမရှိလျှင် ဒါနပြုလို့ကောင်း၊ သီလစောင့်လို့ကောင်း၊ ဘာဝနာပွားလို့လဲ ကောင်းတော့တာပေါ့။ ကဲကဲ– တရားသိပ်ရှည်သွားရင် တရားနာတွေ နားညောင်းမှာက စိုးရသေးတယ်။

ပြုပြုသမျှ ကုသိုလ်ကောင်းမှုတို့အပေါ်၌ ဒိဋ္ဌိသမုဒယ ကင်းအောင် မာမှုဆတ်ဆတ် ပရမတ်တရားတော်ကြီး ဆင် ခြင် ပွားများ အားထုတ်ကြပေတော့။ ဒါကြောင့်....

မာသဘောမြင်လျှင် နိယတဂတိက ဘဝမြဲပါတယ်။ မာသဘောမမြင်လျှင် ဘဝမမြဲသေးဘူးဆိုတာ သတိ ရကြအောင် ဆရာတော်ဘုရား၏ အနက်ယောဇနာနဲ့ဘဲ တရားသိမ်းကြပါစို့လို့။ အဲဒါကြောင့်....

အာယန္တိ၊ကုသိုလ်ဗူးပေါက်ကွဲတော့ဒိဋ္ဌိငါကျောက်ခဲ

က - အောက်ဆွဲချ အပါယ်ငှင်၊ ငါအထင် အယုံသွင်းသော်ကြောင့်၊ ရာဇာပလ္လင် ဘုံအတွင်းဆီက မကြာခင် ခုန်ဆင်းပြီး၊ ( ဒုံရင်း )သာ ပြန် လာ ခဲ့ ကြ ရ လေ ကုန်သတည်း။ ။

သာဓု သာဓု သာဓု။

—o—

# ညချမ်းချိန်ခါ တရားရှာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ– တရားဆက်လက်ပြီး နာကြရအောင်၊ ရှေ့ကလဲမနဲပါဘူး။ ဟောသွားကြပါပြီ။

တရားဟောတဲ့ ပုဂ္ဂိုလ်တွေများတော့ တရားနာရတာ ပျင်းတောင် နေမလားမသိဘူး။

ပျင်းမနေကြနဲ့။ တရားဆိုတာ နာကြားဘို့ အင်မတန်ခဲယဉ်းတာ။ **အကြောင်းညီညွတ်ဘို့အလွန်ခဲယဉ်းတာ။** ကဲခဲယဉ်းပုံပြောရမယ်ဆိုရင် ဘုရားပွင့်ဘို့ကလဲ **"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော"** အလွန်ခဲယဉ်းသောအမှုမျိုး အဖြစ်မျိုးဘဲ။ နောက်ပြီးတော့ ခဲယဉ်းတာရှိသေးတယ်။ **မနုဿတ္တဘာဝေါ ဒုလ္လဘော**တဲ့ လူဖြစ်ရဲဘို့ကလဲ ဒုလ္လဘကြီးတခုဘဲ။ သူတို့နှစ်ခုတိုက်ဆိုင်ပါမှ သူတို့နှစ်ခုတိုက် ဆိုင် တောင် **သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော** လို့ ရှိပြန်တယ်။ လူဖြစ်သော် ဘုရားပွင့်သော် သဒ္ဓါတရား ရှိပါမှ။ ကိုင်း တရားတော်ကြီးနာကြားရဘို့ ဘယ်လောက် ခဲယဉ်းသလဲ။

ဒါက အနီးကပ်ဆုံးခဲယဉ်းတာနော်။ အဝေးကြီး ခဲယဉ်းတာတွေ ပြောအုံးမယ်။ ယနေ့ညတော့ ခဲယဉ်းတာတွေ လျှောက်ပြောနေတာနဲ့ တရားဆီတောင် ရောက်မှာမဟုတ်ပါဘူး။
ကဲလေ ဒါတွေကြားရတော့ သံဝေဂဖြစ်တာပေါ့။

ကဲ ခဲယဉ်းပုံပြောပြမယ်။ ဤလောကကြီးမှာ ရှင်တော်မြတ် ဘုရားကြီး ပွင့်နေတယ်ဆိုပါတော့ မိမိက ရပ်ပြစ်ရှစ်ပါးထဲမှာ အပါအဝင်ဖြစ်တဲ့ ဘုရား ရဟန္တာစသော ဟောနိုင် ပြောနိုင် ဆိုဆုံးမနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ကြီး တွေ မရောက်တဲ့ ပစ္စန္တရာဇ်အရပ်မှာရောက်နေရင် ဘယ်လိုလုပ်ပြီး တရားနာမလဲ။ ဒီလိုဘဝမျိုးတွေမှာ ဖြစ်ပြီးလွဲခဲ့တာလဲ များခဲ့ကြ ပြီ။ ဒါကြောင့်....

**ပစ္စန္တရာဇ်၊ ရောက်တုံလစ်၍၊ ရှင် ချစ် မြတ် စွာ သာသနာ လွဲတာကြာခဲ့ပြီ။**

ကဲ- ခုလောကကြီးထဲမှာကြည့်ပါလား။ တချို့အရပ်တွေမှာ ခန္ဓာငါးပါးဆိုတာ ဘာခေါ်မှန်းတောင်မသိဘူး။ ဒီလို သူတော် ကောင်းအဆုံးအမမရှိတဲ့ အရပ်ဒေသကို ပစ္စန္တရာဇ် အရပ်လို့ ခေါ်တာဘဲ။

လူဖြစ်ရသော်လဲ ဒီလို ရတနာသုံးပါး ကင်းမဲ့တဲ့ အရပ်မှာ ရောက်ရပြန်တော့လဲ သာသနာနှင့်တခါလွဲရပြန်တယ်။ဒါကြောင့်

ပစ္စန္တရာဇ်၊ရောက်တုံလစ်၍၊ရှင်ချစ်မြတ်စွာ၊သာသနာ လွဲတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး။ အသညသတ် ဗြဟ္မာကြီးတွေ ဆိုတာကို အားလုံးကြားဘူးကြလိမ့်မည်။

အဲဒီဗြဟ္မာကြီးတွေဟာ ရုပ်သာရှိပြီး နာမ်တရားမရှိကြဘူး။ နာမ်တရားမရှိတော့ ဘယ်လိုနည်းနှင့်မှ ဘုရားပွင့်သော်လဲ ဘုရား ရှင်ထံ လာပြီးတရားမနာနိုင်တော့ဘူး။

ဒီတဘဝပတ်လုံးနေအုံးရောဘဲ။ ဘုရားဘယ်လိုပွင့်ပွင့် တရားနာခွင့် မရရှာကြဘူး။
ရုပ်အပေါင်း ရုပ်အစုအားဖြင့်သာ ဘုံရဲ့သက်တန်း မကုန်မခြင်း တည်နေကြရတယ်။

သူတို့ရဲ့အသက်က အခြားသော သတ္တဝါများလို နာမ်သက်မဖြစ်နိုင်တော့ ဇီဝိတရုပ်လို့ဆိုတဲ့ ရုပ်ကို မပုပ်မသိုးအောင် စောင့်ရှောက်တဲ့ ရုပ်သက်ဘဲရှိတယ်။
ဒီရုပ်သက်ကြီးနှင့်နေအုံးရောဘဲ၊ အသညသတ် ဗြဟ္မာသက်ကနဲတာမဟုတ်ဘူး။

**ဝေဟပ်သညာ၊ ကပ်ငါးရာ၊ သုဒ္ဓါ ထမ်းပိုးတက်။**
လို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ပရမတ္ထသံခိပ်ကျမ်းမှာ ဘုံပိုင်း၌ ဗြဟ္မာတို့ရဲ့ အသက်တန်းတွေ ပြတဲ့နေရာမှာ အထင်အရှားပါဘဲ။
အသညသတ် ဗြဟ္မာတို့၏ အသက်တန်းသည် ကမ္ဘာ(၅၀၀)အသက်ရှည်တယ်လို့ ဆုံးမခဲ့တယ်။
ဘယ်လောက်ကြောက်စရာကောင်းလဲ။ ဒါကြောင့်....
**အသညသတ်၊ ဖြစ်တုံလတ်၍၊ ဗုဒ္ဓမြတ်စွာသာသနာ၊ လွဲတာကြာခဲ့ပြီ။**

ဒီလိုဘဝကြီးတွေဖြစ်နေရလို့ လွဲခဲ့ရတဲ့ဘဝတွေလဲ မရေမတွက်နိုင်ရတော့ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကို သံဝေဂထားပြီး ငြော်ငါတို့ဒီလို အသက်တန်းရှည်လျားသော ဘာမှ အသိမရှိသော ဘဝကိုရောက်သွားရင် တခါလွဲရအုံးမှာပါလားလို့ သတိတရားလဲ ရှိကြရမယ်။ ဒါကြောင့်....

အသညသတ်၊ ဖြစ်တုံလတ်၍၊ ဗုဒ္ဓမြတ်စွာ၊သာသနာ
လွှတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး၊ ပြောပြအုံးမယ်။ သံဝေဂရှေ့ထား၍
သာ နာကြားကြ။ တရားရှည်လိုက်ထာလို့ မပြောကြနဲ့။
အကြောင်းတော်တုန်း ပြောပြနေတာ။

အဲ အရူပဗြဟ္မာတွေလို့လဲ ကြားဘူးကြလိမ့်မယ်။ အဲဒီဗြဟ္မာ
ကြီးတွေကတော့ နာမ်သာရှိ၍ ရုပ်မရှိသော ဗြဟ္မာကြီးတွေဘဲ။
ဘယ်လောက် ဆန်းပြားသလဲ၊ ဘယ်လောက် ကြောက်ဘို့လဲ
ကောင်းသလဲ။ ဒီဌမကသေးရင် မိမိသန္တာန် အမှန်တရားကိုမသိ
သေးရင် ယူမိယူရာ ကျင့်မိကျင့်ရာ ကျင့်ပြီး ဖြစ်မိဖြစ်ရာတွေ
ဖြစ်ရမှာဘဲ မဟုတ်လား။

အဲဒီ အရူပဗြဟ္မာမျိုးက လေးမျိုးရှိတယ်။

၁။ အာကာသာနဉ္စာယတန ဗြဟ္မာ၊

၂။ ဝိညာနဉ္စာ ယတနဗြဟ္မာ၊

၃။ အာကိဉ္စညာ ယတနဗြဟ္မာ၊

၄။ နေဝသညာနာသညာ ယတနဗြဟ္မာ။

ရယ်လို့ လေးမျိုးရှိတယ်။ ဒီလေးမျိုးထဲမှာ ဘယ်ဘုံဘဲဖြစ်
ဖြစ် မသက်သာဘူး။ ဘယ်ဗြဟ္မာမှ ဘုရားတရားကိုမနာနိုင်ဘူး။
တချို့က ဘာမသိညာမသိနှင့် ဗြဟ္မာမင်းကြီး ဖြစ်ရပါလို၏ ဟု
ဆုတောင်းကြတယ်။

ဗြဟ္မာလဲ ဗြဟ္မာတိုင်းဟန်တာမဟုတ်ဘူး။ ပုထုဇဉ် အဖြစ် မျိုးနှင့်ဖြင့် ဘယ်ဘဝမှ မသက်သာဘူး။

အဲ့ဒီ ဗြဟ္မာဘဝက ခေတ္တခဏ အပြင်းပြေမျှား မှတ်မနေကြနှင့်၊

နှစ်သောင်းလေးသောင်း၊ ခြောက်သောင်းတလှစ်၊
ရှစ် သောင်း လေး ထောင်၊ သချ်ာဆောင်၊ အခေါင်
ဘုံဘဝ။

လို့ လယ်တီဆရာတော်ဘုရား အမိန့် ရှိခဲ့အတိုင်း ပြောပြ အုံးမယ်။

အဲဒီ ဗြဟ္မာကြီးတွေရဲ့အသက်တန်းဟာ ပြောဝံ့စရာတောင် မရှိပါဘူး။

အာကာသာနဉ္စာယတန ဗြဟ္မာရဲ့ အသက်တန်းက ကမ္ဘာ နှစ်သောင်း အသက်ရှည်တယ်။

ဝိညာနဉ္စာယတနာဗြဟ္မာရဲ့ အသက်တန်းက ကမ္ဘာ လေး သောင်းအသက်ရှည်တယ်။

အာကိဉ္စညာယတန ဗြဟ္မာ တို့၏ အသက်တမ်းက ကမ္ဘာ ခြောက်သောင်း အသက်ရှည်တယ်။

နေဝသညာနာသညာ ယတနဗြဟ္မာကြီးရဲ့ အသက်တန်းက ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်တယ်လို့ မိန့် တော်မူကြတယ်။

ဒါလောက်အသက်ရှည်တဲ့ ဘဝကြီးမှာရောက်သွားရင် ဘုရား ရှင်နှင့် ဘယ်လိုလုပ်ပြီး တွေ့ကြမလဲ။ဘုရားကို ဘယ်လိုဖူးကြမလဲ။ ဒါကြောင့်....

အရူပဗြဟ္မာ ဖြစ်ခဲ့ပါ၍ ဗုဒ္ဓမြတ်စွာ သာသနာ
လွဲတာကြာခဲ့ပြီ။

ဘုရားနှင့် လွဲတယ် သာသနာနှင့်လွဲတယ်ဆိုတာ ပေါ့ပေါ့လေး မမှတ်ကြနဲ့။ ဒီလိုဝဋ်ဆင်းရဲတွေ ခံစားပြီးလွဲနေရတာ။

အာဠာရနှင့် ဥဒကတို့လဲ ဟောဒီ အရူပလေးဘုံမှာ ဗြဟ္မာ အဖြစ်နှင့် လွဲကြရတာ။ ဒါကြောင့်....

အရူပဗြဟ္မာ ဖြစ်ခဲ့ပါ၍ ဗုဒ္ဓမြတ်စွာ သာသနာ
လွဲတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး၊ ခုလူ့လောကကြီးမှာ ကြည့်လိုက် သာသနာ တရားလဲ ထင်ရှားရှိတယ်။ လူလဲထင်ရှားဖြစ်နေတယ်။ လူဖြစ် နေသော်လဲ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်တွေကို တရားသွားဟော ကြည့်ပါ။ ယုံပါ့မလား၊ ယူကောယူပါ့မလား။

ကိုင်း - ထိုပုဂ္ဂိုလ်မှာ သာသနာအဆုံးအမကိုမနာခံ မရှုမပွား သည့်အတွက် သူလဲ လွဲမနေဘူးလား။ ဒါကြောင့်....

မိစ္ဆာဒိဋ္ဌိ၊ ဖြစ်တုံဘိ၍ ဗုဒ္ဓမြတ်စွာ သာသနာ
လွဲတာကြာခဲ့ပြီ။

ဒိဋ္ဌိလူမျိုးဆိုပြီး အမျိုးသန့်သန့်တော့ဘယ်ဟုတ်မလဲ။ ငါတခု ကိုယ်တခုပုံပြီး ဘုရားဟောခဲ့တဲ့ တရားအပေါ်၌ မယုံကြည် အတ္တဇီဝအပေါ်မှာသာလျှင် တကယ်အရှိထားပြီး အယူမှား သော ပုဂ္ဂိုလ်မျိုးကို မိစ္ဆာဒိဋ္ဌိလူမျိုးလို့ ဆိုလိုတယ်။ဒါကြောင့်—

မိစ္ဆာဒိဋ္ဌိ၊ ဖြစ်တုံဘိ၍ ဗုဒ္ဓမြတ်စွာ သာသနာ
လွဲတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး။ အကယ်၍များ မိမိတို့ကပါဏာတိပါတကံ **အစ**ရှိတဲ့ မကောင်းမှု ဒုစရိုက်ကံများ ပြုကျင့်ခဲ့ရင် ထိုကံများက ဘုရားရှင် ပွင့်နေသကိုလို့လဲ ချမ်းသာပေးမှာမဟုတ်ဘူး။ ကမ္ဘာပေါ်မှာ ဘုရားပွင့်ချိန်နှင့် မိမိပြုထားသော အကုသိုလ်ကံ အခွင့်ဆိုက်ချိန်များရောက်နေရင် ငရဲပြည်ကို ဇွတ်အတင်း ဆွဲင်းနေရပြီမို့ ဒီလိုအချိန်မျိုးနှင့်လဲ လွဲခဲ့လှကြပါပြီ။ ဒါကြောင့်....

ငရဲဘဝ၊ ရောက်ခဲ့ကြ၍ ဗုဒ္ဓမြတ်စွာ သာသနာ လွဲတာကြာလှပြီ။

ငရဲဘုံ ငရဲဌာနကြီးကလဲ အလွန်ကြီးကျယ်တယ်။ ငရဲခန်းတွေ အပြည့်အစုံ ပြောနေရင်တော့ မိုးလင်းရုံရှိတော့မယ်။ ဆုံးမှာ တော့ မဟုတ်ဘူး။

ကဲလေ– အနည်းငယ်ပေါ့၊ အထင်ရှားဆုံး ငရဲကတော့ **သိဉ္စိုဝ်း, ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန္န, မဟာတာပန္န, အဝီစိ** လို့ ငရဲကြီးရှစ်ထပ်ရှိတယ်။

ငရဲငယ်တွေဆိုတာကတော့ ပြောမကုန်အောင် **ပေါ**များပါတယ်။ ခုလောကမှာ ရန်ကုန်၊ မော်လမြိုင်၊ မန္တလေးစသည်ဖြင့် မြို့ကြီးတွေကျတော့ ရေတွက်လို့လွယ်တယ်။ တောတွင်းဇနပုဒ်ရွာသိမ် ရွာငယ်လေးတွေကျတော့ အလွန်များသည့်အတွက် ရေတွက်ဘို့ မလွယ်တော့ဘူး။ အဲဒီဥပမာလိုပေါ့၊ မထင်ရှားတဲ့ ငရဲတွေထား။ ထင်ရှားတဲ့ငရဲကြီးတွေ အကြောင်းပြောမယ်။

အလွန်တရာ ကြောက်စရာကောင်းတဲ့ ငရဲလောကကြီးဘဲ။ အသက်တန်းကြီးတွေကဆို မကြားစံ့အောင်ဘဲ ရှည်ပါတယ်။ လူတို့ရဲ့ အ ရေ **အ** တွက် အား ဖြင့် အ နှစ် ( ကိုးသန်း )သည်

သိဋ္ဌိပြင်းငရဲ၌တရက်ဘဲရှိသေးတယ်။ သူ့ရက်-သူ့လ-သူ့နှစ် ရက် (၃၀)တလ၊ ဆဲ့နှစ်လတနှစ်။ သိဋ္ဌိပြင်းငရဲ၏အသက်တန်းသည် နှစ်ပေါင်း(၅၀၀)ရှည်ပါတယ်။ လူတို့ရဲ့အရေအတွက်မဟုတ်ဘူး ငရဲသက်ရဲ့အရေအတွက်ကို လူတို့ရဲ့ အရေအတွက်နှင့်သာ နှစ်လဖွဲ့ရမယ်ဆိုရင် ဂဏန်းတောင်တွက်ရမယ် မထင်ဘူး။

ငရဲရှစ်ထပ်လုံး ဘယ်ငရဲမှ သက်တန်းမသေးဘူး။ သိဋ္ဌိပြင်း ငရဲထက် လေးဆတက်သွားတယ်။ တွက်သာ ကြည့်ကြပေတော့။ အောက်ဆုံးဖြစ်တဲ့ အဝီစိငရဲကိုဘဲပြောပြမယ်။ လူ့ပြည်မှာအနှစ် ကုဋေတသောင်းလေးထောင်ခုနှစ်ရာလေးဆယ်ငါးကုဋေ အနှစ် ခြောက်သန်းသည် အဝီစိငရဲ၌ တရက်လို့ခေါ်တယ်။

အဝီစိငရဲရဲ့အသက်တန်းဟာ အန္တရကပ် တကပ်လုံးလုံး ရှည် ပါတယ်။

ဘုရား သာသနာနှင့် မလွဲဘဲ နေနိုင်ပါ့ အုံးတော့မလား။ ဒါ့ကြောင့်....

ငရဲဘဝ၊ ရောက်ခဲ့ကြရ၍၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ လွဲတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး။ တိရစ္ဆာန် ဖြစ်နေကြပြန်ရင်လဲ လွဲသွား တတ်ပါတယ်။ ကိုယ့်ကိုယ်ကို သတိထားကြပါ။ ခုလောကထဲမှာ မိမိနှင့် တစပ်ထဲနေကြတဲ့ ခွေး ဝက် ကျွဲ နွား အားလုံး ရှိရှိသမျှ သတ္တဝါတွေဟာ မြင်တဲ့အတိုင်းပါဘဲ။ အထူးပြောနေဘို့ မလိုပါ ဘူး။ ရဟန်း ရှင်လူ ဘယ်ဟာမဆို ဘယ်ပုဂ္ဂိုလ်ကြီး ဟောပြော

နေနေ သူတို့မှာ ပျော်လိုက်ပါးလိုက်ထာဆိုတာ မပြောနဲ့တော့။ ဒီလို တိရစ္ဆာန် ဘဝ ရောက် ရပြန်တော့ လဲ လွဲကြရ ပြန်ရော။ ဒါကြောင့်....

တိရစ္ဆာန်ဘဝ၊ ရောက်ခဲ့ကြ၍၊ ဗုဒ္ဓမြတ်စွာသာသနာ၊ လွဲတာကြာခဲ့ပြီ။

တိရစ္ဆာန်ဘဝတွေမှာ နေခဲ့ရလို့ လွဲခဲ့ရတာလဲ ဘုရားတွေ မရေမတွက်နိုင်အောင် များခဲ့ကြတယ်။ သာသနာတွေ ဘယ်နှစ် သာသနာ လွန်ခဲ့ပြီဟု မပြောနိုင်ကြဘူး။

ဘယ်လောက် ကိုယ့်ဘဝကိုများ သာသနာနှင့် လွယ်လင့် တကူ တွေ့ရတာ ဝမ်းသာဘို့ကောင်းသလဲ။ ဒါကြောင့်....

တိရစ္ဆာန်ဘဝ၊ ရောက်ခဲ့ကြ၍၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ လွဲတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး။ မိမိတို့မကောင်းမှုနှင့် အတွက်နှင့် ပြိတ္တာ ဘဝဖြစ်နေပြန်ရင်လဲ လွဲတာဘဲ။ ဒါကြောင့်....

ပြိတ္တာဘဝ၊ ရောက်ခဲ့ကြ၍၊ ဗုဒ္ဓမြတ်စွာ၊သာသနာ၊ လွဲတာကြာခဲ့ပြီ။

ပြိတ္တာဘဝကြီးရောက်နေခဲ့လို့လဲ သာသနာနှင့် ဘယ်လောက် လွဲခဲ့မှန်း မသိဘူး။ ပြိတ္တာဖြစ်ဘို့က သိပ်ခဲယဉ်းတာ မဟုတ်ဘူး။ လောဘကြီးလဲဖြစ်တာဘဲ။ သူတပါးတို့ အလှူအတန်းကို တားမြစ် ရင်လဲဖြစ်တာဘဲ။ ဒီလို အဘိဇ္ဈာ၊ ဝဿာတွေကြောင့် ဘယ်နှစ်ခါ ဖြစ်ခဲ့မှတောင်မသိဘူး။ ဒါကြောင့်—

> ပြိတ္တာဘဝ၊ ရောက်ခဲ့ကြ၍၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊
> လွဲတာကြာခဲ့ပြီ။

ဒါမျှမကသေးဘူး။ အသူရကာယ် ဘဝမျိုးကို ဖြစ်ပြီးတော့ လဲ လွဲခဲ့ကြပြီ။ ဒါကြောင့်—

> အသူရကာယ်ဘဝ၊ ရောက်ခဲ့ကြ၍၊ ဗုဒ္ဓမြတ်စွာ၊
> သာသနာလွဲတာကြာခဲ့ပြီ။

အဲသလို အလွန်ကြောက်စရာကောင်းတဲ့ ဘဝမျိုးတွေမှာဖြစ် ပြီးတော့ လွဲခဲ့တာတွေဟာ မရေမတွက်နိုင်တော့ဘူး။ ဘုရားတွေ မှ မရေမတွက်နိုင်တော့ဘဲ။ မိမိတို့ဘဝဟာ ဘယ်မှာရေတွက်နိုင် တော့မလဲ။

ကဲလေ။ဖြစ်ပြီးသောအမှုတွေလွန်ပါစေတော့။ခုသာသနာသာ လွန်မသွားအောင် သတိထားကြဘို့ပါဘဲ။

ခုမိမိတို့ရောက်နေတဲ့ဘဝ အချိန်ကို စိစစ်ကြည့်စမ်း။ ဘယ် လောက်အားကျဘို့ကောင်းသလဲ။ ဒီသာသနာနဲ့ လွန်မသွား ချင်ရင် နောက်ကလွန်ခဲ့တာတွေ သတိရှိပြီး သံဝေဂရှိမယ်ဆိုရင် တော့ ကြိုးစားကြဘို့ဘဲ ရှိတယ်။

အင်မတန်တွေ့ကြုံခဲတဲ့ နဝမအခါကြီး။ နဝမအခါ ဆိုတာ အစက ပြောလာခဲ့တဲ့ ၁-ပစ္စန္တရာဇ်အရပ်၊ ၂-အသညသတ်၊ ၃-အရူပဗြဟ္မာ၊ ၄-မိစ္ဆာဒိဋ္ဌိ၊ ၅-ငရဲ၊ ၆-တိရစ္ဆာန်၊ ၇-ပြိတ္တာ၊ ၈-အသူရကာယ်၊ ဤ ၈ - ခုမှ လွန်မြောက်သော အချိန်ကာလ ကို နဝမကာလလို့ ဆိုတယ်။ ရှစ်ကလွန်တော့ ကိုး မဟုတ်လား။ အဲဒီကိုးကို နဝမ ခေါ်တာဘဲ။

ဒီနဝမအခါတော်ကြီးကတော့ ကြုံကြိုက်ခဲမျှကြီးပေါ့။ ရပ်ပြစ်ရှစ်ပါးနှင့်သာ အချိန်ကုန်ခဲ့ကြတယ်။

ဒါ့ကြောင့် ခုအချိန်တွေဟာ သာသနာ့ အလုပ်ကိစ္စတွေကို ကြိုးစားကြဘို့ အချိန်ပါဘဲလို့။ ဒါကြောင့်....

ရပ်ပြစ်ရှစ်ဝ၊ လွန်မြောက်ကြ၍၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ တွေ့ခါကြုံရပြီ။

ကံကောင်းထောက်ပံ့လို့ သာသနာနှင့် တွေ့တဲ့အခါ ပေါ့ပေါ့တန်တန်နေလို့ သင့်ပါ့မလား။

မိမိခန္ဓာဝန်အတွက်နှင့်မို့ လုပ်ရကိုင်ရ ကိစ္စတွေ နေ့မှာများရင် ယခုလို ညချမ်းအခါမှာ ဘယ်လောက် တရားအားထုတ်ဘို့ကောင်းသလဲ။

ဒါ့ကြောင့် ရှင်တော်ဘုရားကြီးကလဲ သံယုတ်ပါဠိတော်မှာ –

နတွေဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတု မေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။ ။

ဘောသန္တော၊ တရားဓမ္မသံ အဖြာဖြာ လင်းသည်ကို အားကျသန့်ကာ၊ သဒ္ဒါတင်းလို့မို့ နားဝထံမှာ သွင်းကြရန် နေ့ခင်းစံရာ အိမ်ဂေဟာမှ ညဥ့်မှာ အခြေဆိုက် သံဝေပိုက်ကြောင်း အချိန်ကောင်းမို့ စိတ်ပြောင်းလိုငြား အို လူများတို့။

လို့ ဟောကြားတော်မူတယ်။ ယခုလို ညဥ့်အခါမှာကြိုးကြိုးစားစားနှင့် မိမိတို့ သိသင့်သိထိုက်တဲ့တရားတွေ လေ့လာဆည်းပူးပေးမှ အသိဉာဏ်တွေ ထိုးထွင်းလင်းခြင်းလာကြမှ စိတ်ဓါတ်တွေဟာ မိရိုးဖလာ ရိုးရာစိတ်တွေပြောင်းမယ်။

ခုတရားနာနေကြတာဟာ တသံသရာလုံးက ပါလာသော ပကာတိစိတ် ဓမ္မတာစိတ်တွေ ရိုးရာစိတ်တွေမှနေပြီး သာသနာ့စိတ် ဝိပဿနာစိတ်တွေ ဖြစ်လာအောင် တရားနာကြရတာ။ ပကာတိစိတ်အတိုင်း သာသနာပမှာ သိတဲ့ အသိမျိုးအတိုင်း နေချင်ရင်တော့ တရားနာနေဘို့ မလိုပါဘူး။ အိပ်ရေးပျက်ခံနေဘို့ မလိုပါဘူး။ တရားမနာဘဲ အတိုင်းတိုင်း နေလိုက်ရုံပါဘဲ။

ခုတော့ ဒီလိုမဟုတ်ဘူးလေ။ စိတ်ပြောင်းချင်ကြတယ်။

ဒါ့ကြောင့်....

> ဘောဇ္ဈော၊ တရားဓမ္မသံ အဖြာဖြာ လင်းသည်ကို၊ အားကျသန်ကာ သဒ္ဓါတင်းလို့မို့၊ နားဝထံမှာ သွင်းကြရန်၊ နေ့ခင်းစံရာ အိမ်ဂေဟာမှ၊ ညဥ့်မှာအခြေဆိုက်၊ သံဝေပိုက်ကြောင်း၊ အချိန်ကောင်းမို့၊ စိတ်ပြောင်းလိုငြား၊ အိုလူများတို့။

ညဥ့်အခါဆိုတာ အင်မတန် သာယာတဲ့ အချိန်ဘဲ။ ကောင်းကင်ယံမှာဆိုရင်လဲ ကတ္တီပါအညိုကြီးများ စိန်ပြောက်တွေဆင်ပြီး ခြယ်လှယ်မွမ်းမံထားဘိသကဲ့သို့ ကြယ်တာရာတွေ ပြိုးပြိုးပြောင်ပြောင်နှင့် အင်မတန်သာယာတဲ့ အချိန်ကြီးဘဲ။ နေ့ခင်း အချိန်လိုလူသံငှက်သံကြက်သံတွေလဲဆူညံခြင်းမရှိ၊အေးမြသာယာနေတဲ့ ညဥ့်အခါကြီးဘဲ။ဒီလိုအေးမြသာယာတဲ့ ညချမ်းအချိန်အခါကြီးများတော့ တရားအားထုတ်ဘို့ကောင်းပါတယ်။

နေ့ခင်းကပြုလုပ်လာခဲ့ကြတဲ့ လယ်ယာလုပ်ခင်းမှစ၍ ရောင်းရေးဝယ်တာ အလုံးစုံ အတွက် စိတ်သောက များတတ်တယ်။ တချို့တောင်သူလယ်သမားတွေကျတော့လဲ စိုက်ထားတဲ့ အသီး

အပင်တွေအကြောင်း မတော်လို့ လွှဲချော်ခဲ့သော် ထိုအသီးအနှံ များအတွက် ဪ....ငါမှာ မိုးဦးမိုးဖျားကလုပ်ကိုင်ထားခဲ့ရပြီး ခုတော့ကြည့်စမ်း၊ မျိုးတောင်မရချင်ဘူး၊ ပိုးဖျက်လို့က တမျိုး မိုးခေါင်လို့က တဖုံ၊ အလုံးစုံ စိတ်ပျက်စရာကြီးလို့ ဒီလိုလဲ သောကများတတ်ကြတယ်။

နောက်ပြီးတော့ အရောင်းအဝယ်သမားများ ကျတော့လဲ ငါမှာ ဝယ်ခဲ့ရတာက ဘယ်နှုန်း၊ ခုရှိနေတာဘယ်ဈေး၊ မကိုက် သေးပါဘူး။ ဒီတပတ်လဲ ရှုံးအုံးမှာပါဘဲ။

ယူခဲ့ရတာ အသက်ဆံဖျား၊ ဒီတခါလဲသွားပြန်ပြီ ထင်ရဲ့လို့ ကုန်သည်တွေကလဲ သောကဖြစ်ကြရတယ်။

ကူလီအလုပ်သမားတွေ ကျတော့လဲ နေ့ခင်းမှာ ထမ်းရပိုးရ တနေကုန် အိပ်ခွင့်မရဘူး။ ညဉ့်အချိန်တိုင်တော့ အိပ်လိုက်ရအုံး မယ်ဟလို့ ဒီလိုဘဲ ကြိမ်းဝါးကြပါသေးတယ်လို့။ ဒါ့ကြောင့်....

နက္ခတ္တမာလိနီ၊ ကတ္တိပါညိုတွင် စိန်ပြောက်တွေဆင်
သလို ကြည်လင်လတ်ဆတ် ကြယ်ရောင်စုံ ဟပ်သဖြင့်
သပ်ရပ်ဆန်းကြယ်လှပေထသော။
ရတ္တိ၊လူသံဆိတ်ငြိမ် အချိန်အေးမြ ညဉ့်ကာလသည်။
သုပိတုံ၊ ကာမဂုဏ် အရိပ်တောစမှာ အဖြာဖြာ အငုံ့စုံ
စိတ်သောကတွေနှင့် အိပ်မောကျ၍ နေခြင်းငှာ။
နဟောတိ၊ မဟုတ်ပါချေတကား။

နောက်ပြီးတော့ ဟောဒီ ကမ္ဘာကြီးကိုပြုကြတဲ့ ဗြဟ္မာကြီး တွေရဲ့စိတ်ကူးကတော့ ဪ....မနုဿလူသား ဆိုတာ ငါတို့ ဗြဟ္မာတွေလို စျာနသုခနှင့် စျာန်ချမ်းသာတွေကို ခံစားပြီး နေ နိုင်ကြတာမဟုတ်ဘူး။

လုပ်မှကိုင်မှ စားရသောက်ရတဲ့လူမျိုးတွေ၊ ဒီတော့ နေ့အခါ ကြီးဘဲထားခဲ့ရင် သူတို့ခမျာ အားလပ်ခွင့်အချိန် မရှိတော့ဘူး။ တရားအားထုတ်ခွင့်လဲမရပေဘူး။ ဒီတော့ ညဥ့်အခါ ရယ်လို့လဲ ထားအုံးမှ တော်တော့မှာဘဲဆိုပြီး တရားအားထုတ်ဘို့ အချိန် ရယ်လို့ အမျှားငဲ့ပြီး ထားခဲ့တဲ့အချိန်ပါ။ ခု ကမ္ဘာသူ ကမ္ဘာသား လူအမျှားတွေက ဒီလိုမဟုတ်ဘူး။ ညအခါမှ အားလပ်ခွင့်ရသဟဲ့လို့ အာရုံတရားတွေကို ညချမ်းအချိန်မှာ အထူး ခံစားမနေကြဘူးလား။

မြို့ကြီးပြကြီးခတွေမှာ ဆိုလျှင် ရူပကာမဂုဏ် တရားတွေကို ညမှခံစားကြတာ။ အို....ရုပ်ရှင်ရုံတွေမှာ တိုးတောင်မတိုးနိုင်ကြဘူး။ သဒ္ဒကာမဂုဏ်တရားကြီးကို နေ့တော့ အရောင်းအဝယ် သမားကလဲ မအားလပ်လို့ အစိုးရလခစားကလဲ ရုံးကိစ္စကြောင့် အားလုံးပေါ့လေ။ တောင်သူလယ်သမားကလဲ နေ့ခင်းမှာ စိုက်ရပျိုးရနှင့်မို့ ညမှအားလပ်တယ်ဆိုပြီး၊ ဖွင့်လိုက်ကြတဲ့ရေဒီယိုသံ ဓာတ်စက်သံ ကက်ဆက်သံတွေဆိုတာ မစဲတော့ဘူး။

ဂန္ဓကာမဂုဏ်တရားတွေ ဆိုတာလဲ မပြောနဲ့တော့ လူးကြလိမ်းကြ နံနံမွှေးရုံဆို အားမရသေးဘူး။ မွှေးသတဲ့ မွှေးတာမှ ဝယ်ယူ၍ လိမ်းခြယ်ကြတယ်။

ရသကာမဂုဏ်တရားတွေ ခံစားကြသူ မစဲလို့ တချို့စားသောက်ဆိုင်ကြီးတွေမှာ ညကနေ နံနက် ဆက်ရောမဟုတ်လား။ ခံစားကြတာ။

အတွေ့အထိအမျိုးမျိုး ဖောဋ္ဌဗ္ဗ ကာမဂုဏ်တွေဆိုတာကတော့ ပြောဘွယ်မရှိဘူး။

မွေ့ရာတွေ ကော်ဇောတွေနှင့် ခံစားနေကြတာ။ ဒီတော့ သေသေချာချာ စဉ်းစားကြည့်လိုက်မယ် ဆိုလျှင်ဖြင့် ကမ္ဘာသူ ကမ္ဘာသား လူအများတွေနေကြတာနဲ့ ဗြဟ္မာ မင်းကြီး တို့ရဲ့ စိတ်ကူးနှင့်ကတော့ ကွာချင်တိုင်းကွာမနေကြဘူးလား။

ဒါ့ကြောင့်....

ရတ္တိ၊ လူသံဆိတ်ငြိမ်၊အချိန်အေးမြ၊ညဥ့်ကာလသည်။
သုပိတုံ၊ ကာမဂုဏ်အရိပ်တောစမှာ၊ အဖြာဖြာ အစုံစုံ
စိတ်သောကတွေနှင့်၊ အိပ်မောကျ၍ နေခြင်းငှာ။

နဟောတိ၊ မဟုတ်ပါချေတကား။

နဟောတိ၊ ကမ္ဘာကို ဗြဟ္မာစစဥ်က ဒါဟာ ပထမ
အကောင်းဆုံး ရယ်လို့ မွေ့လျော်ရန် အများ ငဲ့ပြီး
ထားခဲ့တာလဲ မဟုတ်ပါချေတကား။

ညဥ့်အခါဆိုတာ ရောင်းမှုဝယ်မှုကိစ္စတွေမှအေးပြီး တကယ့် တရားစစ်တရားမှန်တွေကို အားထုတ်ရမဲ့အချိန်ဘဲ။ မိမိသန္တာန်မှာ တရားသဘောသို့ ကပ်ရောက်အောင် ဆွဲငင်လို့ မရသေးရင်လဲ ဆွဲငင်လို့ရအောင် သံဝေဂတွေ ဖြစ်လာအောင် လောကကြီးရဲ့အကြောင်း သံသရာရဲ့ အကြောင်းတွေကို လဲ တွေးပေးရတယ်။

ပညာရှိ သူတော်ကောင်းတွေကျတော့ လောကကြီးကို အမြဲ တမ်း တွေးလေ့ရှိကြတယ်။

ဒါ့ကြောင့်မို့ လောကကြီးရဲ့အကြောင်းကို သြော်....နေချင်သလို မနေရတဲ့ လောက၊ သွားချင်သလို မသွားရတဲ့ လောက၊ စားချင်သလို မစားရတဲ့လောက၊ မအိုချင်ဘဲနှင့်အိုရတဲ့လောက၊ မနာချင်ဘဲနှင့် နာရတဲ့လောက၊ မသေချင်ဘဲနှင့် လဲ သေရတဲ့ လောကကြီးပါလို့ သိတယ်။

လောကကြီးရဲ့ အကြောင်းကို သေသေချာချာ သိတော့ လောကကြီးထဲက လွန်မြောက်ချင်တာပေါ့။

လောကကို လွန်မြောက်တဲ့တရားက ဘယ်တရားလဲ၊ လောကုတ္တရာ တရားပေါ့။

ဒါ့ကြောင့် ပညာရှိသူတော်ကောင်းတွေ ကျတော့ ခန္ဓာဝန်ရှိနေလို့ နေ့ခင်းတရားအားထုတ်ခွင့်မရလျှင် ဟော့ဒီည အခါကြီးကို တန်ဘိုးထားပြီး အားထုတ်ကြတယ်။

ဒါ့ကြောင့် သေသေချာချာ စဉ်းစားလိုက်တော့ ပညာရှိသူတော်ကောင်းတွေရဲ့အဘို့မှာဆိုလျှင် ညအခါကြီးဟာ တန်ဘိုးရှိတယ်။ ပုထုဇဉ် သူယုတ်တို့ရဲ့ အဘို့မှာဆိုလျှင် ဒီည ကြီးဟာ တန်ဘိုးမရှိတော့ဘူး။ ဒါ့ကြောင့်....

> သောရတ္တိ၊ရောင်းရေးဝယ်တာ လူ့ရှာကိစ္စ အားလပ်ကြ၍ အေးမြသာယာ ဤညဉ့်အခါသည်။
>
> ဝိဇာနတံ၊ လောကကို လျှောက် တွေး လိုက် တော့ ကြောက်သွေးတစိမ့်စိမ့် ကြောတသိမ့်သိမ့်မို့ အေးငြိမ်းစေရန် နိဗ္ဗာန်မျှော်တောင်း ပညာရှိ သူတော်ကောင်းတို့၏။ပဋိဇဂ္ဂတုမေဝ၊ စက်ခန်းသဥ္ဇာညောင်မှာ မင်္ဂလမ်းတဒင်္ဂါဆောင်လို့မို့ ထက်နန်းလျှင်စွာအောင်ရအောင်ပ ပြောင်ပြောင်ကြီး ကြိုးစား အား ထုတ် ဘို့သာလျှင်။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

ညဉ့်အခါရယ်လို့ ဖြစ်ပေါ်လာရတာက တရား အားထုတ်ဘို့တဲ့။ ကဲကဲ...သူတော်ကောင်းတွေ အတုယူပြီး အားထုတ်ကြစို့လား။

ယနေ့ည ဘယ်တရားကိုအားထုတ်ကြမလဲဆိုတော့ အင်မတန် ဖေါ်လွင်ထင်ရှားတဲ့ ဓာတ်ကြီးလေးပါးထဲက တေဇောဓာတ်ကို အားထုတ်ကြပါစို့။

တေဇောဓာတ်ကို အားထုတ်တဲ့နေရာမှာ ဒီတေဇောဓာတ် ပရမတ်ကြီးတွေအောင်ဘယ်မှာရှာရပါ့မလဲလို့ ဒါလိုအဝေးကြီး ထင်မနေကြနှင့်။ တရားက အနီးကလေးပါ။ သူ့ဒွါရနှင့် သူ့ အာရုံ စုံစမ်းဆင်ခြင်လိုက်သောအခါ တရားဟာ တခြားထွက် မပြေးနိုင်တော့ပါဘူး။ ဒီတေဇောဓာတ် တရားကြီးဟာ ဖောဋ္ဌဗ္ဗ ဓာတ်ဖြစ်နေသည့်အတွက် ကာယဒွါရကစောင့်ကြည့်ရ လိမ့်မယ်။

ကာယဒွါရဆိုတာ ဆံပင်မွေးညှင်း ခြေသဲ့လက်သဲ မှ တပါး ခန္ဓာကိုယ် တကိုယ်လုံးဟာ ကာယဒွါရ ပါဘဲ။ ခုပြောနေတဲ့ တေဇောဓာတ်ကို တွေ့လိုလျှင် ကိုယ်ပေါ်မှာ ဉာဏ်စိုက်ထားပြီး အေးလိုက်တိုင်း ပူလိုက်တိုင်း သိပေးနေရမှာ။ သိ ဆိုသော်လဲ မိရိုးဖလာ သိ အနေမျိုးနဲ့ ခေါင်းပူတယ် ခေါင်းအေးတယ်၊ လက်ပူတယ် လက်အေးတယ်၊ ဒီလိုသိရမှာ မဟုတ်ဘူး။

ပညာနှင့်တွဲပြီး ခုပူနေတဲ့အပူတရားကြီး အေးနေတဲ့အအေး တရားကြီးဟာ ခေါင်းလက်ခြေကိုယ် မဟုတ်ပါလား။ နိဿတ္တ နိဇ္ဇီဝ ဖြစ်တဲ့ တေဇောဓာတ်ကြီး ပါလားလို့ သိရမှာ။ ဒါမှ မိရိုးဖလာသိက လွန်မြောက်မှာ။

သတိသမ္ပဇဉ်အမြဲမှုဉ်ပြီး ပူလေတိုင်း အေးလေတိုင်း....
ဥဏှဘာဝေါ၊ ပူသောအဖြစ်ရင်း။
သီတဘာဝေါ၊ အေးသောအဖြစ်ရင်း။
တေဇော၊ ပရမတ်နှစ် မီးအစစ်ပေတည်း။

လို့ ခန္ဓာကိုယ် တကိုယ်လုံးမှာ ခြေဖျားမှ ဆံဖျားတိုင် ဆံဖျားမှ ခြေဖျားတိုင် ရှုဆင်ခြင်လိုက်တဲ့အခါကျတော့ ပူတာနဲ့ အေးတာ။ ဒီနှစ်ခုဘဲတွေ့ရတယ်။ ဂေါင်းလက်ခြေကိုယ်မတွေ့ရပါဘူး။ လောကကြီးတခုလုံးကိုလဲ ဝေဘန်ကြည့်ပါ။ အပူလွန်ကဲသောနေရာကို အပူပိုင်းဒေသ မိုးခေါင်ရေရှားအရပ်လို့ ပြောရတာ။ မိုးကုတ်တို့ မိုးမိတ်တို့အရပ်တွေကျတော့လဲ အေးလွန်းသောအရပ်တွေ။ ဒါဟာ သီတလွန်ကဲတယ်လို့ သိရမယ်။ ဗဟိဒ္ဓမှာ အပူပိုင်း အအေးပိုင်း ရှိသလို ခေါ်ကြသလို ခန္ဓာကိုယ်မှာ ကြည့်ပါ။

ခြေဖျားတွေအေးလိုက်တာ၊ ခေါင်းတွေပူလိုက်တာနဲ့ ပြောကြရ၊ အမှန်စင်စစ်ကတော့ တေဇောရဲ့ အနံ့အသက်တွေပါဘဲ။ ဒါကြောင့်....

ဥဏှာဘာဝေါ၊ ပူသောအပြစ်ရင်း။
သီတဘာဝေါ၊ အေးသောအဖြစ်ရင်း။
တေဇော၊ ပရမတ်နှစ် မီးအစစ်ပေတည်း။

လို့ အဇ္ဈတ္တဗဟိဒ္ဓမခြား တလောကလုံး အပူအအေးဘဲ ရှိရမယ်။ ဂေါင်းတွေလက်တွေမရှိစေရဘူး။

နောက်ပြီးတော့ အဇ္ဈတ္တဗဟိဒ္ဓ ရယ်လို့လဲ ခြားနေစရာ တေဇောဓာတ်မှာပါး ဘာများရှိသေးလဲ။

ဒီတေဇောဓာတ်တွေသာကိုယ်အကြည်ရုပ်ပေါ်ကစောင့်ကြည့်နေလိုက်တော့ရှိန်ရှိန်ရှိန်ရှိန်နှင့်ပူရင်းအေးရင်းကုန်သွားကြတာဘဲ၊

အထည်ခံ အမာခံနှင့် အတုံးနှင့်အခဲနှင့် ဖြစ်ရာမရှိဘူး။ နိစ္စ ထာဝရအနေနှင့်လဲ ဖြစ်ရာမရှိဘူး။ အကယ်၍ နိစ္စအနေမျိုးသာ တည်နေကြမယ်ဆိုရင် နတ်တော် ပြာသိုက အအေးဟရားတွေ ခုရှိနေကြမှာပေါ့။ ပူနေတဲ့ အပူတရားကြီးတွေ ဘယ်လောက် သတ္တိကောင်းတယ်။ ကမ္ဘာကြီးကိုတောင်ဖျက်ဆီးပစ်နိုင်တယ်လို့ပြောရသော်လဲ ခုချိန်မှာ ကမ္ဘာကိုဖျက်တဲ့အပူမီးတွေ တန္ဒမ်းစေ့မျှ မရှိကြတော့ဘူး။

ကဲလေ—**မိမိရဲ့ အဇ္ဈတ္တခန္ဓာကိုယ်မှာ လိုရင်း ဆုံးကြီးပါပေ တည်း** လို့ဆိုတဲ့အတိုင်း ကိုယ်အကြည်ရုပ်ပေါ်မှာ ဉာဏ်စိုက်ပြီး ကြည့်လိုက်တော့ ဒီအပူတွေ အအေးတွေ အမြဲကုန်နေကြတာမို့ အေးပြန်လျှင်ပူအောင် ပူပြန်လျှင်အေးအောင်ပြုလုပ်နေကြရတာ ဟာ နားရတယ်မရှိဘူး။

ဘာ့ကြောင့်မနားရသလဲ ကိုယ်အကြည်ရုပ်ပေါ်မှာဘဲပျောက် ပျောက်သွားကြလို့မဟုတ်လား၊ အသစ်အဟောင်း ပေါင်း၍ပ် လို့မရကြဘူး။

ဉပမာပြောရမယ်ဆိုလျှင် သူရူးတယောက်ဟာ အသူတရာ နက်တဲ့ချောက်ကြီးကို ဒီတွင်းကြီးမပြည့်မနေရ၊ပြည့်အောင်ဖို့မဟ လို့ စိတ်အကြံရတာနဲ့ မြေတွေကို သယ်ကာ သယ်ကာနှင့် ဖို့ လိုက်တာ ဘယ်မလဲ၊ သူဖို့ထားတဲ့ မြေက အသစ် မ ရောက် ခင် အဟောင်းက မမြင်ရတော့ဘူး။

ဒါ့ကြောင့်မို့ သူရူးကြီး ဘယ်လို ကြိုးစား၍ ဖို့ငြားသော်လဲ ပြည့်ခြင်းသို့ မရောက်နိုင်ပါဘူး။

အဲဒီဥပမာအတိုင်းပါဘဲကိုယ်အကြည်တည်းဟူသော တွင်းမကြီးကို ဖို့နေလိုက်ကြတာ။ ဆောင်းခါကျတော့ အနွေးထည်တွေနှင့်ဝတ်ပြီးဖို့ရ၊ နွေအခါကျတော့ ပန်ကာတွေဖွင့်ပြီး ဖို့ရ၊ ဘယ်တော့ပြည့်ကြမှာလဲ။ တဘဝလဲမက နှစ်ဘဝလဲမက ဘဝအသင်္ချေ အသင်္ချာကြာအောင်ဖြည့်သော်လဲ ပြည့်ခြင်းသို့မရောက်ခဲ့ကြဘူး။ ဒါ ဘာဖြစ်လို့လဲ၊ အသစ်အဟောင်း ပေါင်းစပ်မရလို့ဘဲ မဟုတ်လား။

အသစ်တွေ ရှာဖွေစုဆောင်းရင်း အဟောင်းတွေက ကုန်သွားပြီ ရှာမရတော့ဘူး။ ငါ်ယ်အကြည်ရုပ်ပေါ်မှာ ပျောက်နေတဲ့ သဘောတရားလေးကို မြင်အောင်ကြည့်ထားပါ။

ဒါကြောင့်....

**ကာယေန သံဝရောသာဓု။**

**ကာယေန၊ တွေ့သမျှအာရုံ အလုံးစုံကို**

အပူဘဲ ဖြစ်ဖြစ် အအေးဘဲဖြစ်ဖြစ် ကိုယ်အကြည်ရုပ်ပေါ်မှာ တွေ့နေတဲ့ တေဇောဓာတ်ကို အာရုံ ပြုထားပါ၊ ပေါ်ဒ္ဓဗ္ဗဓာတ် (၃)ပါးရှိပေမဲ့ ခုချိန်မှာ တေဇောဓာတ်ကိုရှုနေသော အချိန်မို့ အပူအအေးတရားကိုဘဲ အာရုံပြုထားပေါ့။ဒါကြောင့်....

ကာယေန၊တွေ့သမျှအာရုံအလုံးစုံကို အကုန်မျိုသွင်း ဘယ်လိုပင်ဖြည့်ကာတင်းသော်လဲ ဖြည့်ရင်း မလောက်ဘယ်တော့မှ ပြည့်ခြင်းသို့ မရောက် နိုင်အောင် ဒိုးယိုပေါက်ခရီး ကာယဒွါရဆိုတဲ့ တွင်းမကြီးက။ သံဝရော၊ နက်ကျယ်ပြန့်ပြူး **အရှုးတွင်းဖို့ ပမာကသို** ရှာမရ ကြည့်မမြင် ယူငင်မဖြစ် အသစ်အဟောင်း မပေါင်းမစပ်

အဖတ်မတင် အစဉ်မနား ဩော်.... အခိုက်အတန့်မျှပါ ကလားလို့၊အဲဒါလိုတရားနည်းနဲ့ များများကြီးပွါးစီး၍ တားဆီး စောင့်ရှောက် လိုက် နိုင် ခြင်း သည်။ သာဓု၊ ကောင်းလှလေ၏တကား။

သာဓု၊ ကောင်းလဲ သည်းခံ မကောင်းလဲ သည်းခံ ကောင်းမကောင်းရှာမရ သဘာဝသူ့ထုံးစံ ခုလုံးမခံ ပေါင်းရုံး၍မရတာကြောင့် ရှုလုံးမှန်မှန်အကြောင်းတုံး အောင်ပြုရမှာဖြင့်....

ဩော်....**အကောင်းဆုံးမှ နိဗ္ဗာန်ရ** ကြတော့ မှာပါ တကား။

ဟောဒါလို ကိုယ်အကြည်ရုပ်ပေါ်၌ ပျောက်ပျက် ကုန်ခန်း ရတဲ့ တရားမျိုးပါလား၊ အကောင်ကြီး အထည်ကြီးနှင့် ရတဲ့ တရားမျိုးမဟုတ်ပါလားလို့မြင်ရင် အနိမိတ္တဉာဏ်ရပြီ၊ အနိမိတ္တ ဉာဏ်ရရင် အကောင်အထည်ပျောက်ပြီး လူ့ပြည်ကြီးကောင်း တယ်၊ နတ်ပြည်ကြီးကောင်းတယ်၊ ဗြဟ္မာ့ပြည်ကြီးကောင်းတယ် လို့ ထင်နေတဲ့အထင်တွေလဲ ဒီတွင်ဘဲ ဆုံးသွားပါပြီလို့။

ဒါ့ကြောင့် မိမိတို့ဘဝကလေး ရုပ်ပြစ်ရှစ်ဝမှ လွန်မြောက်ပြီး နဝမအခါကာလကြီးနှင့် တွေ့တဲ့အခါ ကြုံတဲ့အခါ အချိန်တွေ့ အလကားမကုန်ကြရအောင် နေ့မအားလပ်ရင် ညချမ်းအချိန် ကြီးကို ပညာရှိသူတော်ကောင်းများလို တန်ဘိုးရှိသွားအောင် ယခုဟောခဲ့သော တေဇောဓာတ် အာဂန္တုက သဘောတွေကို ပေါ်လောပေါ်အောင် ဆင်ခြင်ပွါးအားထုတ်ကြပေတော့လို့။

ဒါ့ကြောင့်....

သောရတ္တိ၊ ရောင်းရေးဝယ်တာ လူ့ရွာကိစ္စ အား လပ်ကြ၍ အေးမြသာယာ ညဥ့်အခါသည်။ ဝိဇာနတံ၊ လျှောက်ကာတွေးလိုက်တော့ ကြောက်သွေး တစိမ့်စိမ့် ကြောတ သိမ့်သိမ့် မို့ အေးငြိမ့်စေရန် နိဗ္ဗာန်မြှော် တောင်း ပညာရှိ သူတော်ကောင်းတို့၏။ ပဋိဇဂ္ဂတုမေဝ၊ စက်ခန်း သဥ္စာညောင်မှာ မင်္ဂလမ်း တဒင်္ဂါ ဆောင်ရ အောင်ပ ပြောင်ပြောင်ကြီး အားထုတ် ဘို့သာလျှင်။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

ဟောတိ၊ အစစ်နှော် လှစ်ဖော်လို့ပြရမှာဖြင့်ဩြော်- ခေတ်အကျော်မှာဖြစ်ပေါ်၍ လာရပါပေသတည်း။

သာဓု သာဓု သာဓု။

——०——

# တရားအရေး ကြိုး၍ပေး လွတ်အေးဝင့်ဒုက္ခ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ-တရားစကြရအောင်။ တရားဆက်လက်ပြီးနာကြရအောင်၊ ယခု တရားနာနေကြတာ ဘာ့ကြောင့်လဲ မေးလျှင် အပါယ် သံသရာကြီးကြောက်လို့ပါလို့ အားလုံးကဘဲ အဖြေပေးကြမယ် မဟုတ်လား။

ခုတရားနာနေကြတဲ့ ပုဂ္ဂိုလ်တွင်မကပါဘူး။ ကမ္ဘာကတော သမ္မာဒိဋ္ဌိအယူရှိကြသော ဗုဒ္ဓဘာသာ လူမျိုးတိုင်း ဒါနပြုကြ သီလ ဆောက်တည်ကြ သမထဘာဝနာ ပွါးများနေကြတာဟာ ဒီအပါယ်ဘေးကြီးကို ကြောက်လို့ပါဘဲ။

ဒီတော့ ကမ္ဘာသူကမ္ဘာသား လူအများတွေဟာ အကြောက် လွဲနေကြတာပေါ့။

ကြောက်ရမှာက ဘာလဲလို့ ဝေဘန်ကြည့်လိုက်တော့ မိမိတို့ သန္တာန်မှာ နေ့စဉ် ဖြစ်ပွါးနေကြတဲ့ ကာယကံသောင်းကျန်းမှု ဝစီကံသောင်းကျန်းမှု မနောကံသောင်းကျန်းမှုဆိုတဲ့ ဒုစရိုက်မှု တွေသာ ကြောက်ရမှာပါ။

ဒီတော့ မိမိတို့သန္တာန်မှာ ဒုစရိုက်မှုပေါင်း မည်မျှဖြစ်နေကြပါသလဲဆိုတော့....

**ကာယကံ ၃ ပါး ဝစီကံ ၄ ပါး မနောကံ ၃ ပါး ပေါင်း (၁၀)ပါးပေါ့။**

ကာယဒုစရိုက် ၃ ပါးဆိုတာ....

၁။ ပါဏာတိပါတ၊ သူတပါးအသက်ကို သတ်ခြင်း။
၂။ အဒိန္နာဒါန၊ သူတပါးဥစ္စာကို ခိုးယူခြင်း။
၃။ ကာမေသုမိစ္ဆာစာရ၊ သူတပါးအိမ်ယာကို ကျူးလွန်ခြင်း။

ဒီ(၃)ပါးဟာ ပုထုဇဉ်ပုဂ္ဂိုလ်တိုင်းမှာ တသံသရာလုံးက ဖြစ်လာကြတဲ့ တရား(၃)ပါးပေါ့။

ဝစီဒုစရိုက် ၄ ပါးဆိုတာ

၁။ မုသာဝါဒ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း။
၂။ ပိသုဏာဝါစာ၊ သူတပါးတို့၏ အချစ်ကို ချေပစ်ဂုံးတိုက်ခြင်း၊ ဝါ၊ မုန်းအောင်ပြောခြင်း။
၃။ ဖရုသဝါစာ၊ လှသွားကဲ့သို့ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း။
၄။ သမ္ဖပ္ပလာပ၊ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း။

ဒီတော့ ငါသည် ပါးစပ်ဖြင့် ကြောက်ရုံလေးဘဲ ရှိသေးသလား။ အပါယ်ကိုရောက်စေတတ်တဲ့ ဒုစရိုက်မှုကြီးတွေကို ခုတ်ကြောက်ကြောက်၍ **ဝန်နှင့်အားမြှားနှင့်လေး** အားရှိသလောက် ရှောင်ကြဉ်မိပြီလား။

ဒါလို ကိုယ့်ရှင်ကိုယ် ဝေဖန်မှု ရှိကြရမယ်။

မနောဒုစရိုက် ၃ ပါးဆိုတာကတော့

၁။ အဘိဇ္ဈာ၊ သူတပါးဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု ကြံစည်ခြင်း။

၂။ ဗျာပါဒ၊ သူတပါးအသက်ကို သေစေလိုခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့်ယူခြင်း။

ဟောဒါလို မနောဒွါရမှာ သုံးပါးရှိတယ်။ စုစုပေါင်းလိုက်တော့ ဒုစရိုက်တရား (၁၀)ပါးပေါ့။

ဒီ ဒုစရိုက်တရား(၁၀)ပါး မိမိသန္တာန်မှာ ဖြစ်နေကြမယ် ဆိုရင် ဘယ်ဗေဒင်မှမမေးနှင့်။ အပါယ်ကျမှာကတော့ သေချာတယ်ပေါ့။

ဒီလမ်းဟာ အပါယ်လမ်းသက်သက်ဘဲ။ ကဲလေ....လမ်းစဉ်တွေလဲသတိရလို့ ထည့်ပြောရအုံးမယ်။

လူ့ဘုံ လူ့ဘဝဟာ လမ်းဆုံလမ်းမ လမ်းလေးခွ ရောက်နေကြတာပါ။

ဒါဖြင့် လမ်းဆုံကတော့သိပါပြီ။ ခုလူ့ဘုံဟာ လမ်းဆုံပါဘဲ" လမ်းလေးခွကတော့ အစကပြောခဲ့တဲ့ ဒုစရိုက်လမ်းက တလမ်း။

ပုညကြိယာ[၁၀]ပါးကို ပြုကျင့်လျှင် ကာမသုဂတိ[၇]ဘုံမှာ ရောက်စေတတ်တဲ့ လမ်းကတလမ်း။

မဟဂ္ဂုတ် ကုသိုလ်တရားတွေပြုကျင့်လျှင် ဗြဟ္မာဖြစ်တဲ့ လမ်းက တလမ်း။

ဝိပဿနာဘာဝနာတရားတွေ ကျင့်ကြံအားထုတ်လျှင် နိဗ္ဗာန်သွားတဲ့လမ်းကတလမ်း။

အားလုံး လမ်းလေးခု ရှိပါတယ်။ ဒီလမ်း လေးမျိုးထဲမှာ ဘယ်လမ်းကို အလိုက် များခဲ့ကြသလဲ။ ဒါကိုလဲ ဝေဘန်အုံး။ ဒုစရိုက်လမ်းကိုဘဲ အသွားများခဲ့ကြတယ်။

အဲဒီ လူလမ်း နတ်လမ်း ဗြဟ္မာလမ်း အပါယ်လမ်းကြီးတွေ ကတော့ ဘယ်အချိန်မဆို အမြဲပွင့်နေတဲ့ လမ်းကြီးတွေပါ။

ခု ဝိပဿနာလမ်းကျတော့ ဘုရားပွင့်မှ သွားနိုင်တဲ့လမ်းထူး လမ်းမြတ်ကြီး မဟုတ်လား။

တသံသရာလုံးကစ ခုဘဝထိအောင် ဘယ်လမ်းကို လိုက်ခဲ့ကြ သလဲ။

အပါယ်ရောက်ကြောင်း မကောင်းသော ဒုစရိုက်ကြီးတွေနှင့် ပျော်ပြီးတော့ ဒုစရိုက်လမ်းကြီးကိုသာ တွင်တွင်လိုက်ခဲ့ကြတယ်။

ဒီတော့ မိမိသန္တာန်မှာ အကုသိုလ်ကံပေါင်း ကြွေးဟောင်း အနန္တတွေ ဘာ့ကြောင့် ဖြစ်သလဲလို့ ဟောသလို စင်ကြရလိမ့် မယ်။ ဒီလိုစစ်လိုက်တော့ အမြစ်မြေကပေါ့။

ပုဂ္ဂိုလ်သတ္တဝါ အသက်ဇီဝလို့စွဲတဲ့ အစွဲတရား အစွဲမှားကြီး ရှိနေလို့ဆိုတာ ထင်ရှားမနေဘူးလား။

မိမိရဲ့နောက်ကြောင်းတွေ ပြန်ကြည့်၊ အပါယ်လေးပါးသို့ အခေါက်ခေါက် ရောက်ခဲ့ရတာတွေ။

အိုရတာတွေ နာရတာတွေ သေရတာတွေ။ စစ်ကြည့်လိုက် တော့ ငါတလုံးကပေးနေတဲ့ ဒုက္ခအမျိုးမျိုးတွေပါဘဲ။

ငါမှေ့တိုင်းခံနေကြရတယ်ပေါ့။ တရားသိသွားကြတဲ့ အရိ ယာသခင် သူတော်စင်တွေမှာ ဒီဒုက္ခတွေ ခံရသေးရဲ့လား။

ဒါကြောင့်....

**တရားမသိကြရင်ဖြင့်တငါငါမှေ့တိုင်းပန်းမှာကွယ်။**
**တရားသိကြပါမှ အရာရာတွေတိုင်းချမ်းသာမယ်။**

တရားမသိခဲ့ကြလို့ ဘဝအမျိုးမျိုး ပြောင်းခဲ့ကြရတယ်။

ခုဘဝမှာ အလွန်ထက်မြက်သော တိဟိတ်သားကြီး ဖြစ်ရပေမဲ့ တရားမသိရင် နောင်ဘဝမှာ အဟိတ်သားကြီး ဖြစ်နိုင်တယ်။

ခုဘဝမှာ သီလရှိတဲ့သီလဝန္တပုဂ္ဂိုလ်ကြီး ဖြစ်နေပေမဲ့ နောက်ဘဝမှာ ဒုဿီလပုဂ္ဂိုလ်ကြီးဖြစ်သွားနိုင်တယ်။

ခုဘဝမှာ လူမင်းနတ်မင်း ဗြဟ္မာမင်းကြီး ဖြစ်ရပေမဲ့ တရားမသိက အပါယ်မှာ ဆင်းရအုံးမှာပါဘဲ။

ဒါမျှမကသေးဘူး ဒီဘဝမှာ အမိအဖ မသတ်ရဲသော်လဲ တရားမသိလို့ ဒိဋ္ဌိရှိက သတ်အုံးမှာဘဲ မဟုတ်လား။ ဒီအပြစ်တွေဟာ ဘာ့ကြောင့်ဖြစ်သလဲ။ငါဆိုတဲ့အယူကြောင့် ဖြစ်နေကြရတယ်။

ငါဆိုတဲ့ အယူမှေ့တိုင်း ခံကြရတယ်ပေါ့။ ဒါကြောင့်....

**တရားမသိကြရင်ဖြင့်တငါငါမှေ့တိုင်းပန်းမှာကွယ်။**
**တရားသိကြပါမှ အရာရာ တွေတိုင်းချမ်းသာမယ်။**

တရားမေ့စနက်ကြောင့်၊ လက်တွေ့ ကိုယ်တိုင်ဆင်းရဲခဲ့တယ်။

ကဲ... အပါယ်ငရဲကြီးကျခဲ့ရတာ တရားမသိလို့မဟုတ်လား။ ဒီငရဲဘေးကြီး ဘယ်သူခံကြရသလဲ။ ကိုယ်တိုင် ခံခဲ့ကြရတာပေါ့။ ကိုယ်က တရားမေ့ခဲ့လို့ ကိုယ်ကိုယ်တိုင်ဘဲ ခံခဲ့ရတယ်။

ဒါ့ကြောင့်....

တရားမေ့ စနက်ကြောင့်၊ လက်တွေ့ကိုယ်တိုင်ဆင်းရဲခဲ့တယ်။ **သံသရာဝဋ်ပင်လယ် ခုတိုင်မြုပ်ရတယ်။**

ခုချိန်အထိ သံသရာကြီးထဲမှာ ဘုရားတွေ အဆူဆူပွင့်သော်လဲ ကျွတ်ပွဲမဝင်နိုင်ကြဘူး။

ပြန်ပြန်ပြီး သံသရာထဲ မြုပ်နေကြရတယ်။ ဒါဘာ့ကြောင့်လဲ တရားမေ့စနက်ကြောင့်ပေါ့။ ဒါကြောင့် —

**တရားမေ့စနက်ကြောင့်၊ လက်တွေ့ ကိုယ်တိုင်ဆင်းရဲခဲ့တယ်၊ သံသရာဝဋ်ပင်လယ် ခုတိုင်မြုပ်ရတယ်။**

မြုပ်မှာပေါ့။ ဒိဋ္ဌိလက်ငုတ်က ရှိနေတာကိုး။ ဒါဖြင့် ဒိဋ္ဌိလက်ငုတ်ကို ဘယ်လိုဖြုတ်မလဲ။

အနတ္တမြင်အောင်ရှုလျှင် အတ္တအလိုလိုပြုပ်သွားနိုင်ပါတယ်။ ဒါကြောင့်....

**သံသရာဝဋ်ပင်လယ် ခုတိုင်မြုပ်ရတယ်။ဒိဋ္ဌိလက်ငုတ် ပြုတ်နိုင်ဘွယ်၊ ဘယ်လိုပြုတ်အောင်ဖြုတ်ရမယ်။ အနတ္တမြင်မှ၊ အတ္တထင်သမျှ၊ ဝါဒဆိုး အပယ်မျိုးပြုတ်နိုင်မယ်။**

လို့ အတ္တအယူဆိုးကြီး ပြုတ်လိုလျှင် အနတ္တ မြင်အောင်ရှု ဒီအယူဆိုးကြီး ရှိသမျှတော့ ဘယ်တော့မှ အိုလို့ နာလို့ သေလို့ ဆုံးမှာ မဟုတ်ဘူး။

ဒါကြောင့်....တကယ်တန်း သံသရာကလွတ်လိုလျှင် တကယ်တန်း အားထုတ်ရလိမ့်မယ်။

ဒီသာသနာမှာ ရှင်တော်ဘုရားကြီးရဲ့ အလိုတော်နှင့်ကြည့်ရင် အလွန်အရေးကြီးသော ကိစ္စကြီးမဟုတ်လား။

ဒိဋ္ဌိပြုတ်ဘို့အရေးဟာ ဥပမာတော်ကြီးနှစ်ရပ်နှင့် ကြည့်လေ၊ ရင်ဝလှံစူးတဲ့။ ဦးခေါင်းမီးလောင်တဲ့။ ကဲ....ဒါထက် ကြီးတဲ့ အရေးများ လောကရှိသေးလား။

ရှင်တော်ဘုရားကြီးဟာ လောက အရေးအကြီးဆုံး ဥပမာ ကိုဘဲ ရှာပြီးပြတော်မူခဲ့တယ်။ ရှင်တို့ကျမတို့ ကတော့ အရေး ကြီးတယ်လို့ မထင်ကြဘူးပေါ့။ ပေါ့ပေါ့ဘဲ နေကြတယ်။

ဒါ့ကြောင်မို့ တရားရှာရာမှာ ဖြေးဖြေးအေးအေးလေး ရှာ နေရမှာ မဟုတ်ဘူး။ အရေးကြီးစွာ ရှာရမယ်....လို့ ရှင်တော် ဘုရားကြီးက—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနေဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခုပရိဗ္ဗဇေ။
ဘိက္ခဝေ၊ အပါယ်လေးရွာ အစဖြာသော သံသရာ
သမုဒ် ဝဲဇလုတ်ကို အဟုတ်ထိတ်ဘွယ် တကယ်လန့်စွဲ
အမြဲကြောက်တတ် အို—ချစ်သား ချစ်သမီးမြတ်တို့။

ရှင်တော်ဘုရားကြီးကတော့ ကျန်နေရစ်တဲ့ သတ္တဝါတွေကို သနားသည့်အတွက် ပေါ့ပေါ့တန်တန် နေရစ်မှာစိုးလို့ ဒီဒေသ နာတော်ကြီး ဟောကြားတယ် မဟုတ်လား။

ချစ်သားချစ်သမီးတို့။ ပေါ့ပေါ့တန်တန်များ ယောင်လို့မှ မနေရစ်ကြနှင့်။

သက္ကာယဒိဋ္ဌိပြုတ်ဘို့အရေး ငါဘုရားတွေး၍ အရေးကြီးစွာ ဟောခဲ့တယ်။

မမေ့သောသတိကရားသာ လက်ကိုင်ထား၍ အားထုတ်ရစ် ကြ၊လို့—

ဘိက္ခုဝေ၊ အပါယ်လေးရွာ အစဖြာသော သံသရာသမုဒ္ဒ ဝဋ်လှုတ်ကို အဟုတ်ယိတ်ဘွယ် တကယ်လန့်စွဲ အံမြဲကြောက်တတ် အို....ချစ်သားချစ်သမီးမြတ်တို့။
သတ္တိယာ၊ အသွားနှစ်ဘက်မြမြထက်သော ကြောက်မက်ဘွယ်အပြီး လှံမကြီးဖြင့်။
ဩမဋ္ဌောဝိယ၊ ရင်ဝ၌စူး တွန့်တွန့်လူးအောင် စူးဝင်ထိုးဆွ ခံနေရသောသူ ကဲ့သို့ရင်း။
မတ္တကေ၊ တကိုယ်လုံးအဘွက် ပြခန်းလျက်ရှိသော ဦးခေါင်းထက်၌။ ဍယှမာနေဝ၊ ကယ်ပါယူပါ မခံသာအောင် ဘယ်ခါမပြတ်ချိန်မလပ်ဘဲ မီးကပ်တိုက်သမျှ အလောင်အမြိုက် ခံ၍နေရသော သူကဲ့သို့ရင်း။

ရှင်တော်ဘုရားကြီးရဲ့အလိုကတော့ သိပ် အရေးကြီးနေတာဘဲ။ ကမ္ဘာသူ ကမ္ဘာသား လူအများတွေ ကတော့ တရားအရေးမကြီးဘဲ လောကီအရေးတွေ ကိုသာ ကြီးနေ ကြတယ်။ သားရေးသမီးရေး ပစ္စည်းဥစ္စာအရေးတွေပေါ့။

ဒါတွေကိုသာလျှင် အရေးတကြီး လိုက်စားနေ ကြတယ်။ ရှင်တော်ဘုရားကြီး အရေးကြီးသလို မိမိသန္တာန်၌ တရားအရေးကြီးလာမယ်ဆိုရင် ပျော်ပါးနေစရာအချိန် မော်ကြွားနေစရာအချိန်များရှိပါ့မလား။

ရင်ဝ၌လှံစူးနေသောသူ ဦးခေါင်းမီးလောင်နေသောသူ။
ဒီဥပမာတွေဟာ အထင်အရှားပါဘဲ။ ဒါကြောင့် ဒီသာသနာမှာ အမှီပါကြမယ်ဆိုရင်ဖြင့် နေ့မနား ညမနား ကြိုးစားကြဘို့ပါဘဲ။ ဒါကြောင့်....

သတော၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောသတိ
အမြဲရှိသည်ဖြစ်၍။ ဘိက္ခု၊ ဤသာသနာ အမှီပါမယ်
ဟဲ့လို့ တည်ကြည်စွာစိတ်ထားမှန်ဖြင့် ကြိုတ်အားသန်
နေကြကုန်သော ငါ၏ချစ်သား ချစ်သမီးများသည်။

သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါးထင်ရှားရှိလျက်မသိချက်
ကြောင့် ဖြည့်စွက်ငါလုပ် ဒိဋ္ဌိယုတ်ကို။ ပဟာနာယ၊
ပယ်ရှားလွတ်လွတ် တကယ်သား စွန့်ပစ်လိုက်ခြင်းငှာ။

ခန္ဓာငါးပါး အပေါ်၌ ဝိပဿနာဉာဏ်နှင့် မရှုမိခဲ့ကြလို့ ခန္ဓာငါးပါးတရားကြီးကိုပင် ငါလို့ သူလို့ ဒိဋ္ဌိကဖြည့်စွက်ပြီး ထင်မနေကြဘူးလား။

အဲဒီ အထင်ကြီး ကို ပယ်ရှား နိုင်ရမှာ။ ပယ်နိုင်ဘို့ကလဲ ဤကခန္ဓာ ဤကနာမ်ရုပ်လို့သိတဲ့ ဝိပဿနာအလုပ်ကို တကယ်တန်း လုပ်ကြရမှာဘဲ။ ဒါကြောင့်....

သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါး ထင်ရှား ရှိလျက်၊ မသိ
ချက်ကြောင့် ဖြည့်စွက်ငါ့လုပ် ဒိဋ္ဌိယုတ်ကို။

ပဟာနာယ၊ ပယ်ရှားလွတ်လွတ် တကယ်သားစွန့်
ပြစ်လိုက်နိုင်ခြင်းငှာ။ ပရိဗ္ဗဇေ၊ ဤကခန္ဓာ, ဤဟာ
နာမ်ရုပ် ဝိပဿနာအချုပ် တရားအလုပ်ကို တဖြောင့်
တည်းသာ အားထုတ်ကြရာသတည်း။

ရှင်တော်ဘုရားကြီးရဲ့ အရေးကတော့ ဘာအရေး တွေမှ တွေးမနေကြနှင့်။ ငါဘုရား သာသနာအလုပ်ကိုသာ တဖြောင့်တည်း အားထုတ်လို့ ဟောတော်မူတယ်။

ကဲ....ရှင်တော်ဘုရားကြီးရဲ့ အလိုတော်ကျ ဖြစ်ကြရအောင် ခန္ဓာငါးပါးထဲက အဆင်းဓာတ် ရူပက္ခန္ဓာကိုဘဲ အားထုတ်ကြပါစို့။

အဆင်းဓာတ် ရူပက္ခန္ဓာဆိုတာ ဒွါရအာရုံအားဖြင့်ပြောမယ်ဆိုရင် စက္ခုဒွါရမှာဆိုင်တဲ့ ဓာတ်တမျိုးပေါ့။

စက္ခုဒွါရဖြင့်ဆိုင်သောဓာတ်ကို စက္ခုဒွါရနှင့်ရှာမှသာ တွေ့ရမယ်မဟုတ်လား။

ကိုင်း-စက္ခုဒွါရနှင့်ရှာကြည့်ပါ။ မိမိခန္ဓာကစပြီး ကြည့်လိုက်တော့ ဘာတွေတွေ့သလဲ။အဆင်းဓာတ် ရူပက္ခန္ဓာတွေပေါ့၊ ခန္ဓာကိုယ် တကိုယ်လုံးမှာ ခေါင်းထင်လျှင်ကြည့်။ မဲမဲအဆင်းဘဲတွေ့မယ်။ လက်ထင်လျှင်ကြည့်။ နီနီအဆင်းဘဲတွေ့မယ်။

အဲဒါလို ခန္ဓာကိုယ်တကိုယ်လုံးမှာကြည့်လိုက်တော့ အဆင်းဓာတ်လွတ်နေတဲ့နေရာ မရှိပါဘူး။

ဗဟိဒ္ဓမှာလဲ မျက်စိနှင့်သာကြည့်။ အဆင်းတွေချည်းဘဲ မြင်နေရတယ်။

ဒါပေမဲ့ မိမိသန္တာန်မှာ ဝိပဿနာဉာဏ်နှင့် ထွင်းဖောက်ပြီးမကြည့်နိုင်ကြတော့ သားလို့ထင်တယ်၊ သမီးလို့ထင်တယ်။ ဒါမျှမကသေးဘူး ဒီမျက်စိပေါက်မှာ မြင်နေရတဲ့ အဆင်းရဲ့ အပေါ်မှာ မြဲတယ်လို့ ထင်နေကြတယ်။ ဒါလဲအမှားကြီးတမျိုးဘဲ။

အဆင်းခေတ်ရုပ်တရားဟာ ဘယ်အချိန်မှ ရုပ်နားခြင်းမရှိဘူး။ အမြဲပျက်စီးနေတဲ့တရားဘဲ၊ အမြဲတမ်း ကုန်ခန်းနေတဲ့တရား၊ မိမိခန္ဓာမှာ ဥာဏ်ကပ်ပြီး ကြည့်ပါလား။ အဆင်းခေတ်တွေ ကုန်ခန်းလာခဲ့ကြလို့.... ခုခန္ဓာကြီး ဘယ်လိုဖြစ်နေကြသလဲ။

အိုနေပြီပေါ့၊ တဖြုတ်ဖြုတ် တသုတ်သုတ်နှင့် အရောင်အဆင်းတွေက ချုပ်ဆုံးခဲ့ကြလို့ ငယ်ငယ်တုန်းက အမူအရာတွေ မရှိတော့ဘူး။ လူအိုကြီးလို့ခေါ်ရအောင်ဖြစ်ခဲ့ကြရတယ်။

ဒါ့ကြောင့်.... မျက်စိနှင့်ကြည့်တိုင်း ကြည့်တိုင်း လူကိုမမြင်ရဘဲ မမြဲသဘောတရားကိုသာ မြင်အောင် ဝိပဿနာမျက်လုံး, သမ္မာဒိဋ္ဌိမျက်လုံး, သမ္မာသက်ပ္ပ မျက်လုံးနှင့် ကြည့်တတ်ကြရမယ်။

ခေါင်းကို, လက်ကို, ခြေကိုမြင်တတ်တဲ့ မျက်လုံးကတော့ ကမ္ဘာ့ရိုးရာ ဓမ္မတာမျက်လုံးတွေပါ မဆန်းပါဘူး။

ခု-သာသနာမှာ ကမ္ဘာ့ရိုးရာ ဓမ္မတာမျက်လုံးမှ လွန်မြောက်အောင် ကြည့်တတ်ကြဖို့ အရေးကြီးပါတယ်။

မမြဲသဘောတခုကို မှတ်ယူ မှတ်ထားပြီးကြည့်လိုက်တော့ လူမမြဲ နတ်မမြဲ ဗြဟ္မာမမြဲမဟုတ်တော့ဘူး။

အဆင်းခေတ်မမြဲဘဲ တွေ့ရတယ်။ ဒီလို မမြဲသဘောကြီးကို ပြောင်ပြောင် စင်စင် ကြောင်ကြောင်ကြီး မြင်လို့ရှိလျှင် နိစ္စ

အနေနှင့် အထင်မှားမှုကြီး၊ သုခအနေနှင့် အထင်မှားမှုကြီး၊ သုဘအနေနှင့်အထင်မှားမှုကြီး၊ အတ္တအနေနှင့် အထင်မှားမှုကြီးမှ လွန်မြောက်တော့ဒါဘဲ။

ဒီအထင်မှားမှုကြီးမှ လွန်မြောက်လို့ရှိရင်လဲ အစကပြောခဲ့တဲ့ ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု၊မနောကံသောင်းကျန်းမှုတွေလဲ မဖြစ်နိုင်တော့ဘူး။

ချစ်မှု မုန်းမှုတွေ ဘာ့ကြောင့်ဖြစ်သလဲ၊ အထင်မှားမှုကဖြစ်တာ။ မမြဲတဲ့ အနိစ္စကို မြဲတယ်ထင်။ မြဲတယ်လို့ ယူကထဲကိုက ပုံဟန်သဏ္ဌာန်တွေနှင့်မဟုတ်လား။ အဲ....ချစ်မှုမုန်းမှုဟာ ပုံဟန်သဏ္ဌာန်ပေါ်ကလာတာဘဲ။

ဒါ့ကြောင့်....အနိစ္စအစရှိတဲ့သူ့သဘောကလေးတွေကိုမြင်နေရင် ပုံဟန်သဏ္ဌာန်အရိပ် နိမိတ်တွေပျောက်ပြီး ပုံဟန်သဏ္ဌာန်ပေါ်မှ ဖြစ်လာကြတဲ့ ချစ်ခြင်း မုန်းခြင်းလဲ မရှိတော့ဘူး။ ချစ်ခြင်း မုန်းခြင်းကင်းမှတော့တဲ့စရာ မတဲ့စရာလိုသေးသလား။ မလိုတော့ပါဘူး။

အဲ.... တဲ့ မတဲ့ မရှိမှတော့လဲ ကာယကံ ဝစီကံ မနောကံသောင်းကျန်းမှုတွေ ပေါ်ပါအုံးဆိုတောင် မပေါ်တော့ပါဘူး။

ဒါ့ကြောင့်.... ဒီအမှုဘေးကြီးတွေမှ လွန်မြောက်ကြရအောင် သက္ကာယဒိဋ္ဌိဘေးကြီးမှလဲ လွန်မြောက်ကြရအောင် ခု-ဟောခဲ့သော အဆင်းမာတ် ရူပက္ခန္ဓာ ရုပ်တရားကို ဆင်ခြင် ပွားများအားထုတ်ကြပေတော့လို့.... တရားအဆုံး နိဂုံး နှုတ် ဆက်လိုက်ပါတယ်။

ဒါ့ကြောင့်....

သတော၊ နိဗ္ဗာန် ရောက်ကြောင်း ကောင်းသော သတိ အမြဲရှိသည်ဖြစ်၍။

ဘိက္ခု၊ ဤသာသနာမှာ၊ အမှိုပါမယ် ဟဲ့ရယ်လို့ တည်ကြည်စွာ စိတ်ထားမှန်ဖြင့် ကြိတ်အားသန်နေကြ ကုန်သော ငါ၏ချစ်သား ချစ်သမီးများသည်။

သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါး ထင်ရှားရှိလျက် မသိ ချက်ကြောင့် ဖြည့်စွက်ငါလုပ် ဒိဋ္ဌိယုတ်ကို။

ပဟာနာယ၊ ပယ်ရှားလွှတ်လွှတ် တကယ်သားစွန့်ပစ် လိုက်ခြင်းငှာ။ ပရိဗ္ဗဇေ၊ ဤကခန္ဓာ ဤဟာနာမ်ရုပ် ဝိပဿနာအချုပ် တရားအလုပ်ကို တဖြောင့်တည်းသာ အားထုတ်ကြရာသတည်း။ ဝါ၊ သူက ကြီးတဲ့အရေး တွေ ငါကကြီးတဲ့အရေးတွေကို အသာဘေးထားပြီး ဘုရားကြီးတော်မူတဲ့ **အ**ရေးတခုကိုသာ အမြန်ဆုံးနည်း ဖြင့် အရေးကြီးရပေလိမ့်သတည်း။ ။

သာဓု သာဓု သာဓု။

—o—

# ဒုက္ခလွတ်လို - ဒုက္ခကို - ရှုကိုရှုရမည်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကိုင်း.... "အချိန်ရှိခိုက် လုံ့လစိုက်"ဆိုတဲ့ စကားတော်ကြီး ဦးထိပ်မှာ ပန်ဆင်ပြီး တရားတပွဲအားခဲလိုက်ကြအုံးစို့။

ဘာ့ကြောင့်လဲဆိုတော့ - သာသနာကြီးကို ကြည့်မယ်ဆိုရင် တဖြေးဖြေးနှင့် သာသနာ့နှစ်တွေကုန်ခဲ့ကြရပြီ၊ သာသနာ့ နှစ်, ရက်တွေ ပြန်အသုံးချချင်လို့ မဖြစ်တော့ဘူး။ အလွန်နှမြောစရာကောင်းတယ်။ မိမိခန္ဓာကိုယ်ကြီးကိုကြည့်ပြန်တော့ အိုရုပ်တွေ တဖြေးဖြေးပေါ်လာကြရတယ်။ ဒါကြောင့်....

**အပဂျိုဖြူ၊ နဂိုမူဟန်မရှိပါဘူး။ မှန်ကြည့်လျှင် ငိုချင်စရာပ ကိုယ်အင်္ဂါယွင်း။**

လို့ ဆရာတော်လေး ဆုံးမထားတာ သွားပြီးသတိရမိတယ်။ ကိုယ်အင်္ဂါတွေဟာ တနှစ်နှင့် တနှစ် မတူ၊ အမူအရာတွေဟာ အတွင်ပြောင်းနေတာဘဲ။ မှန်ကြည့်လိုက်မှအဟုတ်ငိုချင်စရာကြီး ပါဘဲ။ ငယ်ငယ်တုန်းကလို စိုစိုရွှန်းရွှန်းမရှိဘဲ ကြည့်ချင်စရာ မကောင်းအောင် ဖြစ်ခဲ့ကြပြီမဟုတ်လား။

ဒီလို အတွင်အိုနေသော ခန္ဓာကြီးမို့ အချိန်လေးရှိခိုက်မှာ လုံ့လစိုက်ကြရတာပေါ့။

မအိုစေလိုလို့ ဘယ်လို အစားကောင်းတွေ ကျွေး ကျွေး သူကတော့ အအိုဘက်သွားနေတဲ့ ခန္ဓာကြီးပါဘဲ။

အအိုခြေလှမ်း, အနာခြေလှမ်း, အသေခြေလှမ်းကိုသာ တွင် တွင် လှမ်းနေတဲ့ ခန္ဓာကြီးပါဘဲ။

ဒီတရားတွေကတော့ မမြင်နိုင်စရာ မရှိပါဘူး။ မြင်ကွင်း ကျယ်ကြီးတွေပါ။ ဒါပေမဲ့ အဝိဇ္ဇာတိမ်သလာ ဖုံးနေတော့ ဘယ်လို အိုပြပြ၊ မမြင်နိုင်ဘဲ ရှိနေကြတယ်။

အအိုကိုမတွေးဘူးလေ။ လှဘို့နှင့် ဝဘို့ဘဲ ခန္ဓာရဲ့အကြိုက်ကို အမျိုးမျိုးလိုက်ပြီးတော့ ကောင်း ကောင်း လေး ကျွေး ရ ကောင်းကောင်းလေးဆင်ရ ဒီ လို ပြု စု နေ ရင် မ အို ဘူး လို့ ထင်တာကိုး။

ခန္ဓာကြီးက တောင်းဆိုတိုင်း— ဝက် သား ကြိုက် တယ် ဆို ဝက်သား၊ ကြက်သားကြိုက်တယ်ဆို ကြက်သား၊ ငါးကြိုက် တယ်ဆို ငါး၊ ခန္ဓာကိုယ် ကြိုက်ရာတွေကိုသာ အလိုတလိုက် နေ့ရှိသမျှကျွေးနေရတယ်။ ဒီလိုကျွေးတော့ မအိုတော့ဘူးလား ဆိုတော့ ကျွေးရင်းအိုနေတာဘဲ။ ဒါကြောင့်....

> ကြိုက်ရာ **ဖြိုက်ရာ အမြိုက်အစာ**တွေ ကျွေးရပေမဲ့၊
> အ ရေး မ လှ သ ကို ခန္ဓာကိုယ်၊ ကျွေး ရင်း နဲ့ အို၊
> ဟောဒီခန္ဓာကိုယ်။

ကျွေးရင်းနဲ့ဘဲ တဖြေးဖြေး အိုလာလိုက်ကြတာ။ ခန္ဓာ ကိုယ်ဖြင့် ကြည့်ချင့်စရာတောင်မရှိဘူး။

အကယ်၍ ကျေးလို့သာ မအိုမယ်ဆိုရင် ကမ္ဘာလောကကြီး တခုလုံးမှာ လူအိုရယ်လို့ တယောက်မှ တွေ့ရမှာမဟုတ်ဘူး။

ခုတော့ ခန္ဓာကြီးက ကိုယ်ချစ်သလိုမချစ်၊ ကိုယ်ခင်သလို မခင်။ "**သူ့အလိုကိုယ်လိုက် ကိုယ့်အကြိုက်သူမပါ**" ဆိုသလို သူ့အလိုသာ လိုက်ခဲ့ရ၊ ကိုယ့်အကြိုက်ဖြင့် မတွေ့သေးဘူး။ မနှစ်သက်တဲ့ အအိုနှင့်သာ ရှင်တို့ ကျမတို့ တွေ့ခဲ့ကြတယ်။ ဒါကြောင့်....

**ကြိုက်ရာ ကြိုက်ရာ အမှိုက်အစတွေ ကျေးရ ပမဲ့ အရေးမလှသကို ခန္ဓာကိုယ်၊ ကျေးရင်းနဲ့အို ယောဒီ ခန္ဓာကိုယ်။**

ဒီအမှိုက်အစတွေ အမျိုးမျိုးကျေးရုံလားဆိုတော့ မက သေးဘူး။ ဝတ်ဆင်ထားရတာ ကြည့်ပါအုံး။

ဝတ်ဆင်ထားကြတဲ့ အမျိုးအမည်တွေ ရေတွက်မယ်ဆိုရင် ကုန်နိုင်စရာမရှိဘူး။ အရောင်အဆင်းအားဖြင့်လဲ အဝါရောင်၊ အနီရောင်၊ အစိမ်းရောင်၊ အပြာရောင်။ ဒီအရောင်မဟုတ်တဲ့ ကြားရောင်တွေက ပြည့်လို့ရှိသေးတယ်။

အပွင့်အမျိုးမျိုး, အရွက်အမျိုးမျိုး, အဖူးအမျိုးမျိုး ဘယ် လောက်များပြားသလဲ။ ခန္ဓာကိုယ်ကြိုက်ရာကို ဆင်ပေးနေကြ ရတာ။ အစိမ်းရောင်မှ ကြိုက်တယ်ဆိုရင် အစိမ်းရောင်ကိုဘဲ ရအောင်ရှာဝယ်ရတယ်။ အပြာရောင်မှ ကြိုက်တယ်ဆိုရင် အပြာရောင် ရအောင်ရှာဝယ်ရတယ်။ ဒီအတိုင်းခန္ဓာကိုယ်အလို

လိုက်ပြီး ကြိုက်သလိုဆင်ပေးနေရတယ်။ ခန္ဓာကြီး ဒါလောက် အလိုလိုက်တော့ မအိုတော့ဘူးလားဆိုတော့ ဒီအဝတ်တွေ ဆင်ရင်းနှင့်ဘဲ အိုနေကြရပါတယ်လို့နော်။ ဒါကြောင့်....

**ကြိုက်ရာ ကြိုက်ရာ ဝတ်ကာ ဆင်ကာ ပေးရပေမဲ့**
**အရေးမလှသကို ခန္ဓာကိုယ်၊ ဝတ် ဆင် ရင်း နဲ့ အို**
**ဟောဒီခန္ဓာကိုယ်။**

လို့ တလောကလုံးပါဘဲ။ သူ့တို့ခန္ဓာကိုယ်လေးတွေမျှား ဆင်ထားလိုက်ကြတာ အိုနိုင်စရာမရှိဘူး။

ဒါပေမဲ့ ခန္ဓာကြီးက မငဲ့ပါဘူး။ အဘိုးတန်အဝတ်ကြီးကို ဝတ်လျက်နဲ့ဘဲ ခေါင်းဖြူနေရတယ်၊ သွားကျိုး နေရတယ်၊ ဘယ်လောက် စိတ်နာစရာကောင်းလဲ။ ဒါလောက်မငဲ့တဲ့ ခန္ဓာကြီးကို စိတ်မနာနိုင်ကြဘူး။ တမျိုးပေါ်လာပြန် တခါဝယ်ပြီး ဆင်ပြန်တာဘဲ။ တော်ပေါ့ဟဲ့၊ နင် • ငါ့အကြိုက်မလိုက်ဘူးလို့ ဒီလိုမရှိကြဘူး။ ဒါကြောင့်....

**ကြိုက်ရာ ကြိုက်ရာဝတ်ကာ ဆင်ကာ ပေးရပေမဲ့၊**
**အရေးမလှသကို ခန္ဓာကိုယ်၊ ဝတ်ရင်း ဆင်ရင်းနဲ့အို၊**
**ဟောဒီခန္ဓာကိုယ်။**

ဩြော်= ခန္ဓာကိုယ်ကြီး ဘယ်လိုပင် လှအောင်ဆင်သော်လဲ ခန္ဓာကြီးက ပြန် ပြီး မ ငဲ့ ကွက် ဘူး။ အ လွန် ရက် စက် နိုင် တဲ့ ခန္ဓာကြီးဘဲ။

ဒီခန္ဓာကြီးနှင့် ပုထုဇဉ်တွေ တထွေးလုံးလုံးနှင့် ခုထက်ထိ မရိပ်မိကြဘူး။ အကောင်းထင်တုန်းဘဲရှိကြသေးတယ်။

ခန္ဓာကြီးရဲ့ဖြစ်ပုံကို မြင်သာအောင် ပုံပမာဆောင်ရမယ် ဆိုရင်.... ဘုရားလက်ထက်က ကုဏ္ဍလကေသာနှင့် စောရဃာတ သူခိုးကြီးရဲ့ အကြောင်းကို အနည်းငယ် ပြောပြပါ့မယ်။ နားသောတသာဆင်ကြပေတော့။

ကုဏ္ဍလကေသာဆိုတာက အလှန်ချော အလှန်လှ ပစ္စည်း ဥစ္စာဆိုတာ - လိုလေသေးမရှိ။ အဝေးအနီးမှာ ကျော်ကြား နေတဲ့ သူဌေးသမီး အမော်တပါးပေါ့။

စောရဃာတဆိုတာက သူခိုးကြီး။ ဝါသနာပါလာတော့ အမတ်ကြီးရဲ့သားဖြစ်ရငြားသော်လဲ မခိုးရမနေနိုင်၊ မတိုက်ရ မနေနိုင်၊ မသတ်ရမနေနိုင်။ မြို့တကာ ရွာတကာ အရပ်တကာ မှာ လှည့်လည်ပြီး ခိုးနေတာဘဲ။ တနေ့လဲမဟုတ်၊ တရက်လဲ မဟုတ် နေ့ရှိသမျှ ဒီအလုပ်ကြီးဘဲ အမြဲလုပ်နေတာဘဲတဲ့။

ဘယ်ရွာမှာ ရွှေကဘယ်လောက်၊ ဘယ်မြို့မှာ အထည် အလိပ်တွေက မည်မျှနှင့်၊ နေ့ရှိသမျှ ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်းမနေရ၊ ဒီသူခိုးရန် ကြောက်နေကြရတာဘဲတဲ့။

ဒါနဲ့ နေ့ရှည် လများကြာတော့ ရှင်ဘုရင့်နားတော် မှာ ဒီစောရဃာတ သူခိုးကြီး ဆိုးဝါး သောင်းကျန်းနေသည်ကို သိတော်မူရော။ သိတော့မှ "ဒီသူခိုးရအောင် ဖမ်းဆီးနိုင်က အသပြာများ ပေးသနားမယ်" လို့ လှည့်လည်ကြေညာတဲ့အခါ မြို့သူ-မြို့သားအပေါင်းတို့မှာစောရဃာတသူခိုးကြီး ဖမ်းပြီးဘုရင့်ထံ ပို့ကြတယ်။

ဘုရင်ကြီးလဲ သူခိုးမိလာတယ်ဆိုရင်ဘဲ ငါ့တို့တိုင်းပြည်ကြီးမှာ အေးအေးဆေးဆေးနေရတော့မယ်လို့ ဝမ်းပန်းတသာဖြင့် လက်မရွံ့အာဏာသားတွေကို တ ခါတည်း အ မိန့် ပေး လိုက်ပါသတဲ့။

ဘုရင်မင်းကြီးရဲ့ အမိန့်ကတော့—

**မောင်မင်းများ၊ ဤသူခိုးကို (၇)ရက်စေ့ကအသေသတ်လိုက်ကြ။ (၇)ရက်မပြည့်ခင် တိုင်းပြည်ထဲမှာ လှည့်လည်၍ ပြကြရမည်။**

လို့ အမိန့်ပေးလိုက်တော့ အာဏာသားတွေဟာ ရှင်ဘုရင်မျက်နှာလွှဲလိုက်တယ်ဆိုရင်ဘဲ ရိုက်ကြ၊ နှက်ကြ၊ လမ်းတကာမှာ လိုက်ပြီးပြကြတယ်။

တဖြေးဖြေးနှင့် သွားလိုက်ကြတာ ဘာမှမပြောနှင့်။ ကုဏ္ဍလကေသာတို့ တိုက်နားရောက်သွားကြတယ်။

တိုက်အနီးအနားမှာ ရောက်လာသော သူခိုးကြီးကို မယ်ကေသာ မြင်လိုက်ပါရော။

မြင်လျှင်မြင်ခြင်း ရေးကုသိုလ်များ မကောင်းပလားဆိုမှဖြင့် သူခိုးကိုဘဲ ခင်တွဲစိတ်တွေ ဖြစ်ပေါ်လာရတယ်။

ဒီတော့— မယ်ကေသာဟာ တိုက်ပေါ်ကိုမနေနိုင်တော့ဘူး။ သူ့ရဲ့အခြင်းအရာ ဖြစ်ပျက်ပုံအလုံးစုံကို သိလိုတဲ့စိတ်တွေဟာ တစတစပြင်းထန်လာပြီး မျိုသိပ်မထားနိုင်တော့ဘူး။ မေးချင်တယ်၊ နှုတ်ခွန်းဆက်ချင်တယ်၊ ကူညီစရာရှိလျှင် ကူညီလိုသော စိတ်တွေများလာတယ်။

ငါဟာ သူဌေးသမီးပါလားလို့ ဂုဏ်ကိုလဲ မငဲ့နိုင်ဘူး။ ဘာကိုမှ မငဲ့နိုင်တော့ဘဲ ရှေ့ကိုသာလျှင် ဇွတ်တိုးလိုတယ်။

**ဒါလောကကြီးရဲ့ ဓမ္မတာပါဘဲ။ အပြစ်ဆိုဘို့တော့ မရှိပါဘူး။**

ဒီလိုနှင့် မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ကြာတော့ တိုက်ပေါ်ကို မနေနိုင်တော့ဘူး။ တိုက်ပေါ်မှ ဆင်းပြီး "နေပါအုံးရှင့်၊ အဖေကြီးတို့ချုပ်ကြကဲ့အမှုကဘာမှုဘာလဲ။ဘယ်လိုဖြစ်ကြတာလဲ နာမည်က ဘယ်သူပါလဲ၊ ကျမကို တစမကြွင်းရအောင် အဖေကြီးတို့ ဖြေရှင်းကြစမ်းပါ"လို့ ဆိုတော့....

မှူးမတ်ကြီးတွေနှင့် အာဏာသားတွေက "ဒီလူဟာ အခြားဟုတ်ပါရိုးလား၊ တိုင်းပြည်ထဲမှာ လှည့်လည်ခိုးနေတဲ့ အမတ်ကြီးရဲ့သား စောရဗလသူခိုးကြီးဆိုတာ သူပေါ့အေ့၊ ဒီကောင်ရှိနေရင် တိုင်းပြည်ထဲမှာ အေးအေးသက်သာ နေကြရမှာမဟုတ်လို့.... (၇)ရက်မြောက်ရင် သတ်ပစ်ကြတော့မှာ သမီးရေ၊ ရှည်ရှည်ပြောမနေပါရစေနှင့်။ သူသာန်ထုတ်ပြီး သတ်ချိန်နီးနေပြီ။ ကဲ–သမီးမေးမနေနဲ့"လို့ ပြောတော့–ကုဏ္ဍလကေသာမှာ အသက်မှကယ်ဆယ်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ဒီတော့ "အဖေကြီးတို့ခေတ္တလောက် ဆိုင်းကြပါအုံးရှင့် ဒီအမှုကို အသပြာများပေးပြီး နှုတ်ယူရင်လွှတ်ခွင့်များ ရှိပါသလား။ ကျမအသပြာများမြောက်မြားစွာ ပေးနိုင်ပါတယ်"လို့ ပြောတော့အသပြာပေးရင်လွှတ်ခွင့်ရှိကယ်လို့ ပြောတော့မကေသာမှာ အသပြာပေးပြီး သတ်တော့မည့်ဆဲဆဲဖြစ်တဲ့ သူခိုးကြီးကို

သေတ္တင်းမှ နှုတ်ယူပြီး တိုက်ပေါ်မှာ နေ ထိုင် စေ ပါ တယ်။ တိုက်ပေါ်မှာ နေကြတယ်ဆိုရင်ဘဲ မကေသာလေးရဲ့ အဘို့ ကတော့ မလိုပါဘူး။

"ဒါကအချိုပါ၊ ဒါကအချဉ်ပါ"စသည်ဖြင့် စားဘို့လဲမလိုရ၊ ဝတ်ဘို့ဆိုတာလဲ ဘယ်လိုမှာလဲ၊ ဂုဏ္ဍေးသမီး ငွေကိုရေလိုသုံးတဲ့ သူဘဲ။

စကားက ကြွယ်ကြွယ်နှင့် နှုတ်ကလဲမဆိတ်ရအောင်ဖြောင်းဖြ ပြောရှာတယ်။ "ဒီကရွှေ့မှာဆိုရင် အရင်လိုစိတ်မျိုးတွေ မထား နဲ့တော့။ ခိုးချင်တဲ့စိတ်တွေ တိုက်ချင်တဲ့စိတ်တွေများလက်သင့် ခံမထားနဲ့။ အရှက်တကွဲ အကျိုးနဲ့ဖြစ်ခဲ့ရတာ။ အဲဒီစိတ်တွေ ကြောင့် မဟုတ်လား။ ကိုယ့်မှာ သူဌေးသမက်ဖြစ်နေပေါ့ဘဲ။ ဘာပူစရာလိုသလဲ။

ဝတ်ချင်သလိုဝတ်၊ စားချင်သလိုစား၊ ငွေ ဆို သုံး ချင် သလောက် သုံးနေရတာ။ ဘာလိုလေသေးရှိတာမှ မဟုတ်ဘဲ။"

စသည်ဖြင့် အမျိုးမျိုးပြောသော်လဲ မလှုပ်ဘူး။ နားမဝင် ဘူး ဘာကြောင့်လဲ ဒီသူခိုးကြီးဟာ မကေသာနှင့် ခင်လို့နေ တာလဲမဟုတ်ဘူး။ သေမဲ့ဘေးမှ ကယ်တင်ထားလို့ မကင်းသာ လို့ နေတာ။ သူ့ရဲ့သန္တာန်မှာ မွေးဖွားလာကထဲက စောရ နက္ခတ်နှင့်ယှဉ်ပြီး မွေးဖွားလာသူဖြစ်လို့ မခိုးရ မတိုက်ရရင် နေကို မနေနိုင်ဘူး။ သူ့စိတ်ထဲမှာတော့"အင်း-ခုနေ ငါ့သူငယ် ချင်းတွေ ဘယ်မှာ ခိုးနေကြပါလိမ့်၊ ဘယ်လောက် ပျော်လိုက် ကြမယ်လို့၊ ခုငါ့မှာတော့ တိုက်ကြီးပေါ်မှာ သူဌေးသမက်

လုပ်နေရတယ်။ တိုက်ပေါ်ကမှ မဆင်းရဘူး ကျဉ်းကြပ်လိုက်တာ။" သူ့စိတ်မှာ ဒီလိုဘဲ အမြဲပေါ်နေတာ။ ဒါ့ကြောင့်မို့ မယ်ကေသာ ဘာတွေပြောပြော၊ ဝမ်းမသာဘူး။ မတုန်လှုပ်ဘူး။ မျက်နှာလဲ မရွှင်ပျဘူး။ စောရဗလသူခိုးကြီးက "ဒီလိုနေရင်တော့ ဒီသိုပျင်းပျင်းနှင့် သေရတော့မှာဘဲ။ ဒီတော့ တမျိုးတမည် ကြံအုံးမှဘဲ"လို့ ဆိုပြီး အကြံထုတ်နေတယ်။ မကေသာက မသိရှာဘူး။

မျက်နှာမရွှင်ပျတာတော့သိတယ်။ ဘယ်အကြောင်းလဲမသိတော့၊ "နေစမ်းပါအုံး။ ရှင်ဟာတနေ့မှ ကြည်ကြည် လင်လင် ရွှင်ရွှင်ပျပျမရှိဘူး။ ဘာများအလိုမကျလို့လဲ။ ကျမလဲ စိတ်ချမ်းသာအောင်ဆိုပြီး အမျိုးမျိုးပြုစုနေတာဘဲ။ ဒါတောင် မရွှင်မပျနိုင်ဘူးဆိုတော့ ကျမလဲမတတ်နိုင်အောင် ဖြစ်နေပြီ။"

"မရွှင်မပျတာ အခြားမဟုတ်ပါဘူး။ ငါတို့ တင်နေကျ သ့နေကျဖြစ်တဲ့ တောစောင့်နတ်ကြီးကို မတင်ရလို့ စိတ်တွေနှောင့်နှေးနေတာပါ။ မကေသာကို ဘယ်လိုမှ အောက်မေ့လို့ မဟုတ်ပါဘူး"လို့ဆိုတော့ မကေသာမှာ သူချမ်းသာပြီးရော့နေမှာပေါ့။ မကေသာခမျာမှာ စိန်ရွှေရတနာတွေကို ဆင်ပြီး ကန်တော့ပွဲပြင်ကာ ဘယ်တော့မှ မရောက်ဘူးတဲ့ တောဝနာအတွင်းမှာ မောသည်ဟု မထင်ရှာဘဲ လိုက်သွားရရှာတော့တယ်။ သူ့အကြံကို မသိလို့သာ လိုက်ဝံ့တာနေ၁်၊ သူ့အကြံသိရင် လိုက်ဝံ့စရာမရှိဘူး။

စောရပလကြီး ကြုံထားလိုက်ပုံက "တော ထဲ ရောက် ရင် ဒီမိန်းမသတ်၊ ပါလာတဲ့ပစ္စည်းတွေယူ၊ ဒီတော့မှ ငါသူငယ်ချင်း တွေနှင့် ပျော်ပျော်နေရမှာ။

ဒီတခါ အကြံအောင်တော့မယ်" လို့ ဝမ်းသာပြီး တိုက်က ထွက်လာကြတယ်။

ဒီလို ထွက်လာကြတယ်ဆိုရင်ဘဲ စောရပလ သူ ခိုးကြီး မှာ မျက်နှာတွေ နဂိုနှင့်မတူဘူး၊ အနည်းငယ်ရှင်ပျလာပြီး "**မွေး သန္ဓေ သေမှပျောက်**" ဆိုသလို ဘယ်လိုပင် ချမ်းသာအောင် ထားသော်လည်း ဒီသန္ဓေကြီး မပျောက်နိုင်ပါလား။

အထုံဝါသနာ အလေ့များ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ။

ကုဏ္ဍလကေသာခများမှာဖြင့် ရန်သူရဲ့လက်တွင်း ရောက်လို့ ရောက်မှန်းမသိဘူး။ ရန်သူကို မိတ်ဆွေထင်ပြီး လိုက်နေလိုက် တာ။ ဘယ်လောက်ကြောက်ဘို့ကောင်းသလဲ။

ဒါနဲ့ တောထဲရောက်ရောဆိုပါတော့။ တောထဲရောက်တော့ မှ 'ကုဏ္ဍလကေသာ ငါ့ကိုသေချာကြည့်စမ်း။ နင့်တောထဲခေါ် လာတာ အခြားမဟုတ်ဘူး။

နင်ဝတ်လာကဲ့တဲ့ စိန်ရွှေရတနာတွေယူပြီး နင့်ကိုတော့ ဒီတောထဲတွင် သတ်ပစ်ခဲ့မှာ" လို့ ပြောတော့မကေသာမှာ မယုံ တဝက် ယုံတဝက်နှင့်" ဩော်ငါ့ကို တကယ်ပြောတာဟုတ်မထင် ပါဘူး။ ကျီစားတာထင်ပါရဲ့" လို့ အောက်မေ့ရှာတယ်။

ဒါနဲ့ တခါက နှစ်ခါတိုင်လာတော့ ချက်နှာဆိုးသွမ်းသော အမူအရာကို မြင်ရတော့။

အနည်းငယ် ကြောက်လန့်လာသပေါ့။ ဖြော်= ကိုစောရဗလ၊ တောကြီး မျက်မဲထဲမှာ ဘယ် လို များ ဖြစ် ပါ လိမ့်။ တောနတ်တွေကများ မကျေနပ်ရေ့လေသလားလို့ တောနတ်များ တောင်းပန်သေးသတဲ့။

နှစ်ကြိမ်တိုင်တိုင် ကြိမ်းဝါး မောင်းမဲတာတောင် မရိပ်မိသေးဘူး။ သူ့ကို ချစ်တယ်လို့ထင်နေရှာတာ။ အထင်လွဲနေသပေါ့။

သုံးခါတိုင်တိုင်မောင်းမဲတော့မှမကေသာခများ တောအလယ်မှာ ကယ်မဲ့သူမရှိ။

ဒီချစ်ခဲ့သမျှတွေဟာ အကြုပ်တွေသွားတာပေါ့။ ကုဏ္ဍလကေသာက တောင်းပန်ရှာတယ်။

"ပါလာသမျှ စိန်ရွှေရတနာတွေကိုတော့ယူပါ၊ အသက်ကိုသာ ချမ်းသာပေးပါ"လို့ အမျိုးမျိုးတောင်းပန်ရှာတယ်။

တောင်းပန်ပေမဲ့ နက္ခတ်ကိုက သတ်ရမှ နေနိုင်တဲ့အတွက် ဘယ်ကျေးဇူးတရားကိုမှ မမြင်တော့ဘူး။ သတ်ချင်စိတ်တွေကသာ များလာတော့သည့်အတွက် တောင်းပန်ရှာသော ချစ်သူအတွက် မငဲ့ကွက်တော့ဘူး။ တခါထဲ ၊သတ်မယ်ပြုလိုက်ပါရော။

တကယ်သတ်တော့မဲ့အသွင် ကုဏ္ဍလကေသာ မြင်တော့ "ရှင်တကယ် သတ်တော့မယ်ပေါ့၊ တကယ်သတ်မှာဖြင့် ခေတ္တဆိုင်းပါအုံး။ ကာယကံ ဝစီကံ မနောကံအပြစ်များကို ကန်တော့

ခံပါအုံး”လို့ မိန်းမတို့ပရိယာယ်ဖြင့် သူ ခိုး ကြီး ရှေ့ ကနေ ကန်တော့လိုက်၊ ဘေးကနေ ကန်တော့လိုက်၊ နောက်ကနေ ကန်တော့လိုက်နှင့် လှည့်လည်ကာ ကန်တော့ပြီး နောက်ဆုံး နောက်ကနေပြီး ကန်တော့ဟန် ဆောင်ပြီး ချောက်ထဲတွန်းချ လိုက်တာ၊ သူခိုးကြီး ကျ သွား ပါ ရော တဲ့။ ကဲ- ခုပြောခဲ့တဲ့ ဇာတ်လမ်းကို မှတ်တမ်းတင်ပြီး တဖန် ဥပမေယျ ဟပ် လိုက် တော့....

ခန္ဓာကြီးကို အပြစ်မမြင်နိုင်ဘဲ ချစ်ခင်သိမ်းပိုက် မြတ်နိုး နေကြတဲ့ အန္ဓပုထုဇဉ် သတ္တဝါ မှန်သမျှ အနန္တတွေက ကုဏ္ဍလ ကေသာနှင့် တူစေ။ ဘယ်လိုဘဲ အလိုလိုက်လိုက်ပြီး ပြုစုစောင့် ရှောက် နေပေမဲ့ ပြုစုသူကို မငဲ့ရက်ရက်စက်စက် အိုရက်၊ နာရက်၊ သေရက်တဲ့ ခန္ဓာကြီးနှင့်က စောရဗလ သူခိုးကြီးနှင့်တူစေ။

ခန္ဓာကြီးကို ဘယ်လောက်စိတ်နာဘို့ကောင်းသလဲ။ ဒါပေမဲ့ နာနိုင်ကြရဲ့လား။

ဘယ်နာနိုင်မလဲ မဟုတ်တာကို အ ဟုတ် ထင် ရ အောင် ဖန်ဆင်းနိုင်တဲ့ ဝိညာဉ်ရဲ့ လက်တွင်းဖြစ်နေကြဘာကိုး။

ဝိညာဉ်တရားဆိုတာ ဘယ်တော့မှ မှန် တာ ကို မ ပြ ဘူး။ မျက်လှည့်သမားလိုဘဲ။ အနိစ္စကိုနိစ္စ၊ ဒုက္ခကိုသုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘလို့ ဒီလိုပြတယ်မဟုတ်လား။

ဒါ့ကြောင့်.... ဝိညာဉ်ရဲ့ လက်တွင်းမှာ နေကြရတဲ့သတ္တဝါ မှန်သမျှ အနန္တတို့သည် ခန္ဓာကြီးကို မမုန်းနိုင်ကြဘူး။ ခန္ဓာကို မုန်းနိုင်လောက်တဲ့ ဉာဏ်ပညာက မရှိသေးဘူးလေ။ ဝိညာဉ်ရဲ့ လက်တွင်းမှာ ရှိသေးတယ်။

ဒါ့ကြောင့်.... ငါမဟုတ် သူမဟုတ်တဲ့ ခန္ဓာကိုယ် အကောင်ပုပ်ကို ငါလုပ်ပြီး ပြောမနေကြရအောင် ရှိတဲ့ခါတ်တရားများကို တွေ့အောင် ရှာကြရလိမ့်မယ်။

ခန္ဓာမှာရှာတော့ ဘာတွေတွေ့သလဲ။အမှန်ရှိတဲ့ မာမှု၊ နူးညံ့မှု၊ ဖွဲ့စေးမှု၊ ယိုစီးမှု၊ ပူမှု၊ အေးမှု၊ ထောက်ကန်မှု၊ လှုပ်ရှားမှု။ ဒါဘဲရှိတယ်။ ဒါကလွဲလို့ အပိုမရှိပါဘူး။ အပိုမရှိသော်လဲ ရှိသယောင်ယောင် ရှိသရိပ်ရိပ် ဖြစ်နေကြတယ်။

ဒီတော့— အန္ဓပုထုဇဉ် အနေအားဖြင့်ကြည့်ရင် ဒီဓာတ်ကြီးလေးပါး ရုပ်တရားဟာ ငါလို့ သူလို့စွဲဆိုဘို့ရာ ဖြစ်ပေါ်လာရတာနဲ့ တူမနေဘူးလား။

ဒါ့ကြောင့်.... မြတ်စွာဘုရားက—

**ဖေဏုပမံ ကာယမိမံ၊ ဝိဒိတွာ မရီစိဓမ္မံ။**
**အဘိသမ္ဗုဓာနော ဆေတွာန၊ မာရဿ သပ္ပုပ္ဖကာနိ။**
**အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။ ။**

ပထဝီကာယ ခက်မာမှု နူးညံ့မှု ခန္ဓာအသီးသီး၊ အာပေါကာယ - ဖွဲ့စေးမှု ယိုစီးမှု ခန္ဓာအသီးသီး၊ တေဇောကာယ ပူမှု အေးမှု ခန္ဓာအသီးသီး၊ ဝါယောကာယ ကောက်ကန်မှုလှုပ်ရှားမှု ခန္ဓာအသီးသီး။ ဒီရုပ်ကာယတွေဟာ ပုထုဇဉ်တွေက ဘယ်လို ငါလို့ သူလို့ထင်နေနေ၊ ထင်တဲ့အတိုင်း အထည်ခံအမာခံများ ဟုတ်ပါ့မလား။ အမျိုးကိုက မြတ်စွာဘုရားက ရေမြှုပ်မျိုးလို့ ဟောခဲ့တာ။ တနည်းအားဖြင့်လဲ လောကမျက်မြင် ပြောရလျှင် ဖွဲ့အိတ်ကြီးနဲ့ လဲတူပါတယ်။

ဖွဲ့တွေများ ဂု ံအိတ်ကြီးထဲထည့်ပြီး ဆွဲသွားရင် ဘယ်လိုနေမလဲ။ တဖွားဖွားနှင့် သွားရာအရပ်မှာ တွေ့မြင် ကြ ရ တယ်။

အဲဒီဥပမာလိုပါဘဲ။ မိမိတို့ခန္ဓာကိုယ်စည်းဟူသော ဖွဲ့အိတ်ကြီးကို ကြည့်စမ်းပါ။

ဣရိယာပုတ် လေးပါး ပြောင်းတိုင်း ပြောင်းတိုင်း ဓာတ်ကြီးလေးပါး ရုပ်တရားတွေဟာ တဖွားဖွား ပျက်လိုက်နေကြတယ်။

သွားနေတဲ့ အမူအရာတွေဟာ ရပ် ရာ ကြ တော့ မရှိဘူး။ သွားတုန်းကဘဲ တဖွားဖွားကုန်ခဲ့တယ်။

ရပ်ရာက ရုပ်အပေါင်း ရုပ်အစုတွေဟာ ထိုင်ရာသို့မပါ။ ထိုင်ရာက ရုပ်တရားတွေဟာ အိပ်ရာသို့မပါ။ ဟောဒါလိုဘဲဖွားဖွားနှင့် ပျက်နေပုံတွေကို ဖွဲ့အိတ်ကြီးနှင့်မခြား အလားတူစွာ မြင်ကြရမယ်။ ဒါ့ကြောင့်....

ဣမံကာယံ၊ ငါဘဲ သူဘဲယူစွဲဘို့ရာ ဖြစ်ပေါ်လာသော ခန္ဓာအသီးသီး ဤကိုယ်ကောင်တည်းဟူသော ဖွဲ့အိတ်ကြီးကို။

ဖွဲ့အိတ်ကြီးနှင့်တူတဲ့ ခန္ဓာကိုယ် အနှစ်သာရရှိတယ် ထင်ပြီး သာယာ ခင်မင်နေကြတာ။ ခန္ဓာကြီးကတော့ ဘာမှမဟုတ်ဘူး။

ရေမြှုပ်မျိုးကြီး။ သူ့ကိုချစ်နေလဲ ဘာအကျိုးမှ မရှိဘူး။ အနှစ်ရှိန်းနိုးနှင့် ခန္ဓာကြီးပေါ်မှာ စောင့်စားပြီး လာခဲ့ကြတာ။ ခုထက်တိုင်အောင်ပါဘဲ။

ရေမြှုပ်ကြီးကိုလဲ စောင့် စား ကြည့် ပါ လား။ မြစ်ထဲက ရေမြှုပ်ကို ရအောင်ဆယ်၊ ဆယ်ယူပြီးတော့ ဒီရေမြှုပ်ကလေး ကို သိမ်းဆည်းစောင့်ရှောက်ပြီးတော့ တနေ့ကျရင် သူ့အကျိုး ငါတို့ခံစားရမှာဘဲလို့ စောင့်ကြည့်နေပါလား။

ကမ္ဘာတွေသာကုန်ရမယ်။ ရေမြှုပ်ကတော့ အကျိုးမဖြ ဘူး။ အဲဒါလိုဘဲ၊ ခန္ဓာကြီးကလဲ မိမိတို့ထင်နေကြတဲ့ ဓုဝအနှစ်, သုဘအနှစ်, သုခအနှစ်, အတ္တအနှစ်ဆိုတာ နှမ်းတစေ့မျှမပါဘူး။ ဒါကြောင့်....

ဂူမ်ကာယံ၊ ငါဘဲ သူဘဲ ယူစွဲဘို့ရာ ဖြစ်ပေါ်လာ သော ခန္ဓာသီးသီး ဤ ကိုယ် ကောင် တည်း ဟူ သော ဖွဲ့အိတ်ကြီးကို။

ဖေဏူပမံ၊ **ရေမြှုပ်အမျိုး အကျိုးမဖြစ် အနှစ်မရ အကာမျှပေ အရေမစပ် အဖတ်မမှန်သဏ္ဍာန်မကပ် ဒြပ် မရ တခဏမို့ ကာလမရှည် ဖြတ်ခနဲ ဖြတ်ခနဲ ပျက်စီး၍ အချည်းနှီးသော အဖြစ်သို့ ရောက်တတ်သည်ဟု။**

ရလာခဲ့သမျှ ခန္ဓာတွေဟာ ဘာတခုမှ စမ်းသပ်ရှာဖွေလို့ မရတော့ဘူး။ ဒါအချည်းနှီးမို့ မဟုတ်လား။

ဒီခေတ်ကြီးလေးပါး ရုပ်တရားကို အမှီပြုပြီး လူမင်းကြီးလို့ အခေါ်ခံခဲ့ရ, နတ်မင်းကြီးလို့ အခေါ်ခံခဲ့ရ, ဗြဟ္မာမင်းကြီးလို့ အခေါ်ခံခဲ့ရ။ အဲဒီခန္ဓာတွေဟာ ခုဘယ်မှာလဲ အချည်းနှီး ဖြစ်ကုန်တာပေါ့။

ဒီလို လူ့ဘဝကနေ နတ်ဘဝ၊ နတ်ဘဝကနေ ဗြဟ္မာ့ဘဝကို ကူးပြောင်းဖို့ နေနေသာသာ။ ဒီနားမှာဖြစ်တဲ့ ခေတ်ကြီး လေးပါး ရုပ်တရားဟာ ဟိုနားထိအောင်မှ ရွေ့နိုင်တာမျိုး မဟုတ်ဘဲ။ ဒါကြောင့်....

ဖေဏူပမံ၊ ရေမြှုပ်အမျိုး အကျိုးမဖြစ် အနှစ်မရှိ အကာမျှပေ၊ အရေမစပ် အဖတ်မမှန် သဏ္ဌာန်မကပ် ဒြပ်မရ တခဏမို့ ကာလမရှည် ဖြတ်ခနဲ ဖြတ်ခနဲ ပျက်စီး၍ အချည်းနှီးသော အဖြစ်သို့ ရောက်တတ်သည်ဟု။

ဝိဒိတွာ၊ ဟိုမှာ ဒီမှာသွား လာ ရွေ့ ပြောင်း မရကောင်းဘဲ စုပေါင်းမရှိ သန္တတိအစဉ်ဉာဏ်ကုန်မြင်၍ မရိစိမ္မ်၊ တံလျှပ်အတူ လူလူအ ငွေ့ ယူ၍မ ရ ချိန် ဆပိဿာ ပြောစရာမရ၊ ပြစရာမရှိ ပဏတိသဘော၊ နသမုဒယောဟု။

ပရမတ်သဘောကို ပြောပြရမယ်ဆိုရင် တံလျှပ်ကလေးတွေ မြင်ဘူးကြလား။

အဲဒီ တံလျှပ်ကလေးတွေဟာ အခိုးအငွေ့သဘောမို့ ဒီနား ဟိုနားယူလို့ ဖြစ်တာမဟုတ်ဘူး။

နောက်ပြီးတော့ ချိန်ခွင်ပိဿာနှင့်လဲ ပြောမဖြစ်ဘူး။ တင်း နဲ့ တောင်းနဲ့လဲ ခြင်ကြည့်လို့ ဖြစ်တာမဟုတ်ဘူး။

အဲဒါလိုပါဘဲ။ ငါ့ကိုယ် ငါ့ကိုယ်လို့စွဲဆိုနေကြတဲ့ ခန္ဓာကိုယ် ခေတ်ကြီးလေးပါး ရုပ်တရားကြီးဟာလဲ။ ခေတ်တပါးစီ တပါးစီ ခွဲကြည့်လိုက်တော့ သဘောမျိုးတွေ အာထည်ခံ အမာခံရယ်လို့ ဘယ်ခေတ်ထဲမှ မပါဘူး။ အခဲအတုန်းလဲမဟုတ်ဘူး။

အခဲအတုန်းမဟုတ်တော့ ချိန်ခွင်နှင့် ချိန်လို့ကော ဖြစ်ပါ့မလား။ တင်းနှင့် တောင်းနှင့်လဲ ခြင်ကြည့်လို့မဖြစ်ဘူးဆိုတာ ရှင်းမနေဘူးလား။

အတုန်းအခဲမရတော့ ရှေ့ရုပ်တွေဟာ နောက်ရုပ်ကို စောင့်စား မနေဘဲ သူ့ရုပ်အစဉ်လေးတွေနဲ့ သူ့ အပိုင်း အပိုင်းဆိုတာကော ဉာဏ်၌ ထင်ရှားမလာဘူးလား။ ဒါကြောင့်....

**ဝိဒိတွာ၊ ဟိုမှာ ဒီမှာ သွားလာ ရွေ့ပြောင်း မရကောင်းဘဲ စုပေါင်းမရှိ သန္တတိအစဉ် ဉာဏ်ကုန်မြင်၍ မရိစိမ့်၊ တံလျှပ်အတူ လူလူအငွေ့ ယူ၍ မ ရ ချိန်ဆပိဿာ ပြောစရာမရ ဖြစ်ရာမရှိ ပကတိသဘော, နသမုဒယောဟု။**

**ပကတိသဘောကိုက တရုပ်နှင့် တရုပ် ရောစပ်လို့ ရတာမျိုးမဟုတ်ဘူး။ ရှေ့ရုပ်အစဉ်က နောက်ရုပ်ကို အရေးထားနေတာမဟုတ်ဘူး။ နောက်ရုပ်ကလဲရှေ့ရုပ်တွေကို ဂရုစိုက်နေတာမဟုတ်ဘူး။ ''ပကတိသဘော နသမုဒယော''**

လို့ ဆိုတဲ့အထိုင်း ငဲကွက်ခြင်းကင်းနေတဲ့ သဘောတရားတွေပါလား။ ငါပိုင် ငါစိုး ငါမျိုးမဟုတ်ပါလားလို့ မြင်ရင်

ကိလေသာ ဆယ်မျိုးတည်းဟူသော အနှောင်အဖွဲ့မှ လွတ်ကင်းရခဲ့ပတော့မယ်လို့ အောက်မေ့ကြ။ ဒါကြောင့်....

အဘိသမ္ဗုဓ်ခါနေ၊ အပိုင်းပိုင်း အပြတ်ပြတ် အထပ်ထပ်ဖြစ်နေဟန်ကို ဝေဘန်တိတိ ကေန်သိ၍။ မာရဿ၊ကိလေသာဆယ်မျိုး သံလွန်ကြိုးဖြင့် ဝဋ်ဆိုးသုံးတိုင် မရုံးနိုင်အောင် ချည်နှောင်ဖွဲ့တုပ် မာရ်မင်းယုတ်၏။ သံ့ပုပ္ဖကာဒနိ၊ ပန်းမာလ်နှင့်တကွ ဖြစ်ကုန်သော တောဘူမက ဝဋ်ဒုက္ခတို့ကို။ ဆေတွာန၊ ချိုးဖဲ့ဖျက်ဆီးတချက်ထည်းဖြတ်၍။

ခေတ်ကြီးလေးပါး ရုပ်တရား၏ ပကတိသဘောကိုမြင်လျှင် မာရ်မင်းပြထားသော ပျော်စရာ ပါးစရာ လှနတ်ဗြဟ္မာဆိုတာ ဘာကယ်မရှိဘူးလို့ မြင်တော့ တဏှာအစေးပြယ်ပြီမို့ ဝဋ်ဒုက္ခ ဘာရးတွေလဲ မခံစားရတော့ပါဘူး။

ချိုးဖဲ့ပြီးသွားပါဘဲ။ ဒါဖြင့် အဂမရရင် သေမင်းကြီးကော သတ်နိုင်သေးလား။ ဘူကလဲဖြစ်ပေါ်လာသော သခ်တ တရားကိုသာ သတ်နိုင်တာမို့ ခေတ်ကြီးလေးပါး ဖြစ်ပေါ် မလာရင်သူလဲသတ်ချင်လို့ ကြည့်သော်လဲ မမြင်နိုင်တော့ပါဘူး။ သေမင်းကို ရှောင်တိမ်းနိုင်သော တရားကြီးဆိုလဲ မလွဲပါဘူး။ ဒါကြောင့်....

မစ္စုရာဇဿ၊ သခ်တနိုင်ငံတော်ကြီးကို ဖိစီးမာန်ရှ နလံမထနိုင်အောင် အမြဲအုပ်ချုပ် မင်းလုပ်နေခြင်း ရှင်သေမင်းကြီး၏။

ဒီသေမင်းကြီးဟာ ဘယ်လောက် အစွမ်းကောင်းလို့နေနေ သူဟာ သခ်ဳတနိုင်ငံအတွင်းမှာသာ အစွမ်းကောင်းနိုင်တာပါ။ အသခ်ဳတနိုင်ငံကြီးကိုတော့ အစွမ်းမကောင်းနိုင်တော့ပါဘူး။ ဘာ့ကြောင့်လဲ နယ်ခြားသွားပြီမဟုတ်လား။

ဒါ့ကြောင့်.... ဒီသေမင်းကြီး အသတ်မခံရအောင် ခေတ်ကြီး လေးပါး ရုပက္ခန္ဓာရုပ်တရားကြီးမဖြစ်ပေါ်ရာ အသခ်ဳတနယ်ကြီး သွားနိုင်ဘို့ အရေးကြီးပါတယ်။ ဒါ့ကြောင့်....

မစ္စုရာဇာသ၊ သခ်ဳတနိုင်ငံတော်ကြီးကို ဖိစီးမာန်ရှ နလံမထနိုင်အောင် အဝမ္မ အုပ်ချုပ် မင်းလုပ်နေခြင်း ရှင်သေမင်းကြီး၏၊ အဒဿနံ၊ မမြင်နိုင်ရာ လွန်ချမ်း သဒ္ဒသည့်ခေမာနဂရ သီဝရိပ်ထီး အသခ်ဳတနိုင်ငံတော် ကြီးသို့။ ဂစ္ဆေ၊ မျက်မှောက်ဘဝ နှောက်မကျရလေ အောင် အပြီးတိုင် ဆိုက်ရောက်ရလေတော့သတည်း။

ခေတ်ကြီးလေးပါး ရုပ်တရား၏ အပိုင်းပိုင်းပြတ် နေသော အနိစ္စတရား, အဖန်ဖန် ပြုပြင်ရသော ဒုက္ခ တရား, သူဖြစ်ချင်တိုင်း ဖြစ်ပြီး သူပျက်ချင်တိုင်း ပျက် နေတဲ့ အနတ္တတရားကြီး လို့ မြင်ရင် ငါမျိုးထင်ပြီး ခန္ဓာကို ချစ်ခင်လာသမျှတွေဟာ ဓမ္မမျိုးကိုတဲ့တဲ့မြင်ပြီးသာယာမှု တွေ ချုပ်ငြိမ်းသွားနိုင်ပါတယ်။

သာယာမှုတွေ ချုပ်ငြိမ်းရင် စောရဗလသူခိုးကြီးကို အချစ် မှားတဲ့ ကုဋ္ဌလကေသာနှင့်လဲ မတူတော့ပါဘူး။

ကုဏ္ဍလကေသာဟာ သူခိုးကြီးရဲ့ စိတ်နေ စိတ်ထားတွေ သိတော့ ချစ်နိုင်သေးရဲ့လား။

တခါတည်း မုန်းစိတ်တွေပေါ်ပြီး သူ့ကို တွယ်တာမှုတွေ ကင်းသွားတယ်။

အဲဒါလိုပါဘဲ ခန္ဓာရဲ့ အပြစ်မြင်တော့ ဒီခန္ဓာကြီးနဲ့ မနေလိုတော့ဘူး။ လွတ်ချင်တယ်။ ကျွတ်ချင်တယ်။

သာသနာနှင့် တွေ့တဲ့အခါ ဒီခန္ဓာကြီးမှ ကျွတ်လွတ်ရအောင် အားထုတ်ကြပေတော့လို့။ ဒါကြောင့်....

**ဂဇ္ဇေ၊ မျက်မှောက်ဘဝ နောက်မကျရလေအောင် အပြီးတိုင် ဆိုက်ရောက်ရလေတော့သတည်း။**

ဂဇ္ဇေ၊ ချစ်သမီး ချစ်သား ဖြစ်ငြားခဲ့သော် ယိုင်လားယိမ်းလား မတိမ်းပါးကြတော့ဘဲ ပင်စင်အငြိမ်းစားကြီး ဖြစ်ရလေတော့သတည်း။

**ဂဇ္ဇေ၊ တခါရောက်က တခေါက်မပြန် နန်းနိဗ္ဗာန်သို့ လှမ်းစိတ်သန် ဆောင်နွဲပြီး (အောင်ပွဲကြီး) ဝင်ရောက်ရလေတော့သတည်း။ ။**

သာဓု သာဓု သာဓု။

—— ၀ ——

# ဝိပဿနာအမိုး လုံအောင်မိုး တန်ခိုးမိုးယိုပျောက်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ– တရားစကြရအောင်၊ ခုလို ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးနှင့်တကွ မိဘနှစ်ပါး ဆရာသမားတို့အား ဦးထိပ် မှာထားပြီး ဓမ္မသဝန၊ ဓမ္မဒေသနာအမှုတွေ ပြုနေကြရတယ်။

ဒါဘာ့ကြောင့် ပြုလုပ်ရပါလိမ့်မလဲလို့ ဝေ ဘန် ဘို့ဟာ အရေးအကြီးဆုံးပါဘဲ။

ဒီလိုဝေဘန်လိုက်တော့= အားလုံးဘဲ ကမ္ဘာသူ ကမ္ဘာသား လူအများတွေဟာ ချမ်းသာသုခကို လိုလားကြပါတယ်။ စိတ္တ သုခ ကာယသုခကို လိုလားကြပါတယ်။ ဒါ့ကြောင့်မို့ အဆင်းရဲ အပင်ပန်းခံပြီးတော့ တရားနာနေကြတယ်။ တရားဟောပြီးတော့ နေကြတယ်လို့ ဆိုတာ အဖြေထွက်လာပါတယ်။

မိမိရဲ့နောက်ကြောင်းတွေ ပြန်ကြည့်လိုက်တော့လဲ တရားနဲ့ ဝေးခဲ့ကြသည့်အတွက် ချမ်းသာမှုမရဘဲနှင့် ကိလေသာရဲ့ လက် တွင်းမှာ စင်းခံခဲ့ကြရတယ်။

သတ္တဝါတွေ ပူချင်လို့ ပူရတာ မဟုတ်ဘူး။ ကိလေသာ ကြောင့် မပူချင်ဘဲနှင့် ပူနေကြရတာ။

ကိလေသာတရားဟာ သတ္တဝါတွေကို ပူဖန်စေတတ်တဲ့တရား, ပူပန်စရာ့တရား, ပူပန်မယ်ဟာ့တရား၊ သတ္တဝါတို့ရဲ့ စိတ်မှာ သောက ပရိဒေဝတွေ ဖြစ်နေရတာဟာ ကိသာကြောင့် ပါဘဲ။

ဒါ့ကြောင့်.... လယ်တီဆရာတော်ဘုရားကြီးရဲ့ ပရမတ္ထသံခိပ် ကျမ်းမှာ - **ပူပန်ညစ်ကျူ၊ နှိပ်စက်မှု၊ ဆယ်ခုကိလေမှတ်** လို့ ဆုံးမခဲ့တယ်။ သတ္တဝါတွေ စဉ်းစားကြည့်ပါလား။ လောဘ ကြောင့်ပူရ၊ ဒေါသကြောင့်ပူရ၊ ပူနေရတာဘဲ။

ဒါပေမဲ့ ကမ္ဘာသူ ကမ္ဘာသား လူအများတွေဟာ ပူရတာ ဟာ ငါ့သန္တာန်မှာရှိတဲ့ ကိလေသာကြောင့်မထင်ဘူး။ သား ကြောင့် သမီးကြောင့် ဆွေကြောင့် မျိုးကြောင့်လို့၊ ဟောဒါ လို ဗဟိဒ္ဓမှာ ရန်သူရှိတယ် ထင်နေကြတယ်။

ရန်သူအစစ်က မိမိရဲ့သန္တာန်မှာ အထင်အရှားဘဲ မဟုတ် လား။ ဒါဖြင့် သတ္တဝါတို့ရဲ့ သန္တာန်မှာ ပူပန်စေတတ်သော တရား ဘယ်နှစ်ပါးရှိလဲလို့ စစ်ကြည့်လိုက်တော့....

(၁၀)ပါးရှိပါတယ်။ အဲဒီ (၁၀)ပါးကို အလွယ်ဆုံးအား ဖြင့် ရေတွက်တတ်အောင်လို့ လယ်တီဆရာတော်ဘုရားကြီးက သံခိပ်မှာ - **ဟိတ်ကြီးတြိ၊ မာန်ဒိဝိ၊ ထိဥဒ် ဟိနော့တ္တပ်** လို့ ဆုံးမခဲ့တယ်။

ရှင်းရှင်း ရေတွက်ပြရမယ်ဆိုရင် **လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိဝိစိကိစ္ဆာ၊ ထိန ဥဒ္ဓစ္စ အဟိရိက အနော့တ္တပ္ပ** ရယ်လို့ [၁၀]ပါးရှိပါတယ်။

ဒီကိလေသာ [၁၀]ပါးဟာ သတ္တဝါတို့ရဲ့ သန္တာန်မှာ အမြဲမပြတ် ဖြစ်နေကြတဲ့ တရားမျိုးတွေဘဲ။

အကြောင်းမတော်သေးလို့ မဖြစ်သေးသော်လဲ အကြောင်းတော်ရင် ဖြစ်ဘို့ မိမိသန္တာန်မှာ အမြဲကိန်းနေတဲ့ အကိန်းခတ် အနုသယ ကိလေသာကြီးကတော့ မဂ်နှင့် မပယ်နိုင်သေးသမျှ ဘယ်အချိန်မှ ကင်းကွာမနေဘူး။ အမြဲရှိနေတယ်။

ကိလေသာနှင့် ပြောကြစို့ ဆိုမြန်တော့ မကုန်နိုင်ပါဘူး။ အလွန်ကြောက်စရာ ကောင်းပါတယ်။

သတ္တဝါတွေ တလူးလူး တလဲလဲနှင့် ခံလာကြရတာ။ ခုလဲ ခံရတုန်းဘဲ။ နောင်လဲ ဒီလိုနေကြရင် - ဒီအတိုင်း ဖြစ်မှာဘဲ။

ပေါ့ပေါ့လေးတော့မရဘူးပေါ့။ ကိလေသာတွေက အလွန်များပြားတယ်။ နောက်ပြီးတော့— ဘုံအားဖြင့် ကြည့်မယ် ဆိုရင်လဲ အနုသယဘုံ ပရိယုဋ္ဌာနဘုံ ဝီတိက္ကမဘုံလို့ (၃)မျိုး ရှိတယ်။

တရားမသိသမျှ ကာလပတ်လုံး ဒီကိလေသာ ရေယဉ်ကြောမှာ မျောနေကြတာဘဲ။ ဒါကြောင့်....

> **တရားမသိကြရင်ဖြင့်၊ တငါငါ ဝဋ်ဘေးလမ်းက ကျယ်။ တရားသိကြပါမှ၊ အရာရာလွတ်အေး ချမ်းသာမယ်။**

သံသရာကစပြီး ခုချိန်ထိအောင် ဝဋ်ဘေးလမ်းတွေ ကျယ်မနေကြဘူးလား။ ဝဋ်လမ်းကြီးကို သွားလို့မဆုံးနိုင်ဘူး။

ဒါကြောင့်.... 'မြတ်စွာဘုရား သာသနာနှင့် တွေ့တဲ့အခါ တရားသိအောင် အားထုတ်ကြဟဲ့၊ တရားရှုပွားကြဟဲ့' နှင့် ဆရာသမားတွေ ဆုံးမကြတာပေါ့။

တရားသိမှ အေးကြမှာ မဟုတ်လား။ တရား သိကြတဲ့ သောတာပန်သကဒါဂါမိ်အနာဂါမိ် ရဟန္တာအရှင်မြတ်ကြီးတွေမှာ အေးမသွားကြဘူးလား။ ကိုယ်တိုင်ကိုယ်ကျ အေးသွားကြတာ။ ဒါကြောင့်—

တရားမသိကြရင်ဖြင့် တငါငါဝဋ်ဘေး လမ်းကကျယ် တရားသိကြပါမှအရာရာလွတ်အေး ချမ်းသာမယ် အစဉ်မရတဲ့ သင်္ခတနယ် မြင်သမျှ မောပန်းခဲ့ရတယ်။

ရုပ်နာမ်သဘာဝ ဖြစ်ပျက်နေကြတဲ့ သင်္ခတ တရားတွေကို အကောင်အထည်ထင်ပြီးတော့ မောပန်းခဲ့ရတယ်။ ဒါကြောင့်...

အစဉ်မရတဲ့ သင်္ခတနယ် မြင်သမျှမောပန်းခဲ့ရတယ်။ အမောပြေစရာ ဖြေရမဲ့ သာသနာချိန်ခါ ရှိတုန်းဝယ်၊ ဝိပဿနာဉာဏ်လက်ရုံးနှင့် ထင်လုံးတွေ မှုန်း ကြေပစ်ကာပယ်။

လို့.... ကိလေသာရဲ့ ထင်လုံးတွေပျောက်မှ အမောအပန်း ကလဲ ပြေကြမှာကိုး။

ကိလေသာတွေကလဲ ကြောက်စရာကောင်းတာ။ ဘယ်လို လုပ်ပါ့မလဲ၊ အနာရှိ ဆေးရှိရမှာပေါ့။ ကြောက် စ ရာ မ လို ပါဘူး

"**အနာနှင့် ဆေးတဲ့အောင်ပေး ပျောက်ရေးမခက်ပါ**" လို့ အဆိုရှိတယ် မဟုတ်လား။

ကိလေသာ အနာကို ပျောက်နိုင်တဲ့ဆေးက အခြားမဟုတ်ပါဘူး။ မဂ္ဂင်ရှစ်ပါးဆေးတော်ကြီးပါ။

ကိလေသာ နေရာမှာ မဂ္ဂင်အစားထိုးရမှာပါ သတိနှင့် ဆင်ခြင်၍ အားထုတ်သွားကြရင် သူ့ကိလေသာနှင့် သူ့မဂ္ဂင် သူ့အနာနှင့် သူ့ဆေးတန်းနေတာပါဘဲ။

ဒါ့ကြောင့်.... မိမိတို့သန္တာန်မှာ မဂ္ဂင်ပေါ်ဘို့ အရေးကြီးပါတယ်။

မြတ်စွာဘုရားကလဲ ဒါနပြုတိုင်း **သီလစောင့်တိုင်း ဘာဝနာပွားတိုင်း မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖေါင်ကြီးဖွဲ့ကြ၊ အမှုမဲ့ အမှတ်မဲ့များ မပြုကြလေနှင့်** လို့

သံသာရံ တရဏတ္ထာယ၊ မဟောလုမ္ပာနိ ဗန္ဓထ။
ဘာဝနာ ဒါန သီလေဟိ၊ တိဝိတ္ထိန္နော မဟဏ္ဏဝေါ။
သံသာရံ၊ သံသရာကြီးကို။ တရဏတ္ထာယ၊ ကူးမြောက်ရခြင်းငှာ။ ဘာဝနာ ဒါန သီလေဟိ၊ ဘာဝနာတရား ဒါနတရား၊ သီလတရားတို့ဖြင့်။

မဟောလုမ္ပာနိ၊ မဂ္ဂင်ရှစ်သီး ဖေါင်တော်ကြီးတို့ကို။ ဗန္ဓထ၊ ဖွဲ့နှောင်ချည်တုပ်ကြကုန်လော။ မဟဏ္ဏဝေါ၊ သမုဒ်ပမာ သံသရာသည်။ တိဝိတ္ထိန္နော၊ အစောက် အနံ အလျား ကျယ်ဝန်းလှ၏။

လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

မိမိတို့ကျင်လည်နေကြတဲ့ သံသရာဟာ ဘယ်လောက်ကျယ်ဝန်းပါသလဲဆိုတော့ **သမုဒ္ဒပမာ သံသရာ** လို့ ဆိုတဲ့ အတိုင်း အလွန်ကျယ်ဝန်းပါတယ်။ အလွန်လဲ ကြောက်စရာကောင်းတဲ့ သံသရာကြီးပါဘဲ။ ဒီကျယ်ဝန်းသော သံသရာကြီးထဲမှာ ဘာ့ကြောင့်ရောက်နေရသလဲ။ ဘယ်သူပို့ပေးသလဲလို့ ကြည့်လိုက်တော့ ကိလေသာကြောင့်ရောက်နေတယ်။ ကိလေသာကပို့ပေးတယ်ပေါ့။ ဒါဖြင့် ကိလေသာသေတ္တို အရေးမကြီးဘူးလား။ သိပ်အရေးကြီးဘာပေါ့။ **"ရင်ဝလှံစူး ထိပ်ဦးမီးလောင်"** တဲ့။ ဒါတွေပြောနေရင် ဆုံးမှာကိုမဟုတ်ဘူး။

ကဲ....အစကပြောတဲ့ ကိလေသာသတ်နည်းလေး ပြန်ဆက်ကြအုံးစို့လား။ ကိလေသာက ဘုံအားဖြင့်ဘယ်နှစ်မျိုးဘဲ့(၃)မျိုးမှတ်ခဲ့နော်။သူ့ကိလေသာနှင့် သူ့မဂ္ဂင်သတ်သွားရအောင်၊ ရှေးဦးစွာ ဝီတိက္ကမ ကိလေသာကို ဘယ်မဂ္ဂင်နှင့် သတ်ရမလဲဆိုတော့ သီလက္ခန္ဓမဂ္ဂင်သုံးပါးနှင့်သတ်ရမယ်။

**ဝီတိက္ကမကိလေသာ** ဆိုတာက ကိုယ်ဖြင့် နှုတ်ဖြင့် လွန်ကြူးသောင်းကျန်းသော ကိလေသာ။ နှုတ်ဖြင့် **မုသာဝါဒ** မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း။ **ပိသုနဝါစာ** သူတပါးတို့၏အချစ်ကို ချောပစ်ဂုံးတိုက်ခြင်း ။ ဝါ၊ စိတ်ဝမ်းကွဲအောင်ပြောဆိုခြင်း။ **ဖရုသဝါစာ** လှသွားကဲ့သို့ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း။ **သမ္ဖပ္ပလာပ** ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း။ ဒီ (၄) ပါးဟာ နှုတ်က ဖြစ်ပွားနေသော ဝီတိက္ကမကိလေသာပါဘဲ။

ကိုယ်ဖြင့်ကြူးလွန်သော ကိလေသာများကတော့ **ပါဏာတိပါတ** သူတပါးအသက်ကိုသတ်ခြင်း။

**အဒိန္နာဒါန** သူတပါးဥစ္စာကိုခိုးယူခြင်း။ **ကာမေသုမိစ္ဆာစာရ** သူသားအိမ်ယာကို ကြူးလွန်မှောက်မှားခြင်း။ ဒီ ( ၃ ) ပါးက ကိုယ်ဖြင့်ပစ်မှားလွန်ကြူးသော ဝီတိက္ကမ ကိလေသာပါဘဲ။

ဒီလိုကိုယ်နှုတ်ဖြင့်ကြူးလွန်သောင်းကျန်းသောကိလေသာများကို ဘယ်သီလနှင့်သတ်ရမှာတဲ့လဲ။

သီလမဂ္ဂင်နှင့်သတ်ရမယ်လို့ ပြောခဲ့တယ်။ သီလမဂ္ဂင်ဆိုတာ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဒီသုံးပါးကို သီလမဂ္ဂင်ခေါ်တယ်။

သူ့ရဲ့သဘောတရားကို ပြောရမယ်ဆိုရင်...

**သမ္မာဝါစာမဂ္ဂင်ကံ**၊ နိယတ္တ နိဗ္ဗာန်၊ ဓမ္မပုဒ္ဓ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ဝစီဒုစရိုက် (၄)ပါးကိုရှောင်ကြဉ်နိုင်မှု၊ ထိန်းသိမ်းနိုင်မှု **သမ္မာဝါစာမဂ္ဂင်ကြီး**တပါး။

**သမ္မာကမ္မန္တမဂ္ဂင်ကံ**၊ နိယတ္တ နိဗ္ဗာန် ဓမ္မပုဒ္ဓ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ကာယဒုစရိုက် (၃) ပါးကို ရှောင်ကြဉ်နိုင်မှု ထိန်းသိမ်းနိုင်မှု **သမ္မာကမ္မန္တ မဂ္ဂင်ကြီး**တပါး။

**သမ္မာအာဇီဝ** မဂ္ဂင်ကံ၊ နိယတ္တ နိဗ္ဗာန်၊ ဓမ္မပုဒ္ဓ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ဝစီဒုစရိုက် (၄)ပါး။ ကာယဒုစရိုက်(၃)ပါး။ ဤ(၇)ပါးတို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်နိုင်မှု၊ ထိန်းသိမ်းနိုင်မှု **သမ္မာ အာဇီဝ မဂ္ဂင်ကြီး**တပါး။

ဒီ မဂ္ဂင်(၃)ပါးဟာ သီလနယ်ကနေပြီး ကြူးလွန်သောင်း ကျန်းလာသော ဝီတိက္ကမ ကိလေသာရန်သူများကို တွန်းလှန်နေသော မဂ္ဂင်ကြီးပါဘဲ။

တနည်းအားဖြင့်လဲ ဝီတိက္ကမ အနာဆိုးကြီးကိုပျောက်ကင်းစေနိုင်သော ဆေးတော်ကြီးပါဘဲ။

ဒါက ဝီတိက္ကမကိလေသာကို သီလမဂ္ဂင်နှင့်သတ်ပုံ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကိလေသာ (၃)မျိုးထဲက **ပရိယုဋ္ဌာန ကိလေသာ** ကို သတ်ဘို့ကျန်သေးတယ်။

ဒီ ပရိယုဋ္ဌာနကိလေသာကို ဘယ်မဂ္ဂင်နှင့်သတ်မလဲ ဆိုတော့ **သမာဓိက္ခန္ဓ** မဂ္ဂင်(၃)ပါး နှင့် သတ်ရလိမ့်မယ်။

အသတ်ခံရမဲ့ ပရိယုဋ္ဌာန ကိလေသာဆိုတာ ဘယ်လိုဟာလဲ ဆိုတော့ စိတ်ထဲမှာဖြစ်နေတဲ့ **အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ**။ ဒီ (၃)ပါးဟာ ပရိယုဋ္ဌာန ကိလေသာပါဘဲ။

သူ့ကိုနိုင်တဲ့ မဂ္ဂင်ကတော့

**သမ္မာဝါယာမ** မဂ္ဂင်၊ နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် အားထုတ်နိုင်မှု ကြိုးစားနိုင်မှု သမ္မာဝါယာမ မဂ္ဂင်ကြီးတပါး။

**သမ္မာသတိ**မဂ္ဂင်၊ နိသတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ဆင်ခြင်နိုင်မှု အောက်မေ့နိုင်မှု သမ္မာသတိမဂ္ဂင်ကြီးတပါး။

**သမ္မာသမာဓိ**မဂ္ဂင်၊ နိသတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် စိတ်ကို တည်တံ့စေနိုင်မှု ခိုင်မြဲစေနိုင်မှု သမ္မာ သမာဓိမဂ္ဂင်ကြီးတပါး။

ဒီ သမာဓိမဂ္ဂင်(၃)ပါးဟာ သမာဓိနယ်ကနေပြီး စိတ်ထဲမှာ ဖြစ်ပေါ်နေသော ပရိယုဋ္ဌာန ကိလေသာများကို သမထ(၄၀) ထဲက တမျိုးကို အာရုံစူးစိုက်နှလုံးသွင်းပြီး သမာဓိဖြစ်အောင် စိတ်တည်ကြည်အောင် စိတ်ကလေးဘယ်မှမသွားအောင် (၄၀) သော သမထထဲက တပါးပါး အားထုတ်ရလိမ့်မယ်။

**သမထ (၄၀)ဆိုတာ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး အနုဿတိ ၁၀ ပါး၊ အပ္ပမညာ ၄-ပါး၊ ဗြဟ္မာ့ဝိဟာရတရား ၄-ပါးလို့ လဲခေါ်တယ်။ ဧကသညာ တပါး အာဟာရေပဋိကူလ သညာလဲခေါ်တယ်။ ဓာတ်ကြီးလေးပါးကို ပိုင်းခြားတဲ့ စတု ဓာတုဝ ဝတ္ထာန် ၁-ပါး၊ အာရုပ္ပလေးပါး။ ပေါင်းလိုက်တော့ သမထ ကမ္မဋ္ဌာန်(၄၀)ဖြစ်ပါတယ်။**

ခုပြောခဲ့တာတွေက သမထ (၄၀)။ ဝိပဿနာ ဘာဝနာ (၄၀)က ရှိသေးတယ်။ လွှဲလဲနေအုံးမယ်။

အဲဒီ သမထ ကမ္မဋ္ဌာန်း(၄၀)ထဲက တပါးပါးကို အားထုတ် ရှုပွါးနေရင် မနောဒွါရမှာဖြစ်ပွားနေတဲ့ ပရိယုဋ္ဌာန ကိလေ သာခေါ်တဲ့ **အဘိဇ္ဈာ၊ သူတပါးဥစ္စာကို ငါဟာဖြစ်လျှင်ကောင်း လေစွဟု အောက်မေ့ခြင်း။**

**ဗျာပါဒ၊ သူတပါးအသက်ကို သေစေလိုခြင်း။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် နှလုံးသွင်းခြင်း** ထို့ဆိုတဲ့ တရားတွေ ဖြစ်နိုင် ပါ့အုံးမလား။ တကယ်ကမ္မဋ္ဌာန်းအာရုံရနေရင် မဖြစ်ဘူးရှင့် နော်။

ဒီတော့ မဂ္ဂင်(၃)ပါးဟာ ပရိယုဋ္ဌာန ရန်သူကို တိုက်ဖျက်နိုင်သော လက်နက်ကြီးတမျိုးပါဘဲ။

တနည်းအားဖြင့်လဲ ပရိယုဋ္ဌာန ကိလေသာရောဂါ များကို ပျောက်ကင်းနိုင်သော ဆေးတော်ကြီးဆိုလဲမလွဲပါဘူး။

သီလက္ခန္ဓမဂ္ဂင်(၃ ပါး၊ သမာဓိက္ခန္ဓမဂ္ဂင်(၃)ပါး။ ဒီတရားများက သူ့တာဝန်နှင့်သူ သတ်လာကြတာ၊ ကိလေသာနှစ်မျိုးတော့သေလောက်ပါပြီ။ အမြစ်အရင်းအကျဆုံးဖြစ်တဲ့ အနုသယကိလေသာကျန်သေးတယ်။ အဲဒီကိလေသာကိုတော့ ပညာက္ခန္ဓမဂ္ဂင်နှစ်ပါး ပညာနှင့်သတ်မှ သူကသေမှာ။ ပေါ့ပေါ့နှင့်တော့ မရသေးဘူး။

အနုသယကိလေသာဆိုတာ ကိလေသာတရား အစားစားတို့ရဲ့ မူလအရင်းအကျဆုံးသော ဝီတိက္ကမပရိယုဋ္ဌာန ကိလေသာတရားတွေရဲ့ ဖြစ်စရာသဘော ဖြစ်မဟာသဘော မဟုတ်လား။ အဲဒီ ဖြစ်စရာသဘော ဖြစ်သော အနုသယကို ပညာက္ခန္ဓမဂ္ဂင်(၂)ပါးနှင့် သတ်ရလိမ့်မယ်။ ပညာက္ခန္ဓမဂ္ဂင်ဆိုတာ။

သမ္မာဒိဋ္ဌိမဂ္ဂင်၊ နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်မှု၊ ထင်လင်းနိုင်မှု သမ္မာဒိဋ္ဌိမဂ္ဂင်ကြီးတပါး။

သမ္မာသင်္ကပ္ပမဂ္ဂင်၊ နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ကြံစည်နိုင်မှု ဝေဘန်နိုင်မှု သမ္မာသင်္ကပ္ပမဂ္ဂင်ကြီးဘပါး။

ဒီမဂ္ဂင်နှစ်ပါးဟာ အနုသယ ကိလေသာတရားတွေကို အမြစ်ပါ ခုတ်ချေချနိုင်တဲ့ အမြင်တရားကြီးပါဘဲ။ ဒီပညာက္ခန္ဓ မဂ္ဂင် (၂)ပါးအမြင်ပေါက်ခဲ့ရင် ကိလေသာ ဘယ်တော့မှ အညွန့် အညှောက် မပေါက်နိုင်တော့ဘူး။

လောကဥပမာ ပြောရမယ်ဆိုရင် သစ်ပင်များ အမြစ်က တူးခုတ်ထားသလိုပေါ့။ သန့်စွမ်းခြင်းသို့ မရောက်နိုင်တော့ဘူး။

ဒါကြောင့် မဂ္ဂင်ရှစ်ပါးထဲမှာ အရေးအကြီးဆုံး မဂ္ဂင်ဟာ ဟောဒီ ပညာမဂ္ဂင်ပါဘဲ။ နိဿတ္တ နိဇ္ဇီဝကျအောင်မြင်နေရင် ကာယဝစီဖြင့်သောင်းကျန်းသော စိတ်ကြမ်၊ မနောဖြင့်သောင်း ကျန်းသော ပရိယုဋ္ဌာန။ ဒါတွေလဲ သေပြီးသွားဘဲ။

လောကဥပမာနည်းပြောရရင် ရထားကြီးမှာ ဘယ်ဟာအရေးအကြီးဆုံးလဲ။ ခေါင်းတွဲကြီးဟာ အရေးအကြီးဆုံးပါ။

သူမြန်လျှင် နောက်တွဲတွေမြန်တယ်။ သူနှေးလျှင် နောက်တွဲတွေ နှေးတာဘဲ။ ခေါင်းကြီးရပ်ရင် နောက်တွဲတွေ အကုန်ရပ်ရတယ်။

ခေါင်းတွဲကြီးသွားမှဘဲ နောက်တွဲတွေ အကုန် ပါသွားရတော့တယ်။

အဲဒီဥပမာလိုဘဲ ပညာက္ခန္ဓာမဂ္ဂင်နှစ်ပါး ပညာနယ်ကဦးစီးထားလိုက်တော့ နောက်က သီလမဂ္ဂင် သမာဓိမဂ္ဂင် တွေဟာ ပြီးပြီးသွားပါ။

ဒါ့ကြောင့် ကိလေသာနေရာ ပညာအစားထိုးထားတတ်ကြ တို့ ပညာမဂ္ဂင်ပေါ်လာကြတို့ အလွန်အရေးကျူးပါတယ်။

ပညာမပါရင် သီလနှင့်ကိလေသာ သတ်နေကြ ပြန်တော့လဲ ယနေ့တော့ သီလကြီးနဲ့မို့ဆိုတော့ နောက်နေ့ကျ ခိုးမယ်သတ် မယ်ဆိုတာ မပြောဘဲနဲ့ သိမနေဘူးလား။

ဒါ့ကြောင့် နိဿတ္တ နိဇ္ဇီဝတရားကို အမှန်သိ အမှန်မြင်ဖြစ် တဲ့ ပညာတရား အရေးကြီးပါတယ်။

အမှန်မြင်တရားကြီး မိမိသန္တာန်မှာကိန်းနေရင် ကိလေသာ တွေ မဝင်နိုင်တော့ဘူး။

ဒါကြောင့် မြတ်စွာဘုရားက လောကမှာ အမိုးရှိသောအိမ် နှင့် အမိုးမရှိသောအိမ်လို ဥပမာထားပြီး ဓမ္မပဒမှာ....

**ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။**
**ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။ ။**

လို့ဟောကြားတော်မူတယ်။ဒိဂါထာတော်ကြီးဟောတော်မူရ ခြင်းအကြောင်းရင်းကတော့ ညီတော်မင်းနန်ချတ်ခန်း အားလုံး ကြားဘူးကြသားဘဲ။ အထူးပြောနေဘို့တောင် မလိုလောက် ပါဘူး၊

ဒါပေမဲ့ အနည်းငယ်တော့ ပြောပြရသေးတာပေါ့။

ညီတော် ဘုရားနောက်ပါသွားတာဘယ်အချိန်လဲ လက်ထပ် တုန်းအချိန်လို့ အားလုံးကြားဘူးကြတယ်။

ဒါ့ကြောင့် ညီတော်ရဟန်းဘောင်ရောက်ရပေမဲ့ မကြည်မသာ မရွှင်မပြ သမဏာသုခကြီးဘယ်လောက်ကြီးကျယ်နေနေ၊ သူ့မှာတော့ ဒုက္ခအတိဖြစ်နေတယ်။

ဘာကြောင့်လဲ **ဇနပဒကလျာဏီကို လွမ်းတာကိုး** ဒီဒဏ်ချက်ကရှိနေတော့ တနေ့မှစိတ်မအေးနိုင်ဘူး။

ဒါပေမဲ့ ဘုရားရဲ့ညီတော် ဆိုတော့ အထင်ကြီးကြတယ်။ ဒါ့ကြောင့် သီတင်းသုံးဘော်ရဟန်းတော်တွေက ညီတော်ရဟန်းဘောင်ပျော်တယ်မဟုတ်လား။ ပျော်စရာကြီးပါ အရှင်ဘုရားတို့မှာ ဆွေကြီးမျိုးကြီး သာကီဝင်အစစ်၊ နောက်ပြီး ဘုရားညီလဲဖြစ်တော့ ပျင်းစရာမရှိပါဘူး....လို့ သီတင်းသုံးဘော်တွေက ပြောကြတယ်။ သူ့မှာက တနေ့မှ သာသနာဘောင် စိတ်မဝင်စားဘူး။ သူဝင်စားနေတာက နန်းတော်ရှာ ကျန်ရစ်ခဲ့ရတဲ့ နှမတော် ဇနပဒကလျာဏီဘဲ။

ဒါ့ကြောင့် ရဟန်းတော်တွေကမေးလျှောက်တိုင်း ပျော်ရဲ့လား မပျော်ဘူးဘဲပြောတယ်။

သူမှမပျော်တာ မပျော်ဘူးဘဲပြောမှာပေါ့။

ဒါနဲ့ မြတ်စွာဘုရား ညီတော် သာသနာဘောင်မပျော်ရင် စိတ်ပြေလက်ပျောက်ပေါ့လေ။ ရှင်းရှင်းပြောရင် တာဝတိံသာ နတ်ပြည်သို့ တန်ခိုးဖြင့် ကြွသွားတော်မူရရှာတယ်။ တာဝတိံသာနတ်ပြည်သို့ရောက်ပြန်တော့ နတ်သမီးတွေပြရတယ်၊ နတ်သမီးတွေမြင်တော့ ညီတော်ဟာ နတ်သမီး လိုချင်ပြန်တာဘဲ၊ ညီတော်လို့ ပြောရတာပေါ့လေ။ **ရူပတဏှာ** ပါဘဲ။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါဘူး။

နတ်သမီးတွေမြင်ကထဲက တပ်မက်နှစ်သက်တဲ့စိတ်တွေဖြစ်နေတာကို မြတ်စွာဘုရားသိတော်မူတယ်။

လိုချင်နေမှန်းသိတော့ တရားရောက်စေခြင်း အကျိုးငှာ တရားပေါက်စေခြင်းအကျိုးငှာ နတ်သမီးလာတဲ့ ဂါထာလို့ ဗုဒ္ဓပရိယာယ်ဖြင့် ညီတော်အား တရားအလုပ် ပေးရရှာတယ်။

ညီတော်လဲ နတ်သမီးလိုချင်ဇောနှင့် မရ ရအောင်ကျက်။ ရလာသောအခါ သဘောပေါက်အောင်တွေး၊ ဒီတော့မှ တရားထူးရပြီး ဇနပဒကလျာဏီကို မလွမ်းတော့ဘူး။ နတ်သမီးလဲ မလိုချင်တော့ဘဲ သာသနာဘောင်မှာ ပျော်ရွှင်စွာ နေသွားတယ်။

တခြားသော ရဟန်းများက **ဘယ့်နှယ်လဲ** ညီတော်ရဟန်းဘောင် ပျော်ပါရဲ့လားလို့ မေးတော့- မှန်လှပါ၊ တပည့်တော် ရဟန်းဘောင် ပျော်ပါ၏ ဘုရားလို့ လျှောက်ထားတော့ အရင်တခါမေးတုန်းကတော့ မပျော်ဘူးပြောတယ်။ ခုတော့ ပျော်တယ်လို့ ပြောတယ်။ စကားနှစ်မျိုး ပြောပါလားလို့ဆိုပြီး ရဟန်းအပေါင်းတို့သည်— မြတ်စွာဘုရားအား မှန်လှပါ ညီတော်ဟာ တချိန်တုန်းကတော့ မပျော်ဘူးပြောတယ်။ ခုကြတော့ ရဟန်းဘောင် ပျော်တယ်ပြောပြန်၊ စကားနှစ်မျိုးပြောနေပါတယ်ဘုရားလို့ လျှောက်ထားကြတော့= မြတ်စွာဘုရားက ချစ်သားတို့ ညီတော်ဟာ နောင်တချိန်တုန်းကတော့ ဥပမာ ပြောရမယ်ဆိုရင် **လောကမှာ အမိုးမရှိသောအိမ်** မြင်ဘူးကြတယ် **မဟုတ်လား**။

အဲဒီအမိုးမရှိသော အိမ်ဟာ ဘယ်ချိန်မဆို မိုးရေတို့ဖြင့် စိုရွဲရတယ်။

အမိုးရှိသော အိမ်ကျတော့ ဘယ်ခါချိန် မိုးရွာရွာ မိုးမရွဲတော့ဘူး။

အဲဒီဥပမာအတူ ညီတော်ဟာ ခုတော့တရားရှိပြီး အမိုးရှိသော အိမ်နှင့်တူနေပြီ။ နောင်တချိန်တုံးကတော့ ဝိပဿနာတည်းဟူသော အမိုးမရှိ၍ ကိလေသာရာဂတရားတွေ အမြဲဝင်ပြီးပူးနေတယ်။ စိုရွဲနေတယ်။ ဒါကြောင့် - သာသနာဘောင်မပျော်နိုင်ဘူး။

ဒါကြောင့်.... ချစ်သားတို့လဲ ကိလေသာ တည်းဟူသော မိုးရေမိုးပေါက်တို့ဖြင့် မစိုရွဲရအောင် ဝိပဿနာတည်းဟူသော အမိုးကို လျင်မြန်စွာမိုးကြ လို့ မြတ်စွာဘုရားက ဒုစ္ဆန္ဒ၊တန်ခိုးဂုဏ်အို၊ အရိုးပုံသလို အမျိုးမျိုးအဖုံဖုံ မိုးမလုံသော၊ အဂါရဲဒိုးယိုခရိုး မိုးယိုစီးလျှက် အဘိုးချို အချိန်မစီးတဲ့ အိမ်အိုကြီးကို။

ဝုဋ္ဌိ၊ ဒိုးဒိုး ဒေါက်ဒေါက် တဖြိုးဖြိုး တဖြောက်ဖြောက်နှင့် မိုးရေမိုးပေါက်သည်။

သမတိ၊ ဝိဇ္ဈတိယထာ၊ အချိန်မဆိုင်း မိုးရွာတိုင်း၌ သာလျှင် ထိုင်းမှိုင်းအလိုမပြီး၊ တစိုစိုတဒီးဒိး ယိုစီးကြလေသကဲ့သို့။

လောက အမိုးမရှိသော အိမ်အိုကြီးကို မြင်ဘူးကြမယ်ပေါ့။ အမိုးကလဲမရှိ၊ အခြင်လေးမှ ကျိုးတိုကြဲတဲ့။ အဲဒီအိမ်ကြီးမှာ ဘယ်အချိန်မဆို မိုးရွာတိုင်း အရွှဲခံရတယ်။

အမိုးရှိတဲ့ အိမ်ကျတော့ ရွာချင်လောက်ရွာ ကိစ္စမရှိဘူး။ အဲဒီ ဥပမာ ပုံများ မိမိတို့ ခန္ဓာကိုယ် စိတ်အိမ်ကြီးမှာလဲ။ ဝိပဿနာရှုမှု ပွားမှုအမိုးအရေးမကြီးပေဘူးလား။ ဒါကြောင့်....

စေတတော၊ အိမ်အိုကြီးနှင့် ပုံမိုးဘိုယ ထိုအတူ။

အိမ်အိုကြီးကို ဥပမာထားပြီး အိမ်ကြီးအိုရင် မိုးရေတွေဝင်သလို ငါတို့ရဲ့စိတ်မှာလဲ ရှုမှု ပွားမှု အားထုတ်မှုအမိုးမရှိလျှင် ကိလေသာ ရာဂတည်းဟူသော မိုးရေ မိုးပေါက်တွေ ဝင်မှာပါလို့ ကိုယ့်ရှင်ကိုယ်သတိထားပြီး ပွားများမှုအမိုးကိုသာ ပမာနထားပြီးအားထုတ်ကြ ရုံပါဘဲ။ ဒါကြောင့်....

စေတတော၊ အိမ်အိုကြီးနှင့် ပုံမိုးဘိုယ ထိုအတူ။
အဘာဝိတံစိတ္တံ၊ ဝိပဿနာအမိုး ကျိုးကျိုးကျဲကျဲနှင့်
မမြဲအခု ဒုက္ခတခု၌ ပွားမှု ရှုမှုကင်းစိတ် အဖြင့်ကို။

ရာဂေါ၊ မိုးပေါက်ပမာ တဏှာစသော ကိလေသာအမှား သည်။

သမတိဝိဇ္ဈတိ၊ မြင်သိရာမှာ တငါငါ မြင်တိုင်းမြင်တိုင်း ကိလေသာ၊ စိတ်အိမ်အိုမှာ မရှုပါ၊ ငါမိုးသူမိုးရွာ ကြားသိရာမှာ တငါငါ ကြားတိုင်းကြားတိုင်းကိလေသာ၊ စိတ်အိမ်အိုမှာ မရှုပါ၊ ငါမိုးသူမိုးရွာ။

ခြောက်ဒွါရ ခြောက်ဌာနမှာ၊ စက္ခုဒွါရက မြင်လိုက်တယ် ဆိုပါတော့ မြင်လိုက်တဲ့အခါ **အမြင်ခံတာရုပ်တရား သိမြင်မှုကနာမ်တရား** လို့ ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်ပေါက်ပွားနေတဲ့ သဘောတရားကို ပိုင်နိုင်စွာ ပရိညာဉာဏ်နှင့် မသိလိုက်ရင် ဒါမြင်တိုင်းမြင်တိုင်း ကိလေသာတရားဖြစ်ပွားနေတယ်။

ကိလေသာ တည်းဟူသော မိုးရေ မိုးပေါက်တို့ဖြင့် စိုရွဲနေတယ်လို့ ဆိုလိုတာပေါ့။ ဒါ့ကြောင့်....

**ခြောက်ဖြာအာရုံ ခြောက်ပုံအာရမ္မဏ်ကာ၊ ခြောက်ဝ ဒိဋ္ဌိ ခြောက်ပါး ဖိသဖြင့် ခြောက်သတိ ကင်းပျောက် ခြောက်တဏှာဝင်ရောက်၍ကြောက်စရာအမြင်အမှောက် တွေ့ကြောင့် ထင်သလောက်အသိ ဖြိုးမောက်မှုမရှိ တော့ဘဲ ဒိဋ္ဌိမိုးပေါက် တန်ခိုးတောက်ကာ ထိုးဖေါက် နှိပ်စက် နေလေတော့သတည်း။**

ဖြစ်ပေါ်နေကြတာကတော့ ခြောက်ပါးသော ဒွါရမှာ ခြောက်ပါးသော အာရုံတရားတွေတိုက်လို့ ခြောက်ပါးသော ဝိညာဉ်တွေ ပေါ်နေကြတာ။ ခြေ - သူ့ဒွါရနှင့် သူ့အာရုံ သူ့ဝိညာဉ် အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေကြတာပါလား။ ဒီထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါပါလားလို့ မရှုနိုင်တော့ ခြောက်ပါးသော ဒွါရမှာ ရူပဒိဋ္ဌိအစရှိတဲ့ ဒိဋ္ဌိ ခြောက်ပါး ဝင်တော့တာပေါ့။

**ခြောက်ပါးသော ဒိဋ္ဌိဆိုတာ။** ရူပါရုံကို မှားသောအားဖြင့် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘဲနှင့် ပုဂ္ဂိုလ်သတ္တဝါလို့ ယူသောဒိဋ္ဌိကို ရူပဒိဋ္ဌိ၊ အသံကိုမှားသောအားဖြင့် စွဲသော သဒ္ဒဒိဋ္ဌိ၊ အနံ့ကို မှားသောအားဖြင့် စွဲသော ဂန္ဓဒိဋ္ဌိ၊ အ စ ရှိ သော အား ဖြင့် ခြောက်ဒွါရမှာ စွဲသမျှ ဒိဋ္ဌိတရားတွေဟာ အမှားချည်းပါဘဲ။

ခြောက်ဒွါရမှာ ဒိဋ္ဌိဦးစီးပြီး အမှားတွေ[ပိ]နေပလားဆိုမှ ဖြင့် အဆင်းရဲ့အပေါ် အသံရဲ့အပေါ်မှာ နိဿတ္တ နိဇ္ဇီဝ ကျအောင် ရှုနိုင်သော သမ္မာသတိမဂ္ဂင်ခေါ်သော ကောင်းသော သတိစေတသိတ်ကြီးကော ပေါ်ပါအုံးမလား။

ခြောက်ပါးသော သတိတွေဟာ ကင်းပျောက်ကုန်တော့မှာ အမှန်ပါဘဲ။

**ခြောက်ပါးသော သတိဆိုတာ**။ ရူပသတိ သဒ္ဒသတိ အစရှိ သဖြင့်ပေါ့။ ခြောက်ဒွါရမှာ တိုက်လာသော အာရုံများကို အမြဲတမ်း ပုဂ္ဂိုလ်သတ္တဝါပျောက်အောင် စောင့် ကြည့် နေ တဲ့ သတိ၊ ဒီသတိမှာလဲ ခြောက်ဒွါရမှာ ကျ ရောက် လာ သော ရူပါရုံစသောတရားအပေါ်မှာ စွဲလန်းသာယာသော တဏှာက မဝင်နိုင်မှာ။

**အဲဒီ တဏှာကလဲ ခြောက်ပါးဘဲ**။ ရူပါရုံကို သာယာတဲ့ ရူပတဏှာ၊ သဒ္ဒါရုံကို သာယာတဲ့ သဒ္ဒတဏှာ စသည်အားဖြင့် ခြောက်ပါးရှိပါတယ်။

မြင်ရာ ကြားရာမှာ ဒီတဏှာ ခြောက်ပါး နှိပ်စက်နေကြ တယ်။

တဏှာသာယာမှုကြီးရဲ့ လက်တွင်းက တနေ့မှ မထွက်နိုင်ကြ ဘူး။ လွတ်ရာ လွတ်လမ်း လွတ်စခန်းကြီးတွေသော်လဲ သာယာတဲ့ တဏှာတရားကြီးက အခွင့်မပေးလို့၊ ခုထက်ထိ မထွက်နိုင်ဘဲ ရှိနေကြတယ်။ ဘယ်လောက်ကြောက်စရာကောင်းသလဲလို့။

သာသနာ့အသိထူး၊ အသိမြတ်ကို မရှာမှီးဘဲ နေတော့ အသိဉာဏ်တွေဟာ မိခဲထင်သလောက် မဖြိုးမောက်တော့ဘဲ။ ဒိဋ္ဌိကသာ တန်ခိုးတောက်နေပါတယ်လို့။

ကဲကဲ- အသိဉာဏ်တွေ ဖြိုးမောက်လာအောင် မိမိတို့ စိတ်အစဉ်ကိုလဲ ကိလေသာတည်းဟူသော မိုးရေ မိုးပေါက်တို့ မကျရောက်ရအောင် အမြတ်ဆုံးဖြစ်တဲ့ ခေတ်တလုံးကို မှတ်သုံးကြရအောင်....

ကိုင်း ခန္ဓာမှာ ဉာဏ်ကပ်ထား။

အထင်ရှားဆုံးဖြစ်တဲ့ ခေတ်ကြီးလေးပါးထဲက ပထဝီခေတ်ကို အားထုတ်ကြရအောင်။

**ပထဝီဆိုတာ တွေ့လို့ ထိလို့ရတဲ့ ဖောဋ္ဌဗ္ဗခေတ်ဘဲ ဖြစ်ပါတယ်။**

ဒါကြောင့်မို့ သုံးစောင်ရှင် ဆရာတော်ကြီးက - **ခေါင်းထင်လျှင် စမ်းကြည့်ပါ၊ လက်ထင်လျှင် စမ်းကြည့်ပါ၊ ခြေထင်လျှင် စမ်းကြည့်ပါ** နှင့် အတန်တန် မှာကြားတော်မူခဲ့ပါတယ်။

ဒီလိုစိတ်တွေ ဉာဏ်တွေ တကယ်တန်းဘျင့်ကြံသွားကြလို့ မြင်တော်မူတဲ့အတိုင်း ဆုံးမထားတဲ့ စကားတလုံး အမြတ်ဆုံးထားပြီး ငါတို့သံသရာမှ လွတ်မြောက်အောင် ဆုံးမတော်မူတာပါလားလို့ ယုံကြည်စွာ လိုက်နာကြမယ်ဆိုလျှင်ဖြင့် ခန္ဓာမှာ ရှိတဲ့ ခေတ်တွေကို တွေ့မှာပါဘဲ။

ယုံကြည်စွာနှင့် တကယ်အားထုတ်မှ တွေ့မှာနော် ပေါ့ပေါ့တော့ မရဘူး။

ပဓာနိယင်္ဂတရား ငါးပါးထဲမှာလဲ ယုံကြည်ရမယ်လို့ ပါတယ် မဟုတ်လား။ ဒါကြောင့်....ယုံယုံကြည်ကြည်နှင့်(သန္ဒိဋ္ဌိက) ကိုယ်တွေ့ဖြစ်အောင် အားထုတ်ကြဖို့ အရေးကြီးဆုံးပါဘဲ။

အဲသလိုယုံကြည်စွာ ရှုလိုက်တော့ ငါလို့စွဲထားတဲ့ ဝတ္ထုကြီး ဘာကြီး ဖြစ်လာမလဲ။ ဉာဏ်ထဲမှာငါမဟုတ်တဲ့ မာချုပ်ကြီး ဖြစ်လာတာပေါ့။

တကယ်မာရုပ်ကြီးပါဘဲလို့ - ရှုပ ပရိညာနှင့် ကိုယ် တိုင် သိလာရင် မိမိတို့ရဲ့သန္တာန်မှာ အစကပြောခဲ့တဲ့ ငါ လို့ စွဲထားသော ဒိဋ္ဌိကြီး ဝင်မလာနိုင်တော့ဘူး။

အဇ္ဈတ္တခန္ဓာမှစ၍ လောကကြီးတခုလုံးကို ဉာဏ်နှင့်ကြည့်လိုက်တော့ - ဒီမာမှုကိုဘဲ တခါထဲမြင်ရမယ်။ မာမှုကိုဉာဏ်မြင်ရင်းနေသောအခါ သားစွဲဒိဋ္ဌိ၊ သမီးစွဲဒိဋ္ဌိ အလုံးစုံ အကုန်ငြိမ်းအေးသွားတော့တာဘဲ။

ဒါဖြင့် ဖြစ်ပေါ်ပေါက်ပွားနေသော မာသဘောကို မြင်ပြီ။ ဒီမာသဘောတွေ ဖြစ်လာအောင်ကတော့ ပြုပြင်မှုရှိရမယ်။ အလိုအလျောက်တော့ ဖြစ်လာမှာမဟုတ်ဘူးလို့။

အကြောင်းရင်းကို ရှုလိုက်တော့(၄)ပါးသောအကြောင်းကြောင့် ဖြစ်ပေါ်လာကြတဲ့ ရုပ်တရားတွေဘဲ။

သင်္ခတ တရားမှန်က အကြောင်းမဲ့ ဖြစ်နိုင်သော တရား မဟုတ်ပါလားလို့ ကံ စိတ် ဥတု အဟာရ တည်းဟူသော အကြောင်းတရားတို့နှင့်တကွ မြင်လိုက်တော့ ပြုပြင်စီရင်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့လဲ မရှိတော့ဘူး။

ဒါဖြင့် မူလဘူတ အကြောင်းရင်းကမှ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တော့ အကျိုးဖြစ်သော မာမူတွေဟာ ဘယ်မှာလျှင် ပုဂ္ဂိုလ်သတ္တဝါ ဟုတ်နိုင်ပါ့မလဲလို့ ဥာဏ်မှာ ရှင်းသွားရမယ်။

အကြောင်းရောအကျိုးပါ၊ ပုဂ္ဂိုလ်သတ္တဝါမပါလျှင် အစိုင်အခဲနှင့် ဃနကော ဟုတ်နိုင်ပါ့မလား။

ဩဩ်-အကြောင်းတော်ခိုက်မှာ ပေါ်လာကြသော အာဂန္တုကတရား အနှစ်မထင်နိုင်သော တရား ဃနမရှိသော တရားလို့ သိရမယ်။

ဒီမာမူတွေဟာ ဃန အစိုင်အခဲနှင့် မဟုတ်လျှင်လဲ မြဲနိုင်လောက်တဲ့ နိစ္စမျိုးများပါပါ့မလား။ အစိုင်အခဲမရှိဘူးဆိုကထဲက မြဲစရာမရှိဘူးဆိုတာကတော့ ရှင်းနေပါပြီ။

မြဲမှဝတ္ထုဆိုတာ ပုံဟန်သဏ္ဌာန်နှင့်ဖြစ်ရမယ်။ ခုတော့ ဖြစ်လာရင်ပျက်သွားရသောတရားမို့ ပုံဟန်သဏ္ဌာန် ဃန ဖြစ်ဘို့အခွင့်မရဘူး။ အချိန်ကာလမရဘူးလို့ ဆိုလိုတယ်။

နိစ္စ မြဲဘို့အခွင့်မှမရှိလျှင် ချမ်းသာဘို့အခွင့်များရပါ့မလား။ ချမ်းသာဘို့အခွင့်ကလဲ အတုံးအခဲကမှပေးနိုင်မယ်။ အတုံးအခဲရှိမှသာလျှင်ပေးနိုင်မယ်။

လောက ဝိညာဉ် ဃနနှင့် ဝိညာဉ် ချမ်းသာကြည့်ပါလား။ တသိန်းတန်သောကျောက်တပွင့်နှင့် တသန်းတန်သောကျောက်တပွင့်ဟာ အရည်အချင်းကွာခြားပြီး ချမ်းသာမှုကို ပေးသွားတာမဟုတ်လား။

ဒီ….မာမူဘရားကြီးကတော့ တသိန်းတသန်းတန်ဘိုမဆိုထား နှင့်။ (၅.ပြား)တန်ဘို အရည်အချင်း ပုံဟန်သဏ္ဍာန်မရှိဘူး။ ဒါ့ကြောင့်မို့ (၅.ပြား)ဘိုးမှ ချမ်းသာမှုကိုလဲ မပေးနိုင်ဘူး။ ပုံဟန်သဏ္ဌာန်ကြည့်ပြီးတော့ တန်ဘိုးကို ဆုံးဖြတ်ကြတာမဟုတ်လား။ လောကပုံဟန်သဏ္ဍာန်ကြည့်ပြီး တန်ဘိုးထားခရီးသွားနေကြတာဘဲ။ ဘယ်နွားလေးဟာဘယ်လောက်တန်တယ်။ ဘယ်မြင်းဟာ ဘယ်လောက် အဘိုးရှိပြီး ဘယ်သူ့အိမ်ကဖြင့် ဘယ်ပုံမျိုးဆောက်ထားတယ်။ တသောင်းကတော့ အကျော်သာရှိမယ်။ ဒီလို ပုံဟန်သဏ္ဍာန်ပေါ်မှာ တန်ဘိုးထားပြီး ဘယ်သူ့ဟာ ဘယ်လောက်တန်ဘိုးရှိတယ်။ ဘယ်လောက် ချမ်းသာတယ်လို့ တန်ဘိုးကိုဆုံးဖြတ်ကြတယ်။

ဒီ….မာမူတရားကြီးဟာ ဘယ်ပုံမျိုးမို့ ဘယ်လောက်တန်ပါလိမ့်မယ်လို့ ပြောဖြစ်ပါ့မလား။

ဝိညာဉ်မြင်နှင့်ကြည့်လဲ တန်ဘိုးမရှိဘူး။ ပညာမြင်နှင့်ကြည့်မယ်ဆိုရင် ဘာပြောဘို့ရှိမလဲ။

သူ့ရဲ့သဘောကတော့ မရှိတာ အမှန်ဘဲနော်။ ဒါပေမဲ့ ရှိတယ်လို့ထင်နေကြတာ၊ ထင်ထင်မထင်ထင် **ပရမတ္ထသဘော, နသမုဒယော** တဲ့ အရေးစိုက်နေတာမဟုတ်ဘူး။

ကဲလေ….ထားပါတော့၊ လိုရင်းကတော့ နိစ္စမျိုးမဟုတ်လို့ သုခမျိုးလဲ မဟုတ်ဘူးလို့ ဆိုလိုတာပါဘဲ။

ကဲ အနတ္တာဆိုတာကတော့ကော အနိစ္စမြင်ကထဲက အနတ္တကထင်ပြီးသားပါလေ၊ အထူးပြောဘွယ်မရှိပါဘူး။

ဒီလိုသာထင်မြင်အောင် ဆင်ခြင်ပွားများ အားထုတ်သွားကြမယ်ဆိုရင် အစကပြောခဲ့တဲ့ ကိလေသာဘုံတွေလဲ သီလ သမာဓိ ပညာတို့ဖြင့် သူ့အဆင့်နှင့်သူ အကျွမ်းဝင် သတ်ပြီးသား၊ ပယ်ပြီးသားပါဘဲ။ ကိလေသာပယ်ပြီးမှတော့လဲ မိမိတို့

စိတ်အစဉ်မှာ အိမ်ပျက်ကြီးလို အိမ်အိုကြီးလို မိုးရေမိုးပေါက်တို့ဖြင့် စိုရွှဲရသလို ကိလေသာရာဂ တည်းဟူသော မိုးရေတွေလဲ မရွှဲတော့ပါဘူး။ ညီတော်မင်းနန္ဒတရားထူးရသလို ခု တရားနာနေကြသောပရိသတ်တွေလဲ တရားထူးရကြမပြီလို့။

တရားထူးရအောင် တရားအားထုတ်ကြပေတော့လို့။

ဒါကြောင့်....

နသက္ကောန္တို၊ အဆိပ်အကြိမ်ကြိမ်မျိုသလို ရိပ်ငြိမ်မခိုနိုင်တဲ့ စိတ်အိမ်အိုမှာ ဝိပဿနာအမိုးလုံအောင်မိုးလိုက်လျှင် ဒိဋ္ဌိမိုးပေါက် မျိုးပါပျောက်လို့မို့ ထိုးဖေါက်ဉာဏ်ပါ ဉာဏဝိပ္ဖါရာဂ္ဂဒ္ဓိ တန်ခိုးရှိသဖြင့်။

မြင်သိတိုင်းပြီးစေ၊ ကြံသိတိုင်းပြီးစေ၊ ကြားသိတိုင်းပြီးစေ၊ ကြံသိတိုင်းပြီးစေ။ ခရီးတာမရှည် ဘဝေအဆုံးတိုင် အပျက်ခေတ်ရောက်လို့မို့ မီးတဏှာသော စေတလုံးပိုင် ထွက်ရပ်ပေါက်ပြီး(ဝိပဿနာဉာဏ်မဂ်ဉာဏ်ကြီးဆီသို့) ကိလေသာတွေလက်မြှောက်အပ်လိုက်ရလေကုန်တော့သတည်း။

သာဓု သာဓု သာဓု။

ကဲ...ကဲ တရားအဆုံး အားလုံးမေတ္တာပို့ကြအုံးစို့၊ လိုက်ဆိုကြပေတော့—

အားလုံးလာသမျှ သာဝကဝေနေ၊
ပညာကန္ဒ မှန်ကြပါစေ၊ အနုသယခွါချနိုင်စေ၊
မဂ္ဂင်ဉာဏ်ဟိတ်မှန်အစွမ်းနှင့်၊ နိဗ္ဗာန်နန်း
စံမြန်းနိုင်ပါစေ။

အားလုံးလာသမျှ သာဝကဝေနေ။
သီလက္ခန္ဓ မှန်ကြပါစေ၊ ဝိတိက္ကမ ခွါချနိုင်စေ။
မဂ္ဂင်ဉာဏ်ဟိတ်မှန်အစွမ်းနှင့်၊ နိဗ္ဗာန်နန်း
စံမြန်းနိုင်ပါစေ။

အားလုံးလာသမျှ သာဝကဝေနေ၊
သမာဓိက္ခန္ဓ မှန်ကြပါစေ၊
ပရိယုဋ္ဌာန ခွါချနိုင်စေ၊
မဂ္ဂင်ဉာဏ်ဟိတ်မှန်အစွမ်းနှင့်၊
နိဗ္ဗာန်နန်း စံမြန်းနိုင်ပါစေ။

ဤသို့ပြုရ ကုသလကို မိဘဆရာ ဉာတကာနှင့် သဗ္ဗေသတ္တာ သတ္တဝါအား သဗ္ဗေဒေဝါ နတ်များ စွာ အား ရကြပါစေ၊ ရောက်ကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ အမျှဝေသည်....သုံးကြိမ် သာဓု ခေါ်စေသော်။

သာဓု သာဓု သာဓု။

—— ၀ ——

# မသိသူကျော်သွား သိသူဖော်စား

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကဲ..ကဲ တရားစရအောင် နံပတ်(၂)အစီအစဉ်အရ ကျမ တာဝန်ရှိသလောက် ကျမဟောသွားပါ့မယ်။

မြတ်စွာဘုရားကြီး ဦးထိပ်မှာ ထားပြီးတော့ တရားပွဲတွေ ဆင်နွဲနေကြရတာ ဒါတွေစဉ်းစားကြည့်လိုက်တော့ ချမ်းသာ သုခကို လိုလားကြလို့ဘဲလို့ ကျမစဉ်းစားမိတယ်။ ဘာ့ကြောင့် လဲဆိုတော့ လောကကြီးမှာပေါ့ရှင် **ချမ်းသာတဲ့ တရားဟာ ဘယ်ဟာများရှိနိုင်ပါသလဲလို့ ကြည့်လိုက်တော့ တရားတော် ရတနာမြတ်ကြီးသာလျှင် ချမ်းသာအစစ်ကို ဆောင်နိုင်ပါတယ်**။ ဒါ့ကြောင့် ကျမကတော့ တရားနဲ့ပတ်သက်လာလို့ရှိရင် ဟော တာဘဲဖြစ်ဖြစ်၊ နာတာဘဲဖြစ်ဖြစ်၊ ဆွေးနွေးတာဘဲ ဖြစ်ဖြစ်၊ ချမ်းသာသောတရားတော်ကြီးအစစ်မို့ ကျမကတော့ ပရိသတ် မြင်လိုက်ရင် ဩော်... ချမ်းသာကြတော့မယ်။ ချမ်းသာသော တရားကြီးကို ရှာမှီးနေကြပြီ ချမ်းသာသုခကို လိုလားကြတဲ့ ပုဂ္ဂိုလ်တွေဘဲလို့ ဆုံးဖြတ်မိပါတယ်။

ဒါကတော့အားလုံးပေါ့ရှင်၊ ဘယ်သတ္တဝါဘဲဖြစ်ဖြစ်၊ ဘယ် ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် ဒုက္ခကျတော့ တွေ့လို့သာ ခံလိုက်ကြရတယ်။ စိတ်ထဲမှာ လုံးဝမမျှော်လင့်ပါဘူး **ဒုက္ခ** ဆိုတဲ့ အသံကိုတောင် မကြားချင်ဘူးဆိုတာ သိကြပြီးသားပါ။

ကြောက်သော်လဲ ကိုယ် သန္တာန်မှာ ဒုက္ခကို လွန်မြောက်နိုင်သော အသိကမရှိတော့ ဒီဒုက္ခထဲမှာဘဲ တစဲလည်လည်နှင့် နေကြရတယ်။

ရချင်တာက သုခ၊ ရနေတာက ဒုက္ခ။ ဒီတော့ ပုထုဇဉ်တွေဟာ ကြောက်သော်လဲ ကြောက်ရာ မရောက်တော့ဘူးပေါ့ရှင့်။

အကြောက်ကလဲ မတတ်သာလို့ဖြစ်နေတာကိုး။ ကြောက်ရမှာက အအို....အနာ....အသေ မဟုတ်ဘူး။ ဒီ အအို—အနာ—အသေကို ပေးနေတဲ့ ကိုယ့်သန္တာန်မှာ ဒိဋ္ဌိလို့ဆိုတဲ့ အယူမှားကြီးပေါ့ရှင်။

ဒါ့ကြောင့် ကျမတို့ အနန္တသခင်ကျေးဇူးရှင် ဖြစ်တော်မူတဲ့ စတုတ္ထနာယက ဆရာတော်ဘုရားရှိစဉ်က ဆုံးမဘူးတယ်ရှင့်။

**ပုထုဇဉ်တွေတဲ့ အကြောက်လွဲနေကြတယ်။ ကြောက်ရမှာက ဒိဋ္ဌိ၊ ကြောက်နေကြတာက အအို....အနာ....အသေ။**

လို့ဆိုပြီး ဆရာတော်ဘုရားက....

**အိုရမှာလဲတကယ်ဘဲကြောက်တယ်။**
**နာရမှာလဲ အဟုတ်ဘဲကြောက်တယ်။**
**သေရမှာကော မပြောနဲ့ကွယ်။**
**ကြားရုံမျှဘဲ မကြားချင်တယ်။**

အအို အနာ အသာထားအုံးကွယ်၊ အသေမျှား ကြတော့ ကြားတောင်မကြားချင်ကြဘူးကွယ်”လို့ ဆုံးမခဲ့တာ သိပ်မှန်တာဘဲ။

ကြောက်လိုက်ကြတာ အသေစကားနှင့်စပ်လာလျှင် မပြော ကောင်းမဆိုသာ မုလ္လံသာလို့သာပြောလိုက်ရ အတွင်းခေတ်က တော့ အလွန်ကြောက်တဲ့ စကားလုံးကြီး ဟဲ့....တဲ့.... ဆရာတော် ဘုရားက ဒါကြောင့်....

အိုရမှာလဲ တကယ်ဘဲကြောက်တယ်။
နာရမှာလဲ အဟုတ်ဘဲကြောက်တယ်။
သေရမှာကော မပြော့နဲ့ကွယ်။
ကြားရုံမျှဘဲ မကြားချင်တယ်။

ဒါဖြင့် အအိုကိုပေးနေတဲ့ဒိဋ္ဌိတရားကြီးပြုတ်အောင်ကြောက် တဲ့လူတွေ တရားကို အားထုတ်ကြရဲ့လားဆိုတော့ ခုထက်ထိ တရားနဲ့မဆက်ဆံသေးဘူးတဲ့ရှင့်။ ခန္ဓာငါးပါးဆိုလျှင် တရား မထင်ကြဘူး၊ ထူးတဲ့တရားဟောပြန်တော့လဲ ခက်လို့တဲ့၊ လွယ် တဲ့တရားဟောတော့လဲ လွယ်လွန်းလို့အထင်သေးတယ်။ ပုထုဇဉ် တွေ ဘယ်လိုမှ ဆွဲဆောင်လို့မရဘူးတဲ့။ ဒါ့ကြောင့်....

သို့ပေမဲ့ ဒိဋ္ဌိကို တော့ လက်ခံပျော်တယ်၊
တရားနဲ့တော့ မဆက်ဆံမခေါ်တယ်၊
အဲဒါကြောင့် ဘဝတိုင်းမှာ၊
သေမင်းလုပ်တိုင်း လူတိုင်းခံရတယ်။

လို့ဆုံးမခဲ့တယ်။ သတ္တဝါတွေဟာတရားကိုမလေ့လာခဲ့ကြလို့ ခု-အိုမင်း နာမင်း သေမင်းရဲ့လက်တွင်းမှာ သူပြုသလို ခံနေ ကြရတာ အသင်အရှားဘဲမဟုတ်လား။

ဒါ့ကြောင့် ဆင်းရဲမှုကိုကြောက်ရင် ဆင်းရဲမှ လွတ်သော တရားကိုအားထုတ်ပါ။

အဲဒီတရားတွေက ဘယ်မှာလဲဆိုတော့ (၆)ဒွါရမှာ ရှိပါတယ်။ ရှင်တို့ ကျမတို့ မရှုမပွားကြလို့ မသိခဲ့ကြတာပါ။

အဲဒီ(၆)ဒွါရမှာ ဘယ်တရားတွေ ရှိသလဲဆိုတော့ ကျမတို့ ဆရာတော်ဘုရားများ ဟောနေကြဖြစ်တဲ့ ခန္ဓာငါးပါး တရားတွေပေါ့။

အဲဒီခန္ဓာငါးပါးတရားတွေကို ကိုယ်ပိုင်ဉာဏ်ရအောင်ရှုကြရမှာဖြစ်ပါတယ်။

ဒါဖြင့်.... ခန္ဓာငါးပါးတရားတွေ မရှုတော့ ဘာဖြစ်သလဲ မရှုတော့ ကိုယ့်မှာ ဘာဝနာကိစ္စကြီး မပြီးမြောက်တာပေါ့။

ယခုလောကမှာ ထင်နေကြတာက ခန္ဓာငါးပါး တရားတွေ သိပြီးတာဘဲ။ အလုပ်တခုထားပြီးရှုနေစရာမလိုပါဘူး လို့ ပြောကြတယ်။ ခန္ဓာငါးပါးပါဘဲ ခန္ဓာငါးပါးလို့ သိပြီးတာဘဲ နှင့် ပြောကြတယ်။ သိရုံနှင့် မပြီးနိုင်တဲ့အကြောင်း ကျမ ဉာဏ်မှီသ၍ ပြောပြပါ့မယ် လောက ဥပမာပေါ့ရှင်။

ယခု သလ္လာဝတီ မြစ် ကြီး ထဲ မှာ ရေ တွေ ရှိ တယ် လို့ တော့ လူတိုင်းမသိကြဘူးလား။ ( သိ ) ကြ တယ် ရှင့် နော်။ မြစ်ထဲ ရေရှိတယ်လို့မှ မ သိ ရင် တော့ ဒီ လူ ဟာ သုံးမဖြစ် တော့ဘူး။

ဒါဖြင့် မြစ်ထဲရေရှိတယ်လို့ သိရုံနှင့် မြစ်ရေကို သောက်ကြရပါသလားလို့ ကျမ တိုတိုဘဲမေးမယ်။ သိရုံနှင့်မသောက်ရတာ အမှန်ပါ။

ကိုယ့်ရဲ့ စွမ်းအားရှိသလောက် ဂေါင်းကလေး နှင့် တရွက်သွားခပ်မှ၊ တရွက်စာကလေးသောက်ရတယ်။ ပခုံးကလေးနှင့် တထမ်းသွားထမ်းမှ တထမ်းစာကလေးသောက်ရတယ်။

ဒါမှမဟုတ် ကူဘိုတာရေစုပ်စက်နှင့် မှုတ်တင်နိုင်ရင် ဖောဖောကြီး ထင်သလိုသုံးရတာပေါ့။

ဒါက ဥပမာပေါ့ရှင် ဥပမေယျဟာပဲလိုက်တော့ စကျူစသော (၆)ဒွါရသည် မြစ်ကြီးများနှင့်တူစေ။ ထို ဒွါရ မှ ဖြစ်နေကြသော ခန္ဓာငါးပါးတရားများသည် မြစ်ထဲမှ ရေနှင့်တူစေ။

အဲဒီရေတွေကို ခပ်မယူဘဲနှင့် သုံး ဆောင် ရ ပါ့ မ လား။ ထိုနည်းတူပါဘဲ။ ကိစ္စကြီးလေးပါးနှင့်ချကြည့်တော့လဲမဂ္ဂသစ္စာဘာဝနာကိစ္စလို့ ဆိုတယ်ရှင့်နော်။ ဒါတွေ သတိထားကြရမှာ။ ဒါတွေ သတိမထားမိရင် ရှုမှု ပွားမှုကို အပိုလို့ထင်တတ်တယ်။

ဥပမာထဲမှာ အတိုင်းပေါ့ရှင်။ ကိုယ် အား ရှိ သ လောက် သယ်ယူနိုင်သလောက် သုံးကြရသလို၊ အရှုအပွားလဲဘဲသောတာပန် ဖြစ်လောက်ရုံ မိမိက ရှုနိုင်ရင် သောတာပန်အဖြစ်လောက်ဘဲ ခံစားရတာပေါ့ရှင်။ သကဒါဂါမ်ဖြစ်လောက်ရုံရှုရင်သကဒါဂါမ်

ရဲ့အဆင့်အတန်းလောက်ရတာပေါ့။ ဒီလိုပါဘဲခန္ဓာငါးပါးကြီး ကို ရဟန္တာဖြစ်လောက်အောင် အားထုတ်ရင်လဲရဟန္တာဖြစ်သွား နိုင်တာမျိုးမို့.... ကိုးကိုးစားစား ရှုပွားကြရပါတယ်။

ဒါ့ကြောင့်.... [၆]ဒွါရမှာ ခန္ဓာငါးပါးတွေ ကြည့်ကြရှုကြ မြင်ရာမှာ ခန္ဓာငါးပါးပွဲကြလို့ ဆရာတော် ဆုံးမခဲ့ပါတယ်။ ဒါ့ကြောင့်....

**ဖောက်ပြန်၊ ခံစား၊ မှတ်သားစေ့ဆော်၊ မြင်သိ၊ ပေါ်၊ မြင်ရာပေါ်တဲ့ ခန္ဓာငါးပါး။**

မြင်ရာမှာ ခန္ဓာငါးပါးတွေ ရှုတာတ်အောင်လို့ ဒီအဆုံး အမကြီးတွေ ထားခဲ့တာ။ ကဲ - ဖွဲ့ကြည့်ပါ မြင်ရတဲ့ ရုပ်ပါရုံ **အဆင်းဓာတ်က** ရုပက္ခန္ဓာ။ ထိုအဆင်းအာရုံကို ကောင်း မကောင်း ခံစားတာက **ဝေဒနက္ခန္ဓာ**။ ကြည့်လိုက်တိုင်းမြင်နေ ရတဲ့ ရုပ်ပါရုံပေါ်မှာ **ဒါက** မျက်လုံး၊ ဒါက မျက်တောင်လို့ ကောင်းမွန်စွာ မှတ်သားမှုကြီးက **သညက္ခန္ဓာ**။ ထိုရုပ်ပါရုံကိုဘဲ **လှသည်ထက်လှ၊ ကြည့်လို့ကောင်းသည်ထက် ကောင်းအောင် စေ့ဆော်တာက** စေတနာသင်္ခါရက္ခန္ဓာ။

မြင်တိုင်း မြင်တိုင်းသော **အဆင်းရဲ့ အပေါ်မှာ** လှူ ၊ဟုတ်ပါဘဲလျှက်နှင့် **လှလှလို့** ထွေထွေ လာလာ ပေါ်နေခြင်းသည် ဝိညာဏက္ခန္ဓာရဲ့ **အမှုကြီးပါဘဲ**။

ဒါလို စက္ခုဒွါရမှာ ပေါ်နေသော ခန္ဓာငါးပါးကို ဆရာ သမားများ ဆုံးမထားတဲ့အတိုင်း ကြည့်လိုက်တော့ သူငါတွေ

ဆိုတာ တရားကိုယ်နှင့် ရှိတာမျိုးမဟုတ်တော့ တကယ်မတွေ့ရတော့ပါဘူး။ ခန္ဓာငါးပါးသာလျှင် စကျွတ္တရှိရမှာ တွေ့ရပါတယ်။ ဒါ့ကြောင့်.... မြင်မှုပေါ်တိုင်း ပေါ်တိုင်း ခန္ဓာငါးပါးတွေလို့။ ကြားရာမှာလဲ ဒီအတိုင်းပါဘဲ။

ခန္ဓာငါးပါးပေါ်တာကို မသိတော့ ငါကြားတာလို့ ထင်လာခဲ့ကြတယ်။ ဘယ်မှာ ငါရှိလို့လဲ ခန္ဓာငါးပါးပေါ်တာဘဲ။ ဒါ့ကြောင့်....

**ဖောက်ပြန်ခံစား၊ မှတ်သားစေ့ဆော် ကြားသိပေါ်**
**ကြားရာပေါ်တဲ့ ခန္ဓာငါးပါး။**

ကြားရာမှာ ခန္ဓာငါးပါးပေါ်နေပုံ ကျကျနနကြည့်စမ်းပါ။ ရှင်တို့ ကျခတို့ရဲ့ **နားမှာ ကြားရသမျှ အသံတွေက ရူပက္ခန္ဓာ။ အသံ၏ အရသာကို ခံစားတာက ဝေဒနက္ခန္ဓာ။**

အသံဓာတ်ကို မင်းသမီးသံ မင်းသားသံလို့ မှတ်တာက သညာက္ခန္ဓာ။ ထိုအသံကို အာရုံပြု၍ ပြုပြင်တာက လုပ်ကိုင်တာက သင်္ခါရက္ခန္ဓာ။

**အသံရဲ့အပေါ်မှာ မင်းသမီးမဟုတ်ပါဘဲနှင့် မင်းသမီးလို့ လိမ်လည်လှည့်ဖြားမှုက ဝိညာဏက္ခန္ဓာ။**

ကိုင်း - ခန္ဓာ**ငါး**ပါးနှင့် ချကြည့်လိုက်တော့ ကျမတို့ ထင်လာခဲ့ကြတဲ့ အသက်ကောင် ဇီဝကောင်ဆိုတာ ဘယ်ခန္ဓာထဲမှ မတွေ့ရတော့ဘူး။ နံရာမှာလဲ ဒီအတိုင်းပေါ့။

ခန္ဓာငါးပါးနှင့် ကြည့်ရင် ခန္ဓာ ငါး ပါး ရှိ တာ ပါ ဘဲ။ ဒါ့ကြောင့်မို့ ဆရာတော်ဘုရားက ဘယ် ဒွါ ရ မှာ ဘဲ ဖြစ် ဖြစ် ပေါ်လာတဲ့တရားများကို သိမ်းဆည်းနိုင်အောင်လို့ (၆)ဒွါရ မှာ အစီအစဉ်တွေပေးခဲ့တာ။ ဒါ့ကြောင့်....

**ဖောက်ပြန်ခံစား၊ မှတ်သားစေ့ဆော် နံ့မှုပေါ် နံ့ရာပေါ်တဲ့ ခန္ဓာငါးပါး။**

နံ့ရာမှာ အကြောင်းတော်ရင် နံ့ရာမှာရှုဘို့ ဆုံးမခဲ့တယ် မဟုတ်လား။

ဆရာသမားများ ဆုံးမတဲ့အတိုင်း ကြည့်လိုက်တော့....

**အနံ့က ရူပက္ခန္ဓာ၊ အနံ့ကိုခံစားတာက ဝေဒနက္ခန္ဓာ၊ ရေမွှေးကရမက်လို့ မှတ်သားတာက သညက္ခန္ဓာ၊ အနံ့ကောင်းကောင်း နမ်းရအောင် စေ့ဆော်တာက စေတနာသင်္ခါရက္ခန္ဓာ၊ ရေမွှေးလို့သိတာက ဝိညာဏက္ခန္ဓာ။**

ကဲ— နံ့ရာမှာ ခန္ဓာငါးပါးသာ တွေ့တော့တယ်။ ရှင်တို့ ကျမတို့ ထင်တဲ့အသက်ဇီဝဆိုတာ မတွေ့ရတော့ဘူး။

စားရာမှာလဲ ဒီလိုပါဘဲ။ ခန္ဓာငါးပါးနဲ့ချကြည့်၊ ငါရှိ သေးရင် မဟုတ်သေးဘူး။ ငါ မ ရှိ မှ အ မှန် သိ ဖြစ် မယ်။ ဒါ့ကြောင့်....

**ဖောက်ပြန်ခံစား၊ မှတ်သားစေ့ဆော် စားသိပေါ် စားရာပေါ်တဲ့ ခန္ဓာငါးပါး။**

ဇိဝှာဒွါရ စားတိုင်းစားတိုင်း ရှုရမှာက၊ ဖြော် — ချိုချဉ် စပ်ငန်ဖန်ခါး ဆိုတဲ့အရသာက ရူပက္ခန္ဓာ၊ ချိုရသာ ချဉ်ရသာကို ခံစားတာက ဝေဒနက္ခန္ဓာ၊ ချိုတာကို ထန်းလျက်လို့ မှတ်တာက သညက္ခန္ဓာ၊ ချိုရသာကိုခံစားလိုမှုစေတနာက သင်္ခါရက္ခန္ဓာ၊ ထန်းလျက် ဝိညာဏက္ခန္ဓာ။ ဇိဝှာဒွါရမှာ ခန္ဓာငါးပါးတွေ ပေါ်နေတာပါလား။ ဘယ်မှာလဲ ခံစားတတ်တဲ့ပုဂ္ဂိုလ်သတ္တဝါ၊ ကျမတို့က အဲဒီခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါ ထင်လာခဲ့ကြတာ။

တွေ့ထိရာမှာ ခန္ဓာငါးပါး။

တွေ့ရာမှာ ခန္ဓာငါးပါးကို မရှု။ ကြသည့်အတွက် ငါတွေ့လိုက်ရတယ်၊ ငါထိလိုက်ရတယ်လို့ ငါနှင့် သူနှင့်ဖြစ်နေကြတာ၊ ကာယဒွါရမှာတော့ ခန္ဓာငါးပါးတွေ သေချာ ကြည့် ပါ။ ဒါကြောင့်....

**ပေါက်ပြန်ခံစား၊ မှတ်သားစေ့ဆော်၊ တွေ့သိပေါ်၊ တွေ့ရာပေါ်တဲ့ ခန္ဓာငါးပါး။**

တွေ့တဲ့အခါ မာမာတွေ့လိုက်ရတယ်၊ ပူပူ တွေ့လိုက်ရတယ်၊ လှုပ်လှုပ်ရှားရှား တွေ့လိုက်ရတယ် ဆိုတာဟာ ဖောဋ္ဌဗ္ဗခတ် ရူပက္ခန္ဓာထွေပါ။ အဲဒီပူတာ မာကာလှုပ်ရှားတာတွေ ခံစားနေတာက ဝေဒနက္ခန္ဓာ၊ မာ တာ ဟာ ဂေါင်းလို့ မှတ်တာက သညက္ခန္ဓာ၊ နှိုးဆော်တာက သင်္ခါရက္ခန္ဓာ၊ မာတာ ပူတာ လှုပ်တာကို ဂေါင်းလို့သိမ်တာက ဝိညာဏက္ခန္ဓာ။ ကာယဒွါရမှာ ခန္ဓာငါးပါးတွေပါ။ ကျမတို့က ငါကြီးဘဲ ထင်ခဲ့တယ်။

ကြံရာမှာလဲ ခန္ဓာငါးပါးတွေ။

# ဓ မ္မ ဒိ န္န

ကြံတယ်ဆိုတာကတော့ အမျိုးမျိုးပေါ့ရှင်။ မနောဒွါရမှာ မကျရောက်နိုင်တဲ့ အာရုံရယ်လို့လဲ မရှိဘူးရှင့်။ ဒါကြောင့် ဘယ်လိုဘဲကြံကြံ၊ ကြံရာမှာ ခန္ဓာငါးပါးသာမြင်ရမှာ။ ခန္ဓာငါးပါး မြင်အောင်ကြည့်ပါ။ ဒါကြောင့်—

**ပေါက်ပြန်ခံစား၊ မှတ်သားစေ့ဆော်၊ ကြံသိပေါ်၊ ကြံရာပေါ်တဲ့ ခန္ဓာငါးပါး။**

ကြံရာမှာလဲ **ဟဒယဝတ္ထုက** ရူပက္ခန္ဓာ၊ **ချမ်းသာမှု ဆင်းရဲမှုက** ဝေဒနက္ခန္ဓာ၊မမေ့ရအောင် ပေါ်လာသမျှ **အာရုံတွေကို မှတ်သားမှုက** သညက္ခန္ဓာ၊ အလိုရှိရာ **အာရုံသို့** ရှေးရှုရှဲ **လှုံ့ဆော်မှုက** သင်္ခါရက္ခန္ဓာ၊ **အာရုံတရားကို** ထင်ထင်ရှားရှား **ကြီးသိမှုက** ဝိညာဏက္ခန္ဓာ။ မနောဒွါရမှာ ခန္ဓာငါးပါး။

ခန္ဓာငါးပါးကတော့ ဘယ်အချိန်မှ မပေါ်တဲ့အချိန်ရယ်လို့ မရှိပါဘူး။ ဒွါရ(၆)ပါးမှာ အကြောင်းတော်တဲ့ ဒွါရကပေါ် နေကြတာဘဲ။ ရှင်တို့ကျုမတို့သန္တာန်မှာ အဝိဇ္ဇာကဖုံးထားတော့ ဒီခန္ဓာငါးပါးတရားကြီးကို မမြင်နိုင်ကြဘူး။

သတိကလဲနဲ့ကြတယ်ပေါ့ရှင်။ သံသရာကစပြီး တရားတော်ရဲ့ အပေါ်မှာ သတိမထား မသိသောအားဖြင့် မေ့လျော့လာခဲ့ ကြတာ။

ဒါကြောင့်မို့ ရှင်တို့ကျုမတို့ လိုချင်ကြတဲ့ နိဗ္ဗာန်၊ ရချင်ကြတဲ့ နိဗ္ဗာန်၊ ရခဲ့ကြရဲ့လားလို့။

ကြောက်ကြတဲ့ ဘေးဒုက္ခအပေါင်းမှ လွတ်ကြရဲ့လားလို့ ပြောတာ။ ပွားရမဲ့အကြောင်းတရား ခန္ဓာငါးပါးကို မပွားဘဲနှင့် မပွားရမဲ့အကျိုးတရား နိဗ္ဗာန်ကိုသာ ပြောနေကြတယ်။ လောကကြီးက **အရင်ဟာနောက် နောက်ဟာအရင်** ဖြစ်နေကြတယ်။ ပွားရမှာက ဘုရားဟောတဲ့ ခန္ဓာငါးပါးကအရင်၊ အရင်ပွားရမဲ့ ခန္ဓာငါးပါးကို မရှုမပွားဘဲနှင့် နောက်မှရမဲ့ နိဗ္ဗာန်က အရင်ဖြစ်နေကြတယ်။

ဒါ့ကြောင့် နိဗ္ဗာန်နှင့်လွဲကြတာ။ မလွဲရအောင် [၆]ဒွါရမှာ ခန္ဓာငါးပါးကို မြင်အောင်အားထုတ်ပါလို့ သတိပေးပါတယ်။

(၆)ဒွါရမှာ ခန္ဓာငါးပါးမမြင်တော့ ငါအရှိထင်ပြီး၊ ဖြစ်ခဲ့ရတဲ့ လောဘ ကိလေသာ, ဒေါသ ကိလေသာ, မောဟကိလေသာ, မာနကိလေသာ, ဒိဋ္ဌိ ကိလေသာ, ဝိစိကိစ္ဆာ ကိလေသာ, ထိန ကိလေသာ, ဥဒ္ဓစ္စ ကိလေသာ, အဟိရိက ကိလေသာ, အနောတ္တပ္ပကိလေသာ။ ဒီဆယ်ပါးသော ကိလေသာတွေဟာ၊ အမြဲဖြစ်နေတာ။

ပုထုဇဉ်အဖြစ်နှင့်နေရမှာ ဘယ်လောက် ကြောက်ဘို့ကောင်းသလဲ။ ကိလေသာတွေက များပါဘိသနဲ့။

ဒီကိလေသာတွေဟာ (၆)ဒွါရမှာ ဖြစ်ပေါ်နေသော ခန္ဓာငါးပါးတရားကြီးကို မသိရင် ဖြစ်ကြစမြဲဘဲ။

ဒါ့ကြောင့် ကိလေသာတရားတွေ ပေါ့ပါးခန်းခြောက်အောင် ယခု တရားဟောခြင်း,တရားနာခြင်းအမှု ပြုကြရတယ်။တရားကိုနာခံမှတ်သားမှုမရှိလျှင် ခန္ဓာငါးပါးကို သိနိုင်ပါ့မလား။

ခန္ဓာငါးပါးကိုမသိရင်ကော ကိလေသာ လျော့လို့ ပေါ့လို့ ဖြစ်ပါ့မလား။

မဖြစ်နိုင်တော့ဘူး။ ဒီခန္ဓာငါးပါးကိုဘဲ ပုဂ္ဂိုလ်သတ္တဝါထင်ပြီး လိုချင်ရချင်တဲ့ လောဘကိလေသာ, ပုဂ္ဂိုလ်သတ္တဝါပြုလုပ်ပြီး ဖြစ်ပေါ်နေတဲ့ ဒေါသကိလေသာ။ စသည်ဖြင့် ကိလေသာ (၁ဝ)ပါး တဖွားဖွားဖြစ်ပေါ်လာခဲ့ကြတယ်။

ပုဂ္ဂိုလ်အရပြောရမယ်ဆိုရင် ထိုကိလေသာ(၁ဝ)ပါး တရွေးသားမျှ မလျော့သေးသောသူကို ပုထုဇဉ်လို့ခေါ်တာဘဲ။

**ပုထုကိလေသေ-ဇနေန္တီတိ ပုထုဇ္ဇနာ။ ပုထုကိလေသေ၊ များစွာသောကိလေသာတို့ထို။ ဇနေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်မည်ကုန်၏** ဟု ဝိဂ္ဂဟ်ပါဠိ ရှိသည်နှင့်လျော်ညီစွာ ကြည့်လိုက်တော့ ဘယ်လိုပုဂ္ဂိုလ်ကို ပုထုဇဉ်ခေါ်သလဲ။

ကိလေသာတွေများစွာရှိသောသူကို ပုထုဇဉ်တဲ့။ ဒီတော့.... ကိုယ့်ကိုယ်ကို ငါသည် မြင်ရာမှာ ကိလေသာတွေနှင့် ကြည့်သေးသလား။ ကြားရာမှာ ကိလေသာရှိသေးသလား။

သတိသမ္ပဇဉ်ဉာဏ် ယှဉ်ကြည့်ရမယ်။ ခန္ဓာငါးပါးကိုမဆင်ခြင်မိလျှင် ကိလေသာဝင်မှာပေါ့။

ဒီတော့ ပုထုဇဉ်ဘဝကလွတ်လိုလျှင် ခန္ဓာငါးပါး အားထုတ်ပါ။

ပုထုဇဉ်ဆိုတာ မြတ်စွာဘုရားခေါ်သော စကားတော်မို့ သာ ယဉ်ကျေးနေတာ၊ ယခင်က ရွတ်ဆိုလိုက်သော ဝိဂ္ဂိုဟ်နှင့် မှာ ကြည့်လိုက်တော့ ဘယ်လောက်ရှက်စရာကောင်းသလဲ။

ဒါ့ကြောင့် ပုထုဇဉ်ဘဝကလွတ်အောင်လုပ်ပါလို့ တိုက်တွန်း ကြရတယ်။

ထိုကိလေသာ (၁၀)ပါးထဲက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ (၂)ပါးကို ပယ်လျှင် သောတာပန်၊ ခန္ဓာငါးပါးမြင်လျှင် ဒိဋ္ဌိပယ်ဘို့၊ ဝိစိ ကိစ္ဆာ ပယ်ဘို့ဆိုပြီးတော့ တသီးတခြား တပါးအနေနဲ့ အား ထုတ်နေစရာ မလိုတော့ပါဘူး။ မြင်ရာမှာ ဩော်.... ခန္ဓာငါးပါး တွေ ပေါ်နေတာပါလား။ ငါမြင်တာ မဟုတ်ပါလား ဆိုလျှင် ပါ ဒိဋ္ဌိစင်တော့တာဘဲ။ မြင်ရာမှာ ဒိဋ္ဌိ စင်ပြီးသည့်နောက် ဝိစိ ကိစ္ဆာတရားကြီး ပယ်သတ်ဘို့ရာ တမျိုးလုပ်မနေရတော့ပါဘူး။ ခန္ဓာငါးပါးကိုမြင်လိုက်သည်နှင့်တပြိုင်နက် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး ဘာဖြစ်ခဲ့ပါလိမ့်။ နောင်ဘာဖြစ်အုံး မှာပါလိမ့်။ ယခု ဖြစ်တုန်းဖြစ်ဆဲကော ဘာမျိုး၌ ဖြစ်ပါလိမ့်ဟု ယုံမှားခြင်းမရှိတော့ပါဘူး။

ကာလသုံးပါးလုံး ခန္ဓာငါးပါးဖြစ်ပြီး ခန္ဓာငါးပါးပျက်စီး ကုန်ခမ်းခဲ့ကြတာပါဘဲလေလို့ ချိုက်ခနဲကျပြီဆိုမှဖြင့် ဝိစိကိစ္ဆာ ကိလေသာကြီးရဲ့အတွက် ကိစ္စပြီးပြီးသွားသာ တွက်တော့။

ထိုနောက်တဖန် သကဒါဂါမိဆိုတာလဲ သောတာပန် ပယ်သောအတိုင်း ရှိသေးတာဘဲ။ ပိုပြီးတော့ မပယ်နိုင်သေးဘူး။

သို့သော်လဲ တနုကရအားဖြင့် ပိုပြီးတော့ ခေါင်းပါးသွားတယ်လို့ ကျမ်းဂန်တို့မှာရှိတယ်ရှင့်။

အဓိပ္ပါယ် ရှင်းရှင်းပြောရမယ်ဆိုရင် ဒီကိလေသာ နှစ်ပါးကို သောတာပန်က နှစ်ခါပယ်ရင် သကဒါဂါမိကလေးကြိမ်လောက် ပယ်နိုင်တဲ့သတ္တိရှိသွားတာပေါ့ရှင်။

တနေ့အဘို့မှာ ဟောဒီလို အဆင့်အတန်း လေးတွေ မြင့်မြင့်သွားကြမှ ဒီသာသနာမှာ ဟန်ကျမှာ။

နောက်ပြီးတော့ အနာဂါမိဆိုလဲ ယခင်သောတာပန် ပယ်ထားသော ကိလေသာထက် သူက လောဘနဲ့ဒေါသ ပိုပြီးတော့ ပယ်တယ်။

ရဟန္တာကျမှဘဲ **သဗ္ဗကိလေ၊ အကုန်ခြေ၊ ရောက်လေ အရဟတ္တာ** လို့ ဆိုတဲ့အတိုင်း....

အလုံးစုံသောကိလေသာတရားတွေ အကုန် ပယ်နိုင်ပြီတဲ့ရှင့်။

ကိလေသာတရား အလုံးစုံကို အကုန်ပယ်ထားသော သူရဲ့သန္တာန်မှာဘယ်လောက်မျှားချမ်းသာမလဲဆိုလျှင် ရှင်တို့ကျမတို့ရထားသော အသိဉာဏ်ကလေးနှင့်နှိုင်းစာကြည့်လျှင် ပြောလို့မကုန်နိုင်လောက်အောင်ကိုချမ်းသာကြမှာဘဲဆိုတာသိနိုင်လောက်ပါပေတယ်။

ပြော် - လက်စသတ်တော့ ဒီချမ်းသာကို လိုချင်လို့ တောင်းဆိုလိုက်ကြတာဆိုတာ သောသောကို ညံလို့ပါဘဲ။

ကျင့်လိုက်ကြတာ အားထုတ်လိုက်ကြတာဆိုလဲ မပြောပါနှင့်တော့၊ ဘုရားရဟန္တာများရဲ့ သန္တာန်မှာ ရထားသော အအေးဓာတ်၊ အငြိမ်းဓာတ်ကြီးက ချမ်းသာ ထူး ချမ်းသာ မြတ်ကြီးက တောင်းဆိုရုံနှင့်ရရောတဲ့လား။

ကိုယ်ထင်ရာတွေကော လုပ်နေလို့ ရရောတဲ့လား။ ခန္ဓာ ငါးပါး အရှုအပွားတရားကြီး ဘေးဖယ်ထားပြီး တောင်းလို့ အားထုတ်လို့ကတော့.... **မောင် တောင်း မယ် တောင်း မို့ အာညောင်းရုံပါဘဲ** လို့ ကျမတို့ ဆရာ့ ဆရာတွေလဲ ဆုံးမ နေကျပါ။

ဒီလို **တောင်းဆိုရုံနှင့် ရမယ်ဆိုရင် ကိုယ့်ဟာကို ထင်လုံး ကြီး ပြီး ထင်ရာမြင်ရာတွေများ ကျင့်လို့ ရမယ်ဆိုရင် ဘုရားတောင် ပွင့်ဘို့မလိုဘူး။** စဉ်းစားကြည့်ပါလား၊ သာဝတ္ထိ ပြည် ရာဇဂြိုဟ်ပြည် စသော တိုင်းကြီး ပြည်ကြီးတွေမှာ ဂိုဏ်းအသီးသီးတွေ ထူထောင်ပြီး သူတို့ကိုယ်သူတို့ ဘုရားအမည်ခံ ပြီး ကျင့်ကြံနေလိုက်ကြတာ ဘယ်လောက်များပြားသလဲ။

အကယ်၍များ ခန္ဓာငါးပါးကလွတ်ပြီး နိဗ္ဗာန် ရောက် ကြောင်း တရား သီးခြားရှိသေးတယ်ဆိုရင် ရှင်တော်မြတ်ဘုရား ကြီး အရင်တောင် သူတို့ကရသွားလိမ့်အုံးမယ်ရှင့်နော်။

ခုတော့ ကျင့်တော့ ကျင့်တယ်။ ကျင့်ပေမဲ့ ဘုရားဟောတဲ့ တရားတော်ကြီး မယုံကြည်ကြသည့်အတွက် ထိုဂိုဏ်းဆရာကြီးတို့ရဲ့ သန္တာန်မှာ ကိလေသာတရားတို့၏ အေးရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို ရကြရဲ့လားလို့။

ဒီပုဂ္ဂိုလ်ကြီးတွေဟာ နိဗ္ဗာန်လိုချင်လို့ ကျင့်ကြံအားထုတ်ပါလျက် ဘာဖြစ်လို့ မရကြသလဲဆိုတော့.... ဘုရားဟောသော ခန္ဓာငါးပါး တရားတော်ကြီးကို မယုံကြည်လို့ မှတ်ရမယ်။

ဒါ့ကြောင့်.... ရှင်တို့ ကျမတို့ရဲ့ သန္တာန်မှာ မယုံကြည်တဲ့ ဓာတ်ကြီးပါနေမှာ ဘယ်လောက် ကြောက်စရာကောင်းသလဲ။

ဒါ့ကြောင့်.... မြတ်စွာဘုရားကြီးက ငါဘုရား ဟောကြားအပ်သော ခန္ဓာငါးတရားတော်ကြီး ယုံ ကြည် စွာ အား ထုတ်ကြလို့။

ယံ နုဒိဋ္ဌံ ပေါရာဏေဟိ၊ တိတ္ထိကာစရိယေဟိပိ။
တံပဒံ သုကုမာရိဟိ၊ သတ္တာဝသာဟိ ဝေဒိတံ။ ။

ပေါရာဏေဟိ၊ ဟိုရှေးရှေးကာလ ခါသမယက၊ ပါကဋအကျော်အမော် ဖြစ်ကြကုန်သော....

တိတ္ထိကာစရိယေဟိပိ၊ ငါဂိုဏ်း ငါထွင် ငါပင်အတတ် ငါသာလျှင်မြတ်၏ဟူ၍ ထင်မှတ်ယူဆောင် ဂိုဏ်းအသီးသီး ထူထောင်၍ ဂိုဏ်းခေါင်းဆောင်ကြီး ဖြစ်ကြတဲ့ ရှေးဆရာကြီးတို့သည်လည်း။ ယံပဒံ၊ အကြင်နိဗ္ဗာန်ရောက် ကြောင်း လမ်း ကောင်း လမ်း မြတ် တ ရား အအေးဓာတ်ကြီးကို။

နဒိဌ်၊ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်လို့ ယုံကြည်စွာ ဖြောင့်ချက်မပေးနိုင်ကြသဖြင့် ရေးရေးကလေးမျှ မမြင်ကြလေ။

ပုရာဏ ကဿပ စသော ပုဂ္ဂိုလ်ကြီးတွေဟာ ဘယ်လောက် ထင်ပေါ်ကျော်စောတဲ့ ပုဂ္ဂိုလ်ကြီးတွေလဲ။ ဂိုဏ်းဂဏအသီးသီး တွေ ထူထောင်လို့ အလွန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့ ရှင်။

ကျင့်ကြံကြတဲ့နေရာတွေမှာလဲ အလွန်ဆင်းရဲခံနိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေပါဘဲ။

ဒါပေမဲ့ လုပ်နေကြတဲ့ အလုပ်တွေက ရေငုပ်မီးလှူ တုံးခုန် ဇယ်ခတ် ဆိုတာတွေ လုပ်နေကြတော့ သူတို့လိုချင်တဲ့ နိဗ္ဗာန်ကြီး ဘယ်ရနိုင်ပါ့မလဲ။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီပုဂ္ဂိုလ်ကြီး တွေဟာ နိဗ္ဗာန်တရားတော်မြတ်ကို ဘယ်လိုဘဲ လိုချင်ကြ သော်လဲ နိဗ္ဗာန်ကိုတော့ဖြင့် ရေးရေးလေးမျှ မမြင်ကြသေ ကုန်တဲ့။

**နိဗ္ဗာန်ကိုဘယ် ရေးရေးလေး မြင်မှာလဲ ခန္ဓာငါးပါးမှ ရေးရေးလေး မမြင်ဘဲကိုး။**

နိဗ္ဗာန်တရားဆိုတာ ခန္ဓာငါးပါးကို ထင်းနေအောင်မြင်ရင် နိဗ္ဗာန်ကိုလဲ ထင်းနေအောင်မြင်တာဘဲ။ ခန္ဓာငါးပါးကို ရေးရေးလေးမြင်ရင် နိဗ္ဗာန်ကိုလဲ ရေးရေးသေးမြင်တာဘဲ။

ဒါ့ကြောင့်....ကျမတို့ ဆရာတော်ဘုရားများက"ခန္ဓာငါးပါးနှင့် တည့်ရင် နိဗ္ဗာန်နှင့် တည့်တယ်။ ခန္ဓာငါးပါးနှင့်လွဲရင် နိဗ္ဗာန်နှင့်လွဲတယ်"လို့ ဆိုးမကြတာပေါ့ရှင်။ ဒါကြောင့်....

ပေါရာဏောဟိ၊ ဟိုရှေးရှေးကာလ ခါသမယက၊
ပါကဋအကျော်အမော် ဖြစ်ကြကုန်သော–

တိတ္ထိကာစရိယောဟိပိ၊ ငါဂိုဏ်းငါထွင် ငါပင်အတတ် ငါသာလျှင် မြတ်၏ဟူ၍ ထင်မှတ်ယူဆောင် ဂိုဏ်းအသီးသီး ထူထောင်၍ ဂိုဏ်းခေါင်းဆောင်ကြီးတွေ ဖြစ်ကြတဲ့ ရှေးဆရာကြီးတို့သည်လည်း။

ယံပဒံ၊ အကြင်နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းလမ်းမြတ် တရားအအေးခဲတ်ကြီးကို။
နဒိဋ္ဌံ၊ ဟုတ် ပါ ပေ တယ် - မှန် ပါ ပေ တယ် လို့ ယုံကြည်စွာ ဖြောင့်ချက် မပေးနိုင်ကြသဖြင့် ရေးရေးလေးမျှ မမြင်ရလေကုန်။

အဲဒီရှေးဆရာကြီးတို့လို ရှင်တို့ ကျမသို့ မဖြစ်ကြရအောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆိုးမတဲ့ ခန္ဓာငါးပါးတရားတွေကို နေ့မနား၊ ညမနား အားထုတ်ကြဘို့ပါဘဲ။

မြတ်စွာဘုရားလက်ထက်က ဝိသာခါတို့လိုပေါ့ရှင်၊ ခန္ဓာငါးပါးတရားကြီးကို အမြင်တည့်ကြရင် နိဗ္ဗာန်နဲ့ တည့်မှာပါဘဲ။ ဝိသာခါတို့ ထေရီကာတို့ အသက်အရွယ် အလွန် ငယ်သော်လဲ ခန္ဓာငါးပါးကို အမြင်တည့်ကြတော့ (၇)နှစ် အရွယ်ကဘဲ နိဗ္ဗာန်နှင့် တည့်ကြပါသတဲ့။

ဒါ့ကြောင့်မို့ ကျမတို့ ဆရာဘုရားများက ခန္ဓာငါးပါးကို အငြိအပွားခိုင်းဒါပါ။ ဒါကြောင့်....

သတ္တဝါသာဟိ၊ မွေးသက္ကရာဇ် တွက်ရေစစ်လိုက်သော်
(၇)နှစ်အရွယ်မျှသာ ရှိကြသေးကုန်သော။
သုကုမာရီဟိ၊ ပျိုမျစ်နုနယ် မိန်းမငယ်လေးတို့သည်ကား။
တံပဒံ၊ ထိုနိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမြတ်တရား အအေးဓာတ်ကြီးကို။

ဒိဋ္ဌံ၊ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်လို့ ယုံကြည်စွာ ဖြောင့် ချက် ပေး နိုင် ကြ သ ဖြင့် ဒိဋ္ဌမသွေ မြင် ရ လေ ၏။

သူတို့ရဲ့ သန္တာန်မှာ ဘုရားအဆုံးအမကို အတိအကျ ရကြသဖြင့် ကိလေသာ တရားတွေ မဝင်နိုင်တော့ဘူး။ ကိလေသာ မီးတွေ ငြိမ်းသွားရတယ်ပေါ့ရှင်။ ကိလေသာမီး ငြိမ်းရင်လဲ ကိလေသာနိဗ္ဗာန်လို့ စတုတ္ထနာယကဆရာတော်ဘုရား ဟောပုံ ကျမ်းမှာ ဆုံးမခဲ့ပါတယ်။

ဒါ့ကြောင့်.... ရှင်တို့ ကျမတို့ ခန္ဓပရိနိဗ္ဗာန်ကြီး တဘဝထဲ အပြီးမရသေးတောင် ကိလေသာနိဗ္ဗာန်ကိုတော့ မိမိတို့ အားရှိသလောက် အဆင့်အတန်းလိုက်နိုင်သလောက်တော့ အရယူဘို့ ကောင်း ပါ တယ် လို့ ဒီသာသနာ့ခွင်မှာ ယူ ကြ ပါ လို့ ကျမ ဘိုက်တွန်းပါတယ်။ ဒါကြောင့်....

သတ္တဝါသာဟိ၊ မွေးသက္ကရာဇ် တွက် ရေ စစ် လိုက်
သော် (၇)နှစ်အရွယ်သာ ရှိကြသေးကုန်သော၊ သုကု
မာရီဟိ ပျိုမျစ်နုနယ် မိန်းမငယ်လေးတို့သည်ကား။

တံပဒ်၊ ထိုနိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမြတ် တရားအအေးဓာတ်ကြီးကို။

ဒိဋ္ဌ်၊ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်လို့ ယုံကြည်စွာ ဖြောင့်ချက်ပေးနိုင်ကြသဖြင့် ဒိဋ္ဌမသေ့ မြင်ရလေ၏။

ဒါ့ကြောင့်.... ရှင်တို့ ကျမတို့ သန္ဒိဋ္ဌိက ကိုယ်တွေ့မြင်အောင် စာတွေ့မဟုတ်ဘဲနှင့် ငါတွေ့ဖြစ်အောင် ကိုယ်ပိုင်ဉာဏ်တွေထုတ်ပြီး အလုပ် လုပ်ကြရတယ် မဟုတ်လား။ ဒီလို အားထုတ်မှ သိစခန်း၊ မြင်စခန်း၊ ပေါက်စခန်း၊ ပိုင်စခန်းသို့ ရောက်ကြမှာ။

ခုသက်တော်ရှည်ဆရာတော်ဘုရားကြီး အမြဲ ဆုံးမ လေ့ ရှိပါတယ်။ ဟဲ့ (သိ)ဆိုတာ ခန္ဓာငါးပါးတဲ့၊ နာမ်ရုပ်(၂)ပါးတဲ့ (တဲ့)လေးတွေနှင့်သိတဲ့ သညာသိ၊ ဝိညာဉ်သိကို ဆိုတယ်တဲ့။

(မြင်)ဆိုတာကတော့ တွေး နိုင် မှ မှုံ မှုံ ရေး ရေး မြင် တဲ့ အမြင်တဲ့ရှင်။

(ပေါက်)ဆိုတာကတော့ ဘယ်အချိန်တွေးလိုက် တွေးလိုက် ပထဝီကိုရှုရင် ပထဝီတောကြီးတဲ့၊ အာပေါ်ရှုရင် ရေတောကြီး၊ ဘယ်ခဲဘဲ ရှု, ရှု ဓာတ်တော ပရမတ်တောကြီးတွေ မြင်နေတဲ့ သဘောမျိုးတဲ့ရှင့်။

နောက်ပြီးတော့ ( ပိုင် ) ဆိုတာကတော့ မဂ်ပိုင်၊ ဖိုလ်ပိုင် တွေတဲ့။

အဲဒါလိုသိအောင်၊ မြင်အောင်၊ ပေါက်အောင်၊ ပိုင်အောင် လုပ်ဘို့ဟာ ရှင်တို့ ကျမတို့ရဲ့ တာဝန်ပါဘဲ။ ဒါကြောင့်....

တံဒွိ၊ သိရေး မြင်ရေး၊ ပေါက်၊ ပိုင်ရေးကို ဒွိ
မသေ့ သိမြင်ကြလေသည်ရှိသော်။

**ဝေဒိတံ၊ ချမ်းသာလေစွ၊ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင် ရှားရှား ခံစားရသော ဂုဏ်ကျေးဇူး အထူးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။**

ဘုရားအဆုံးအမကို ရရင် ငယ်သော ကြီးသော မဟုတ်ပါဘူး၊ ချမ်းသာထူးကို ကိုယ်စီကိုယ်ငှ ရကြစမြဲပါဘဲ။

ဝိသာခါကျောင်းအမကြီးရဲ့ သန္တာန်မှာ ရရှိသားတဲ့ ချမ်းသာကြီး ငရဲဘေးမှ လွတ်ကင်းနေတဲ့ ချမ်းသာကြီးပေါ့ရှင်။ ခုချိန်မှာ ဒီချမ်းသာကြီးပျောက်ပြီး ငရဲဘေးကြီး ရောက်စေလို့ လုပ်လို့ ရပါ့မလား။ ငရဲဘေးကြီးကို မကြောက်ရတော့ဘူး။ ဘယ်လောက် စိတ်ချမ်းသာသလဲ။

တံဒွိ၊ သိရေး မြင်ရေး၊ ပေါက် ပိုင်ရေးကို ဒွိ
မသေ့ သိမြင်ကြလေသည်ရှိသော်။

**ဝေဒိတံ၊ ချမ်းသာလေစွ၊ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင် ရှားရှား ခံစားရသော ဂုဏ်ကျေးဇူး အထူးနှင့်လဲ ပြည့်စုံတော်မူပါပေ၏၊**

ဒါ့ကြောင့်.... တသံသရာလုံးက တောင်းဆိုလာခဲ့ကြတဲ့ ချမ်းသာထူ ချမ်းသာမြတ်ကြီးကို ကိုယ်စီကိုယ်ငှ ရကြရအောင် ဘုရားဆုံးမတဲ့ ခန္ဓာငါးပါး တရားကြီးကို အားထုတ်ကြပါစို့ ရှင်။

ကဲ- ခန္ဓာငါးပါးထဲက ရုပ်ဘက်က အာပေါဓာတ်ကိုပေါ့ရှင်။ ကျမတို့ရဲ့ အာစရိယဝါဒက ဓာတ်တပါးပါးကို အရိပ်သုဉ်း အောင်၊ နိမိတ်တုံးအောင် ရှုကြည့်ပွားများကြရပါတယ်။

ဒါ့ကြောင့်— အာပေါဓာတ်ဘဲ ရှုကြပါစို့။ အာပေါဆိုတာ သူ့ရဲ့သဘောက အာဗန္ဓနံ၊ ဖွဲ့စည်းမှုသည်ရင်း။ ပဂ္ဃရဏံ၊ ယိုစီးမှုသည်ရင်း။ အာပေါ၊ ပရမတ်နှစ် ရေအစစ်ပေတည်း။ ဖွဲ့စည်းမှု၊ ယိုစီးမှုဟာ သူ့ရဲ့သဘောပါဘဲ။ ဖွဲ့တယ်ဆိုသော်လဲ သူသူ ငါငါ သတ္တဝါတွေကို ဖွဲ့တာမဟုတ်ဘူးရှင့်။ သူတို့ရဲ့ သဘာဝဓမ္မဖြစ်ကြတဲ့ ရုပ်တရားအချင်းချင်းများကိုသာ ဖွဲ့ထား ပါတယ်။

ခုရှင်တို့ ကျမတို့ရဲ့ သန္တာန်မှာ ခေါင်းလို့ လက်လို့ ခေါ် ထားကြတဲ့ ရုပ်အပေါင်း ရုပ်အစုမှာ ကြည့်ပါလား။ တကွဲ တပြား လွင့်ပါးပျောက်ပျက် မသွားရအောင် ဖွဲ့ထားတယ်။ စည်းထားတယ်။ ရုပ်ကလာပ်တွေ တခုစီ တခုစီ ဖြစ်မသွားရ အောင် ထိန်းထားတယ်ပေါ့ရှင်။

ရုပ်တရားအပေါင်းထဲမှာတော့ အဖွဲ့ကောင်းကြီး ပါဘဲ။ လောဘ တဦးနှင့် တဦးစိတ်ဝမ်းမကွဲရအောင် ကိုယ့်ဘက် ပါ လာအောင် စည်းရုံးရေးကောင်းတဲ့ လူလို့ပေါ့ရှင်။ အာပေါ

ခါတ်ကလဲ ရုပ်ကလာပ်ကလေးတွေကို စည်ရုံးထားလိုက်တာ ခေါင်းလို့ ပြောရအောင်၊ လက်လို့ ပြောရအောင် စည်းရုံး ထားပါတယ်။

ယိုစီးမှုဆိုတာကတော့ အာပေါခါတ်ရဲ့ လွန်ကဲမှု ကြီး တမျိုးပါဘဲ။

လောက ဖယောင်းလုံးကြီးတခုကို အာရုံပြုပြီးကြည့်ပါလား မီးပူ နေပူနှင့် တွေ့လိုက်တော့ ဖွဲ့ထားတဲ့ ရုပ်ကလာပ်တွေဟာ အပူဒဏ်ကြောင့် လွန်ကဲပြီးတော့ အရေပျော် သွားရတယ်။

အဲဒီ ဖယောင်းလုံးလိုပေါ့။ ခန္ဓာကိုယ်ကြီးမှာ ဖွဲ့ထားတဲ့ ရုပ်ကလာပ်တွေဟာ အကြောင်းတခုခုနှင့် တွေ့လိုက်ရင် စိမ့်စိမ့် စိမ့်စိမ့်နှင့် ယိုစီးလာတယ်။ လောကအခေါ်နှင့်တော့ ချွေးတွေ၊ သွေးတွေ၊ မျက်ရည်တွေ၊ နှာရည်တွေလို့ ပြောရတယ်။

အဲဒီ ဖွဲ့စည်းအာပေါ၊ ယိုစီးအာပေါတွေကို ရှင်တော်ဘုရား ကြီးက **ရူပံဘိက္ခဝေ ယောနိသော မနသိကရောထ၊ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်ချစ်သားရဟန်းတို့သည်။ ရူပံ၊ ရုပက္ခန္ဓာ ကို။ ယော နိ သော၊ နိဿတ္တနိဇ္ဇီဝသဘော သင့် တင့် သော အကြောင်းအားဖြင့်။ မနသိကရောထ၊ ရှုပွားထင်လင်း နှလုံး သွင်းကြကုန်လော့**လို့ ဆုံးမခဲ့တယ်။

မြတ်စွာဘုရားအလိုတော်နှင့် ကြည့်ရင် နိဿတ္တနိဇ္ဇီဝ ကျအောင် ရှုရမယ်တဲ့။

ရှင်တို့ ကျမတို့က ပျင်းနေကြတော့ မရှုချင်ကြဘူး။ မရှုချင်လို့ မရှုတော့ သူငါတွေထင်နေရတာပေါ့။ သူငါလို့ ထင်လောက်အောင် အရိပ်နိမိတ်များ အာပေါဓာတ်ထဲမှာ ပါရဲ့လား။ အရိပ်သဲ့ဦး နိမိတ်တုံးတရားကြီးပါ။ ဒါပေမဲ့ သတ္တဝါလို့ ဆိုရအောင် အရိပ်နိမိတ်တွေက ခုခံနေကြတယ်။ ဘယ်အရိပ်တွေလဲ၊ ဘယ်နိမိတ်တွေလဲဆိုတော့ -

**ပယောဂနိမိတ် – ငါခိုင်းသလိုရသည်၊ ငါထားသလိုနေသည်ဟု အထင်မှားခြင်း။**

အာပေါဓာတ်ရဲ့ အပေါ်မှာ ပယောဂနိမိတ်ကြီး ဝင်နေတယ်။ ဝင်လို့သာဝင်တာ အာပေါဓာတ်က ငါခိုင်းသလိုရရဲ့လား။ ငါခိုင်းသလိုရရင် ကိုယ်ခန္ဓာကြီးကို မအိုနှင့် မနာနှင့် မသေနှင့်လို့ ခိုင်းထားပေါ့။ ခိုင်းလို့ရရဲ့လား။

**အာပေါဓာတ်က နိပ္ပယောဂ ငါခိုင်းသလိုမရ၊ ငါထားသလိုမနေ။**

ခိုင်းသလိုဘယ်တော့မှ မနေဘူး။ အိုမြဲတိုင်းသာ အိုသွားတာဘဲ။ ဒါ့ကြောင့်... ပယောဂနိမိတ်ကင်းတဲ့အာပေါဓာတ်လို့ ရှုပါ၊ ပွားပါ။ ပြီးတော့ –

**ပေသလနိမိတ် - ငါတိုက်တွန်း နှိုးဆော်နေသည်ဟု အထင်မှားခြင်း။**

ပုထုဇဉ်တွေဟာ မဟုတ်တာကို အဟုတ်ထင်တယ်၊ မမှန်တာကို အမှန်ထင်တယ်ရှင့်နော်။

ဒီအာပေါ်ခေတ်ဟာ ငါတိုက်တွန်းလို့ ဖြစ်လာတာလား။ သူ့ဟာသူ အကြောင်းတော်လို့ ဖြစ်လာတာ၊ တိုက်တွန်းလို့ ရတဲ့ တရားဆိုရင်တော့ လောကကြီးထဲမှာ ဘယ်ဒီလိုနေမလဲ။ အသက်ဘန်းကျကျ နေရအောင် တဦးနှင့်တဦး လက်စားလိုက်ပြီး တိုက်တွန်းနေကြမှာပေါ့။ ခုတော့ - နိပ္ပဲပေသလ ငါတိုက်တွန်း နှိုးဆော်၍မရပါဘူး။

**ပြီးတော့- ဗျာပါရနိမိတ် ငါရှိမှဖြစ်မည်၊ ငါမရှိလျှင် မဖြစ်ဟု ကြောင့်ကြစိုက်နေခြင်း။**

ရှိရှိသမျှ ပုထုဇဉ်တွေမှာ အားလုံးရဲ အတွက် ပူပန်နေတော့တာဘဲ။ ငါရှိမှ ငါလုပ်မှ ငါပြောမှနှင့် ငါမလုပ်ပဲ့ သူဖြစ်ချင်ဖြစ်မှာဘဲ။

ဒါ့ကြောင့်မို့ ( အဗျာပါရ ) ကြောင့်ကြ စိုက်နေစရာမလို၊ အဗျာပါရ တရားကြီးကို သွားပြီးကြောင့်ကြစိုက်နေလို့ အပိုဘဲဖြစ်မှာပေါ့။ ပြီးတော့ ရှိသေးတယ်ရှင့်။

**ဥဿာဟနိမိတ်။ ငါလုပ်သည်၊ ငါလုပ်လို့ ဖြစ်သည်ဟု အထင်မှားခြင်း။**

အာပေါ်ခေတ်က ငါလုပ်လို့ ဖြစ်တာမဟုတ်ဘူး။ ဖြစ်ဘို့အကြောင်းစုံလို့ ဖြစ်လာတာပါ။ ဒါ့ကြောင့် — (နိရုဿာဟ) ငါလုပ်လို့ ဖြစ်သည် မဟုတ်လို့ရှုပါ။

အာပေါခါတ်ရဲ့ အပေါ်မှာ နိမိတ်ကင်းသွားရင် ဘုရား အဆုံးအမလဲ ရတော့တာဘဲ၊ ခုဟောခဲ့တဲ့ အာပေါခါတ်ဟာ (၆)ဒွါရပြောရင် မနောဒွါရပေါ့ရှင်၊ အာရုံအားဖြင့် ဓမ္မာရုံ ပါဘဲ။ ဒါလို(၆)ဒွါရ (၆)ဋ္ဌာနမှာ အလုပ်ရသွားရင် ကျမတို့ ကြောက်ကြတဲ့ အအို၊ အနာ အသေမှလဲ လွန်မြောက်ကြပါပြီ။ တောင်းဆိုလာခဲ့ကြတဲ့ နိဗ္ဗာန်တည်းဟူသော အအေးခါတ် ပရမတ်ကြီးကိုလဲ ဝင်စံရပါပြီသို့။ ဒါ့ကြောင့်.... မနောဒွါရ၊ ဓမ္မာရုံထိုက်တဲ့ အာပေါခါတ် ရူပက္ခန္ဓာရုပ်ကိုသာ ရှုကြ၊ ဆင် ခြင်ကြ၊ ပွားများအားထုတ်ကြပေတော့လို့။ ဒါ့ကြောင့် ...

**တံဒိဋ္ဌံ၊ သိရေး မြင်ရေး၊ ပေါက်ပိုင်ရေးကို ဒိဋ္ဌ မသေ့ သိမြင်ကြလေသည်ရှိသော်....**

ဝေဒိတံ၊ ချမ်းသာလေစွ၊ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ဆင် ရှားရှား ခံစားရသော ဂုဏ်ကျေးဇူး အထူးနဲ့လဲ ပြည့်စုံတော်မူပါပေ၏။

**ဝေဒိတံ၊ ငယ်ငယ်ကြီးကြီး ထီးသီး မမ ပဓာန မဟုတ် အသိဉာဏ်သာ အချုပ်ဟာမို့ အလုပ်ရဘို့ အသိမှုတယ်။**

ဒီနေရာမှာ လောက ကတော့ကြီးတဲ့သူကမြတ်တယ် ငယ်တဲ့ သူက မမြတ်ဘူးလို့ ပြောကြတယ်ရှင့်။ ဘုရားအယူနှင့် ကြည့် လိုက်တော့ အသိဉာဏ်ဟာ ပဓာနပါဘဲ၊ လောက မြစ်ကြီး ငါးသွယ်၊ မြစ်ငယ်ငါးရာထဲမှာ စီးဆင်းလာဘဲ့ ရေတွေဟာ မဟာသမုဒ္ဒရာထဲရောက်တော့ ဆားနော်ရေတခုထဲသာ ဖြစ်သွား

သကဲ့သို့ ဒီမှာသဲဘဲ ရှင်တော်ဘုရားကြီးဆုံးမတဲ့အသိ ရောက်တော့ ငယ်ငယ် ကြီးကြီးလို့ ရွေးချယ်လို့ မရတော့ပါဘူး။ မြတ်တော့ဘာပါဘဲ။ ဒါ့ကြောင့် ...

ဝေဒိတံ၊ ငယ်ငယ် ကြီးကြီး ထီးထီး မမ၊ ပဓာနမဟုတ် အသိဉာဏ်သာ အချုပ်ဟာမို့ အသုပ်ရဘို့ အသိမှုတယ်၊ ပကတိ အသူဖယ်တော်ရာ ဘား သိုက်ကြပေတော့ ကြည့်အဘူတူတကယ် မျော်ကာ သနားပေမဲ့ အော်... **မသိသူကျော်သွား - သိသူ မော်စား** ထိုက်လှပါပေသတည်း။ ။

သာဓု သာဓု သာဓု။

# တရားရေအေး သောက်မျိုလွှေး ငတ်ရေးပျောက်ကင်းကွာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ကဲ - တချို့စကြပါစို့ ရှင်တို့ ကျမတို့ ဘာ့ကြောင့်ခုလို တရားနာရသလဲလို့ စစ်ဆေးကြည့်လိုက်တော့ ချမ်းသာသုခကို လိုလားလို့ပါ့ ဆိုတာလူတိုင်းသိကြပြီးသားပေါ့ရှင် ဘာ့ကြောင့်လဲဆိုတော့ ဒုက္ခဆိုရင် အင်မတန်ကြောက်တယ်၊ ဒုက္ခကြောက်တယ်ဆိုမှတော့ သုခတရားနှင့်က ရင်းနှီးတွေ့ချင်တယ် ဆိုတာ ထင်ရှားပါတယ်။ ဒီတော့ ချမ်းသာသုခ ဆိုတာကလဲ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ နိဗ္ဗာန်ချမ်းသာရယ်လို့ (၄)မျိုးရတယ်။

တနည်း လောကီချမ်းသာ လောကုတ္တရာ ချမ်းသာလို့လဲ နှစ်မျိုးရှိပါသေးတယ်။

ရှင်တို့ ကျမတို့ရဲ့ သန္တာန်မှာ လောကီချမ်းသာဖြစ်တဲ့ ရှေ့ချမ်းသာ(၃)မျိုးကိုသာ တောင်းဆိုလာခဲ့ကြတယ်။ ရှေ့ချမ်းသာလေးလောက်ရရုံနှင့် အားရတင်းတိမ်လာခဲ့ကြတယ်။

သာသနာ့ အဆုံးအမ မငြိုကြတော့ သတ္တဝါတွေမှာ ဘယ်ဟာကို ချမ်းသာစစ်၊ ချမ်းသာမှန်ရယ်လို့ မသိကြဘူး။ မစစ်ဆေး တတ်ကြ ဘူး ပေါ့ရှင်။ တဏှာတခဏ ဖြစ်တဲ့ လောကီချမ်းသာများကိုသာ တကယ့်ချမ်းသာစစ်ထင်ပြီး ရှင်တို့ ကျမတို့ တောင်းဆိုလာခဲ့ကြတယ်။

ချမ်းသာစစ် ချမ်းသာမှန်ကဘော့ လောကုတ္တရာ နိဗ္ဗာန် ချမ်းသာမှသာလျှင် တကယ့်ချမ်းသာစစ် ချမ်းသာမှန်ကြီးပါ။

ရှင်တို့ ကျမတို့ တောင်းဆိုလာခဲ့ကြတဲ့ လူ နတ် ဗြဟ္မာဆိုတဲ့ ချမ်းသာမျိုးဟာ တကယ် ချမ်းသာမျိုး ဟုတ်ခဲ့လျှင် ခုလူ့ဘုံ လူ့ဘဝ၊ လူလောကကြီး ကို ကိုယ်ရောက် နေကြတာ ဘဲ။ ချမ်းသာကြမှာပေါ့။ ခုဖြင့် ပူပန်လိုက်ရတာ။ မရှိပြန်တော့လဲ တောင့်တပူရ၊ ရှိပြန်တော့လဲ ကြောင့်ကြ ပူရနှင့် အေးခွင့် သက်သာခွင့်ကို မရှိဘူး။ ဒါကိုဘဲ လူချမ်းသာတဲ့ရှင်၊ ထင်နေလိုက်ကြတာ။ ကဲ- စဉ်းစားကြည့်ပါလားရှင်။ မရှိပြန်တော့လဲ ပူလိုက်ရတာ။ ငါ့မှာ သူတကာတွေလို မဝတ်ရလေခြင်း၊ မစားရလေခြင်း၊ မလှူရလေခြင်းလို့ တောင့်တပြီး ဝတ်ချင်လိုက်တာ၊ စားချင်လိုက်တာ၊ လှူချင်လိုက်တာလို့ အမြဲ တောင့်တပူ ပူနေကြရတယ်။ ရှိပြန်ဘော့လဲ မိမိရှိတဲ့ပစ္စည်း ဥစ္စာလေးအတွက် ဘယ်လောက်ပူရသလဲ။ ရွှေရှိရင်ရွှေအတွက် ပူရတယ်။ ဒီရွှေလေးဟာ ဘယ်နားများထားရပါ့မလဲ။ ဒီနား ထား လုံမှ လုံပါ့မလား။ ငါထားတာ လူများသိသွားမလား စသည်ဖြင့် ထားစရာမရှိအောင် ပူနေကြရတယ်။

ငွေရှိတဲ့ သူတွေမှာလဲ ဒီငွေလေးအတွက် ပူရတယ်။ ခုနေ ဒီငွေတွေဘာများဖြစ်သွားမလဲ။ တာရှည်စွာထားလို့ဖြစ်မှ ဖြစ်ပါ့မလားလို့ ပူရတယ်။ ကဲ- အထည်ဘော့ပေါ့ဘဲ့ သူမှာကော ချမ်းသာသုခ ရှိမှာလား။ ဘယ်မှာ သူခိုးတွေပူသာဘဲ့ ဆိုရင်၊ ခေါးပြဘော့ဆူသတဲ့ဆိုရင် ထားစရာ နေစရာမရှိဘူး။ ဒီအထုပ်ကြီး သယ်ပိုးနေရတာနဲ့ လူတောင်လွတ်အောင် မပြေးနိုင်ဘူး။ ဘယ့်လောက်ကြောက်ကြရတဲ့ ဘုံကြီးလဲလို့။

ဒါလူ့ဘုံကြီးမှာ ချမ်းသာသုခရှိတယ်လို့ ထင်နေကြတာ။ ကဲ- ချမ်းသာသုခများ တွေ့ရဲ့လား။ ဒုက္ခဘုံကြီး ဖြစ်နေသည့် အတွက် ဆင်းရဲဒုက္ခကိုသာ တွေ့ကြရတယ်။ မရှိတော့လဲ တောင့်တပူ၊ ရှိပြန်တော့လဲ ကြောင့်ကြပူ။ ဒီအပူနှစ်ပူရဲ့ အကြားထဲမှာနေရတာ အေးခွင့်များရနိုင်ပါ့မလား။

အဲဒါကြောင့် လောကမှာ အထက်မီး အောက်မီးမှုန့်ဆိုတာ ရှိတယ်ရှင့်။ အဲဒီမှုန့်ဟာ အောက်က ဒယ်အိုးကလဲပူ၊ အပေါ်က စလောင်းကလဲပူနှင့် ဒီမုန့်လေးတခုလုံးမှာ ဘယ်နေရာ အေးပါ တယ်လို့ မရှိဘူး၊ အလယ်ကနေပြီး ချွေးများပြန်လို့ဘဲမဟုတ် လား။ ဒီမုန့်လေးအေးခွင့် သက်သာခွင့်မရသလို ခုလူ့ဘုံကြီး မှာလဲ ဘောင့်တပူတွေ၊ ကြောင့်ကြပူတွေ၊ လောဘပူတွေ၊ ဒေါသပူတွေ ဝိုင်းအုံလို့။ ဒါကြောင့်.... ကျမတို့ ဆရာတော် ဘုရားရှိစဥ်က ဆုံးခဲ့ဘူးဘယ် ဘယ်လိုလဲဆိုတော့—

**မရှိပြန်တော့လဲ တောင့်တပူ၊ ရှိပြန်တော့လဲ**
**ကြောင့်ကြပူ။ မရှိတောင့်တ ရှိကြောင့်ကြပူ၊ တပူပေါ်**
**နှစ်ပူစီးလို့ လူ့အထက်မီး အောက်မီးမုန့်နှင့်တူ။**

လို့ ဆုံးမခဲ့တဲ့အတိုင်း ကြည့်လိုက်ဘော့ ခုလူ့ဘုံကြီးဟာ အဲဒီ အထက်မီး အောက်မီးမုန့်လေး သက်သာခွင့်မရှိသလို လူ့ဘုံကြီးဟာလဲ ပူနေကြရှာဘဲ။ ကြည့်ပါ့လား သားရေး သမီးရေး၊ ရွာရေး၊ ရပ်ရေး၊ မင်းရေး၊ စိုးရေးကစပြီး ပူနေကြ ရတယ်။ တနေ့မှ အေးခွင့်မရှိဘူး။ ဒါကြောင့်.... လူဘုံ လူ့ ဘဝ လူလောကကြီး ဖြစ်နေကြပုံတွေ စိစိတွေးလိုက်တော့ တနေ့မှ နေချင်စရာမကောင်းဘူးရှင့်နော်။ အမှုတွေကသာပိုပြီး

လာတော့ဘာဘဲ။ ဒါတွေ စိစိတွေးလိုက်ရင် ဘဝင်ဖိုစရာကြီး ပါဘဲ။ သူတော်ကောင်းကြီးတွေ ခိုအောင်းစရာ၊ ကျင့်ကြံစရာ ဖြစ်တဲ့ ကြောင်ပန်းတိုက်ကြီးသာ နေပြီး တရားအားထုတ်ဘို့ ကောင်းတော့တာပါဘဲ။ ဒါမှသာလျှင် အေးခွင့် သက်သာခွင့် ရရှိကြမယ် မဟုတ်လား။

အဟုတ်ရှိတဲ့ ရုပ်ဓမ္မ နာမ်ဓမ္မတွေကို ဟန်ကျအောင်ပြနေတဲ့ ဌာနကြီးမို့ တကယ်ချမ်းသာခွင့် ရပါတယ်သို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်ဘဲ့ တရားတော် တကယ်မြင်လျှင် တရက် နေရအုံးတော့ မြတ်တယ်လို့လဲ မြတ်စွာဘုရား ဟောကြားခဲ့ တာရှိသားဘဲ။ မြတ်ချင်လျှင် ပစ္စည်းနှင့် ရွာကြီးတွေစွန့်ပြီး အားထုတ်ဘို့ပါဘဲ။ ဒါ့ကြောင့် ..

## တေးသပ်

လူ့ပြေမှာ ခုနေရ၊ မူးတွေကပိုမို။ ရှုခလက ဘဝင်ဖိုသည်၊ မရှင်လိုစိတ်များ။ ပစ္စည်းနှင့် ရွာကြီးပြေကို၊ ခွါပြီလေ - ထွက်ဘို့ - ရှောင်ရှား။ ကြောင်ပန်းတိုက်မြိုင်ကြီးအလယ်မှာ၊ ထိုင်ပြီး ကွယ် ဥာဏ်ပွား။ ကိုင်ပုတီးဝယ်စိတ်ထားလို့ မှန်တရားခင်မင်။ သူတော်စင်မြတ်တရားကိုလ၊ ထပ်မနားပွားလို့နေချင်။ အနိစ္စ တချက်ထင်လျှင်၊ တရက်ပင် နေအုံးတော့၊ အမြတ်ဆုံး သုံးလူ ထွဋ်ချာ၊ ဟောခဲ့ဒေသနာ။ သို့မို့ကြောင့်-အောင်နန်းပမာလို၊ ကြောင်ပန်းသာ သွားချင်ပေါ့လေ။ လို့

ကျမတို့ရဲ့ ဓမ္မမှတ်တမ်း ဆရာတော်ဘုရားက ကျမတို့လို ငယ်ရွယ်သူလေးတွေရွတ်ချင် ဖတ်ချင်အောင်၊ နောက်ပြီးတော့ စိတ်ဝင်စားလဲလာအောင် ပေါ့ရှင် ဆုံးမတာ။ ကျမတို့ (၂၈-ခုနှစ်က)မှတ်သား လိုက်ရဘူးပါတယ်။ ဒါ့ကြောင့်....

ကြောင်ပန်း တိုက်ကြီးထဲမှာ သွားပြီးတော့ ဘုရားဟော ဒေသနာတွေကိုသာ အသေအချာ ပွားနေ ဘို့ မ ကောင်း ဘူး လား။ ဒီလို သူတော်ကောင်းများ ပွားများ အားထုတ် ကြတဲ့ တရားမှသာလျှင် အေးခွင့်၊ သက်သာခွင့်၊ ချမ်းသာခွင့်ကို ရနိုင် တယ်ရှင့်နော်။ ကျမတို့နေကြတဲ့ လောကကြီးကတော့ အပူ လောကကြီးပါ။ သူတော်ကောင်းတရားမရှိက လောဘပူတွေ ဒေါသပူတွေ၊ ဒိဋ္ဌိပူတွေက ရှူ့ဘို့ ကျမတို့ရဲ့ သန္တာန်မှာဗိုင်းအုံ လို့ မ ဟုတ် လား။ လူ့ ဘုံ သာ ပူ တာ ပါ။ နတ်ဘုံကတော့ အေး မှာ ပါ လို့ အ ထင် မ ကြီး နှင့် နတ်တွေလဲ တရားမရှိရင် ပူလျက်ဘဲ။

ဘုံဗိမာန်မကောင်းတဲ့ နတ်က အော်.... ငါ့မှာ သူတပါး တွေလို ငါ့ရဲ့ဘုံဟာ ပြောင်ပြောင်လက်လက်မရှိဘူး။ အခြား သော နတ်တွေမှာဆိုရင် ဘုံဗိမာန်ကြီးတွေ ကြည့်လို့မငြီး၊ ရှုလို့မငြီး။ ငါ့ဘုံက စုတ်ချာလိုက်တာ။ ဘယ်လိုကုသိုလ်မျိုး လုပ်ခဲ့မိလို့ပါလိမ့်။ ဝင်းပြောင်နေတဲ့ ဘုံကြီးနဲ့များ နေစမ်း ချင်ပါဘိလို့ ပူလျက်ဘဲ။ အရောင်အဆင်း ပြောင်ပြောင်နှင့် ကောင်းမွန်စွာ ခံစားရတဲ့ နတ်ကတော့လဲ ခုနေ ငါ ထက် တန်ခိုးကြီးတဲ့ နတ်များရောက်လာမလား။ ငါကများ အခြား ဘုံသို့ ရွှေ့ပြောင်း ပေးရတော့မှာလားလို့ ပူလျက်ဘဲတဲ့ရှင့်။ ပြီးတော့ အခြွေအရံ အသင်း အပင်း မရှိသော နတ်ကြတော့ အော်.... ငါ့မှာ အပေါင်းအဖေါ်လဲ မရှိဘူး။ အခြွေအရံနဲ့ပါး တာ။ တယောက်ထဲနေရ ပျင်းလိုက်ပါဘိလို့၊ အပေါင်းအဖေါ် အတွက် ပူရတဲ့ နတ်ပူကြီးတွေ။ အ ပေါင်း အ ဖေါ် များ တဲ့ နတ်ကျပြန်တော့လဲ ဒါတွေအတွက် စိုးရိမ်နေရတာဘဲ။

ဂန္ဓဗ္ဗနတ်မင်းကျတော့ တ ယောက် ထဲ ပျင်း လွန်း လို့ နတ်သမီးတွေ နတ်မြို့ကြီးတွေ နတ်ရေကန်ကြီးတွေ နတ်ဥယျာဉ်ကြီးတွေ ကိုယ် ဟာကို ဖန်ဆင်းပြီး အပျင်းဖြေရသတဲ့။ ဒါလဲ တောင့်တပူတမျှ ပါဘဲ။ နတ် ပြည် မှာ ရှိ တဲ့ ဝ တ္ထု ပ စ္စည်း နတ်စည်းစိမ်ကြီးတွေကိုဘဲ ပူတယ်ဆိုတာမဆိုးဘူးရှင့်။

ကျမတို့ လူ့ဘုံမှာရှိတဲ့ ဝ တ္ထု ပ စ္စည်း လေး အ တွက် ကို ဘယ်လောက်ပူရသလဲ။ ဝတ္ထုကြီးနဲ့ ကြီးသလောက် ပူရတယ်။ ဥပမာ - ရွှေဆိုတဲ့ ဝတ္ထုဟာ ( ၁ )သားရှိတဲ့သူနှင့် (၁၀)သား ရှိတဲ့သူ ဘယ်သူက ပိုပြီးပူရမလဲလို့၊ အာရုံကိုက အပူအာရုံကြီး တွေကိုရှင့်။ ဒါ့ကြောင့်.... နတ်ကြီးတွေလဲ အေးခွင့် သက်သာခွင့် မရှိတာကြောင့် ကျမတို့ ဆရာတော် ဘုရား ဆုံး မ ခဲ့ တာ ဘယ်သောက် ထင်ရှားသလဲ။ ဒါကြောင့်....

**မ ရှိ ပြန် တော့ လဲ တောင့် တ ပူ၊ ရှိ ပြန် တော့ လဲ ကြောင့်ကြပူ၊ မရှိတောင့်တ, ရှိကြောင့်ကြပူ၊ တပူပေါ် နှစ်ပူစီးလို့၊ နတ်အထက်မီး အောက်မီးမုန့်နှင့်တူ။**

နတ်တွေသာ တောင့် တ ပူ၊၊ ကြောင့် ကြ ပူ, ပူ ရ သ လား ဆိုတော့ ဗြဟ္မာကြီးတွေလဲ ပူ ရ တာ ဘဲ။ ဗြ ဟ္မာ ကြီး တွေ ကျတော့ လူတွေ၊ နတ်တွေလိုတော့ မဟုတ်ဘူးပေါ့ရှင်။

သူတို့လဲ သူတို့ဘာဝအာ ·လျော်စွာ စျာနသုခနှင့်နေကြတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ဒီစျာန်ချမ်းသာအတွက် ပူနေရတာဘဲ။

ဈျာနသုခလေးကို မရခင်ကတော့လဲ ရအောင်အားထုတ်လိုက်ရတာ။ ရမှရပါ့မလားလို့ တောင့်တလိုက်ရတာ။ ရပြန်တော့လဲ ပျောက်သွားမှာ၊ ပျက်သွားမှာ စိုးရိမ်လိုက်ရတာ လွန်ပါရော ဒါ့ကြောင့်မို့ ဗြဟ္မာကြီးတွေလဲ ပူလျက်ပါဘဲ။ ဒါကြောင့်....

မရပြန်တော့လဲ တောင့်တပူ၊ ရပြန်တော့လဲ ကြောင့်ကြပူ၊ မရတော့ကြောင့်တ ရကြောင့်ကြပူ၊ တပူပေါ်နှစ်ပူစီးလို့၊ ကြွမ္ဘာ့အထက်မီး အောက်မီးမှန့်နှင့်ဘူ၊

လို့ သက္ကာယဒိဋ္ဌိတန်းလန်းရှိက ဘယ်ဘုံ ဘယ်ဘဝ ဘယ်ဌာနမှာဘဲ ရောက်ရောက်၊ အပူကောင်ကြီးတွေပါဘဲ။ ဘာ့ကြောင့်လဲဆိုတော့ အာရုံကိုက အပူအာရုံကြီးကော့ကိုးရှင့်။ ဒါ့ကြောင့်.... ဒီအာရုံကို လိုက်စားကြတဲ့ သတ္တဝါတွေဟာ အအေးကောင်ဖြစ်ဘဲ အပူကောင်တွေသာဖြစ်ကြရတယ်။

အပူကောင်တွေ ဖြစ်မှာပေါ့၊ အဝိဇ္ဇာကဓမှောင်ချ ဒိဋ္ဌိက အကောင်ပြုနေတော့ သတ္တဝါတွေမှာ တကယ့်အနှစ်သာရအနေနှင့် အားကိုးရာ အားထားရာကြီးတွေထင်ပြီး လိုက်စားနေကြတာ။ ဒီကာမဆိုတဲ့ အာရုံတွေဟာ အနှစ်သာရနှင့်ပြည့်စုံတဲ့ တရားလားဆိုတော့ ဒီလိုလဲမဟုတ်ဘူး။ ဒီလိုအနှစ်မရှိတဲ့ တရားမို့ပေါ့၊ ခံစားလိုက်ကြတာ တဘဝလာလဲ ခံစားရ၊ တဘဝလာလဲ ခံစားမြဲ(ဝ)တယ်ဆိုလဲ မရှိကြဘူး။ ဘယ်ဝမှာလဲ အနှစ်မှမရှိဘဲ။ အကယ်၍ ဝသွားမယ်ဆိုရင် ခုချိန်အထိ ခံစားနေတို့ မလိုတော့ပါဘူး။ ဝပြီးတော့ခံစားမှုတွေ ရပ်စဲနေလောက်ပါပြီ။ ခုတော့- ကာမသဘောတရားဟာ ခံဘ လိုက်မှုပိုပြီးတော့ ဆိုးတယ်လို့ သူတော်ကောင်းများ ဆုံးမကြတယ်။

လောကဥပမာအားဖြင့်လဲ ပင်လယ်ဆားငန်ရေနှင့် တူတယ်လို့ ဆိုးမထားတယ်။ အဲဒီ ပင်လယ်ဆားငန်ရေများဟာ ရေဆာကြသော နွားသတ္တဝါများက ရေတော်လို့ သွားပြီး သောက်မိရင် အဲဒီ နွားသတ္တဝါမှာ ဝမ်းဗိုက်ထဲ ဆားငန်ရေ သောက်လိုက်သည်နှင့် တပြိုင်နက် ပိုပြီးတော့ ဆာလာသတဲ့၊ ငတ်လာသတဲ့။ ပင်လယ်ဆားငန်ရေများဟာ ပကတိကိုက အငတ်ခေတ်၊ အဆာခေတ်ရှိသတဲ့။ ဒါ့ကြောင့်မို့ ဘာမှန်းမှ မသိကြတဲ့ နွားသတ္တဝါတွေဟာ သောက်လိုက် ငတ်လိုက်၊ ငတ်လိုက် သောက်လိုက်နှင့် (ဝ)တယ်လို့ မရှိဘဲ ဗိုက်ကားပြီး တော့သာ သေကြသတဲ့။ အဲဒီဥပမာအတူ သတ္တဝါတွေခံစား စံစားနေကြတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကလဲ ဝတယ်လို့ ဘယ်တော့မှ မရှိဘူးတဲ့ရှင့်။ ဒါကြောင့် မြတ်စွာဘုရားက....

**လောဏောဒက သမံ ကာမံ၊ အပ္ပဝိတ္တာန ပဏ္ဍိတော။**
**မဓုရောဒက သမံ ဓမ္မံ၊ သပ္ပဝေယျ ပုနပ္ပုနံ။ ။**

ပဏ္ဍိတော၊ ကာမ၏ အဆိုးအကောင်း အကျိုးအကြောင်း တွေကို ကောင်းကောင်းသိမြင် ပညာရှင်သည်၊ လောဏော ဒကသမံ၊ သောက်လေ - သောက်လေ ဘယ်တော့ဘယ်အခါ ဘယ်ကမ္ဘာကမှ အဆာမပြေခဲ့တဲ့ ဆားငန်ရေတွေနှင့် တူလှစွာသော....

ရှင်တို့ ကျုပ်တို့ ခံစားလာခဲ့ကြတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံလို့ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရား တွေဟာ ရှင်တော်ဘုရားကြီးက ပင်လယ်ဆားငန်ရေနှင့် တူတယ်လို့ ဟောခဲ့တယ်ရှင့်။

ဆာၤနေ်ရေနှင့် တူလို့ပေါ့ရှင်၊ ရှင်တို့ ကျမတို့ ခံစားလာခဲ့ကြတာ။ ဘယ်စေတာ့များ ဝ ခဲ့ကြသလဲ။ မျက် စိ ပေါက် က ရူပကာမဂုဏ် တရားတွေ ဝ တယ် လို့ မ ရှိ ဘူး။ ကြည့်ပြီးရင်း ကြည့်ချင်ရင်းဘဲမဟုတ်လား။ ကြည့်ပြီးရင်း ကြည့် ချင် ရင်း မို့ ပေါ့ရှင့်။ ဇာတ်ပွဲတွေ ရုပ်ရှင်ပွဲဘွေမှာ အမြဲကနေကြရတယ်။ အားရတယ်လို့မရှိဘူး။

တကြိမ်ကြည့်လို့လဲ မဝ၊ နှစ်ကြိမ်ကြည့်လို့လဲ တင်းမတိမ် သုံးကြိမ်ကြည့်တော့လဲ အားမရ၊ဘယ်တော့ဝကြမှာလဲ။ ဝ ဘို့ရှေ့ နေနေသာသာ ပိုပြီးသာ ဆိုးသာသတဲ့။ ပိုပြီးဆိုးမှာပေါ့၊ သူ့ရဲ့ ပကတိဓာတ်ကိုက အာတ် အဆိုး ဓာတ်ကြီးက ပါလာတာ။ ကဲ - နားပေါက်က အသံအမျိုးမျိုး သဒ္ဒကာမဂုဏ်တရားတွေ လောကတခုလုံးမှာ သောသောကြွယ် ကျွက်ကျွက်ဆူ ကြား နေကြရပါတယ်။ ကက်ဆက်သံတွေ၊ ရေဒီယိုသံတွေပေါ့ရှင်။ ဒီအသံတွေ နားထောင်ရတာ ဝ ပါပြီလို့များ ရှိကြရဲ့လား။ ကြားပြီးရင်း ကြားချင်ရင်းဘဲ မဟုတ်လား။

ဃာနဒွါရက အနံ့အမျိုးမျိုး ဂန္ဓကာမဂုဏ်တရားတွေ ရှူခဲ့ကြတာ ရှိုက်ခဲ့ကြတာ မည်ရွေ့ မည်မျှရှိပြီးလို့ ဂဏန်းချ လို့များ ရခဲ့ရဲ့လား။ အနံ့ အမျိုးမျိုး တွေ လဲ စုံ လှ ပေါ့၊ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်၊ ဘဝပေါင်းတွေလဲ များ လှပေါ့၊ ဝကြပြီလား၊ ဒီနှာခေါင်းက မရှူတော့ပါဘူးလို များ တင်းတိမ်သွားကြပြီလား ရှင်တို့ ကျမတို့ နမ်းပြီးရင်း နမ်းချင် ရင်းပေါ။

ပြီးတော့ - ဇီဝှါဒွါရ ဇီဝှါပသာဒမှာ ခံစားနေတဲ့ အရသာတွေ ရသကာမဂုဏ်တွေ ယနေ့ကစဖြတ်တော့မယ်၊ မြလိုက်စားတော့ပါဘူးလို့ များ ရှိကြရဲ့လား။ ဟင်းကောင်းလေး မပါရင် မျက်နှာက မကြည့်ချင်ဘူး။ ရသာခါတ်ရဲ့အပေါ်မှာ စွဲမက်နေတဲ့ ရသတဏှာကြီး ဘယ်လောက်ဆိုးလဲ။

နောက်ပြီးတော့ - ကိုယ်ပေါ်က ဖေါဋ္ဌဗ္ဗကာမဂုဏ် တဲ့၊ နူးနူးညံ့ညံ့လေးတွေ တွေ့လိုက်ရရင် မလွှတ်ချင် မခွါရက်နှင့် မက်ခဲ့ရတာ ကျမတို့ ရှက်ဘွိုသဲ ကောင်းလှပါပြီ။ ဒါပေမဲ့ သူ့ရဲ့ပင်ကိုယ်ပကတိ သဘာဝကိုက အငတ်ခါတ်ကြီး အပြီးပါနေတော့ ရှင်တို့ ကျမတို့ ပုထုဇဉ်တွေမှာ မရှက်နိုင်တော့ဘူးပေါ့ရှင်။ ရှေးလူကြီးများပြောတဲ့ မရှက်( ၃ )ပါးထဲမှာ ငတ်မရှက်အဖြစ်နှင့် ပါခဲ့ကြတယ်ပေါ့။ ဒါ့ကြောင့် — ဖေါဋ္ဌဗ္ဗအာရုံ ကာမဂုဏ်ကိုခံစားလိုတဲ့ တဏှာအငတ် အာသာခါတ်ကြီးလဲ ပေါ့နိုင်သမျှပေါ့၊ လျှော့နိုင်သမျှ လျှော့ရအောင် သူ့အပြစ်ကို ကြည့်ရမယ်။

အရိယာအပေါင်း သူတော်ကောင်းဘေ့ကျတော့ ကာမရဲ့ အပြစ်ကို မြင်တော်မူကြသည့်အတွက် ခံစားကြသေးရဲ့လား၊ စံစားကြသေးရဲ့လား၊ ကာမဆိုတဲ့အသံကို နားရှိလို့သာကြားရ ကြားတောင် ကြားချင်ကြမယ် မဟုတ်ဘူးရှင့်။ ဒါ့ကြောင့် —

**လောဏောဒကသမံ၊ သောက်လေ သောက်လေ**
**ဘယ်တော့ ဘယ်ခါ ဘယ်ကမ္ဘာကမှ အဆာမပြေခဲ့တဲ့**
**ဆားငန်ရေတွေနှင့် တူလှစွာသော။**

ကာမံ၊ ကြားရုံနှင့် လန့်ခမန်း ကြော ချမ်း ၍
ကြောက်စရာ၊ သောက်ဝံ့မှာ ဝေးရော... နဲနဲလေးမှ
ဟန်မရတဲ့ ကာမဆိုတဲ့ ရေငန် ရေခါးကြီးတွေကို။
အပ္ပိဝိတ္တာန၊ အလိုလိုကြောက်ပြီး မမျှိုသောက်၊
မမှိုဝံမှုရှ်။

ရှင်တို့ ကျမတို့ ခံစားပြီးလာခဲ့ကြတာ ကမ္ဘာလက်ရိုးတရား
မျိုးကြီးကို အဆန်းထင်ပြီးတော့၊ အရေးထားပြီးတော့ ဦးစား
ပေးနေလိုက်ကြတာ။ မသိတတ်သော နွားသတ္တဝါများပမာ
ပင်လယ်ဆားငန်ရေကို မ သိ လို့ သာ လျင် သောက် ကြ သလို
ရှင်တို့ ကျမတို့လဲ မသိလို့သာ သောက်နေကြတာပါ။ နဲနဲလေး
စိတ်ဝင်စားလိုက်ရင် နဲနဲလေး ကြောက်စရာ ကောင်းတဲ့ တရား
ကြီးဘဲ။ များများကြီး စိတ်ဝင်စားလာရင် များ များ ကြီး
ကြောက်ရမှာပေါ့။

ခုတော့ - ရှင်တို့ ကျမတို့က အကောင်းထင်နေကြတာ၊ကာမ
အပြစ်ဆိုးတွေကို မတွေးကြဘူး။ အပြစ်ပါလို့ ပြောကြ ဟော
ကြတဲ့ သူတော်ကောင်းတရားများ ေ ာင် မယုံကြည်နိုင်ကြဘူး။
ဒါ့ကြောင့်မို့လဲ မကြောက်တာ၊ ပြောပြလို့မှ မကြောက်ဘူး
ဆိုတော့.... အလိုလိုကြောက်လာမှာကတော့ ခပ်ဝေးဝေးပေါ့ရှင်။
သူတော်ကောင်းကြီးတွေကျတော့ ကာမရဲ့ အပြစ်သိဘော့
အလိုလိုကို ခေတ်ကကြောက်လာသတဲ့။ ဒါကြောင့်....

အပ္ပဝိတ္တာန၊ အလိုလိုကြောက်ပြီး မမျှိုသောက်၊
မမှိုဝံမှုရှ်။

**မဓုရောဒကသမံ၊ တခါသောက်လိုက်လျှင် အဆာပျောက် ကာ အငတ်ငြိမ်းပြီး ခပ် သိမ်း သော ဘေးဘယတို့၏ အေးမြချမ်းသာရာ လွန်စွာဆိမ့်ချိုလှသည့် ရေချိုရေအေးနှင့်တူလှစွာသော။**

ရှင်တော်ဘုရားကြီး ဟောကြားတော်မူတဲ့ တရားတော်ကြီးကျတော့၊ ရှင်တို့ ကျမတို့ရဲ့ သန္တာန်မှာ တ သံ သ ရာ လုံး က ပါလာခဲ့တဲ့ တဏှာမာနဒိဋ္ဌိ အစရှိတဲ့ အငတ်ဓာတ်ကြီးတွေဟာ ရေးရေအေးကြီးနှင့်သာ တွေ့လိုက်ရင် တခါထဲအငတ်ဓာတ်ဟာ ပြေသွားနိုင်သတဲ့။ ဒါ့ကြောင့်မို့ပေါ့ရှင်၊ အမှန်တရားကို သိမြင်တဲ့ အရိယာအရှင်တွေဟာ တရားသိပြီးသည့်နောက်၊ ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေကို ပြန်ပြီးတော့ ခံစားပါသေးတယ်။ ခံစားကြသေးတယ်လို့ မရှိကြပါဘူး။ တခါထဲနှင့် အလွတ်ရုန်းကြတယ် မဟုတ်လား၊၊ ဒါ့ကြောင့်.... ဘုရားတရားတော်ကြီးကျတော့ ရေချို ရေအေးကြီးတဲ့။ ဒါကြောင့်....

**မဓုရောဒကသမံ၊ တခါသောက်လိုက်လျှင် အဆာပျောက်ကာ အငတ်ငြိမ်းပြီး ခပ်သိမ်းသောဘေးဘယတို့၏ အေးမြချမ်းသာရာ လွန်စွာချိုဆိမ့်လှသည့် ရေချိုရေအေးနှင့်တူလှစွာသော။**

ရှင်တော်ဘုရားကြီး သာသနာနှင့် တွေ့တဲ့အခါ တရားတည်းဟူသော ရေချို ရေအေးကြီးသာ သောက်မိအောင်သောက်လိုက်ကြလို့ အချိန်တွေမလွန်ခင်၊ အရွယ်တွေမလွန်ခင် အရေးကြီးသည့် တရားမို့ ကျမအထူးဘဲ တိုက်တွန်းလိုက်ပါတယ်။

ယနေ့ည ရေချိ ရေအေးကြီးကို တကယ်တန်း သောက်မယ် ဆိုရင် ခန္ဒာငါးပါးထဲက သင်္ခါရက္ခန္ဓာကို ဥာဏ်မှီသမျှ ဟော ပါ့မယ်။

သင်္ခါရက္ခန္ဓာဆိုတာ မြတ်စွာဘုရားရဲ့ ဒေသနာတော်အလို အားဖြင့် ဝေဒနာသညာမှ ကြွင်းတဲ့ စေတသိက်(၅၀)ကို သင်္ခါရက္ခန္ဓာလို့ ဖွဲ့ထားပါတယ်။ ဒီ(၅၀)သော သင်္ခါရက္ခန္ဓာ နာမ်တရားတွေဟာ တပ္ပိုင်နက်တချက်တည်းပေါ်လာကြသလား ဆိုတော့ ဒီလိုလဲမဟုတ်ဘူးရှင့်။

အကြောင်းအားလျော်စွာ ပေါ်လာကြသော တရားတွေကို ပေါင်းပြီးတော့ ဖွဲ့ထားခဲ့တာ။ သင်္ခါရက္ခန္ဓာလို့ အမည်ချင်း တူပေမဲ့ သဘောကျတော့ အသီးသီးရှင့်၊ လောက အိမ်ထောင်စု သား တွေ လို ပေါ့ ရှင်၊ တအိမ်ထဲနေကြပေမဲ့ တယောက်နှင့် တယောက် သဘောချင်း အလွန်တူခဲတယ်။ ကိုယ့်သဘော လေးတွေနှင့်ကို နေကြသလိုပေါ့။ ဒီသင်္ခါရက္ခန္ဓာ နာမ်တရား ဟာလဲ တပါးထဲ ပေါင်းပြီး ထား သော် လဲ သဘောကျတော့ ကိုယ့်သဘောနှင့်ကိုယ်၊ကိုယ့်ကိစ္စနှင့်နေကြတာပါဘဲ။စေတသိက် ပေါင်း(၅၀)ကို ဖွဲ့ထားသော ခန္ဓာဖြစ်သည့်အတွက် သဘော ပေါင်း( ၅၀ ) တာဝန်ပေါင်း( ၅၀ ) ကိစ္စပေါင်း(၅၀)ဖြစ် ပါတယ်။

ဒီ(၅၀)ထဲမှာ **စေတနာစေတသိက်တလုံးရဲ့ သတ္တိကတော့ တော်တော်ထက်မြက်တယ်လို့** ပြောရမှာပေါ့ရှင်။

သူရဲ့သဘောက **တိုက်တွန်းနှိုးဆော်ထားတဲ့ သဘောမျိုးမို့** အ ခြား သော ကျန် ( ၄၉ ) ပါး သော စေတသိက်ချားကို

သူဟာကြီးမှူးပြီးတော့ ဆောင်ရွက်နေပါတယ်။ ကံနှင့် ပြောမယ်ဆိုရင်လဲ ကာယကံ - ဝစီကံ - မနောကံများဟာ သူ့ကြောင့်သာလျှင် ကံမြောက်ကြရပါတယ်။ ဒါ့ကြောင့်.... ရှင်တော်ဘုရားကြီးက....

**စေတနာဟံ ဘိက္ခဝေကမ္မံ ဝဒါမိ စေတယိတွာ-
ကမ္မံ ကရောတိ** လို့ ဟောကြားခဲ့ပါတယ်။

သူ့ရဲ့ကိစ္စက စေ့ဆော်ခြင်းကိစ္စပါဘဲ၊ စေ့ ဆော် တယ်ဆိုသော်လဲ ပုထုဇဉ်တွေ မြင်နေကြတဲ့ ပုဂ္ဂိုလ်တွေ သတ္တဝါတွေကိုတော့ စေ့ဆော်တာ မဟုတ်ဘူးရှင့်နော်။ စေတသိက်အချင်းချင်းကိုသာ စေ့ဆော်နိုင်တယ်။ သူစေ့ဆော်လိုက်သည့်အတွက် အခြားသော စေတသိက်တွေမှာ သဘောအသီးသီးတွေပေါ်လာကြတယ်။ (၅၀)သော စေတသိက် တရားတွေထဲမှာ ကောင်းတဲ့ စေတသိက်လဲပါတယ်၊ မကောင်းတဲ့ စေတသိက်လဲပါတယ်။

စေတသိက်တရား၏ သဘောအသီးသီးကို မသိတော့ပုဂ္ဂိုလ်မကောင်း, သတ္တဝါမကောင်း, ပုဂ္ဂိုလ်ကောင်း, သတ္တဝါကောင်းဖြစ်နေကြတယ်။ ကောင်းစရာ, မကောင်းစရာ ပုဂ္ဂိုလ် သတ္တဝါမရှိပါဘူး။ စေတသိက်တရားများသာရှိပါတယ်။ ဒီနေရာမှာကျမ လောကဥပမာတခု ပြောပြပါ့မယ်။

ရှင်တို့ - အားလုံး ရုပ်သေးရုပ် ကြည့်ဘူးကြမှာပါ။ ကြည့်ဘူးတဲ့ ရုပ်သေးရုပ်တွေကို ခေတ္တစိတ်ဝင်စားထားလိုက်စမ်းပါ။

ရုပ်သေးတွေ က, ပြ, ကြတော့မယ်ဆိုတော့ ရှေး ဦး စွာ ဘာအရင်လုပ်ကြသလဲဆိုတော့ ဇာတ်ခုံကြီးလက်ဦးစွာ ဆောက် လုပ် ကြရပါတယ်။ အဲဒီဇာတ်ခုံကြီးပေါ်မှာ အချိန်ရောက်လာ ပြီဆိုတဲ့ အခါကျတော့ ရှိသမျှအရုပ်တွေ တ ပြိုင် တည်း ထွက် လာကြတာ မဟုတ်ဘူးရှင့်နော်။ သူ့အခန်းလေးနှင့်သူ တရုပ် ပြီးမှ တရုပ်ထွက်လာကြပါတယ်။ အဲ ဒီ ဇာတ် ခုံ ကြီး ပေါ် မှာ ရှင်ဘုရင်ကြီးများထွက်နေရင် ဘယ်လောက်ကျက်သရေရှိသလဲ။

တခါ သားတော်တွေ၊ သမီးတော်တွေ ထွက်လာပြန်တော့ ကြည့်နူးဘွယ်ရာ ဇာတ်ခုံကြီးတခုလုံးမှာ အ လွန် တင့် တယ် လှ တယ်ပေါ့။

တခါ - နှစ်ပါးသွားရောက်လို့ မင်းသမီး, မင်းသားတွေ ပြောဆိုနေကြပြန်တော့လဲ ပျော်စရာကြီးပေါ့ရှင်။

နောက်တခါ - နှစ်ပါးသွားပြီးသို့ မင်းသမီး မင်းသားတွေ တောတောင်မြိုင်ယံသို့ ပင်ပန်းစွာ သွား ရောက် ရ ပြန် တော့ လဲ သနားစရာကြီးတွေ တွေ့ရပြန်တယ်။

တခါ- တောကြီးမျက်မဲ့ရောက်လို့ ဘီလူးတွေ၊ သားရဲတွေ နှင့် တွေ့ကြ ဆုံကြ၊ လန့်ကြ ထိတ်ကြနှင့် အဲ ဒီ အ ခန်း ရောက် ပြန်တော့လဲ ကြောက်စရာကြီးပေါ့ရှင်။

ဇာတ်ခုံကြီးပေါ်မှာ ကြည့်ကောင်းတဲ့ အရုပ်သဲပါတယ်။ ကြည့်မကောင်းဘဲ့ အရုပ်သဲပါတယ်။ အဲ ဒီဥပမာလိုပါဘဲ။

ဟာဒယဝတ္ထု နှလုံးသွေး နှလုံးသားပေါ်မှာ အရုပ်အမျိုးမျိုး နှင့်တူတဲ့ စေတသိက်အမျိုးမျိုးတွေ ပြောလို့တောင် ကုန်နိုင်စရာ မရှိဘူး။

ဟာဒယဝတ္ထုဇာတ်ခုံပေါ်မှာ ရှင်ဘုရင်ကြီးနဲ့တူတဲ့ သဒ္ဓါတို့ မေတ္တာ၊ ကရုဏာတို့ပေါ်နေတဲ့အခါ ဘယ်လောက် ကျက်သရေရှိ သလဲ။ ပေးလိုမှု ကျွေးလိုမှု၊ ချစ်မှု သနားမှုတွေဟာ ကာယကံ ဝစီကံမှာ အင်မတန်ကြည်ညိုဘွယ် ကောင်းပါတယ်။

နောက်ပြီးတော့ - လောကဇာတ်ခုံပေါ်မှာ ဘီလူးတို့ သရဲတို့ ထွက်နေသလို ကျမတို့ နှလုံးသွေးပေါ်မှာလဲ ဒေါသစေတသိက် လောဘစေတသိက်၊ ဣဿာစေတသိက်၊ အဘိဇ္ဈာစေတသိက်ဖြစ် ပေါ်နေရင် ဘယ်လောက်ကြောက်စရာကောင်းသလဲ။ ကြမ်းထမ်း သော အမူအရာတွေ တွေ့ကြရပါတယ်။

တညလုံး ဇာတ်ခုံပေါ်မှာ ထွက်လာတဲ့ အရုပ်တွေဟာ ဘယ် အရုပ်မှ ဇာတ်ခုံပေါ် တည်မနေကြဘဲ သူ့အခန်းဆုံးရင် သူဝင်ဝင် သွားကြသလို ဒီမှာလဲ ဒေါသတရားကြီး ဘယ်လိုသောင်းကျန်း လို့နေနေ မြဲတာမဟုတ်ပါဘူး။ လောဘတရားဘယ်လို လိုချင် လို့နေနေ မြဲမနေပါဘူး။

ဖြစ်ဘို့ အကြောင်းနှင့်တော်ဖြစ်ပြီး၊ ပျက်ဘို့ အကြောင်းနှင့် တော်တော့ ပျက်သွားတာပါ။ ဒါ့ကြောင့်.... ပေါ်လာသမျှ စေတသိက်တွေဟာ ဟာဒယဝတ္ထုပေါ်မှာ မြဲမနေကြတဲ့ တရား တွေ အာဂန္တုကတွေ မဟုတ်လား။ ဒါ့ကြောင့်.... ပေါ်လာ တိုင်းသော စေတသိက်တရားတွေကို —

**အနိစ္စံ ခယဋ္ဌေန၊ ခယဋ္ဌေန၊ ရေလျင်တိုက်စား သဲကမ်းပါးသို့ မနားသုတ်သုတ် ဖြုတ်ဖြုတ်ပျက်ပြုန်း၊ ကုန်ဆုံးတတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ နိစ္စမြင့်ရှည် - အတည်မရ၊ မမြဲသော အနိစ္စတရားကြီးပါတကား လို့**

ဟာဒယဝတ္ထုရုပ်ပေါ်မှာတင် ကုန်နေတဲ့သဘောကို သေချာကြည့်ပါ။ ကုန်နေသော တရားတခုထဲမှာ ချမ်းသာစရာ သုခတရားတွေရှိပါမလား၊ မချမ်း သာ မှု တော့ ဒုက္ခပေါ့ရှင်။ ဒီလိုရှုရမှာပါဘဲ။ ဒါ့ကြောင့်....

**ဒုက္ခံ ဘယဋ္ဌေန၊ ဘယဋ္ဌေန၊ မပျက်လိုပါ ဘယ်နေရာမှ ရှောင်ခွါမရ ပိဋ္ဌနဟု ဘေးဘယဟူသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ချမ်းသာသုခ ဟူသမျှတို့မြူမျှမဘက်၊ သက်သက်သော ဒုက္ခတရားကြီးပါတကား လို့**

ဒုက္ခ လက္ခဏာကိုလဲ ပိုင်နိုင်စွာ အားထုတ်ရပါတယ်။ ဒီလိုဒုက္ခတရားကြီးမြင်လာတော့ အော်- အနှစ်ရှိသော တရားမျိုးဆိုရင် ဒီလိုဆင်းရဲမှာမဟုတ်ပါဘူး။ ခုတော့ ဒုက္ခကို ကယ်နိုင်သော အနှစ်မရှိလို့သာ ဆင်းရဲနေရတာ။ ပေါ်လာသမျှစေတသိက်တွေရဲ့အပေါ်မှာ အနှစ်မရှိပုံကိုမြင်လာအောင်—

**အနတ္တံ အသာရကဋ္ဌေန၊ အသာရကဋ္ဌေန၊ ငှက်ပျောလက်ပံ ပုံသဏ္ဌာန်သို့ အဆံအမာ - ဘယ်ဟာတစိ ဘာမရှိသော အနက်သဘောကြောင့်။ အနတ္တံ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ ရှာမရသည့် အနတ္တတရားကြီးပါတကား လို့**

သဒ္ဓါရက္ခန္ဓာ နာမ်တရားရဲ့အပေါ်မှာ မြင့် အောင် ရှ ပါ။ ရှုလို့ ပွားလို့ တကယ်တန်း မြင့်ကြမယ်ဆိုရင်ဖြင့် အစကပြော ခဲ့တဲ့ ဘောင့်တပူတွေ၊ ကြောင့်ကြပူတွေ အကုန်အေးပြီး လူအပူ ကောင်း၊ နတ်အပူကောင်း၊ ဗြဟ္မာအပူကောင်ကြီးတွေလဲ မဖြစ်ရ တော့ပါဘူး။ ဒါ့ကြောင့်.... အေးချင်ကြလျှင်ဖြင့် တရားတည်း ဟူသော ရေချို့ ရေအေးကြီးကိုသာ တွင်တွင်ကြီး သောက်ကြ ပေတော့လို့။ ဒါကြောင့် ...

ဓမ္မံ၊ အနန္တကမ္မော့ ကမ္ဘာဝယ် ဘဝမကျော အခါ ခါတော်တဲ့ တဏှာဓာတ်ဆိုတဲ့ အဆာကြီးတွေကို တခါ တည်း ပျက်ကျပြုန်းပြီး လက်စတုံး ပျောက်ဖျက်နိုင်တဲ့ တရားတော်အမြိုက်ရေအေးကို။

ပုနပ္ပုနံ၊ တရံမပြတ် အဖန်ဖန် အထပ်ထပ်သာလျှင်။ သပ္ပိဝေယျ.... ဘယ်လိုမှ မတွေးကြနှင့်တော့-အကောင်း ဆုံး ဒီရေအေးရယ်လို့ ဓမ္မာရေကြည် အမတာဆေးပြည် နှင့်လဲ မဝေးတော့ပါဘူး၊ သံသရာတခိုမှာ ရန်တဏှာ ဆိုတဲ့ဘေးရယ်လို့ တဖန်မလာ မြန်စွာဝေးကြရအောင် သောက် လွေး ကာ အ ပြီး တိုင် မျို ဆွင်း လိုက် နိုင် ရာ သတည်း။ ။

သာဓု သာဓု သာဓု။

# ပရမတ်တရားခဝတ်တရား အမြွတ်စကား ပြောကြပါ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကဲ.... ရတနာငြင်တ်ကြီးသုံးပါး ဦးထိပ်မှာထားပြီး ဓမ္မသဘင်ပွဲကြီးတွေ ဆင်နွှဲပြုလုပ်ကြရတယ်။ ဒီအမှုကိစ္စတွေ ဘာ့ကြောင့်ပြုလုပ်နေကြသလဲလို့ စင်တမ်းထုတ်ကြည့်လိုက်တော့ အစစ်အမှန်ရှိတဲ့ တရားတွေကို သိဘို့ မြင်ဘို့ ဆင်ခြင်တတ်ဘို့ပါဘဲ။ တရား စစ် တရားမှန်ကိုသိမှ ဆင်ခြင် သလောက်၊ ပွား များ သလောက် တရားကအကျိုးများမှာ၊ အစစ်အမှန်မသိရင်ပညတ်မျှသိတဲ့ အသိရိုး အသိမျိုး၊ ကမ္ဘာ့လက်ရိုး တရားတွေနှင့်သာ အချိန် ကုန်ခဲ့ရတယ်။

ဒါ့ကြောင့်.... ရှင်တို့ ကျုပ်တို့ အသိဆန်းတွေ ရှာကြရတာ။ ခုတော့— အသိဆန်းတွေမရတော့ ဘာမဟုတ်တဲ့ လောကီအလုပ်တွေ ဦးစားပေးပြီးတော့ နေကြတာ။ သားကလေးနှင့် တရှင်ရှင် - တပြုံးပြုံး၊ သမီးကလေးနှင့် တရှင်ရှင်-တပြုံးပြုံး၊ လယ်တီဆရာတော်ဘုရားကြီးကျတော့ အကာတော ဗျာမော ကြွယ်နေကြတယ် တဲ့ရှင်။ ကျုပ်တို့ရဲ့ ကျေးဇူးရှင် ဖြစ်တော်မူတဲ့ စတုတ္ထနာယကဆရာတော်ဘုရားကျတော့.... **သားကလေးနှင့် ရေငုပ်မြှုပ်၊ သမီးလေးနှင့် ရေငုပ်မြှုပ်**နေကြတယ်လို့ ဆုံးမခဲ့တယ်ရှင့်။

ဒါ့ကြောင့်.... ဘဝမဆုံးခင်၊ ဘဝမတုံးခင် ဘာမဟုတ်တဲ့ ကိစ္စတွေနှင့် အချိန်မကုန်စေနှင့်လို့ ဆိုလိုပါတယ်။

ယခု ရှင်ဘို့ ကျမတို့ သံသရာနှင့်အမျှ လာ ခဲ့ ကြ တာ၊ ဘာမဟုတ်တာတွေကို အ ရေး လုပ် ပြီး လာ ခဲ့ ကြ တယ်။ ဒီတော့.... ကိုယ်လိုလားတဲ့ ပန်းတိုင်ကို မရောက်ဘဲ ခရီးထောက် ထောက် နေတာပေါ့ရှင်။ ခရီးထောက်မှာပေါ့၊ ရောက်စေနိုင်တဲ့ အသိဉာဏ်ကမှ မရှိဘဲ၊ အဝိဇ္ဇာပြောဘိုင်းယုံ၊ အဝိဇ္ဇာခိုင်းတိုင်း လုပ်ပြီး အဝိဇ္ဇာစကားကို အဟုတ်အထင်နေကြတာ။ အဝိဇ္ဇာ ဆိုတာ ဝေဘန်နိုင်သော ဉာဏ်ရှိဘာမ ဟုတ်ဘူး၊ ခတ်ကန်း ကြီး။ ခုဆရာတော်ဘုရားကျတော့– အဝိဇ္ဇာဆိုတာ ရိုးရိုး နှစ်လုံးကန်းတာမဟုတ်ဘူး လေးလုံးကန်းတာတဲ့ ဘာကိုမသိလို့ လေးလုံးကန်းခေါ်သလဲဆိုတော့- သစ္စာလေးပါးကို မသိလို့တဲ့ ရှင်။ ဒုက္ခအညာဏ် စတဲ့ ဒေသနာနဲ့ အညီပေါ့ရှင်။

ဒါ့ကြောင့်မို့ ရှင်တို့ ကျမတို့ မဟုတ်ဘာ အဟုတ်ထင်၊ မမှန်တာ အမှန်ထင်ပြီး သံသရာတခွင်မှာ မှားချင်တိုင်းမှားလာ ကြဘာ။

ဒီနေရာမှာ ရှင်တို့ ကျမတို့ သံသရာထဲဖြစ်နေကြပုံကိုဥပမာ ပုံကလေးတခုပြောပြပါ့မယ်။ ရှည်တယ်လို့လဲ အပြစ်မ တင် ကြနှင့်အုံး။ ဓမ္မကထိကဆိုဘာ သိပ်လွယ်တာ မဟုတ်ဘူးရှင့်။

တခားရှည်ကြီးဟောနေရင်လဲဓမ္မကထိကာ့က အလိုက်မသိဘူး လို့ ဆိုတယ်။ တိုတိုဟောပြန်တော့လဲ ဒါလောက် စေတနာမရှိ ရင် ပလ္လင်ပေါ်တက်နေရသေးလို့ ဆိုတယ်။ ထားပါတော့ရှင်။ ဓမ္မကထိကရဲ့ လောကဓံတွေပြောနေရင် ဆုံးမှာမဟုတ်ပါဘူး။

အော်.... ကျမ ပုံပြင်လေးတခု ပြောမယ်လို့ ပြောထားတာ ဆက်ပြောပါ့မယ်။ အာရုံပြုပါ။

ဟို.... ရှေးတုန်းက ခရီးသွားယောကျ်ား တယောက်တဲ့ရှင့်။ သူသွားလိုသော မြို့ဒေသဆီ ဦးတည်ပြီး လာနေ လိုက် တာ မနားမနေဆိုဘဲ။ စိတ်ကူးကလဲ ယဉ်ဘယ်ပေါ့ရှင်။ ကိုယ့်မြို့ကိုယ့်ရွာပြန်ရမှာဆိုတော့ တရှင်ရှင် ကပြုံးပြုံးနှင့် လာလိုက်တာ သားတွေ့ သမီးတွေ့ ဇနီးတွေနှင့်လဲ တွေ့ရတော့မှာမို့ ပျော်တပြုံးပြုံး မော်မဆုံးပေါ့။

ဒါနဲ့ အချိန်ကလဲမလှ၊ ညနေချမ်းဖြစ်နေပါရော့။ ဒါနဲ့ တယောက်ထဲသွားရမဲ့လမ်း ခရီးမှာ - မြစ်ကြီးကလဲ ဆီးနေပြန်သတဲ့။ လှေကြုံလေးစောင့်ရင်း ခေတ္တ ကမ်းပါးထိပ်က နေပြီး လှူကြုံမျှော်နေသတဲ့။ ကဖြေးဖြေးနှင့် အတော်မှောင်သော ည အခါကြီးဖြစ်သွားပါသတဲ့။

ညအခါဆိုတော့.... လူသူလေးပါးကလဲ ခပ်ချွားရှားပေါ့ရှင်။ အားကငယ်ငယ်နှင့် ဆိပ်ကမ်းမှာ လှေဖေါင်များကိုသာ မျှော်လင့် နေရပါသဘဲ့။ ခပ်မှောင်မှောင်အချိန်ကလေးမှာ ဟိုအညာက ရှိုမြှောင်အထပ်ထပ်မှ စုစပ်လာခဲ့တဲ့ ဘောတိုက်ကြီးတခု မျောလာပါသဘဲ့။

ထိုအခါ ခရီးသွားယောကျ်ားသည် ထိုဘောဘိုက်ကြီးကို မြင်တော့ ဟာ - ငါလိုရာ ခရီးတော့ရောက်ရတော့မယ်။ ဖေါင်ကြီးတော့လာပြီဆိုပြီးတခါထဲ ဘောတိုက်ကြီးပေါ်မှာ လိုက်ပါသွားပါသတဲ့။ ညတညလုံးပေါ့ရှင်။ အလင်းရောင်ကလဲမရှိတော့

သူ့မှာ အထင်မှားချင်တိုင်း မှားနေတာပေါ့။ သူထင်တာက လှေဖေါင်ကြီး-မြစ်ထဲမှာမျောလာတာကဘော တိုက်ကြီးအထင်နှင့် အရိုက အတော်လွဲနေပါတယ်။

ဒါနဲ့ မိုးသောက်လင်းလို့ ဥဒည်တောင်စွန်းက နေမင်း ထွက်လာတော့မှ အလို - ငါအသင်မှားနေပါပေါ့လား။ ငါက လှေဖေါင်ကြီးထင်နေတယ်။ ခု မိုးလင်းလို့ ကြည့်လိုက်တော့ ဘယ်မှာ ငါထင်တာ ဟုတ်လို့လဲ ဘောတိုက်ကြီးပါလား။ တောအထပ်ထပ် တောင်အထပ်ထပ်မှ မျောပါသော အမှိုက်သရိုက်များဖြစ်သည့်အတွက် အလွန်ကြောက်စရာကောင်းသော သတ္တဝါကြီးတွေရောပါလား။ မြွေတွေ ကင်းတွေ ပရွက်ဆိတ်တို့ဖြင့် ပြည့်နေတဲ့ အမှိုက်ပုံကြီးပါလားလို့ စေ့စေ့တွေးမိတော့မှ တရေးရေးကြောက်နေပါသတဲ့။ မှန်းချက်နှင့် နှမ်းထွက် မကိုက်ဖြစ်သွားတာပေါ့။ ကြောက်လဲ ကြောက်စရာကြီးပေါ့ရှင်။ တညလုံး ဒီဘောတိုက်ကြီးပေါ်မှာ အိပ်လိုက်၊ ထိုင်လိုက်နှင့် ဆွေမျိုး မိတ် ဆွေ တွေ နှင့် တွေ့ ရ တော့ မယ် ဆို ပြီး စိတ်ကူးယဉ်လာခဲ့တာ အဆိပ်ရှိသော သတ္တဝါတွေကို သူလုံးဝ ရှိမှန်းမသိဘူး။ ဒါနဲ့ ခရီးသွားယောကျ်ားဟာ တခုသော ဆိပ်ကမ်းအနီးအနားရောက်တော့.... မြွေတွေ ကင်းတွေ အပြည့်ပါသော ဘောတိုက်ကြီးနှင့် လွတ် အောင် လှေ မျှား ရှာ ကာ အလွတ်ပြေးပါသတဲ့ရှင်။

အဲဒါက ဥပမာ၊ ဥပမေယျ ဟပ်လိုက်တော့ ခရီးသွား ယောကျ်ားနှင့် ကျမတို့ သံ သ ရာ ခရီး သွား တွေ နှင့် တူ တယ်။ ဘောတိုက်ကြီးကတော့ ကာမဝတ္ထုအစုစုတွေနှင့်တူတယ်။

ရှင်တို့ ကျမတို့ သံသရာခရီးသွားတွေဟာ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကြီးရဲ့ အတွင်းမှာ နေကြတာ ဖြစ်တော့ အထင်မှားမှုကြီးလက်ကိုင်နဲ့ စိတ်ကူး ယဉ် နေ လိုက် ကြ တာ။ အိုလို့ - အိုမှန်းမသိ၊ နာလို့ နာမှန်းမသိ၊ သေလို့ သေမှန်းမသိ၊အားကိုးစရာမဟုတ်တာကိုအားကိုးလား့ကိုးရဲ့။ဒါ့ကြောင့် လိုလားကြတဲ့ နိဗ္ဗာန် မရောက် ကြ တာ။ ဘာမဟုတ်တဲ့ ဘောတိုက်ကြီးနဲ့တူတဲ့ သားအာရုံ၊ သမီးအာရုံ၊ လယ်ယာကိုင်းကျွန်း၊ တိုက်အိမ်၊ ဟိုနန်းစတဲ့ ဘောတိုက်ပေါ်မှာ စိတ်ကူးယဉ်နေကြတယ်။ အဲဒါ အရင်းစစ်လိုက်တော့.... အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီးကြောင့်ပါဘဲ။ ဒါကြောင့်....

အလင်းရောင် မရခင်ကတော့.... ဘောတိုက်ကို လှေ
ဖေါင်ထင်တယ်၊ ညဉ့်သုံးယံ တညလုံး မဆုံးသူ့ခင်တွယ်။

ရှင်တို့ ကျမတို့ ဘာတွေကို ခင် တွယ် လာ ခဲ့ ကြ သ လဲ ဘောတိုက်ကြီးနဲ့တူတဲ့ ဝဋ္ဋပြစ္စည်းတွေကို ခင်တွယ်လာခဲ့ကြတယ်ပေါ့။ တရားတည်းဟူသော အ လင်း ရောင် မ ရ ကြ သေးသမျှတော့ ဒီအဘိုင်းခင်တွယ်ကြမှာဘဲ။ ဒါကြောင့်....

အလင်းရောင်မရခင်ကတော့.... ဘောတိုက်ကို လှေ
ဖေါင်ထင်တယ်၊ ညဉ့်သုံးယံ တညလုံး မဆုံးသူခင်တွယ်။

ဝဋ်ပင်လယ်၊ အားကိုးရာအစစ်မဲ့တဲ့ အထင်လွယ်
ကာရယ်၊ နေအရုဏ်ကျင်းမှ ဘောတိုက်တွင်း မှောင်ကင်း
မြင်နိုင်တယ် လို့။

ဆိုတဲ့အတိုင်း ခရီးသွားယောကျ်ားဟာ နေမင်းထွက်လာမှ ဘောတိုက်ကြီးရဲ့ အပြစ်အာဇီနဝတွေမြင်ပြီး အလွတ်ပြေးမှ သာ သူလိုရာခရီးသို့ တဖြောင့်တည်း ရောက်ရသလို ရှင်တို့ ကျမတို့ သံသရာခရီးသည်တွေအဖြစ်နှင့် သံသရာ ဘေးတွေကို မမြင်ကြဘူး။ ဒါ့ကြောင့်.... သံသရာဘေးတွေမြင်နိုင်တဲ့ ဝိဇ္ဇာ ဉာဏ်ကို ရှာမှီးကြရပါတယ်။

ပညိန္ဒြေစေတသိက်ကြီး ပေါ်လာအောင် ဆရာကောင်းထံ နည်းယူကြရတယ်။ **အလင်းရောက်တော့ အမှောင်ပျောက်** ဆို သလို ဝိဇ္ဇာဉာဏ်ကြီးရဘို့ကလဲ ကမ္ဘာဘာတွေ လွန်ဆုံးလေလဲ့ **ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော**ဆိုတဲ့အတိုင်း ဘုရားရှင် ကိုယ်တော်မြတ် ကြီး ပွင့်ထွန်းပေါ်ပေါက်မှသာလျှင် ရနိုင်တဲ့ဉာဏ်မြတ်ကြီးပါ။ ဒါ့ကြောင့် ဘုရားသာသနာနှင့်တွေ့တဲ့အခါ ဒီဉာဏ်မြတ်ကြီး ပေါ်လာနိုင်သော သာသနာနှင့်စပ်တဲ့ စကားပြောလို့၊ သာ သနာနှင့်စပ်တဲ့အလုပ်ကို လုပ်လို့ ဒီလိုနေမှသာလျှင် ဉာဏ်ထူး ဉာဏ်မြတ်ကြီးက ပေါ်လာမှာ။

ခုတော့- ရှင်တို့ ကျမတို့ ဘာတွေပြောလာကြသလဲဆိုတော့ အကျိုးမရှိတဲ့စကားတွေသာ နေ့ရှိတိုင်း၊ လရှိတိုင်း၊ နှစ်ရှိတိုင်း ပြောလာခဲ့ကြတယ်။ ဒါ့ကြောင့်မို့ ကျမတို့ခုချိန်အထိ အသိ ဉာဏ် အဆင့်အတန်းဟာ မရွေ့ဘဲဖြစ်နေကြတယ်။

ဘယ်လို စကားတွေလဲ ဆိုတော့.... **ဟီနာ၊ ယုတ်ကုန်၏။ ဂါမာ၊ ရွာသူတို့၏ ဥစ္စာတည်း။ ပေါထုဇ္ဇနိကာ၊ ပုထုဇဉ် တို့၏ ဥစ္စာတို့တည်း။ အနရိယာ၊ မမြတ်စင်ကုန်။ အနတ္ထသံဟိတာ၊ အကျိုးစီးပွားနှင့် မစပ်မယှဉ်ကုန်။ နိဗ္ဗိဒါယ၊ သံသရာဝဋ်ကို**

ပြီးငွေ့ခြင်းငှါ။ **နသံဝတ္တတိ** မဖြစ်လို့ ဆိုတဲ့အတိုင်း ကျမတို့ သံသရာက ပြောလာခဲ့ကြတဲ့ စကားတွေဟာ ဘာ**အကျိုး**မှ မရှိခဲ့ကြပါဘူး။ ပြောတဲ့သူသာ အကျိုးမရှိတာလား ဆိုတော့ ကြားရတဲ့သူမှာလဲ အကျိုးမရှိဘူး။ ဒီတော့ - ကျမတို့ ပြောဆိုခဲ့ကြတဲ့ စကားတွေဟာ နှစ်ဦး၊ နှစ်ဝအကျိုးမှ ဆုံးရှုံးခဲ့ရတယ် ပေါ့ရှင်။

အဲဒီ အကျိုးမရှိတဲ့ စကားတွေ ရှာသူရှာသားတို့ရဲ့ ဥစ္စာ ဖြစ်တဲ့စကားတွေ မဖြစ်စင်တဲ့ စကားတွေက ဘယ် ဟာ တွေ လဲ ဆိုတော့.... **ရာဇကထာ၊ စောရကထာ အစရှိတဲ့** ( ၃၂ )ပါး **သော တိရစ္ဆာနကထာ**ဆိုတဲ့ စကားတွေပေါ့ရှင်။ ကျမဒါတွေ အကုန်ပြောနေရင် အချိန်နှောင်းသွားမှာစိုးလို့ လမ်း စဉ် ရှိ သ လော က်တဲ ပြောသွားပါ့မယ်။

ကျမတို့က ရှေ့ထွက်ဆိုတော့ - နောက်က ဟောကြမယ့် မေ့မကယိကတွေ၊ ဆရာတော်ဘုရားတွေကို အမျှားကြီး ငဲ့ရပါ တယ်။ ဒီတော့ - အကျိုးရှိတဲ့ စကားကိုသာ ပြော ရ မယ် လို့ ဆိုလိုတာပေါ့ရှင်။

အကျိုးရှိတဲ့စကားက ( ၁၀ )မျိုးရှိပါတယ်။ ဘယ် ဟာ တွေလဲဆိုတော့....

အပ္ပိစ္ဆကထာတဲ့ရှင်။ လိုချင်မှုနဲပါးခြင်း နှင့်စပ်တဲ့ **စကား**တဲ့။

ပြီးတော့ **သန္တုဋ္ဌိကထာ** ရောင့်ရဲလွယ်ခြင်း နှင့် **စပ်တဲ့ စကား**တဲ့။

ပြီးတော့ပဝိဝေကကထာ ကိုယ်စိတ်နှစ်ပါး ဆိတ်ငြိမ် ခြင်းနှင့် **စပ်တဲ့ စကား**။

**အသံသဂ္ဂကထာ ပရိသတ်နှင့် မရောနှောခြင်းနှင့် စပ်သော စကား။**

**ဝီရိယာရမ္ဘကထာ တရားအားထုတ်ရန် လုံ့လ ဝီရိယနှင့်စပ်သော စကား။**

**သီလကထာ သီလနှင့် စပ်သော စကား။**

**သမာဓိကထာ သမာဓိနှင့် စပ်သော စကား။**

**ပညာကထာ ပညာနှင့် စပ်သော စကား။**

**ဝိမုတ္တိကထာ နိဗ္ဗာန်နှင့် စပ်သော စကား။**

**ဝိမုတ္တိဉာဏဒဿနကထာ ဝိမုတ္တိဉာဏ်အမြင်နှင့် စပ်သော စကားတဲ့ရှင့်။**

အဲဒီစကားမျိုးတွေ ပြောမှသာလျှင် ရှင်တို့ ကျမတို့ ဉာဏ်တူး၊ ဉာဏ်မြတ်ပေါ်လာမယ်။ ဒီစကားမျိုးတွေ ပြောနိုင်ဘို့ကလဲ သ႑မည ပုဂ္ဂိုလ်မျိုးလဲ မပြောနိုင်ဘူးပေါ့ရှင်။

**ရုပ်ကို- ရေမြှုပ်လို၊ ဝေဒနာကို ရေပွက်လို၊သညာကို တံလျှပ်လို၊ သင်္ခါရကို ငှက်ပျောလို၊ ဝိညာဉ်ကို မျက်လှည့်လို လို့။**

ဘုရားဟောသလို အတိအကျ နိဿတ္တ နိဇ္ဇီဝမြင်မှ ဒီစကားမျိုးတွေကလဲ ပြောနိုင်မှာ။ လွယ်တော့ မလွယ်ဘူးပေါ့ရှင်။ မလွယ်လို့လဲ ပိုပြီးဂရုစိုက်ကြရတာပေါ့။

ဒါ့ကြောင့် … ယနေ့ကာ႟ သမုဒယပုဒ်နှင့်စပ်တဲ့ စကားတွေကို နည်းနိုင်သမျှ နည်းသွားအောင် ကျင့်ဆောင်နိုင်ကြပါစေလို့ လ ကျမ ဆုတောင်းပါတယ်။ မြတ်စွာဘုရားကြီးလဲ နှစ်သက်တော် မမူဘူးရှင့်။

ဒါ့ကြောင့်.... သမုဒယပုဒ်နှင့်စပ်တဲ့ စကားပြောလို့ကတော့ ပုဒ်ပေါင်း ရာထောင်မကအောင် ပြောသော်လဲ မမြတ်ဘူးလို့ မြတ်စွာဘုရားကြီးက....

သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒသညှိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဘော၊ ဘုရားစကား မြတ်တရားကို မှတ်သားလိုငြား အို.... လူများတို့။

အနတ္ထ ပဒသညှိတာ၊ ဟု တ သံ သ ရာ လုံး က စ၍ ယနေ့သို့ကျအောင် ပြောပြောခဲ့သမျှ ဘယ်ငှန်း ဘယ်ခါ ဘယ်ကမ္ဘာကမှ မပျင်းနိုင် မမောနိုင်ကြတဲ့ တောဘွဲ့ တောင်ဘွဲ့ အကျိုးမဲ့ အကျိုးယုတ် သမုဒယပုဒ်နှင့် စပ်သော။

ဒီလို - သမုဒယပုဒ်နှင့်စပ်တဲ့ စကားမျိုးကျတော့ ဘဝ ဘဝါ ကမ္ဘာ, ကမ္ဘာကစပြီး ယခုအချိန်အထိ ပြောဆိုလာခဲ့ကြတာ ဟာ မောတယ်၊ ပန်းတယ်လို့များ ရှိခဲ့ကြရဲ့လား။ ဘယ်တော့မှ မမောခဲ့ကြပါ။ ဘာ့ကြောင့်လဲဆိုတော့ ပုထုဇဉ်တို့ရဲ့ ဓလေ့သဘော အကြိုက်တရားတွေကိုရှင်။ ခေတ်ကိုက ကြိုက် လာခဲ့ကြတာ။ ဒါ့ကြောင့်.... ဘယ် လောက် ပြော ရ, ပြော ရ မောတယ်လို့ မရှိဘူး၊ နှစ်နှင် ခြိုက် ခြိုက် ကြီး မ ဟုတ် လား။ တယောက်နှင့် တယောက် အလှည့်တောင်မပေးနိုင်ကြဘူး။

လက်ကလေးတတို့တို့၊ မေးကလေး တငေါ့ငေါ့နှင့် မစားရ ဝ, ခမန်းပြောလေ့ရှိကြတယ်။ ပုထုဇဉ်တို့ရဲ့ အမြင်နှင့် နှစ် ခြိုက်လို့သာ နှစ်ခြိုက်နေကြတာ ဘာအကျိုးမှတော့ မရှိဘူး။

အကယ်၍ သမုဒယပုဒ်နှင့်စပ်တဲ့ စကားတွေ ပြောလို့များ အကျိုးရှိမယ်ဆိုရင် ခုအချိန်အထိ ပုပ္ပရွှသံသရာထဲမှာ ရှိကြမှာ မဟုတ်ပါဘူး။ ကျွတ်ပွဲ၊ လွတ်ပွဲတွေ ရကြကုန်ရော့မယ်။

ခုဖြင့် ပြောဆိုခဲ့ကြတဲ့ သံသရာစ လာကထဲက ခုချိန်အထိ နားရတယ်လို့ မရှိကြဘူး။ အမှားစကားတွေ မို့ပေါ့နော်။ အမှန်စကားတွေသာဆိုရင် ခုနေ - မဂ်ပုဂ္ဂိုလ် ဖိုပုဂ္ဂိုလ်တွေ ချည်းဘဲဖြစ်ကုန်ရော့မယ်ပေါ့။ ဒါကြောင့်—

ဘော၊ ဘုရားစကား မြတ်တရားကို မှတ်သား လိုငြား အို.... ချစ်သားတို့။

အနတ္တပဒသည္ဒိတာ၊ ဟို - တ သံ သ ရာ လုံး က စ၍ ယနေ့သို့ ကျအောင် ပြောပြောခဲ့သမျှ၊ ဘယ်တုန်း ဘယ်ခါ၊ ဘယ်ကမ္ဘာကမှ မပျင်းနိုင်၊ မမောနိုင်ကြတဲ့ တောဘွဲ့ တောင်ဘွဲ့၊ အကျိုးမဲ့၊ အကျိုးယုတ် သမုဒယ ပုဒ်နှင့်စပ်သော။

ဝါစာ၊ ပုထုဇဉ်အလို နကိုခေတ်ကြိုက် ပါးစပ် မိုက်က[ဟ]လိုက်တိုင်းမှာ ဗာ ဟိ ရ စ ကား အ စား စားသည်။

ဒီဗာဟိရဖြစ်တဲ့ ပွဲစကား၊ ရုပ်ရှင်စကား၊ သားစကား၊ သမီးစကား၊ ဒီရွာစကား ရပ်စကားကျတော့ ပုထုဇဉ်တို့ရဲ့ သန္တာန်မှာ တမျိုးတမည်ထူထောင်ပြီး ဆောင်ရွက်မနေရဘူး။ ဘယ်ဆရာသမားများနှင့် ဘယ်လို အလေ့အကျင့်များနှင့် လုပ် ပြီးသင်ကြားနေရတယ်လို့ မရှိကြဘူး။

သူဖာသူ ဘာသာ ဘာဝ နှစ်ခြိုက်ပြီးနေကြတာ မဟုတ်လား။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ အလေ့ကြီးလဲ။ သမုဒယတွေ ကျယ်ပွားပြီး ဘာအကျိုးမှ မများဘူး။

ပုဒ်ပေါင်းရာထောင်မက ပြောဆိုသော်လဲ အမြတ်မရှိဘူး။ အယုတ်ချည်းဘဲ ဖြစ်ရတယ်။ ဘာဖြစ်လို့ယုတ်ရသလဲ။ မဂ်ဖိုလ်နှင့် မစပ်တဲ့စကားမို့ ကိလေသာမီး ငြိမ်းနိုင်သော စကား မဟုတ်လို့၊ လို့ မှတ်ရမယ်။ ဒါ့ကြောင့် ....

ဝါစာ၊ ပုထုဇဉ်အလို နှကိုခွာတ်ကြိုက် ပါးစပ်မိုက်က [ဟ]လိုက်တိုင် မှား ဗာဟိရ စကား အစား စားသည်။

သဟဿမပိ၊ ပုဒ်ပေါင်း ရာထောင် မကလေအောင်၊ မြွားမြွောင်စွာရှိ ပြောဆိုမိသည်လည်း။ စေ ဟော တိ၊ အကယ်၍ကား ဖြစ်ပါငြားအံ့။

ပါပိကာ၊ မဂ်ဖိုလ်မနီး ဖိလာကြီးမို့ အချည်းနှီးသာ ယုတ်မာစွာ၏။

ယုတ်မာမှာပေါ့၊ ဒီစကားမျိုးတွေ ပြောလို့ ဘယ်မဂ်ကိုရတယ်၊ ဘယ်ဖိုလ်ကိုရတယ်လို့မှ မရှိဘဲကိုး အကယ်၍ ဒီစကားမျိုးပြောလို့ မဂ်ဖိုလ်ကိုရမယ်ဆိုရင် ဘုရားရှင်တွေတောင် ပွင့်နေစရာမလိုတော့ဘူး။ မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်ကြီးတွေဘဲ ဖြစ်ကုန်ကြမှာပေါ့။ ခုတော့ - ဒီ စကားမျိုးဟာ မဂ် ဖိုလ် မနီး အချည်းနှီးဖြစ်သည့်အတွက် အကျိုးမဲ့ ဘဝမျိုးနဲ့သာ အချိန်ကုန်ခဲ့ရတယ်မဟုတ်လား။

ဟို - ဝိပဿနာအလုပ်နှင့်စပ်တဲ့ ဝိဇ္ဇာမျိုးကျတော့ တခါတရံ ကြားနေရလိုက်ရရင်ဘဲ ကိလေသာတရားတွေ၊ ကိလေသာမီးတွေ ငြိမ်းပြီး နိဗ္ဗာန်တည်းဟူသော အအေးဓာတ်ကြီးရသွားကြတာ အများကြီးရှိတယ် မဟုတ်လား။

ကဲ - အများအပြားရှိသော်လဲ **ကာလီ ဆို တဲ့** အ မျိုး သ မီး တယောက်ကိုဘဲ ထောက်ရှုကြည့်စမ်းပါ။ ဘယ်လောက်အကျိုး ကျေးဇူးများပြားသလဲ။ ထိုအမျိုးသမီးကလေး၏ အကြောင်း ကို အတိုအကျဉ်း လိုရင်းကို ကျမပြောပြပါ့မယ်။

ဘုရားရှင် ပွင့်တော်မူစ,ကပါဘဲ။ **သာ တာ ဂိ ရိ နတ် နှင့် ဟေမဝတ နတ်သား ရယ်လို့ နတ်သူငယ်ချင်း နှစ် ယောက် ရှိ ကြတယ်။ သူတို့နှစ်ယောက်ဟာ တ ယောက် နှင့် တ ယောက် ချစ်ခင်ရင်းနှီးကြသတဲ့။**

ချစ်ခင်ရင်းနှီး အထူး ရေစက် နီး ကြ သည့် အ တွက် အထူး အဆန်းတွေလျှင် မြင်စေချင် ကြားစေချင်တဲ့ စိတ်ဓာတ်ဟာ နှစ်ဦး, နှစ်ဝ ပြည့်စုံကြသဘဲ့ရှင်။ ပြည့်စုံကြသည့်အတွက် ကတိ သစ္စာထားကြသတဲ့။

တနေ့သောအခါ.... မြတ်စွာဘုရား မိဂဒါဝုန်တောကြီး ထဲမှာ ဓမ္မစကြာတရားဟောတော်မူပါရော။ ဟောတော်မူသော အခါ သာတာဂိရိနတ်သားမှာ ထိုတရားတော်ကြီးကို ကြားနေ ရသည့်အတွက် အလွန်သဒ္ဓါတရားဖြစ်ပြီး သူငယ်ချင်းဖြစ်သော ဟေမဝတနတ်သားကို ခေါ်ချင်တဲ့စိတ်တွေ ဖြစ်လာပါသတဲ့။

မြတ်စွာဘုရားကြီး ဓမ္မစကြာတရား ဟောတော်မူသည့်အတွက် တန်ခိုးတော်ဖြင့် ဟိမဝန္တာတောကြီးထဲ တတောလုံး တတောင်လုံး မပွင့်ဘူးသော ပန်းပင်များပါ ပင်လုံးကျွတ်ပွင့်ကြသတဲ့။ မတွေ့စဘူး၊ မမြင်စဘူး ထူးခြား ဆန်းကြယ်သော ဖြစ်ရပ်များကို မြင်ရတော့.... ခုချိန် - ငါ့သူငယ်ချင်း သာတာဂိရိကို ပြလိုက်ချင်တာ။ ငါ့တောကြီး တတောလုံး ဘယ်တုန်းကမှ ဒီလိုမဖြစ်ဘူးပါသား။ ငါ့သူငယ်ချင်းသာတာဂိရိကို ပြေးခေါ်အုံးမှဘဲဆိုပြီး ဟေမဝတနတ်သားဟာ ဟိမဝန္တာတောကြီးထဲက ထွက်ခွါလာခဲ့ပါသတဲ့ရှင်။

ဟိမဝန္တာတောကြီး ပန်းတွေပင်လုံးကျွတ် ပွင့်ရတာကလဲ မြတ်စွာဘုရားကြီးရဲ့ ဓမ္မစကြာ တရားတော်ကို ဟောကြားတော်မူသောကြောင့် ဖြစ်ပါတယ်။

တခါ - သာတာဂိရိနတ်ကလဲ ငါ့ရဲ့နေရာဌာနမှာ အလှန်ကြားနာဘို့ ခဲယဥ်းလှတဲ့ ဓမ္မစကြာတရားကို မြတ်စွာဘုရားကြီးဟောတယ်။ အတူတကွ တရားနာရအောင် ငါ့ရဲ့သူငယ်ချင်း ဟေမဝတကို တရားအတူနာရန်အတွက် သွား၍ခေါ် ချေအုံးမှဘဲဆိုပြီး သာတာဂိရိနတ်သားဟာ ဟေမဝတနတ်သားနေရာ ဟိမဝန္တာတောသို့ ဦးတည်ကာ ကောင်းကင်ခရီးမှ ထွက်ခွါခဲ့ပါသတဲ့ရှင်။

သူတို့နှစ်ဦးဟာ ထူးကဲဆန်းပြားလှတဲ့ ဖြစ်ရပ်များကိုပြလိုသော ဆန္ဒနှင့်လာလိုက်ကြတာ ဟေမဝတနတ်သားကလဲ ငါ့တောကြီး တတောလုံးပွင့်နေတဲ့ ပန်းတွေ ငါ့သူငယ်ချင်း မြင်စေရမယ်။ လှလိုက်တာဆိုတာ မပြောနဲ့တော့၊ သူငယ်ချင်း

ငါ့တောထဲရောက်ရင် ပြန်တောင် ပြန်နိုင်မှာမဟုတ်ဘူးနှင့်ကြည့် စေလိုသော စိတ်ထားဖြင့် ဟေမဝတနတ်သားလဲ ကောင်းကင် ခရီးက သူငယ်ချင်းဆီရောက်ချင်ဇောနှင့် အမောသွားဘဲပေါ့။

သာတာဂိရိနတ်သားမှာလဲ စိတ်ကူးနှင့် ;ဘုရားဟောတဲ့တရား ကတော့ - မကြားစဘူးဘဲပေါ့။ ဒီတခါ လာဘ်ကြီးတခုဘဲလို့ ငါ့စိတ်ကတော့ ထင်တာဘဲ။

သူငယ်ချင်း ဒီတခါ ဘုရားလဲဖူးရော၊ တ ရား လဲ နာ ရော သူကလဲထူးဆန်းတာတွေ့ရင်ခေါ်လှဲ့ပါ့သို့ ဒီ မြဲပြောနေတာဘဲ။ လောက ဒါထက်ဆန်းတာမရှိတော့ဘူး။ ငါ့သူငယ်ချင်း ဒီတခါ အဆန်းကိုပြမယ်လို့ စိတ်ကူးနှင့် ကောင်းကင်ခရီးမှ လာခဲ့တယ်။

နတ်နှစ်ဦးဟာ လမ်း ခ ရီး အ ကြား ဖြစ် တဲ့ ရာဇဂြိုဟ်ပြည် ကာလီရဲ့ တိုက်ပေါ်တဲ့တဲ့ နှစ်ဦးသား ဆုံးကြပါတယ်။

တွေ့လိုက်တယ်ဆိုရင်ဘဲ ဝမ်း ပန်း တ သာ ပေါ့ ရှင်။ သူဦး ငါဦးနှုတ်ဆက်ကြလို့ သာတာဂိရိနတ်ကလဲ ဟေမဝတ ကြား မထိုးနိုင်အောင် ဘုရားရှင်ကြီးရဲ့ ဂုဏ်သတင်းတွေ တရားတော် ကြီးရဲ့ အေးမြချမ်းသာပုံတွေ အတင်ပြောပြီး၊ လာပါ ခုလိုက် ခဲ့ပါ အထူးအဆန်းရှိရင် လာ ခေါ် ရ မယ် ဆို၊ လော က မှာ သူငယ်ချင်းရာ ဒါထက်ဆန်းတာတော့ မရှိဘူးကွယ် လာပါ၊ ခုလိုက်ခဲ့ပါနှင့် ဇွတ်အတင်းခေါ်။

ဟေမဝတနတ်ကလဲ အမယ်လေး - သူငယ်ချင်းရယ် မင်း ဆန်းတာတွေချည်းဘဲ ပြောမနေပါနဲ့အုံး။ ငါ့ထံမှာ ဆန်း လိုက်တာလေ.... သူငယ်ချင်းမြင်ရင် ပြန် တောင် ပြန် ချင် မှာ

မဟုတ်ဘူး။ ပန်း တွေ ပွင့် လိုက် တာ ဆို တာ သူငယ်ချင်းရာ တောကြီး တတောလုံး၊ တောင်ကြီး တတောင်လုံး ဘယ်မှာ ကြည့်ကြည့်၊ ပန်းရောင်တွေ ကိုယ်မှာဟပ်ပြီး သူငယ်ချင်းရယ် ကိုယ်ရောင် ကိုယ်ဝါများဘောင် ပိုလှနေပါသေးတယ်။

မွှေးလိုက်တာဆိုတာကလဲ သူငယ်ချင်းရေ နှင်းဆီ၊ ဒေါနု၊ ခသဘ်က၊ သဇင်ဆိုတာတွေ ထင်ပါတယ်။ နှံ့အောင်တောင် မကြည့်မိသေးဘူး။ သူငယ်ချင်းကို မြင်စေချင်တာနဲ့ လာခဲ့တာ ကိုင်း ခုမဆိုင်းဘဲသာ လိုက်ခဲ့ပေတော့။

သူငယ်ချင်းရာ ကျေးဇူးလဲတင်ပါတယ်။ ဒါပေမဲ့ ရာဇဂြိုဟ် မြို့ပေါ်မှာ တို့ရောက်နေကြတာ ဘုရားရှိရာနှင့် သိပ်မဝေးတော့ ပါဘူး။ ဘုရားရှင်ဆီသာ အရင်လိုက်ခဲ့ပါ။ ဟေမဝတနတ် ကလဲ ငါ့ဟိမဝန္တာတောကိုသာ လိုက်ခဲ့ပါနှင့် သူတပြန်ငါတလှဲ့ ခေါ်ဆောင်နေတဲ့ အသံကို ကာလီ ဆိုတဲ့ အမျိုးသမီးလေးက တသဲ့သဲ့ကြားနေရပါတယ်။

ဒီတော့မှ အော် ငါတို့တိုက် အထက်တဲ့တဲ့က ဘာသံပါလိမ့်။ မကြားတချက်၊ ကြားတချက်နှင့်ဆိုပြီး ကာလီက ဂရုစိုက်၍ နားထောင်နေခိုက်—

ဟေမဝတနတ်က သူငယ်ချင်းရာ မင်း ပြော တဲ့ အ တိုင်း ဘုရားရှင်ထံ လိုက်ပါမယ်။

**ဘုရားနားရောက်တော့ — အာရုံပြုတတ်အောင် ငါ့ကို ဘုရား ကရား အနည်းငယ် ပြောပြစမ်းပါ့ ဆိုတော့.... သာတာဂီရိ နတ်က မြတ်စွာဘုရားကြီး၏ ကြည်ညို ဘွယ် ရာ များ နှင့် တကွ**

တရားတော်မြတ်ကြီး၏ သုက္ခာတဂုဏ်၊ သန္ဒိဋ္ဌိကဂုဏ်၊ အကာလိကဂုဏ်၊ ဟေဟိပဿိကဂုဏ်၊ ဩပနေယျိကဂုဏ်၊ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဂုဏ် ဂုဏ်( ၆ )ပါးနှင့် ပြည့်စုံဘဲ့အကြောင်းကို ကျနစွာပြောပြပါသတဲ့ရှင်။

ပြီးတော့.... ဒုက္ခသစ္စာ၊ ဒုက္ခသမုဒယသစ္စာ၊ ဒုက္ခနိရောဓသစ္စာ၊ ဒုက္ခနိရောဓမဂ္ဂသစ္စာ အဲဒီလို ဟောဆဲဖြစ်တဲ့ ဓမ္မစကြာတရား၌ သစ္စာလေးပါးကိုလဲ ပြောပြတော့ ကာလီအမျိုးသမီးလေးမှာ တိုက်ပေါ်တွဲတဲ့ နတ်နှစ်ဦးတို့၏ပြောတဲ့ သစ္စာ(၄)ပါး အသံကြားရတာနဲ့ သောတာပန်ဖြစ်သွားရပါသတဲ့။

ဒါ့ကြောင့်.... ရှင်တော်ဘုရားကြီးရဲ့ တရားတော် ရတနာမြတ်ကြီးဟာ အများကြီးမဟုတ်ပါဘူးလို့၊ တခါတရံကြားနာရရင်ဘဲ အကျိုးကျေးဇူးများနိုင်ပါတယ်ဆိုတာ ဒီသာတာဂီရိနတ်နှင့် ဟေမဝတနတ်တို့၏ ပြောသံကြားနှင့် ကာလီ အမျိုးသမီးလေး သောတာပန်ဖြစ်သွားရသည်ကို ထောက် ပြီး တော့ ကြည့်ရင် တရားတော်ကြီးကို ဘယ်လောက်ကြားနာဘို့ ကောင်းသလဲ။

ဒါ့ကြောင့်.... ယံ၊ အကြင်ဝိပဿနာအလုပ် ဝိဇ္ဇာ ပုဒ်ကို။ သုတွာ၊ တခါတရံမျှ ကြားနာရသည်ရှိသော်။

ဥပသမ္မတိ၊ ဒိဋ္ဌိအစရှိသော ကိလေသာမီးမှ တဒင်္ဂအားဖြင့် အေးငြိမ်းခွင့်ရပေ၏။

ခုလိုဝိဇ္ဇာပုဒ်မျိုးကျတော့.... အများကြီး မဟုတ်ပါဘူး။ အနည်းငယ်ကြားရရင်ဘဲ ရှင်တို့ ကျမတို့ရဲ့ သန္တာန်မှာကိလေ

သာမီးတွေဟာ အပြီးတိုင် ငြိမ်းသွားနိုင်ပါတယ်။ ခုနကြား အားထုတ်နေကြရတာလဲ ဒီကိလေသာငြိမ်းဘို့ဘဲ မဟုတ်လား။

ဒါ့ကြောင့်– အကျိုးကျေးဇူးများတဲ့ တရားကိုသာ လေ့လာ ဆည်းပူးကြပါလို့ ကျမ တိုက်တွန်း လိုက်ပါတယ်။ ဒါကြောင့်....

**တံအတ္ထပဒံ၊ ထိုဒွိဋ္ဌိအစရှိသော ကိလေသာမီးမှ တဒင်္ဂအားဖြင့် ငြိမ်းခွင့်ရလေအောင် အကျိုး ဆောင်နိုင်သော ဝိပဿနာအလုပ် ဝိဇ္ဇာပုဒ်သည်။**

**ကောမှိ၊ တဘွဲ့တထုံး တလုံးတပါဒ, တဝါကျမျှပင် ဖြစ်သော်လည်း။ သေယျော၊ အကျိုးကြီးစွ မွန်မြတ် လှပါပေ၏။**

ကဲ– **အကျိုး** ကျေးဇူး မျ**ား**ကြရအောင်ပေါ့ရှင်။ ဘုရား သာသနာနှင့်တွေ့တဲ့အခါ ဘုရားအဆုံးအမများကို အားထုတ် ရှုပွားကြရအောင်၊ ယနေ့ည- ခန္ဓာငါးပါးထဲက သညာက္ခန္ဓာကို ဟောပြပါ့မယ်။ အားလုံးအာရုံပြုကြပေါ့ရှင်။

**သညာက္ခန္ဓာဆိုတာ ပရမတ္ထတရား လေးပါးထဲက စေတသိက်ပရမတ်ကြီးတခုပါဘဲ။**

**စေတသိက်(၅၂)ပါးထဲက သညာစေတသိက် ပေါ့ ရှင်။ ပရမတ်တရားတခုခုကို မြင်အောင် ရှုနိုင်လျှင် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်တရားများဟာ ပျောက် သွားနိုင်ပါတယ်။**

**သူ့ရဲ့သဘောက မှတ်သားတတ်တဲ့ သဘောတရား တမျိုးပါဘဲ။**

မှတ်ဆိုသော်လဲ အရမ်းမဲ့ မှတ်လို့တော့ မရဘူးရှင့်။ သူက အာရမ္မဏိကဖြစ်တယ်၊ တနည်းအားဖြင့်လဲ အပေါ်ခါတ် ဖြစ်တယ်ရှင့်။

သူ့ရဲ့ကိစ္စက မပေါ်လာမှနေရော၊ ပေါ်လာရင် မှတ်လိုက်တာဘဲ။ သူရဲ့မှတ်သားရာဌာနကတော့ စက္ခုစသောဒွါရ (၆)ပါးမှာ ရူပါရုံစသော အာရုံ(၆)ပါးကျရောက်သောအခါ အမြဲမှတ်သားပြီး နေပါတယ်။ ဒါကိုလွယ်လွယ်နဲ့ နားလည်အောင် သာမညအားဖြင့် တဒွါရသာထားပြီး ပြောပြပါမယ်။

ဒါ့ကြောင့်မို့ စက္ခုဒွါရမှာ ရူပါရုံကျရောက်ဆဲ ခဏမှာ အမှတ်ပြု၍ သိမှုကို **ရူပသညာ**လို့ ဟောခဲ့တယ်ရှင့်။

အကယ်၍ ရူပါရုံကိုမြင်သောအခါ ရူပသညာ မပေါ်ခဲ့ဘူးဆိုရင် ဖြူဖြူ ရေးရေး နှင့် ထုံးခဖွေးဖွေး ဘုရားစေတီကို မြင်လျှင် ဘယ်မှာ ဝတ်ချတတ်ပါ့မလဲ။ ခုတော့.... အော် - ဒါဟာဘုရား ပါလားလို့ အမှတ်ပြုပြီး သိမှုကြီးပေါ်လာလို့ ဝတ်ချတတ်တယ်၊ ကန်တော့တတ်တယ်ပေါ့ရှင့်။

ဒါတွင်မကသေးပါဘူး။ လောကကြီး တခုလုံးမှာ ကြည့်လိုက်တော့....သားလို့သိတာ, သမီးလို့သိတာ, အိမ်လို့သိတာ ကျောင်းလို့သိတာ အလုံးစုံမှတ်မိသမျှ သညာချည်းပါဘဲ။ ဒါ့ကြောင့်....

**ရူပသညာ၊ အဆင်းအမျိုးမျိုး ရူပါရုံကို မှတ်သားမှု။**

နောက်ပြီးတော့.... သောတဒွါရမှာ ကျရောက်လာတဲ့ အသံ အမျိုးမျိုး သဒ္ဒါရုံကိုလဲ အမြဲမှတ်သားတဲ့ **သဒ္ဒသညာ** က တမျိုးရှင့်။

သူကလဲ မကြားမှနေရော ကြားလိုက်ရင် ဒါဟာဘယ်သူရဲ့ အသံဘဲ၊ ဘယ်ဝါရဲ့အသံဘဲ၊ မင်းသမီးရဲ့အသံ, မင်းသားရဲ့ အသံလို့ အမှတ်ပြု၍ မှတ်နေပါတယ်။

သဒ္ဒသညာမပေါ်ခဲ့ရင် သူ့အသံ၊ ငါ့အသံဆိုတာ မခွဲခြား နိုင်ကြပါဘူး။ ဒါကြောင့်....

**သဒ္ဒသညာ၊ အသံအမျိုးမျိုး သဒ္ဒါရုံကို မှတ်သားမှု။**

နောက်ပြီးတော့.... **ဂန္ဓသညာ**တဲ့ရှင့်။ အနံ့ဓာတ်ရဲ့အပေါ် မှာ ရေမွှေး ကရမက်လို့ အမည်နာမတွေနှင့် မှတ်နေတာဟာ ဂန္ဓသညာပါဘဲ။

ဂန္ဓသညာမပေါ်ခဲ့ရင် ဘာဘဲ, ညာညာလို့ ပြောဆိုစရာ မရှိပါဘူး။ အနံ့ဟာ အနံ့ဘဲရှိပါတယ်။ ဒါကြောင့်....

**ဂန္ဓသညာ၊ အနံ့အမျိုးမျိုး ဂန္ဓာရုံကို မှတ်သားမှု။**

နောက်ပြီးတော့.... **ရသာသညာ** တဲ့ရှင့်။ ဇိဝှါဒွါရမှာ စား စားသမျှသော အစာအာဟာရများကို အမြဲမှတ်နေတာ။ ဝက်သား လို့ မှတ်တယ်၊ ကြက်သားလို့ မှတ်တယ်၊ စားတိုင်း စားတိုင်း ဝက်သား, ကြက်သားဆိုတာ တကယ်မရှိပါလား။ ရသာရုံကို မှတ်တဲ့ သညာသာ ရှိပါလားလို့ သိရမှာဘဲ။ ဒါကြောင့်....

**ရသသညာ၊ အရသာ အမျိုးမျိုး ရသာရုံကို မှတ်သားမှု။**

နောက်ပြီးတော့.... **ဖောဋ္ဌဗ္ဗသညာတဲ့** အတွေ့အထိအမျိုးမျိုးကို မှတ်သားမှုကြီးတမျိုး။

ကာယဒွါရမှာတော့ ခေတ်(၃)ပါး တိုက် သည့် အတွက် ဒီခေတ်သုံးပါးရဲ့ အပေါ်မှာလဲ အမြဲမှတ်နေရပါတယ်။

မာတာ, ပူတာ, ထောက်ကန့်လှုပ်ရှားတာဒါတွေကို သူ့မှာ ခေါင်းလို့, လက်လို့, ကိုယ်လို့, ခြေလို့ အတွေ့ ခေတ် ရဲ့ အပေါ်မှာ မှတ်နေပါတယ်။ ဒါကြောင့်....

**ဖောဋ္ဌဗ္ဗသညာ၊ အတွေ့ အထိ အမျိုးမျိုးကို မှတ်သားမှု။**

နောက်ပြီးတော့.... **ဓမ္မသညာ** ပေါ့ရှင်။ ကောင်းဆိုးအဖုံ ပညတ်ပရမတ်အစုံ ဓမ္မာရုံအမျိုးမျိုးကိုလဲ မှတ်ပါသေးတယ်။

မနောဒွါရဆိုတာကတော့ မကျရောက်နိုင်သော အာရုံရယ်လို့ မရှိပါဘူး။ ဒါကြောင့်.... ကျရောက်လာ သမျှ အာရုံများကို အမြဲမှတ်နေပါတယ်။

ဓမ္မာရုံ(၆)ပါး၊ ဘယ်ဟာဘဲမှတ်သားနေနေ ဓမ္မသညာပါဘဲ။ ဒါကြောင့်....

**ဓမ္မသညာ၊ ကောင်းဆိုးအပုံ ဓမ္မာရုံအမျိုးမျိုးကို မှတ်သားမှု။**

စုစုချုပ်လိုက်တော့ ... ဒီသညာ(၆)ပါးရှိတာပါဘဲ။ဒီသညာ(၆)ပါးကို ငါထင်၊ သူထင်၊ ငါ့အသက်ထင်၊ သူ့အသက်ထင် အမြင်တွေဟာ မှားချင်တိုင်းမှားနေကြတာဘဲ။

သညာ(၆)ပါးကို ဖယ်ထားလိုက်လျှင် မှတ်မိပြောဆိုနိုင်တဲ့ သူရယ်လို့ ဘယ်ရှိပါ့မလဲ။

သညာကို သညာမှန်းမသိတော့ ဗဟိဒ္ဓမှာ အရှိထားနေကြတယ်။ ခုံ-ရှင်တို့ ကျမတို့ ထင်နေကြတဲ့ ပုဂ္ဂိုလ် သတ္တဝါတုံးတိုင်ဖျာဆိုတာတွေဟာ သညာမှတ်သားမှုကလွဲပြီး ဘာ့သ်နားမှ တသီးတခြားပြစရာမရှိပါဘူး။ (၃၁)ဘုံ အကုန်ဉာဏ်ထဲမှာ ပျောက်သွားအောင် သညာတခုနှင့်ရှုပါ။ သညာ ထီးထီးဘဲ ကျန်ပါလိမ့်မယ်။ အဲဒီသညာဟာ အနှစ်သာရတော့ မရှိဘူးရှင့်။ ဒါကိုလဲသိထားရအုံးမှာ ဖြစ်ပါတယ်။

ဒါကတော့.... အရိယသစ္စာပေါ့ရှင်။ မြတ်စွာဘုရားကလဲ အရိယသစ္စာနယ်မှာ အထည်ကိုယ်မရှိပုံကို မြင်စေချင်လို့ အဲဒီ

သညာတရားကို တံလျှပ်နှင့်တူတယ်လို **မရီစိကူပမာသညာလို့** ဟောခဲ့တယ်။ အဓိပ္ပါယ်ကတော့ သညာတရားဟာ တံလျှပ်နှင့် တူတယ်လို့ ဆိုလိုပါတယ်။

တံလျှပ်ဆိုတာ အောက်က မြေခိုးနှင့် အထက်က နေရောင် ပေါင်းမိကြတဲ့အခါ ရေအလျှင်တွေလိုလို၊ လှိုင်းဂယက်တွေ လိုလို ထင်ရတဲ့ သဘောတရားကို တံလျှပ်လို့ဆိုတာပါဘဲ။

အဲဒီ တံလျှင်ကလေးတွေဟာ ထုကြီး ထယ်ကြီးဘယ်လောက် ကြီးကြီး အနီးချေက်ဘဲအခါကျတော့ ကိုင်စမ်း၊ ဖန်းလို့ရတာ မျိုးမဟုတ်ဘူး။ ပျောက်သွားတာဘဲ။

အဲဒီ တံလျှပ်နှင့်အတူ ရှင်တို့ ကျမတို့ သန္တာန်၌ပေါ်နေတဲ့ သညာတရားဟာလဲ အနှစ်သာရရှိတာ မဟုတ်ဘူး။

သားဆို ပျောက်သွားတာဘဲ၊ သမီးဆို ပျောက်သွားတာဘဲ ကိုင်စမ်းလို့ရရဲ့လား၊ အတုံးအခဲနဲ့ကော ဟုတ်ရဲ့လား၊ အခိုင် အမာ၊ အနှစ်သာရ မရှိလို့ မြတ်စွာဘုရားက....

**အသာရကဋ္ဌေန အနတ္တာလို့ဟောခဲ့တာ။ အသာရ ကဋ္ဌေန၊ အနှစ်အသား၊ အဖတ်အထည် တိုရှည်နိမိတ် ရောင်ရိပ်ရိပ်မျှ ကြိတ်ခဲဆံမာ ပြစရာပုံဟန် ထည် သဏ္ဌာန်ဟု ပမာတခု အနှုမြူတခြမ်း တသန်းစိတ်က တစိတ်စာမျှ ရှာကြံ၍မရသော အနက်သဘောကြောင့် အနတ္တာ၊ အနတ္တမည်၏။**

ဟောဒါလိုမြင်လို့၊ ဒါလိုသိကြရင်လဲ အနုတ္တပေါက်တာပါဘဲ။ အနုတ္တပေါက်တော့.... အတ္တအစိုင် အခဲတွေ ပျောက်သွားရပါတယ်။ အတ္တအစိုင်အခဲပျောက်သွားတာကိုဘဲ အနုတ္တဉာဏ်အလင်းလို့ ဆိုတာပေါ့။ ဒါကြောင့်.... ရှင်တို့ ကျမတို့ အဝိဇ္ဇာမှောင်တိုက်အတွင်းမှ ဝိဇ္ဇာဉာဏ်အလင်းသို့ ရောက်ကြရအောင် ရှုပါ၊ ပွားပါလို့ ကျမ နိဂုဏ်းချုပ် တိုက်တွန်းလိုက်ပါတယ်။

ဒါလို ရှုကြ၊ ဆင်ခြင်ကြ၊ ပွားများကြရင်ဖြင့် ခရီးသွားယောကျ်ားလိုလဲ မဖြစ်တော့ပါဘူး။ အကျိုးရှိတဲ့ စကားတွေကိုလဲ ပြောမိလျက်နေတော့တာပါဘဲ။

ဒါ့ကြောင့်....ဘုရားနှစ်သက်တဲ့ စကားတွေ ပြောလျက်နေရအောင်၊ အကျိုးကျေးဇူးလဲများလေအောင် ယခု-ဟောပြောခဲ့တဲ့ သညာနာမ်ဓာတ် နာမ်ပရမတ်ကို ရှုကြ၊ ပွားကြ၊ အားထုတ်ကြပေတော့လို့။ ဒါ့ကြောင့်....

**တံအတ္တပဒံ၊ ထိုဒိဋ္ဌိအစရှိသော ကိလေသာမီးမှ တဒင်္ဂအားဖြင့် အေးငြိမ်းခွင့် ရလေအောင် အကျိုးဆောင်နိုင်သော ဝိပဿနာလုပ် ဝိဇ္ဇာပုဒ်သည်။**

ကောမှ°၊ တဖွဲတထုံး, တလုံးတပါဒ, တဝါကျမျှပင် ဖြစ်သော်လည်း၊ သေယျော၊ အကျိုးကြီးစွာ မွန်မြတ် လှပါပေ၏။

သေယျော၊ ဘုရားအဆုံးအမဖြစ်တဲ့ တရားတလုံးမျှ ကို ကြားတုန်းခဏမှာ ပွားသုံးရတာ နေရာကျလျှင် ရောမ အမြတ်ကြီးမြတ်လှပါဗ္ဗေသတည်း။ ။

သာဓု သာဓု သာဓု။

# အားမကိုးရအနတ္တ
# မှတ်ကြသေချာ မြတ်ဂါထာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ကဲ - တရားအာရုံပြုကြပေတော့ ယနေ့ည ပုထုဇဉ်တွေရဲ့ ထင်နေပုံနှင့် တရားသဘာဝရဲ့ ဖြစ်နေပုံတော့ — ဒီတခါ သိကြရမှာပေါ့။

ပုထုဇဉ်တွေ ခန္ဓာကိုယ်ကို အားကိုးပြီး အထင်မှားနေကြပုံ အလုံးစုံအကုန်ကြည့်လိုက်မယ်ဆိုရင် လောက မှန်းချက်နှင့် နှမ်းထွက် မကိုက်ဆိုသလိုပါဘဲ။

ခန္ဓာရဲ့အကြိုက် ဘယ်လိုပင်လိုက်ခဲ့သော်လဲ တနေ့ကျတော့ ဒီခန္ဓာကိုယ်ကြီးဟာ ပြုတဲ့သူကိုမငဲ့ဘဲ ဆင်းရဲမှုကိုသာ ပေးတဲ့ တရားကြီးဆိုတာ ပေါ်လာပါလိမ့်မယ်၊ အာရုံပြုပြီးတော့သာ နာကြပေတော့။

ဒီခန္ဓာကြီးရဲ့အကြိုက်လိုက်လာခဲ့ကြတာ ဘယ်နှင်ဘဝရှိပြီ ဘယ်နှစ်ကမ္ဘာရှိပြီ၊ ဘုရားတွေဘယ်နှစ်ဆူပွင့်ကုန်ပြီလဲလို့ ဒါလို ကြည့်လိုက်တော့ ဂဏန်းချပြီး ရေတွက်လို့ မရတော့ဘူး။

ခုချိန်အထိ ခန္ဓာတွေတပေပေနှင့် အအို, အနာ, အသေရဲ့ အနှိပ်စက်ကိုသာ ခံနေကြရတယ်။

အော်.... ပုထုဇဉ်တွေဟာသူ ငါကအစ ဘယ်တရားဟာအကျိုးများပြီး၊ ဘယ်တရားဟာ အကျိုးမများပါလားလို့ နှိုင်းယှဉ်နိုင်သော ဉာဏ်မရှိတော့ အရေးကြီးတာကို ကြီးတယ်မသင်၊ အရေးမကြီးရမဲ့ဟာ ကြီးလားကြီးရဲ့။

ဒါ့ကြောင့်မို့- ဘုရားတွေနှင့်လှဲ့တာလဲ များလှပြီ၊ ထားပါတော့ ကိုယ်က သူ့အကြိုက်ပြုလို့ သူကကိုယ့်အကြိုက်ပါတယ်ဆိုရင် တော်သေးရဲ့၊ ခုတော့ ပြုစုနေတဲ့သူမှ ပြန်ပြီးဒုက္ခပေးတဲ့ ခန္ဓာတရားကြီး ဘယ်သောက်မှန် ဘိုကောင်းသလဲ။

ဒါ့ကြောင့်.... ပြုစုရသော်လဲ အကျိုးမများပုံ, ပြန် ပြီး နှိပ်စက်ခံရပုံကို လောကဥပမာဆောင်ပြီး မြင်သာအောင် ပြောရမယ် ဆိုရင် ...

ဟို.... ရှေးတုန်းက ငမိုးရိပ်မိချောင်းကြီးဆိုတာ ကြားဘူးကြမယ်ပေါ့။

အဲဒီ မိချောင်းကြီးဟာ တခုသော မြစ်ဆိပ်ကမ်းမှာ အဝတ်ဖွပ်နေကြတဲ့ အဖိုးအို, အမယ်အို(၂)ယောက်တို့က ဉကြီးတွေ့တာနှင့် မွေးထားကြတယ်။

သား, သမီးကလဲမရှိတော့ ဉကြီးရလာတယ်ဆိုရင်ဘဲ အလွန်ဝမ်းသာကြတယ်။ ဉကြီးကလဲ မြစ်ကမ်းပါးက အခြားသဘ္ဘဝါများ မမြင်ရဘဲ အထူးအဆန်း ရခဲ့တယ်ဆိုတော့ အ ထင် က လဲ အလွန်ကြီးကြတယ်။

ဒီဥကြီးထဲက ဘယ်လိုဟာလေးများပေါက်ဖွားလိမ့်မှန်း၊ ပုဂံပြည်မှာ ငှက်ကြီးရန်ကို တိုက်ဖျက်နိုင်တဲ့ လူစွမ်းကောင်း မောင်ဥဖွားလိုမျိုး နေမလား၊ ဒါမှမဟုတ် မင်းလောင်းလေးများ နေမလား၊ ဒါမှမဟုတ် အာသကော တို့လို မင်းများ လိုချင်လောက်အောင် အချောအလှတော့ ပြောပြလို့မကုန်နိုင်လောက်တဲ့ သမီးလေးများ နေမလားလို့ ဥကြီးကိုအသင်ကြီး နေကြတဲ့ အဖိုးအို့ အမယ်အိုပေါ့ရှင်။

ကဲ - တိုတိုဘဲပြောကြပါစို့ ရက်ပေါင်း အတော်ကြာတော့ ဥကြီးထဲမှာရှိတဲ့ မိချောင်းကလေး ပေါက် ဖွား လာ ပါတယ်။ ပေါက်ဖွားလာတယ်ဆိုရင်ဘဲ ရှင်မ ? ညီ ထင်တဲ့ လူစွမ်းကောင်းလဲမဟုတ်၊ ငါထင်တဲ့ မင်းလောင်းလဲမဟုတ် ခု ကြည့် စမ်း မမျှော်လင့်တဲ့ ဖွတ်မိချောင်းလေ ဖြစ်နေပြီ။

ကဲလေ.... ရှိပါစေတော့၊ ကိုယ်နှင့်ထိုက်လို့ ကိုယ်ရတာဘဲ ယူပေါ့ဆိုပြီ မိချောင်းငယ်ကလေးကို အင်တုံလေးနှင့်ထည့်ပြီး မွေးကြလို့.... တော်တော်'ကြီး'လာတဲ့အခါ အင် တုံလေး နှင့် မဆန့်တော့ အင်တုံအကြီးကြီးနှင့်ထည့်ပြီးမွေးထားပါတယ်။

ကြိုက်တတ်ဘဲ့ အစာ အာဟာရများ ကျွေးလို့ နေတတ်သလိုပျော်ပါးအောင်ထားတော့ စိတ်ချမ်းသာ ကိုယ်ချမ်း သာ ဖြစ်ပြီး များမကြာမီ အ ကောင် "ကြီး - ကြီး" လာ ပါ ရော၊ ကြီးလာတော့ အင်တုံကြီးနှင့်လဲ မဆန့်ပြန်ဘူး၊ မဆန့်တော့ ဝါးတလုံးဝယ်ပြီး ရေစပ်မှာ ခြံကာ၍ မွေးထားကြတယ်၊ ဝါး တလုံးကာပြီး မွေးလာလိုက်ကြတာ နောက်ဆုံး ဝါး(၁၀၀) အထိ မွေးခဲ့တယ်။

ထို့နောက် အရွယ်ကြီးပြင်းလာသောအခါ အားအင်ဗလတွေ တိုးပွားလာတဲ့အခါ ဒေါသတရား၊ လောဘတရားများလည်း ကြီးလာဘယ်နှင့်တူပါတယ်။

ထိုအခါ ငမိုးရိပ်သည် ပြုစုကျွေးမွေးလာတဲ့ ကျေးဇူးတရားများကို မထောက်ထားနိုင်ဘော့ဘဲ အမယ်အိုကြီးကို အရင်စားလိုက်တယ်။ ထိုနောက် အဘိုးအိုကိုပါ စားသွားတယ်ဆိုတာ ပရိသတ်ကြီးများ ကြားသိပြီးသားဖြစ်သည့်အတိုင်း ခန္ဓာကိုယ်သာ ကပ်ပြီးကြည့်ကြပေတော့။

ခုပြောတဲ့ဖွတ်မိချောင်းရဲ့ဇာတ်လမ်းကဥပမာ၊ ဥပမေယျက ခန္ဓာကိုယ်မှာကပ်ရမှာ ကိုင်းခန္ဓာကိုယ်ရဲ့ ဘဝဇာတ်လမ်းကို ပြန်ကြည့်လိုက်တော့....

ပုထုဇဉ်မှန်သမျှ အနန္တတွေသည် အဘိုးအို-အမယ်အိုနှင့်တူစေ၊ မိချောင်းသည် ခန္ဓာကိုယ်ကြီးနှင့်တူစေ၊ အဲဒီအဘိုးကြီးအမယ်ကြီးတို့ဟာ ဥကလေးကမ်းပါးက ရလာကတဲ့က ဘယ်လောက် အထင်ကြီးကြသလဲ။မင်းလောင်းကလေးလား၊ လူစွမ်းကောင်း ကလေးလားနှင့် အထင်ကြီးကြတယ်။

နောင်တချိန်မှာ သူတို့ထင်သလို ဟုတ်ကဲ့လား။ ဥထဲမှာ မိချောင်းရှိတာမို့ မိချောင်းဘဲပေါက်ရသလို၊ နောင်တချိန် အရွယ်ရောက်တော့ အစားခံရသလို ပုထုဇဉ် သတ္တဝါမှန်သမျှ အနန္တတွေမှာ ခန္ဓာကိုယ်ကို ထင်စား အားကိုးလာလိုက်ကြတာ တနေ့ကျ ချမ်းသာလိမ့်မယ်၊ တနေ့ကျငါတို့ အလိုရောက်လိမ့်မယ်လို့ ဆင်လာကြတာ ဘယ်နှယ်လဲ့ ဖြစ်ကြရဲ့လား။

မိချောင်းကြီးဟာ ဘယ်သူက မင်းလောင်းသင်ထင်၊ လူစွမ်းကောင်း ထင်ထင်၊သူ့အမျိုးကို သူမစွန့်ဘဲ ဥထဲမှခွဲထွက်လာတာလို့ဒီမှာလဲဘဲ သူခရိုလိမ့်မယ်လို့ ဘယ်သူကထင်ထင်၊ ချမ်းသာလိမ့်မယ်လို့ ဘယ်သူကထင်ထင်၊ မိချောင်းသည် သူ့အမျိုးကို သူမစွန့်သလို၊ ခန္ဓာကိုယ်ကြီးကလဲ အအိုမျိုး၊ အနာမျိုး၊ အသေမျိုးကို မစွန့်ဘဲ ဓမ္မနိယာမအတိုင်းသာ ဖြစ်ပေါ်ပေါက်ဖွားလာခဲ့ပါတယ်။

နောက်ပြီးတော့ ...မိချောင်းကြီးဟာ ဘယ်သူ့ကိုစားသလဲ အနီးကပ်ဆုံးဖြစ်ဘဲ့ ကျွေးမွေးလာခဲ့တဲ့ အဘိုးအို၊ အမယ်အိုကို စားတယ်မဟုတ်လား။

အဲဒီလိုပါဘဲ ဒီခန္ဓာကြီးဟာ အနီးကပ်ဆုံးဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို အရင်စားဘယ် မဟုတ်လား။

ခန္ဓာကြီးကဖြင့် ခေါင်းနှင့်သယ်ပိုးပြီးကျွေးရတယ်၊ ပခုံးဖြင့်ထမ်းကျွေးရတယ်၊ ခြေတို့ဖြင့် သွားလာရှာဖွေကျွေးရတယ်။

ကဲ ... ရှာဖွေကျွေးသော ခေါင်းကြီးကို အရင်မနှိပ်စက်ဘူးလား။ ဆံပင်တွေဖြူလာပြီ၊ ခေါင်းတွေတုန်လာပြီ။ အမယ်အိုအဘိုးအိုကျွေးခဲ့ရတဲ့ မိချောင်းကြီးရဲ့ ခံတွင်းထဲမှာ ရောက်ကြရသလို ပုထုဇဉ်တွေ အအိုခံတွင်း၊ အနာခံတွင်း၊ အသေခံတွင်းထဲမှ ဘဲ အကုန်လုံးရောက်ကြရဘယ်။

အမယ်အိုနှင့် အဘိုးအိုမကြည့်ရဲ့၊ မရှုရဲအောင်၊ သွေးချောင်းစီးအောင် စားပြစ်သလို၊ ပုထုဇဉ်တွေ ခန္ဓာကိုယ်မှာပြန်ကြည့်ကြအုံး။ ကြည့်ဝံ့စရာများရှိသေးရဲ့လား။

ဆရာတော်ဘုရားရှိစဉ်က အပျိုဖြူ၊ နဂိုမူ ဟန်မရှိတော့ပါဘူး၊ မှန်ကြည့်ရင်ငိုခြင်စရာပ၊ ကိုယ်အင်္ဂါယွင်းလို့ ဆုံးမခဲ့တာတွေ ထင်ရှားမလာဘူးလား။ မိချောင်းကြီး ဘယ်လိုဘဲ သူ့အကြိုက်တွေကျွေးကျွေး၊ တနေ့ကျဘော့ သူ့အစားခံရတယ်။ သူစားနိုင်အောင်ကျွေးမွေးခဲ့ရသလို ဖြစ်မနေဘူးလား။

ဒါတွင်မကသေးဘူး၊ အဘိုးအို့ အမယ်အိုတို့ မိချောင်းကြီး ပြုစုရတာ တဘဝထဲပါ။ ကျမတို့ ခန္ဓာကြီး ကို ... လို လိုက်အကြိုက်ဆောင်ရွက်ပြီး ပြုစုခဲ့ရတာဘဝပေါင်း မရေတွက်နိုင်အောင် များခဲ့လှပါပြီ။

အဘိုးအို အမယ်အိုကို မိချောင်းကြီးအစားခံရတာက တဘဝထဲပါ။ ကျမတို့ ခန္ဓာကိုယ်ကြီးက ကျမတို့ကိုဒုက္ခပေးခဲ့တာ ဘဝပေါင်း မရေမတွက်နိုင်အောင်များခဲ့လှပါပြီ။

အဲဒီအဘိုင်းပါဘဲ ခန္ဓာကြီးကျွေးမွေးလိုက်တာ အချိုကြိုက်တယ်ဆို အချို၊ အချဉ်ကြိုက်တယ်ဆို အချဉ်၊ ခန္ဓာကိုယ်ကြီးဆင်ထားတာတွေ ကြည့်ပါအုံး၊ ပေါ်လာသမျှ အမည်နာမတွေးပြောင်းပြောင်းပြီး အရောင်အမျိုးမျိုး ဆင်ထားလိုက်ကြတာ။ တချို့မှာ မြင်ရတယ် အထက်ပိုင်းကစိမ်း၊ အောက်ပိုင်းကစိမ်းမိုးဦးကျ ပုတ်သင်ညိုဖြစ်လို့၊ တချို့မှာလဲ အထက်ကနီ၊ အောက်ကနီနှင့် နတ်ပိုးကောင်ဖြစ်လို့၊ တချို့မှာလဲအသက်ညိုအောက်ညိုဆိုတော့ ယောဂီဖြစ်လို့၊ တချို့မှာလဲ ပန်းရောင်ဝမ်းဆက်ဝတ်လိုက်တော့ သီလရှင်ဆရာလေးလား အောက်မေ့ရတယ်။

ဘယ်လိုဘဲ ဆန်းဆန်းပြားပြားတွေ ဆင်နေနေ တနေ့ကျ တော့ အအိုခံတွင်း၊ အနာခံတွင်း၊ အသေခံတွင်းကြီးထဲဘဲ ရောက်ကြရတယ်။

သတ္တဝါတွေ မသိလို့သာ ပျော်နိုင်ကြတာ ခန္ဓာကြီး ကတော့ ဒုက္ခအပေါင်းတွေ ခံနေတာမဟုတ်လား။ ကိုယ်က ချမ်းသာချင်တယ် သူကဆင်းရဲနေတယ်၊ ကိုယ်က ဒီလိုဖြစ်ချင် တယ် ခန္ဓာကြီးက ဟိုလိုဖြစ်နေတယ်၊ ခန္ဓာကြီးနဲ့ ပုထုဇဉ်တို့ရဲ့ အလိုနှင့်ကတော့ မြောက်ချင်းကပ်ပြီး ပြေးနေကြတာပါဘဲ။ ဒါကြောင့်....

**အပ္ပမတ္တာသဒါဟောထ၊ ဥတ္တ သခ်ါရဓမ္မ တံ၊**
**သကိစ္စ အနုယုဉ္ဇေထ၊ နတ္ထိ နော လောကသင်္ဂရံ။**

**ဘောဒန္တော၊ဒုက္ခအပေါင်းမှမုချပြောင်းလိုကြတဲ့ အို-သူတော် ကောင်း အပေါင်းတို့။**

ကိုယ့်ခန္ဓာကိုယ်မှာ ဘယ်ဒုက္ခတွေ ရှိသလဲလို့ ပြန်ကြည့် လိုက်တော့.... အထပ်ထပ် အဖန်ဖန် အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ် ပေါက်ပွားရမှု **ဇာတိဒုက္ခ**၊ အထပ်ထပ် အဖန်ဖန် အမျိုးမျိုး အဖုံဖုံ ရင့်ရော်ယိုယွင်း အိုမင်းဆွေးမြေ့ရမှု **ဇရာဒုက္ခ**၊ အထပ်ထပ် အဖန်ဖန် အမျိုးမျိုး အဖုံဖုံ နာကြင်ကိုက်ခဲရမှု **ဗျာဓိဒုက္ခ**၊ အထပ်ထပ် အဖန်ဖန် အမျိုးမျိုး အဖုံဖုံ သေကြေ ပျက်ဆုံးရမှု **မရဏဒုက္ခ** စသော ဒုက္ခတွေဟာ ခန္ဓာကိုယ်မှာရှိနေ တာ အထင်အရှားဘဲတွေ့ရတယ်။

ဒီဒုက္ခအပေါင်းတွေမှ လွန်မြောက်ပြီး သုခဆိုတဲ့ ချမ်းသာ သောဘဝသို့ ရောက်လိုကြလို့ တရားရှာကြရတာ။ ဒါကြောင့်....

**ဘောဒ္ဓေ၊ ဒုက္ခအပေါင်းမှ မုချပြောင်းလိုကြတဲ့ အို-သူ တော် ကောင်း အ ပေါင်း တို့။ သင်္ခါရဓမ္မတာ၊ ကိုယ်က ဒီပုံဖြစ်လိုကုန်လည်း တဖုံဆင်ကွဲ သူ့အကဲဖြင့် ဖြစ်မြဲတံထွာ ခန္ဓာဇမ္မ သင်္ခါရတို့၏ အလေ့ကျဖြစ်လာ ဓမ္မတာကို။**

သင်္ခါရဓမ္မတို့ရဲ့ အလေ့နှင့် ပုထုဇဉ်တို့ရဲ့ အလိုနှင့်ကတော့ အရှေ့နှင့်အနောက်၊ တောင်နှင့် မြောက်ဆိုသလို ဖီလာကြီး ဖြစ်နေကြပြီ၊ ပုထုဇဉ်ရဲ့အလိုကတော့ ငါပြုသလိုဖြစ်လိမ့်မယ်၊ ငါထားသလို နေလိမ့်မယ်၊ ငါစီမံရင်ရတယ်လို့ အဲဒါလိုခန္ဓာကို အရောတဝင် ပြုလုပ်နေကြတယ်။ ခန္ဓာကြီးကတော့ မိမိတို့နှင့် အရောတဝင်များ နေရဲ့လား။

**ပရေ၊ အကျွမ်းဝင်ခြင်း အမြဲကင်းသော ရန်သူ သူစိမ်း ပြင်ပမျိုးတို့သာလျှင်တည်းလို့** ဆိုတဲ့အတိုင်း ဘယ် တော့ များ ကိုယ်ပြုသလို ရခဲ့သလဲ။ ဘယ်တော့များ ကိုယ့်**အကြိုက်** လိုက် ခဲ့သလဲ။ လောက မေတ္တာချင်းမညီမျှသောသူနှစ်ယောက်လိုပေါ့ မေတ္တာပိုတဲ့သူက စေတနာပိုရတယ်၊ စားပါ, သောက်ပါ၊ ချမ်းသာစွာ နေပါ, ထိုင်ပါနှင့် တယုတယ **အသိုလိုက်**ရတယ်၊ မေတ္တာနည်းပါးသောသူက ဘယ်လိုပင်ယုယသော်လဲ မျက်နှာ မရှင် မကြည်လင်ဘဲ အမြဲနှိုပ်စက်နေသလို ဒီမှာလဲဘဲခန္ဓာကိုယ် ချစ်ကျွမ်းဝင်၍ ဘယ်လိုပင် အလိုလိုက်သော်လဲ ခန္ဓာကိုယ်က ညွှာတာ, သနားခြင်းရှိရဲ့လား။

တဘဝလောက်တော့ မအိုဘဲနေလိုက်အုံးမယ်။ ငါ့ကိုပြုစု ရှာတယ်၊ တခဏလောက်တော့ မနာဘဲနေလိုက်အုံးမယ်လို့ ခန္ဓာကိုယ်ကများ ညွှာတာ သနားခြင်းရှိရဲ့လား။

ကိုယ်က ဒီလိုဆို သူကဟိုလို၊ ကိုယ်က ဟိုလိုဆို သူကဒီလို၊ ဒီလိုနှင့် တဘဝကုန်ကြရပြန်။ အလိုပြည့်ပြီး စိတ်တိုင်းကျပြီး ကုန်ရတာ ဟုတ်ကဲ့လား။ မဟုတ်ပါဘူး၊ မနိုင်လို့ အဆုံးတနေ့မှာ အရှုံးပေးခဲ့ရတာ မဟုတ်လား။ ဒါကြောင့်....

> သင်္ခါရဓမ္မတာ၊ ကိုယ်ကဒီပုံဖြစ်လိုကုန်လည်း တဖုံဆင့်ကဲ့ သူ့အကဲဖြင့် ဖြစ်မြဲတံထွာ၊ ခန္ဓာဓမ္မ သင်္ခါရတို့၏ အလေ...ဖြစ်လာ ဓမ္မတာကို။

ခန္ဓာတရားတို့ရဲ့ အလေ့ပေါက် ကလေကဝ ဖြစ်ချင်တိုင်း ဖြစ်ပေါ်နေတဲ့ သဘောတရားကို ခုသာသနာနှင့် တွေ့တဲ့အခါ **တစိမ့် စိမ့် အောက်မေ့ တ ငွေ့ ငွေ့ ဆင ခြင်** အပြစ်တင်ကာ **စောဒနာ၍** ဆိုသလို ဆင်ခြင်အောက်မေ့ နေနိုင်မှ ခန္ဓာရဲ့ အပြစ်တွေ မြင်ကြမှာ သိကြမှာ ခန္ဓာကိုယ် အပြစ်မမြင်တော့ အနှစ်ထင်နေကြတာကိုး။ ခန္ဓာကိုယ် အနှစ်ထင်နေလို့ မာန်မာနတွေ တက်ကြွပြီး နေကြတာပေါ့။ မာန်မာနတွေတက်ကြွ သမျှ သတ္တဝါတွေ အခက်များကြတယ်။ ဒါ့ကြောင့်....

လယ်တီဆရာတော်ဘုရားကြီးက **ငါတလူလူ ပမာမူ ရှာသူတို့ဝက်၊ အစာများမှု အသားငယ်ထူ ဆူလေလေခက်ပါဘိ၊ ရမက်ကယ်မာန်ဝင်လို့** ဆုံးမတော်မူခဲ့ပါတယ်။

ခန္ဓာကိုယ်ကတော့ **ဘာမှအနှစ်မရှိဘူး။** ပုထုဇဉ်တွေက အနှစ်ထင်ပြီး မာန်ဝင်နေကြတာ။ လောက ဥပမာ - ရှာသူ ရှာသားများ မွေးထားသော ဝက်များလိုဘဲတဲ့။

ဝက်များဟာ အသားများရင် ခက်တာမဟုတ်လား။ အဆီပေါ်ရင် ခက်တာမဟုတ်လား ဘာကြောင့်လဲ၊ ဝက်ထိုးသမားကြောင့်ပေါ့။ အဲဒါလိုဘဲ ခန္ဓာကိုယ် အကာတောမှာ မာနကြီးနှင့် မာန်မဝင်နှင့်ပေါ့။ ဒါမှ အအိုစဲမယ်၊ ဒါမှ အနာစဲမယ်၊ ဒါမှသာလျှင် အသေစဲကြပါလိမ့်မယ်လို့၊ ဒီသာသနာမှာ ကိုယ်သိမှ ကိုယ်အေးမယ်၊ ကိုယ်သိမှ ကိုယ်ချမ်းသာခွင့် ရကြမယ် ။ ဒါ့ကြောင့်....

**ဥတ္တာ-ဇာနာထ၊ ကိုယ်စီ့ ကိုယ်ငှ ကိုယ်ကာယဝယ် ဉာဏစက္ခု၊ မျှော်ထောက်ရှုရန်၊ အမြန်ယခု သိမြင်အောင် ပြုလိုက်ကြပါကုန်လော့။**

ကိုယ်သိမှ ကိုယ်အေးကြမှာ, ကိုယ်သိမှ ကိုယ်ချမ်းသာကြမှာ အသိဉာဏ်ကို သူတပါး ငှားလို့ မရဘူး။ ဒါ့ကြောင့်.... ကိုယ့်ကိုယ်ကို ကြည့်နိုင်အောင်, ရှုနိုင်အောင်, ပရမတ်မျက်စိ ဉာဏစက္ခုလို့ဆိုတဲ့ ဉာဏ်မျက်စိ ပွင့်လာအောင်ပြုပါလို့ သတိပေးရတယ်ပေါ့။ ဘုရားသာသနာအခါများမှ ဒီမျက်စိပွင့်တာ၊ သာသနာပမှာ ခန္ဓာကိုယ်ရှိတဲ့ ပရမတ်ကို မြင်နိုင်တဲ့ ဉာဏ်မျက်စိ မပွင့်နိုင်ဘူး။ ဒါ့ကြောင့်....

**ဥတ္တာ ဇာနာထ၊ ကိုယ်စီ့ ကိုယ်ငှ ကိုယ်ကာယဝယ် ဉာဏစက္ခု မျှော်ထောက်ရှုရန်၊ အမြန် ယခု သိမြင်အောင် ပြုလိုက်ကြပါကုန်လော့။**

ရှင်တော်ဘုရားကြီးက ဘာဖြစ်လို့ အမြန်အပြုခိုင်း ပါလိမ့်လို့ တွေးစရာမရှိဘူးလား။

အဲ....ရှိလို့ တွေးလိုက်တော့ ခန္ဓာကိုယ်ကအအိုမျိုး၊အနာမျိုး၊ အသေမျိုးတွေ၊ ဒါ့ကြောင့်မို့ မအိုခင်မှာ မနာခင်၊ မသေခင် မှာ သိအောင်လုပ်ရမဲ့ကိစ္စတွေ ကျင့်ရအုံးမဲ့ကိစ္စတွေ အမျိုးမျိုး ရှိနေကြသေးတော့ အမြန်ဘဲ တိုက်တွန်းကြရတယ်။

**ဉတ္တာ၊ အမြန်ယခု သိမြင်အောင်ပြုပြီးရှ်။**

သိအောင်ပြုလုပ်ပြီးပြန်တော့လဲ သိရုံနှင့်က မ ပြီး ကြ သေး ဘူး။ သိထားတဲ့ တ ရား တွေ-ကို ကျင့် ဘို့ က လို ပြန် တယ်။ ဒါ့ကြောင့်....

**ဉတ္တာ၊ အမြန်ယခု သိမြင်အောင်ပြုပြီးရှ်။ သဒါ၊**
**နေ့ရော ညဥ့်ပါ ခပ်သိမ်းသော အချိန်အခါဌ်။**

ကျင့်ဘို့ ကိစ္စကျတော့ ပေါ့ပေါ့လေးရပါ့မလား။ တနေ့လျှင် တနာရီဆိုတော်ပြီလို့ ဒီလိုကောအချိန်နှင့် ကန့်သတ်လို့ ရပါ့ မလား။

ကိလေသာ တရားကျတော့ တ နေ့ လျှင် တနာရီလောက် ဝင်စေ ရပါမယ်လို့ ကိလေသာကကော အချိန်နှင့် ကန့်သတ် လို့ ဝင်တာဟုတ်ပါ့မလား။

ကိလေသာကျတော့ အချိန်တွေကန့်သတ်နေတာမဟုတ်ဘူး ရုပ်နာမ်ဓမ္မကို အားမထုတ်တဲ့ အချိန်တိုင်းမှာ ကိလေသာရဲ့ အချိန်ချည်းဘဲမဟုတ်လား။ ဒါ့ကြောင့်....သုံးစောင်ဆရာတော် ဘုရားကြီးကျတော့ **နေ့ရော, ညဥ့်ပါ၊ ဘယ်ခါမပြတ် ကြိုးစား အားထုတ်တော်မူကြပါ** ဆိုတာ တ ရား ကွင်း အ ဆုံး တိုင်း မှာ ပါတယ်ရှင့်။

ဒါ့ကြောင့်မို့ အားဘုတ်ဘို့ကျတော့ အချိန်မရွေးပါနဲ့လို့

**သဒါ၊ နေ့ရော့ ညဥ့်ပါ၊ ခပ်သိမ်းသော အချိန်အခါဦ။ အပ္ပမတ္တာ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှုကို ဂရုကတ–ကြိုးလုံ့လဖြင့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။**

**အပ္ပမတ္တာ၊ ခန္ဓာငါးအင် ဝန်ထုပ်သွင် ရချင်ရလိုက်သည်။**

ခန္ဓာတရားဆိုတာ မှန်းထားလို့ရတာမျိုး မဟုတ်ဘူး။ ခုချမ်းသာတဲ့ ဘဝရပေမဲ့ နောက်ဘဝဆင်းရဲချင် ဆင်းရဲမယ်။ ခုလူ့ဘဝရပေမဲ့၊ နောက်ဘဝတိရစ္ဆာန်ဖြစ်နိုင်တယ်။ တိရစ္ဆာန်ဘဝရောက်သွားရလျှင် ဘယ်လောက် ခန္ဓာကြီးဟာ ဝန်လေးမယ် ဆိုတာ စဉ်းစားကြည့်တော့လေ၊ သတ္တဝါတွေ မြင်နေရပါးဘဲ။ ဒါ့ကြောင့် ရှင်တော်ဘုရားကြီးက ခန္ဓာရှိတဲ့သူများဟာ ဝန်ထုပ်ဝန်ပိုကြီးထမ်းနေရဘဲ ကူလီထမ်းယောကျ်ားနှင့် တူတယ်တဲ့။ ခန္ဓာတရားကြီးဟာ ကြီးကျယ်တဲ့ ဝန်ထုပ်ကြီးလို့။

**ဘာရာဟဝေပဉ္စက္ခန္ဓာ တဲ့။**

**" ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ ဟဝေ၊ စင်စစ်။ ဘာရာ၊ လေးလံလှသော ဝန်ထုပ်တို့ ပေတည်း "** လို့ ဆိုတဲ့အတိုင်း စီစဉ်ကြည့်လိုက်နတော့ ခန္ဓာဝန်လေးလို့ အခွင့်

ရတုန်းမှာ အားထုတ်ကြလို့ ဆိုတာပါဘဲ။ နောက်တနည်းက ရှင်တော်ဘုရားကြီးက ခန္ဓာနဲ့ဆက်စပ်ပြီး **နတ္ထိကာယ သမော ဝေရီ**လို့လဲ ဟောကြားတော်မူခဲ့သေးတယ်။

"**ကာယသမော၊ ကိုယ်နှင့်တူသော ဝေရီ၊ ရန်သူ မည်သည်။** နတ္ထိမရှိ" တဲ့ ဒီခန္ဓာကို ရှင်တော်ဘုရားကြီးရဲ့ အလိုတော်ကျအတိုင်း ကြည့်လိုက်တော့ အလွန် ကြောက်စရာ ကောင်းသော ရန်သူကြီးပါဘဲ၊ ရန်သူကို ရန်သူမှန်းမသိတော့ မိတ်ဆွေထင်နေကြဘာ၊ ခုတော့....ရန်သူမှန်းသိကြပြီ မဟုတ် လား။ သိရင် ရန်သူရဲ့လက်တွင်းမှ လွတ်အောင်လုပ်။

အရိယာအပေါင်း သူတော်ကောင်းတွေကျတော့ ရန်သူမှန်း သိပြီး သိသည့်အလျောက် အားထုတ်သွားကြလို့ လွတ်ကင်း သွားကြပြီ။

ရှင်ဘို့ ကျမတို့သဲ လွတ်ကင်းချင်ရင် အရိယာအပေါင်း သူတော်ကောင်းတွေ ကျင့်ကြံသွားသလို၊ အားထုတ်သွားကြ သလိုအတုယူပြီးကျင့်ကြံကြရမှာဘဲ။ ဒီတော့ အရိယာအပေါင်း သူတော်ကောင်းတွေ ဘာတွေပြုလုပ်သွားကြသလဲလို့ ကြည့် လိုက်တော့....

စရဏံ၊ နိဗ္ဗာန်စံဝင် မြတ်အရှင်တို့ ကျင့်စဉ်လက်ရိုး ဒါနသီလ စသော- စရဏမျိုးကိုရင်း။

ဝိဇ္ဇံ၊ သုံးသိ ငါးသိ - ကမ္မာသိနှင့် သတ္တဝါသိ ဖယ်ထား သာသနာသိဆိုတဲ့ ဝိဇ္ဇာဉာဏ် အလင်း တရားကြီးကိုငှင်းလို့ ဧတဒဂ္ဂနာယကဆရာတော်ဘုရားရဲ့

အနက်အဓိပ္ပါယ်တွေကို စဉ်းစားကြည့်မယ် ဆိုရင်လဲ အလွန် ထင်ရှားပါတယ်။

နိဗ္ဗာန်ကို ဝင်စံသွားကြတဲ့ အရိယာအရှင် သူတော်စင်တွေဟာ စရဏတရားတွေ၊ ဝိဇ္ဇာတရားတွေ လက်ကိုင်ထားပြီး ကြွသွားတော်မူကြတယ်။

ဒီတော့.... စရဏတရားဆိုတာဘာလဲဆိုတော့· ကုသိုလ်တရား ဆယ်ပါးပေါ့။ ကုသိုလ်တရားဆယ်ပါးဆိုတာ ဒါန, သီလစတဲ့ ပုညကြိယာဆယ်ပါးကို ဆိုပါတယ်။

လယ်တီဆရာတော်ဘုရားကြီးကတော့ အလွယ်ဆုံးနည်းဖြင့် ကျက်မှတ်၍ လွယ်ကူစေရန် အတိုဆုံး, ဆုံးမတော်မူခဲ့တာကတော့....

**ဒါသီဘာ-ပူ၊ ကြောင့်ကြမူနှင့်၊ အလှူဝေငှ၊ အမျှသာခု၊ သူ့တရားနာ၊ သိရာပြောဆို၊ ကံကိုကိုးရိုး၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခပွားများရန်လို့ ဆုံးမခဲ့**ပါတယ်။

ဒါနဆိုတာ မိမိတို့တတ်နိုင်သမျှ **လာဘ်တရိုး၊ ကွမ်းရိုးတည့်ာလို့** ရှေးလူကြီးများစကားအတိုင်း လောကပြုနေကြတဲ့ အမှုတွေဟာ ဒါန မှုတွေပါဘဲ။

**သီလ** ဆိုတာလဲ ကိုယ်အမူအရာ နှုတ်အမူအရာတို့၌ နူးညံ့သိမ်မွေ့စွာ ကျင့်ကြံသွားကြရင် သီလတရားလဲ ရှိသွားတော့တာဘဲ။

**ဘာဝနာ** ဆိုတာကတော့ **သမထဘာဝနာ၊ ဝိပဿနာဘာဝနာ** ရယ်လို့ ရှိပါတယ်။

**သမထဘာဝနာဆိုတာကသိုဏ်း(၁၀)ပါး၊အသုဘ(၁၀)ပါး အနုဿတိ(၁၀)ပါး၊ အပ္ပမညာ(၄)ပါး၊ အာဟာရေပဋိကူလ သညာ(၁)ပါး၊စတုဓာတုဝ၊ ဝတ္ထာန်(၁)ပါး၊ အာရုပ္ပ(၄)ပါး ပေါင်းလိုက်တော့ သမထဘာဝနာ(၄၀)ရှိပါတယ်။**

အဲဒီလေးဆယ်ထဲက တပါးပါးကို အားထုတ်ရင် ထိုင်နေနေ ထ,နေနေ၊ သွားနေနေ၊ အိပ်နေနေ၊ သမထဘာဝနာပါဘဲ။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင် က ပဓာ မဟုတ်ပါဘူး၊ ကိုယ်ပြုသောအာရုံကသာ အဓိက ပဓာနပါ။ တချို့က ထိုင်ရင် **သမထလို့ ထင်တတ်ကြတယ်၊ အဲဒါလဲ မသိခြင်းကြီး တပါး ပါဘဲ။**

သမထအာရုံနှင့်ဝိပဿနာအာရုံဟာ အလွန်ကွာခြားပါတယ်၊ ပညတ်နှင့် ပရမတ် မဟုတ်လား။ ;အဲဒါလို သမထဘာဝနာကိုလဲ မသိ၊ဝိပဿနာဘာဝနာကိုလဲ သေချာစွာမသိတော့တရားထိုင်ရင် **သမထချည်းဘဲထင်ကြတယ်။**

အဲဒါလို အထင်မမှားရအောင် **သမထ ၄၀ )ရဲ့ အာရုံက** ဘာတွေ၊ **ဝိပဿနာဘာဝနာ(၄၀)ရဲ့ အာရုံက ဘယ်လိုလို့** အရင်းကျကျ လေ့လာထားသင့်ပါတယ်။

ဝဝိပဿနာဘာဝနာ( ၄ )ဆိုတာကတော့ ကြောင်ပန်း မီသာဝကမှန်ရင် အမျိုးသကလေးတွေကစပြီး ရကြပြီးသား ပါ၊ဘိုထူ ယိဗအားဟောနေမလိုတော့ပါဘူး။

**ဘာဝနာ**အရ ဤမျှနှင့်ဘဲ ရှ်ဆိုင်းပါရစေတော့ အရေးကြီးဆုံးကတော့ ဘုရားသာသနာမှာ ဝိပဿနာ ဘာဝနာက ပိုပြီးတော့ အရေးကြီးတာပေါ့။

"နောက်ပြီးတော့ မိဘ, ဘိုးဘွားတို့ ဆရာသမား သက်ကြီးရွယ်ကြီး တို့အပေါ်၌ ရိုရိုသေသေ, လေး လေး စား စား နှင့် ကိုယ်ကို တုပ်ကုညွတ်ကျိုးပြီးအလေးဂရုပြုခြင်းသည် **အပ, စာယန** ပုညကြိယာကုသိုလ် တမျိုးတဲ့။

နောက်ပြီးတော့ သူတပါးကိစ္စကို ကိုယ့်ကိစ္စကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် **ဝေယျာဝစ္စ**ကုသိုလ် တမျိုးတဲ့ရှင့်။

နောက်ပြီးတော့ မိမိပြုသောဒါနကို သူတပါးတို့အား အမျှပေးဝေခြင်းသည် **ပတ္တိဒါန**ကုသိုလ် တမျိုးတဲ့ရှင့်။

နောက်ပြီးတော့ သူတပါးပေးသောအမျှကို သာဓုခေါ်ခြင်းသည် **ပတ္တာနုမောဒန**ကုသိုလ် တမျိုးတဲ့ရှင့်။

နောက်ပြီးတော့ သူတပါးဟောသောတရားကို ရိုသေစွာ နာခံမှုဆိုတဲ့ **ဓမ္မသဝန** ကုသိုလ်တမျိုးတဲ့။

နောက်ပြီးဟော့ မိမိသိသောတရားများကို သူတပါးတို့အား ဟောပြောခြင်း **ဓမ္မဒေသနာ** ကုသိုလ်တမျိုး။

နောက်ပြီးတော့ ထာဝရဘုရားစသော အယူတမျိုး၌ မကိုးရိုးဘဲ ကံကိုသာကိုးရိုးခြင်း **ဒိဋ္ဌိဇုကမ္မ**ဆိုတဲ့ ကုသိုလ်တမျိုး ယခုပြောခဲ့သော ဆယ်ပါးသောကုသိုလ်တရားများဟာ နိဗ္ဗာန်ကို

စံဝင်ကြတဲ့ အရိယာပုဂ္ဂိုလ်တို့ပြုကျင့်သွားကြတဲ့ **စရဏတရား**တွေ မဟုတ်လား။

**ဝိဇ္ဇာဆိုတာကတော့**.... မိမိတို့တသံသရာလုံးက သိလာကြတဲ့ အသိမျိုးမှ လွန်မြောက်ပြီး ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့အပေါ် အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ် တို့ဖြင့် ထိုးထွင်းလင်းခြင်း၍ သိမြင်ခဲ့ရင်ဝိပဿနာဝိဇ္ဇာဖြစ်တော့ တာဘဲ။ ဒါ့ကြောင့် မို့ နိဗ္ဗာန်စံဝင်ကြတဲ့ အရိယာအရှင် တွေလို ကုသိုလ်တရားဆယ်ပါးလက်ကိုင်ထားပြီး ဝိပဿနာဝိဇ္ဇာ ဉာဏ်အ လင်း တ ရား ကြီး ဖြင့် ခန္ဓာကိုယ် အခွင့်သာတုန်းမှာ အားထုတ်ကြပါလို့ သတိပေးရဒါပေါ့လေ။ ခန္ဓာကြီးကလဲ ဝန်ထုပ်ဝန်ပိုးကြီးနဲ့တူတယ်တဲ့။ ဒါကြောင့်....

> **အပ္ပမတ္တာ၊ ခန္ဓာငါးအင် ဝန်ထုပ်သွင် ရှုခြင်းရလိုက် သည် အဲဒီသို.... ကိုယ့်ကိုယ်ကို သတိမလိုရအောင် မမေ့ လိုက်ကြကုန်သည်၊ ဟောသ၊ နဖူးပေါ်လက်တင် ဉာဏ် ကုန်နှင်၍ ဆင်ခြင်စဉ်းစား သတိတရားကို ဖြစ်ပွား လိုက်ကြပါကုန်လော။**

ခန္ဓာကိုယ်နှင့် ဆက်စပ်ပြီးကြည့်လိုက်တော့ **အော်**.... ခန္ဓာ ကြီးဟာ **ဒီသဘောရှိပါလား။ ဝန်ထုပ် ဝန်ပိုးကြီးနှင့်တူတဲ့ ခန္ဓာကြီး၊** ရန်သူနှင့်တူတဲ့ခန္ဓာကြီး၊ **လူသတ်သမားကြီးနှင့်တူတဲ့ ခန္ဓာကြီး**လို့ **ခန္ဓာ**ရဲ့အပြစ်တွေမြင်အောင် ကြည့်လိုက်တော့.... ဒီခန္ဓာကြီးနှင့် ဒီသံသရာကြီးထဲမှာဖြင့် နေချင်စရာ မရှိတော့ပါ ဘူး။ စဉ်းစားမကြည့်မိတော့လဲ ပျော်ရတော့မလိုလို ထင်နေ ကြရတာ။ ယခုနှစ်မပျော်ရပေမဲ့ နောက်နှစ်ကျရင် ကောင်းမလဲ

ပျော်ရတော့မှာဘဲလို့ စိတ်ထဲကမျှော်မှန်းရက်ဘဲ မဟုတ်လား။ တနှစ်လာပြန် ကိုယ်ထင်သလိုမဟုတ်ပြန်၊ နောက်တနှစ်လာပြန် ကိုယ်ဖြစ်ချင်သလိုမဖြစ်ပြန် ဒီလိုနှင့်သာ ဘဝတွေဆုံးခဲ့ရ၊ ဘယ်ဘဝမှ အလိုမကျခဲ့ရဘူး။

အလိုမကျရတဲ့ ခန္ဓာကြီးနှင့်ဖြင့်သံသရာကြီးထဲ မနေကြစို့နှင့် လွတ်မြောက်ရာ, လွတ်မြောက်ကြောင်း ရှာကြစို့ရဲ့လို့ ခုလဲ ရှာနေကြတာမဟုတ်လား။ ဒါကြောင့်....

**နော၊ သံသရာကရွတ် ခန္ဓာဝဋ်မှ ကျွတ်လွတ်လိုပေ ဒို့တတွေအား။**

သံသရာမှကျွတ်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ လွတ်ချင်ကြတဲ့ပုဂ္ဂိုလ်တွေ ဘာ အရေးကြီးကြသလဲ။ မျက်စိလင်းလင်း နားဝင်းဝင်း ရှိတုန်းမှာ ကြိုးကြိုးစားစားနှင့် အား ထုတ် ကြ ရ လိမ့် မယ်။ ဘာ့ကြောင့်လဲဆိုတော့ မိမိတို့ရဲ့ခန္ဓာကိုယ်ကြီးက လောကဓံ ရှစ်ပါးနှင့် အမြဲယှဉ်တွဲနေတဲ့ ခန္ဓာကိုယ်ကြီးဘဲ။ ခု မျက်စိလင်း နေပေမဲ့ တော်တော်နေ လင်းချင်မှ လင်းမှာ၊ ခု ကြားနေပေမဲ့ တော်တော်နေ ကြားချင်မှကြားမှာ၊ ဘာ ကြောင့် လဲ ဆို တော့ မိမိခန္ဓာကြီးဟာ ကောင်းသောလောကဓံတွေနှင့်သာ ဆက်ဆံ တယ်။ မ ကောင်း တဲ့ လော က ဓံ နှင့် တော့ ငါ့ခန္ဓာ ကြီးဟာ မဆက်ဆံဘူးလို့ ဒီလိုများပြောနိုင်ကြရဲ့လား။ မကောင်းတဲ့ လောကဓံတွေနှင့် မတွေ့ရအောင် ဘယ် တုန်း က တံ စိုး လက် ဆောင်တွေပေးပြီး စကားချိန်းချက် ထားတယ်လို့မှ မရှိဘဲ။ တွေ့ချင်တဲ့လောကဓံနှင့် တွေ့မှာဘဲ။ ဒါ့ကြောင့်.... မျက်စိဝင်း ဝင်း နားလင်းလင်းရှိတုန်းမှာ အားထုတ်ပါလို့။

> နော၊ သံသနာကရှတ် ခန္ဓာဝဋ် ကျွတ်လွတ်လိုပေ ဒို့တတွေအား။ လောကသင်္ခါရ၊ လောကဓံရှစ်ဦး လေးမွှာပူးနှင့် နှစ်ဦး, နှစ်ဖက် ချိတ်အဆက်ဖြင့် ညှိနှစ်ညှိလ, ညှိနေ့ကြမှု သဘောတူ ချိန်းချက် စာချုပ် ပြုလုပ်ပြောင်ပြောင် လက်ဆောင်တံစိုး များများထိုး၍ ထားခြင်းသည်။ နတ္ထိ၊ အတိအကျ သက်သေနှင့် အမိကအချက်တွေ ရှိလဲ မရှိကြပါပေ။

ဒီခန္ဓာကိုယ်ကြီးဟာ တသက်လုံး ချမ်းသာနေမှာ ဆင်းဆင်းရဲရဲတော့.... ဒီဘာမှမဖြစ်တော့ဘူးလို့ ဒီလိုများ ပြောနိုင်ပါ့မလား။

မကောင်းတဲ့ လောကဓံကြီးရေ၊ ကျုပ်ခန္ဓာကိုယ်တော့ မတွေ့ပါနှင့် လွတ်အောင် ရှောင်လိုက်ပါလို့ သူ့ကိုမှ ကိုယ်က လက်ဆောင်တွေပေးပြီး သက်သေတွေနှင့် လုပ်ထားတာမှမရှိဘဲ သူဖြစ်ချင်သလို ဖြစ်မှာပေါ့။ ဒါ့ကြောင့်... ဒီအကြောင်းတွေ ထောက်လိုက်တော့ ပစ္စုပ္ပန်တခုလုံး အကျိုးစီးပွား အတွက်ပြုလုပ်ဘို့ ကိစ္စကြီးဟာ ခုဘဲမဟုတ်လား။ ဒါကြောင့်....

တသွာ ထိုသို့ဆိုပြီး ကာမီ ဆီးသော အကြောင်းကြောင့်။ သ့ကိစ္စ၊ အခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တဖန်နောက်နှောင်း တောက်လျှောက်ကောင်းအောင် ရှယ်ကြောင်းဆုပန် ရည်စိတ်သန်သည့် နှစ်တန်သော လောကဓံစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဥ္ဇဝေ့ါ၊ လုံ့လကြိုးစား လွန်တိုးပွားအောင်များများကြီး အားထုတ်လိုက်ကြပါကုန်လော။

**အနုယဥ္ဇဝေ့ါ၊ မမျှော်လင့်ဘဲ ဖြန်းခနဲ ရလဲ ရတတ်သည်။ မမျှော်လင့်ဘဲ ဖြန်းကနဲ မရလဲဘဲဖြစ်တတ်သည်။**

အခုနက ပြောခဲ့တဲ့ လောကဓံများနှင့်အမြဲတမ်း ကြုံနေရသည့်အတွက် ကိုယ့်အကျိုးစီးပွားများကို မြန်မြန်ကြီး ရှာမိုးကြရတာ။ကောင်းတဲ့လောကဓံနှင့်တွေ့ရင် တော်ပါရဲ့၊မကောင်းတဲ့ လောကဓံ များ နှင့် တွေ့ ပြီ လား ဆို မှ ဖြင့် ဘယ်နည်းနှင့်မှ အားထုတ်ဖို့ အခရေးမရှိတော့ဘူး။

ကဲ.... အခွင့်ရတုန်း အားထုတ်ကြရအောင်၊ မြတ်စွာဘုရားက ခန္ဓာနည်းနှင့်ကြည့်ရင် ဤခန္ဓာကိုယ်ကြီးသည် ဘယ်နှစ်ပုံရှိသတဲ့သဲ။ (၅)ပုံ၊ ပုံ၍ ဟောကြားတော်မူခဲ့ပါတယ်။ ဒီ (၅) ပုံ ကို တော့.... ခန္ဓာ(၅)ပါးတရားကို ပြောတာလို့ဆိုတာ လူတိုင်းသိကြပြီးသားတွေပါ၊ သဘောသဘာဝဆိုလဲ **ဖေါက်ပြန်တတ်တဲ့ ရုပ်၊ ခံစားတတ်တဲ့ ဝေဒနာ၊ မှတ်သားတတ်တဲ့သညာ၊ စေ့ဆော်တတ်တဲ့ စေတနာ** သင်္ခါရ၊ ကြံသိတတ်တဲ့ဝိညာဏ်လို့ ဆိုတာ သဘာဝတရားလဲ နားလည်ကြပြီးသား၊ ဒီတော့.... ဒီကနေ့ည နောက်ကစကားတွေလဲ ပြေလည်သွားအောင် ခန္ဓာ ငါးပါးကို အနတ္တလက္ခဏာ ငါးပါးထဲက **ပရေ**ဆိုတဲ့ တရားသဘောနှင့် ခန္ဓာကပ်ကြည့်ရအောင်။

**ဣမေပဥ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ ပရေ၊ အကျွမ်းဝင်ခြင်း အမြဲကင်းသော ရန်သူ သူစိမ်းပြင်ပမျိုးတို့သာလျှင်တည်း။**

ငါငါလို့စွဲနေကြတဲ့ ခန္ဓာငါးပါးကြီးဟာ ရန်သူကြီးလိုဘဲ။ သူစိမ်းပြင်ပမျိုးကြီးဘဲ။ အဲဒီရန်သူကြီးဟာ မိမိကိုများချမ်းသာအောင် ကိုယ်၏စောင့်ရှောက်ခြင်း, နှုတ်၏စောင့်ရှောက်ခြင်းများ ရှိရဲ့လား။ ဘယ်တော့မှ အရောတဝင်မနေဘူး။ အရွဲ့တစောင်း အမြဲပြုနေတာဘဲ။ ခန္ဓာငါးပါး တရားကြီးကဖြင့် သူပြုသလိုခံနေရတာဘဲ။

မကောင်းစကားတွေ၊ ကဲ့ရဲ့စကားတွေ ပြောတာ သူဘဲမဟုတ်လား။ မကောင်းပြောတာ ကဲ့ရဲ့တာဟာ မိမိရဲ့မိတ်ဆွေက ပြောပါ့မလား။ ရန်သူကသာလျှင် ပြောတယ် မဟုတ်လား။ ဒါကြောင့်....

**ခန္ဓာငါးအင် သူစိမ်းသွင် ကဲ့ရဲ့ချင်လဲ ကဲ့ရဲ့သည်။**

ဟောဒါလို အနတ္တလက္ခဏာငါးပါးထဲက **ပရေ** ဆိုတဲ့တရားကြီး တခုနှင့် ကြည့်လိုက်တော့ ကဲ့ရဲ့ခံရတာလဲ ပုဂ္ဂိုလ်သတ္တဝါမပါတော့ဘူး။ ခန္ဓာငါးပါးရဲ့ သဘောတရားကိုက **ပရ**တရားကြီးနှင့်ဆက်ဆံနေတယ်လို့ သိလိုက်တော့ **ကျေနပ်**စရာတွေပါဘဲ။ အဲဒါလို ခန္ဓာကိုယ်ကပ်ပြီး ကျေနပ်အောင်ကြည့်ကြရင်ဖြင့် ဘုရားသာသနာမှာထောက်ရာ, တည်ရာရကြပါပြီလို့၊ဒါ့ကြောင့် ထောက်ရာ, တည်ရာရကြရအောင် နောက်နောက်က ခန္ဓာကို အကောင်းထင်သမျှတွေလဲ ပျောက်ကြရအောင် ရှုကြ, ဆင်ခြင်ကြ, ပွားများကြပေတော့လို့။ ဒါကြောင့်....

အနုယဉ္စဝေါ၊ လုံ့လကြိုးစား လွန်တိုးပွားအောင် မျှားမျှားကြီး အားထုတ်လိုက်ကြပါကုန်လော့။

အနုယဉ္စဝေါ၊ မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ ကဲ့ရဲ့ခြင်းလဲ့ ကြုံတတ်သည်။ မမျှော်လင့်ဘဲ ဖြုန်းကနဲ ချီးမွမ်းသံလဲ့ကြားရသည်၊ သူ့သဘာဝ သူ့ဥာဉ်ကို ရှုသမ္ဘဇဉ်နိုင်းညှိ ယခုပင် အမှန်အတိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မ စီးပွားကိုယ့် ကိစ္စ များ ကို ရှည်လျှားကာလ အချိန်တွေမဆွဲကြတော့ဘဲ ယခုပင် လျှင် အရေးတွင်အောင်ကြိုတင်ကာကြိုးကုတ် အားထုတ်လိုက်ကြပါကုန်လော့။ ။

သာဓု သာဓု သာဓု။

◂|▸⁂◂|▸ ◂|▸⁂◂|▸

# တရုပ်တနာမ် ဖြစ်နေဟန် ကျန်ပွားရှုပါ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ဒီကနေ့ညတော့....ဆရာတော်ဘုရားကြီးရဲ့ အကြိမ်-၄၃-ကြိမ်မြောက် နှစ်ပတ်လည် တရားပွဲကြီးကျလာပြန်ပြီ။ အနှစ်-၄၃-နှစ်တိုင်တိုင် မပျက်မကွက် ဆက်ဆက်ကြီး ပြုလုပ်လာခဲ့ကြတာ ဘယ်လောက်အံ့သြဘွယ်ရာ ကောင်းသလဲ။ ဒီတော့....ဆရာတော်ဘုရား သင်တန်းမှာ အမိန့်ရှိသလိုပေါ့လေ။

ဆရာတော်ဘုရားက ဘယ်လိုအမိန့်ရှိသလဲဆိုတော့... **ပထမဆရာတော်ဘုရားကြီး၊ ဒုတိယဆရာတော်ဘုရားကြီး၊ တတိယဆရာတော်ဘုရားကြီး၊ စတုတ္ထဆရာတော်ဘုရားကြီးတို့ကို အဓိမေတ္တာ သမ္ပန္နော အာစရိယဂုဏော အနန္တော၊ အဓိကရုဏာ အဓိမုဒိတာ - အဂ္ဂိဥပေက္ခာ—အဓိသဒ္ဓါ—အဓိသီလသိက္ခာ - အဓိသမာဓိသိက္ခာ-အဓိပညာသိက္ခာ သမ္ပန္နော- အာစရိယဂုဏော အနန္တော-မာတာပိတုသဒိသော အာစရိယဂုဏောအနန္တောလို့ အဆုံးမရှိတဲ့ ဆရာ့ဂုဏ်(၉ ပါးကိုကြည့်၍ နေ့စဉ်ကန်တော့နေပါလျက် အဘယ့်ကြောင့် ခုလိုပွဲတော်ကြီးတွေ လုပ်ပြီးတော့ကန်တော့ရပြန်သလဲဆိုတော့.... ကျေးဇူးဂုဏ်ကြီးတွေက အလွန်ကြီးမားသောကြောင့် ဂုဏ်ကျေးဇူးတွေ ထင်ရှားသည်ထက်ထင်ရှားအောင်ဆိုပြီး ပြုလုပ်နေရတယ် ဆိုတာဆရာတော်ဘုရား အမိန့်ရှိသွားပြီမဟုတ်လား။ ဒါ့ကြောင့်မို့ ကျေးဇူးဂုဏ်တွေ**

ကြည့်ပြီးတော့ ဖြူလုပ်လာခဲ့ကြတဲ့ ပွဲတော်ကြီးတွေဟာ ယခုပွဲ ဆိုရင် အကြိမ် (၄၃)ကြိမ်ရှိသွားကြပြီ၊ ကျေးဇူးတရားဆိုတာ လူတိုင်းမဆပ်နိုင်ဘူး။ လူတိုင်းလဲမပြုနိုင်ကြဘူး။

ဆရာတော်ဘုရားကြီးလို ဘဝသံသရာငြိမ်းချမ်းရေးအတွက် မပြောနှင့် ခုဘဝတနပ်စာအတွက် လူ့တသက်တာ ချမ်းသာ သွားလောက်အောင် ဘယ်သူများကျေးဇူးပြု ပေးနိုင်ကြသလဲ။

ယခု လောကမှာ လူတဦးတယောက် စားဝတ်, နေရေး အတွက် အလှူအကြပ်အတည်းတွေနေတဲ့အခါ ငွေအနည်းဆုံး တသောင်းလောက်ရှိမှ ဒီအမှုဟာပြေလည်မယ်ဆိုရင် ဘယ်သူ ဝင်ပြီး ကျေးဇူးပြုပေးနိုင်မလဲ။

မလွယ်ဘူးမဟုတ်လား၊ ဝတ္ထုကလဲရှိအုံးမှ နောက်သူ့ကို ချမ်းသာပါစေဟူသော စေတနာကလဲရှိအုံးမှ လူတဦးချမ်းသာ သွားအောင် ကျေးဇူးပြုနိုင်ဘို့, စောင့်ရှောက်နိုင်ဘို့ လောက အနေနှင့်တောင် အင်မတန်ခဲယဉ်းကြပါတယ်။

ခု ဆရာတော်ဘုရားကြီးကျတော့ နောင်တမလွန်ဘဝ, တသံ သရာလုံးအတွက် ငရဲဘေးကြီးမှ လွန်မြောက်အောင် တိရစ္ဆာန် ဘေးကြီးမှ လွန်မြောက်အောင်, ပြိတ္တာဘေးကြီးမှ လွန်မြောက် အောင်, အသူရကာယ်ဘေးကြီးမှ လွန်မြောက်အောင်ဆိုပြီး **စက္ခုဒွါရနေရောင် - နာမ်ရုပ်၊ စက္ခုဒွါရနေရောင် - စိတ်စေတ သိက်ရုပ်၊ စက္ခုဒွါရနေရောင် - ခန္ဓာငါးပါး သစ္စာလေးပါးလို့** အဆန်းတကြယ် ဟောကြားတော်မူခဲ့ပါတယ်။ သာဝကတို့ရဲ့

သန္တာန်မှာ ရှေးဦးစွာ ဒိအသိဉာဏ်တွေရအောင် ပေးနိုင်သော ကြောင့်— ဆရာတော်ဘုရားကြီးကို **ပုဗ္ဗကာရီပုဂ္ဂိုလ်**လို့ မှတ်ရမည်။

ယခု ကျေးဇူးဆပ်ပွဲမှာ လာ၍ တက်ညီ, လက်ညီပေါ့လေ။ စိတ်ဓာတ်ချင်းတူစွာ တိုင်ကိုင်ပင်ပင်, ညီညီ **ညွတ်**ညွတ် ဖြင့် **သမစိတ္တ**ဆိုတဲ့ တရားကြီးဖြင့်လဲပြုလုပ်ကြသလို၊ နောက်ပြီးတော့ **သမပညာ**တဲ့ စက္ခုဒွါရနာမ်ရုပ်ဆိုတာတွေ, စက္ခုဒွါရ စိတ်စေ တသိက်ရုပ်ဆိုတာတွေ, စက္ခုဒွါရ **ခန္ဓာ**ငါးပါး သစ္စာလေးပါး ဆိုတာတွေ အထူးမြင်ကြလို့။

နောက်ပြီးတော့— **သမသီလ**တဲ့ ကိုယ်အမူအရာ, နှုတ်**အမူ** အရာတို့မှာ နှုးညံ့သိမ်မွေ့ပြီး တညီတညာထဲ သီလရှိကြလို့၊ နောက်ပြီးတော့.... **သမသဒ္ဓါ**တဲ့ တဦးနှင့်တဦး မတွက်မချက်, မတွန့်မတိုဘဲ ပြုလုပ်ကြလို့ အဲဒါလို **သမဖေးချက်ဦးထိပ်ရွက်** ပြီး ပြုလုပ်နေကြတဲ့ သာဝကတွေဘက်က ကြည့်လိုက်ပြန်တော့လဲ ကျေးဇူးတရားကို သိတတ်ကြသောကြောင့်, ဆပ်နိုင်ကြသော ကြောင့်— **ကတဝေဒီပုဂ္ဂိုလ်**လို့ မှတ်ရမယ်။

ခုလို - တဦး နှင့် တဦး ကျေးဇူးပြုနိုင်တဲ့ပုဂ္ဂိုလ်၊ ကျေးဇူး ဆပ်နိုင်သောပုဂ္ဂိုလ်ဟာ လောကကြီးထဲမှာ ကြည့်လိုက်မယ်ဆို ရင် အလွန်ရှားပါတယ်။ ဘာကြောင့်လဲဆိုတော့.... မိမိတို့ရဲ့ သန္တာန်မှာ ကျေးဇူးတရားကို မသိအောင်, မမြင်အောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာတရားက အလွန်ထူပြောပါတယ်။ ဒါ့ကြောင့်.... မိမိတို့ဆရာကောင်း, သမားကောင်းနှင့် တွေ့ခိုက်

သိတတ်တဲ့ဘဝလေး ကြိုးကြိုးစားစား ပြုကြရမယ်မဟုတ်လား။ အလှန်ပြုနိုင်ခဲ့သော အမှုကြီး၊ ဒီလိုအမှုမျိုးကို ပြုနိုင်ခဲ့တဲ့ ဒုလ္လဘ တရားကြီးလို့....

**ကတညုတ ကတဝေဒီ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ လောကသ္မိံ လောကကြီးထဲ၌။ ကတညုတ ကတဝေဒီ ပုဂ္ဂလော၊ ကျေးဇူးပြုသောပုဂ္ဂိုလ်, ကျေးဇူးဆပ်သော ပုဂ္ဂိုလ်သည် ဒုလ္လဘော၊ တွေ့ခဲ, ကြုံခဲ, ရခဲလှ၏-လို့** ဆိုတဲ့အတိုင်း သာဝက တွေကို အသိဉာဏ်တွေ့ ကိုယ်စီ,ကိုယ်ငှ ရကြပါစေလို့ ကျေးဇူး ပြုထားသော ဆရာသမားတွေနှင့် ကျေးဇူးဆပ်သော တပည့် သာဝကအားလုံးဟာ ဒုလ္လဘပုဂ္ဂိုလ်တွေလို့ မှတ်ရမယ်။

ဒါ့ကြောင့်.... ရခဲစွာသော ဒုလ္လဘ, ဘဝကြီးမို့ ကြိုးကြိုး စားစား ဆပ်ကြရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ခန္ဓာကို ပြန်ကြည့်ပြန်တော့လဲ အသေတရားကြီးက ရှိကြသေး၊ အသေ တရားကြီးဆိုက်ကပ်လာရင် ကျေးဇူးရှင်တွေကို ကြေအောင် ဆပ်ပါရစေအုံးလို့ တောင်းပန်လို့ရမှာမဟုတ်ဘူး။ ဘယ်ကိစ္စ မျိုးမဆို မပြုမလုပ်ရသေးပါဘူးလို့ အယူခံလို့ရမှာ မဟုတ်ဘူး။ ဒါ့ကြောင့်— အသေကမဦးခင် ပြုလုပ်ကြရတာ၊ ကိစ္စအမျိုးမျိုး တွေပြီးမှ သေပါမယ်လို့ အသေတရားကြီးက ဆိုင်းငံ့ခြင်းမရှိ ဘူး။ ကိစ္စမပြီးပြီး သေရတာဘဲ။ ဒါ့ကြောင့်....

**အနိဋ္ဌိတာဝ ဇဟန္တိ၊ သာယံလောကဿဓမ္မတာ။ သတ္တာ၊ သတ္တဝါတို့သည်၊ အနိဋ္ဌိတာဝ၊ မိမိတို့ ကိစ္စ မ ပြီး မ ဆုံး ကြ ဘဲ သာလျှင်။ ဇဟန္တိ၊ လက်ရှိဘဝ စွန့်ပြစ်ကြကုန်၏။ သာယံ သော-အယံ၊ ထိုသို့စွန့်ပြစ်ရခြင်းသည် လောကဿ၊ သတ္တဝါ အပေါင်း၏၊ ဓမ္မတာထုံးတမ်းစဉ်လာ ဓမ္မတာပင်တည်းလို့** ဆိုတဲ့ အတိုင်း။

ခု- ဆရာတော်ဘုရားကြီး ကြည့်လေ၊ ဝါတွင်းမှာ ပြန်လွန်တော်မူရရှာတယ်။ ဝါတွင်းဆိုတာ အလွန်ကိစ္စများမယ်မဟုတ်လား။ ရက်ရှည် ဥပုသ်သည်တွေနှင့် တရား အား ထုတ် ကြ တဲ့ ပုဂ္ဂိုလ်တွေနှင့် တရား ဟော မှု တဘက်၊ ဆွေးနွေးမှုတဘက်၊ သင်ကြားရမှုတဘက် အမျိုးမျိုးကိစ္စတွေနှင့် ဒီကိစ္စတွေမပြီးသေးဘဲနှင့် လက်ရှိခန္ဓာကိုစွန့်ရှာရတယ်။ ဒါက လောကဓမ္မတာတရားတွေဘဲမဟုတ်လား။ ဒီဓမ္မတာတရားကြီးကို လွန်ဆန်နိုင်မယ်ဆိုရင် ဝါကျွတ်အောင် ဆိုင်းငံ့နေမှာပေါ့။

ခုတော့.... ကျောင်းတိုက်အတွင်းမှာ တကာ, တကာမတွေနှင့် အင်မတန် သာယာတဲ့အချိန် ဝါတွင်းကြီးမှာ အလွန် စည်ကား သိုက်မြိုက်တဲ့အချိန်မှ စွန့်လွှတ်တော်မူရရှာတယ်။ ရာသီပန်းတွေ ကြည့်ပြန်တော့လဲ အဆင်းအနံ့နှင့် အလွန်ပြည့်စုံတဲ့ ရင်းမာပန်းတွေ ပွင့်တုန်းမှ လိုက်သွား ရရှာတယ်။ ဒါ့ကြောင့်မို့ ယခု တော်သလင်းပွဲတော်ကြီးရယ်လို့ ဖြစ်ပေါ်လာရပါတယ်လို့ အကြိမ်(၄၃)ကြိမ်ရှိခဲ့ပြီပေါ့။ ဒါကြောင့်....

ရင်းမာတွေ ကြိုင် လှိုင် သင်း တဲ့၊ တော်သလင်းလ, မြတ်ပွဲတော်၊ တနှစ်တခါ, သဒ္ဒါပွားလို့၊ ဆရာဘုရားကို ကျေးဇူးဆပ်ကြနော်၊ မြင် ရာ မှာ ရုပ် နာမ် တ ရား လို့၊ ထုတ်ပြန်ကြား ဒို့ဘုန်းမော်၊ ဂုဏ်မျှော်ကာ ပုံတော်မှန်းလို့၊ ကန်တော့ပန်းထွေဆက်စို့ တူပျော်ပျော်လို့။

အစကပြောခဲ့တဲ့ သမစိတ္တ, သမပညာ, သမသီလ, သမသဒ္ဓါလို့ ဆိုတဲ့ လေးချက်သော ( သမ ) တို့ဖြင့် တက် တက်, ကြွ ကြွ ကျေးဇူးဆပ်လိုက်ကြတာ ယခုနှစ်ပါဆို အကြိမ်(၄၃)ကြိမ်ရှိသွားကြပြီ။

နတ်အပေါင်းတွေက ဆရာတော်ဘုရားကြီးကို လူ့ပြည်ကြီး ဒုါလောက် သာသနာပြုရရင် တော်လောက်ပါပြီ တပည့်တော်တို့ နတ်ပြည်မှာလာ၍ ကြွရောက်ပြီး နတ်အများအား သနားသော ကရုဏာတရားရှေးသွား၍ ဟောကြားတော် မူပါအုံး ဘုရားလို့.... တောင်ပန်သည့်အတွက် ဆရာတော်ဘုရားကြီးက နတ် အ ပေါင်း ကို ငဲ့ ၍ ကြွ သွား တယ် မ ဟုတ် လား။ ဒါ့ကြောင့်....

**နတ်အပေါင်း.... ဆောင်ထမ်းယူသည်၊ ကြောင်ပန်းတဆူ လက်ရှိး၊ တောင်ကျွန်းဇမ္ဗူ မျက်နှာဖုံးကိုဖြင့် တသက်လုံး မျှော်ပေလို့.... ရေးကြတာပေါ့။**

နတ်အပေါင်းတွေ ဆောင်ယူသွားတာ အနှစ်(၄၃)နှစ်ရှိသွားပြီ။ အနှစ်(၄၃)နှစ်ရှိသော်လဲ တကာ, တကာမတွေက မေ့ကြရဲ့လား။ ဘာဖြစ်လို့-မမေ့ကြသလဲဆိုတော့- ဆရာတော်ဘုရားကြီးသည် ငါမရှိသော်လဲ, ရှိနေသည့်ပမာ ငါရဲ့ကိုယ်စားသုံးစောင်ကျမ်းကြီးထားခဲ့မယ်လို့- မပြောသော်လဲ ပြောသကဲ့သို့ ထားတော်မူခဲ့တယ်။ ဒါ့ကြောင့်.... ဒီအဆုံးအမတွေကြည့်ကြည့်ပြီးတော့- ဟောဒီ တော်သလင်းလပွဲကြီးမှာ တနှစ်မပျက် ဆက်ဆက်ပူဇော်ကြရတယ် မဟုတ်လား။ ဒါ့ကြောင့်....

**ရင်းမြာတွေ ကြိုင်လှိုင်သင်းတဲ့၊ တော်သလင်းလ မြတ်ပွဲတော်၊ တနှစ်တခါ သဒ္ဒါပွားလို့၊ ဆရာဘုရားကို ကျေးဇူးဆပ်ကြနော်၊ မြင်ရာမှာ ရုပ်နာမ်တရားလို့၊**

**ထုတ်ပြန်ကြား ဒို့ဘုန်းမော်၊ ဂုဏ်မျှော်ကာ ပုံတော်မှန်းလို့၊ ကန်တော့ပန်းတွေ ဆက်စို့တူပျော်ပျော်လို့။**

ဆရာတော်ဘုရားကြီး ရည်မှန်း၍ ကိုယ့်အား အစွမ်းရှိသခဲလောက် တတ်နိုင်ရာကခနပြီး ပူဇော်ကန်တော့ကြရတယ်။ တချို့မှာ-ဒါနဖြင့် ငွေရေး၊ ကြေးရေးအကုန်ခံလို့၊ တချို့မှာ ဝေယျာဝစ္စဘက်က ခန္ဓာကိုယ်အ ပင်ပန်း ခံလို့၊ တချို့မှာ ဟောကြ၊ ပြောကြလို့၊ တချို့မှာ နာကြားလို့ အဆုံးစကားကြောင်ပန်းတိုက်မှာ ကျေးဇူး ဆပ်လာ ကြ တဲ့ ပုဂ္ဂိုလ်တွေမှာ သာဓုခေါ်ပြီးတော့ ကျေးဇူးဆပ်ကြတယ် မဟုတ်လား။

ကဲ ရှေ့ကလဲ တရားဟောပြီးကျေးဇူးဆပ်သွားကြပါပြီ၊ယခုပွဲတော်ကြီးမှာ ကျမကတော့.... တရုပ်၊ တနာမ်တရားတော်ကြီးနှင့် ကျေးဇူးဆပ်ပါမယ်။ အာရုံပြု ဂရုစိုက်ပြီးတော့သာ နာကြပေတော့။ ဒါကြောင့်....

**ကောတိံ သေသု ဘာဝေသု၊ ကော်သူရိယ စန္ဒိမံ။**
**ယထာ ဟောတိ နာမရူပံ၊ ပဿေယျ ဉာဏဒဿိနာ။ ။**
**ဘောဂန္တော၊ ဒိဋ္ဌိသက္ကာ ကင်းစွန့်ကွာဘို့၊ ဘာဝနာ တရား မပြတ်ပွားသည့် တချားနာပရိသတ်အဓပေါင်း အို-သူတော်ကောင်းတို့။**

ရှင်တို့၊ ကျမတို့ ခု ကျေးဇူးဆပ် ပွဲတော်ကြီး·မှာ ကြိုးကြိုးစားစားနှင့် လာရောက်ကြတာ အဓိက၊ ကတော့— ကိုယ့်သန္တာန်ရှိနေတဲ့ ဒိဋ္ဌိတရားကြီးကင်းနိုင်ဘို့၊ ကွာနိုင်ဘို့၊ စွန့်နိုင်ဘို့ လာကြတဲ့ တရားနာပရိသတ်အပေါင်းတွေလို့ မှတ်ရမယ်ရှင့်။

ဘာဖြစ်လို့လဲဆိုတော့.... ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမ တွေနှင့်ကြည့်လိုက်တော့... ခြောက်ဒွါရ ခြောက်ဌာနမှာ နာမ် ရုပ်နှင့်ကြည့်ကြည့်၊ စိတ်စေတသိက်ရုပ်နှင့် ကြည့်ကြည့်၊ ခန္ဓာ ငါးပါးနှင့် ကြည့်ကြည့် ငါမြင်, ငါကြား, ငါနံ, ငါစား, ငါ တွေ ငါကြံဆိုတာတွေဟာ သက်သက် သင်္ခါရဓမ္မတို့ အပေါ်၌ အပိုစွဲတွေဘဲ ဒီ အ ပိုစွဲ တွေ နှင့် နေ လို့ က တော့ အကျိုးမရှိ တော့ဘူး။

သံသရာမှာ.... အိုရ, နာရ, သေရရုံဘဲ ရှိမယ်။ ဒိဋ္ဌိတော့ ခွါ မှာဘဲလို့.... အားအန်ခဲပြီး ဘာဝနာတရားတွေကို မပြတ်ပွားနေ ကြတဲ့ တရားနာပရိသတ်တွေလို့ ဆိုလိုပါတယ်။ ဒါကြောင့်....

ဘောဇ္ဈော၊ ဒိဋ္ဌိသက္ကာ ကင်းစွန့်ကွာဘို့ ဘာဝနာ တရား မပြတ်ပွားသည်၊တရားနာ ပရိသတ်အပေါင်း အို- သူတော်ကောင်းတို့။

ကေတိ ံ သေသု ဘဝေသု၊ သုံးဆဲ့တဝ, ဘုံဌာနတို့၌။ ကော်၊ တစင်းတည်းသော။ သူရိယစန္ဒိမံ၊ လေးကျွန်းလုံး သာ လှည့်ပတ်ကာဖြင့် သွားလာနေ့ပြေး (နေ)ရထား (လ)ရထားသည်။ ဝါ၊ရောင်ခြည်တထောင်ထွန်းပြောင်း ထိန်လင်း နေ့မင်း လမင်းကြီးသည်။ ဟောတိယထာ၊ ထင်ရှားမသွေ ရှိနေသကဲ့သို့။ တထာ၊ သုံးဆဲ့တဘုံ အတွင်းမှာ နေတစင်း လတစင်းသာ ထင်ရှားမသွေ ရှိနေသည့်ပမာ, ထို့အတူသာလျှင်။

ဒီစကားရပ်ကတော့.... ဥပမာစကားပါဘဲ။ ဒီ ဥ ပ မာ ကို ထင်ရှားအောင် ပြောရမယ်ဆိုရင် (၃၁)ဘုံကြီး ဘယ်လောက် ကျယ်ဝန်းလို့နေနေ နေနှင့် လ ကျတော့ တ စင်း စီ သာ ရှိ ပါ တယ်တဲ့။ ဒီဘော့....(၃၁)ဘုံကြီး ဘယ် လောက် ကျယ် ဝန်း သလဲဆိုတော့ ...

အောက်မှ အဆုံးမရှိသော အောက်ကောင်းကင်ကြီးမှ စ၍ ကြည့်လိုက်တော့.... ကိုးသိန်း, ခြောက်သောင်း အထုရှိတဲ့ လေထု ကြီး၊ အဲဒီလေထုကြီးအပေါ်မှ လေးသိန်း, ရှစ်သောင်းအထုရှိတဲ့ ရေထုကြီး၊ အဲဒီရေထုကြီးအပေါ်မှ နှစ်သိန်း, လေး သောင်း အထုရှိတဲ့ မြေထုကြီး၊ အဲဒီ နှစ်သိန်း လေးသောင်း အထုရှိတဲ့ မြေ ထု ကြီး ဟာ ဘယ် လောက် ဆန်း ပြား သ လဲ။ နှစ်သိန်း, လေးသောင်းကို ထက်ဝက်ခွဲပြီး အောက် အ ဘို့ ဖြစ် တဲ့ မြေ တသိန်း, နှစ်သောင်းက သီလာမြေ၊ အ ထက် တသိန်း, နှစ်သောင်းက ပံသုမြေလို့ ခွဲဝေထားပါသေးတယ်။

ထိုပံသုမြေထဲမှာ ယူဇနာပေါင်း တသောင်း, ငါးထောင်စီ ခရီးကွာဝေးကြသော ငရဲဘုံကြီးတွေရှိကယ်လို့ သင်္ဂြိုဟ်တက်ဘူး သော သူများသိပြီးသား ဖြစ်ကြပါလိမ့်မယ်။ ၎င်းငရဲကြီး၏ အမည်များကတော့ ...

**သိဉ္စိုဝ်း ကာလသုတ် - သင်္ဃာတ ရောရုဝ – မဟာရောရုဝ – တာပန္န=မဟာတာပန္န** အဝီစိလို့ ငရဲကြီး(၈)ထပ်ရှိပါတယ်။

အဲဒီငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊အသုရကာယ်ဘုံအားဖြင့် အပါယ်လေးဘုံ။

လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တိဘုံအားဖြင့် ကာမသုဂတိ(၇)ဘုံ။ အပါယ်လေးဘုံနှင့် ပေါင်းရင် ကာမ(၁၁)ဘုံ လို့လဲခေါ်တယ်။

ရူပ(၁၆)ဘုံဆိုတာကတော့.... ဗြဟ္မာပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံလို့ တ ပြင် ကြီး စည် ကြ တဲ့ ပဌမစျာန်(၃)ဘုံ၊ ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘုံ၊ အာဘဿရာဘုံအားဖြင့် တပြင်တည်းတည်သော ဒုတိယစျာန်(၃)ဘုံ၊ ပရိတ္တာသုဘာဘုံ၊ အပ္ပမာဏာသုဘာဘုံ၊ သု ဘ ကိ ဏှာ ဘုံ တပြင်တည်းဘည်သော တတိယစျာန်(၃)ဘုံ၊ ဝေဟပ္ဖလ်ဘုံ၊ အသညသတ်ဘုံ တပြင်တည်းတည်သော စတုတ္ထစျာန်(၂)ဘုံ၊ အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံ အဆင့်ဆင့်တည်သော စတုတ္ထစျာန်(၅)ဘုံ။ အစကပြောခဲ့တဲ့စတုတ္ထစျာန်(၂)ဘုံနှင့် ပေါင်း ပြီး ရေ တွက် လိုက် တော့ စတုတ္ထစျာန် (၇)ဘုံရှိပါတယ်။ အစက ပဌမစျာန်(၃)ဘုံ၊ ဒုတိယစျာန်(၃)ဘုံ၊ တတိယစျာန်(၃)ဘုံ၊ စတုတ္ထစျာန် (၇)ဘုံ အားလုံးရူပ(၁၆)ဘုံရှိပါတယ်။

ထိုနောက်.... အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံရယ်လို့ အရူပ(၄)ဘုံ ရှိပါတယ်။ အဲဒါလို အထက်ဘဝဂ်, အောက်အဝီစိ ရှိ ရှိသ မျှ အကုန်ပေါင်းလိုက်တော့.... (၃၁)ဘုံရှိပါတယ်။

အဲဒီ(၃၁)ဘုံအတွင်းမှာ (နေ)ဟူသော အမည်သညာ၊ (လ)ဟူသော အမည်သညာနှင့် တည်ရှိကြတဲ့ ဝတ္ထုပစ္စည်းများ ဘယ်နှစ်ခုရှိပါသလဲလို့ (၃၁)ဘုံအတွင်းမှာ လိုက်လံရှာဖွေခဲ့လျှင် ယခုရှိနေတဲ့ နေ, လ မှတပါး အခြားများ ရှိနိုင်ပါ့မလား။ အခုတွေ့နေရတဲ့ နေ, လ မှတပါး အပါယ်(၄)ဘုံ၊ ကာမသုဂတိ(၇)ဘုံ၊ ရူပ(၁၆)ဘုံ၊ အရူပ(၄)ဘုံ ရှာချင်ရာ ရှာ ဘယ်မှာမှ မရှိပါဘူးတဲ့။

အဲဒါ ဥပမာ ... မိမိခန္ဓာကာစ သောကကြီးတခွင် နယ်တပြင်လုံးမှာ.... **မာဖွဲ့ ပူလှုပ် - ဓာတ်ကြီးလေးပါး ရုပ်တရား၊ မြင်, ကြား, နံလျှက် တွေ့, သိ၊ဝိညာဉ် ၆–ပါး နာမ်တရားလို့ ဆိုတဲ့** အတိုင်း ရုပ်နာမ်ကလွဲလို့ မရှိနိုင်တော့ဘူး။ **လောကမှာ တနေ, တလ ရှိသလို ဒီမှာလဲဘဲ တရုပ်, တနာမ်ဆိုတဲ့ တရားဘဲ** ရှိပါတယ်။

အဲဒီရုပ်နာမ်လို့ဆိုတဲ့ သင်္ခါရတရားတွေဟာ ဘယ်မှာ ရှာရမှာလဲ၊ မိမိခန္ဓာကိုယ်ကာစ အောက်ကောင်းကင် နှင့် အထက်ကောင်းကင်အကြား ရှိသမျှ တရားတွေဘာ ရုပ်မဟုတ်-နာမ်၊ နာမ်မဟုတ်-ရုပ်ဆိုတဲ့ သင်္ခါရတရားတွေပါဘဲ။ လောကနှင့်ပြောရင် သင်္ခါရလောကကြီးဘဲ။ အဲဒီသင်္ခါရလောကကြီးထဲစိတ်ဝင်စားကြည့်လိုက်တော့ ...ခြောက်စောင်ဆရာတော်ဘုရားကြီးကလဲ

တစပ်တသင်း၊ နှမ်းအိုးခင်းထက်၊ နှမ်းစေ့ကျက်သို့ ဖြက်ဖြက် မြည်သံ ဆူညံပျက်ပြား ဥာဏ်နားမှ ကြားရလို့ ဆိုတယ် မဟုတ် လား။ တကယ်ဘန်းအားထုတ်ကြတဲ့ အာဇာနည် ဝီရိယရှိသော ပုဂ္ဂိုလ်များ၏ တရားဘဲ။ ဒါကြောင့် ...

**အာရဒ္ဓ ဝီရိယဿာယံဓမ္မော၊ နာယံဓမ္မော ကုသီ တဿလို့ ဆိုတယ်မဟုတ်လား။**

**အယံဓမ္မော၊** ဤတရားသည်။ **အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော အာဇာနည်ဝီရိယရှိသောပုဂ္ဂိုလ်၏။ ဓမ္မော တရားပေတည်း။ ကုသီတဿ၊ ရှုပွားစရာမလို ပျင်း စိတ် ပို သော ပုဂ္ဂိုလ်၏။ ဓမ္မော၊ တရားသည်။ န၊ မဟုတ်လို့။**

ဒေသနာရှိသည့်အတိုင်း.... အားထုတ်သော ပုဂ္ဂိုလ်၏ အမြင် တရားပါ၊ အားမထုတ်သော ပုဂ္ဂိုလ်များ၏ အမြင်တရားမဟုတ် ပါဘူး။ ပရမတ္ထဝိဒူ ပရမတ်ကို သိသောသူမှ ဒီသင်္ခါရတရား တွေကို သိ နိုင် တာ၊ မြင် နိုင် တာ ပါ။ ဒါ့ကြောင့်.... ပညာရှိ သူတော်ကောင်းတွေကျတော့ ပရမတ်ကိုမြင်သည်ထက် မြင်သော ဥာဏ်ကြီးကို ထူထောင်ကြတယ်။ ကြိမ်ဖန်များစွာ ပွားများကြ တယ်၊ အားထုတ်ကြတယ်ပေါ့။ အားမထုတ်ရင် သင်္ခါရလောက ကြီးရဲ့ အကြောင်းကို သိပါ့မလား။ လောကကြီးသည် ဘယ် သဘောရှိသလဲ။

**လုဇ္ဇတိ ပလုဇ္ဇတီတိလောကော။**

**ယောဓမ္မသမူဟော၊ အကြင်တရား အပေါင်းသည်။**

**လုဉ္စတိ ပလုဉ္စတိ၊ ဖရိုဖရဲ ပြိုကွဲ ပျက်ပြား တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောဓမ္မသမူဟော၊ ထိုတရားအပေါင်းသည်။ လောကော၊ လောကမည်၏။**

ဘာဖြစ်လို့.... လောကလို့ ခေါ်သလဲ။ ဖရိုဖရဲ ပြိုကွဲ ပျက်ပြားတတ်သောကြောင့် လောကတဲ့။ ဘာတွေ ပြိုကွဲပျက်ပြားတတ်တာလဲ။ ပုဂ္ဂိုလ်တွေလား၊ သတ္တဝါတွေလား၊ ငါတွေလား၊ သူတွေလား မဟုတ်ပါဘူး။ ယောဓမ္မသမူဟောတဲ့ တရားအပေါင်းတွေ ပျက်ပြားကြပါတယ်လို့ ဆိုလိုပါတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်တဲ့ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ ဖြစ်ပျက်နေကြတဲ့ အဖြစ်အပျက်ကိုမြင်နိုင်တဲ့အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်တွေ ရင့်သန်လာအောင် အခါခါ ရှုကြရတာ။ ဒါကြောင့်....

**ဣဓ၊ ဖြစ်ပျက်မှန်လှ ဤလောကကြီးထဲ၌။ ဉာဏဒဿိနာ၊ ဝိပဿနာဉာဏ် အမြင်သန်အောင် အဖန်ဖန် ရှုကြည့် ပညာရှိသည်။**

ပညာရှိသူတော်ကောင်းကြီးများကြတော့ ဖြစ်ပျက်နေတဲ့ သင်္ခါရလောကကြီးထဲမှာ စိတ်ဝင်စားထားကြတယ်။ စိတ်ကို လောကအာရုံဘက် အလှည့်မပေးဘဲ၊ သင်္ခါရ နိမိတ်ကိုသာ အာရုံပြုနေကြတယ်။

အဲဒါလို- အာရုံပြုနေလိုက်တဲ့အခါကျတော့ ... အဲဒီ လောက ကြီးထဲမှာ ဘာတွေတွေ့သလဲဆိုတော့... ညွှတ်သိပြီး ပျက်နေတဲ့ ချုပ်နေတဲ့ နာမ်တရား၊ ဖောက်ပြန်ပျက်နေတဲ့ ရုပ်ဓမ္မတွေ။ ဒါတွေဘဲ တွေ့ရတယ်။

အစကပြောကဲ့တဲ့(၃၁)ဘုံကြီးဆိုတာ ဉာဏ်နှင့်ကြည့်လိုက်တော့.... ညွှတ်သိပြီး ချုပ်နေတဲ့ နာမ်ဓမ္မ၊ ဖောက်ပြန်ပြီး ချုပ်နေတဲ့ ရုပ်ဓမ္မ။ ငရဲလောကကြီး ကနေပြီး ကြည့်ခဲ့ပါ။ လူ့လောက, နတ်လောက, ဗြဟ္မာလောက၊ ဒါတွေဟာ တကယ့် အကောင်တွေနှင့် အထည်တွေနှင့်လားဆိုတော့ မဟုတ်ပါဘူး။ အကောင်ထင်နေရင် ဖောက်ပြန်မှု နှင့် ချုကြည့် ညွှတ် သိမှု နှင့် ချုကြည့်၊ အကောင်အထည်တွေ ပျောက်ပြီး ဖြစ်ပျက်ထီးထီးဘဲ ရှိနေပါတယ်။ ဒါကြောင့်....

ဂူဓ၊ ဖြစ်ပျက်မှန်လှ ဤလောကကြီးထဲ၌။ ဉာဏ ဒဿနာ၊ ဝိပဿနာဉာဏ် အမြင်သန်အောင် ဖန်ဖန် ရှုကြည့် ပညာရှိသည်။

အဲဒါလို- ရုပ်ထီးထီး နာမ်ထီးထီးကျန်အောင် ကြည့်လိုက်တော့.... သတ္တလောကကြီး သုဉ်းဆိတ်သို့ ဖောက်ပြန်တဲ့ ရုပ်တပုံ၊ ညွှတ်သိတဲ့ နာမ်တပုံ လောကကြီးတခုလုံး ရုပ်တပုံ နာမ်တပုံဘဲ တွေ့ ပါတယ်။ ဒါကြောင့်....

နာမရူပံ၊ ညွှတ်သိချုပ်သမျှ နာမ်ဓမ္မနှင့် ဖောက်ပြန်ချုပ်သမျှ ရုပ်ဓမ္မကို။ ဝါ၊ ပုဂ္ဂိုလ်, သတ္တဝါ မဟုတ် မမှန်သည့် တရုပ်တနာမ်ကို။ ပဿေယျ၊ လယ် ပြင်ဆင်သွား ပမာလားသို့ ထင်ရှား မ သေ့ ပွား ရှု ကြ ပေ ရာ သတည်း။

ဘုရားသာသနာနှင့်တွေ့တဲ့အခါ ကိုယ်ခန္ဓာမှာရှိနေတဲ့ တရားတွေကို လယ်ပြင်မှာဆင်သွားတာလို ထင်ထင်ရှားရှားကြီး မြင်နေရမယ်တဲ့။ ဒီဂါထာကြီး က.... လောက, လယ်ကွင်းကြီးထဲမျာ ဆင်သွားနေတဲ့အခါ ဘယ်လိုနေသလဲ လယ်ကွင်းကြီးကလဲ သစ်ပင်ချုံနွယ်မရှိဘဲ အလွန်သာယာတယ်။ ဆင်ကောင်ကြီးကလဲ အလွန်ကြီးတယ်။ အဲဒီတော့ မမြင်ချင်မှ နေရောပေါ့။ ဒါလောက် သန့်ရှင်းပြီး ဒါလောက် အကောင်ကြီးမှ မမြင်ရင်တော့ မကြည့်လို့ဖြစ်ပါလိမ့်မယ်။ ကြည့်လျက်နဲ့ မမြင်ရင်လဲ ကန်းလို့ဖြစ်ပါလိမ့်မယ်။ ဒီဥပမာအတူ ဘုရားသာသနာကြီးနှင့် တွေ့လို့၊ ဆုံးမနိုင်တဲ့ ဆရာသမားတွေနှင့်လဲ ရင်ဆိုင်တွေ့နေကြပြီ ရှုဘို့ ပွားဘို့ဘယ်လောက် အဆင်ပြေနေကြသလဲ။ အင်မတန်မြေသာယာတဲ့ သာသနာ့လယ်ကွင်းပြင်ကြီး ပါ။ သစ်ပင်, ချုံနွယ်တို့ကင်းမဲ့တဲ့ လယ်ကွင်းပြင်ကြီးလို့.... ခုအချိန်မှာ အနတ္တသာသနာကြီး အလွန်ပွင့်လင်းပါတက်။ ဝါတွင်းအချိန်မှာဘဲဖြစ်ဖြစ်၊ ခုလို အထိမ်းအမှတ်ပွဲကြီးတွေမှာဖြစ်ဖြစ် နယ်ထဲမှာရှိကြတဲ့ ပွဲတွေဘဲဖြစ်ဖြစ် အလွန်စည်ကား သိုက်မြိုက်ပြီးလာတာကို မြင်သောအားဖြင့် အနတ္တသာသနာကြီး ထွန်းကားလာပြီလို့ သိနိုင်တာပေါ့။ ဒီလိုဆိုရင်ဘဲ အတ္တအယူမှ ဆင်းသက်လာတဲ့ သစ်ပင်, ချုံနွယ်တွေနှင့် တူတဲ့ မရှုချင်တဲ့စိတ်ရိုင်းတွေ မပွားချင်တဲ့ စိတ်ရိုင်းတွေဟာ တဖြေးဖြေး ပ, ပျောက်ပြီးသွားမှာပါ။ ဒါကြောင့်မို့ အင်မတန် သန့်ရှင်း, မြေတဲ့ သာသနာ့လယ်ကွင်းပြင်ကြီးလဲ ဖြင်ပြန်၊ ခန္ဓာမှာရှိတဲ့ တရားတွေကလဲ အင်မတန်ထင်ရှားပြန်၊ ဒါမှမမြင်ရင်တော့ မရှုလို့ဖြစ်မှာပါဘဲ။ ဒါ့ကြောင့်မို့ လယ်ပြင်မှာ ဆင်သွားနေသလို အလွန်ထင်ရှားသော တရားကို ပွားရမယ် မဟုတ်လား။ ဒါကြောင့်....

**ပဆောယျ၊ လယ်ပြင်ဆင်းသွား ပမာလားသို့ ထင်ရှားမသေ့ ပွားရှုကြပေရာသတည်း။**

**သတိမမူ ဂူမမြင်၊ သတိမူတော့ မူတောင် မြင်တယ် လို့** ရှေးလူကြီးများ စကားလိုပေါ့။ ယခု မိမိတို့မှာလဲ အလွန် ထင်ရှားတဲ့ ပရမတ်တရားတွေ၊ ထင်ရှားရှိပါလျက် သတိမမူတော့ မမြင်ဘဲ ဖြစ်နေကြတယ်။ သတိကလဲ ဘယ်တုံးကစပြီး မမူခဲ့ကြသလဲဆိုတော့.... ကမ္ဘာတွေကုန်သမျှ ဘုရားတွေကုန်သမျှပါဘဲ။ ကဲလေထားပါတော့.... နောင်တ ဆိုတာ နောင်မှ ရ, စမြဲဘဲ၊ ဒီဘုရားသာသနာမှာတော့.... အလွန်နူးညံ့, သိမ်မွေ့တဲ့ မြူနဲ့တူတဲ့ ပရမတ်တရားတွေကိုမြင်အောင်ကြည့်ကြရအောင်၊ သတိလေးမူလိုက်ရင် မမြင်နိုင်စရာမရှိပါဘူး။ မျက်စိပေါက်မှာ ဖြစ်နေတဲ့ တရားတွေ နားပေါက်မှာ ဖြစ်နေတဲ့ တရားတွေ နှာပေါက် လျှာပေါက်, ကိုယ်ပေါက်, စိတ် ပေါက် လို့ ဆို တဲ့ (၆)ဒွါရမှာ ရှိနေတဲ့ တရားတွေဘဲ။ ဒီတော့ (၆)ဒွါရမှာ တရုပ်တနာမ်ဖြစ်အောင် ပုံကြည့်လိုက်တော့....

**မျက်စိပေါက်မှာ စက္ခုပသာဒက စက္ခုပသာဒရုပ်၊ အဆင်းအမျိုးမျိုးက ဝဏ္ဏရုပ်၊ အဆင်းအမျိုးမျိုး ရူပါရုံကို မြင်မှုက စက္ခုဝိညာ နာမ်၊** ပေါင်းလိုက်တော့ စက္ခုဒွါရမှာ ပုဂ္ဂိုလ်သတ္တဝါတွေ များပါ သေးလား။ **ရုပ်နှင့် နာမ် နှစ်ပါးဘဲမဟုတ်လား။**

**နားပေါက်မှာလဲ ကြားတိုင်း ကြားတိုင်း သောတပသာဒနှင့် အသံအမျိုးမျိုးက ရုပ်၊ အသံကို ကြားမှုက နာမ်။**

နှာပေါက်မှာ ဃာန ပသာဒနှင့် အနံ့ အမျိုးမျိုးက ရုပ်၊အနံ့ကိုနံသိမှုက နာမ်။

လျှာပေါက်မှာ ဇိဝှာ ပသာဒနှင့် အရသာအမျိုးမျိုးက ရုပ်၊ အရသာအမျိုးမျိုးကို စားမှုက နာမ်။

ကိုယ်ပေါက်မှာ ကာယပသာဒ နှင့် အတွေ့အထိ အမျိုးမျိုးက ရုပ်၊အတွေ့အထိအမျိုးမျိုးကိုသိမှုက နာမ်၊

မနောဒွါရမှာ ဟဒယ ဝတ္ထုက ရုပ်၊ ကောင်းဆိုး အပုံ ဓမ္မာရုံအမျိုးမျိုးကိုသိမှုက နာမ်။

(၆)ဒွါရမှာ ရုပ်-ရုပ် ချင်းပေါင်း၊ နာမ်-နာမ်ချင်း ပေါင်း လိုက်တော့ ဒွါရတွေ ဘယ်လောက် များလို့နေနေ၊ ရုပ် နာမ် နှစ်ပါးဘဲ တွေ့တော့တာဘဲ။ သမုတိသစ္စာအနေအားဖြင့် (၃၁) ဘုံကြီး ဘယ်လောက် ကျယ်ဝန်းလို့နေနေ၊ ငရဲဘုံကြီး ဘယ် လောက်ကြီးကျယ်လို့ နေနေ၊ လူ့ပြည်ကြီး လူဦးရေပေါင်း ဘယ်လောက်များလို့ နေနေ၊ နတ်ပြည်မှာ နတ်မျိုးပေါင်း ပြဟ္မာ ပြည်မှာ ပြဟ္မာ မျိုးပေါင်း အသိန်းအသောင်း, မက ညောင်းအောင် ပေါသော်လဲ **နာမရူပ ပရိဂ္ဂဟဉာဏ်** လို့ ဆိုတဲ့ **နာမ်ရုပ်ကို သိမ်းဆည်းနိုင်သောဉာဏ်** နှင့် ရှုပွား ဆင်ခြင်ကြည့် လိုက်တော့ လောကမှာ တနေ နှင့် တလ,သာ တွေ့ရ သကဲ့သို့ ဒီ သင်္ခါရလောကကြီး ထဲမှာလဲ **တရုပ်နှင့် တနာမ်** ဘဲ တွေ့ရ ပါတယ်။ ဒီရုပ်နာမ်တရားတွေဟာ ဘယ်သဘောရှိသလဲလို့ ကြည့် လိုက်တော့ အနိစ္စသဘော၊ အနတ္တသဘော၊ ဒုက္ခသဘော ရှိ ပါတယ်။

ပုထုဇဉ်တွေကတော့ ဒီ ရုပ်-နာမ်နှစ်ပါးရဲ့ အပေါ်မှာ ဓုဝ ရှိတယ်၊ သုဘရှိတယ်၊ သုခရှိတယ်လို့ ထင်နေကြတာ။ ရုပ်-နာမ် တရားကတော့....

**အဓုဝ သုညတ အနတ္တ ဓမ္မ ဒုက္ခသစ္စာ။**

ခိုင်မြဲမှု ဓုဝသဘောမှ သုဉ်းဆိတ်သည်ဖြစ်၍ မခိုင် မြဲမှု အဓုဝသဘောရှိသော ရုပ်-နာမ်တရားသည် ဇာတိ ဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယသမ္ပ ယောဂဒုက္ခ၊ ပိယဝိပ္ပယောဂဒုက္ခ၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခ၊ အနက်သဘောရှိသောကြောင့် ဆင်းရဲအခု မျှဖြစ်သော တရားအမှန်ကြီးပေတည်း။

ပုထုဇဉ်တွေထင်သလိုဟုတ်ကဲ့လား၊ ပုထုဇဉ်တွေက ခိုင်မြဲ တယ်။ ဓုဝရှိတယ်လို့ ထင်နေကြတာ။ ရုပ်-နာမ်တရားက အဓုဝ မျိုးကြီးမို့ မြင်ရာပေါ်တဲ့ ရုပ်နာမ်တရားတွေဟာ မြင်ရာမှာဘဲ ချုပ်ကြလို့၊ ကြားရာ ပေါ်တဲ့ ရုပ် နာမ်တွေဟာ ကြားရာမှာဘဲ ချုပ်ကြလို့၊ ဒီနားနဲ့ ဟိုနားကိုရွှေ့လို့မရဘူး။ မှို့မှို့ ကြေမွ ရွှရွှကြေကွဲ ဆိုသလိုဘဲ၊ ရုပ်နာမ်တရားတွေဟာ ဖြစ်လာပြီး ပျက်သွားကြတာဘဲ။ ဘယ်မှာလဲ ဓုဝ၊ ဓုဝနိမိတ်ကြီးမှ သုဉ်း ဆိတ်မနေဘူးလား၊ ဒါဖြင့် သုဘ ကော ရှိရဲ့လား။

**အသုဘ သုညတ အနတ္တဓမ္မ ဒုက္ခသစ္စာ။**

တင့်တယ်မှု။ သုဘနိမိတ် သုဉ်းဆိတ်သည်ဖြစ်၍မတင့် တယ်မှု၊ အသုဘသဘောရှိသော ရုပ်နာမ် တရားသည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယ

**သမ္ပယောဂဒုက္ခ၊ ပိယဝိပ္ပယောဒုက္ခ၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခ အနက်သဘောရှိသောကြောင့် ဆင်းရဲအစုမျှ ဖြစ်သောတရားအမှန်ကြီးပေတည်း။**

ဓုဝသဘောမရှိလို့ မှုံ့မှုံ့ကြေမွ ရွရွကြေကွဲနေတဲ့ ရုပ်နာမ် တရားဟာ သုဘမျိုးများဟုတ်ပါ့မလား။ မြင်ပျက် ကြားပျက် နေတဲ့ ရုပ်နာမ်တရားဟာ လှလိုက်ထာ၊ တင့်တယ်လိုက်ထာ၊ ကြက်သရေ ရှိလိုက်ဘာလို့ ဒီလိုကော ချီးကျူးစရာရှိရဲ့လား။ ချီးကျူးဘို့ အခြင်းအရာမှ သူဦးဆိတ်နေတဲ့ ရုပ်နာမ်အသုဘ တရားကြီးဆိုတာ ထင်ရှားမနေဘူးလား။ ဒါဖြင့် ဓုဝမရှိတဲ့ တရားကြီး၊ သုဘမရှိတဲ့ တရားကြီးထဲမှာ ချမ်းသာသုခများ ရှိလိမ့်အုံးမယ် ပါလိမ့်အုံးမယ်လို့ မျှော်လင့်စရာ ရှိလောက် သေးရဲ့လား၊ ဘုရားက....

ဒုက္ခသုညတ အနတ္တဓမ္မ ဒုက္ခသစ္စာ တဲ့။

**ချမ်းသာမှု၊ သုခနိမိတ် သုဉ်းဆိတ်သည် ဖြစ်၍၊ မချမ်းသာမှု ဒုက္ခသဘောရှိသော ရုပ်နာမ်တရားသည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယ သမ္ပယောဂဒုက္ခ၊ ပိယဝိပ္ပယောဂဒုက္ခ၊ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခ၊ အနက်သဘော ရှိသောကြောင့် ဆင်းရဲ အစုမျှဖြစ်သော တရားအမှန်ကြီးပေတည်း။**

ပင်ကိုယ်မူလရင်းကိုက ဆင်းရဲမျိုးကြီး၊ ဒုက္ခမျိုးကြီး သုခမှ ကင်းသုဉ်းကင်းဆိတ်နေတဲ့ အမျိုးကြီးမဟုတ်လား။ ပုထုဇဉ်တွေ က သုခရှိတယ်ထင်ပြီး မျှော်လင့် နေကြတယ်၊ နောက်ရက်

ကောင်းနိုးနိုး၊ နောက်လကောင်းနိုးနိုး ၊ နောက်နှစ်ကောင်းနိုးနိုး မျှော်ကိုးလာလိုက်ကြတာ ကမ္ဘာတွေကုန်ခဲ့ကြပြီ ဘဝတွေ ကုန်ခဲ့ကြပြီ ခုထက်ထိ သုခမတွေ့ကြဘူး။ ဘာဖြစ်လို့ မတွေ့ပါလိမ့်မလဲ ဆိုတော့ မရှိလို့ ပေါ့၊ ရှိရင် တွေ့လောက်ပါပြီ။ ဒီ ဓုဝ-သုဘ-သုခ ကင်းသုဉ်းနေသော တရားကြီးဟာ အနှစ်မရှိတာက မူလ ရှိနေတော့ ခိုင်ခံ့စွာ တည်မနေနိုင်ဘဲ အမြဲ ပျိုကွဲနေရတဲ့တရားကြီး၊ ပြိုကွဲသွားလိုက် နောက်တမျိုးဖြစ်ပေါ်လာလိုက်၊ ပြိုကွဲသွားလိုက်၊ နောက်တမျိုး ဖြစ်ပေါ်လာလိုက်နှင့် ဒီလိုအမြဲဒုက္ခ ခံနေရတာဘဲ။

ဒီလို ဖြစ်ပေါ်နေရတာကို **ဇာတိဒုက္ခ**လို့ ဆိုတာ မဟုတ်လား၊ ဖြစ်ပေါ်လာပြီးနောက် **ရင့်ရော်ယိုယွင်းနေရတဲ့တရားမို့ ဇရာဒုက္ခလို့** ပြောတာမဟုတ်လား။ ရင့်သည်ထက် ရင့် ရော်သည်ထက် ရော်လာပြန်တော့ **နာကျင်ကိုက်ခဲ** ရပြန်တယ်။ ဒါကိုဘဲ **ဗျာဓိ**ဒုက္ခ လို့ ဟောခဲ့ ပါတယ်။ ဖြစ်ပေါ်လာရင် ပျက်ရခြင်း ဆိုတဲ့ မရဏတရားကြီးက ကပ်လျက်ပါလာတော့ ရုပ်နာမ်တရားတွေဟာ **ကုန်ကြ ဆုံးကြ ပျောက်ပျက် ကြတာကိုဘဲ မရဏ** ဒုက္ခဘဲ မဟုတ်လား။

ဒီဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ တရားတွေဟာ နှစ်သက်လို့နေရတာလား၊ ချစ်လို့နေရတာလား၊ **ဒီအမှုတွေဟာ မချစ်မနှစ်သက်ဘဲနှင့် ယှဉ်တွဲနေရတာ** မဟုတ်လား။ ဒါကိုဘဲ **အပ္ပိယသမ္ပယောဂဒုက္ခ**ပေါ့။ **မ**အိုမှု မနာမှု .မသေမှုတွေ ကြတော့ လူတိုင်းဘဲ နှစ်သက်ကြတယ်၊ အလိုရှိကြတယ်။ **နှစ်သက်ကြသော်လည်း တနေ့တခြား ဝေးခဲ့ရတယ်၊ ကွဲခဲ့ရတယ်။**

ဒါ့ကြောင့်မို့ မြတ်စွာဘုရားက **ပိယဝိပ္ပယောဂ**ဒုက္ခတဲ့ ဒုက္ခတရားဆိုတာ တခြားမှာမဟုတ်ပါဘူး။ မျက်စိမှာဖြစ်တဲ့ ရုပ်နာမ်၊ နားမှာဖြစ်ကြတဲ့ ရုပ်နာမ်ထဲမှာ အပြည့်အဝပါလာကြတဲ့ ဒုက္ခတရားတွေပါ။

ဒါမျှမကသေးပါဘူး မအိုမှု မနာမှု မသေမှုတွေအလိုရှိပေမဲ့ မရကြဘူး၊ **အလိုရှိတာ မရတာလဲ** ဒုက္ခဘဲလို့ **ယမ္ပိစ္ဆံနလဘတိ တမ္ပိ**ဒုက္ခတဲ့။စုစုချုပ်လိုက်တော့(၆)ဒွါရမှာ ရုပ်နာမ်ဒုက္ခ သစ္စာဘဲ တွေ့ရပါတယ်။ အဲဒါလို (၆)ဒွါရမှာ ပေါ်လာသမျှ ရုပ်နာမ်တရားတွေဟာ ဒုက္ခသစ္စာကိုမြင်လိုက်သည်နှင့်တပြိုင်နက် သုခထင်မှုကြီး ငြိမ်းအေးရပါတယ်။ ဒါ့ကြောင့်.... မိမိတို့တသံသရာလုံးက ရုပ်နာမ်တရားတို့ရဲ့အပေါ်၌ နိစ္စထင်မှု သုဘထင်မှု သုခထင်မှုကြီးမှ ငြိမ်းကြရအောင်။

အနိစ္စေ သုညတ အနတ္တဓမ္မ ဒုက္ခသစ္စာ၊
အသုဘ သုညတအနတ္တဓမ္မ ဒုက္ခသစ္စာ၊
ဒုက္ခသုညတ အနတ္တဓမ္မ ဒုက္ခသစ္စာ လို့သာ ရှုကြ၊
ဆင်ခြင်ကြ, ပွားများကြ, အားထုတ်ကြပေတော့လို့။

ဒါမှသာလျှင် ဆရာတော်ဘုရားကြီးရဲ့ အကြိမ်(၄၃)မြောက်ကျေးဇူးဆပ်ပွဲကြီးလဲ တရားနာနဲ့ ကျေးဇူးဆပ်ရာ ကျကြမှာ။ **ဒါလောက်ဆို တရုပ်တနာမ် တရားတော်ကြီးလဲ ပြေလည်သွား** ပါပြီ။ လယ်ပြင် **ဆင်သွားသလို** ကိုယ့်ရဲ့ အသိဉာဏ်ထဲမှာ ထင်ထင်ရှားရှားကြီး မြင်အောင်သာရှုကြပါလို့ ။ ဒါကြောင့်....

**ပဿေယျ၊ လယ်ပြင်ဆင်သွား ပမာထားလို့ ထင်ရှားမသေ့** ပွဝးရှုကြပေရာသတည်း။ **ပဿေယျ၊ ဝိပဿနာ ပရိညာလမ်း** **မျှော်ကာမှန်း၍ ပြောင့်တန်းမသေ့** ပွားရှုကြပေရာသတည်း။

သာဓု.... သာဓု.... သာဓု....။

# တိုးပွားအောင် ကြိုးစားပါ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကဲ.... တရားပွဲအစီအစဉ်အရ ကိုယ့်အလှည့်ကျလာပြန်တော့ ငြင်းဆန်လို့ မဖြစ်တော့ဘူး။ ဘတ်နိုင်သမျှပေါ့လေ၊ တရားဆိုတာကလဲ အဆန်းတကြယ်တွေ ရှာဖွေဟောနေရတာမှ မဟုတ်ဘဲ။ ဘုရားဟောသလို ဆရာသမားများ နည်းလမ်းပြခဲ့သလို အာစရိယဝါဒ ရသလို အတုလိုက်ပြီးတော့ ဟောကြရတာ ပြောကြရတာဘဲ။

ဒီတော့.... မြတ်စွာဘုရားကြီး (၄၅) ဝါတိုင်တိုင် ဘယ်တရားတွေ ဟောခဲ့သလဲလို့ ကြည့်လိုက်တော့.... ခန္ဓာငါးပါး တရားကြီးကိုဥပမာနှင့်တကွတပည့်သား, သာဝကတွေနားလည်အောင် ဟောကြားတော်မူခဲ့ပါတယ်။

ယခုလဲ မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ ဆိုတော့ ဘုရားဟောခဲ့သော တရားကိုဘဲ အားထုတ်ကြရမှာ, နာကြားရမှာ၊ တရားတကွင်း နားသွင်းတော့မယ်ဆိုတော့.... ရှေးဦးစွာ ဘာအရေးကြီးသလဲ။ လောက ဥပမာ - အဆောက်အဦး တခုခု ပြုလုပ်ကြမယ်ဆိုရင် ကျောင်း ဘဲ ဖြစ်ဖြစ်, အိမ် ဘဲ ဖြစ် ဖြစ်, တိုက်ဘဲဖြစ်ဖြစ် ပြုလုပ်ကြတဲ့အခါ ရှေးဦးစွာပန္နက်ဟာ အရေးကြီးပါတယ်။ ပန္နက်အဆင်ပြေမှ အဆောက်အဦး ကြည့်လို့ လှဒါ၊ ပန္နက်ရိုက်စဉ်အခါက အဆင်မပြေရင် ကြည့်ရတာ ဖရိုဖရဲဘဲ မဟုတ်လား။

အဲဒီ ဥပမာလို တရားဟောကြတဲ့အခါ, တရားနာကြတဲ့အခါ အဆင်ပြေအောင် ရှေ့, နောက် ညီညွတ်အောင် တရားပန္နက်ချ အဆင်ပြေဖို့ အရေးကြီးပါတယ်။ ကဲ.... အရေးကြီးသည့် အားလျော်စွာ ဘုရားထားခဲ့တဲ့ တရားပန္နက်ကြီး ရိုက်ကြရအောင်။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ, ဒိစ္စဗန္ဓုနာ။ ။

ဒါဘုရားရှင် ကိုယ်တော်မြတ်ကြီး(၄၅)ဝါ ဟောကြားခဲ့တဲ့ ဒေသနာတော်ကြီးပါဘဲ။ ဒါဘုရားရဲ့ စကားတော်ကြီးပေါ့။ ဘုရားစကားက ဘာသာပြန်ပြီးတော့.... ခန္ဓာမှာကြည့်ကြရမှာ၊

ဒီဒေသနာတော်ကြီး ဘာသာပြန်လိုက်တဲ့အခါကျတော့....

ရူပံ၊ ရုပ်တရားသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်နှင့်တူသော ဥပမာရှိ၏။

ဝေဒနာ၊ ဝေဒနာသည်။ ပုဗ္ဗုဠူပမာ၊ ရေပွက်နှင့်တူသော ဥပမာရှိ၏။

သညာ၊ သညာသည်။ မရီစိကူပမာ၊ တံလျှပ်နှင့်တူသော ဥပမာရှိ၏။

သင်္ခါရာ၊ ဖဿစေတနာအစရှိသော သင်္ခါရတို့သည်၊ ကဒလူပမာ၊ ငှက်ပျောတုံးနှင့်တူသော ဥပမာရှိကုန်၏။

ဝိညာဏံ၊ ဝိညာဉ်သည်။ မာယူပမံ၊ မျက်လှည့်နှင့်တူသော ဥပမာရှိ၏။

**ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေ** သနင်း ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

ခုလို ဘာသာပြန်ပြီးတော့ ခန္ဓာမှာ ရှာရမယ်။ ရှေးဦးစွာ ရ အောင် ကျက်၊ ဟော ပြော ရာ တ ရား လိုက် နာ၊ အခြေခံ **သုတမယပေါ့။** သုတမယရှိမှ ကြံတတ်ထာ၊ **စိန္တာမယ** ဖြစ်ထာ၊ စိန္တာမယရှိမှလဲ **ဘာဝနာမယက** ဖြစ် ကြ မှာ ကိုး။ **ဘာ**ဝနာမယဉာဏ်ရှိမှလဲ မိမိရဲ့ဉာဏ်ထဲမှာ အယူတွေရှင်းပြီး တော့ အယူစင်ကြယ်ပြီးတော့ **သမ္မာဒိဋ္ဌိဖြစ်လာမှာ။**

ဒုဝေပစ္စယာ **သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတော ဃောသော**စ**ယောနိသော**စ **မနသိကာရော**လို့ ဆိုယ် တယ် မဟုတ်လား။

**ပရတောဃောသော**စ၊ **သူတပါး**ထံမှ စိပယာန်ီ တရားကို ကြားနာခြင်းရှင်း၊ **ယောနိသော**စ မနသိ **ကာရော၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းရှင်း**။ ဒွေ ပစ္စယာ၊ **နှစ်ပါးသော အကြောင်းတို့သည်။** သမ္မာဒိဋ္ဌိ ယာ၊ ပရမတ်ဉာဏ် **အမြင်မှန်၏။** ဥပ္ပါဒါယ၊ ဖြစ်ပေါ် ခြင်းငှာ။ **ဟောန္တိ၊ ဖြစ်ကုန်၏။**

ဒီလိုကြည့်လိုက်ပြန့်တော့လဲ တရားနာကြားဘို့ သင့်တင့်သော နှလုံးသွင်းနိုင်ဘို့ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့ ဘုရားရဲ့ ဒေသနာပန္နက်ထားပြီး၊ ခန္ဓာမှာ ဉာဏ်ရောက်အောင်ရှုဘို့ အရေးကြီးပါတယ်။ ဒါမှသာ ဘုရားစကားကို နားထောင်ရကျိုးမှာ ဘုရားစကားနားထောင်မှုလဲ ဘုရားရဲ့ အမွေအနှစ်တွေ ရ,ကြမှာ၊ လောကဥပမာလိုပေါ့။ လောကမှာလဲ မိဘမှာ ဘယ်လောက် ရွှေ, ငွေရတနာ, ကျောက်သံပတ္တမြားတွေ ပေါလို့နေနေ မိဘစကားကို နားထောင်သော သား, သမီးများမှ မိဘရဲ့ အမွေအနှစ်ကို ရတာ၊ နားမထောင်ရင် တနေ့အမွေပြတ် ကြော်ငြာခံရတယ် မဟုတ်လား။

အဲဒီလိုပေါ့ နလဲဘဲ ဘုရားစကားကိုနားထောင်မှ ဘုရားက ရှုဆို ရှုမှ ပွားဆို ပွားမှ၊ ဘုရားခိုင်းတာ မလုပ်ဘဲနှင့် မရှု, မပွားဘဲနေရင် ဘုရားပေးတဲ့ မဂ်မွေ့ဖိုလ်မွေရပါ့မလား။

ဒါ့ကြောင့်.... ဘုရားပေးတဲ့ အမွေကိုရချင်ရင် ဘုရားခိုင်းတဲ့ အရှု, အပွား အလုပ်ကြီးကို လုပ်ပေါ့။ လုပ်ဆိုသော်လဲ အရမ်းလုပ်နေလို့ မဖြစ်သေးဘူး ဘုရားထားခဲ့ကဲ့ ဒေသနာစကားနှင့် ကိုက်ညီအောင် လုပ်ရမှာ မြတ်စွာဘုရားရဲ့ ဒေသနာတော်က ဘယ်လိုတဲ့တုံး အစကပြောခဲ့တဲ့ အတိုင်းပေါ့။

ဖောဋ္ဌဗ္ဗပိုလျှုပမံ ရူပံတဲ့၊ ရူပံ၊ ရုပ်တရားသည်၊ ဖေဏပိဏ္ဍုပမံ၊ ရေမြှုပ်နှင့်တူ၏။ ခန္ဓာကို ဉာဏ်ကပ်ပြီး ကြည့်လိုက်တော့.... မိမိတို့ထင်နေကြတဲ့ ငါ့ခေါင်း, ငါ့လက်, ငါ့ကိုယ်, ငါ့ခြေဆိုတာတွေဟာ ရေမြှုပ်နှင့်မခြား တသားတည်းတူနေတဲ့ ရုပ်တရားစု

တွေ့ပါ။ ရေမြှုပ်နှင့်တူနေတဲ့ ရုပ်တရားကိုမြင်အောင် မရှုနိုင်ကြတော့ အခိုင်အမာထင်ပြီး **အနှစ်မရှိတဲ့** တရားနှင့် ပျော်နေကြတာ။

**ဝေဒနာ**တရား**ကျ**တော့လဲ ရေပွက်နှင့်တူတယ်လို့ **ဝေဒနာ ပုပ္ဖုဠူပမာ**တဲ့၊ **ဝေဒနာ၊ ဝေဒနာသည်**။ ပုပ္ဖုဠူပမာ၊ **ရေပွက်နှင့်တူ၏**။ ဝေဒနာဆိုတာ ဝတ္ထုအာရုံနှစ်ပါး ပေါင်းဆုံကြတဲ့အခါ **အာရုံ၏** အရသာ**ကို** ခံစားတတ်**တဲ့** သဘောတရားဘဲ။ အဲဒီခံစားနေတဲ့ သဘောတရားလေးတွေဟာ အခိုင်အမာ အနှစ်သာရ မရှိတဲ့ ရေပွက်တွေလိုဘဲတဲ့ ဒီဘော့.... လောကရေပွက်ကို အာလုံးမြင်ဘူးကြမယ်ပေါ့။

အောက်ကရေပြင် နှင့် အထက်ကမိုးပေါက် ပေါင်းဆုံ**တဲ့**အခါ တဖွေးဖွေး, **တ**လက်လက်နှင့် တွေ့ကြရတယ်။ မိုးရွာပြီးပြန်တော့လဲ မရှိပြန်ဘူး။ ငြိမ်းသွား**တာ**ဘဲ။ ခဏ္တ, ခဏသာရှိတဲ့ ရေပွက်တွေ၊ အဲဒီရေပွက်နှင့်တူစွာ ပေါ် လာ တိုင်း သော ဝေဒနာတရားတွေဟာ အရှည်ခံ့ခိုင် တည်တံ့နိုင်သော တရားမျိုး' မဟုတ်ပါဘူး။ ကောင်းတယ်လို့ ပေါ်လာလိုက်, ပျောက်သွားလိုက်၊ မကောင်းဘူးလို့ ပေါ်လာလိုက်, ပျောက်သွား**း**လိုက် အမြဲပျောက်နေတဲ့ တရားပါဘဲ။ ရေ ပွက် နှင့် တူ နေ တဲ့ ဝေဒနာတရားသည် အခိုင်အမာ ဟုတ်ပါ့မလား။ အခိုင်အမာ မဟုတ်ရင် အားကိုးလောက်တဲ့ တရားကော ဟုတ်နိုင်ပါ့မလား။

နောက်ပြီးတော့.... သညာတရားကလဲ အားကိုးစရာ မရှိပါဘူး။ တံလျှပ်နှင့်တူတယ်လို့ **မရီစိကူပမာသညာ**လို့ ဟောခဲ့ပါတယ်။ **သညာ၊ သညာတရားသည်**။ **မရီစိကူပမာ၊ တံလျှပ်နှင့်**

တူ၏။ တံလျှပ်ဆိုတာ လူတိုင်းမြင်ဘူးကြတဲ့ အတိုင်းပေါ့ တပေါင်း, တန်ခူး နွေလအခါများမှာ အောက်က မြေခိုးနှင့် အသက်ကနေရောင် ပေါင်းဆုံကြတဲ့အခါ ရေအယဉ်လိုလို့, လှိုင်းဂယက်တွေလိုလို ထင်ရတဲ့ဝတ္ထုမျိုးကို တံလျှပ်လို့ ခေါ်တယ်။ အဲဒီ တံလျှပ်တွေဟာ အထည်ခံ့, အမာခံနှင့်ရှိတာမဟုတ်ဘူး။ အကြိပ်အခဲ, အဆံအမာနှင့်ရှိတာမဟုတ်ဘူး။ အနီးအနား ရောက်ရင် ပျောက်သွားတာဘဲ။ အဲဒီ ဥပမာလို မှတ်သားမှု သညာတရားဟာလဲ ပေါ်လာပြီး ပျောက်သွားတာဘဲ၊ သားလို့ ပေါ်လိုက်, ပျောက်လိုက်၊ သမီးလို့ပေါ်လိုက်, ပျောက်လိုက် စမ်းသပ်ရှာဖွေလို့ ရတာမဟုတ်ဘူး။ အကောင်နှင့် အထည်နှင့် ရှိတာမျိုးမဟုတ်ဘူး။ ပေါ်လာကာမျှ ပစ္စုပ္ပန်ဆဲဆဲမှာ ရှိတဲ့ တရားဘဲ။

သင်္ခါရတရားလဲ ငှက်ပျောလိုတဲ့ **သင်္ခါရာ ကဒလူပမာ** လို့ ဟောခဲ့ပါတယ်။ နောက်ပြီးတော့- **သိ** ဟူသော ဝိညာဉ်တရားကို လဲ မျက်လှည့်အမှုနှင့် တူတယ်လို့ **မာယူပမဉ္စဝိညာဏံ**လို့ ဟောခဲ့ ပါတယ်။ **ဝိညာဏံ၊ဝိညာဉ်သည်။ မာယူပမံ၊မျက်လှည့်နှင့်တူ၏။** မျက်လှည့်အမှုဆိုတာ ပကတိ ကျောက်ခဲကို ကျောက်ခဲလို့ မထင်ရဘဲ (ရွှေ)လို့ ထင်ရအောင် လိမ်ပြတတ်တဲ့ သဘော တရားဘဲ။ ဝိညာဉ်တရားကလဲ ပကတိရှိသော ခေတ်(၈)ပါး၊ ခေတ်(၉)ပါး တရားအစုရဲ့အပေါ်မှာ ထွေထွေလာလာ (ရွှေ လို့ ပြသလို) လူလို့, နတ်လို့, ဗြဟ္မာလို့ ပြထားပါတယ်။

အဲဒီ မျက်လှည့်ပြသော ရွှေသည် ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်စွပ် ပြုလုပ်လို့ မဖြစ်သလို ဝိညာဉ်ပြထားသော သွား၊ သမီး၊ လှည်း၊ နွား၊ လယ်ယာ၊ ကိုင်းကျွန်း၊ တိုက်အိမ်၊ ဘုံနန်းတွေဆိုတာ တကယ်ရှိတာမျိုး မဟုတ်ပါဘူး။ ဝိညာဉ်ဖန်ဆင်းကွာမျပါ့ဘဲ။ အဲဒီ ဝိညာဉ်ဖန်ဆင်းတဲ့ တရားကို တကယ်ထင်နေကြလို့ မလွတ်နိုင်ဘဲ စွဲလမ်း၊ ခင်မင်၊ နှစ်သက်တွယ်တာနေကြရတာ။ ဘယ်လောက်ကြာခဲ့ပြီလဲ ခန္ဓာငါးပါးက တွယ်တာ နှစ်သက်စရာများရှိရဲ့လား။ အနှိုင်ကင်းနေတဲ့ တရားတွေ၊ တွယ်တာစရာ၊ သာယာစရာ၊ မာန်မာနတက်ကြွစရာ မရှိပါဘူး။

ခုတော့- ရုပ်ကိုရေမြှုပ်လို့၊ ဝေဒနာကို ရေပွက်လို့၊ သညာကို တံလျှပ်လို၊ သင်္ခါရတရားက ငှက်ပျောလို့၊ ဝိညာဉ်တရားက မျက်လှည့်လို၊ ဘုရားဟောသလို ခန္ဓာဉာဏ်ရောက်အောင်ကြည့်လိုက်တော့.... သူ့သဘော သူဆောင်ပြီး သူ့ကိစ္စဖြင့် သူပြီးနေကြတဲ့ ခန္ဓာငါးပါးတရားတွေမဟုတ်လား။

အဲဒီအထဲမှာ- ငါနေ့ာနေကြလို့၊ ငါ့ဟက်နေကြလို့ ပုထုဇဉ်တွေ မပြုသင့်တာတွေ ပြုကြ၊ မလုပ်သင့်တာတွေ လုပ်ကြ၊ ဒါ့ကြောင့်.... သံသရာရှည်နေကြတာ။ မပြုသင့်တာတွေက ဘာတွေလဲဆိုတော့.... ကာယကံမှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေပေါ့။ ဒါတွေ ဘယ်က ပေါက်ဖွားလာကြသလဲ။ ခန္ဓာငါးပါးကို မသိမှုက ပေါက်ဖွားလာတာဘဲ။ ဒါ့ကြောင့်.... ခန္ဓာငါးပါးကို သိအောင် လုပ်နေရတာ။ ခန္ဓာငါးပါးကို ဓုဝထင်မှု၊ သုဘထင်မှု၊ သုခထင်မှု၊ အတ္တထင်မှု အဲဒီအထင်တွေက

လာတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီကံတွေ ပြုလိုက်တော့ တခါ သတ္တဝါတွေ ကံပို့ရာ၊ ကံဆွဲဆောင်ရာ သွားနေကြ ရတယ်။

တခါ၊ တခါ- လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ တခါ၊တခါ ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ဒီဘုံ ဒီဌာနတွေမှာဘဲ သွားလာနေကြရတာ၊ ရပ်နားနေရပါတယ်လို့ မရှိကြဘူး။

ဒီတော့ — ကုသိုလ်ကံကြောင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ ပြည် ရောက်ရရင် ခေတ္တ၊ ခဏတော့ ချမ်းသာ နိုင်သေးရဲ့။ မသကာ တော်ပါသေးရဲ့။ အကုသိုလ်ကံကြောင့် ရောက်ရဘဲ့ ဘုံဘဝတွေကမှ သတ္တဝါတွေ အလူးအလဲခံကြရတယ်။ ဒါအရင်း စစ်လိုက်တော့ ခန္ဓာငါးပါးကို မသိမှုပါဘဲ။

ခန္ဓာငါးပါးကို နိသတ္တ နိဇ္ဇီဝ၊ အသက် သတ္တဝါဆိုတာ တကယ်မရှိဘူးလို့ သိရင် ကာယကံ၊ ဝစီကံ မနောကံတွေ သောင်းကျန်းနေစရာမလိုပါဘူး။ ကံ(၃)ပါးငြိမ်ဝပ်ပိပြားပြီး ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံ ကုသိုလ်တွေ ဖြစ်ပြီး ချမ်းသာသော ဘုံဘဝ၊ ချမ်းသာသော ဌာနသို့ ရောက် နိုင်ပါတယ်။ ဒီလိုချမ်းသာသော အဖြစ်မျိုးကို ရကြအောင်လို့ ဆရာတော်ဘုရားက —

**ကာယကံကုသိုလ်၊ ဖြစ်စေလို၊ ကိုယ်ကိုနှုးညံ့ပါ။**

လူတိုင်း၊ လူတိုင်းဘဲ ခု ပစ္စုပ္ပန်ဘဝမှာ ချမ်းသာချင်ကြ တယ်၊ အခြံအရံများချင်ကြတယ်၊ ကျော်စော ထင်ရှားချင် ကြတယ်၊ ဒီလို သမ္ပတ္တိဂုဏ်ကလဲ ကိုယ်ကိုနှုးညံ့မှ ရနိုင်တဲ့ အကျိုးတရားတွေ မဟုတ်လား။

## ဝစီကံကုသိုလ်၊ ဖြစ်စေလို၊ နှုတ်ချိုနှုးညံ့ပါ။

နှုတ်ကလဲ နူးညံ့သိမ်မွေ့ရမယ်၊ သီလနယ်ကပေါ့လေ၊ သီလရှိမှ သီလရဲ့အကျိုးတရားကလဲ ခံစားရတာ။

## မနောကံကုသိုလ်၊ ဖြစ်စေလို၊ စိတ်ကိုနူးညံ့ပါ။

အစက ပြောခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှုတွေ အရင်းစစ်တော့.... စိတ်က လာကြတာဘဲ၊ စိတ်ကငြိမ်ဝပ် ပိပြားနေရင် ဘယ်မှာ ကာယကံ ဝစီကံ ဖြစ်ပါ့မလဲ။ ဒါကြောင့်စိတ်ဟာ အလွန်အရင်းကျတဲ့ တရားလို့ မှတ်ရမယ်။ အကုသိုလ်ကံ မဖြစ်ဘဲ၊ ကုသိုလ်ကံကိုသာဖြစ်အောင်လဲ့ ဒီစိတ်ကိုဘဲထိန်းသိမ်းရပါ့မယ်။ မိမိသန္တာန်မှာ ကုသိုလ်ကံတွေဖြစ်နေမှ ချမ်းသာမှာ မဟုတ်လား။

ဒါ့ကြောင့်.... ဆရာတော်ဘုရားကလဲ သင်တန်းမှာ ညတိုင်း ဆုံးမတယ် မဟုတ်လား။ ကုသိုလ်ကံအမွေခံ ဖြစ်ရ၍၊ ချမ်းသာရပါလို၏။ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ငြိမ်းရပါလို၏။ စည်းစိမ်ဥစ္စာအပေါင်းမှ မပျက်မစီးရပါလို၏ စသည် ဆုံးမတယ် မဟုတ်လား။ ကုသိုလ်ဖြစ်အောင်နေမှ ကုသိုလ်ရဲ့အမွေခံဖြစ်ရမှာ ဒီလို ဆရာသမားများရဲ့ အဆုံးအမကို အရယူပြီးတော့ ကိုယ့်ရဲ့ ကာယက ဝစီကံ မနောကံမှာ ကုသိုလ်ဖြစ်အောင် အမြဲစောင့်ရှောက်ရမှာ၊ ခုတော့ ပုထုဇဉ်တွေ ချမ်းသာချင်တော့ ချမ်းသာချင်ကြတယ်၊ ကာယကံ ဝစီကံ မနောကံကြတော့

များသောအားဖြင့် သိပ်မထိန်းနိုင်ကြဘူး။ ကိုယ့်ကိုယ်ကို ချမ်းသာချင်ကြရင် သနားကြရင် ကုသိုလ်ဖြစ်အောင်နေပေါ့။ ဒါ့ကြောင့်.... ဆရာတွေကသဲ ဆုံးမထားတယ် မဟုတ်လား။

> **ကိုယ့်ကိုယ်ကို ကိုယ်သနားရင်ဖြင့် တရားနဲ့နေ၊ ဘဝဆိုတာ အစဉ်မရလို့၊ တဒင်္ဂသာ တခဏသာ တည်နိုင်ပေ။**

လူ့ဘဝဆိုတာ ခေတ္တ, ခဏသာနေကြရတာ ငရဲသက်ကြီးတွေနှင့် ချကြည့်၊ တကဲ့ ခဏလေးမဟုတ်လား။ အဲဒီတော့— နေရတဲ့ ရက်ကလေး, နှစ်ကလေး, ဘဝကလေးမှာ ကုသိုလ် ဖြစ်အောင် နေဘတ်ကြဘို့ အရေးကြီးပါတယ်။ ကုသိုလ်ရအောင် နေမှ ကိုယ့်ကိုယ်ကို သနားရာကြမှာ။ ဒါကြောင့်—

> **ကိုယ့်ကိုယ်ကို သနားရင်ဖြင့် တရားနဲ့နေ၊ ဘဝဆိုတာ အစဉ်မရလို့၊ တ ဒ င်္ဂ သာ, တ ခ ဏ တာ တည်နိုင်ပေ။**

ကုသိုလ်ဖြစ်အောင် မနေတတ်ရင်တော့ ကိုယ့် ဝန် ကိုယ်ထမ်း ဆိုသလိုဘဲ၊ ကိုယ်ပြုတာတွေဟာ ကိုယ်ဘဲ လက်တွေ့ခံစားကြရ အုံးမှာ၊ မြတ်စွာဘုရားကြီးကလဲ **ဆာယာဂ္ဂဝ** တဲ့၊ ပြုထားသော အမှုများဟာ ဘယ်တော့မှမခွဲခွါဘဲ အမြဲပါနေတယ်လို့ မှတ်ရမယ်တဲ့။ လောကအရိပ်ကထွက်နေသောအရိပ်ဟာ အရိပ်နှင့် မခွဲဘဲ အရိပ်သွားရာ အမြဲပါနေဘိသကဲ့သို့ ဒီမှာလဲဘဲ ပြုထား

သော အမှုတွေဟာ ဘယ်ဘဝမှ မခွဲကြဘူး၊ ယခုလောကကြီး မှာ ကြည့်ရင်လဲ အလွန်ထင်ရှားပါတယ်။ အသွေး, အရောင် အမှုအရာတွေဟာ ကွဲပြားပြီး တမိထဲဖွားတာတောင် မယုံကြည် လောက်အောင် ကွာခြားကြတယ် မဟုတ်လား။

ဒါကိုယ်ပြုတဲ့အမှု ကိုယ်ထမ်းဆောင်နေကြရတာဘဲ။ အလွန် ထင်ရှားသော လောကဥပမာနှင့် ကြည့်မယ်ဆိုရင် ဘူတာရုံ, သင်္ဘောဆိပ်, ကားဂိတ်တွေမှာ သွားလာနေကြတဲ့ ခရီးသွား ဧည့်သည်များကြည့်ပါလား။ကိုယ့်အထုပ်အပိုးနှင့်ကိုယ် ထမ်းပိုး ယူဆောင်ကြရတာဟာ ကိုယ်စီ, ကိုယ်ငှဘဲ။ အဲဒါလိုဘဲ ဘဝ သံသရာ ခရီးသည်တွေဟာ သွားလာနေကြရတာ။ ရပ်နားနေ ရတဲ့ ဘဝရယ်လို့ မရှိဘူး။ လောကကြီးမှာ မြင့်မြင့်သမျှ၊ ကြားကြားသမျှ ဘယ်လောက်တရားရဘို့ကောင်းသလဲ၊ သံဝေဂ ရဘို့လဲ အလွန်ကောင်းပါတယ်။ ဒါကြောင့်—

ကိုယ်ပြုတဲ့ ကိုယ့်အမှုတွေ၊ ကိုယ်သာ ထမ်းလို့ လမ်းလျှောက်ကာနေ၊ မြင်ရာတရားပြနေ၊ ကြားရာ တရားပြနေ၊ မြင်တာတွေ တရားပြနေ၊ ကြားတာတွေ တရားပြနေ။

သံဝေဂဉာဏ်နှင့် ဦးစီးပြီးကြည့်လိုက်တော့- ဟောဒီ သံသရာ ကြီးထဲမှာ ကာယကံအပြစ်တွေ၊ ဝစီကံအပြစ်တွေ၊ မနောက အပြစ်တွေနှင့် နေရမှာ ဘယ်လောက် ကြောက်စရာကောင်းသလဲ ဒါကြောင့်....

မြင်ရာတရားပြနေ၊ ကြားရာတရားပြနေ၊ မြင်တာတွေ တရားပြနေ၊ ကြားတာတွေတရားပြနေ၊ ကောင်း ဆိုး ပေါ်သမျှ အာရုံထွေထွေ၊ ဘာဝနာ တရားကို ပွားနိုင်ကြပါစေ။

လို့ ဘုရားသာသနာတော်ကြီးနှင့် တွေ့တဲ့ အခါ ကာယ ကံ သောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု၊ မနောကံသောင်းကျန်း မှုတို့မှ လွန်မြောက်ပြီး၊ ကံ(၃)ပါး ငြိမ်ဝပ်ပိပြားသွားအောင် အစကပြောခဲ့တဲ့ ခန္ဓာငါးပါး တရားကြီးကို ဘုရား ဥပမာ တော်ကြီးနှင့် တထပ်ထည်းကျအောင် ရှုကြရမယ်။ ရေမြှုပ်, ရေပွက်, တံလျှပ်, ငှက်ပျော, မျက်လှည့်နှင့်တူစွာ ရှုပွားသွားကြ မယ် ဆိုရင် စိတ်ဓာတ်တွေလဲ ယဉ်ကျေးနိုင်ပါတယ်။ဒါ့ကြောင့် စိတ်ဓာတ်တွေလဲ ယဉ်ကျေးလာရင် ကာယကံလဲမသောင်းကျန်း တော့ဘူး၊ ဝစီကံလဲ မသောင်းကျန်းတော့ပါဘူး။ ရှင်တော် ဘုရားကလဲ ဓမ္မပဒမှာ စိတ်ကိုထိန်းကြလို့....

ဥဒကံဟိနယန္တိနေတ္တိကာ၊ ဥသုကာရာဒမယန္တိတေဇနံ၊
ဒါရုံဒမယန္တိတစ္ဆကာ၊ အတ္တာနံဒမယန္တိပဏ္ဍိတာ။

လို့ မြတ်စွာဘုရားဟောကြားတော်မူပါတယ်။ ထိုဒေသနာတော် ကြီးဟောတော်မူရခြင်း အကြောင်းရင်းကတော့... မြတ်စွာဘုရား လက်ထက်က (၇)နှစ်အရွယ်မှာ ပဋိသမ္ဘိဒါနှင့်တကွ ကိလေသာ ကုန်ခန်းလို့ ရဟန္တာဖြစ်တော်မူတဲ့ ပဏ္ဍိတရှင်သာမဏေကို အကြောင်းပြု၍ ရဟန်းအပေါင်းအား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်ကြီးဖြစ်ပါတယ်။

အဲဒီ **ပဏ္ဍိတရှင်သာမဏေ**ဟာ (၇)နှစ်အရွယ်မှာ ကိလေသာတွေကုန် ရဟန္တာဖြစ် ဝိဇ္ဇာဥာဏ်ကြီးပေါက်ပြီး သွားရတာ ဘယ်ဘဝက စရဏတရား အခြေခံသားခဲ့ပါသလဲ ဆိုတော့....

ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူစဉ်က ပဏ္ဍိတရှင်သာမဏေ အလောင်းဟာ အလှူဆင်းရဲသော သူဆင်းရဲဘဝကို ရောက်ရရှာပါတယ်။ အလှူဆင်းရဲသော ဘဝဆိုတော့သူတပါးတွေ လှူသလိုလဲ မလှူနိုင်ရှာဘူးပေါ့ရှင်။

သူ့ရဲ့ဘဝတလျှောက်လုံးမှာ **အလှူဒါန** **အလှူန်**နဲ့ခဲ့တယ်ပေါ့၊ တနေ့သောအခါ ဆွမ်းအလှူပွဲမှာ ကံအာလျော်စွာဆိုပါဘော့.... အခြားသော သံဃာများကို စာရင်းပေါက်သွားပြီး, နောက်ဆုံး ကဿပမြတ်စွာဘုရားကြီးကို ဆွမ်းလှူဒါန်းလိုက်ရပါတယ်၊ အဲဒီ ကဿပမြတ်စွာဘုရားကြီး ဆွမ်းလှူပြီးသည့်နောက် ပထမဇောစေတနာက အကျိုးပေးပြီး ရွှေမိုး, ငွေမိုးတွေ ရွာလို့၊ အဲဒီဘဝနောက်ပိုင်းမှာ ရွှေသူဌေး, ငွေသူဌေးကြီးဖြစ်ပြီး၊ နောက်အသက်ထက်ဆုံး ဒါနပြုပြီး အချိန်ကုန်ကြပါတယ်။

အဲဒီဘဝမှ ကွယ်လွန်ကဲ့ပြီး ခု ဂေါတမရှင်တော်ဘုရားပွင့်သည့်တိုင်အောင် တဘဝမှ အပါယ်လေးပါးသို့ မဖြစ်ရဘဲ လူ့ဘဝ, နတ်ဘဝတို့မှာ စံနစ်ဆန်ပြီး၊ အဆုံးဘဝမှာ **ပဏ္ဍိတရှင်သာမဏေ**ရယ်လို့ ဖြစ်လာရပါတယ်။ ဖြစ်လာသောအခါ သေးသေးသိမ်သိမ် မဖြစ်ရဘဲ သေဌေး ဝမ်း မှာ ဝင် စား ပြီး (၇)နှစ်အရွယ်မှာ အကျော်အစောဖြစ်ရတယ်။ ဒါ ဆွမ်း လှူ ကဲ့သော ဒါနရဲ့အစွမ်းပါ၊ ဒါနတရားများ ဘယ်လောက် ပြု ဘို့ကောင်းသလဲ။ အဲဒီ **ပဏ္ဍိတရှင်သာမဏေ**ဟာ ဘယ်တရားကို

အားထုတ်ခဲ့သလဲဆိုတော့.... စိတ်တရားကို အားထုတ်တာပါဘဲ၊ စိတ်တလုံးကို နိုင်လို့ရှိရင်လဲ စိတ်မှာယှဉ်နေတဲ့ ကိလေသာတွေ ဟာ ကုန်ခြင်းသို့ ရောက်ရတော့တာပေါ့။ ဒါ့ကြောင့်—ရှင်တော် ဘုရားကြီးက ဓမ္မပဒမှာ စိတ်ကို ဆုံးမကြလို့။

ဥဒကံဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာဒမယန္တိ တေဇနံ၊
ဒါရုံဒမယန္တိ တစ္ဆကာ၊ အတ္တာနံဒမယန္တိ ပဏ္ဍိတာ။ ။

နေတ္တိကာ၊ တိုင်းပြည်အတွက် အသက်သွေးကြော ပမာ၊ ကိုယ်ခရာ, စိတ်ပါ ညီညာဖြဖြ လုပ်အားပေးကြ တဲ့ ပြည်သူ့လုပ်သား, တောင်သူလယ်သမား ဦးကြီး များတို့သည်၊ ဥဒကံ၊ မြစ်ချောင်း, အိုင်အင်း, ဂနိုင် တွင်းမှ၊ အပြိုင်မြိုင်ဆင်းနေတဲ့ ရေတသင်းကို။ နယန္တိ၊ ခန့်ခွမောင်း ကြိုယာအပေါင်းနှင့် သောင်းပြောင်းအခြေ လုပ်လျက် ရေစုပ်သည့်စက် အဆက်ဆက်တို့ဖြင့် လယ် မပျက်အောင် သွယ်လျက် ဥဘဏ် ကူ၊ ဆောင်ယူ လုပ်ကိုင်ကြလေကုန်၏။

ဒီဒေသနာတော်ကြီးရဲ့ အဓိပ္ပါယ်ကတော့ လောကဥပမာကို မှီပြီး ကိုယ်သန္တာန်ဖြစ်ပေါ်နေသော စိတ်တရားကို ထိမ်း သိမ်းဘို့ပါဘဲ။ လောက အတုယူစရာကတော့....ယခု တောင်သူ လယ်သမားဦးကြီးများပေါ့ရှင်၊ အားလုံး မြင်ဘူးကြတဲ့အတိုင်း၊ လယ်တွေများ စိုက်ပျိုးထားသောအခါ ထိုလယ်မှ ခံစားရမဲ့ အသီးအနှံများ အောင်မြင်ရန်အတွက်နှင့် ဟိုအညာမှ စီးဆင်း

လာကဲ့တဲ့ ရေများကို ကိုယ်စီကိုယ်ငှ ကြိယာတွေ စုံလင်စွာဖြင့် ရေယူကြတာကို အားလုံးမြင်ဘူးကြမယ်ပေါ့။ အချို့မှာလဲ တူးမြောင်းတို့ဖြင့် သွယ်ပြီး မြင့်နေသော မြေများကိုနိမ့်အောင် ပြုပြီး ယူကြတယ်။ မသွားစေလိုသော နေရာများကို ပိတ်ဆို့ပြီး သွားစေလိုသောရေလမ်းများ ဖွင့်ကာယူဆောင်ကြတယ်။

အညာမှ စီးဆင်းလာသော ရေများကို ဒီလိုပြုပြင်မပေးရင် စိုက်ပျိုးထားသော လယ်ခင်းများ အောင် မြင် နိုင် ပါ့ မ လား။ ဒီရေတွေကော အသုံးကျ အ သုံး ဝင် ဖြစ် ပါ့ မ လား။ ရေရဲ့ သဘာဝအတိုင်း အလကား အလဟဿ နိမ့်ရာကို စီးဆင်းသွားကြမယ် မဟုတ်လား။ ဒါကြောင့် မို့ တောင်သူ လယ်သမား ဦးကြီးများဟာ အချိန်မှီ အခါမှီ ဆောလျင်စွာ ရေကိုယူကြတာကိုး။

မြတ်စွာဘုရားက အဲဒီ တောင်သူလယ်သမားဦးကြီးတွေကို အတုယူပြီး မိမိသန္တာန်မှာဖြစ်သော စိတ်တရားကိုလဲ အသုံးပြုတတ်ရမယ်တဲ့။ ဒီစိတ်အသုံးမပြုတတ်ရင် ပါပသ္မိံ ရမတိ မနော အရ မကောင်းရာကိုသာ အမြဲသွားလေ့ရှိတယ်။ ဒါကြောင့်မို့ ဒီစိတ်တရားကို အမြဲပြုပြင်နေရတာ၊ ဒါနစိတ်တွေ ဖြစ်အောင် သီလစိတ်တွေဖြစ်အောင် ဘာဝနာစိတ်တွေဖြစ်အောင် ပြုပြင်ပေးကြရတယ်။ သူ့ကိုမပြုပြင်ဘဲ ထားရင် လောကီအာရုံ ကာမဂုဏ်ဘက်သာအမြဲကျက်စားလေ့ရှိတယ်။ ဒီလောကီအာရုံ ကာမဂုဏ်ဘက်သို့ကျက်စားနေရင်ရှင်တို့ ကျမတို့လိုလားကြတဲ့မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ဆိုသောတရားများကိုရနိုင်ပါ့မလား။ တောင်သူလယ်သမားဦးကြီးများတို့ ရေကိုပြုပြင်မပေးဘဲအတိုင်းတိုင်းထား

ရင် စိုက်ပျိုးထားသော အသီးအနှံများ မအောင်မြင်နိုင်ဘိ သကဲ့သို့၊ ဒီစိတ်တရားကို ဘာဝနာစိတ်ဖြစ်အောင် ပြုပြင်မပေး နိုင်ရင် သူ့ပင်ကိုယ်သဘောအတိုင်း ထားရင် မရှု့ မပွားရင် မဂ်သီး, ဖိုလ်သီးများ အောင်မြင်နိုင်ပါမလား။ ဒါကြောင့်.... ရှင်တော်ဘုရားက စိတ်တရားကို ပြုပြင်ပေးကြလို့.

နေတ္တိကာ၊ ငှိုင်းပြည့်အတွက် အသက်သွေးကြော ပမာ၊ ကိုယ်ခရာ, မံတ်ပါ ညီညာဖြဖြလုပ်အားပေးကြတဲ့ ပြည်သူ့သားတောင်သူလယ်သမား ဦးကြီးများတို့သည်။ ဥဒက၊ မြစ်ချောင်းအိုင်အင်း, ဂနိုင်တွင်းမှ အပြိုင်ပြိုင် ဆင်းနေတဲ့ ရေတသင်းကို။ နယန္တိ၊ ခန့်ခွဲမောင်း ကြိုယာအပေါင်းနှင့် သောင်းဇပြောင်း အခြေလုပ်လျက်၊ ရေစုပ်သည့်စက် အဆက်ဆက်တို့ဖြင့် လယ်မပျက်အောင် သွယ်လျက် ဥဒါကကိုဆောင်ယူ လုပ်ကိုင်ကြလေကုန်၏။

နောက်တနည်းကတော့ ... မုဆိုးကြီးများ မြှားကို ဖြောင့် အောင် ပြင်ကြသလို စိတ်ကို ပြုပြင်ရအုံးမှာတဲ့ အဲဒီတော့.... မုဆိုးကြီးတွေဟာ ခန္ဓာဝန် အသက်မွေး ဝမ်းကြောင်း အတွက် တောထွက်ကြမယ်ဆိုရင် ရှေ့ဦးစွာ သူတို့အသုံးပြုမြဲဖြစ်တဲ့ မြှား များကို ကြည့်ပြီး အမြဲပြုပြင်ကြရတယ်။ မြှားဆိုတာမျိုးဟာ နေပူလွန်းရင်လဲ ကောက်တယ်။ မိုးရွာပြန်လဲ ကောက်တယ်။ ဒါကြောင့်မို့ တောမုဆိုးတွေဟာ သွားခါနီးရင် မြှား, လေး တွေကို ကြည့်ကြည့်ပြီး မီးကလေးဖြင့်ကင်ပြီး ဒူးဖြင့်တယ်ရျှဖြောင့် ကြရသတဲ့။

**စိတ်တရားကိုလဲ ရှင်တော်ဘုရားကြီးက ဖြောင့်တန်း ထားပါတဲ့ အကောက်အကွေ့တွေ မဖြစ်ပါစေနှင့်တဲ့။**

ဝိပဿနာတရား အားထုတ်တော့မယ်ဆိုရင် ရှေးဦးစွာ ဘာအရေးကြီးသလဲ။ စိတ်ဖြောင့်စင်းရမယ်ပေါ့၊ ဖြောင့်စင်းပြီး သမာဓိရှိနေမှ ဝိပဿနာတရားကို မြင်နိုင်တယ်။ သမာဓိတရား မရှိလို့ စိတ်မဖြောင့်စင်းရင် ...လွန်ရှုးညွှံသိမ်မွေ့လှတဲ့ ပရမတ်တရားကြီးကို မြင်နိုင်ပါ့မလား။ ဒါကြောင့်....

**ယုံကြည်ကျန်းမာ ဖြောင့်စင်းစွာနှင့် ဥဿာဟမှု၊ ပညာ ရှုသည်** ငါးခုပဓာနိယင်္ဂတရားတည်းလို့ ဆိုတဲ့အတိုင်း ပဓာနိယင်္ဂတရားငါးပါးထဲမှာလဲ **ဖြောင့်စင်းရမယ်လို့** ပါနေတယ်။ အစကပြောကဲ့တဲ့ တောမှဆိုးကြီးတွေဟာ မြွေးမကောင်းရင် မြွေးကြီးက လိမ်ကောက်နေရင် သူတို့အလိုရှိကြတဲ့ သမင်၊ ဒရယ် ဂျီငယ်၊ စိုင်ဆတ်၊ ဖွတ်ပဒတ်ပေါ့လေ၊ ဒီသတ္တဝါတွေ ရနိုင်ပါ့မလား။ မြွေးကမှ တန်းနေအောင်မသွားဘဲ၊ ဘယ်ရနိုင်ပါ့မလဲလို့၊ ဒါကြောင့်မို့ တောမှဆိုးတွေ မြွေးကို အမြဲဖြောင့်ကြသလို၊ ချစ်သား၊ ချစ်သမီးတို့လဲ စိတ်ကိုဖြောင့်စင်းအောင် ပြုပြင်ကြလို့....

ဥသုကာရာ၊ အသက်မွေးမှု တခုပညာ ကိုယ်စီပါတဲ့ မြွေးလုပ်ပညာ မြွေးဆရာတို့သည်။ **တေဇနံ၊ ချိန်ရာ မရောက် ရှယ်တိုင်းမပေါက်သဖြင့်၊ အသွားမဖြောင့်၊ တခြားရောက်နေတဲ့ မြွေးကောက်ကို။ ဒမယန္တိ၊ လိုတ၊ ရစေ ကိုးသို့ခွေ၍ အခြေမယွင်း ဖြောင့်၍ ပစ်ခွင်း ကြလေကုန်၏။**

သူတို့လိုလားကြတဲ့ သားကောင်များကို ပစ်ခွင်းလိုက်သော အခါ တန်းကနဲသွားအောင် မြှားကို အလွန်ဂရုစိုက်ကြသလိုဘဲ၊ ယခု ရှင်တို့ ကျမတို့ တရားအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ် အပေါင်းတွေမှာလဲ ဘာဘေ့ကို ချိန်ရွယ်ထားကြသလဲ။ တသံ သရာလုံးက မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဆိုတာ တွေ ချိန်ရွယ်ထားကြတယ် မဟုတ်လား။။ ချိန်ရွယ်ထားသည့် အတိုင်း တန်းကနဲမြင်အောင် ဝိပဿနာမြှား အချိုးကျ ဘို့ အရေးမကြီးဘူးလား။ ဝိပဿနာဆိုတာလဲ သိကြပြီး သား အတိုင်း အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ၊ ဒါတွေအဆင်ပြေမှ သူ့ဝိပဿနာနှင့် သူ့မဂ် သူ့ဖိုလ် ဓမ္မနိယာမ အတိုင်း မပေါ်ချင်မနေရဆိုသလို ပေါ်လာကြရိုးလို့, ဆရာတွေ ဆုံးမသံလဲ အမြဲကြားခဲ့ကြပြီးသားတွေ၊ အနိစ္စာနုပဿနာဉာဏ် ဖြောင့်တန်းသွားလို့ရှိရင် အရိပ်နိမိတ်တွေ ကင်းသည်းပြီး အနိ မိတ္တမဂ် အနိမိတ္တဖိုလ် အနိမိတ္တနိဗ္ဗာန်ကြီးကို တဆက်ထည်းလို့ ဆုံးမကြပါတယ်။

ဒုက္ခာနုပဿနာဉာဏ် ဖြောင့်တန်းသွားရင် တောင့်တ, သာ ယာဘွယ်တွေ ကင်းသည်းပြီး အပ္ပဏိဟိတမဂ်, အပ္ပဏိဟိတဖိုလ်, အပ္ပဏိဟိတနိဗ္ဗာန်ကြီးကို တဆက်ထည်းလို့ သိရပါတယ်။ အနတ္တာနုပဿနာဉာဏ်ဖြောင့်တန်းသွားပြန်ရင်လဲ အကြိတ်,အခဲ, အဆံအမာနှင့် အသုံးချစရာရယ်လို့ ဘာတခုမှမရှိဘဲ အထယ် ကိုယ်ကင်းသည်းပြီး သုညတမဂ်, သုညတဖိုလ်, သုညတနိဗ္ဗာန် ကြီးလဲ တစပ်ထည်းပါဘဲတဲ့။ ဒါကြောင့်… ချိန်ရွယ်လာကဲ့ ကြတဲ့ မဂ်တို့ ဖိုလ်တို့ နိဗ္ဗာန်တို့ဆိုတာတွေဟာ ရှု,ပွားမှု ဝိပဿနာစိတ်ရဲ့ ဖြောင့်တန်းဘို့သာလျှင် ပဓာနပါလို့။ ဒါကြောင့်….

**ဥသုကာရာ၊ အသက်မွေးမှု တခုပညာ ကိုယ်စီပါတဲ့ မြွားလုပ်ပညာ မြွားဆရာတို့သည်။ တေဇနံ၊ ချိန်ရာ မရောက် ရှယ်တိုင်းမပေါက်သဖြင့် အ သွား မ ဖြောင့် တခြားရောက်နေတဲ့ မြွားကောက်ကို။ ဒမယန္တိ၊ လိုတ ရစေ ကြိုးသို့ခွေ၍။ အခြေမယွင်း ဖြောင့်၍ ပစ်ခွင်း ကြလေကုန်၏။**

နောက်တနည်းက ရှင်တော်ဘုရားကြီးက ဘယ်လိုဆုံးမတော် မူပါသလဲဆိုတော့.... လောကမှာ အဆောက်အဦး အမျိုးမျိုးကို ပြုလုပ်နိုင်တဲ့ လက်သမားဆရာကြီးတွေကိုလဲ နည်း ယူ ပြီး တော့ စိတ်ကို ဆုံးမနိုင်ရမယ်တဲ့။ ယခုလောက ဘုံနန်းစမုတ် ပြုလုပ် နေကြတဲ့ လက်သမားဆရာကြီးတွေဟာ သူ တို့ လုပ် နေ ကြ တဲ့ ဝတ္ထုတွေကြည့်စမ်းပါရှင်၊ အလွန်ကြမ်းထမ်းတဲ့ သစ်သားအရိုင်း ကြီးတွေ မဟုတ်လား။ ကိုရိယာ့အမျိုးမျိုး ဖြစ်နိုင်စရာတောင် မရှိဘူး။ ဒါပေမဲ့ သူတို့ ပညာစွမ်းဖြင့် ပြု လုပ် ထား လို့ သာ သုံးဖြစ်ကြတာ။ မြစ် ထဲ မှာ မျော လာ တဲ့ သစ် တုံး ကြီး တွေ၊ စက်ရုံဘေးမှာရှိတဲ့ သစ်တုံးကြီးတွေ ဘယ်လိုမှ မပြုပြင်ရသေး တော့ ဘာရယ်လို့ ပြောမဖြစ်ဘူး။အဲဒါလိုစိတ်တရားကို ဝိပဿနာ ဉာဏ်ပညာစွမ်းဖြင့် အသုံးကျ အသုံးဝင် ဖြစ်လာအောင် ဆုံးမ ပါလို့ ရှင်တော်ဘုရားကြီးက....

**တစ္ဆကာ၊ ဘုံနန်းစမုတ် ဆောက်လုပ်လေပြီး လက် သမားဆရာကြီးတို့သည်။ ဒါရုံ၊ အသားမာ, အသားမှ, ကောက်ကွေး လျှငြား သစ်ရိုင်းများကို။ ဒမယန္တိ၊ ချမ်းချမ်း သာသာ နေထိုင်စရာအတွက်၊ ဤအချက် ကြောင့် အကွက်ကျထွင် သူ အ မြင် ဖြင့် ပြု ပြင် ၍။ နေကြလေကုန်၏။**

လောကကြီးထဲမှာ အသုံးပြုနေကြတဲ့ စားပွဲ၊ ကုလားထိုင်စသော ဝတ္ထုပစ္စည်းတွေဟာ သူ့ရဲ့ပင်ကိုယ်ပကတိ သစ်သားအရိုင်းကို ဒီအတိုင်းထားရင် လောကကြီးထဲမှာ အသုံးဝင်ပါ့မလား။ အဖျင်းဆုံးအားဖြင့် ထင်းတောင် နဲ့စိတ်ပြီးမှ ဆိုက်ဖြစ်တယ် မဟုတ်လား။ မိမိသန္တာန်ဖြစ်နေတဲ့ စိတ်ဟာလဲ အလွန်ရိုင်းတယ်တဲ့။ ရှင်တော်ဘုရားကြီးက၊ ချစ်သားတို့၊ ချစ်သမီးတို့ မပြုပြင်ဘဲများ **မထားကြလေနဲ့ အမြဲ စိတ်ကိုကြည့်ကြလို့**၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ—

**အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ။**

**သကံ စိတ္တံ**၊ မိမိစိတ်ကို၊ **အဘိက္ခဏံ**၊ မပြယ်မလပ် အထ ထပ်၊ **ပစ္စဝေက္ခိတဗ္ဗံ**၊ ဆင်ခြင်အပ်၏လို့ ဟောကြားတော်မူခဲ့သည်နှင့်အညီ လက်သမားဆရာကြီး အ ရိုပ် တ ကြည့် ကြည့် နှင့် ကြည့်ကောင်းအောင်၊ ရှုကောင်းအောင်ပြုလုပ်ဘိသကဲ့သို့ ဒီစိတ်တရားကိုလဲ ဒုစရိုက်မဖြစ်စေရဘဲ သု စ ရိုက် မှု တွေ သာ ဖြစ် အောင် ကြည့်နေကြရမှာ ဆုံးမနေကြရမှာ။ ဒါကြောင့်....

တစ္ဆကာ၊ ဘုံနန်းစမုတ် ဆောက်လုပ်လေပြီး လက်သမားဆရာကြီးတို့သည်။ ဒါရုံ၊ အသားမာ၊ အသားပွ၊ ကောက်ကွေး လှုငြား သစ်ရိုင်းများကို။ ဒမယန္တိ၊ ချမ်းချမ်းသာသာ နေထိုင်စရာအတွက် ဤအချက်ကြောင့် အကွက်ကျထွင် သူ့အမြင်ဖြင့် ပြုပြင်၍ နေ ကြ လေ ကုန်၏။

ပညာရှိသူတော်ကောင်းတွေ၊ အရိယာသခင် သူတော်စင်တွေ ကျတော့.... စိတ်တရားကို ကြည့်ပြီး အမြဲပြုံးပြင် နေကြတယ်တဲ့။ ယခု မိမိတို့တတွေမှာတော့— ကြည့်ရမဲ့ဟာကို မကြည့်၊ သိရမဲ့ ဟာကို မသိ၊ ဘာမဟုတ်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေ နှင့်သာ ပျော်ရွှင်မြူးထူးပြီးနေကြ၊ ဒီတရာ ဘေ့ဟာ ပျော်စရာ ကောင်းသော အအေးတရားတွေလဲ ဟုတ်ထာမဟုတ်ဘူး။ အပူ တရားတွေ၊ သူတို့အပေါ် မတွေးလိုက်ရင်နေရော တွေးလိုက်ရင် ပူရပြီ၊ မခံစားလိုက်ရင်နေရော ခံစားလိုက်ရင် ပူရပြီ၊ ဒီအပူတွေ ထဲမှာ အအေးရှိနိုးနိုး ရှာလိုက်ကြတာ၊ အအေးများ တွေ့ကြရဲ့ လား။ အအေးမရှိသော အပူတောကြီးမဟုတ်လား။ ဒါကြောင့်....

**ပဏ္ဍိတာ၊ အရိယာသစ္စာ အရိယာတိုသာ ရှုပွား၊ အရိယာတရားကို၊ ဥာဏ်အားကြည်ဘိ ဗျုပ္ပတ္တိကြောင့် ကဝိအာစာစား ပညာရှိအများတို့သည်။**

ပညာရှိများကျတော့ ... အာရုံငါးပါးနှင့် စပ်တဲ့စကားဆိုရင် နားရှိသို့ သာကြားရ၊ မကြားခြင်တော့ဘဲကိုး။ ဘာကြောင့်လဲ ဆိုတော့ ... အတွင်းခါတ်က ဘာ မှ မ ဟုတ် တာ သိ နေ တော့ မျက်စိက မြင်ရ, နားက ကြားရပေမဲ့ စိတ်ကမပါတော့ဘူး။ ခါတ် မလိုက်တော့ ခါတ်ကြောက်ကို ကြောက်နေဘော့တာဘဲတဲ့။ စိတ် မပါတော့, မဟုတ်မှန်းသိလာတော့ ပျင်းမုန်းလာတော့မှာပေါ့။ ခုလို ပျင်းမုန်းလာပုံကို တတိယ နာယက ဆရာတော်ဘုရားကြီး ဆုံးမတော်မူဘူးတယ်။ ဘယ်လိုလဲဆိုတော့ ဟိုနားမှာသစ်ငုတ် ကြီး တခုရှိတယ်တဲ့၊ အဲဒီသစ်ငုတ်ကြီးကို လူကဲ့သို့အောက်မေ့ပြီး **လူချင်းစကားပြောသလို တနာရီလောက် ပြောနေချေစမ်းလို့**

ဆရာတော်က ခိုင်းမယ်တဲ့ သွားပြီးပြောနေနိုင်ကြပါ့မလားတဲ့။ လူမဟုတ်မှန်းသိလျက်နဲ့ လူထင်ပြီးပြောနေရမှာ ပျင်းစရာကြီး မဟုတ်လား၊ ပျင်းကြတယ်မဟုတ်လား၊ ဘာဖြစ်လို့ ပျင်းတာလဲ လူမဟုတ်ဘူးဆိုတာ သိလို့တဲ့။ အဲဒီဥပမာလို ရုပ်ခတ်၊ နာမ်ခတ်၊ ပရမတ္ထ သဘာဝမျှတို့ အပေါ်၌ နိဿတ္တနိဇ္ဇီဝကို မြင်နေကြသော အရိယာသခင် သူတော်စင်တွေဟာ ငါးပါးသော အာရုံတရားတွေနှင့် တွေ့သော်လဲ မပျော်မွေ့တော့ဘူး။ သစ်ငုတ်မှန်းသိတော့ စကားမပြောချင်တော့သလို ခုပုထုဇဉ်တွေမှာ တပျော်တပါးကြီး၊ သမုဒယပုဒ်နှင့်စပ်လာရင် အသဲရော အူပါ ဝမ်းပန်းတသာ ခံစားကြ၊ မပျင်းနိုင်၊ မမောနိုင်ကြဘူး။ အဲဒါ ဘာ့ကြောင့် လဲ ဆိုတော့ ခတ်ရင်းကို မသိလို့ပါဘဲ။ ဒါကြောင့်—

> **အတ္တာနံ၊ အာရုံမှ ပျော်ပုံမှာ ရသရှာလျက် ငါက တလူလူ ဗာလမူဖြင့်၊ ပါပဆူကာ မာနထူပြီး ဂါဟ ယူ၊ အပူမိ၍။ အသိမမွေ့ချို သတိတွေ လိုနေကြတဲ့ မိမိကိုယ်ကို။**

ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တော့— ဘုရားသာသနာနှင့် တွေ့ပါလျက် အော်.... ငါတို့အင်မတန် တွေ့ခဲတဲ့ သာသနာမျှ၊ မြတ် သမယကြီးနှင့်ဖြင့် ရင် ဆိုင် တွေ့ နေ ကြ ပြီ၊ တွေ့တုန်းကို အားကုန်ခဲရမှာပါလို့ သတိတရားလိုနေတတ်ကြတယ်။ အာရုံ ငါးပါး ကာမဂုဏ်တရားတွေသာ အကောင်းထင်ပြီး အတွေ့ တော်ကြီးလုပ်ပြီး၊ ဒီအရသာမျိုးကို ငါသာကျွင် ခံစားနိုင်တယ် လို့ မာန်မာနတွေလဲ တက်နေတတ်ကြသေး၊ အဲဒါလို မာန်၊

ဗာလ၊ ပါပ၊ ဂါဟဆိုတဲ့ တရားတွေနှင့်သာ အချိန်ကုန်ကြမယ် ဆိုရင် ဘုရားသာသနာနှင့် တွေ့ကြုံကျိုး နပ်ကြပါ့မလား။ ဒါကြောင့်....

**အတ္တာနံ၊ အာရုံခမ္မ ပျော်ပုံမှမှာ ရသာရှာလျှက် ငါက တလူလူ ဗာလမှုဖြင့် ပါပဆူကာ မာနထူပြီး ဂါဟယူ အပူမိ၍ အသိခမွေ့ချိ သတိတွေလို နေကြတဲ့ မိမိကိုယ်ကို၊ ဒမယန္တိ၊ လယ်တွင် ရေဝ၊ မြွားဖြောင့်ရ၍၊ သစ်ရိုင်းမှ အိမ် ဝင်းဝင်းထိန်သလို မနိန္ဒြေအညစ်ခမ္မကို အချိန်တွေ မလစ်ကြရလေအောင်။**

ဘယ်တော့မှ အလင်းမပေးတဲ့ ခြောက်ဒွါရမှာ ကျရောက် ဖြစ်ပေါ်လာသော ရုပ်နာမ်ခမ္မရဲ့ အပေါ်မှာ အဟုတ်ဥာဏ် ရအောင် ရှုပွားနေကြရမှာ၊ မရှုမပွားဘဲမျှား နေလိုက်ရင်တော့.... လောဘ, ဒေါသ, မောဟ, တဏှာ, မာန, ဒိဋ္ဌိစသော ကိလေသာ တရားတွေက အလစ်သုတ်ဘို့ရာ ချောင်းမြောင်း နေကြတာ အကြောင်းမတော်သေးခင်မှာ ချမ်းသာ ပေးထားကြတာ။ အခွင့်သာ အခါရောက်ရင် ဖြစ်ပေါ်ဘို့စောင့်နေကြတာ။ ခု မဖြစ်သေးပေမဲ့ ဖြစ်မဲ့ သဘောကတင်းကျမ်းအပြည့် ရှိနေကြဘယ်၊ ဒါကြောင့်မို့ ဒီတရားတွေ ပေါ်မလာနိုင်အောင် မြင်တိုင်း, ကြားတိုင်း, ရုပ်နာမ်ကိုသာ ပွားရှုနေကြရတယ်။ ရှင်တော် ဘုရားကြီးကလဲ မဖြစ်သေးတဲ့ အကုသိုလ်တရားများကို မဖြစ် အောင် အားထုတ်ရမယ်လို့ သမ္မပ္ပဓာန်တရား(၄)ပါးမှာ—

**အနုပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယ ဝါယာမော။** လို့ ဟောတော်မူခဲ့ပါတယ်။

နောက်ပြီးတော့ ... ဖြစ် ပြီး သော အကုသိုလ် တ ရား တွေ လဲ မဖြစ်အောင် အားထုတ်ရမယ်တဲ့။ ဖြစ်ပြီးသား အကုသိုလ်တရား တွေကဘာတွေလဲ ရှင်တို့ ကျမတို့ရဲ့ သန္တာန်မှာ ပြန် ကြည့် လိုက် တော့— သံ သ ရာ ကြီး က လဲ အလွန်တရာရှည်လျှားကဲ့ကြပြီ၊ ဒါကြောင့်မို့ သာသနာအဆုံးအမ မရရင် မပြုခဲ့တဲ့ မပြုဘူးတဲ့ အကုသိုလ်ရယ်လို့ မရှိပါဘူး။ တ်ငါ၊ မုဆိုးဘဝက ပြုခဲ့တဲ့ အကုသိုလ်တွေ၊ သူခိုး ဓားပြဘဝကပြုခဲ့တဲ့ အကုသိုလ်တွေ အစ ရှိတဲ့ အကုသိုလ်တွေ ကုန်နိုင်ဘွယ်ရာရှိရဲ့လား။ ဒီအကုသိုလ်တွေ ပ ပျောက်အောင် ပြုလုပ်ရမှာတဲ့။ ဘုရားရှင်လက်ထက်က တမင်္ဂ တဖိုလ် ရသွားကြတဲ့ ပုဂ္ဂိုလ်တွေ ကြည့်လိုက်တော့.... သူတို့ရဲ့ သန္တာန်မှာ ရုပ်နာမ်ကို ဆင်ခြင်ပွားများ သွား ကြ သည့် အတွက် အကုသိုလ် ကံဟောင်းအတွက် စိုးရိမ်စရာ မရှိတော့ဘူး၊ **အဟော သိကံ**တွေ ဖြစ်ကုန်ကြတယ်မဟုတ်လား။ အဲဒါလို ရှင်တို့ ကျမတို့ ရဲ့သန္တာန်မှာလဲ ကုန် ခန်း ပ ပျောက် သွား အောင် အားထုတ် ပါလို့— **ဥပ္ပန္နာနံပါပကာနံ ပဟာနာယ ဝါယာမော** လို့ ဟောတော်မူခဲ့ပါတယ်။

နောက် ပြီး တော့— ကိုယ်သန္တာန်မှာ မ ပေါ် သေး သော ကု သို လ် လဲ ဖြ စ် ပေ ါ် အော င် အာ း ထုတ် ရ မယ် တဲ့။ အဲဒီတော့.... ကိုယ်သန္တာန်မှာ ပြန်ကြည့်ပေါ့၊ ငါ့သ န္တာန် မှာ ဘယ်လိုကုသိုလ်တရားတွေများ ဖြစ်ပါလိမ့်မလဲလို့ အဲသလိုကြည့် လိုက်တော့.... လောကီကုသိုလ်တွေကတော့ မပြုဘူးသေးသော ကုသိုလ်ရယ်လို့ မရှိကဲ့ပါဘူး၊ ယခုဘဝမပြုနိုင်သော်လဲ သူဌေး၊ သူကြွယ်ဖြစ်စဉ်ကလဲ ပြုခဲ့မှာဘဲ၊ ရှင်ဘုရင်ကြီး ဖြစ်တုန်းကလဲ ပြုခဲ့မှာဘဲ။ မပြုဘူးသေးသော ကုသိုလ်ကတော့— မဂ်ကုသိုလ်၊

ဖိုလ်ကုသိုလ်များသာလျှင် ဘယ်လိုသူဌေးကြီးဖြစ်ဖြစ်, ဘယ်လို ရှင်ဘုရင်ကြီးဖြစ်ဖြစ် မပြုခဲ့ကြတာ မဟုတ်လား၊ ဒီကုသိုလ်မျိုးက ရှင်တော်ဘုရားကြီးပွင့်မှ ပြုနိုင်တဲ့ ကုသိုလ်မျိုး၊ ရှင်တော် ဘုရားကြီး ပွင့်တောင်မှ လူမြင်တိုင်း ပြုနိုင်တာ မဟုတ်ဘူး၊ ဒါ့ကြောင့်- အရေးအကြီးဆုံးဖြစ်တဲ့ အချက်ကိုကြည့်လိုက်တော့ သမ္မပ္ပဓာန်(၄)ပါးမှာ မဖြစ်ဘူးသေးသော တတိယအချက်ဟာ အရေးအကြီးဆုံး မဟုတ်လား။ ဒါ့ကြောင့်မို့ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော** လို့ ဟောကြားတော်မူ ပါတယ်။

နောက်ပြီးတော့.... ဖြစ်ပြီးသော ကုသိုလ်တရားကိုလဲ တိုးပွား အောင် အားထုတ်ရမယ်တဲ့ **အားထုတ်မှတိုးပွားတော့မယ်ပေါ့ အတိုင်းတိုင်းထားလို့ ဘယ်တိုးပွားမလဲ**၊ ဥပမာ- သောတာပတ္တိ မဂ်ကုသိုလ်ကိုရထားတယ် နောက်ထပ် မရှုမပွားရင်ဘယ်မှာလျှင် သကဒါဂါမိမဂ်သို့ ရောက်နိုင်မှာလဲ။ ဒါကြောင့်.... ရှင်တော် ဘုရားကြီးက ဖြစ်ပြီးသောကုသိုလ်တရားများလဲ တိုးပွားအောင် အားထုတ်ကြလို့ **ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော**လို့ ဟောခဲ့တာပေါ့၊ ပေါ့ပေါ့နဲ့ တော့ မရဘူး ပေါ့ရှင်။

လယ်တီဆရာတော်ဘုရားကြီးကလဲ **ကြောခြင်,ရိုးရေ ကြွင်း လေစေ၊ ကုန်စေသားအသွေး၊ အသက်ကိုမျှမညှာရ သမ္မပ္ပဓာန် လေးလို့** သံခိပ်ကျမ်းမှာ အထင်အရှား ဆုံးမတော်မူခဲ့

ပါတယ်၊ ဒါကြောင့်.... ရှင်တော်ဘုရားကြီးရဲ့ အလိုတော်ကြ ဖြစ်အောင် သမ္မပ္ပဓာန်လို့လ ဝီရိယဖြင့်သာ အား ထုတ် ပါ လို့ ဒါကြောင့်....

မဖြစ်သေးတဲ့ အကုသိုလ် မဖြစ်ချင်ကြလိုက ရုပ်နာမ်ကို အားထုတ်၊ ပရိညာဥာဏ်ချုပ်လျက် သမ္မပ္ပဓာန်အလုပ် သမ္မာ ဝါယာမ အုပ်ရမည်။

ဖြစ်ပြီးတဲ့ အကုသိုလ် ပယ်သတ်ချင်ကြလိုက ရုပ်နာမ်ကို အားထုတ်၊ ပရိညာဥာဏ်ချုပ်လျက် သမ္မပ္ပဓာန်အလုပ် သမ္မာ ဝါယာမ အုပ်ရမည်။

မဖြစ်သေးတဲ့ကုသိုလ် ဖြစ်ချင်ကြလိုက ရုပ်နာမ်ကိုအားထုတ် ပရိညာဥာဏ်ချုပ်လျက် သမ္မပ္ပဓာန်အလုပ် သမ္မာ ဝါယာမ အုပ်ရမည်။

ဖြစ်ပြီးတဲ့ကုသိုလ် တိုးပွားချင်ကြလိုက ရုပ်နာမ်ကိုအားထုတ် ပရိညာဥာဏ်ချုပ်လျက် သမ္မပ္ပဓာန်အလုပ် သမ္မာဝါယာမ အုပ်ရမည်။

အဲဒါလို သမ္မာဝါယာမ မဂ္ဂင်ထိုက်တဲ့ ဝီရိယစေတသိက်နှင့် နှင်လား၊ ငါလား၊ ဝီရိယမှိုလ်ထားပြီး ရှုကြရင်တော့ မဖြစ် သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ကြရအောင် ....

(ကြေမွန်သောတရားကွင်း ထည့်ဟောပါ)

ခု ဟောခဲ့သလို ရှုဆင်ခြင်ကြရင်ဖြင့် မဖြစ်သေးတဲ့ ကုသိုလ်တရားတွေလဲ ဖြစ်ကြပါပြီ၊ ကာယကံ, ဝစီကံ, မနောကံတွေ ညိမ်သက်ပြီး ပဏ္ဍိတရှင်သာမဏေတို့လိုပေါ့ သံသရာဒုက္ခတွေ ငြိမ်းပြီးအအေးဓာတ်နိဗ္ဗာန်ကြီးကိုလဲ ဖြောင့်တန်းစွာဝင်ရောက်နိုင်ကြပါပြီလို့၊ ဒါကြောင့်....

ဒုက္ခအလီလီ ပါး၍ပြတ်ရအောင် သားမြတ်လိမ္မာပီသ စွာဖြင့် ပရိညာမိမိ သစ္စာရှိရှိ မဂ္ဂင်ထိ၍ ဗောဓိပက္ခိယ ပဓာနကိစ္စဖြင့် စိရိယထူထောင်, ဥာဏ်သမ်းပြောင်လျှက် ကံစွမ်းဆောင် ဘဝ တခု မဆုံးကြရလေအောင် သံသရာစခမ်းအမှောင် အလကား မစုမရုံးကြတော့ဘဲ ဓမ္မခန်ကျမ်းအစောင်စောင်, တရားအစုစု ထုံးပြုလျှက် ပွား, ရှု, ဆုံးမကြ လေကုန်သတည်း။ ။

သာဓု... သာဓု... သာဓု...။

စာရေးသူ၏

# နိဂုံးဆုတောင်း

## ဗောဓိပက္ခိယနှင့် အနုသယ

### သတိပဋ္ဌာန်(၄)ပါးနှင့် ကာမရာဂါနုသယ

ဤစာရေးရ ဓမ္မဒါနေ
သတိပဋ္ဌာန်(၄)ပါး ရှု, ပွားရစေ
ကာမာနုသယ ကုန်ရပါစေ
မဂ် ဖိုလ် ဉာဏ်, အစုအသင်းမှာ
ခုချက်ခြင်း လက်ငင်းရောက်ပါစေ။

### သမ္မပ္ပဓာန်(၄)ပါးနှင့် ဘဝရာဂါနုသယ

ဤစာရေးရ ဓမ္မဒါနေ
သမ္မပ္ပဓာန်(၄)ပါး ရှု, ပွားရစေ
ဘဝါနုသယ ကုန်ရပါစေ
မဂ် ဖိုလ်ဉာဏ်, အစုအသင်းမှာ
ခုချက်ခြင်း လက်ငင်းရောက်ပါစေ။

## ဣဒ္ဓိပါဒ်(၄)ပါးနှင့် ပဋိဃာနုသယ

ဤစာရေးရ ဓမ္မဒါနေ
ဣဒ္ဓိပါဒ်(၄)ပါး ရှိ, ပွားရစေ
ပဋိဃာနုသယ ကုန်ရပါစေ
မဂ် ဖိုလ်ဉာဏ်, အစုအသင်းမှာ
ခုချက်ချင်း လက်ငင်းရောက်ပါစေ။

## ဣန္ဒြေ(၅)ပါးနှင့် မာနာနုသယ

ဤစာရေးရ ဓမ္မဒါနေ
ဣန္ဒြေ(၅)ပါး ရှိ, ပွားရစေ
မာနာနုသယ ကုန်ရပါစေ
မဂ်ဖိုလ်ဉာဏ်, အစုအသင်းမှာ
ခုချက်ချင်း လက်ငင်းရောက်ပါစေ။

## ဗိုလ်(၅)ပါးနှင့် ဒိဋ္ဌာနုသယ

ဤစာရေးရ ဓမ္မဒါနေ
ဗလ(၅)ပါး ရှိ, ပွားရစေ
ဒိဋ္ဌာနုသယ ကုန်ရပါစေ
မဂ် ဖိုလ်ဉာဏ်, အစုအသင်းမှာ
ခုချက်ချင်း လက်ငင်းရောက်ပါစေ။

## ပေါဏ္ဍင်(၇)ပါးနှင့် ဝိစိကိစ္ဆာနုသယ

ဤစာရေးရ ဓမ္မဒါနေ
ပေါဏ္ဍင်(၇)ပါး ရှု, ပွားရစေ
ဝိစိကိစ္ဆာနုသယ ကုန်ရပါစေ
မဂ် ဖိုလ်ဉာဏ်, အစုအသင်းမှာ
ခုချက်ချင်း လက်ငင်းရောက်ပါစေ။

## မဂ္ဂင်(၈)ပါးနှင့် အဝိဇ္ဇာနုသယ

ဤစာရေးရ ဓမ္မဒါနေ
မဂ္ဂင်(၈)ပါး ရှု, ပွားရစေ
အဝိဇ္ဇာနုသယ ကုန်ရပါစေ
မဂ် ဖိုလ်ဉာဏ်, အစုအသင်းမှာ
ခုချက်ချင်း လက်ငင်းရောက်ပါစေ။

ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု
ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု
ဣမံ ပုညဘာဂံ မာတာပိတာစရိယာဒီနံ သဗ္ဗသတ္တာနံ ဒေမ။

ဓမ္မဒိန္နာ အမျိုးသမီး ဟောပုံနည်းကျမ်းသည် ၁၃၄၂-ခုနှစ် နတ်တော်လ ဆန်း (၁၅) ရက် နေ့တွင် အောင်မြင်ပြီး စီး ပါသတည်း။ ။

ဒေါ်ယုဇန
ကြောင်ပန်းတောရတိုက်၊
ဗိုလ်လင်မြို့၊
မုံရွာခရိုင်။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

# အမှား - အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| က | ၂၁ | အမျိုးသားများ | အမျိုးသမီးများ |
| ဃ | ၈ | ဝိသစသီ | ဝိလာသီ |
| င | ၁၆ | ကရုဏာ | စရဏ |
| [illegible] | ၂၂ | တိက် | တိုက် |
| ဇ | ၂၃ | ဒါသေ | ဒါလောက် |
| ဈ | ၁ | ကကော့ | ကတော့ |
| ဈ | ၂၄ | ဥလျာဥ် | ဥယျာဉ် |
| ဋ | ၁၁ | ပြုနေ့ညှိုင်းကဲ့သို ပြုံး ုံး | နေ့တိုင်းကဲ့သို့ ပြုံးပြုံး |
| ဋ | ၁၈ | အိမ်ထောင်မျာ | အိမ်ထောင်များ |
| ဋ | ၂၃ | လဲလွှား | လဲသွား |
| ဌ | ၁၆ | မကန် | မကျန် |
| ၁ | ၂ | အချိန့် | အချိန် |
| ၅ | ၈ | ရှုပ်လို့လို | ရှုပ်လိုလို့ |
| ၁၂ | ၂၁ | ကျယ်ဝန်းလွ စွာသော | ကျယ်ဝန်းလှ စွာသော |
| ၁၃ | ၂ | ငါးဖါးသော | ငါးပါးသော |
| ၁၆ | ၇ | တည်းလုသော | တည်းဟူသော |
| ၁၆ | ၈ | ဘာနာတည်း ဟူသော | ဘာဝနာတည်း ယူသော |
| ၁၆ | ၁၃ | သင်ချစ်သာတို | သင်ချစ်သားတို့ |
| ၁၇ | ၁၈ | ဘက်မှာခံစား | ဘယ်မှာခံစား |
| ၃၉ | ၅ | တရားနာတဲ့ဘက် | တရားနာတဲ့ ဘက်က |

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၅ | ၈ | လိုက်ခဲ့ပါ(ကူ၍ | လိုက်ခဲ့ပါဟု |
| ၄၈ | ၁၉ | ကြားနာ:ကို | ကြားနာဘို့ရာ |
| ၄၉ | ၁၈ | နွားညှံ့ | နူးညှံ့ |
| ၄၉ | ၂၁ | ခေတ်သွယ်သွယ်က | ခေတ်သွယ်နွယ်က |
| ၅၀ | ၁၇ | ကိ:ကြီးဖြင့်လ | ကိစ္စကြီးဖြင့်လဲ |
| ၅၁ | ၁၃ | လျှံတောက် | လျှန်းတောက် |
| ၅၂ | ၁၈ | အာရမ္မဏစ္စည်း | အာရမ္မဏပစ္စည်း |
| ၅၂ | ၂၀ | ပစ္စယုပ္ပန်ကွေဘာ | ပစ္စုယုပ္ပန်တွေဟာ |
| ၅၃ | ၁၉ | ပွါးရှုကြကြပါ | ပွါးရှုကြပါ |
| ၅၄ | ၃ | လဒီရေယို | လဲဒီရေလို |
| ၅၄ | ၂၁ | နှယ်ကို | နယ်ကို |
| ၅၅ | ၁၃ | လျှံတောက် | လျှန်းတောက် |
| ၅၆ | ၁၂ | (   ) | (၃၃) |
| ၆၀ | ၁ | မရိမ္မ | ပရိမ္မ |
| ၆၀ | ၇ | မရိမ္မ | ပရိမ္မ |
| ၈၂ | ၂ | ဘာဝူပမန | ဘာဝ ပါမန |
| ၈၅ | ၄ | ကြေမွန်ခေတ်ကွင်း | ကြေမွန်းသော ခေတ်ကွင်း |
| ၉၂ | ၁၀ | တထေဝါတံ | တထေဝါဟံ |
| ၉၅ | ၂၀ | သေပြီးထဲ့ | သေပြီးတဲ့သူ |
| ၉၉ | ၈ | တွေဘာ | တွေဟာ |
| ၁၀၀ | ၃ | အနိမ်းကြည့်တောင် | အနိမ်းကပ် ကြည့်တောင် |
| ၁၀၁ | ၁၅ | သွားကြရင်း | သွားကြရင် |
| ၁၀၂ | ၁၀ | ဆိုသော့ | ဆိုတော့ |

# အမှား–အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀၄ | ၂၂ | သံသရာမ | သံသရာမှ |
| ၁၀၆ | ၃ | ရှုပက္ခခန္ဓာ | ရှုပက္ခန္ဓာ |
| ၁၀၇ | ၉ | ရှုပက္ခခန္ဓာ | ရှုပက္ခန္ဓာ |
| ၁၀၉ | ၁၉ | အပါယ်လေးပါ | အပါယ်လေးပါး |
| ၁၀၉ | ၂၁ | အပါယ်လေပါး | အပါယ်လေးပါး |
| ၁၁၁ | ၂ | ဖြစ်မှား နေပြေား | ပြစ်ရှား နေပြား |
| ၁၁၂ | ၆ | လောဘမီး | လောကမီး |
| ၁၁၂ | ၆ | ဘတော့မှ | ဘယ်တော့မှ |
| ၁၁၂ | ၇ | လယ်ယာမျ | လယ်ယာများ |
| ၁၁၂ | ၁၀ | သမားကွေမှာ | သမား တွေမှာ |
| ၁၁၃ | ၁ | လာပြီး | လာပြီ |
| ၁၁၃ | ၃ | လူချင်သေးတယ် | ယူချင်သေးတယ် |
| ၁၁၉ | ၁ | သူ့စကား နာမ် | သူ့စကား ကြောင့်နာမ် |
| ၁၂၈ | ၁၆ | အဆုံးအစမရှိတဲ့ | အဆုံးအဆမရှိတဲ့ |
| ၁၂၃ | ၁၃ | အလုပ်မှုကို | အလုပ်အမှုကို |
| ၁၃၈ | ၁ | ကိုယ့်ကိုကိုယ် | ကိုယ့်ကိုယ်ကို |
| ၁၄၀ | ၁၀ | အသစ်သစ် | အသစ်အသစ် |
| ၁၄၁ | ၄ | လှည့်ဖျား | ယူမှား |
| ၁၄၂ | ၉ | လှည့်ဖျား | ယူမှား |
| ၁၄၂ | ၁၅ | တနာဂါမ် | အနာဂါမ် |
| ၁၄၄ | ၁၅ | သဘောရင်းသည်း | သဘောရင်းသည် |
| ၁၄၅ | ၁၃ | နဥပလဗ္ဘတိ | နဥပလဗ္ဘတိ |
| ၁၄၆ | ၁၀ | သမုဒ္ဒီရန | သမုဒ္ဒီရဏ |
| ၁၄၆ | ၁၉ | ရှာကြံလိုက်တော့ | ရှာကြည့် လိုက်တော့ |

F. 52

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၇ | ၆ | သဘာဝ | အ,ဘာဝ |
| ၁၄၇ | ၇ | အဘာဝ | သဘာဝ |
| ၁၄၉ | ၂ | ပြေပြောက်သွားတောင် | ပြေ ပြောက် သွားအောင် |
| ၁၄၉ | ၃ | တွေ့ဘာ | တွေ့ဟာ |
| ၁၄၉ | ၈ | ဇဝနိမိတ် | ဓုဝနိမိတ် |
| ၁၄၉ | ၉ | ဇဝနိမိတ် | ဓုဝနိမိတ် |
| ၁၄၉ | ၁၁ | အဇဝ | အဓုဝ |
| ၁၄၉ | ၁၅ | အဇဝ | အဓုဝ |
| ၁၄၉ | ၁၆ | ဇဝနိမိတ် | ဓုဝနိမိတ် |
| ၁၄၉ | ၁၇ | အဇဝ | အဓုဝ |
| ၁၄၉ | ၂၀ | ဆင်းရဲတခု | ဆင်းရဲအစု |
| ၁၄၉ | ၂၂ | ဇဝနိမိတ် | ဓုဝနိမိတ် |
| ၁၅၁ | ၈ | နဥလဗ္ဘတိ | နဥပ လဗ္ဘတိ |
| ၁၅၁ | ၉ | ထင်သဟဲ့ | ကင်တဲ့ |
| ၁၅၁ | ၁၅ | နဥလဗ္ဘတိ | နဥပ လဗ္ဘတိ |
| ၁၅၂ | ၁၅ | နိဂုဏ်းတိုက် | နိဂဏ္ဌ်းနေ့ပ်တိုက် |
| ၁၅၃ | ၄ | ဝါယောရုပ်၊ ဓာတ်ရုပ်ပရမတ် | ဝါယောရုပ်ဓာတ် ရုပ်ပရမတ် |
| ၁၅၃ | ၁၁ | နဥလဗ္ဘတိ | နဥပလဗ္ဘတိ |
| ၁၅၃ | ၁၂ | ဖတ်ဖယ်မောအောင် | ဖတ်ဖတ်မော အောင် |
| ၁၅၅ | ၉ | တွင်သည် | ထွင်သည် |
| ၁၅၅ | ၁၀ | တိုက်ထွင် | တိုက်တွင် |
| ၁၅၆ | ၉ | အမြတ်ပြီးလာအောင် | အမြတ်ထွက် လာအောင် |

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၅၆ | ၁၂ | မပြုတ်လဲဘဲ | မပြုလဲဘဲ |
| ၁၅၇ | ၁ | ရှိပြီးလို့ | ရှိပြီလို့ |
| ၁၅၇ | ၁၃ | နံနက်နေ့ရော | နေ့ရော |
| ၁၅၉ | ၁၅ | စဉ်းစား | စဉ်းစားကြ |
| ၁၆၁ | ၁၁ | တွေ့နှင့် | တွေ့နှင့် |
| ၁၆၄ | ၁၈ | ဟီ | ဟိ |
| ၁၆၆ | ၂၀ | ဆိုက်သာမှ | ဆိုက်လာမှ |
| ၁၆၈ | ၁၇ | သံသနာ | သာသနာ |
| ၁၆၉ | ၂ | ပဋိပါဒိတော | ပဋိပါဒိကော |
| ၁၆၉ | ၈ | ကျေးမှန်သော | ကျေမွန်သော |
| ၁၇၁ | ၁၅ | ဝိဝရ | ဝိပရိ |
| ၁၇၂ | ၅ | တွတ်တာမှု | တွယ်တာမှု |
| ၁၇၆ | ၉ | ဒုဂ္ဂတိ | ဒုဂ္ဂတိ |
| ၁၇၆ | ၁၂ | ဘာဝန | ဘာဝနာ |
| ၁၇၆ | ၂၁ | ကုသိုလ်မှုမျိုး | ကုသိုလ်မှုမျိုး |
| ၁၇၉ | ၄ | ပြဟ္မာကြီးတို့သည်ရင်း | ပြဟ္မာကြီး သည်ရင်း |
| [illegible]၉ | ၁၅ | ငရဲတဖန် | ငရဲတတန် |
| ၁၉၀ | ၃ | အဲ့ဒီပြဟ္မာ | အဲဒီပြဟ္မာ |
| ၁၉၀ | ၈ | ရှိခဲ့အတိုင်း | ရှိခဲ့တဲ့အတိုင်း |
| ၁၉၄ | ၁၃ | မကဘေးဘူး | မကသေးဘူး |
| ၁၉၄ | ၂၁ | ဖြစ်ခဲ့မှုတောင် | ဖြစ်ခဲ့မှုန်းတောင် |
| ၂၀၃ | ၁၁ | အနံ့အသက်တွေပါ | အနံ့အထက် တွေပါ |
| ၂၀၆ | ၂၂ | ပွါးအားထုတ် | ပွါးများအားထုတ် |
| ၂၀၇ | ၂ | ညဥ့်အခါ | ဤညဥ့်အခါ |

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၀၇ | ၃ | လျှောက်ကာ၎ဘွား | လောကကို လျှောက်ကာတွေ |
| ၂၃၇ | ၇ | ပြုကြကဲ့ | ပြုကြကဲ့ |
| ၂၃၃ | ၁၃ | သပ္ပပ္ဖကား | သပုပ္ဖကာနို |
| ၂၃၃ | ၁၇ | ကောက်ကန့် | ထောက်ကန့် |
| ၂၃၅ | ၅ | အကျိုးမဲ့ | အကျိုးမဖြစ် |
| ၂၄၂ | ၆ | ညစ်ကျူူ | ညစ်ကျူ |
| ၂၄၄ | ၁၅ | မှုန်းကြေ | မှုန်းချေ |
| ၂၄၇ | ၁၂ | မဂ္ဂင်ဂ် | မဂ္ဂင်္ဂ |
| ၂၄၈ | ၁၆ | ရုပနာမ် | ရုပ်နာမ် |
| ၂၄၉ | ၇ | အပ္ပပညား | အပ္ပမညာ |
| ၂၄၉ | ၁၉ | ထို့ဆိုတဲ့ | လို့ဆိုတဲ့ |
| ၂၅၀ | ၁၈ | ဖြစ်မဟ | ဖြစ်မယ်ဟာ့ |
| ၂၅၀ | ၁၆ | မဂ္ဂင် | မဂ္ဂင်္ဂ |
| ၂၅၀ | ၁၉ | မဂ္ဂင် | ဂ် |
| ၂၅၂ | ၂ | အရေးကျး | အရေးကြီး |
| ၂၅၂ | ၁၂ | ရဒ္ဓိ | ဂ္ဂြိုဟ် |
| ၂၅၃ | ၁၂ | နန်းတော်ရာ | နန်းဆောင် |
| ၂၅၅ | ၁၂ | ဒုစ္ဆန္ဒ | ဒုစ္ဆန္ဒ |
| ၂၅၆ | ၁ | ရှာချင်လောက်ရှာ | ရှာချင်သလောက် |
| ၂၅၆ | ၂ | ပုံများ | ပုံလို |
| ၂၅၆ | ၈ | လို့ | လားသို့ |
| ၂၅၆ | ၁၂ | အမြဲအဒု | အမြဲအဒု |
| ၂၅၆ | ၁၂ | ပွါးမှုရှုမှု | ပွါးရှုမှု |
| ၂၅၆ | ၁၃ | တဏှာစသော | တဏှာစသား |
| ၂၅၆ | ၂၁ | အမြင်ခံတာ | အမြင်ခံဘာက |

# အမှား-အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၅၆ | ၂၀ | သိမြင်မှု | မြင်သိမှု |
| ၂၅၆ | ၁၃ | ဒါမြင်တိုင်း | မြင်တိုင်း |
| ၂၅၈ | ၁၀ | ဒီသတိမှာလဲ | ဒီသတိရှိမှလဲ |
| ၂၇၃ | ၁၇ | ထွေ့ပါ | တွေ့ပါ |
| ၂၇၃ | ၁၇ | မာကာ | မာတာ |
| ၂၈၀ | ၇ | မှယုံကြည်လို့မှတ် | မယုံကြည်လိုလို့မှတ် |
| ၂၈၀ | ၁၁ | နန္ဓာငါး | ခန္ဓာငါးပါး |
| ၃၁၄ | ၁၉ | အထင်လွယ် | အထင်လွဲ |
| ၃၁၄ | ၂၀ | အာရုဏ်ကျင် | အာရုဏ်ကျင်း |
| ၃၁၅ | ၂၃ | ဂါမာ | ဂါမွာ |
| ၃၁၈ | ၅ | အတ္တပဒံ | အတ္တပဒံ |
| ၃၁၈ | ၁၆ | ပြောမာကွဲကြပါ | မမောကွဲကြပါဘူး |
| ၃၁၉ | ၃ | ကြေကုန် | ရကုန်ကြ |
| ၃၂၀ | ၉ | ဟ, လိုက်တိုင် | ဟ, လိုက်တိုင်း |
| ၃၄၈ | ၂၀ | ဝဝိပဿနာဘာဝနာ(၄ )ဆို | ဝိပဿနာဘာဝနာ(၄၀)ဆို |
| ၃၄၈ | ၂၁ | မိသာဝဇ်ကမှန် | သာဝဇ်ကမှန် |
| [illegible] | ၂၁ | အမျိုးသကလေး | အမျိုးသမီးကလေး |
| ၃၄၈ | ၂၂ | ဘို့ထူးယ်ဘအား | အထူးဟောနေဘို့မ |
| ၃၅[illegible] | ၂၁ | ပြုလုပ်နေ့ | ပြုလုပ်နေ |
| ၃[illegible]၅ | ၁၉ | အာကိဥ္စညာယတနာဘုံရယ်လို့ | အာကိဥ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံရယ်လို့ |
| ၃၉၂ | ၈ | ပြည်သူ့သား | ပြည်သူ့လုပ်သား |
| ၃၉၉ | ၄ | ရသာရှာ | ရသရှာ |

သု တေသီနံ သုမိတ္တာနံ၊

ခ ဏေန အတ္ထသာဓကော။

ဝ ဓေန္တု သုခုမာပညာ၊

တီ ရေန္တု ဘဝအဏ္ဏဝါ။ ။

သုတေသီနံ၊ အနာကုလ တတ်သိပ္ပကို လုံ့လအားသီး ဖွေရှာမျိုးကြကုန်သော။ သုမိတ္တာနံ၊ ငါးပါးမလွတ် မိတ်ကောင်းဝတ်မှ မချွတ်ယှင်းပေ ချစ်မိတ်ဆွေတို့အား။ ခဏေန၊ နှောင့်ယှက်လွတ်ကင်း ခဏခြင်းဖြင့်။ အတ္ထသာဓကော၊ လောက ဓမ္မ နှစ်ဝအကျိုး ဆောင်ပိုး ပြီးမြောက်စေတတ် ကုန်သော။ သုခုမာပညာ၊ သမုဒ္ဒနက်ကျယ် ယုန်သူငယ်သို့ နှိုင်းဘွယ်မရှေ့ သိမ်မွေ့နက်နဲ ခက်ခဲလှစွာ မြတ်ပညာတို့သည်။ ဝဓေန္တု၊ တနေ့တခြား ကျယ်ပြန့်ပွား၍ ဖွံ့ထွား တိုးတက်တော်မူကြပါစေကုန်သတည်း။ ဘဝအဏ္ဏဝါ၊ သုံးပါးဘဝ ဒုက္ခပြောကျယ် ဝဋ်ပင်လယ်မှ။ တီရေန္တု၊ မဂ်ပေါက်ဖိုလ်ပေါက် နိဗ္ဗာန် ရောက်အောင် ကူးမြောက်တော်မူနိုင်ကြပါစေကုန်သတည်း။


## သုခဝတီ ပိဋကတ်ပုံနှိပ်တိုက်

၈၄-ဗိုလ်ချုပ်လမ်း မန္တလေး။

ဖုံးနံပါတ် ( ၂၁၈၇၆ )